# ရှင်ယာကုပ်သြဝါဒစာ နှင့်
# ရှင်ပေတရုသြဝါဒစာ ပထမ၊ ဒုတိယစောင်
(JAMES AND 1, 2 PETER)

## ရှင်ယာကုပ်သြဝါဒစာနှင့် ရှင်ပေတရုသြဝါဒစာ ပထမ၊ ဒုတိယစောင် တို့ကို ဆင်ခြင်နှုလုံးသွင်းလေ့လာခြင်း


အက်ဖ် ဝိန်း မက်လီယိုဒ်

(F. WAYNE MAC LEOD)

# မာတိကာ


စကားဦး ---------------------------------------------------- ၁

ရှင်ယာကုပ်သြဝါစာကို နိဒါန်းပျိုးခြင်း -------------------------- ၃

၁။ စစ်ကြောခြင်းများ၌ ဝမ်းမြောက်ခြင်း --------------------- ၇

၂။ ဉာဏ်ပညာအတွက် ယုံကြည်ခြင်း ----------------------- ၁၅

၃။ ကျွန်ုပ်တို့၏ဖြစ်တည်မှုကို ဂုဏ်ယူခြင်း ------------------- ၂၃

၄။ စုံစမ်းနှောက်ယှက်ခြင်း၊ အပြစ်ဒုစရိုက်နှင့်ကောင်းကြီးများ -- ၃၁

၅။ ဘုရားသခင်၏နှုတ်ကပတ်တော်ကြည့်မှန် ------------------၄၁

၆။ သန့်ရှင်းစင်ကြယ်သော ကိုးကွယ်ယုံကြည်မှု -------------- ၅၁

၇။ မျက်နှာလိုက်ခြင်းအပြစ် --------------------------------- ၅၉

၈။ ဂရုဏာတရားနှင့်စီရင်ခြင်းတရား ------------------------ ၆၇

၉။ ယုံကြည်ခြင်းနှင့်အကျင့်သီလ ----------------------------- ၇၇

၁၀။ လျှာကိုယဉ်ပါးအောင်ထိန်းချုပ်ခြင်း ----------------------- ၈၇

၁၁။ အထက်မှဉာဏ်ပညာ ------------------------------------ ၉၅

၁၂။ လောကနှင့်မိတ်ဆွေဖွဲ့ခြင်း ------------------------------ ၁၀၃

၁၃။ မြင့်မြတ်သောလမ်း ------------------------------------- ၁၁၃

၁၄။ ကျွန်ုပ်တို့၏အိမ်နီးချင်းကိုစီရင်ခြင်း ---------------------- ၁၂၃

၁၅။ မနက်ဖြန်အတွက်ဝါကြွားခြင်း -------------------------- ၁၃၁

၁၆။ ချမ်းသာသောသူများအတွက်အမှားစကား ---------------- ၁၃၇

၁၇။ ကိုယ်တော်ကြွဆင်းလာခြင်းကိုသည်းခံစောင့်စားခြင်း-------- ၁၄၅

၁၈။ နိဂုံးချုပ်တိုက်တွန်းချက်များ ----------------------------- ၁၅၅

ရှင်ပေတရုသြဝါဒစာပထမစောင်ကိုနိဒါန်းပျိုးခြင်း ---------------- ၁၆၅

၁၉။ အသက်ရှင်သောမျော်လင့်ခြင်း -------------------------- ၁၆၉
၂၀။ ထိုကယ်တင်ခြင်းအကြောင်းအရာကို --------------------- ၁၈၃
၂၁။ ဖောက်ပြန်ပျက်စီးတတ်သောအရာများ ------------------- ၁၉၃
၂၂။ အသက်ရှင်သောကျောက်မျက်များ ---------------------- ၂၀၃
၂၃။ ညွှ်သည်အာဂန္တုများ ----------------------------------- ၂၁၃
၂၄။ ဆက်ဆံရင်းနှီးမှုများ -------------------------------------၂၂၁
၂၅။ လင်နှင့်မယားဝတ် ------------------------------------- ၂၃၃
၂၆။ စိတ်တညီတည္ထတ်ဖြင့်အတူ ရှင်သန်ခြင်း ------------------ ၂၄၃
၂၇။ ဖြောင့်မတ်ခြင်းတရားကြောင့်ဆင်းရဲဒုက္ခခံရခြင်း------------ ၂၅၃
၂၈။ သခင်ခရစ်တော်လုပ်ဆောင်ခဲ့သောအမှု ------------------ ၂၆၁
၂၉။ စိတ်ဝိညာဉ်အားဖြင့်အသက်ရှင်ခြင်း --------------------- ၂၇၁
၃၀။ အဆုံးသို့ရောက်လုပြီ ----------------------------------- ၂၇၇
၃၁။ စစ်ကြောခြင်းများ၌ ဝမ်းမြောက်ခြင်း --------------------- ၂၈၅
၃၂။ အသင်းတော်လူကြီးများအတွက် အမှာစကား ------------- ၂၉၁
၃၃။ လူငယ်များအတွက်အမှာစကား ------------------------- ၂၉၅
ရှင်ပေတရုဩဝါဒစာဒုတိယစောင်ကို နိဒါန်းပျိုးခြင်း ------------- ၃၀၇
၃၄။ အလွန်ကြီးမြတ်သောတန်ခိုးတော်နှင့်ကတိတော်များ -------- ၃၁၁
၃၅။ ယုံကြည်ခြင်း၌ထပ်ဆင့်ပေါင်းထည့်ခြင်း ------------------ ၃၁၉
၃၆။ ယုံမှားဖွယ်မရှိသောစကား ----------------------------- ၃၃၁
၃၇။ မိစ္ဆာပရောဖက်များ ----------------------------------- ၃၃၉
၃၈။ တစ်ဖန်ကျော့မိ၍ရှုံးနိမ့်လျှင် ----------------------------- ၃၅၁
၃၉။ ဘုရားသခင်ကြွလာခြင်းမှာအဘယ်မှာနည်း --------------- ၃၅၉
၄၀။ အဘယ်သို့သောသူဖြစ်အံ့သည် ------------------------- ၃၆၇

# စကားဦး

ဤစာအုပ်သည် ရှင်ယာကုပ်နှင့်ရှင်ပေတရုတို့၏ ဩဝါဒစာများကို ဆင်ခြင်နှလုံးသွင်းခြင်းအနက်ဖွင့်ကျမ်းတစ်စောင်ဖြစ်သည်။ ရည်ရွယ်ချက်မှာ စာဖတ်သူတို့ကို သခင်ဘုရားနှင့်အတူ ရှင်သန်လျှောက်လှမ်းရာ၌ ခွန်အားပေး တိုက်တွန်းဖို့ ဩဝါဒစာများကို လေ့လာခြင်းတစ်လျှောက်တွင် တစ်ဆင့်ပြီးတစ် ဆင့် ဦးဆောင်လမ်းပြသွားရန်ဖြစ်သည်။ ရှင်ယာကုပ်နှင့် ရှင်ပေတရုတို့၏ ရေးသားချက်များသည် အလွန့်အလွန်လက်တွေ့ကျသော ရေးသားချက်များ ဖြစ်ကြသည်။ ဆင်းရဲခြင်းဒုက္ခနှင့်နာကျင်ခြင်းများသည် ဤအသက်တာတွင် အလွန်စစ်မှန်သောအရာများဖြစ်ကြကြောင်းကို ကျွန်ုပ်တို့အားအသိပေးထားပြီး နောက်တွင် သခင်ယေရှု၌ ကျွန်ုပ်တို့ရရှိပိုင်ဆိုင်ထားသော အံ့ဖွယ်မျှော်လင့်ချက် ကိုလည်း ညွှန်ပြပေးထားကြသည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို လက်တွေ့၌ စစ်မှန်သောအရာဖြစ်စေကြဖို့ စိန်ခေါ်ထားသည်။ လက်တွေ့ကျ သောယုံကြည်ချက်တစ်ခုသည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ မည်သို့အလုပ် လုပ်သည်ကိုလည်း ပြသပေးထားသည်။ စာတန်ကတစ်ဦးတစ်ယောက်ကို ဝါးမျို ဖို့ရှာကြံလျှက် လှည့်လည်သွားလာနေသော ဤလောကကြီးတွင် ကျွန်ုပ်တို့အနေ ဖြင့် ဂရုစိုက်စောင့်ကြည့်၍ ရှင်သန်နေထိုင်ကြဖို့ရှင်ပေတရုက ဆင့်ခေါ်ထား သည်။ ဤဩဝါဒစာများတွင် အောင်နိုင်သူအသက်တာကို ရရှိရှင်သန်ကြဖို့

လက်တွေ့ကျသောတရားဒေသနာများကို ကျွန်ုပ်တို့တွေ့ရှိကြပါလိမ့်မည်။

ဤအနက်ဖွင့်ရှင်းလင်းချက် ကျမ်းတွဲများရှိအခြား စာအုပ်များနှင့်အတူ သင်တို့ကိုကျွန်ုပ်စိန်ခေါ်လိုသည်မှာ ကျမ်းချက်များကို အနက်ဖွင့်ရှင်းလင်းချက် မှတ်စုနှင့်အတူတကွ ဖတ်ရှုရန်ဖြစ်သည်။ အနက်ဖွင့်ရှင်းလင်းချက်စာအုပ်၏ အစိတ်အပိုင်းတစ်ခုစီကို သင်ဖတ်ရှုလေ့လာသည်နှင့်အမျှ သင့်ရဲ့စဉ်းစား ထင်မြင်ချက်ကို ဦးဆောင်၍လမ်းညွှန်ပေးဖို့ သန့်ရှင်းသော ဝိညာဉ်တော်အား တောင်းလျှောက်ပါ။ ဤစာအုပ်တွဲ၏ ရည်မှန်းချက်မှာ သာမန်ခရစ်ယာန်များကို သခင်ယေရှုနှင့်၎င်းတို့အတူ ရှင်သန်လျှောက်လှမ်းခြင်း၌ ခွန်အားပေး တိုက်တွန်းရန်ဖြစ်သည်။ ကိုယ်တော်ရှင်နှင့်သီးသန့်ဆိတ်ငြိမ်ချိန်ကို အသုံးပြုရာတွင် ဤစာအုပ်ကို အသုံးပြုပါ။ တစ်ခါဖတ်လျှင် အပိုင်းတစ်ပိုင်းကို အပြတ်ဖတ်ရှုပြီး ဤစာအုပ် တစ်အုပ်လုံးကို သင်ဖတ်ရှုဆင်ခြင်ရာတွင် သခင်ဘုရားကိုလမ်းပြဦးဆောင်စေ ပါ။ ကျမ်းစာ၏ဤအစိတ်အပိုင်းများကို သင်တောက်လျှောက်လေ့လာဆင်ခြင်သည်နှင့်အမျှ ခွန်အားသစ်များ ရရှိခံစားရန်မှာ ကျွန်ုပ်၏ဆုတောင်းချက်ဖြစ်သည်။ ဘုရားသခင်က မိမိ၏နှုတ်ကပတ်တော်အားဖြင့် သင့်ကိုသွန်သင်ပြသပေးသည့် အရာများကို အခြားသူများထံ၌ ဝေငှဖို့သင့်ကိုကျွန်ုပ်စိန်ခေါ်လိုပါသည်။ ဤစာအုပ်ကို သင်ဖတ်ရှုဆင်ခြင်သည်နှင့်အမျှ ဘုရားသခင်သည် သင့်ကို ကောင်းကြီးပေး၍ သူနှင့်အတူသင်ရှင်သန်လျှောက်လှမ်းနေခြင်းကို ကောင်းမွန် ပြည့်စုံကြွယ်ဝ ပါစေသော်။

အက်ဖ် ဝိန်း မက်လီယိုဒ်

## ရှင်ယာကုပ်ဩဝါဒစာအား နိဒါန်းပျိုးခြင်း

*ရေးသားပြုစုသူ*

ရှင်ယာကုပ်ဩဝါဒစာအား ရေးသားပြုစုခဲ့သူမှာ အာလဖဲ၏သားဖြစ်၍ တမန်တော်ဆယ့်နှစ်ပါးမှတစ်ပါးဖြစ်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ယုံကြည်ထားကြသည်။ အာလဖဲ၏အကြောင်းကို အနည်းငယ်သာသိရသည်။ အာလဖဲဟူသောအမည်၏ ဟေဗြဲစကားလုံးမှာ ကလောဖဖြစ်သည်။ ရှင်ယာကုပ်သည် သခင်ယေရှုနှင့်ညီဝမ်းကွဲတော်စပ်သည်ဟု လူများစွာကယုံကြည်ထားကြသည်။ ရှင်ယာကုပ်၏မိခင်မှာ "ကလောဖ၏မယား မာရိ" ဖြစ်သည်။ သူမကိုသခင်ယေရှု၏မိခင်ဖြစ်သူမာရိ၊ မာဂဒလမာရိတို့နှင့်အတူ အမြဲလိုလိုအတူတွေ့ရသည် (ယောဟန် ၁၉း၂၅ ကိုကြည့်ပါ)။ ရှင်ယာကုပ်၏မိခင်သည် သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းအမှု၌ မျက်မြင်သက်သေနှစ်ယောက်မှတစ်ယောက်ဖြစ်နိုင်ပေသည် (မဿဲ ၂၈း၁)။ ရှင်ယာကုပ်သည် သခင်ယေရှုနှင့်နီးနီးကပ်ကပ်ကြီးပြင်းလာခဲ့ပေလိမ့်မည်။

သူသည် သခင်ယေရှု၏တပည့်တော်တစ်ပါးဖြစ်လာခဲ့လိမ့်မည်ဖြစ်ပြီး ကနဦးအသင်းတော်၌ အရေးပါသောပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်လာခဲ့လိမ့်မည်ဖြစ်သည်။ သူသည်အသင်းတော်၌ ခေါင်းဆောင်အရိုက်အရာကို ရယူခဲ့ဟန်ရှိပြီး၊ ယေရုရှလင်အစည်းအဝေး (Jerusalem Council) ၌သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည် (တမန်တော် ၁၅း၁၃-၁၉)။ ဂလာတိ ၂း၉ တွင် ရှင်ပေါလုက

သူ့ကို "(အသင်းတော်၏) အမှီတကဲဖြစ်သော" သူဟုခေါ်ဝေါ်ခဲ့သည်။ သမိုင်းကြောင်းအရသူကို "ယာကုပ်လေး" (James the less) ဟုချစ်စနိုးခေါ်ဝေါ်ခံခဲ့ရသည်ဟု ထင်ရသည်။ အကြောင်းမှာသူသည် ကိုယ်လုံးကိုယ်ပေါက်သေးငယ်သောကြောင့်ဖြစ်ပေမည်။

*နောက်ခံအကြောင်းအရာ*

ရှင်ယာကုပ်ဩဝါဒစာသည် ယေရုရှလင်မြို့၌ ရေးသားပြုစုခဲ့ပြီး ညှင်းပန်းနှိပ်စက်ခြင်းကြောင့် အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့သွားကြသော ယုံကြည်သူများထံသို့ လိပ်မူခဲ့သော စာစောင်ဖြစ်သည်ဟု အနက်ဖွင့်ရှင်းလင်းချက်ရေးသားသူတို့က ယုံကြည်ခဲ့ကြသည်။ရှင်ယာကုပ်က သူတို့ရင်ဆိုင်နေခဲ့ကြရသည့် စစ်ကြောခြင်းများနှင့်စပ်လျဉ်းသော စကားလုံးဖြင့် အစပြု၍ အဆုံးလည်းသတ်ခဲ့ပြီး ယုံကြည်သူများကို ၎င်းတို့ရင်ဆိုင်နေရသည့် ဆင်းရဲခြင်း ဒုက္ခကို စိတ်ရှည်စွာဖြင့် သည်းခံ၍ သခင်ဘုရားကို ယုံကြည်ကိုးစားလျှက် နှုတ်ကပတ်တော်အား နာခံခြင်းဖြင့် လျှောက်လှမ်းရှင်သန် ကြဖို့ တိုက်တွန်းထားသည်။ ရှင်ယာကုပ်က မိမိ၏ စာဖတ်ပရိတ်သတ်တို့အား ၎င်းတို့ထံ၌ လက်ဆင့်ကမ်းသွန်သင်ပေးခဲ့သည့် သမ္မာတရားကို ယုံကြည်ရုံသက်သက်သာမဟုတ်ဘဲ၊ နေ့စဉ်အသက်တာ၌လည်း လက်တွေ့ရှင်သန်ကြဖို့ စိန်ခေါ်ထားသည်။ ရှင်ယာကုပ်အတွက်စစ်မှန်သော ယုံကြည်ခြင်းဆိုသည်မှာ စကားလုံးများသက်သက်မဟုတ်ပဲ၊ နေ့စဉ်အသက်တာ၌လည်း လက်တွေ့ရှင်သန်ကြဖို့ စိန်ခေါ်ထားသည်။ ရှင်ယာကုပ်အတွက်စစ်မှန်သော ယုံကြည်ခြင်း ဆိုသည်မှာ စကားလုံးများသက်သက်မဟုတ်၊ လက်တွေ့လုပ်ဆောင်လှုပ်ရှားခြင်းဖြစ်သည်။ ခရစ်ယာန်ဖြစ်သည်ဟု ကြွေးကြော်သောသူများအနေဖြင့် ဤယုံကြည်ခြင်းကို အသက်တာ၌ လက်တွေ့သက်သေပြကြဖို့ ရှင်ယာကုပ်က မျှော်လင့်ထားခဲ့သည်။ သူသည်

မိမိ၏ စာဖတ်ပရိတ်သတ်တို့အား ၎င်းတို့၏ အနီးပတ်ဝန်းကျင်မှ လူတို့နှင့် ဆက်ဆံရေးကို အကျိုးသက်ရောက်မှုဖြစ်စေမည့် လက်တွေ့ဆန်သော ခရစ်ယာန်ဘာသာအကြောင်းကို ရိုးရိုးရှင်းရှင်းဖြင့် ထိထိရောက်ရောက် ပြောပြခဲ့သည်။

*ယနေ့အတွက်ဤစာစောင်အရေးပါပုံ*

ဤစာစောင်သည် လက်တွေ့ဆန်သော ခရစ်ယာန်ဘာသာအကြောင်းကို ကျွန်ုပ်တို့အားသွန်သင်ပေးသောကြောင့် ရှင်ယာကုပ်ဩဝါဒစာသည် အရေးကြီးသော စာစောင်တစ်စောင်ဖြစ်သည်။ ကနဦးအသင်းတော်ထဲ၌ တိုက်ခိုက်တွန်းလှန်ခဲ့ရသည့် တိုက်ပွဲများသည် လူတို့ကို "အကျင့်သီလအခြေပြု" ယုံကြည်ခြင်းမှ ကယ်တင်ခြင်းအတွက် ကားတိုင်ထက်၌ သခင်ယေရှုလုပ်ဆောင်ခဲ့သော အမှုတော်အား ယုံကြည်ခြင်းဆီသို့ ပြောင်းရွှေ့ပို့ဆောင်ပေးခြင်းနှင့် အထူးသက်ဆိုင်ခဲ့သည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသည် ကားတိုင်ထက်၌ သခင်ယေရှုပြုလုပ်ခဲ့သော အမှုတော်၌လုံးလုံး အခြေခံထားသော်လည်း သခင်ဘုရားကို ယုံကြည်လက်ခံသောသူများသည် ၎င်းတို့၏ ယုံကြည်ခြင်းကို အသက်တာရှင်သန်ပုံ၌ လက်တွေ့သက်သေပြသကြရမည်ဖြစ်ကြောင်းကို နားလည် သဘောပေါက်စေလိုသည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့၏ခေတ်ကာလရှိ အသင်းတော်ကိုလည်း လက်တွေ့လုပ်ဆောင်ခြင်းအတွက် စိန်ခေါ်ထားသည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် စကားလုံးများ၊ အယူဝါဒများသက်သက်သာမဟုတ် လက်တွေ့လုပ်ဆောင် လှုပ်ရှားခြင်းလည်း ဖြစ်သည်ဟု ကျွန်ုပ်တို့အား ထိထိရောက်ရောက် ပြန်လည်အသိပေးထားသည်။

# ၁
# စစ်ကြောခြင်းများ၌ဝမ်းမြောက်ခြင်း

ယာကုပ် ၁း၁-၄ ကိုဖတ်ရှုပါ။

ဤစာစောင်ကို ယာကုပ်ဟုခေါ်သောသူတစ်ယောက်က ရေးသားပြုစုခဲ့သည်။ သူ၏ဖြစ်တည်မှုအမှန်နှင့်စပ်လျဉ်း၍ ရှုပ်ထွေးမှုအချို့ရှိနေပါသည်။ ဓမ္မသစ်ကျမ်းတွင် ဤအမည်နာမနှင့်အရေးကြီးသောပုဂ္ဂိုလ်နှစ်ယောက်ကို အနည်းဆုံးတွေ့ရသည်။ ပထမတစ်ဦးမှာ ဇေဗေဒဲ၏သား ယာကုပ်ဖြစ်၍ တမန်တော်ဆယ်နှစ်ပါးထဲမှ တစ်ပါးဖြစ်သည် (မဿဲ ၁၀း၂)။ သူသည်အလုပ်အကိုင်အားဖြင့် တံငါသည်တစ်ဦးဖြစ်သည်။ ဒုတိယပုဂ္ဂိုလ်မှာ အာလဖဲ၏သားယာကုပ်ဖြစ်သည်(မဿဲ ၁၀း၃)။ သူသည်လည်း တမန်တော်တစ်ပါးဖြစ်ခဲ့သည်။ ဤစာစောင်ကို ရေးသားပြုစုခဲ့သူမှာ အာလဖဲ၏သားယာကုပ်ဖြစ်၍ သခင်ယေရှု၏ဆွေမျိုးရင်းခြာတစ်ဦးလည်းဖြစ်သည်ဟု အများအားဖြင့် ယုံကြည်ထားကြသည် (ဂလာတိ ၁း၁၉)။

အခန်းငယ် ၁ တွင် စာရေးသူကမိမိကိုယ်ကို ဘုရားသခင်နှင့်သခင်ယေရှု၏ကျွန်ဟု ရှင်းရှင်းလင်းလင်း ရည်ညွှန်းပြောဆိုခဲ့သည်။ သူ၏စိတ်နှလုံးနှိမ့်ချတတ်မှုကို ကျွန်ုပ်တို့သတိပြုမိရန်မှာ အရေးကြီးသည်။ ကျွန်ုပ်တို့သည် အသင်းတော်ထဲ၌ ကိုယ့်ကိုယ်ကိုမည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်ရာထူးကိုဆုပ်ကိုင်ထားကြောင်းအား အခြားသူများကို သိစေလိုရန်မှာအလွန် လွယ်ကူလှပါသည်။ ဤစာစောင်ကိုရေးသားပြုစုသူသည် ထိုကဲ့သို့သောအရာများကို စိတ်

မဝင်စားခဲ့ပါ။ သူသည်သခင်ယေရှုခရစ်၏ ကျွန်တစ်ဦးသက်သက်သာဖြစ်ခဲ့ပြီး၊ ထိုဂုဏ်ထူးကို သူအလွန်ကျေနပ်ခဲ့ပါသည်။ ဤကဲ့သို့သော စိတ်ထားမျိုးကျွန်ုပ်တို့၌လည်း ရှိသင့်သည်။ အသင်းတော်၌ ကျွန်ုပ်တို့မည်ကဲ့သို့သောရာထူးကိုမဆိုဆုပ်ကိုင်ထားရပါစေ။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်၏ အစေခံကျွန်များသာဖြစ်ကြပါသည်။ အသင်းတော်တည်းဟူသော ခရစ်တော်ကိုယ်န္ဒာရှိ မည်သည့်ရာထူးမဆို အရေးကြီးပါသည်။ ရှင်ယာကုပ်သည် လူတို့ကမိမိကိုမော်ကြည့်နေသည်အဖြစ်မျိုးကို စိတ်မဝင်စားပါ။ သခင်ယေရှုအား သူတို့တွေ့မြင်ရန်ကိုသာ သူစိတ်ဆန္ဒရှိသည်။

ရှင်ယာကုပ်က မိမိကိုယ်ကိုဘုရားသခင်နှင့်သခင်ယေရှုခရစ်၏ ကျွန်တစ်ယောက်အနေဖြင့် တင်ပြရည်ညွှန်းထားချက်သည် ဘုရားသခင်နှင့်သခင်ယေရှုခရစ်ကို တန်းတူသူရှုမြင်ကြောင်း ညွှန်ပြနေပါသည်။ သူသည်ဘုရားသခင်၏အစေခံကျွန်ဖြစ်ခဲ့သလောက် သခင်ယေရှုခရစ်၏ အစေခံကျွန်လည်းဖြစ်ခဲ့ပါသည်။ သူသည်ဤအမည်နာမနှစ်ပါးကို တန်းတူရည်တူသဘောမထားလျှင်ဘယ်သောအခါတွင်မျှအတူ ယှဉ်တွဲ၍ဖော်ပြခဲ့မည်မဟုတ်ပါ။ သူသည်သခင်ယေရှုကိုခရစ်တော်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ဤအချက်သည်လည်း အရေးကြီးပါသည်။ ဂရိစကားလုံး အသုံးအနှုန်းတွင် ခရစ်တော်ဟူသောအမည်နာမသည် “ဘိသိက်သွန်းလောင်းခြင်းခံသူတစ်ပါး” (anointed one) ဟူ၍အဓိပ္ပါယ်ရသည် (ဟေဗြဲစကားလုံးအသုံးအနှုန်းတွင် မေရှိယဟူ၍ဖြစ်သည်)။ ဤကျမ်းဆောင်အဆက်အစပ် (context) တွင် ရှင်ယာကုပ်က သခင်ယေရှုကိုခရစ်တော်ဟုရည်ညွှန်းရာတွင် သူသည်မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ယေရှုကို ခရစ်တော်ဟုရည်ညွှန်းရာတွင် သူသည်မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ယေရှုသည် ဘုရားသခင်ထံမှ ဘိသိက်သွန်းလောင်းခြင်းခံထားရသူ၊ ထူးခြားလေးနက်သော ရည်ရွယ်ချက်တစ်ခုအတွက် ဘိသိက်သွန်းလောင်းခြင်း

ခံထားရသူအတစ်ပါးအဖြစ် မိမိရှုမြင်ကြောင်းကို ပြောပြနေပါသည်။ သခင်ယေရှုသည်အပြစ်ဒုစရိုက်အတွက် ယဇ်ပူဇော်ခြင်းတစ်ခုဖြစ်လာဖို့ ဘိသိက်သွန်းလောင်းခြင်းခံထားရသည်။ သူပြုလုပ်ခဲ့သည့်အမှုတော်အားဖြင့် လူသားမျိုးနွယ်တို့သည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းကို ရရှိနိုင်ခဲ့ကြမည်ဖြစ်သည်။

ဤအဖွင့်အခန်းငယ်တွင် ရှင်ယာကုပ်သည် မိမိအကြောင်းအချို့ကို ထုတ်ဖော်ပြောကြားခဲ့သော်လည်း သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း၊ ဘိသိက်သွန်းလောင်းခြင်းခံရသူတစ်ပါးဖြစ်ကြောင်း၊ မေရှိယဖြစ်ကြောင်း၊ အရာခပ်သိမ်းတွင် ဘုရားသခင်နှင့် တန်းတူရည်တူဖြစ်ကြောင်းတို့ကို အလေးအနက်ဖေါ်ပြထားသည်။ ထိုကဲ့သို့သော ကျေးဇူးတော်နှင့်ပြည့်စုံ၍အံ့ဖွယ်ဘုရားသခင်၏အစေခံကျွန်တစ်ယောက်ဖြစ်ရခြင်းသည် အလွန်ကြီးမားသောအခွင့်အရေးတစ်ခုအဖြစ် ရှင်ယာကုပ်က မှတ်ယူခဲ့သည်။

ဤစာစောင်ကို တိုင်းနိုင်ငံအသီးသီး၌ ပျံ့နှံ့သွားကြသော လူမျိုးနွယ်ဆယ့်နှစ်ပါးထံသို့ လိပ်မူ၍ရေးသားခဲ့သည်။ လူမျိုးနွယ်ဆယ့်နှစ်ပါးဆိုသည်မှာ ဣသရေလလူတို့ကိုရည်ညွှန်းသည်။ သို့သော် ဤယုဒလူမျိုးများသည် သခင်ယေရှုခရစ်ကို ယုံကြည်သောသူများဖြစ်ကြသည်ဟုယူဆရသည်။ ဤယုဒလူမျိုးများသည် တိုင်းနိုင်ငံအသီးသီးသို့ ပျံ့နှံ့သွားကြကြောင်းကို သတိပြုပါ။

အနက်ဖွင့်ရှင်းလင်းချက်ရေးသားသူများက ဤယုဒလူမျိုးများ ပါလက်စတိုင်းပြည်၌ မနေထိုင်ကြခြင်းအကြောင်းမှာ တမန်တော် ၈ ရှိ သတေဖန်အသတ်ခံရပြီးနောက်တွင် ညှင်းပန်းနှိပ်စက်မှုကြီးတစ်ခုပေါ်ထွက်ခဲ့သောကြောင့်ဖြစ်သည်ဟု ယုံကြည်ကြပါ။ မိမိ၏စာဖတ်ပရိသတ်တို့ကို "ငါ့ညီအစ်ကိုတို့" (၄ယ်၂) ဟု ရည်ညွှန်းခြင်းအားဖြင့် ရှင်ယာကုပ်သည် သခင်ယေရှုကို သိကျွမ်းလက်ခံယုံကြည်ခဲ့ကြသော ယုဒလူများကို ပြောဆိုနေကြောင်းမှာ ရှင်းနေပါသည်။ ဤ

စာစောင်၌တွေ့ရသော သူ၏ရည်ရွယ်ချက်မှာ ညှင်းပန်းနှိပ်စက်ခြင်းနှင့် စစ်ကြောခြင်းကာလများတွင် သူတို့၏ယုံကြည်ခြင်းကို ခွန်အားပေးလှုံ့ဆော်ရန် ဖြစ်သည်။

အခန်းငယ် ၂တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား အမျိုးမျိုးသောစစ်ကြောခြင်းများကို ရင်ဆိုင်ရချိန်တွင် ၎င်းတို့ကို “ဝမ်းမြောက်စရာအကြောင်းသက်သက်ဖြစ်သည်” ဟု သုံးသပ်ကြရန် စိန်ခေါ်ထားသည်။ ဤဘဝတွင်အမျိုးမျိုးသော စစ်ကြောစုံစမ်းခြင်းများ ရှိခဲ့လိမ့်မည်ဟု ရှင်ယာကုပ်က သူတို့ကိုအသိပေးထားကြောင်း သတိပြုပါ။ ကျွန်ုပ်တို့ထဲမှ မည်သူမျှစစ်ကြောစုံစမ်းခြင်းနှင့် လွတ်ကင်းမည်မဟုတ်ပါ။ ဤစစ်ကြောစုံစမ်းခြင်းများသည် ရုပ်ခန္ဓာဖျားနာခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက် ညှင်းပန်းနှိပ်စက်ခံရခြင်းအားဖြင့်လည်းကောင်း ရောက်ရှိလာပါလိမ့်မည်။ တစ်ခါတစ်ရံတွင် စစ်ကြောစုံစမ်းခြင်းများသည် ခရစ်တော်၏ကိုယ်ခန္ဓာရှိအခြားယုံကြည်သူများထံမှလည်းကောင်း၊ ဆက်ဆံရေးမပြေလည်မှုများအားဖြင့်လည်းကောင်း ရောက်ရှိလာပါလိမ့်မည်။ မည်ကဲ့သို့သော စစ်ကြောစုံစမ်းခြင်းမျိုးဖြစ်နေပါစေ၊ ထိုစစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့ရင်ဆိုင်ရတိုင်း “ဝမ်းမြောက်စရာအကြောင်း သက်သက်ဖြစ်သည်”ဟု သုံးသပ်ရမည်ဟု ရှင်ယာကုပ်ကကျွန်ုပ်တို့ကို ပြောပြထားသည်။ ဤအကြောင်းကို အသေးစိတ်လေ့လာဖို့ လိုအပ်သည်။

စစ်ကြောစုံစမ်းခြင်းများသည် အနက်အဓိပ္ပါယ်အားဖြင့်ဆိုလျှင် ခက်ခဲကြမ်းတမ်းလှပါသည်။ တစ်ခါတစ်ရံတွင် ချစ်ရသောသူများကို ကျွန်ုပ်တို့ထံမှ ရုတ်တရက်ဆွဲထုတ်ဖယ်ရှားခြင်းခံကြရပါသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏ မဟုတ်မမှန်သတင်းများကို ဖြန့်ကြပြီးထိခိုက်နစ်နာမှုများစွာကို ဖြစ်စေပါသည်။ စစ်ကြောစုံစမ်းခြင်းများကြောင့် ဖြစ်ပေါ်လာသောနာကျင်မှုများကို ကျွန်ုပ်တို့

ထဲကမည်သူကမျှ မနှစ်ခြိုက်ကြပါ။ ရှင်ယာကုပ်ပြောသော ဝမ်းမြောက်ခြင်း ဆိုသည်မှာ စစ်ကြောစုံစမ်းခြင်းအခြေအနေ၌ မဟုတ်ပဲ၊ ထိုစစ်ကြောစုံစမ်းခြင်း အားဖြင့် ဘုရားသခင်လုပ်ဆောင်မည့်အရာ၌ဖြစ်သည်။ ဤစစ်ကြောစုံစမ်းခြင်း များကို ဝမ်းမြောက်စရာအချိန်အခါများကဲ့သို့ အဘယ်ကြောင့်မှတ်ယူရမည်ဟုဆို ရလျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းများသည် အဆုံးတိုင် တည်ကြည်ခြင်း (သို့) သည်းခံခြင်းကို မွေးထုတ်ပေးကြောင်း ကျွန်ုပ်တို့သိထား ကြသောကြောင့်ဖြစ်သည်ဟု ရှင်ယာကုပ်က အခန်းငယ် ၃တွင် ကျွန်ုပ်တို့ကို ပြောပြသည်။ ထိုအဆုံးတိုင်တည်ကြည်ခြင်း (သို့) သည်းခံခြင်းသည် ရင့်ကျက် ခြင်းကို တစ်ဖန်မွေးထုတ်ပေးပါလိမ့်မည်။

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာဗီတာမင်အားဆေးတစ်မျိုးမျိုးကို သောက်သုံးပြီး၊ ဝိညာဉ်ရေးရာရင့်ကျက်ခြင်းနှင့်အတူ နံနက်အိပ်ယာမှအမြဲ နိုးထနိုင်လျှင် အလွန်ကောင်းပါလိမ့်မည်။ သို့သော် ဝိညာဉ်ရေးသည် ထိုနည်းဖြင့် အလုပ် မလုပ်ပါ။ အမှန်ဆိုရလျှင် ရင့်ကျက်ခြင်းသည် အချိန်လိုအပ်သည်။ ဤအချင်းအရာကို ကျွန်ုပ်တို့၏ပန်းဥယျာဉ်ထဲမှ ပန်းပင်များမည်သို့ ကြီးထွား လာကြပုံ (သို့) ကျွန်ုပ်တို့၏သားသမီးများ မည်သို့ကြီးထွား၍ရင့်ကျက်လာကြပုံ ကိုကြည့်ခြင်းဖြင့် နားလည်သဘောပေါက်နိုင်ပါသည်။ ဝိညာဉ်ရေးလောကသည် လည်း အလားတူပင်ဖြစ်သည်။ သခင်ယေရှုပင်လျှင် ဒုက္ခဆင်းရဲခံခြင်းဖြင့် နာခံခြင်းကို သင်ယူခဲ့သည်(ဟေဗြဲ ၅း၈)။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌ ရင့်ကျက်လိုလျှင် အချိန်နှင့်သည်းခံခြင်းကို လိုအပ်သည်။ ကျွန်ုပ်တို့၏ဘဝ လမ်းကြောင်းပေါ်၌ ရောက်ရှိလာသော စစ်ကြောစုံစမ်းခြင်းများသည် ကျွန်ုပ်တို့ ၏အသက်တာ၌ ခရစ်ယာန်အကျင့်လက္ခဏာကို ဖော်ထုတ်ပေးဖို့ သခင်ဘုရား က အသုံးပြုသောနည်းလမ်းများဖြစ်ကြသည်။ ဤစစ်ကြောစုံစမ်းခြင်းများအား ဖြင့် ကျွန်ုပ်တို့၏ပထမဦးစားပေးအရာများကို ပြန်လည်ပုံဖော်ကြရသည်။ အပြစ်

ဒုစရိုက်မှာ ကျိုးပဲ့ပျက်စီးသွား၍ ကျွန်ုပ်တို့မှာလည်း သန့်စင်ခြင်းကိုခံကြရသည်။ ကောင်းသောမိဘများက မိမိတို့၏သားသမီးများကို ရင့်ကျက်ခြင်းဆီသို့ စည်းကမ်းနှင့်ကြပ်မတ်ထိန်းကျောင်း၍ လေ့ကျင့်သွန်သင်ပေးကြသကဲ့သို့ ကျွန်ုပ်တို့နှင့်သခင်ဘုရား၏ ဆက်ဆံရင်းနှီးမှုမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။

ဘုရားသခင်၏သားသမီးများ ဖြစ်ကြသည့်အားလျော်စွာ ဘုရားသခင်သည်မိမိ၏ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေရန်နှင့် ကျွန်ုပ်တို့ကိုမိမိ၏အနားသို့ ဆွဲဆောင်ရန် ကျွန်ုပ်တို့၏အသက်တာမှ နာကျင်မှုများနှင့် စစ်ကြောစုံစမ်းခြင်း အသီးသီးကို အသုံးပြုလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်စိတ်ချနေနိုင်ပါသည်။ ပို၍ကြံ့ခိုင်သန်မာ၍ ပို၍ကောင်းမွန်သောအစေခံကျွန်များ ဖြစ်လာဖို့ဘုရားသခင်သည် ကျွန်ုပ်တို့၏အခက်အခဲ အကျပ်အတည်းများအားလုံးတွင် ကျွန်ုပ်တို့ကို ပြင်ဆင်၍ပုံသွင်းတပ်ဆင်ပေးနေပါသည်။ ယခုအချိန်တွင်သင်သည် အခက်ခဲကြမ်းတမ်းသော စစ်ကြောစုံစမ်းခြင်းတစ်ခုကို ရင်ဆိုင်ကောင်းရင်ဆိုင်နေရပါလိမ့်မည်။ ဘုရားသခင်သည် သင့်ကိုသူ့အနားသို့ဆွဲခေါ်ရန် ထိုအရာကိုအသုံးပြုပါလိမ့်မည်ဟု သတိရပါ။ စစ်ကြောစုံစမ်းခြင်းကိုယ်၌က ဝမ်းမြောက်ဖွယ်မကောင်းပါ။ သို့သော် သင့်အထဲ၌ ဘုရားသခင်ကဖော်ဆောင်လာမည့် ဝိညာဉ်ရေးရာကြီးထွားမှုတွင် ဝမ်းမြောက်ခြင်းရောက်ရှိလာပါသည်။

ဤကျမ်းပိုဒ်မှ အခြားအခြေခံစည်းမျဉ်းဥပဒေသ နောက်ထပ်တစ်ခုကို ဖော်ပြခွင့်ပြုပါ။ သခင်ခရစ်တော်၌ ကြီးထွားရင့်ကျက်လာဖို့ဆိုလျှင် အဆုံးတိုင်တည်ကြည်ခြင်း (သို့) သည်းခံခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ အဆုံးတိုင်တည်ကြည်ခြင်းဆိုသည်မှာ ခက်ခဲကြပ်တည်းသောကာလများတွင် သစ္စာရှိရှိတည်မြဲနေခြင်းဖြစ်သည်။ အဝေးသို့ပြေးရှောင်မသွားခြင်း (သို့) ပြေးပေါက်ကိုမရှာကြံခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့၏ပြဿနာများနှင့်စစ်ကြော

စုံစမ်းခြင်းများကို အဝေးသို့ထွက်သွားရန် ကျွန်ုပ်တို့အကြိမ်မည်မျှဆုတောင်းခဲ့ကြဖူးပါသနည်း။ စစ်ကြောစုံစမ်းခြင်းများသည် သာယာကြည်နူးဖွယ်အရာများ မဟုတ်ကြသော်လည်း ၎င်းတို့သည် ကျွန်ုပ်တို့ကြီးထွားရင့်ကျက်လာခြင်းအတွက် မရှိမဖြစ်လိုအပ်ကြသည်။ ဤစစ်ကြောစုံစမ်းခြင်းများကို ကြောက်ရွံ့နေဖို့ မလိုပါ။ ဤအခက်အခဲအကျပ်အတည်းများသည် သခင်ဘုရားထံမှ အမြဲရောက်မလာတတ်သော်လည်း၊ သခင်ဘုရားသည် ၎င်းတို့ကိုကျွန်ုပ်တို့အသက်တာရှိ မိမိ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဖို့ အသုံးပြုပါလိမ့်မည်။ သခင်ဘုရားသည် ရန်သူကကျွန်ုပ်တို့ဆီသို့ ပစ်လွှတ်လိုက်သောအရာမှန်သမျှကိုယူ၍ ကျွန်ုပ်တို့ကို မိမိ၏အထံသို့ဆွဲဆောင်ရန် အသုံးပြုပါလိမ့်မည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်းတစ်ခုဆီထက်ပို၍ တန်ခိုးကြီးအစွမ်းထက်နေကြောင်းကို သိရခြင်းသည်အဘယ်မျှ ဝမ်းမြောက်ဖွယ်ဖြစ်ပါသနည်း။ သူသည်ကျွန်ုပ်တို့တွေ့ကြုံရသမျှသော အခြေအနေအားလုံးကို အသုံးပြု၍ ကျွန်ုပ်တို့ကိုသူနှင့်ပို၍သဏ္ဌာန်တူလာအောင် ဖန်တီးပြီးသူနှင့်ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုကို ပို၍နက်နဲလာအောင် ပြုလုပ်မည်ဟုကတိပေးထားပါသည်။ ထို့ကြောင့်ယနေ့တွင် ကျွန်ုပ်တို့ရင်ဆိုင်နေရသော စစ်ကြောစုံစမ်းခြင်းများ၌ သခင်ဘုရားပြုလုပ်နေသောအရာကို ယုံကြည်ကိုးစားလိုက်ပါ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ယာကုပ်က မိမိ၏နိဒါန်းပျိုးခြင်းတွင် သခင်ယေရှုအကြောင်းကို မည်သို့ ထုတ်ဖော်ပြောပြထားပါသနည်း။
- ရှင်ယာကုပ်၏စိတ်နှလုံးနှိမ့်ချပုံ အကြောင်းသင်မည်သို့သင်ယူရပါသနည်း။

- ထိုအရာသည် ကျွန်ုပ်တို့အတွက် မည်သည့်စိန်ခေါ်ချက်ကိုဆောင်ယူလာပါသနည်း။
- စစ်ကြောစုံစမ်းခြင်းများအလယ်၌ ဝမ်းမြောက်ခြင်းကိုခံစားတွေ့ကြုံရန် မည်သို့ဖြစ်နိုင်သနည်း။
- ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမိမိ၏အထံပါးသို့ ဆွဲဆောင်ရန် စစ်ကြောစုံစမ်းခြင်းများ အားလုံးကိုအသုံးပြုနိုင်ပါသည်ဟူသောအချက်၌ မည်သည့်နှစ်သိမ့်ခြင်းကို သင်ရရှိခံစားပါသနည်း။
- မည်သည့်စစ်ကြောစုံစမ်းခြင်းကို သင်ကြုံတွေ့နေခဲ့ရပါသနည်း။ ထိုစစ်ကြောစုံစမ်းခြင်းများသည် သင့်အားသခင်ဘုရားနှင့်ပို၍နီးကပ်လာအောင်မည်သို့ ခေါ်ဆောင်သွားခဲ့ကြပါသနည်း။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားသည် ရန်သူကသင့်ထံသို့ ပစ်လွှတ်နိုင်သည့် စစ်ကြောစုံစမ်းခြင်းအားလုံးထက်သာ၍ ကြီးမြတ်တော်မူသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- ဤကျမ်းချက်ရှိ ရှင်ယာကုပ်၏အသက်တာ၌ လက်တွေ့ထုတ်ဖော်ပြသထားသည့် နှိမ့်ချမှုမျိုးကို ပေးသနားရန် သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင်သည် ယခုတွင် စစ်ကြောစုံစမ်းခြင်းတစ်ခုခုကို တွေ့ကြုံနေရပါသလား။ ဤစစ်ကြောစုံစမ်းခြင်း၌ ဝမ်းမြောက်ခြင်းကို သင့်အားပေးသနားရန် သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ ထိုစစ်ကြောစုံစမ်းခြင်းထဲ၌ သခင်ဘုရားကအကောင်အထည်ဖော်နေသည့်အရာကို တွေ့မြင်နိုင်ရန် သင့်ရဲ့မျက်စိများကို ဖွင့်ပေးဖို့တောင်းလျှောက်ပါ။

၂

## ဉာဏ်ပညာအတွက် ယုံကြည်ခြင်း

ယာကုပ် ၁း၅-၈ ကိုဖတ်ရှုပါ။

ရှင်ယာကုပ်က ယုံကြည်သူယုဒညီအစ်ကိုများထံ၌ ဆင်းရဲခြင်းဒုက္ခ၏ တန်ဖိုးအကြောင်းကို ရေးသားဖော်ပြခြင်းဖြင့် မိမိ၏စာစောင်ကိုအစပြုထားသည်။ အမျိုးမျိုးသောစစ်ကြောစုံစမ်းခြင်းများကို သူတို့ကြုံတွေ့သောအခါ၌ ထိုအရာများကို ဝမ်းမြောက်စရာအကြောင်းများအဖြစ် သုံးသပ်မှတ်ယူကြရန် ခွန်အားပေးခဲ့သည်။ အကြောင်းမှာ ဘုရားသခင်သည် ထိုစစ်ကြောစုံစမ်းခြင်းများကို အသုံးပြု၍သူတို့ကိုဝိညာဉ်ရေးရာ၌ ရင့်ကျက်လာစေပြီး အထံပါးသို့ ဆွဲဆောင်သွားမည်ဖြစ်သောကြောင့်ဖြစ်သည်။

စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်ဖြတ်သန်းခဲ့ဖူးသောသူတိုင်းက ဤခက်ခဲကျပ်တည်းခဲ့သော အခြေအနေများတွင် ဉာဏ်ပညာကိုလိုအပ်ကြောင်း သိရှိထားကြသည်။ စစ်ကြောစုံစမ်းခြင်းများ အမြဲတမ်းတော့အဓိပ္ပါယ်မရှိတတ်ပါ။ ဤစစ်ကြောစုံစမ်းခြင်းများ၌ ဘုရားသခင်လုပ်ဆောင်နေသည့်အရာကို ကျွန်ုပ်တို့အသိသောအချိန်များ(သို့) ဘုရားသခင်ကကျွန်ုပ်တို့ကို ပြသဖို့ကြိုးစားနေသောအရာကို မသိနိုင်သောအချိန်များရှိခဲ့ပါသည်။ ထိုစစ်ကြောစုံစမ်းခြင်းများ၏ ဖိအားများမြင့်တက်လာသည်နှင့်အမျှ အပြစ်ဒုစရိုက်ကို ကျူးလွန်၍ ပုန်ကန်ခြင်းများကိုပြုလုပ်ဖို့ စုံစမ်းနှောက်ယှက်ခံကြရပါသည်။

ဘုရားသခင်ပြုလုပ်ဖို့ ကြိုးစားနေသည့်အရာကို ဝေဖန်ပုတ်ခတ်၍ ဆန့်ကျင်တိုက်ခိုက်ရန်မှာ အလွန်လွယ်ကူပါသည်။ ဘုရားသခင်ပြောပြနေသောအရာကို သိနိုင်ဖို့ဉာဏ်ပညာကို ကျွန်ုပ်တို့လိုအပ်သည်။ ကျွန်ုပ်တို့၏လူ့နားလည်သဘောပေါက်ခြင်းက အတိုင်းအတာတစ်ခုအထိသာ ကျွန်ုပ်တို့ကိုဆောင်ယူသွားနိုင်ပါသည်။ ကျွန်ုပ်တို့ရင်ဆိုင်နေရသော အခြေအနေတစ်ခုတွင် ဘုရားပေးသောထိုးထွင်းသိမြင်တတ်မှုမပါဘဲ ဘုရားသခင်၏ရည်ရွယ်ချက်နှင့် စိတ်နှလုံးကို သိရှိနိုင်မည်မဟုတ်ပါ။

အခန်းငယ် ၅ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ၎င်းတို့၌ ပညာချို့တဲ့နေလျှင် ဘုရားသခင်ထံ၌တောင်းလျှောက်သင့်ကြောင်း ပြန်လည်အသိပေးထားပါသည်။ ကျွန်ုပ်တို့ကိုလေ့ကျင့်သင်ကြားပေးရန်နှင့် မွမ်းမံပြင်ဆင်ပေးရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်သည်။ စစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့ရင်ဆိုင်ရာ၌ လိုအပ်သောဉာဏ်ပညာကို ပေးသနားဖို့ဘုရားသခင်ဆန္ဒရှိနေပါသည်။ ဤစစ်ကြောစုံစမ်းခြင်းများ၌ ရှိနေသောစုံစမ်းနှောက်ယှက်ခြင်းမှာ ပြဿနာကိုမိမိဘာသာဖြေရှင်းရန် ကြိုးစားခြင်းပင်ဖြစ်သည်။ ထိုသို့ပြုလုပ်မည့်အစား ဘုရားသခင်ထံ၌ အမြော်အမြင်ကိုတောင်းလျှောက်ဖို့ ရှင်ယာကုပ်ကပြောပြနေသည်။ ကျွန်ုပ်တို့၏အခြေအနေအတွက် ဘုရားသခင်၏အမြော်အမြင်ကိုတောင်းလျှောက်မည်ဆိုလျှင် ကျွန်ုပ်တို့၏အယူအဆများနှင့် အစီအစဉ်များကို ဘေးချထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်တွေးတောကြံဆမှုသည် ဘုရားသခင်ထံမှ မကြားနိုင်အောင် ကြားဝင်ဆီးတားခြင်းကိုသာ ပြုလုပ်နေပါလိမ့်မည်။

ရှင်ယာကုပ်က ဘုရားသခင်၏အကြောင်းနှင့် ဘုရားသခင်ကကျွန်ုပ်တို့အားဉာဏ်ပညာကို မည်သို့ပေးသနားတော်မူသည့်အကြောင်း ပြောပြထားချက်ကိုသတိပြုပါ။ ဘုရားသခင်သည် ဉာဏ်ပညာကိုရက်ရောစွာပေးသနား

ပါသည်။ ဉာဏ်ပညာမလောက်မငဖြစ်နေသောကြောင့် ခွဲတမ်းဖြင့်ပေးသနား သည့်ပုံစံမျိုး ဘုရားသခင်မပြုလုပ်ပါ။ ဉာဏ်ပညာအတွက် ဘုရားသခင်ထံ၌ တောင်းလျှောက်သောအခါ ကျွန်ုပ်တို့၏စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်ဖို့ လိုအပ်သည့် ပမာဏကိုအကုန်အစင်ပေးပါလိမ့်မည်ဟု စိတ်ချနေနိုင်ပါသည်။ သူသည်ကျွန်ုပ်တို့အပေါ်၌ မိမိ၏ဉာဏ်ပညာကို ရက်ရက်ရောရောသွန်ချပါ လိမ့်မည်။

ဘုရားသခင်သည် ဤဉာဏ်ပညာကို လူတိုင်းအားပေးသနားတော် မူကြောင်းကိုလည်း သတိပြုပါ။ တနည်းအားဖြင့်ဆိုရလျှင် အထံတော်ပါးသို့ ရောက်လာသောသူတိုင်း ဤဉာဏ်ပညာကိုလက်ခံရရှိနိုင်ပါသည်ဟူ၍ဖြစ်သည်။ သင်သည်အလွန်ဉာဏ်ကောင်းသောသူဖြစ်ချင်မှဖြစ်ပေမည်။ သို့သော်သင့်ရဲ့ ဘဝလမ်းခရီးပေါ်သို့ ရောက်လာသောစစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်နိုင်ဖို့ သင်လိုအပ်နေသော ဉာဏ်ပညာအားလုံးကို ဘုရားသခင်ကပေးပါလိမ့်မည်။ ဤလောကတွင် သင့်ရဲ့ပိုင်ဆိုင်မှုပါဟု သင်ပြောဆိုနိုင်သည့်အရာ ရှိချင်မှရှိပေ မည်။ သို့သော် သင်သည်ဘုရားသခင်၏ ဉာဏ်ပညာကိုပိုင်ဆိုင်နိုင်ပါသည်။ သင့်ဘဝ၏အခြေအနေများကို သင်ကမောက်ကမပြုလုပ်မိလျှင်ပင် ဤဉာဏ် ပညာကိုအခမဲ့ဖြင့် ရက်ရက်ရောရောသင့်ကိုပေးထားလျက်ရှိသည်။ ဘဝအခြေ အနေများမည်သို့ပင်ရှိနေပါစေ အထံတော်သို့ ရိုးသားစွာရောက်လာ၍ တောင်းလျှောက်သောသူတိုင်းအတွက် ဤဉာဏ်ပညာကိုပေးသနားထားသည်။

နောက်ဆုံးအနေဖြင့် အခန်းငယ် ၅ တွင်ဘုရားသခင်သည် ကျွန်ုပ်တို့ ၏အမှားကိုမကြည့်ဘဲ ဤဉာဏ်ပညာအားပေးသနားကြောင်းကို သတိပြုပါ။ ဤအချက်ကို စဉ်းစားသုံးသပ်သောအခါ ကျွန်ုပ်မှာကောင်းကြီးခံစားရပါသည်။ ကျွန်ုပ်၏အသက်တာ၌ ကျွန်ုပ်သည်နှစ်ပေါင်းများစွာ အမြော်အမြင်မရှိနေထိုင် ရှင်သန်ခဲ့ပါသည်။ ကျွန်ုပ်သင်ယူခဲ့သင့်သည့် သင်ခန်းစာမြောက်မြားစွာရှိခဲ့သော်

လည်း မသင်ယူခဲ့ပါ။ ကျွန်ုပ်ရင်ဆိုင်ဖြတ်သန်းနေသည့် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်နိုင်ဖို့ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်၍ဘုရားသခင်၏ဉာဏ်ပညာကို ရှာကြံသောအခါ ဘုရားသခင်သည် ကျွန်ုပ်၏အမှားများကို မကြည့်ဘဲ ထိုဉာဏ်ပညာကို ကျွန်ုပ်အားပေးသနားပါသည်။ တနည်းအားဖြင့် ဆိုရလျှင်၊ အတိတ်၌ထိုဉာဏ်ပညာကို ကျွန်ုပ်မည်သို့တလွဲအသုံးချခဲ့မှုအတွက် ကျွန်ုပ်ကို အပြစ်မတင်ပါ။ အခက်အခဲကို ရင်ဆိုင်ဖို့ ကျွန်ုပ်ဉာဏ်ပညာမရှိမှု အပေါ်တွင် ကျွန်ုပ်ကိုအပြစ်မဖို့ခဲ့ပါ။ ကျွန်ုပ်အား သွန်သင်ပေးနေခဲ့သည့်အရာကို သိမြင်နိုင်ရန် ဉာဏ်ပညာနှင့်အမြော်အမြင်ကိုပေးဖို့ ငြင်းပယ်နေချိန်တွင် ကျွန်ုပ်အား သင်ခန်းစာတစ်ခုကို သွန်သင်ပေးဖို့ စစ်ကြောစုံစမ်းခြင်းတစ်ခုကို အသုံးပြုနေခြင်းသည် မည်သို့အကျိုးရှိမည်နည်း။ ဉာဏ်ပညာအတွက် ဘုရားသခင်ထံသို့ သင်ရောက်လာသောအခါသူသည် သင့်ရဲ့အတိတ်မှ ရှုံးနိမ့်မှုများ (သို့) သင့်ရဲ့အားနည်းချက်များကို ဂရုမစိုက်ဘဲ ထိုဉာဏ်ပညာကိုသင့်အားပေးပါလိမ့်မည်။ ကျွန်ုပ်တို့၏ ဘဝလမ်းခရီးပေါ်၌ ရောက်ရှိလာသောစစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်နိုင်ဖို့ လိုအပ်သောဉာဏ်ပညာများအားလုံးကို ကျွန်ုပ်တို့အားပေးရန် ဘုရားသခင်ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။ အမှားကိုမကြည့်ဘဲ တောင်းသမျှသောသူတိုင်းကို ရက်ရက်ရောရောပေးကမ်းပါလိမ့်မည်။ ထိုသို့အားဖြင့် သူတို့သည် သင်ယူစရာများကို သင်ယူ၍ဘုရားသခင်ဖြစ်စေလိုသောသူများဖြစ်လာကြမည်ဖြစ်သည်။

ဤဘဝမှအခက်အခဲများအားလုံးကို ရင်ဆိုင်နိုင်ရန်ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ မိမိ၏ဉာဏ်ပညာကို သွန်းလောင်းရွာချရန်ကျေနပ်ဝမ်းသာနေသော်လည်း ထိုဉာဏ်ပညာကို လက်ခံရရှိဖို့အခြေအနေတစ်ခုရှိနေပါသည်။ အခန်းငယ် ၆ တွင် ကျွန်ုပ်တို့သည်ဘုရားသခင်ထံ၌ ဉာဏ်ပညာကိုတောင်းလျှောက်သောအခါ သံသယစိတ်မရှိဘဲ ယုံကြည်ထားရမည်ဟုပြောပြထား

သည်။ တနည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့ရှာကြံနေသော ဉာဏ်ပညာကို ဘုရားသခင် အမှန်တကယ်ပေးပါမည်ဟု စိတ်ချယုံကြည်မှုနှင့် တောင်းလျှောက်ရမည်။ ကတိတော်မှာ ရှင်းလင်းလှပါသည်။ ကျွန်ုပ်တို့၌ ဉာဏ်ပညာချို့တဲ့နေလျှင် ဘုရားသခင်ထံ၌ တောင်းလျှောက်သင့်ပြီး၊ ဘုရားသခင်ကလည်း ကျွန်ုပ်တို့ကိုပေးပါလိမ့်မည်ဟု ရှင်ယာကုပ်ကရှင်းရှင်းလင်းလင်းပြောပြထားသည်။ ကျွန်ုပ်တို့အား ဉာဏ်ပညာကိုပေးသနားပါမည်ဟူသော ဘုရားသခင်၏ရှင်းလင်းလှသည့်ကတိတော်ကို ကျွန်ုပ်တို့မယုံကြည်နိုင်လျှင် ကျွန်ုပ်တို့၏စစ်ကြောစုံစမ်းခြင်းကို ရင်ဆိုင်နိုင်ဖို့ ဘုရားသခင်ပေးသနားတော်မူသော ဉာဏ်ပညာကို ကျွန်ုပ်တို့မည်သို့ယုံကြည်စိတ်ချနိုင်မည်နည်း။ ဘုရားသခင်သည် ကတိတည်ပါလိမ့်မည်ဟု သင်မယုံကြည်နိုင်လျှင် ဘုရားသခင်ကပေးသနားသော ဉာဏ်ပညာကို မည်သို့ စိတ်ချယုံကြည်နိုင်မည်နည်း။

ဘုရားသခင်၏ ဉာဏ်ပညာကိုလက်ခံရရှိနိုင်ရန် ကျွန်ုပ်တို့သည် ထိုဉာဏ်ပညာကိုနာခံ၍ ယုံကြည်ကိုးစားရန် စိတ်နှလုံးများကို ဖွင့်ထားရမည်။ ဤဉာဏ်ပညာသည် ကျွန်ုပ်တို့ထံသို့ နည်းလမ်းမျိုးစုံဖြင့်ရောက်လာပါသည်။ တစ်ခါတစ်ရံတွင် ဘုရားသခင်သည် နှုတ်ကပတ်တော်၏သမ္မာတရားကို နက်နက်နဲနဲနားလည်နိုင်စွမ်းကို ပေးပါလိမ့်မည်။ တစ်ခါတစ်ရံတွင် တစ်စုံတစ်ယောက်ကိုစေလွှတ်၍ ကျွန်ုပ်တို့ထံ၌ ထိုဉာဏ်ပညာကိုဝေမျှစေပါလိမ့်မည်။ တစ်ခါတစ်ရံတွင် မိမိဝိညာဉ်တော်၏အတွင်းကျသော လှုပ်ရှားခြင်းအားဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံး၌အယူအဆများကို သိသာထင်ရှားစေခြင်းဖြင့် ဉာဏ်ပညာကိုပေးပါလိမ့်မည်။ ဘုရားသခင်ပြောပြနေသောအရာကို ကျွန်ုပ်တို့စိတ်ချယုံကြည်ရမည်လား။ ဘုရားသခင်က ဆက်သွယ်ပြောကြားနေသော သမ္မာတရားကို ကျွန်ုပ်လက်ခံရယူပါမည်လား။ ဉာဏ်ပညာ၏ရန်သူမှာ သံသယစိတ်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစကားပြော၍ လမ်းပြနေပါသော်

လည်း ကျွန်ုပ်တို့မှာ တွန့်ဆုတ်နေကြသည်။ ဘုရားသခင်ပြောပြနေသောအရာကိုသံသယဝင်ဖို့ ကျွန်ုပ်တို့၏ လူ့ဉာဏ်ကိုကြားဝင်ခွင့်ပြုကြပါသည်။ ဤသည်မှာ ဧဒင်ဥယျာဉ်ကြီးထဲ၌ ရန်သူကဧဝထံတွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မေးခွန်းထုတ်သောအချိန်က ဖြစ်ပျက်ခဲ့သည့်အရာပင်ဖြစ်သည်။ ဧဝသည် ရန်သူ့စကားကို နားထောင်ခဲ့ပါသည်။ ရလာဒ်မှာ အပြစ်ဒုစရိုက်နှင့်ကြောက်မက်ဖွယ်အခြေအနေများပင်ဖြစ်သည်။

ရှင်ယာကုပ်က ဘုရားသခင်၏ဉာဏ်ပညာအပေါ်၌ သံသယပွားနေသောသူများကို လေပြင်းတိုက်ခတ်ရာဆီသို့ လူးလိမ့်လိုက်ပါသွားကြသောပင်လယ်လှိုင်းများနှင့် နှိုင်းယှဉ်ထားသည်။ ဤလှိုင်းလုံးများတွင် တည်ငြိမ်မှုမရှိပါ။ တဖက်မှအခြားတစ်ဖက်သို့ လူးလှိမ့်နေကြသည်။ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်တို့က ထုတ်ဖော်ပြသပေးသော ဘုရားသခင်၏ ဉာဏ်ပညာကို သံသယဝင်သောသူများသည် လူ့ဉာဏ်နှင့်စိတ်ခံစားချက်များ၏ လွှမ်းမိုးမှုကိုခံရသောသူများဖြစ်ကြသည်။ သူတို့သည် အတွေးတစ်ခုမှတစ်ခု (သို့) ဖြေရှင်းချက်တစ်ခုမှ အခြားတစ်ခုဆီသို့ ပြောင်းလဲရွေ့လျားကြသည်။ သို့တည်းမဟုတ် သူတို့သည် သံသယစိတ်နှင့် ချီတုံချတုံဖြစ်ခြင်း၌ အကြောသေကောင်းသေသွားကြလိမ့်မည်။

ဉာဏ်ပညာကို လိုလိုလားလားဖြင့် လက်ခံရယူ၍နာခံရန်အသင့်ရှိနေသောသူများထံ၌ ဘုရားသခင်သည် ထိုဉာဏ်ပညာကိုပေးသနားပါသည်။ သူ့ကိုမယုံကြည်၊ မကိုးစားသောသူများကို မပေးပါ။ ဘုရားသခင်ပြောပြနေသောယုံကြည်ခြင်းဖြင့် လက်တွေ့လုပ်ဆောင်နိုင်လောက်အောင် ကိုးစားရန်ဆန္ဒမရှိသောသူများထံ၌ ဉာဏ်ပညာကိုမပေးပါ။

ရှင်ယာကုပ်က ဆက်လက်၍ "စိတ်နှစ်ခွ" ဖြစ်နေသောသူများအကြောင်းကို ပြောပြထားသည်။ ရှင်ယာကုပ်၏ ပြောဆိုထားချက်အရ ဤအရာ

သည် ဘုရားသခင်မုန်းတီးရွံ့ရှာသောအရာ ဖြစ်သည်။ စိတ်နှစ်ခွရှိသောသူဆိုသည်မှာ ဘုရားသခင်ထံ၌ ဉာဏ်ပညာကိုပေးသနားဖို့ ဆုတောင်းသော်လည်း ထိုဉာဏ်ပညာကို နာခံလိုက်လျှောက်ရန် ဆန္ဒမရှိသောသူဖြစ်သည်။ ဤကဲ့သို့သောပုဂ္ဂိုလ်သည် ဘုရားသခင်၏ဉာဏ်ပညာကို ပိုင်ဆိုင်ချင်သော်လည်း လူ့အသိဉာဏ်ကို မစွန့်လွှတ်လိုသောသူဖြစ်သည်။ စိတ်နှစ်ခွနှင့်လူသည် ဉာဏ်ပညာ၊ ဘုရားသခင်၊ လူ့အသိဉာဏ်တို့ကြားတွင် ရုန်းကန်လှုပ်ရှားနေရသည်။ သူသည်ဘုရားသခင်၏ ဉာဏ်ပညာကိုကြားသိသော်လည်း၊ လူ့အသိဉာဏ်၏ ခေါ်သံကိုသာနာခံ၍ အပြည့်အဝယုံကြည်ကိုးစားကြသည်။

ဘဝ၏အဆီးအတားများကို ရင်ဆိုင်နိုင်ရန် ဉာဏ်ပညာအတွက်မိမိကိုဟစ်ခေါ်သောသူကို ဘုရားသခင်ရှာကြံနေပါသည်။ ဘုရားသခင်သည် ဤဉာဏ်ပညာကိုသာ ရှာကြံသည်မဟုတ်၊ နာခံခြင်း၌လျှောက်လှမ်းသည်အထိ မိမိပြောပြသောအရာကို ယုံကြည်ကိုးစားသောသူကို ရှာကြံနေပါသည်။ ထိုကဲ့သို့သောသူများထံ၌ မိမိ၏ဉာဏ်ပညာကို ပေးသနားရသည်ကိုဘုရားသခင်ကြည်နူးဝမ်းသာပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့၏ စစ်ကြောစုံစမ်းခြင်းများ၌ ဘုရားသခင်၏ဉာဏ်ပညာကို ရှိထားရန်မည်မျှအရေးကြီးပါသနည်း။ လူ့အသိဉာဏ်သည် အဘယ့်ကြောင့် မလုံလောက်ပါသနည်း။
- ဘုရားသခင်သည် မိမိ၏လူတို့အား ဉာဏ်ပညာကိုမည်သို့ပေးသနားသည့်အကြောင်း ကျွန်ုပ်တို့မည်သို့သင်ယူရပါသနည်း။ ဘုရားသခင်ထံမှ ဉာဏ်ပညာကို လက်ခံရရှိရန်အတွက် အခြေအနေသတ်မှတ်ချက်မှာ အဘယ်နည်း။

- သံသယစိတ်သည် ဉာဏ်ပညာ၏ ရန်သူမည်သို့ဖြစ်နိုင်သနည်း။ ဘုရားသခင်၏ဉာဏ်ပညာကို သင်မေးခွန်းထုတ်ဖူးပါသလား။
- ဘုရားသခင်၏ ဉာဏ်ပညာကို ယုံကြည်စိတ်ချရန် အဘယ့်ကြောင့် အရေးကြီးသနည်း။ ယုံကြည်ကိုးစားခြင်းမရှိဘဲ ဉာဏ်ပညာကို ကျွန်ုပ်တို့ပိုင်ဆိုင်နိုင်ပါသလား။

**ဆုတောင်းရန်အချက်များ**

- ကျွန်ုပ်တို့၏ဘဝခရီးလမ်း၌ ရောက်ရှိလာသောစစ်ကြောစုံစမ်းခြင်းများကိုရင်ဆိုင်ရန် ကျွန်ုပ်တို့လိုအပ်သော ဉာဏ်ပညာကိုပေးရန် လိုလိုလားလားရှိနေသောကြောင့် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ရဲ့စိတ်နှလုံးမှ သံသယစိတ်များကိုဖယ်ရှားပေး၍ ဘုရားသခင်နှင့် ဘုရားသခင်၏ ရည်ရွယ်ချက်ကိုအကြွင်းမဲ့ ယုံကြည်စိတ်ချမှုနှင့် အစားထိုးပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။
- သင့်ရဲ့ကိုယ်ပိုင်အယူအဆများကို ဘေးဖယ်ထားရန် စွမ်းဆောင်နိုင်ဖို့ ကူညီပေးရန်နှင့် အရာခပ်သိမ်း၌သူ့ကိုယုံကြည်ကိုးစားနိုင်ရန် စွမ်းဆောင်ပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

# ၄
# ကျွန်ုပ်တို့၏ ဖြစ်တည်မှုကိုဂုဏ်ယူခြင်း

ယာကုပ် ၁း၉-၁၁ ကိုဖတ်ရှုပါ။

တစ်ခါတစ်ရံတွင် စစ်ကြောစုံစမ်းခြင်းများသည် ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်ကပေးအပ်ထားသည့် အခြေအနေများကို တင်းတိမ်ရောင့်ရဲမှုမရှိခြင်း၏ ရလာဒ်များဖြစ်နေကြသည်။ မိမိရရှိပိုင်ဆိုင်ထားသည်ထက် ပို၍ရယူပိုင်ဆိုင်လိုသောသူများနှင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားသောအရာကို တင်းတိမ်၍တန်ဖိုးထားရန် ပျက်ကွက်သောသူများဖြစ်ကြသည်။ ရှင်ယာကုပ်က ဤအကြောင်းအရာကို မိမိရေးသားသော စာစောင်၏နောက်တစ်ပိုင်းတွင် ဖော်ပြထားသည်။

အခန်းငယ် ၉ တွင် တမန်တော်ကြီးက "အောက်လျှို့နှိမ့်ချသောညီအစ်ကို" ထံ၌ ပြောပြထားခဲ့သည်။ ဤညီအစ်ကိုသည် ဤဘဝတွင်စည်းစိမ်ဥစ္စာများများစားစားကို မပိုင်ဆိုင်ခဲ့ပါ။ သူသည်မိမိ၏မိသားစုကို ထောက်ပံ့ကျွေးမွေးရန် အခက်အခဲရှိကောင်း ရှိနေလိမ့်မည်။ သူသည်ကျွန်တစ်ယောက် (သို့) လုပ်အားခနည်းနည်းသာရသောအလုပ်ကို လုပ်ကိုင်နေသူဖြစ်ကောင်းဖြစ်မည်။ ကျန်းမာရေးကြောင့် အလုပ်မလုပ်နိုင်သောသူဖြစ်ကောင်းဖြစ်မည်။ ရှင်ယာကုပ်ရေးသားခဲ့သော ပတ်ဝန်းကျင်အခြေအနေတွင် မြောက်မြားစွာသော ယုဒလူမျိုးများသည် မိမိတို့၏ ယုံကြည်မှုကြောင့် ညှင်းပန်းနှိပ်စက်ခြင်းနှင့်

အရှက်ခွဲခြင်းကို ခံနေကြရသည်။ ယုံကြည်သူများကို အောက်လျှို့နှိမ့်ချသော အခြေအနေ၌ နေထိုင်ရအောင် ဖန်တီးသောအကြောင်းအရင်းများစွာ ရှိနေခဲ့ပါသည်။

ရှင်ယာကုပ်က ဤညီအစ်ကိုအား ၎င်း၏မြင့်မြတ်သော (ချီးမြှောက်ခြင်း) အရိုက်အရာ၌ ဂုဏ်ယူဝမ်းမြောက်သင့်ကြောင်း ပြောခဲ့သည်။ ဤနေရာတွင် ရှင်ယာကုပ်က "ညီအစ်ကို" တစ်ယောက်အကြောင်းကို ပြောပြနေကြောင်းကို သတိပြုပါ။ ဤပုဂ္ဂိုလ်သည် ခရစ်ယာန်တစ်ဦးဖြစ်ကြောင်း ထင်မှတ်ယူဆရသည်။ အောက်လျှို့နှိမ့်ချသော ဘဝအခြေအနေမှ ညီအစ်ကိုတစ်ယောက်သည် မိမိ၏မြင့်မြတ်သော ရပ်တည်မှု၌မည်သို့ ဂုဏ်ယူဝမ်းမြောက်နိုင်ခဲ့မည်နည်း။ ဤမြင့်မြတ်သော ရပ်တည်မှုသည် ဤလောက၏အမြင်တွင် မဟုတ်ကြောင်းမှာ ထင်ရှားသည်။ ဤလောက၌သူနှင့် ထိုက်တန်သည့် အထင်ကြီးလေးစားမှုနှင့် ဂုဏ်ပြုထိုက်သည့်အရာ ရှိချင်မှရှိနေလိမ့်မည်။ သို့သော်သူသည် ဘုရားသခင်၏သားသမီးတစ်ယောက် အနေဖြင့်မြင့်မြတ်သော ရပ်တည်မှုတစ်ခုကိုရယူထားပါသည်။ ဤအချက်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားသုံးသပ်ကြည့်ကြပါစို့။

မြောက်မြားစွာသော ယုံကြည်သူတို့သည် ဤလောက၌အနည်းငယ်သောအရာကိုသာ ပိုင်ဆိုင်ထားကြသော်လည်း ကောင်းကင်ဘုံတွင်သူတို့အတွက် စည်းစိမ်ဥစ္စာများကို သိုထားလျှက်ရှိသည်။ သူတို့သည် ထိန်းသိမ်းစောင့်ရှောက်ဖို့ မတတ်နိုင်သည့် ယိုယွင်းပျက်စီးနေသောသာမန်အိမ်တစ်လုံးကို ပိုင်ဆိုင်ကောင်းပိုင်ဆိုင်ကြမည်။ သို့သော်ကောင်းကင်ဘုံတွင်မူ ဘယ်သောအခါတွင်မျှ ပြန်လည်ပြင်ဆင်မွမ်းမံဖို့ မလိုအပ်သည့်စံအိမ်ကို သူတို့အတွက်ပြင်ဆင်ပြီးသားဖြစ်သည်။ သူတို့သည် ကိုယ်ခန္ဓာ၌ ဖျားနာခြင်းနှင့်ရောဂါဘယများကို ခံစားကောင်းခံစားနေကြလိမ့်မည်။ သို့သော်သူတို့၏ ကောင်းကင်ဘုံမှအဖက

မျက်မှောက်တော်ဆီသို့ ဖိတ်ခေါ်နေခဲ့ပါသည်။ ထိုအရပ်တွင်နောက်ထပ် ဖျားနာခြင်းနှင့် ကိုက်ခဲခြင်းများရှိတော့မည်မဟုတ်ပါ။ သူတို့သည် ဤဘဝတွင်အပယ်ခံအဖြစ်နှင့် မတရားနှိပ်စက်ညှဉ်းပန်းခြင်းကို ခံစားကောင်းခံစားကြပေမည်။ သို့သော် သူတို့ကိုကယ်တင်တော်မူသော ကယ်တင်ရှင်၏မျက်မှောက်တော်တွင် ပြည့်စုံသောကြိုဆိုလက်ခံခြင်းနှင့် ချစ်ခြင်းကိုသိမြင်ခံစားကြပါလိမ့်မည်။ ဤဘဝသည်သူတို့အတွက် ဝမ်းနည်းပူဆွေးစရာများနှင့် ပြည့်ကောင်းပြည့်နေပါလိမ့်မည်။ သို့သော်တိုတောင်းလှသောအချိန်ကာလတစ်ခုတွင် သူတို့သည်ကောင်းကင်မြို့တော်ဝင်ရာ တံခါးကိုဖြတ်ကျော်ဝင်ရောက်သွားကြပါလိမ့်မည်။ ထိုအရပ်တွင် နောက်တစ်ဖန်မျက်ရည်ကျဖို့ မလိုတော့ပါ။ ရှင်ယာကုပ်က ထိုကဲ့သို့သောယုံကြည်သူများအား ၎င်းတို့အဘယ်မျှအမှန်တကယ် ကြွယ်ဝကြောင်းကိုပြန်လည်သတိရရန် စိန်ခေါ်ခဲ့သည်။ ဘုရားသခင်သည် ယုံကြည်သူအားလုံးအားဤလောကရှိ အချမ်းသာဆုံးပုဂ္ဂိုလ်ကိုပင် အံ့သြမှင်သက်သွားစေမည့်ကောင်းကင်ဘုံရှိ စည်းစိမ်အမွေကို ပေးသနားခဲ့သည်။

ဤချီးမြှောက်ခြင်းအရာသည် အနာဂတ်ကိုသာ ရည်ညွှန်းသည်မဟုတ် ဤအရာသည်ယုံကြည်သူများအားလုံးက ယခုလက်ရှိရရှိပိုင်ဆိုင်သောအရာလည်းဖြစ်သည်။ အောက်လျှို့နှိမ့်ချသော အခြေအနေ၌ရှိနေသော ညီအစ်ကိုသည် ဘုရားသခင်၏ သားသမီးတစ်ယောက်ဖြစ်သည်။ သူရဲ့ခမည်းတော်သည်ဖန်ဆင်းရှင်ဖြစ်၍ အရာခပ်သိမ်း၏အရှင်သခင်ဖြစ်သည်။ သူသည်မိမိ၏အသက်တာ၌ ဘုရားသခင့်ဝိညာဉ်တော်၏မျက်မှောက်ပြုခြင်းကိုသိသည်။ သူသည် အရှင်တကာတို့၏အရှင်ကို ကိုယ်စားပြုဖို့ ဆင့်ခေါ်ခြင်းကို ခံထားရသည်။ သူသည်ဤအန္တနတန်ခိုးတော်ရှင်ဘုရားသခင်၏ တန်ခိုးတော်၌ ရှင်သန်သည်။ သူသည်ရန်သူကို ခေါင်းမော့လျှက်ရင်ဆိုင်နိုင်ဖို့ ဘုရားသခင်၏ပြင်ဆင်မွမ်းမံခြင်းနှင့် အစွမ်းအစပေးခြင်းကို ခံထားသည်။ သူသည်ဘုရားသခင်

ကိုကြားနာနိုင်ဖို့ နားကိုပိုင်ဆိုင်ထားပြီး သမ္မာတရားကိုတွေ့မြင်နိုင်ဖို့ မျက်စိကို ရရှိထားသည်။ သူရဲ့စိတ်နှလုံးသည် ဘုရားသခင့်ဝိညာဉ်တော်၏ ပြန်လည်အသစ်ပြုပြင်ခြင်းကို ခံရသည်။ ဤပုဂ္ဂိုလ်၏အသက်တာ၌ ဝိညာဉ်တော်သည် မိမိ၏အသီးအပွင့်များကို သီးပွင့်နေစေသည်။ ဤကောင်းကြီးမင်္ဂလာများနှင့် အခြားမြောက်မြားစွာသော အရာများသည် ယခုလက်ရှိတွင်သူပိုင်ဆိုင်သော အရာများဖြစ်ကြသည်။ ရှင်ယာကုပ်က ရုပ်ဝတ္ထုပစ္စည်းအားဖြင့် ဆင်းရဲချို့တဲ့နေသောညီအစ်ကိုအား ခရစ်တော်၌ရှိနေသောငွင်း၏ ခမ်းနားကြီးကျယ်သော ချမ်းသာကြွယ်ဝခြင်းကို အာရုံစူးစိုက်နေဖို့ စိန်ခေါ်ခဲ့သည်။

ဤအရာများကို ပြောဆိုပြီးနောက်တွင် ဤသမ္မာတရား၏နောက်ထပ် လက်တွေ့ရယူကျင့်သုံးရမည့်အချက်တစ်ချက် ကျွန်ုပ်တို့လေ့လာဖို့လိုအပ်သည်။ ကျွန်ုပ်တို့၏ အနီးတဝိုက်မှလူများကို ဤလောက၌သူတို့ပိုင်ဆိုင်သောအရာများ အပေါ်၌အခြေခံ၍ အကြိမ်မည်မျှစီရင် အကဲဖြတ်ခဲ့ကြသနည်း။ ကျွန်ုပ်တို့သည် အလွန်ဟောင်းနွမ်းဆုတ်ပြဲနေသော အဝတ်အစားကို ဝတ်ထားသောသူကို တွေ့၍ထိုသူ့ကို အနားမှအခြားသူတစ်ဦးထက်ပို၍ နိမ့်ကျသောသူဟု အကဲဖြတ်ကောင်းဖြတ်ခဲ့ကြပေမည်။ ဤအရာသည် ထိုပုဂ္ဂိုလ်ကိုအခြားသူများနှင့်မတူသောဆက်ဆံခြင်းမျိုးဖြင့် ဆက်ဆံကောင်းဆက်ဆံစေမည်။ သို့သော်အကျီဆုတ်ကို ဝတ်ဆင်ထားသော ထိုပုဂ္ဂိုလ်အားဘုရားသခင်ရှုမြင်သည့်ပုံစံက ထိုသို့မဟုတ်ပါ။ ဘုရားသခင်သည် အတွင်းစိတ်နှလုံးကိုသာကြည့်သည်။ အပြင်ပန်းသဏ္ဌာန်များကို မကြည့်ပါ (၁ရာ ၁၆း၇)။ အဝတ်အစားကောင်းများနှင့်သူ၏ဘဏ်စာ ရင်းစာအုပ်မှ ငွေပမာဏသည် ဘုရားသခင်အတွက်ဘာမျှမဟုတ်ပါ။ ဤ "ဆင်းရဲနွမ်းပါး" သူသည် ငွင်းနှင့်ဘုရားသခင်၏ ဆက်ဆံရင်းနှီးမှုကြောင့် ကျွန်ုပ်တို့ ထင်ထားသည်ထက်ပို၍ ချမ်းသာကောင်းချမ်းသာပေလိမ့်မည်။

သင်သည်အသက်တာ၌ အောက်လျှိုနိမ့်ချသောနေရာ၌ ရှိနေသော

ညီအစ်ကိုတစ်ယောက်ဖြစ်လျှင်၊ သင့်ရဲ့မျက်လုံးများကိုဖွင့်၍ ဤလောက၏ ရုပ်ဝတ္ထုပစ္စည်းများ၏ တစ်ဖက်အလွန်ဆီသို့ မျှော်ကြည့်လိုက်ပါ။ သခင်ယေရှု၌ သင် ပိုင်ဆိုင်ထားသောအရာများကို ကြည့်ပါ။ သခင်ယေရှု၌ရှိနေသော သင့်ရဲ့ ရပ်တည်မှုအခြေအနေကို ကြည့်ပါ။ သူ့ရဲ့ကတိတော်များကိုကြည့်ပါ။ သင်သည် ဘုရားသခင်၏ သားသမီးတစ်ဦးဖြစ်ကြောင်းကိုသတိရ၍ ထိုအရာ၌ ကောင်းကြီးခံ၍ ခွန်အားယူပါ (ကောလောသဲ ၃း၁-၄ ကိုကြည့်ပါ)။

အခန်းငယ် ၁၀ တွင် ရှင်ယာကုပ်က မိမိ၏အလေးထားရေးသားချက်ကို အောက်လျှိုနှိမ့်ချသောညီအစ်ကိုထံမှ ငွေရတတ်သောညီအစ်ကိုထံသို့ ပြောင်းလိုက်သည်။ ဤအရာကို ရှင်းပြဖို့မလိုအပ်ပါ။ ဤညီအစ်ကိုသည် မိမိ လိုအပ်သောအရာအားလုံးကို ဤဘဝတွင်ပိုင်ဆိုင်ထားသည်။ သူသည်မိသားစုကိုပြည့်ပြည့်ဝဝထောက်ပံ့ကျွေးမွေးနိုင်ပြီး၊ ဤလောကကြီးကပေးကမ်းနိုင်သော ဇိမ်ခံစည်းစိမ်ဥစ္စာများကို သူပျော်ပိုက်နေရသည်။ ရှင်ယာကုပ်က ငွေရတတ်သောသူ (ချမ်းသာသောသူ)ကို ၎င်း၏နှိမ့်ချဆင်းရဲခြင်းအရာ၌ ဂုဏ်ယူဝမ်းမြောက်ဖို့ စိန်ခေါ်ခဲ့သည်။ ဤနေရာတွင် တမန်တော်ကြီးက မည်သည့်အရာကို ဆိုလိုထားကြောင်းကို တစ်ဖန်ပြန်လည်သုံးသပ် လေ့လာဖို့လိုအပ်သည်။

ရှင်ယာကုပ်က ဤချမ်းသာသောညီအစ်ကိုအား ၎င်းသည်မြက်ပွင့်ကဲ့သို့ခြောက်သွေ့လွင့်ပျောက်သွားမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ မြက်ပွင့် (တောပန်း)သည် အခိုက်အတန့်အားဖြင့် လှပ၍ရနံ့မွှေးကြိုင်လှသော်လည်း နေထွက်လာပြီး၎င်း၏ နွေရာသီနေအပူရှိန်ကို ဆောင်ယူလာသောအခါ မြက်ပင်သည်အပွင့်များကြွေကျကာ အလှအပလည်းပျက်စီးသွားရသည်ဟု သူ့ကိုအသိပေးခဲ့သည်။ ချမ်းသာသောသူသည် ကိုယ့်ကိုယ်ကိုဤသို့ ရှုမြင်သုံးသပ်ရန်လိုအပ်သည်။ သူပိုင်ဆိုင်သောအရာအားလုံးသည် ချက်ချင်းဆိုသလိုပျောက်ပျက်သွားနိုင်ကြောင်း အသိပေးဖို့လိုအပ်သည်။ သူ့အသက်မည်မျှရှင်မည်ကိုလည်း

ကောင်း၊ သူစုဆောင်းထားသော စည်းစိမ်ဥစ္စာများကို မည်သည့်အချိန်အထိ ပျော်ပါးစံစားရမည်ကိုလည်းကောင်း ဆုံးဖြတ်ထိန်းချုပ်ပိုင်ခွင့်သူတွင်မရှိပါ။ ရုတ်တရက်ဆိုသလို သူ့အသက်ကို နုတ်ယူခံရနိုင်ပါသည်။ သူစုဆောင်းထားသောရွှေငွေစည်းစိမ်ဥစ္စာများမှာ တဖြည်းဖြည်းသုံးဖြုန်းလွင့်ပျောက်သွားပါလိမ့်မည်။ အိုမင်းရင့်ရော်ခြင်းသည် အလျင်အမြန်ရောက်ရှိလာပြီး သူပိုင်ဆိုင်သောစည်းစိမ်ဥစ္စာများကို ပျော်ပါးခံစားနိုင်သည့်အစွမ်းကို သူ့ထံမှချွတ်ယူသွားပါလိမ့်မည်။ တစ်နေ့တွင်သူသည် သန့်ရှင်းသောဘုရားသခင်၏ ရှေ့တော်တွင် ရပ်ရပါလိမ့်မည်။ သူ့ရဲ့အကောင်းစားအဝတ်အစားများနှင့် ဘဏ်စာရင်းစာအုပ်မှ ငွေပမာဏက ဘုရားသခင်ကိုအထင်ကြီးအားကျသွားစေမည် မဟုတ်ပါ။ ထိုနေ့ရက်တွင် ဤအရာများအားလုံးသည် အဓိပ္ပါယ်ရှိကြတော့မည်မဟုတ်ပါ။ သူသည် အောက်လျှို့ရှိမ့်ချသော ညီအစ်ကိုနှင့်ဘေးချင်းယှဉ်၍ ရပ်ရပါလိမ့်မည်။ သူတို့သည် ဘုရားသခင်၏ရှေ့တော်သို့အတူ ဝင်ရောက်သွားကြပါလိမ့်မည်။ သူ့ရဲ့ချမ်းသာစည်းစိမ်သည် သူကိုပို၍ကောင်းသောစံအိမ်ကို ဝယ်ပေးနိုင်ခဲ့မည်မဟုတ်ပါ။ ထိုအစားသူ့ရဲ့ချမ်းသာစည်းစိမ်များသည် ဤလောက၌သူအသက်ရှင်စဉ်၌ သူ့ကိုဝိညာဉ်ရေးရာအရာများမှာ အာရုံပြောင်းစေခဲ့ကြသောကြောင့် သူ၏ကောင်းကင်ဆုလာဒ်များမှာ အနည်းငယ်သာဖြစ်ကောင်းဖြစ်စေခဲ့ကြမည်။

ချမ်းသာသောညီအစ်ကိုသည် ဘုရားသခင်ရှေ့မှောက်၌ သူမည်သူမည်ဝါဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုအသိပေးနေဖို့လိုအပ်သည်။ သူ၌ငွေကြေးချမ်းသာသောကြောင့် ဘုရားသခင်၏စိတ်နှလုံးတွင် ပို၍မြင့်မြတ်သော လေးစားဂုဏ်ပြုခြင်းကို ခံရမည်မဟုတ်ကြောင်း သတိရနေဖို့လိုအပ်သည်။ သူ့ရဲ့စည်းစိမ်ဥစ္စာများသည် တဖြည်းဖြည်းနှင့်ပျောက်ပျက်သွားမည့်အကြောင်းကို သတိရနေဖို့လိုအပ်သည်။ သူစုဆောင်းခဲ့သမျှသောအရာများကို သူ့ထံမှချွတ်ယူ၍ စိတ်နှလုံးကိုသာကြည့်သော ဘုရားသခင်ရှေ့၌ ကိုယ်ချည်းရပ်ရပါလိမ့်မည်။

ဘုရားသခင်၏ရှေ့တော်တွင် ဆင်းရဲချမ်းသာခွဲခြားမှုမရှိပါ။ ဘုရားသခင်သည် အပြင်ပန်းသဏ္ဍာန်၏တစ်ဖက်အလွန်ရှိ စိတ်နှလုံးကိုသာကြည့်ပါသည်။ ဘုရားသခင်၏သားသမီးများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည်ဘုရားသခင်က ကျွန်ုပ်တို့ကို ရှုမြင်သည့်အတိုင်း ကိုယ့်ကိုယ်ကို ရှုမြင်ကြရမည်။ အောက်လျှိုနှိမ့်ချသော ညီအစ်ကိုအတွက် စုံစမ်းနှောက်ယှက်ခြင်းမှာ ကိုယ့်ကိုယ်ကို အရေးမပါ အရာမရောက်သောသူအဖြစ် ခံစားခြင်းဖြစ်သည်။ ဤညီအစ်ကိုသည် သခင်ယေရှု၌ သူရရှိပိုင်ဆိုင်ထားသော ဂုဏ်ယူဖွယ်ဖြစ်တည်မှုကို သိရှိနေဖို့လိုအပ်သည်။ ချမ်းသာသောသူမှာ သူထင်သင့်သည်ထက်သူကိုယ်သူပို၍ အထင်ကြီးနေတတ်သည်။ သူ့ရဲ့စည်းစိမ်ဥစ္စာများသည် လွင့်ပြယ်ပျောက်ပျက်သွား၍ ဤကမ္ဘာကြီးကို ဖန်ဆင်းခဲ့သောဘုရားသခင်ကို ဂုဏ်ယူအားကျစေနိုင်ခဲ့ကြမည်မဟုတ်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကိုမှတ်ယူထားသည့်အတိုင်း ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို တိုး၍လည်းမဟုတ်၊ လျော့၍လည်းမဟုတ်မှတ်ယူကြဖို့ လိုအပ်သည်။ ဤဟန်ချက်ညီမှုကို ကျွန်ုပ်တို့တွေ့ရှိနိုင်ဖို့ ဘုရားသခင်က စွမ်းဆောင်ပေးပါစေ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဤဘဝ၌ မည်သည့်အရာကိုမျှမပိုင်ဆိုင်သော ယုံကြည်သူတစ်ဦးသည် မည်သည့်အရာ၌ ဝမ်းမြောက်ရွှင်လန်းနေရပါမည်နည်း။
- ချမ်းသာသောသူများသည် ကိုယ့်ကိုယ်ကိုနှိမ့်ချဖို့ အဘယ့်ကြောင့်လိုအပ်သနည်း။
- ဤပုဂ္ဂိုလ်(ချမ်းသာသူ၊ ဆင်းရဲသူ)များထဲမှ မည်သူနှင့်သင်ပို၍တူသနည်း။ ယနေ့တွင် ဤကျမ်းပိုဒ်က သင့်ထံသို့မည်သည့်စိန်ခေါ်မှုများကို ဆောင်ယူလာပါသနည်း။

- သခင်ခရစ်တော်၌ ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်ကြောင်း ဟန်ချက်ညီမျှတမှုရှိသောအယူအဆတစ်ခုကို သိရှိထားရန်အဘယ်ကြောင့် အရေးကြီးသနည်း။ ကျွန်ုပ်တို့ကိုယ်ကိုယ်ကို ထင်မှတ်သင့်သည်ထက်ပို၍ အထင်ကြီးလျှင် မည်သည့်အရာဖြစ်လာသနည်း။ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကိုထင်မှတ်သင့်သည်ထက်လျော့၍ ထင်မှတ်လျှင်မည်သည့်အရာဖြစ်လာသနည်း။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားသည် သင်ဖြစ်တည်နေသည့်အတိုင်း သင့်ကိုချစ်တော်မူသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ သင်သည်ဘုရားသခင်၏သားသမီးဖြစ်နေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- အရာခပ်သိမ်း၌ သင်သည်သူ့ကို လိုအပ်ကြောင်း အသိပေးနေဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင်ပိုင်ဆိုင်သောအရာအားလုံးသည် ဘုရားသခင်ထံမှရောက်လာကြသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ သင်ပိုင်ဆိုင်သောအရာအားလုံးကို သခင်ဘုရားထံ၌ ဆက်ကပ်အပ်နှံရန် အချိန်ယူပါ။ သင့်အားပေးသနားထားသော အရာအားလုံးကို နိုင်ငံတော်တည်ဆောက်ခြင်း၌ အသုံးပြုရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။

# ၄
# စုံစမ်းနှောက်ယှက်ခြင်း၊ အပြစ်ဒုစရိုက်နှင့်ကောင်းကြီးများ

ယာကုပ် ၁း၁၂-၁၈ ကိုဖတ်ရှုပါ။

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့၏ဘဝလမ်းခရီးပေါ်၌ ရောက်ရှိလာသောစစ်ကြောစုံစမ်းခြင်းများအကြောင်းကို ဤပထမအခန်းတွင် ကျွန်ုပ်တို့ပြောဆိုခဲ့ကြပြီးဖြစ်သည်။ ဘုရားသခင်သည် ဤစစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်ရည်ရွယ်စဉ်တွင် ရန်သူသည် ကျွန်ုပ်တို့ကို သမ္မာတရားမှလည်းကောင်း၊ ရင့်ကျက်ခြင်းမှလည်းကောင်း အာရုံ ပြောင်းလမ်းလွဲသွားစေဖို့ ဤစစ်ကြောစုံစမ်းခြင်းများကို အသုံးပြုလိုသည်မှာသေချာသည်။ ယုံကြည်သူများဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့သည်စစ်ကြောစုံစမ်းခြင်းများအား ဘုရားသခင်ပေးသနားတော်မူသော ဉာဏ်ပညာနှင့်အတူ ရင်ဆိုင်ဖြတ်သန်း၍ သခင်ဘုရားနှင့်ပို၍နီးကပ်လာအောင် ဆွဲဆောင်ခြင်းခံရန် ထိုစစ်ကြောစုံစမ်းခြင်းများကို အခွင့်ပေးကြဖို့ ဆင့်ခေါ်ခြင်းခံထားကြရသည်။ ဤနောက်တစ်ပိုင်းရှိ အခန်းငယ်များတွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား စစ်ကြောစုံစမ်းခြင်းများ ၌အပတ်တကုတ်ကြိုးစားအားထုတ်၍ ရှင်သန်ဖြတ်သန်းသောသူများအတွက် ကောင်းကြီးမင်္ဂလာတစ်ပါးရှိနေသည်အကြောင်းကို ပြန်လည်အသိပေးခဲ့သည်။

သခင်ယေရှုကမိမိအတွက်ကြောင့် ညှင်းပန်းနှိပ်စက်ခံရသောသူများအတွက် ကောင်းကြီးမင်္ဂလာတစ်ပါးရှိကြောင်း သွန်သင်ပေးခဲ့သည်။ မဿဲ

၅း၁၁-၁၂ တွင် ကျွန်ုပ်တို့ကို ဖတ်ရှုရသည်။

> "ငါ့ကြောင့်သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက် ပျော်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏ အကျိုးသည် ကြီးလှပေ၏။ သင်တို့ရှေ့က ပေါ်ထွန်းသော ပရောဖက်တို့ကို ထိုနည်းတူ ညှဉ်းဆဲကြပြီ။"

ကျွန်ုပ်တို့ရင်ဆိုင် ကြုံတွေ့နေရသောအရာကို ဘုရားသခင်သိပါသည်။ သူ၏နာမတော်အတွက်ကြောင့် ရင်ဆိုင်ရသောစစ်ကြောစုံစမ်းခြင်းကာလများတွင် အပတ်တကုတ်ကြိုးစားအားထုတ်၍ ကျွန်ုပ်တို့ရှင်သန်ဖြတ်သန်းခြင်းအတွက် ဆုမပေးဘဲဒီအတိုင်းပစ်ထားမည်မဟုတ်ပါ။ ဤကောင်းကြီးမင်္ဂလာကို ဤကမ္ဘာပေါ်၌ ရှင်သန်နေထိုင်စဉ်တွင် အမြဲတမ်းမတွေ့မြင်ရသော်လည်း ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်အပေါ်၌ သစ္စာရှိကတိတည်၍ ရောက်လာမည့်ကာလတွင် ကျွန်ုပ်တို့ကိုဆုပေးလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်ပါသည်။

စစ်ကြောစုံစမ်းခြင်းများအောက်၌ အပတ်တကုတ်ကြိုးစားအားထုတ်ဖြတ်သန်းခြင်းအတွက် ရရှိမည့်ဆုလာဒ်ကိုကောင်းကင်ဘုံ၌သာပေးဖို့မဟုတ်ပါ။ သခင်ဘုရားကိုရှာကြံသောသူများနှင့် နာမတော်အတွက်ကြောင့် စစ်ကြောစုံစမ်းခြင်းများနှင့်ဆင်းရဲဒုက္ခများကို နှိမ့်ချစွာသည်းခံဖြတ်သန်းရန် လိုလိုလားလား ရှိနေသောသူများနှင် နီးလျှက်ရှိသည်။ ဤစစ်ကြောစုံစမ်းခြင်းများသည် ကျွန်ုပ်တို့ကိုဘုရားသခင်နှင့်သာ၍ နီးစေပါသည်။ သန့်စင်ခြင်းမီးဖိုထဲ၌ ထည့်ထားသော အဖိုးတန်သတ္တုပမာ ကျွန်ုပ်တို့၏မစင်ကြယ်မှုများမှာ လောင်ကျွမ်းသွားပြီး၊ မီးကဲ့သို့ပူပြင်းသော ပတ်ဝန်းကျင်အခြေအနေများအားဖြင့် ကျွန်ုပ်တို့မှာ သန့်စင်ဆေးကြောခြင်းခံရ၍ သန့်ရှင်းစင်ကြယ်သွားကြရသည်။ ခက်ခဲ

သောကာလများနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို ကျွန်ုပ်တို့ကြောက်ရွံ့နေဖို့မလိုပါ။ အမှန်ဆိုရလျှင် ထိုအရာများအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို မိမိအထံပါးသို့ပို၍ နီးကပ်လာအောင်ဆွဲဆောင်နေပါသည်ဟူသော အချက်အားဖြင့်ခွန်အားယူကြရမည်ဖြစ်သည်။ ချက်ချင်းလက်ခံရရှိမည့်ကောင်းကြီးမင်္ဂလာနှင့်နောက်တွင်ရရှိမည့် ကြီးမားသောဆုလာဒ်လည်းရှိပါသည်။ ဤအရာကြောင့် ကျွန်ုပ်တို့မှာ ဝမ်းမြောက်ရွှင်လန်းနေကြရမည်။

အခန်းငယ် ၁၂ တွင် ရှင်ယာကုပ်က စစ်ကြောစုံစမ်းခြင်းအောက်၌ ကြံ့ကြံ့ခံရပ်တည်ရှင်သန်ကြသောသူများကို စောင့်စားနေသောအသက်သရဖူအကြောင်းကို ပြောပြခဲ့သည်။ ဤသရဖူကို ထာဝရကာလတစ်လျှောက်ဆောင်းသွားရမည့်တကယ့် သရဖူတစ်ခုအဖြစ် ကျွန်ုပ်တို့နားလည်ထားရန် မလိုအပ်ပါ။ ဤဆုလာဒ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုဘာမျှ ပြောပြမထားပါ။ အချို့က အသက်သရဖူဆိုသည်မှာ ဘုရားသခင်၏မျက်မှောက်တော်၌ ထာဝရရှင်သန်ခြင်းကို ရည်ညွှန်းသည်ဟု ရှုမြင်ကြသည်။ အခြားသူများကလည်း ဤအသက်တာ၌ စုံစမ်းခြင်းများကို ရင်ဆိုင်ကြုံတွေ့၍ အောင်မြင်ကျော်လွှားခဲ့ကြသောသူများအတွက် အထူးဆုလာဒ်တစ်ခုအဖြစ် ရှုမြင်ကြသည်။

ဤအသက်တာတွင် စုံစမ်းနှောက်ယှက်ခြင်းများစွာ ရှိလာပါလိမ့်မည်။ စစ်ကြောစုံစမ်းခြင်းများသည် စုံစမ်းနှောက်ယှက်ခြင်းနှင့် ကွဲပြားပါသည်။ စစ်ကြောစုံစမ်းခြင်းများသည် နည်းမျိုးစုံဖြင့်ရောက်ရှိလာနိုင်ပါသည်။ ၎င်းတို့သည်ဖျားနာခြင်း(သို့) ညှဉ်းပန်းနှိပ်စက်ခြင်းမျိုးဖြင့် ရောက်ရှိလာနိုင်ကြသည်။ ထို့အပြင် ငြင်းပယ်ခံရခြင်း၊ ကဲ့ရဲ့သရော်ခံရခြင်း၊ ကျွန်ုပ်တို့အကြောင်းမုသားထွက်ဆိုခြင်းပုံစံမျိုးဖြင့်လည်း ရောက်လာနိုင်ပါသည်။ ဤစစ်ကြောစုံစမ်းခြင်းများတွင် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူပြီး၊ ကျွန်ုပ်တို့ကို အထံပါးသို့ ဆွဲဆောင်ရန်၎င်းတို့ကို အသုံးပြုရပါလိမ့်မည်။ အခြားတစ်ဖက်တွင်

စုံစမ်းနှောက်ယှက်ခြင်းဆိုသည်မှာ ရန်သူ၏ကြိုးစားအားထုတ်မှုများ(သို့) ဘုရားသခင်ထံမှလည်းကောင်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များမှလည်းကောင်း နောက်ကြောင်းပြန်လှည့်ရန် ကျွန်ုပ်တို့ကိုဖန်တီးဖို့ ရှာကြံနေသောကျွန်ုပ်တို့၏ အပြစ်နှင့်ပြည့်နေသော ဇာတိစိတ်၏အသံဖြစ်သည်။ စစ်ကြောစုံစမ်းခြင်းများသည် ၎င်းတို့ဦးတည်ချက်အတိုင်း ပြီးမြောက်သွားပါက ကျွန်ုပ်တို့မှာခွန်အားသစ်များသွန်းလောင်းခံရ၍ သခင်ဘုရားကိုအစေခံရန် ပိုမိုကောင်းမွန်စွာ မွမ်းမံပြုပြင်ခြင်းခံကြရသည်။ အခြားတစ်ဖက်တွင် စုံစမ်းနှောက်ယှက်ခြင်းများသည် ၎င်းတို့၏ ဦးတည်ချက်အတိုင်းပြီးမြောက်သွားပါက ၎င်းတို့သည်ကျွန်ုပ်တို့ကို မနာခံခြင်းနှင့် ဘုရားသခင်ထံမှ ထွက်သွားခြင်းများကို ဖြစ်စေပါလိမ့်မည်။

ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည် ဤဘဝတွင် စစ်ကြောစုံစမ်းခြင်းများနှင့် စုံစမ်းနှောက်ယှက်ခြင်း နှစ်မျိုးလုံးကို ရင်ဆိုင်ကြုံတွေ့ကြရပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုသန့်စင်၍ ကျွန်ုပ်တို့အပြစ်များကို ဆေးကြောရန် စစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့ဆီသို့ပင် စေလွှတ်ပါလိမ့်မည်။ သို့သော်ဤနေရာတွင် ရှင်ယာကုပ်က ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဒုစရိုက်ကျူးလွန်ဖို့ဘယ်သောအခါတွင်မျှ စုံစမ်းမည်မဟုတ်ကြောင်း အသိပေးထားသည် (၄ယ် ၁၂)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အခက်အခဲအကျပ်အတည်းများအား ရင်ဆိုင်ကြုံတွေ့ဖို့ ဆင့်ခေါ်ကောင်းဆင့်ခေါ်ပါလိမ့်မည်။ သို့သော်အပြစ်ကျူးလွန်ဖို့ ဘယ်သောအခါတွင်မျှ ဆင့်ခေါ်မည်မဟုတ်ပါ။ ဘုရားသခင်နှင့် ဘုရားသခင်၏ရည်ရွယ်ချက်များမှ နောက်ကြောင်းပြန်လှည့်ဖို့ စုံစမ်းခံရသောအခြေအနေမျိုး၌ သင့်ကိုသင်တွေ့မြင်လျှင် ထိုအခြေအနေမျိုးမှ အမြန်ဆုံးထွက်သွားဖို့ ကြိုးစားပါ။ စစ်ကြောစုံစမ်းခြင်းကို ရင်ဆိုင်ကြုံတွေ့ရသောအခါတွင် ကြံ့ကြံ့ခံရပ်တည်ဖို့ လိုအပ်သော်လည်း စုံစမ်းနှောက်ယှက်ခြင်းကို ရင်ဆိုင်ကြုံတွေ့သောအခါတွင် ပြေးထွက်သွားဖို့လိုအပ်သည်။

မြောက်မြားစွာသော ကျွန်ုပ်တို့သည် စစ်ကြောစုံစမ်းခြင်းနှင့် စုံစမ်းနှောက်ယှက်ခြင်းကို မခွဲခြားထားကြပါ။ ကျွန်ုပ်တို့သည် စစ်ကြောစုံစမ်းခြင်းများပြေးထွက်သွားလိုကြပြီး၊ စုံစမ်းနှောက်ယှက်ခြင်းများကို ဖြစ်သင့်ဖြစ်ထိုက်ပါသည်ဟု အကြောင်းပြတတ်ကြသည်။ ကျွန်ုပ်တို့သည် စစ်ကြောစုံစမ်းခြင်းများကို ရှောင်ရှား၍ပြေးထွက်သွားကြသောအခါ ထိုအရာများ၏လေ့ကျင့်သင်ကြားပေးမှုကို မရရှိကြတော့ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို စုံစမ်းနေပါသည်ဟုပြောဆိုကြသောအခါ ကျွန်ုပ်တို့သည် ထိုစုံစမ်းနှောက်ယှက်ခြင်းများမှ ပြေးထွက်မသွားကြတော့ဘဲ၊ အပြစ်ဒုစရိုက်၌ လဲပြိုကြရပါသည်။ ဤနေရာ၌ ရှင်ယာကုပ်ပြောပြနေသောအချက်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအပြစ်ဒုစရိုက်ကျူးလွန်ဖို့ မစုံစမ်းပါဟူသောအချက်ဖြစ်သည်။ သင်သည်အပြစ်ဒုစရိုက်ကို ကျူးလွန်ဖို့မြူဆွယ်ဖြားယောင်းခံရလျှင် သင်ရင်ဆိုင်နေရသောအရာသည် ဘုရားသခင်ထံမှမဟုတ်ကြောင်း တပ်အပ်သေချာသိနိုင်သည်။ ဘုရားသခင်၏ စိတ်ဆန္ဒမှာသန့်ရှင်းစင်ကြယ်သော ကိုယ်စိတ်နှလုံးသုံးပါးဖြင့် ရှင်သန်နေထိုင်ရန်ဖြစ်သည်။

စုံစမ်းနှောက်ယှက်ခြင်းများသည် ကျွန်ုပ်တို့၏ဇာတိအသွေးအသားတပ်မက်ခြင်းမှလည်း ရောက်လာတတ်ပါသည် (ငယ် ၁၄)။ ဇာတိဟောင်းသည်အပြစ်တရားနှင့်ဒုစရိုက်အမှုတို့ကို မှီဝဲသည်။ ကျွန်ုပ်တို့သည် ဇာတိဟောင်းကိုသေစေကြရမည်(ရောမ ၈း၁၃)။ အခန်းငယ် ၁၅ တွင်ရှင်ယာကုပ်ကကျွန်ုပ်တို့သည် ဇာတိအသွေးအသား၏ ဆိုးညစ်သောတပ်မက်စိတ်ကို နာခံလျှင်အပြစ်ကိုကျူးလွန်မိကြမည်ဖြစ်သည်ဟု ပြောပြထားသည်။ ဇာတိအသွေးအသားသည် ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏နည်းလမ်းတို့ကိုလည်းကောင်းမရှာကြံပါ။ ဇာတိအသွေးအသား၏တပ်မက်မှုမှာ ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့်လည်းကောင်း ဆန့်ကျင်ကြသည်။

ကျွန်ုပ်တို့သည် ဆိုးညစ်သောထိုအတွေးများ၊ စိတ်ထားများ၊ လှုပ်ရှား

လုပ်ဆောင်မှုများကို ကျွန်ုပ်တို့၏အထဲ၌ကြီးထွားခွင့်ပြုလျှင် ရလာဒ်မှာသေခြင်း ပင်ဖြစ်သည်။ အပြစ်ဒုစရိုက်သည် ရုပ်ခန္ဓာ၌သေခြင်းကိုဖြစ်စေသည့် အဓိပ္ပါယ် မျိုးရှိနေသော်လည်း ထိုအရာထက်အရေးကြီးသောအချက်မှာ ဝိညာဉ်ရေးရာ၌ သေခြင်းကိုလည်း ဖြစ်စေသည့်အချက်ဖြစ်ပင်သည်။ ဝိညာဉ်ရေးရာ၌သေခြင်း ဆိုသည်မှာ ဘုရားသခင်နှင့်ကင်းကွာခြင်းဖြစ်သည်။ ဤသည်မှာအပြစ်ဒုစရိုက် က ဖန်တီးပေးသောအရာဖြစ်သည်။ ၄င်းသည်ဘုရားသခင်နှင့် မိဿဟာ ယဖွဲ့ခြင်းမှ ကျွန်ုပ်တို့ကိုခွဲခွါထားပါလိမ့်မည်။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိတ်တို့အား ဆွဲငင်ဖြားယောင်းခံရခြင်း အကြောင်းကို သတိပေးထားသည်။ ဤကျမ်းဘောင်အဆက်အစပ်အရ၊ ဘုရား သခင်သည် သူတို့ကိုအပြစ်ကျူးလွန်ဖို့ စုံစမ်းနေပါသည် (သို့) ဘုရားသခင်သည် အပြစ်ဒုစရိုက်ကို တရားစီရင်မည်မဟုတ်ပါဟု တွေးထင်စေသောဇာတိအသွေး အသား၏ ဆွဲငင်ဖြားယောင်းခြင်းကို ခွင့်မပြုကြဖို့ အထူးသတိထားကြရမည် ဖြစ်သည်။ သူတို့၏ကောင်းကျိုးအတွက် အသုံးပြုသောစစ်ကြောစုံစမ်းခြင်းနှင့် စုံစမ်းနှောက်ယှက်ခြင်းတို့ကို ခွဲခြားတတ်ဖို့ကြီးမားသော မြော်မြင်တတ်ခြင်းကို သူတို့ လိုအပ်ခဲ့သည်။

အခန်းငယ် ၁၇ တွင် ရှင်ယာကုပ်က ဘုရားသခင်၏နည်းလမ်းများနှင့် ရည်ရွယ်ချက်များသည် ကျွန်ုပ်တို့၏အသက်တာအတွက် အမြဲကောင်းမွန်၍ ပကတိပြည့်စုံကြကြောင်းကို ပြန်လည်အသိပေးခဲ့သည်။ ဤသည်မှာကျွန်ုပ်တို့ မှတ်သားထားဖို့ အရေးကြီးသောအခြေခံစည်းမျဉ်း ဥပဒေသတစ်ခုဖြစ်သည်။ ဘုရားသခင်ပေးသောအရာသည် အမြဲတမ်းကောင်းမွန်၍ ပကတိပြည့်စုံပါ သည်။ ၄င်းသည် ကျွန်ုပ်တို့ကို နာခံခြင်း၊ စင်ကြယ်ခြင်းနှင့် သန့်ရှင်းဖြူစင်ခြင်း ဆီသို့ဆောင်ယူသွားပါလိမ့်မည်။ သို့သော် ဘုရားသခင်ဖန်တီးသောအရာသည် အမြဲတမ်းလွယ်ကူချောမောနေပါသည်ဟု မဆိုလိုပါ။ တစ်ခါတစ်ရံတွင် ဘုရား

သခင်သည် ခက်ခဲသောစစ်ကြောစုံစမ်းခြင်းအားဖြင့် အလုပ်လုပ်ပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်လုပ်ဆောင်သောအရာသည် ကျွန်ုပ်တို့ကိုသာ၍ ကြီးမားသော သန့်ရှင်းဖြူစင်ခြင်းနှင့် စင်ကြယ်ခြင်းဆီသို့အမြဲဆောင်ယူသွားပါသည်။ သင်ရင်ဆိုင်ကြုံတွေ့နေရသောအရာသည် ဘုရားသခင်ထံမှဟုတ်၊ မဟုတ်ကို သိမြင်လိုလျှင် ဤအရာသည် သင့်အားဖြောင့်မတ် ခြင်းတရား၌ ကြီးထွားရင့်ကျက်လာစေပါသလားဟူသော မေးခွန်းကိုသင့်ကိုသင်မေးပါ။ ဤစစ်ကြောစုံစမ်းခြင်းသည် အသက်တာ၌သာ၍ကြီးမားသော သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဘုရားသခင်အပေါ်၌သာ၍ နက်နဲသောမှီခိုအားထားခြင်းကိုဖြစ်စေပါသလား (သို့) သင့်ကိုဘုရားသခင်ထံမှ ဝေးရာသို့သွေးဆောင်၍ အပြစ်ဒုစရိုက်ကို ကျူးလွန်စေပါသလေး။ ဘုရားသခင်စေလွှတ်သောအရာသည် ကျွန်ုပ်တို့ကိုဘုရားသခင်နှင့် အမြဲတမ်းပို၍နီးစေပါသည်။ ဘုရားသခင်စေလွှတ်သောအရာသည် အမြဲတမ်းကျွန်ုပ်တို့၏ ကောင်းကျိုးအတွက်ဖြစ်က၊ ဘုရားသခင်နှင့်ကျွန်ုပ်တို့အတူ လျှောက်လှမ်းရာ၌ ကျွန်ုပ်တို့ကိုပြည့်စုံကောင်းမွန်လာစေပါလိမ့်မည်။

အခန်းငယ် ၁၇ တွင်ဘုရားသခင်သည် ကောင်းကင်အလင်းတို့၏ဘုရားဖြစ်သည်ဟု ကျွန်ုပ်တို့ကိုသတိပေးထားခဲ့သည်။ ဤနေရာတွင်အလင်းသည်သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဖြူစင်မြင့်မြတ်ခြင်းကို ကိုယ်စားပြုသည်။ ကောင်းကင်အလင်း၏ဘုရားတစ်ပါးဖြစ်သည့်အလျောက် သူ၌မှောင်မိုက်ခြင်းလုံးလုံးမရှိပါ။ အပြစ်ဒုစရိုက်အတွက်သူ့ကို စွပ်စွဲ၍မရပါ။ သူလုပ်ဆောင်သောအရာအားလုံးသည် ပကတိပြည့်စုံ၍ သန့်ရှင်းမြင့်မြတ်ကြသည်။ သူသည်ဘယ်သောအခါတွင်မျှ ပြောင်းလဲမည်မဟုတ်ပါ။ သူ့ကိုသန့်ရှင်းမြင့်မြတ်၍ ပကတိပြည့်စုံတော်မူသော ဘုရားသခင်အဖြစ် ကျွန်ုပ်တို့ယုံကြည်အားထားနိုင်သည်။ ကျွန်ုပ်တို့၏ဘဝလမ်းခရီး၌ သူစေလွှတ်လိုက်သောအရာအားလုံးသည် ကျွန်ုပ်တို့၏

ကောင်းကျိုးနှင့်သူ၏ ဘုန်းတော်အတွက်ဖြစ်ကြောင်း သိရှိနားလည်ထားခြင်းဖြင့် ကျွန်ုပ်တို့သည် သူစေလွှတ်လိုက်သောအရာအားလုံးကို တုံ့ဆိုင်းခြင်းမရှိဘဲ လက်ခံနိုင်ကြပါသည်။

အခန်းငယ် ၁၈ တွင် ရှင်ယာကုပ်က ဤပကတိပြည့်စုံခြင်းနှင့်အလင်း၏ဘုရားရှင်သည် ကျွန်ုပ်တို့ကိုရွေးကောက်၍ မိမိ၏မိသားစုအတွင်း၌ ဖွားမြင်ခွင့်ကိုပေးခဲ့ကြောင်း ရှင်းလင်းစွာပြောပြထားသည်။ ဤနေရာ၌တွေ့ရသောဖွားမြင်ခြင်းသည် ဝိညာဉ်ရေးရာဖွားမြင်ခြင်းကို ရည်ညွှန်းသည်။ ထာဝရအသက်ဟူသောဆုလက်ဆောင်သည် ဘုရားသခင်၏အချုပ်အခြာရွေးချယ်မှုမှရောက်ရှိလာခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အဖဖြစ်၍၊ ကျွန်ုပ်တို့ကိုမိမိကိုယ်တိုင်ရွေးချယ်ထားသော သားသမီးများအဖြစ်ချစ်ပါသည်။ သူသည် ကျွန်ုပ်တို့ကိုအရေးစိုက်၍ ကျွန်ုပ်တို့ကောင်းကြီးမင်္ဂလာအတွက်ကိုသာ ရှာကြံနေပါသည်။

ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၏သမ္မာတရားအားဖြင့် ဝိညာဉ်ရေးရာဖွားမြင်ခြင်းကို ခံခဲ့ကြကြောင်းသတိပြုပါ။ ထိုနှုတ်ကပတ်တော်မှာ သတင်းကောင်းတရားတော်ဖြစ်သည်။ အပြစ်လွှတ်ခြင်းအတွက် ရောက်ရှိလာသည့်ကယ်တင်ရှင်အကြောင်းကို ပြောပြသောနှုတ်ကပတ်တော်မှာ ဤနှုတ်ကပတ်တော်ဖြစ်သည်။ ထိုနှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ယုံကြည်လက်ခံသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏မိသားစုအတွင်း၌ ဖွားမြင်ခြင်းခံကြရသည်။

ဘုရားသခင်၏ စိတ်ဆန္ဒမှာ ကျွန်ုပ်တို့မိမိရိတ်သိမ်းခြင်း၏အဦးသီးသောအသီးများဖြစ်စေလိုခြင်းဖြစ်သည်။ အဦးသီးသောအသီးများသည် ဘုရားသခင်အတွက် ရည်စူးသတ်မှတ်ထားသော ရိတ်သိမ်းသီးနှံများ၏ ပထမဆုံးနှင့်အကောင်းဆုံးများဖြစ်ကြသည် (ထွက်မြောက်ရာ ၂၃း၁၉)။ ဤသည်မှာ ကျွန်ုပ်တို့၏ဖြစ်တည်မှုပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် လုံးလုံးရည်

စူးသတ်မှတ်ထားသည့် ကားတိုင်ထက်မှ သခင်ခရစ်တော်လုပ်ဆောင်ခဲ့သော အမှုတော်၏အဦးသီးသော ဝိညာဉ်အသီးများဖြစ်ကြသည်။ ကျွန်ုပ်တို့သည်နောင်တွင် ရောက်ရှိလာမည့် ဘုရားသခင်၏အသစ်သောဖန်ဆင်းခြင်း၏ ပထမအထောက်အထားသက်သေများဖြစ်ကြသည် (၂ပေ ၃း၁၀-၁၃)။

ဤနေရာ၌ ကျွန်ုပ်တို့သိမြင်ဖို့လိုအပ်သောအရာမှာ ကျွန်ုပ်တို့၏ဝိညာဉ်ဖခင်အနေဖြင့် ဘုရားသခင်၏စိတ်ဆန္ဒမှာ ကျွန်ုပ်တို့ကိုအရေးစိုက်၍အထံတော်သို့သာ၍နီးကပ်အောင် ဆွဲဆောင်ရန်ဖြစ်သည်ဟူသောအချက်ဖြစ်သည်။ သူသည်ကျွန်ုပ်တို့ကို အပြစ်ဒုစရိုက်ထဲသို့ ခေါ်ဆောင်သွားမည်မဟုတ်ပါ။ သူ၏စိတ်ဆန္ဒမှာ ကျွန်ုပ်တို့ကိုသန့်စင်ဆေးကြောရန်ဖြစ်သည်။ ထိုသန့်စင်ဆေးကြောခြင်းသည် လွယ်ကူသောအရာအမြဲမဟုတ်သော်လည်း ကောင်းကြီးမင်္ဂလာကိုအမြဲယူဆောင်လာပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွန်အားသစ်သွန်းလောင်းပေးဖို့နှင့် ပြည့်စုံလာစေဖို့စစ်ကြောစုံစမ်းခြင်းများကို အသုံးပြုမည်ဖြစ်သော်လည်း ကျွန်ုပ်တို့အပြစ်ကျူးလွန်ဖို့ စုံစမ်းနှောက်ယှက်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်အသုံးပြုသော စစ်ကြောစုံစမ်းခြင်းများနှင့် ဇာတိအသွေးအသားမှလည်းကောင်း၊ ရန်သူ့ထံမှလည်းကောင်းရောက်လာသော စုံစမ်းနှောက်ယှက်ခြင်းတို့ကို ကွဲကွဲပြားပြားသိရှိဖို့ သင်ယူကြရမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- စစ်ကြောစုံစမ်းခြင်းများမှ မည်သည့်ကောင်းကြီးမင်္ဂလာများရောက်ရှိလာသနည်း။
- သင့်ကိုသန့်စင်ဆေးကြောဖို့နှင့် အထံပါးသို့ပို၍နီးကပ်လာအောင် ဆွဲဆောင်ဖို့ သင့်အသက်တာ၌ ဘုရားသခင်က စစ်ကြောစုံစမ်းခြင်းများကို အသုံးပြုခဲ့ကြောင်းကို သင်ကိုယ်တွေ့ တွေ့ကြုံခံစားဖူးပါ

သလား။ ရှင်းပြပေးပါ။

**ဆုတောင်းရန်အချက်များ**

- ကျွန်ုပ်တို့၏ကောင်းရာကောင်းကျိုးကိုသာ စိတ်နှလုံးသွင်းထားသော သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- ကောင်းကင်အလင်းတော်၏အဖဖြစ်သည့် အားလျော်စွာ သူ၌အပြစ် ဒုစရိုက်တို့၏ လောကီမှောင်မိုက်ခြင်းလုံးလုံး မရှိခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။ သူသည်အကြွင်းမဲ့ယုံကြည်ကိုးစားထိုက်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- စစ်ကြောစုံစမ်းခြင်းအောက်၌ ကြံ့ကြံ့ခံရပ်တည်နိုင်ဖို့သာ၍ ကြီးသော ခွန်အားကိုပေးသနားဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- စုံစမ်းနှောက်ယှက်ခြင်းထံမှ ပြေးထွက်နိုင်ဖို့ ခွန်အားပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။

# ၅
# ဘုရားသခင့်နှုတ်ကပတ်တော်ကြည့်မှန်

ယာကုပ် ၁း၁၉-၂၅ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်း၌ စစ်ကြောစုံစမ်းခြင်းနှင့် စုံစမ်းနှောက်ယှက်ခြင်းတို့၏ ကွဲပြားခြားနားပုံကို ကျွန်ုပ်တို့ပြောဆိုဆွေးနွေးခဲ့ကြသည်။ ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ဘုရားနှင့်လျှောက်လှမ်းရှင်သန်ရာ၌ ကြီးထွားရင့်ကျက်လာကြမည်အကြောင်း စစ်ကြောစုံစမ်းခြင်းများကို သည်းခံဖြတ်သန်းကြဖို့ စိန်ခေါ်ခဲ့သည်။ စုံစမ်းနှောက်ယှက်ခြင်းမှာကား အလွန်ကွဲပြားသောအရာဖြစ်သည်။ စုံစမ်းနှောက်ယှက်ခြင်းများသည် ကျွန်ုပ်တို့ကို သခင်ဘုရားထံမှလည်းကောင်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များမှလည်းကောင်း ဝေးရာသို့ဆွဲဆောင်ဖို့ ရည်ရွယ်ထားသည်။

အခန်းငယ် ၁၉ တွင် တမန်တော်ကြီးက မိမိ၏စာဖတ်ပရိသတ်တို့အားကြားနာခြင်း၌ လျင်မြန်ကြ၍ အမျက်ထွက်ခြင်း၌ နှေးကွေးကြဖို့ပြောခဲ့သည်။ ကျွန်ုပ်တို့သည် လူတို့၏ထင်မြင်ယူဆချက်ကို သေချာနားမထောင်ဘဲ ထိုသူတို့အပေါ်၌ ဘယ်နှစ်ကြိမ်ဘယ်နှခါအမျက်ထွက်ခဲ့ကြဖူးပါသနည်း။ သင့်ကို ဥပေက္ခာပြုနေသည်ဟု ယူဆရသည့်ပုဂ္ဂိုလ်သည် အိမ်ထောင်ရေးစိတ်ဖိစီးမှုကြီးအောက်တွင်ရှိနေသောသူ ဖြစ်ကောင်းဖြစ်နိုင်သည်။ စီရင်ဆုံးဖြတ်ချက်မချမီတွင် ကျွန်ုပ်တို့ညီအစ်ကို မောင်နှမများ၏ပြောစကားကို အချိန်ယူနားထောင်ပေးခဲ့ပါက ကျွန်ုပ်တို့သည် ပဋိပက္ခမည်မျှကို ရှောင်ရှားနိုင်ခဲ့ကြလိမ့်မည်နည်း။ အမျက်

ဒေါသနှင့်ဆူပွက်နေမည့်အစား ဂရုဏာစိတ်ကိုခံစားသင့်သည်။ ကြမ်းတမ်းသောစကားလုံးများကို ပြောမည့်အစား စိတ်ရှည်သည်းခံရမည်။ နားထောင်ပေးဖို့အချိန်ယူပါက ပဋိပက္ခများကို ကျွန်ုပ်တို့များသောအားဖြင့် လုံးဝရှောင်ရှားနိုင်ကြပါလိမ့်မည်။

အခန်းငယ် ၂၀ တွင် ရှင်ယာကုပ်က လူ၏အမျက်ဒေါသသည် ဘုရားကိုကြောက်သောအသီးအပွင့်များ မသီးပွင့်နိုင်ကြောင်း ရေးသားခဲ့သည်။ အမျက်ဒေါသသည် များစွာသော ဒုစရိုက်အမှုတို့၏ အရင်းအမြစ်ဖြစ်သည်။ အမျက်ဒေါသအား ၄င်း၏အသီးအပွင့်များကို ကျွန်ုပ်တို့၏အသက်တာ၌ သီးပွင့်ခွင့်ပြုသောအခါ ရလာဒ်များမှာ ကြောက်ခမန်းလိလိပင်ဖြစ်သည်။ လူတို့၏အမျက်ဒေါသသည် မိသားစုအိမ်ထောင်အတွင်း၌လည်းကောင်း၊ အသင်းတော်အတွင်း၌လည်းကောင်း နက်ရှိုင်းပြင်းထန်သော စိတ်ဒဏ်ရာများကို ဖြစ်စေပါသည်။ အမျက်ဒေါသသည် ကျွန်ုပ်တို့ပြင်းပြင်းထန်ထန် ကိုင်တွယ်ရာမည့်အရာဖြစ်သည်။ သူတစ်ပါးကို တုန့်ပြန်ပြောဆိုခြင်းမပြုမီ အချိန်ယူနားထောင်ပေးခြင်းအားဖြင့် အမျက်ဒေါသကို ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း ရှင်ယာကုပ်က ပြောပြထားသည်။

ရှင်ယာကုပ်သြဝါဒစာ၏ ကျမ်းဘောင်အသွားအလာသည် ညှင်းပန်းနှိပ်စက်ခြင်း၊ စစ်ကြောစုံစမ်းခြင်းနှင့် စုံစမ်းနှောက်ယှက်ခြင်းများကို ရင်ဆိုင်နေကြသော ခရစ်ယာန်များနှင့် ဆက်စပ်နေသည်။ ဤကဲ့သို့သော အချိန်ကာလများ၌ ကျွန်ုပ်တို့၏အသက်တာကို ခက်ခဲပင်ပန်းအောင် လုပ်ဆောင်နေသောသူများအပေါ်၌ စိတ်ဆိုးဒေါသထွက်မှာ အဘယ်မျှလွယ်ကူကြောင်းကို ကျွန်ုပ်တို့နားလည်သဘောပေါက်နိုင်ပါသည်။ သို့သော် ရှင်ယာကုပ်ကကျွန်ုပ်တို့အားအမျက်ဒေါသသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းအသီးအပွင့်ကိုသီးပွင့်မည့်မြေမဟုတ်ကြောင်း အသိပေးထားသည်။ ရှင်ယာကုပ်က

မိမိ၏စာဖတ်ပရိသတ်တို့အား ၎င်းတို့၏အသက်တာ၌ ဖြစ်ပျက်နေသည့်အရာအတွက် အမျက်ထွက်နေကြမည့်အစား ဝမ်းမြောက်ခြင်း(၁း၂)၊ သည်းခံခြင်း (၁း၄)၊ ပညာရှိခြင်း (၁း၅)၊ ယုံကြည်သောစိတ်ပြည့်ဝခြင်း (၁း၆)၊ စိတ်နှလုံးနှိမ့်ချခြင်း (၁း၁၀)တို့ ရှိကြရမည်ဟုပြောထားသည်။ ထိုသို့ဖြစ်မှသာ ဘုရားသခင်၏ဝိညာဉ်အသီးအပွင့်သည် စစ်ကြောစုံစမ်းခြင်းများ အလယ်တွင် ၎င်းတို့အသက်တာ ၌ထင်ရှား၍ရှင်သန်ကြီးထွားလာမည်ဖြစ်သည်။

ဤအပိုင်း၌ ရှင်ယာကုပ်ကမိမိ၏စာဖတ်ပရိသတ်တို့အား ပေးခဲ့သည့် ဒုတိယစိန်ခေါ်ချက်သည် ကိုယ်ကျင့်တရားညစ်ညူးခြင်း၊ ဒုစရိုက်အမှုပြုလုပ်ခြင်းတို့နှင့်သက်ဆိုင်သည် (ငယ် ၂၁ ကိုကြည့်ပါ)။ ညစ်ညူးခြင်းဟူသော စကားလုံးအတွက် အသုံးပြုထားသောဂရိစကားလုံးသည် ညစ်ညမ်းအောင်ပြုလုပ်သည့်အရာများ(သို့) မသန့်ရှင်းအောင်ဖန်တီးသည့်အရာများကို ရည်ညွှန်းသည်။ ထိုစကားလုံးသည် ကာမဂုဏ်ညစ်ညူးခြင်းကို ရည်ညွှန်းနိုင်သကဲ့သို့ အိမ်နီးချင်းအပေါ်၌ ရိုးသားမှုမရှိခြင်း၊ လေးစားမှုမရှိခြင်းစသည် အကျင့်စာရိတ္တနှင့်ဆိုင်သောအရာများကိုလည်း ရည်ညွှန်းနိုင်ပါသည်။ အခန်းငယ် ၁၉၌ ရှင်ယာကုပ်ပြောပြခဲ့သည့်အမျက်ဒေါသနှင့် ဤကိုယ်ကျင့်တရားညစ်ညူးမှုတို့ကြားတွင် ဆက်စပ်မှုရှိနေနိုင်ပါသည်။ ကျွန်ုပ်တို့စိတ်ဆိုးဒေါသထွက်ချိန်တွင် တစ်ယောက်နှင့်တစ်ယောက် မဆီမလျော်ပြောဆိုတုန့်ပြန်နိုင်ကြသည်။ စိတ်ဆိုးဒေါသထွက်ချိန်တွင် စိတ်ထားသေးသိမ်၍ ကိုယ်ချင်းမစာနာသောစကားလုံးများ၊ ညှာတာထောက်ထားမှုမရှိသော စကားလုံးများကို ပြောနိုင်ကြသည်။ ဘုရားကိုမကြောက်သောစကားလုံးများ၊ လုပ်ဆောင်မှုများစွာဖြင့် လက်စားချေရန်ရှာကြံနိုင်ကြသည်။ ဤသည်မှာ ဖြောင့်မတ်သောသူတစ်ယောက်က မိမိရင်ဆိုင်ရသောစစ်ကြော စုံစမ်းခြင်းကို တုံ့ပြန်သည့် တုန့်ပြန်မှုမျိုးမဟုတ်ပါ။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ထိုကဲ့သို့သော ယုတ်ညံ့

သည့်အရာအားလုံးကိုဖယ်ရှားကြဖို့ကိုလည်း ပြောခဲ့သည်။ ထိုအစားဖြောင့်မတ်သောသူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်းဖြင့် သန့်ရှင်းဖြူစင်ခြင်းနှင့် ဘုရားကိုကြောက်ခြင်းတို့ကို လိုက်စားကျင့်ကြံရမည်ဖြစ်သည်။ အခန်းငယ် ၂၁ တွင် ဘုရားသခင်ကမိမိနှင့် သက်ဆိုင်သောသူများ၏ စိတ်နှလုံးထဲတွင် ဤနှုတ်ကပတ်တော်အား စိုက်ပျိုးထားကြောင်းကို သတိပြုပါ။ ကျွန်ုပ်တို့၏အပြစ်ကို ခွင့်လွှတ်ပေးရန်အတွက် သခင်ယေရှု၏ယဇ်ပူဇော်ခံခြင်းကို လက်ခံယုံကြည်သောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ကိန်းဝပ်ဖို့ရောက်ရှိလာသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုသခင်ဘုရား၏နည်းလမ်း၌ သွန်သင်၍လမ်းညွှန်ပေးသည်။ ဝိညာဉ်တော်၏လုပ်ဆောင်မှုသည်ကျွန်ုပ်တို့ကို ပြုပြင်ပြောင်းလဲ၍ သမ္မာတရားဆီသို့ ကျွန်ုပ်တို့၏ နှလုံးသားများကို ဖွင့်ဟပေးကာ ထိုသမ္မာတရား၌ ရှင်သန်နေထိုင်နိုင်အောင် စွမ်းဆောင်ပေးပါသည်။ ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ဘုရားသခင့်ဝိညာဉ်တော်၏ သမ္မာတရားကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလည်းကောင်း နားထောင်၍ ထိုအရာ၌ နှိမ့်ချလျက်ဝန်ခံအပ်နှံကြရန် စိန်ခေါ်ခဲ့သည်။ ဤအရာသည် ၎င်းတို့ကိုအခက်အခဲအကျပ်အတည်းများ၌ လမ်းပြပေးမည့်အရာဖြစ်သည်။ သူတို့သည် အမျက်ဒေါသကိုငြင်းပယ်၍ ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားကို ရွေးချယ်ကြရမည်ဖြစ်သည်။

အခန်းငယ် ၂၁ တွင် ရှင်ယာကုပ်ကမိမိ၏ စာဖတ်ပရိတ်တသတ်တို့အား ဤနှုတ်ကပတ်တော်သည် သူတို့ကိုကယ်တင်နိုင်ကြောင်းကိုပြောခဲ့သည်။ သူတို့၏မျှော်လင့်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ရှိခဲ့သည်။ သတင်းကောင်းတရားတော်က သခင်ယေရှုသည် လောက၏ကယ်တင်ရှင်ဖြစ်ကြောင်းကို သူတို့ထံ၌မိတ်ဆက်ပေးခဲ့သည်။ သမ္မာကျမ်းစာသည် သူတို့တွေ့ကြုံခံစားရသော ကယ်တင်ခြင်း၌မည်သို့ ရှင်သန်ရမည်ကို ပြသပေးမည့်

လမ်းညွှန်ဖြစ်သည်။ သူတို့၏အနီးတစ်ဝိုက်ရှိ ကိုယ်ကျင့်တရားညစ်ညူးမှုများနှင့် မကောင်းမှုများ၏ စိုးမိုးခြင်းကိုခံကြမည့်အစား သူတို့၏ဘဝခရီးလမ်း၌ ရောက်လာသောအခက်အခဲ အကျပ်အတည်းများနှင့် စစ်ကြောစုံစမ်းခြင်းများ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သူတို့၏လမ်းပြအဖြစ် ဖန်တီးကြရမည်ဖြစ်သည်။

နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်း(သို့) နားထောင်သည်တစ်မျိုးဖြစ်၍ နာခံခြင်းသည်အခြားတစ်မျိုးဖြစ်သည်။ အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ နှုတ်ကပတ်တော်၏ ပြောဆိုချက်ကို သင်သိနိုင်သော်လည်း ထိုနှုတ်ကပတ်တော်ပြောပြသောအရာကို သင်မလုပ်ဆောင်လျှင် ထိုနှုတ်ကပတ်တော်သည် သင့်အသက်တာအတွက် အကျိုးရှိမည်မဟုတ်ပါ။ ဤသည်မှာ ကျွန်ုပ်တို့အလွန်အင်မတန်အလေးထားရမည့်အရာဖြစ်သည်။ ကျွန်ုပ်တို့၏အသင်းတော်များတွင်သမ္မာတရားကို သိသောသူများနှင့် ပြည့်နေသော်လည်း ကျွန်ုပ်တို့အထဲ၌ အပြစ်နှင့်ဒုစရိုက်အမှုများကို တွေ့နေရဆဲဖြစ်သည်။ အကြောင်းအရင်းမှာ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုနားထောင်ကြသော်လည်း ထိုနှုတ်ကပတ်တော် ပြောပြသောအရာကို လက်တွေ့လုပ်ဆောင်ရလောက်အောင် အလေးအနက်မထားကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဇာတိဆန်သော ဉာဏ်ပညာနှင့်အသွေးအသားတောင်းတမှုကို နာခံပြီးဘုရားသခင်၏ နှုတ်က ပတ်တော်ကို ဘေးဖယ်ထားတတ်ကြသည်။ သမ္မာကျမ်းစာကို ကျွန်ုပ်တို့၏ စံချိန်စံညွှန်းအဖြစ် သတ်မှတ်ကြဖို့လိုအပ်သည်။

ရှင်ယာကုပ်ကနှုတ်ကပတ်တော်ကို နားထောင်ပြီးလက်တွေ့မကျင့်သုံးသောသူကို ကြည့်မှန်၌ ကိုယ့်ကိုယ်ကိုကြည့်သောသူနှင့်ခိုင်းနှိုင်းထားသည်။ သူသည် မျက်နှာပေါ်မှ ဖုန်မှုန့်များနှင့် ဖီးလိမ်းမထားသောဆံပင်ကို မှန်ထဲတွင် တွေ့မြင်သည်။ သို့သော် ထိုအရာများနှင့်ပတ်သက်၍ ဘာမျှမလုပ်ဘဲ ပြန်

ထွက်သွားသည်။ သူသည်မိမိ၏မျက်နှာ မည်မျှညစ်ပတ်နေသည်ကို သိသော်လည်း အရေးမလုပ်ခဲ့ပါ။ ကြည့်မှန်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်ကို ပြန်လည်ပြသပေးရန်ဖြစ်သည်။ အလားတူပင်၊ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ ဖတ်ရှုသောအခါ ၎င်းတို့သည် ကျွန်ုပ်တို့၏အကြောင်းကို ပြောပြနေကြသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏အသက်တာရှိအပြစ်ကို ပြသပေးကြသည်။ ကျွန်ုပ်တို့ အနေဖြင့် နောင်တရ၍အသက်တာရှင်သန်ပုံကို ပြောင်းလဲနိုင်ဖို့ ၎င်းတို့က ထို အရာများကို ပြသပေးကြခြင်းဖြစ်သည်။

မြောက်မြားစွာသောလူများက ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖွင့်၍ဖတ်ရှုကြပါသည်။ နှုတ်ကပတ်တော်က ဖော်ပြပေးသည့်၎င်းတို့၏ အသက်တာရှိ အပြစ်များကို သူတို့တွေ့မြင်သော်လည်း လိုအပ်သည့်အပြောင်းအလဲများကို သူတို့မပြုလုပ်ခဲ့ကြပါ။ ယခင်နေထိုင်ရှင်သန်ခဲ့သည့် ပုံစံအတိုင်း ဆက်လက်၍ ရှင်သန်ခဲ့ကြသည်။ သူတို့သည် နှုတ်ကပတ်တော်ကို အလေးအနက်မထားခဲ့ကြပါ။

အခန်းငယ် ၂၅ တွင် ရှင်ယာကုပ်က ဘုရားသခင်၏နှုတ်ကပတ်တော်အားစေ့စေ့ကြည့်ရှုသောသူအကြောင်းကို ဖော်ပြခဲ့သည်။ ဤပုဂ္ဂိုလ်သည် ရှင်းလင်းပြတ်သားသော ရည်ရွယ်ချက်တစ်ခုကို စိတ်ထဲ၌ထားလျှက် နှုတ်ကပတ်တော်ကို လေ့လာနေသည်မှာ ထင်ရှားသည်။ သူသည်ကိုယ်ကိုယ်ကို မည်သူမည်ဝါဖြစ် ကြောင်းနားလည်သဘောပေါက်ခဲ့ပြီး၊ မိမိအသက်တာအတွက် ထားရှိသောဘုရား သခင်၏ရည်ရွယ်ချက်နှင့် အကြံအစည်တို့ကိုလည်း သိရှိလိုခဲ့သည်။ သူ၏ စိတ်ဆန္ဒမှာ နှုတ်ကပတ်တော်ကိုပို၍ ပြည့်စုံစွာနာခံနိုင်ဖို့ လိုအပ်သောအပြောင်း အလဲများကို ပြုလုပ်ရန်ဖြစ်ခဲ့သည်။ သူသည်သမ္မာတရားကို ဖတ်ရှု၍လက်တွေ့ ကျင့်သုံးခဲ့သည်။

အခန်းငယ် ၂၅ တွင် ဤကဲ့သို့သောပုဂ္ဂိုလ်အတွက် ကတိစကားနှစ်ခု

ရှိသည်။ ပထမကတိမှာ နှုတ်ကပတ်တော်ကို နာခံခြင်းသည် လွတ်လပ်ခြင်းကို ဆောင်ယူပေးသည်ဟူ၍ဖြစ်သည်။ အပြစ်နှင့်ဒုစရိုက်သည် ကျေးကျွန်ဘဝကို သာဖြစ်စေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဥပက္ခာပြုရန် ရွေးချယ်သောသူများရှိကြသည်။ သူတို့သည် ဤအရာကိုလွတ်လပ်ခြင်းအတွက် လုပ်ဆောင်ခဲ့ကြသော်လည်း အဆုံးသတ်ရလာဒ်မှာ ကျေးကျွန်ဘဝသို့ရောက်သွားခြင်းဖြစ်သည်။ သူတို့၏တပ်မက်မှုများသည် သူတို့ကိုထောင်ဖမ်း၍ ချည်နှောင်ခဲ့ကြသည်။ သူတို့၏စွဲလမ်းတပ်မက်ခြင်းများနှင့် သာယာမှုများက သူတို့ကို အလျင်အမြန်ထိန်းချုပ်သွားကြသည်။ ဤလုပ်ဆောင်ချက်များသည် တဖြည်းဖြည်းနှင့်သူတို့ကို စိတ်ခံစားမှုပိုင်း၌ စတင်ပိတ်ဆို့ထိန်းချုပ်လာပြီး လစ်လပ်လဟာနှင့်အဓိပ္ပါယ်မဲ့သော စိတ်ခံစားမှုများကို ခံစားစေခဲ့သည်။ ဘုရားမဲ့သော ဝိညာဉ်တစ်ခု၏ လစ်လပ်လဟာဖြစ်မှုကို စစ်မှန်စွာဖြေဖျောက်ကျေနပ်စေနိုင်သောအရာအား ဤလောကကြီးက မပေးနိုင်ပါ။

သို့သော်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်း၌ရှင်သန်ရန် ရွေးချယ်သောသူများမှာ ယခင်ကသူတို့မတွေ့ကြုံမခံစားဖူးသော လွတ်လပ်ခြင်းတစ်မျိုးကို ကြုံတွေ့ခံစားကြသည်။ သူတို့သည် ဖန်ဆင်းရှင်ကို ကျေနပ်နှစ်သိမ့်မှုရှိသောချစ်ခြင်းနှင့် အစေခံလိုခြင်းတို့ကို ခံစားကြသည်။ ဤသည်မှာ သူတို့ကို ဖန်ဆင်းခဲ့ရသည့် အကြောင်းအရင်းပင်ဖြစ်သည်။ နှုတ်ကပတ်တော်ကို သိကျွမ်းနားလည်ခြင်းအားဖြင့် ယုံကြည်သူများသည် အပြစ်နှင့်ဒုစရိုက်အမှုတို့၏ ကျွန်ပြုခြင်းမှလွတ်မြောက်ကြရသည်။ သူတို့သည် ဘုရားသခင်ကရည်ရွယ်ထားသော သူများဖြစ်လာဖို့ ထိုသို့လွတ်မြောက်လာခြင်းဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လွတ်လပ်ခြင်းကို ဆောင်ယူလာပေးပါသည်။

အခန်းငယ် ၂၅ ရှိဒုတိယကတိတော်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုနာခံသောသူသည် ကောင်းကြီးမင်္ဂလာခံစားရမည်ဟူသောအချက်

ဖြစ်သည်။ ဘုရားသခင်သည် နာခံမှုရှိသောသူကို ကောင်းကြီးပေးဖို့ ရွေးချယ်ပါသည်။ ဓမ္မဟောင်းကျမ်းတွင် ဤအချက်ကိုအထင်အရှားတွေ့ရသည်။ ဣသရေလလူမျိုးများ နာခံခြင်း၌ ရှင်သန်ကြသောအခါ သူတို့သည် ရန်သူများအပေါ်၌ အောင်နိုင်ခြင်းကို ကြုံတွေ့ခံစားခဲ့ကြသည်။ ဘုရားသခင်ကို သူတို့ကျောခိုင်းသွားသောအခါ သူတို့၏ဥယျာဉ်စိုက်ခင်းများသည် လိုအပ်သော သီးနှံများကို မဖြစ်ထွန်းစေခဲ့ကြပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံခြင်း၌ ရှင်သန်ကြလျှင် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းသည် မည်သည့်အရာနှင့်အလားတူပါမည်ကို စိတ်ကူးကြည့်ပါ။ ကျွန်ုပ်တို့သည် သခင်ဘုရားကို နာခံမှုမရှိဘဲ ရှင်သန်ကြလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများကို ဆီးတားထားကြပြီး၊ နာခံခြင်းသည် ထိုကောင်းကြီးမင်္ဂလာများကို ဖြေလွှတ်ပေးပါလိမ့်မည်။

ဤအခန်းကြီးတွင် ရှင်ယာကုပ်က ယုံကြည်သူများ၏အသက်တာရှိ ညှင်းပန်းနှိပ်စက်ခြင်းနှင့် စစ်ကြောစုံစမ်းခြင်းများအကြောင်းကို ပြောပြထားသည်။ ကျွန်ုပ်တို့သည် ဤဘဝတွင် စစ်ကြောစုံစမ်းခြင်းများနှင့် ကင်းလွတ်ကြမည်မဟုတ်ပါ။ ဤလောက၏တရားမျှတမှု မရှိခြင်းနှင့် အနိုင်ထက်ပြုကျင့်မှုများကို ကျွန်ုပ်တို့ရင်ဆိုင်ရသောအချိန်၌ ကျွန်ုပ်တို့၏သဘာဝအတိုင်း လုပ်လေ့လုပ်ထရှိသည်အရာမှာ စိတ်ဆိုးဒေါသထွက်၍ မကျေမနပ်ဖြစ်ခြင်းဖြစ်သည်။ ရှင်ယာကုပ်က ဤသို့သောတုန့်ပြန်မှုများသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည်မဟုတ်သကဲ့သို့ ကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့ရသော စစ်ကြောစုံစမ်းခြင်းရှိ ဘုရားသခင်၏ရည်ရွယ်ချက်မှာလည်း အထမြောက်နိုင်မည်မဟုတ်ပါဟု ပြောထားသည်။ စိတ်ဆိုးဒေါသထွက်မည့်အစား ကျွန်ုပ်တို့သည်ဘုရားသခင်ဝိညာဉ်တော်၏ ဦးဆောင်လမ်းပြခြင်းကိုနားထောင်၍ ဘုရားသခင့်

ကောင်းကြီးမင်္ဂလာ၏ ပြည့်စုံခြင်းနှင့် ကျွန်ုပ်တို့အသက်တာအတွက်ထားရှိသော ရည်ရွယ်ချက်များကို သိမြင်နားလည်နိုင်ကြပါမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- နားထောင်ခြင်း၏ အရေးပါပုံကို ရှင်ယာကုပ်က ကျွန်ုပ်တို့အား မည်သို့ သွန်သင်ပေးထားသနည်း။ သင်သည်ကောင်းကောင်းနားထောင်ပေး တတ်သောသူဟုတ်ပါသလား။ ရှင်းပြပေးပါ။
- အမျက်ဒေါသ၏ အသီးအပွင့်ကား အဘယ်နည်း။ ထိုအသီးအပွင့် သည် သင့်အသက်တာ၌ ထင်ရှားသိသာနေခဲ့ပါသလား။
- သင်တို့ရဲ့အသိုင်းအဝိုင်း၌ ကိုယ်ကျင့်တရားညစ်ညူးခြင်းနှင့် မနာလို စိတ်လွှန်ကျူးခြင်းများ၏ အထောက်အထားများကို တွေ့ရပါသလား။ အသင်းတော်သည် ဤအရာ၏စိုးမိုးသြဇာလွှမ်းမိုးခြင်းကို မည်သို့ ခံရပါသနည်း။
- ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကြည့်မှန်တစ်ချပ်နှင့် မည်သို့ သဏ္ဍာန်တူသနည်း။
- ရှင်ယာကုပ်က ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏စိတ် နှလုံးထဲ၌ စိုက်ပျိုးထားပြီးဖြစ်သည်ဟု ပြောဆိုချိန်တွင် မည်သည့်အရာ ကိုသူဆိုလိုထားပါသနည်း။
- ဤအသက်တာ၌ စစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့မည်သို့ ရင်ဆိုင် ရမည်အကြောင်း ရှင်ယာကုပ်၏သွန်သင်ထားချက်မှာ အဘယ်နည်း။ ကျွန်ုပ်တို့၏သဘာဝအတိုင်း ပြုလေ့ပြုထရှိသည့်အရာမှာ အဘယ် နည်း။ ကျွန်ုပ်တို့အတွက် ထားရှိသောဘုရားသခင်၏ရည်ရွယ်ချက်မှာ အဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- ပို၍ကောင်းကောင်း နားထောင်ပေးတတ်သောသူတစ်ဦးဖြစ်လာဖို့ ကူညီမစပေးရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင့်အသက်တာ၏ ပထမဦးစားပေးအရာအဖြစ်သတ်မှတ် ဖန်တီးနိုင်ရန် ကူညီမစပေးဖို့ တောင်းလျှောက်ပါ။
- သင့်အသက်တာရှိ အမျက်ဒေါသကို ချိုးဖျက်ချေခွဲပေး ပေးဖို့ဘုရားသခင်ကို တောင်းလျှောက်ပါ။
- မိမိ၏နှုတ်ကပတ်တော်၌ သင့်ကိုပြောပြနေသောအရာများကို ကြားနာနိုင်ဖို့ သင့်ရဲ့မျက်စိနှင့်နားများကို ဖွင့်ပေးဖို့သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင့်ကိုလမ်းပြပေးမည့်သူမရှိဘဲဒီအတိုင်းပစ်မထားခဲ့သောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။

## ၆

## သန့်ရှင်းစင်ကြယ်သော ကိုးကွယ်ယုံကြည်မှု

ယာကုပ် ၁း၂၆-၂၇ ကိုဖတ်ရှုပါ။

ရှင်ယာကုပ်အတွက်ဆိုလျှင် ယုံကြည်ခြင်း၏ ရိုးသားစစ်မှန်သော သက်သေအထောက်အထားကို လက်တွေ့လုပ်ဆောင်မှုများတွင်ထင်ရှားပြသရသည်။ တစ်စုံတစ်ယောက်က ကိုယ့်ကိုယ်ကို ယုံကြည်သူဟုကြွေးကြော်လျှင် ထိုသူသည်ထို ယုံကြည်ခြင်းကို အသက်တာရှင်သန်ပုံ၌ လက်တွေ့သက်သေပြရမည်ဖြစ်ကြောင်း ရှင်ယာကုပ်က အရှင်းလင်းဆုံးဖော်ပြထားသည်။ အထူးသဖြင့် စကားပြောဆိုပုံ၌လည်းကောင်း၊ ဂရုဏာတရားကိုပြသရာ၌လည်းကောင်း သက်သေပြရမည်ဖြစ်သည်။ ဤအကြောင်းအရာကို ပို၍အနီးကပ်လေ့လာကြည့်ကြပါစို့။

လူတို့က သူတို့ကိုသူတို့ဘာသာရေးကိုင်းရှိုင်းပါသည်ဟု စဉ်းစားသတ်မှတ်ပြီးသူတို့၏လျှာကို တင်းကြပ်စွာစောင့်စည်းမထားလျှင် ထိုသူတို့၏ဘာသာရေးသည် အချည်းနှီးသာဖြစ်ကြောင်း ပြောဆိုခြင်းဖြင့် ရှင်ယာကုပ်က အစပြုထားသည်။ ကိုးကွယ်ယုံကြည်မှု(ဘာသာရေး)ဟူသော စကားလုံးသည် အပြင်ပန်းအခမ်းအနားထုံးခံများ၊ ယုံကြည်သက်ဝင်မှုများနှင့် သက်ဆိုင်သည်။ ဤထူးခြားသောစကားလုံးကို ဓမ္မသစ်ကျမ်းတွင် လေးကြိမ်သာတွေ့ရသည်။ ပထမအကြိမ်ကို တမန်တော်၂၆း၅၌ တွေ့ရပြီး ထိုကျမ်းပိုဒ်တွင် ရှင်ပေါလုက

သူသည်ယခင်က အလွန်တင်းကြပ်သောနည်းဥပဒေသကို နာခံသည့်ဘာသာရေးအဖွဲ့၏အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့မှုအကြောင်းကို ပြောခဲ့သည်။ ဒုတိယအကြိမ်မှာ ကောလောသဲ ၂း၁၈တွင်ဖြစ်ပြီး ထိုကျမ်းပိုဒ်သည်ရှင်ပေါလုက ကောင်းကင်တမန်များအား ကိုးကွယ်သောသူများအကြောင်းကိုပြောထားသောနေရာဖြစ်သည်။ အခြားအသုံးပြုထားသည့်နှစ်နေရာမှာ ရှင်ယာကုပ်၏ ဤကျမ်းပိုဒ်တွင်ဖြစ်သည်။ ဤအထူးစကားလုံးကို အသုံးပြုထားခြင်းသည် ရှင်ယာကုပ်က အပြင်ပန်းအားဖြင့် ဘာသာရေးကိုင်းရှိုင်းပုံကိုပြသော်လည်း ကယ်တင်ခြင်းတရားတော်၏ တန်ခိုးတော်အားဖြင့် စိတ်နှလုံးများကို တို့ထိခြင်းမခံရသောသူများအား ပြောဆိုနေကြောင်းကို ညွှန်ပြခြင်းဖြစ်နိုင်ပေသည်။ ဤပုဂ္ဂိုလ်များသည် မိမိတို့၏ယုံကြည်သက်ဝင်မှုနှင့်သက်ဆိုင်သော ထုံးခံအခမ်းအနားများအားလုံးတွင် ပါဝင်လှုပ်ရှားခဲ့ကြသောကြောင့် ကိုယ်ကိုယ်ကိုဘာသာရေးကိုင်းရှိုင်းသူများဟု ထင်မှတ်နေခဲ့ကြသည်။ သူတို့သည်ထုံးခံအစဉ်အလာကို အမှားအယွင်းမရှိ နာခံလိုက်လျှောက်ခဲ့ကြပါသည်။

ရှင်ယာကုပ်က မိမိတို့၏ဘာသာရေးကျင့်ကြံမှုများ၌ ဂုဏ်ယူနေကြသော ဤပုဂ္ဂိုလ်များအားငင်းတို့၏ယုံကြည်မှုကို တိုင်းတာစစ်ဆေးချက်သည် ဤအပြင်ပန်းထုံးစံအခမ်းအနားများကို သူတို့မည်မျှနာခံကျင့်ကြံသည်ဟူသောအချက်တွင်မဟုတ်၊ သူတို့၏လျှာကို မည်သို့အသုံးပြုကြသည်ဟူသောအချက်တွင်ဖြစ်ကြောင်း ပြန်လည်အသိပေးခဲ့သည်။ အသိုင်းအဝိုင်းထဲ၌ အတင်းအဖျင်းပြောတတ်သူနှင့် အသရေဖျက်ပြောဆိုတတ်သူအဖြစ် နာမည်ကြီးနေသောဘုရားကျောင်းပုံမှတက်နေသည့်သူတစ်ယောက်ကို သင်မည်သို့မှတ်ယူမည်နည်း။ အမြဲတမ်းမုသာစကားကိုသာ ပြောဆိုနေသောကြောင့် ပြောစကားတိုင်းကို သင်စိတ်မချနိုင်ဖြစ်နေသည့်သူများ၏ ဘာသာရေးကိုသင်မည်သို့ မှတ်ယူမည်နည်း။ ထိုသူတို့၏ဘာသာရေးအပြင်ပန်းကျင့်ကြံလုပ်ဆောင်မှုအားလုံးသည်

မည်သို့အကျိုးရှိနည်းမည်း။ သခင်ယေရှုသည်ဓမ္မသစ်ကျမ်းရှိလူများ အားလုံးအနက်မှ ဖာရိရှဲများကိုပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ကြသည်။ ဖာရိရှဲများသည်ထိုခေတ်ကာလ၏ဘာသာရေးကိုင်းရှိုင်းမှုအရှိဆုံးပုဂ္ဂိုလ်များဖြစ်ကြသည်။ သူတို့၏ဘာသာရေးလှုပ်ရှားဆောင်ရွက်မှုများသည် မည်သို့ပင် ဖြစ်ခဲ့လင့်ကစား သူတို့သည်သူတော်ကောင်းဟန်ဆောင်ထားသော သီလကြောင်များဖြစ်ခဲ့ကြသည်။ အသင်းတော်ကိုယနေ့အကြီးအကျယ် ပျက်စီးစေသောအရာသည် သခင်ယေရှုကိုယုံကြည်လက်ခံပါသည်ဟုဝန်ခံသော်လည်း သခင်ယေရှု ရှင်သန်ခဲ့သည့်အတိုင်း မရှင်သန်ကြသည့် သူများထံမှ ရောက်ရှိလာချေရှိသည်။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား စိတ်နှလုံးပြောင်းလဲခြင်း၏ထင်ရှားသောသက်သေအထောက်အထားမှာ လျှာကိုအသုံးပြုခြင်းတွင်ဖြစ်သည်ဟု ပြောပြခဲ့သည်။ မဿဲ ၁၂း၃၄ တွင် သခင်ယေရှုက မိမိ၏ခေတ်ကာလမှ ဘာသာရေးကိုင်းရှိုင်းသော ဖာရိရှဲများအား ဤသို့ပြောခဲ့သည်။

> အချင်းမြွေဆိုးအမျိုးတို့၊ သင်တို့သည်အဆိုးဖြစ်လျက် ကောင်းသောစကားကိုအဘယ်သို့ ပြောနိုင်မည်နည်း။ စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏။

ဤနေရာ၌ သခင်ယေရှုက ကျွန်ုပ်တို့အားပြောပြနေသောအရာမှာ နှုတ်မှထွက်လာသောအရာသည် စိတ်နှလုံးထဲ၌ရှိသောအရာကို ညွှန်ပြသည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဆိုးညစ်ယုတ်ညံ့ပါက ကျွန်ုပ်တို့ပြောသောစကားလုံးများမှာလည်း ဆိုးညစ်ယုတ်ညံ့ပါလိမ့်မည်။ ကျွန်ုပ်၏ဘဝတွင်စိတ်ဆိုးဒေါသထွက် ချိန်၌ ကိုယ့်ကိုယ်ကိုနောင်တရစေသည့် စကားလုံးများကိုပြောခဲ့သည့်အချိန်များရှိခဲ့ပါသည်။ တိုစကားလုံးများသည်ကျွန်ုပ်ကိုပင်အံ့အားသင့်စေခဲ့သည်။ ၎င်းတို့သည်ကျွန်ုပ်၏ယုတ်ညံ့သော နှလုံးသားထဲမှတိုက်ရိုက်ထွက်လာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့သည် နက်ရှိုင်းသောအတွင်းတစ်နေရာ၌

တိတ်တဆိတ်စောင့်ဆိုင်းနေကြသော အပြစ်နှင့်ဒုစရိုက်ကို လှစ်ဟပြခဲ့ကြသည်။

အခန်းငယ် ၂၆ တွင် ရှင်ယာကုပ်က မိမိ၏အပေါင်းအဖော်ယုံကြည်သူများအား ၎င်းတို့၏လျှာကို တင်းကြပ်သောဇက်ကြိုးဖြင့် ထိန်းချုပ်ဖို့လိုအပ်ကြောင်းပြောခဲ့သည်။ သင်သည်မြည်း(သို့) မြင်းတစ်ကောင်ကို စီးဖူးခဲ့လျှင် ဤအသုံးအနှုန်း၏ဆိုလိုရင်းကို သဘောပေါက်ပါလိမ့်မည်။ ဇက်ကြိုးသည် မြင်း (သို့) မြည်းအား မည်သည့်ဦးတည်ချက်ဘက်သွား သွားရန်ပြသောအရာဖြစ်သည်။ မြင်းစီးသူသည် ဇက်ကြိုးကိုဆွဲတင်းထားပါက မြင်း(သို့)မြင်းသည် ဖြည်းဖြည်းသွားရမည်(သို့) ရပ်တန့်ရမည်ကိုပင်သိသည်။ တင်းကျပ်သောဇက်ကြိုးကိုရှိထားခြင်းဖြင့် မြင်းစီးသူသည် မြင်းကိုလွယ်လင့်တကူထိန်းချုပ်ထားနိုင်သည်။ ဤသည်မှာ ရှင်ယာကုပ်က ဤနေရာ၌ပြောပြနေသောအရာဖြစ်သည်။ လျှာသည်သခင်ဘုရားနှစ်သက်မည့်အရာများကိုသာ ပြောထွက်မည့်အကြောင်း ၎င်းကိုထိန်းချုပ်ထားဖို့ လိုအပ်သည်။ ဤသို့ပြုလုပ်ရာတွင် ဘုရားသခင့်ဝိညာဉ်တော်၏အသီးအပွင့်တစ်ခုဖြစ်သည့် စည်းကမ်းရှိခြင်း (သို့) ကိုယ်ကိုယ်ကိုချုပ်တည်းခြင်းကိုလိုအပ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဘုရားသခင်နှင့်သင့်မြတ်နေလျှင် ဤအရာကိုသင်ရဲ့ပြောဆိုပုံ၌ လက်တွေ့သက်သေပြပါလိမ့်မည်။

ရှင်ယာကုပ်တွင် မိမိ၏စာဖတ်ပရိသတ်တို့နှင့် ဆွေးနွေးရန်နောက်ထပ်အကြောင်းအရာတစ်ခုရှိနေသေးသည်။ ရှင်ယာကုပ်က ယုံကြည်ခြင်း၏အပြင်ပန်းကျင့်ကြံလုပ်ဆောင်မှုများ၌ အလွန်ကိုင်းရှိုင်းသောသူများအား ဘုရားသခင်လက်ခံနှစ်သက်တော်မူသော ဘာသာရေးသည် ထုံးဓံအစဉ်အလာများကိုတင်းတင်းကြပ်ကြပ်ကျင့်ကြံလိုက်လျှောက်ခြင်းထက် ချစ်ခြင်းဂရုဏာတရားနှင့်ပို၍သက်ဆိုင်ကြောင်း ပြောပြခဲ့သည်။ သခင်ယေရှုက ဓါးပြတိုက်လုယက်ခံရ၍လမ်းဘေးနှင့်သေမတတ်ဒဏ်ရာများနှင့် ပစ်ထားခံရသောသူအကြောင်းကို

ပြောပြခဲ့သည်။ ထိုခေတ်ကာလမှ ဘာသာရေးသမားများက ထိုသူ့ကိုတွေ့မြင်သောအခါ လမ်း၏အခြားတစ်ဖက်မှ ရှောင်ကွင်း၍သွားခဲ့ကြသည်။ အကြောင်းမှာ ဒဏ်ရာရထားသောသူကိုတို့ထိခြင်းအားဖြင့် သူတို့ကိုသူတို့ မသန့်ရှင်းအောင်ပြုလုပ်မိကြမည်ကို စိုးရိမ်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုဒဏ်ရာရနေသူကိုကူညီရန်ကိုယ်ကို ကိုင်းညွတ်လျက် လိုအပ်သောအရာများအားလုံးကို ပြုလုပ်ပေးခဲ့သူမှာ အမုန်းခံရှာမာရိလူမျိုးတစ်ယောက်ဖြစ်သည် (လုကာ ၁၀း၃၃-၃၄)။ ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ဘုရားသခင်သည် ဤရှာမာရိလူ၏လုပ်ဆောင်ချက်ကဲ့သို့သောအရာကို နှစ်သက်လက်ခံ၍ ဤအကူအညီလိုအပ်နေသောသူ၏ အနီးမှဖြတ်လျှောက်သွားကြသော ဘာသာရေးသီလကြောင်များ၏ ယုတ်ညံ့မှုကိုမူ တရားစီရင်မည့်အကြောင်းပြောပြခဲ့သည်။

ရှင်ယာကုပ်က ကျွန်ုပ်တို့အား သန့်ရှင်းစင်ကြယ်သောဘာသာရေးသည် အကူအညီလိုအပ်နေသောသူများထံ၌ သနားခြင်းဂရုဏာကိုပြသခြင်းနှင့်သက်ဆိုင်ကြောင်းပြောပြသည်။ သင်သည်ဝိညာဉ်ရေးရာ၌ ရင့်ကျက်သောသူတစ်ဦးဖြစ်လျှင် ထိုအရာကိုသင့်အနီးတဝိုက်မှ အကူအညီလိုအပ်နေသောသူများအား မည်သို့ပြုစုစောင့်ရှောက်သည်ဟူသောအချက်တွင် သက်သေပြပါလိမ့်မည်။ ဤနေရာတွင်ရှင်ယာကုပ်က မိဘမရှိသောသူငယ်များနှင့် မုဆိုးမများအကြောင်း အထူးတလည်ပြောခဲ့သော်လည်း ထိုအရာများကိုသာအပြည့်အစုံအဖြစ်မမှတ်ယူသင့်ပါ။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ အကူအညီလိုအပ်နေကြသောအားနည်းချည့်နဲ့သည့် အခြားသူများလည်းရှိကြသည်။

အသင်းတော်လှုပ်ရှားမှုများ၌ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို အလုပ်ရှုပ်နေအောင်ဖန်တီးရန်မှာ အဘယ်မျှလွယ်ကူပါသနည်း။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုပါဝင်ဆင်နွှဲနေကြစဉ်တွင် ကျွန်ုပ်တို့၏အနီးအပါးမှ လူမြောက်မြားစွာမှာသေကြေပျက်စီးနေကြပါသည်။ သင်သည်စစ်မှန်သော ယုံကြည်သူတစ်ဦးဖြစ်

ပါသည်ဟု သင်ပြောလျှင် သခင်ယေရှုအမှုဆောင်ခဲ့သကဲ့သို့ အမှုဆောင်ရမည်။ သခင်ယေရှု၏စိတ်နှလုံးထဲမှ သနားခြင်းဂရုဏာတရားသည် သင့်ထဲတွင်လည်း ရှိရပါမည်။ ထိုသို့ရှိနေလျှင် သင့်အနီးတစ်ဝိုက်မှ အကူအညီလိုအပ်နေသော သူများကို သင်မြင်တွေ့ပါလိမ့်မည်။ သင့်ရဲ့ဘာသာရေးစက်ဝိုင်းထဲ၌သာ ဆက်လက်ရှင်သန်ရခြင်းကို သင်တင်းတိမ်နိုင်မည်မဟုတ်ပါ။ အကူအညီလိုအပ်နေသောသူများကိုသနားခြင်းဂရုဏာတရားလက်ဖြင့် လက်ကမ်းဖမ်းဆုပ်အတွက် ညစ်ပတ်ပေရေမည့်အဖြစ်ကိုလည်း သင်ကြောက်ရွံ့နေမည်မဟုတ်ပါ။ သခင်ယေရှုသည် သင့်အသက်တာကို အုပ်စိုး၍ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကိုပြည့်ဝနေစေလျှင် သခင့်၏သနားခြင်းဂရုဏာစိတ်နှင့် ချစ်ခြင်းမေတ္တာတို့ကို သင့်အနီးတစ်ဝိုက်မှ လူတို့အပေါ်၌လက်တွေ့ပြသပါလိမ့်မည်။ သင်သည် သူတို့၏လိုအပ်ချက်များကို တွေ့မြင်ခံစား၍ သူတို့ကိုကူညီဖေးမရန် မေတ္တာတရားနှင့်အတူလှုပ်ရှားဖို့ ဘုရားသခင့်ဝိညာဉ်တော်၏ စေ့ဆော်ခြင်းကိုခံရပါလိမ့်မည်။

အခန်းငယ် ၂၇တွင် စစ်မှန်သောဘာသာရေးအတွက် နောက်ဆုံးတိုင်းတာစစ်ဆေးချက်တစ်ခုရှိနေသေးသည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့အား စစ်မှန်သောဘာသာရေးကိုင်းရှိုင်းသူများသည် ကိုယ့်ကိုယ်ကိုလောကီအညစ်အကြေးများနှင့်ကင်းစင်အောင် စောင့်ထိန်းကြကြောင်းကို ပြောပြထားသည်။ ဤ လောကကြီးတွင် စုံစမ်းနှောက်ယှက်ခြင်းများစွာ ရှိနေသည်။ ကိုယ့်ကိုယ်ကို ဘာသာရေး ကိုင်းရှိုင်းသူများအဖြစ်မြင်သော်လည်း လောကီအရာများ၌ ကြော့မိနေသောသူများစွာရှိသည်။ သူတို့သည် လောဘ၊ မကောင်းမှုဒုစရိုက်၊ တပ်မက်ခြင်းစိတ်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခြင်းကို အဓိကထားသည့်ဝါဒများနှင့် ရုန်းကန်နေကြရသည်။ သူတို့၏စီးပွားရေးလုပ်ငန်းများတွင် မရိုးသားမဖြောင့်မှန်ခြင်းကို အသုံးပြုကြသည်။ သို့သော်၄င်းတို့၏ယုံကြည်ခြင်းကိုအပြင်ပန်းဖြင့်

ပြသရာ၌အလွန်သစ္စာရှိကြသည်။ သူတို့သည် ဘုရားကျောင်းပုံမှန်တက်၍ အသင်းတော်၌အတိုင်းအတာတစ်ခုအထိ အစေခံကောင်းခံကြမည်ဖြစ်သော် လည်း သူတို့သည်ဤလောကကို မအောင်နိုင်ကြပါ။ ရှင်ယာကုပ်ကကျွန်ုပ် တို့အား ထိုသူတို့၏အပြင်ပန်းလုပ်ဆောင်မှုများအားလုံးသည် အချည်းနှီး သာဖြစ်ကြောင်းပြောပြသည်။ စစ်မှန်သောယုံကြည်ခြင်းရှိသူတစ်ဦးသည် လောကီအရာများအပေါ်၌ တိုး၍တိုး၍အောင်နိုင်ပါလိမ့်မည်။

ရှင်ယာကုပ်က မိမိ၏တရားနာပရိသတ်တို့အား သမ္မာတရားကို သိရုံ သက်သက်သည်လည်းကောင်း၊ ဘာသာရေးလှုပ်ရှားကျင့်ကြံမှုများ၌ ပါဝင် ဆင်နွှဲခြင်းသက်သက်သည်လည်းကောင်း မလုံလောက်ပါဟုပြောခဲ့သည်။ စစ်မှန် သောယုံကြည်သူများသည် ၎င်းတို့၏အတွင်းသဏ္ဍာန်သန့်ရှင်းစင်ကြယ်ခြင်းအား မိမိတို့၏လျှာကိုချုပ်တည်းခြင်းဖြင့်လည်းကောင်း၊ အကူအညီလိုအပ်နေသော သူများကို ကူညီမစခြင်းဖြင့်လည်းကောင်း၊ အပြစ်ဒုစရိုက်နှင့်လောကီစုံစမ်း နှောက်ယှက်ခြင်းများအပေါ်၌ တိုး၍တိုး၍အောင်နိုင်ခြင်းဖြင့်လည်းကောင်း ပြသကြပါလိမ့်မည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- စိတ်နှလုံး၏အခြေအနေများနှင့်စပ်လျှင်း၍ လျှာကကျွန်ုပ်တို့အား မည်သည့်အရာကို ထုတ်ဖော်ပြသပေးပါသနည်း။ သင့်ကိုသင် နောင်တရစေသည့်စကားလုံးများကို ပြောခဲ့ဖူးပါသလား။ ထိုအရာ သည် သင့်စိတ်နှလုံးနှင့်ပတ်သက်၍ မည်သည့်အရာကို ပြသပေး ပါသနည်း။
- သင့်အနီးအနားရှိ အကူအညီလိုအပ်နေသောသူများမှာ မည်သူတို့ နည်း။ ဤပုဂ္ဂိုလ်များအပေါ်၌ထားရှိသည့် သခင်ခရစ်တော်၏ စိတ် ထားမှာအဘယ်နည်း။ သူတို့အပေါ်၌ထားရှိသော သင့်စိတ်ထားမှာ

အဘယ်နည်း။

- ဤလောကကြီးအပေါ်၌ အောင်နိုင်ခြင်းကိုသင်မည်မျှ တွေ့ကြုံခံစား နေရပါသနည်း။ သင့်အသက်တာ၌ တိုး၍တိုး၍အောင်နိုင်နေသည်ဟု ခံစားရပါသလား။
- လူတစ်ယောက်၏ ဘုရားကျောင်းတက်ရောက်သောအကြိမ် အရေ အတွက်၌သော်လည်းကောင်း၊ ဘာသာရေးနှင့်ဆိုင်သောအရာများကို ပြုလုပ်သောအကြိမ်အရေအတွက်ပေါ်၌ လည်းကောင်းအခြေခံ၍ ထိုသူ၏ဝိညာဉ်ရေးရာ စီရင်ဆုံးဖြတ်ခြင်းသည် အဘယ့်ကြောင့် အန္တရာယ်ရှိပါသနည်း။ ဝိညာဉ်ရေးရာ အကျင့်လက္ခဏာအတွက် စစ်မှန်သော တိုင်းတာစစ်ဆေးချက်မှာ အဘယ်နည်း။

**ဆုတောင်းရန်အချက်များ**

- သင့်ရဲ့လျှာကို အသုံးပြုပုံအပေါ်၌ တိုး၍တိုး၍ ချုပ်တည်းနိုင်ခြင်းကို သင့်အားပေးသနားဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင့်အနီးအနားရှိ လိုအပ်ချက်များကို တွေ့မြင်ခံစားနိုင်ရန် သင့်ရဲ့ စိတ်နှလုံးကိုဖွင့်ဟပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ သင့်ရဲ့ လမ်းခရီးပေါ်၌ သခင်ဘုရားကထားထားသောသူအတွက် သခင့်၏ နှလုံးသားကို သင့်အားပေးသနားရန် တောင်းလျှောက်ပါ။
- သင့်အသက်တာ၌ သင်လုံးပန်းသတ်ပုတ်နေရသည့် အပြစ်ဒုစရိုက်များ ရှိပါသလား။ ထိုအရာများအပေါ်၌ အောင်နိုင်ခြင်းကိုပေးသနားရန် သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ အပြစ်ကိုပြုလုပ်နေသော သင့်ဘဝ၏ ဤအစိတ်အပိုင်းကို သခင်ဘုရားထံ၌ ဝန်ခံအပ်နှံ၍ ဤအပြစ်ဒုစရိုက်များအား သင်စွဲလမ်းနေခြင်းကို ချိုးဖျက်ချေခွဲပေးဖို့ တောင်းလျှောက်ပါ။

# ၇
## မျက်နှာလိုက်ခြင်းအပြစ်

ယာကုပ် ၂း၁-၉ ကိုဖတ်ရှုပါ။

ရှင်ယာကုပ်သြဝါဒစာသည် အလွန်လက်တွေ့ဆန်ပါသည်။ တမန်တော်ကြီးကအသင်းတော်ထဲ၌ အမှန်တကယ်ဖြစ်ပျက်နေသည့် ပြဿနာများကို တိုက်ရိုက်ပြောပြခဲ့ပါသည်။ ဤအပိုင်းတွင် မျက်နှာလိုက်ခြင်း ပြဿနာကို သူကိုင်တွယ်ဖြေရှင်းခဲ့သည်။ ဤကျမ်းချက်ကို မလေ့လာမီတွင် မျက်နှာလိုက်ခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်းကို ကျွန်ုပ်တို့စဉ်းစားသုံးသပ်ရန် အရေးကြီးသည်။

ရှင်ယာကုပ်က မျက်နှာလိုက်ခြင်းအကြောင်းကို ပြောပြခဲ့ချိန်တွင် သူသည်လူတို့အား ၎င်းတို့၏အပြင်ပန်းအသွင်သဏ္ဌာန်ကိုကြည့်၍ ဝေဖန်ဆုံးဖြတ်တတ်ကြသည့် အပြုအမူကို ရည်ညွှန်းထားခဲ့ပါသည်။ မျက်နှာလိုက်သောသူသည် လူတစ်ဦးဝတ်စားထားသောအဝတ်အစား အမျိုးအစားကိုကြည့်၍ ထိုအချက်တွင်အခြေခံပြီး ထိုသူ၏တန်ဖိုးကို ဆုံးဖြတ်သုံးသပ်သောသူဖြစ်သည်။ မျက်နှာလိုက်ခြင်းသည် အသိုင်းအဝိုင်း၌ ရာထူးဂုဏ်ပုဒ်မြင့်မားသူများ (သို့) ငွေကြေးချမ်းသာသူများကို မျက်နှာသာပေး၍ ခွဲခြားဆက်ဆံသည်။ တစ်ခါတစ်ရံတွင် မျက်နှာလိုက်ခြင်းသည် မိသားစုနောက်ခံအခြေအနေ(သို့) အသားရောင်ပေါ်တွင်အခြေခံသည်။ လူတစ်ဦးတစ်ယောက်ကို စီရင်ဆုံးဖြတ်နိုင်သည့် အပြင်ပန်းလက္ခဏာမြောက်မြားစွာရှိသည်။

မျက်နှာလိုက်ခြင်းနှင့် လူတစ်ယောက်အား သဘာဝအားဖြင့် ကျွန်ုပ်တို့ ခင်းတွယ်ခြင်းကို ခွဲခြားတတ်ဖို့အရေးကြီးသည်။ ဥပမာကျွန်ုပ်တို့ကို ဆွဲဆောင်နိုင်သည့် ထူးခြားသော စရိုက်လက္ခဏာများရှိပါသည်။ အသင်းတော်၌ လူအချို့နှင့်ကျွန်ုပ်တို့အကြိုက်ချင်းတူကောင်းတူကြမည်။ လူအချို့ကိုအခြားသူများထက်ပို၍ ခင်မင်ကောင်းခင်မင်မည်။ သခင်ယေရှုကိုယ်၌ပင် အခြားတပည့်တော်များထက် တပည့်တော်အချို့ကိုပို၍ရင်းနှီးသယောင်ရှိခဲ့သည်။ ကျွန်ုပ်တို့သည်မျက်နှာလိုက်ခြင်းအပြစ်ကို မကျူးလွန်ဘဲ အသင်းတော်ထဲ၌ ထူးခြားသော ပေါင်းသင်းဆက်ဆံရေးများကို ရှိနိုင်ပါသည်။ သူငယ်ချင်းဆက်ဆံရေးသည် ဆက်ဆံရေးသည် အကြိုက်ချင်းတူမှု၊ စရိုက်လက္ခဏာများတူမှုနှင့် သက်ဆိုင်သည်။ မျက်နှာလိုက်ခြင်းဆိုသည်မှာ တစ်စုံတစ်ယောက်ကို ၎င်း၏အပြင်ပန်းအသွင်အပြင်၌အခြေခံ၍ တန်ဖိုးသတ်မှတ်ဆုံးဖြတ်ခြင်းဖြစ်သည်။

မျက်နှာလိုက်ခြင်း (သို့) ကြောင်းကျိုးမဆီလျော်သော ခံစားချက်ဖြင့် မုန်းတီးမှုသည် အပြစ်ဖြစ်သည်။ ဘုရားသခင်ရှေ့တွင် ဆင်းရဲသားနှင့်လူချမ်းသာ၏တန်ဖိုးမှာအတူတူပင်ဖြစ်သည်။ ဘုရားသခင်သည် ဆင်းရဲသားထက် လူချမ်းသာ၏ ဆုတောင်းချက်ကိုအဖြေပေးရန် ပို၍မနှစ်သက်ခဲ့ပါ။ သူသည် ကျွန်ုပ်တို့၏လူမှုရေး အဆင့်အတန်းကိုမကြည့်ဘဲ အားလုံးကိုနားညောင်ပေးပါသည်။ ကျွန်ုပ်တို့သည် လူတို့ကို၎င်းတို့၏ အပြင်ပန်းလက္ခဏာများအားဖြင့် စီရင်ဆုံးဖြတ်၍ကြောင်းကျိုးမဆီလျော်သော မုန်းတီးမှုဖြင့်တုန့်ပြန်သောအခါ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့်ပြုမူကျင့်ကြံနေကြသည်မဟုတ်ပါ။ လောကီစံနှုန်း အားဖြင့် ထင်မြင်ချက်ပေးနေခြင်းသာဖြစ်သည်။

အခန်းငယ် ၁ တွင် ရှင်ယာကုပ်က ရှင်းရှင်းလင်းလင်းပြောပြထားသည်မှာ သခင်ယေရှုကိုယုံကြည်သောသူများဖြစ်ကြသည့် အားလျော်စွာကျွန်ုပ်တို့သည်မျက်နှာလိုက်၍ ခွဲခြားဆက်ဆံခြင်းကိုမလုပ်သင့်ကြောင်းဖြစ်သည်။

ကျွန်ုပ်တို့သည် သခင်ယေရှုကိုယုံကြည်သောသူများဖြစ်ကြခြင်းနှင့် ကျွန်ုပ်တို့အနေဖြင့် မျက်နှာမလိုက်သင့်ခြင်းတို့၏ကြားရှိ ဆက်နွယ်မှုကိုသတိပြုပါ။ ယုံကြည်သူများဖြစ်ကြသည့်အလျောက် သခင်ဘုရားကကျွန်ုပ်တို့ကို မည်သို့ပြုမူဆက်ဆံသည်ကိုသိထားကြသည်။ သူတစ်ပါးကို ကျွန်ုပ်တို့စီရင်သတ်မှတ်ခဲ့ကြသည့်အတိုင်းသာ သခင်ဘုရားကကျွန်ုပ်တို့ကို စီရင်သတ်မှတ်လျှင် ယနေ့တွင် ကျွန်ုပ်တို့ မည်သည့် နေရာ၌ရှိနေကြမည်နည်း။ ကျွန်ုပ်တို့အဆိုးဆုံးအခြေအနေ၌ရှိနေကြစဉ်တွင် သခင်ယေရှုက ဂရုဏာတော်အားဖြင့် ကျွန်ုပ်တို့ကိုလက်လှမ်းဖမ်းဆုပ်ခဲ့သည်။ ကျွန်ုပ်တို့သည်ဂရုဏာတရားနှင့် မထိုက်တန်ချိန်တွင် ထိုဂရုဏာကို ရရှိခဲ့ကြသည်။ သခင်ယေရှုသည် ဆင်းရဲချမ်းသာနှစ်လွှာစလုံးကို လက်လှမ်းဖမ်းဆုပ်ခဲ့ပါသည်။ သူတို့၏အပြင်ပန်းအသွင်အပြင်မည်သို့ပင်နေပါရှိစေ၊ အသိုင်းအဝိုင်း၌ မည်သို့ပင်ဩဇာညောင်းကြပါစေ၊ သူတို့အားလုံးကို လက်လှမ်းဖမ်းဆုပ်ခဲ့ပါ သည်။ ထိုကဲ့သို့သော် ကျေးဇူးတော်ကိုလက်ခံရရှိခဲ့သည့် ကျွန်ုပ်တို့အနေဖြင့် အနီးတစ်ဝိုက်မှလူတို့အပေါ်၌အလားတူ သနားခြင်းဂရုဏာနှင့် ချစ်ခြင်းမေတ္တာကိုပြသကြရမည်။

အခန်းငယ် ၂တွင် ရှင်ယာကုပ်က ကျွန်ုပ်တို့နှင့်ရင်းနှီးမှုရှိသောအဖြစ်အပျက်တစ်ခုကို ပြောဆိုရင်းဥပမာတစ်ခုကို ပေးခဲ့သည်။ အသင်းတော်ဝတ်ပြုအစည်းအဝေးတစ်ခုတွင် လူတစ်ယောက်သည် ရွှေလက်စွပ်နှင့်လှပတင့်တယ်ဆန်းပြားသောအဝတ်ကို ဝတ်ဆင်၍ဝင်လာပြီး၊ သူ့နောက်တွင်ဟောင်းနွမ်းဆုတ်ပြဲသောအဝတ်ကို ဝတ်ဆင်လျက်ဆင်းရဲသားတစ်ယောက် တစ်ဆက်တည်းဝင်ရောက်လာသည်။ တံခါးဝတွင် ထိုသူနှစ်ယောက်ကို နှုတ်ဆက်သောသူသည် ချမ်းသာသောသူကို အထူးမျက်နှာသာပေး၍ ဆက်ဆံရန်ဆုံးဖြတ်လိုက်သည်ဟု စိတ်ကူးကြည့်ပါ။ သူသည်ချမ်းသာသောသူကို အသင်းတော်ထဲမှ အကောင်းဆုံးထိုင်ခုံနှင့်ဂုဏ်ယူဝင့်ကြွားဖွယ် ရှေ့တန်းတစ်နေရာတွင် နေရာပေးသည်။ ထို့

နောက်ဆင်းရဲသားကို လှမ်းကြည့်၍တံခါးဝတွင် မတ်တပ်ရပ်ရန်(သို့) ကြမ်းပြင်ပေါ်၌ထိုင်ရန်ပြောလိုက်သည်။

အခန်းငယ် ၄ တွင် ရှင်ယာကုပ်က လူတို့ကိုထိုအတိုင်းဆက်ဆံပြုမူလျှင် ကျွန်ုပ်တို့သည်သူတို့၏တန်ဖိုးကို ဆုံးဖြတ်သတ်မှတ်နေခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းပြောပြထားသည်။ ချမ်းသာကြွယ်ဝ၍ ဩဇာအရှိန်အဝါကြီးသူများသည် အနည်းသာရှိသောသူတို့ထက်ပို၍ အရေးပါသည်ဟူသောယုတ်ညံ့သည့် စိတ်ဓါတ်ကိုထုတ်ဖော်နေကြပါသည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့သည် ချမ်းသာသောသူများကိုသာ ပေါင်းသင်းဆည်ခံ၍ ဆင်းရဲသားများကိုရှောင်ကြဉ်ပါက အပြစ်ကိုကျူးလွန်နေကြကြောင်းပြောထားသည်။ ဘုရားသခင်၏ တန်ဖိုးသတ်မှတ်ချက်များသည် ကျွန်ုပ်တို့သတ်မှတ်ချက်များနှင့်မတူပါ။ ဘုရာသခင်သည် အပြင်ပန်းမှအရာကိုမကြည့်ပါ။ စိတ်နှလုံးကိုသာကြည့်ပါသည်။ အသင်းတော်သမိုင်းတစ်လျှောက်လုံးတွင် ဘုရားသခင်သည်ဤလောကကြီး၏အမြင်၌ တန်ဖိုးအနည်းငယ်သာရှိသောသူများကို ရွေးချယ်၍ထိုသူတို့အားဖြင့် အံ့ဖွယ်ကြီးမားသောအရာများကို ပြုလုပ်ခဲ့ပါသည်။ အသိုင်းအဝိုင်း၏အမြင်တွင် အပယ်ခံများဖြစ်ကြသောသူများကို ကယ်တင်၍အကြီးအကျယ်အသုံးပြုခဲ့သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏တန်ဖိုးကို ကျွန်ုပ်တို့ဘဏ်၌ငွေမည်မျှအပ်နှံထားသည်(သို့) အသိုင်းအဝိုင်း၌ ဩဇာအရှိန်အဝါမည်မျှကြီးသည်ဟူသောအချက်များတွင် အခြေမခံထားသောကြောင့် ယနေ့တွင်သူ့ကိုကျေးဇူးတင်ချီးမွမ်းရန်အဘယ်မျှ လိုအပ်ပါသနည်း။ သခင်ယေရှုဤလောကသို့ ကြွဆင်းလာချိန်က သူသည်လက်သမားဆရာ၏သားအဖြစ် ကြွဆင်းလာခဲ့သည်။ ဤလက်သမားအလုပ်သည် အသိုင်းအဝိုင်းထဲ၌ နိမ့်ကျသောသာမန်လုပ်ငန်းတစ်ခုဖြစ်သည်။ မာရိနှင့်ယောသပ်တို့သည် မည်သည့်နည်းလမ်းနှင့်မဆို ချမ်းသာ

သောသူများမဟုတ်ခဲ့ကြပါ။ သခင်ယေရှုသည် ဗက်လင်မြို့၌ ဖွားမြင်ခဲ့ပြီး၊ ထိုမြို့သည်အဖက်ဖက်မှကြည့်လျှင် အထင်အမြင်သေးခံရသောမြို့ကလေးဖြစ်သည်။ သခင်ယေရှုမိမိ၏သာသနာလုပ်ငန်းကို စတင်ချိန်တွင်တံငါသည်များနှင့် အခွန်ခံများကို မိမိ၏တပည့်တော်များအဖြစ် ရွေးချယ်ခဲ့သည်။ ကာမဂုဏ်ဖောက်ပြန်ခြင်းအမှု၌ ဖမ်းမိသောအမျိုးသမီးကို အခြားသူများက အသေသတ်လိုချိန်တွင် သခင်ယေရှုကခွင့်လွှတ်ပေးခဲ့သည်။ အခြားယုဒလူများက ရှမာရိအမျိုးသမီးနှင့်လုံးဝ မပတ်သက်ချင်းသော်လည်း သခင်ယေရှုသည် သူမနှင့်တွေ့ဆုံစကားပြောခဲ့သည်။ အသိုင်းအဝိုင်း၌ အထင်အမြင်သေးခံရသည့်သူများကို သခင်ယေရှုလက်ကမ်း၍ ဆက်ဆံခဲ့ကြောင်းဥပမာများစွာရှိသည်။ သခင်ယေရှုသည် သူတို့၏ဖြစ်တည်နေမှုအတိုင်း သူတို့ကိုချစ်ခဲ့သည်။ ဤအပယ်ခံများအားဖြင့် အလွန်ထိရောက်သောအရာများကို သခင်ယေရှုပြုလုပ်ခဲ့သည်။ ဤသူတို့သည် ယုံကြည်ခြင်း၌ ခိုင်ခံ့လာခဲ့ကြပြီး ဘုရားသခင်၏အမြင်တွင် အလွန်တန်ဖိုးရှိခဲ့ကြသည်။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ချမ်းသာသောသူများက ၎င်းတို့ကိုမည်သို့အသုံးချ၍ ခေါင်းပုံဖြတ်နေကြောင်းကို အသိပေးခဲ့သည်။ အလွန်လူသားဆန်သောအမြင်မှကြည့်လျှင် ချမ်းသာသောသူများစွာသည် ၎င်းတို့၏အတွေးနှင့်ရည်ရွယ်ချက်များတွင် မကောင်းမှုများနှင့်သာပြည့်နေကြောင်းထင်ရှားသည်။ ဤချမ်းသာသောသူများကို မျက်နှာသာပေး၍ဆက်ဆံခြင်းဖြင့် ယုံကြည်သူများသည် ၎င်းတို့ကိုခေါင်းပုံဖြတ်အမြတ်ထုတ်နေသောသူများနှင့် ၎င်းတို့ကို တရားရုံးသို့ဆွဲခေါ်သွားသူများကို ဂုဏ်ပြုနေကြပါသည်။ ဤချမ်းသာသောသူများစွာသည် သခင်ဘုရား၏နာမတော်ကို စော်ကားနေကြသည်။ သူတို့သည်ငွေကြေးတပ်မက်ခြင်းနှင့် စည်းစိမ်ဥစ္စာယစ်မူးခြင်းတို့၌ ကြော့မိနေကြပြီး၊ ဘုရားသခင်အားသူတို့လိုအပ်နေသည့်အဖြစ်ကို မမြင်နိုင်ကြ

တော့ပါ။ အသင်းတော်သည် ၎င်းတို့ကိုဖိနှိပ်နေသောသူများအားမျက်နှာ သာပေး၍ဆက်ဆံနေကြချိန်တွင် ထိုသူတို့သည်ဘုရားသခင်က ဂုဏ်ယူ အလေး ထားသောဆင်းရဲသားများကို ဖိနှိပ်နေကြပါသည်။ သူတို့သည်လူတို့ကို ဘုရားသခင်က ရှုမြင်သည့်အတိုင်း မမြင်ခဲ့ကြပါ။

အခန်းငယ် ၈ ကျွန်ုပ်တို့အား မိမိတို့၏အိမ်နီးချင်းကို ကိုယ်နှင့်အမျှ ချစ်လျှင်ကောင်းသော အကျင့်ကိုကျင့်နေကြကြောင်း အသိပေးထားပါသည်။ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကိုချစ်သကဲ့သို့ ဆင်းရဲသားနှင့်ချမ်းသာသူများကို ချစ်ဖို့ သင် ယူကြရမည်။ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို ပြုစုစောင့်ရှောက်ကြသကဲ့သို့သူတို့ကိုလည်း ပြုစုစောင့်ရှောက်ပေးရမည်။ "ငါ့အပေါ်မှာ ဒီလူ့ကိုဘယ်လိုဆက်ဆံစေချင် သလဲ" ဟူသော မေးခွန်းကိုမေးရပါမည်။ ထိုမေးခွန်းကြီးဖြေကြားပြီးနောက်တွင် ထိုအဖြေအတိုင်း ထိုသူ့ကိုဆက်ဆံပြုမူရပါမည်။ သို့သော်မျက်နှာလိုက် ခွဲခြား ဆက်ဆံပါက ကျွန်ုပ်တို့သည်အပြစ်ကို ကျူးလွန်ကြ၍ကျွန်ုပ်တို့သည် ဘုရား သခင်၏ပညတ်တရားကို ချိုးဖောက်သောအပြစ်ရှိကြပါသည် (ငယ် ၉)။

ဤကျမ်းချက်ပိုဒ်၏ စိန်ခေါ်ချက်မှာ လူတို့ကိုသခင်ယေရှု ရှုမြင်သည့် အတိုင်း ရှုမြင်ရန်သင်ယူဖို့ဖြစ်သည်။ လူတို့ကို၎င်းတို့၏ အပြင်ပန်းအသွင်အပြင် ၌အခြေခံ၍ တိုင်းတာဆုံးဖြတ်ခြင်းသည် အတွေးတိမ်၍အမြင်ကျဉ်းသော လုပ်ရပ်ဖြစ်ကာ လောကီသားများတိုင်းအတိုင်း ကျင့်ကြံခြင်းသာဖြစ်သည်။ ဤ သည် မှာ ဘုရားသခင်ထံ၌ ဝန်ချတောင်းပန်ရန် လိုအပ်သောအပြစ်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ယနေ့ကျွန်ုပ်တို့၏ ခေတ်ကာလ၌ လူတို့ကိုသုံးသပ်တိုင်းတာရန် အသုံး ပြုသောကြောင်းကျိုးဆီလျော်မှုမရှိသည့် စံချိန်စံနှုန်းအချို့ကား

အဘယ်နည်း။
- မိတ်ဆွေဖြစ်ခြင်းနှင့် မျက်နှာလိုက်ခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။
- ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမည်သို့ စီရင်သနည်း။
- လူတို့ကိုငှင်းတို့၏ အပြင်ပန်းအသွင်အပြင်၌ အခြေခံ၍ စီရင်ဆုံးဖြတ်ခြင်းအပြစ်ကို ကျူးလွန်ခဲ့ဖူးပါသလား။ ရှင်းပြပေးပါ။

## ဆုတောင်းရန်အချက်များ

- လူတို့ကိုငှင်းတို့၏ အပြင်ပန်းအသွင်အပြင်၌ အခြေခံ၍ သင်ဆုံးဖြတ်စီရင်ခဲ့သောအချိန်များကို ပို၍သတိပြုမိလာစေဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။
- ဘုရားသခင်သည် သင့်ကိုချစ်၍ သင့်ရဲ့လူမှုရေးအဆင့်အတန်း(သို့) ဘဏ်အပ်ငွေစာရင်းတို့အပေါ်၌ အခြေခံ၍ မစီရင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- အသိုင်းအဝိုင်းထဲမှ လူမှုရေးအပယ်ခံများ၏ တန်ဖိုးကို သိမြင်နိုင်ရန် သင့်ရဲ့နှလုံးသားကို ဖွင့်ဟပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- ကျွန်ုပ်တို့ဖြစ်တည်မှုအတိုင်း သခင်ဘုရားကအသုံးပြုနိုင်ခြင်းကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ သင့်ရဲ့ချို့ယွင်းအားနည်းချက်များ အားလုံးနှင့်အတူသင့်ကိုသင် ပေးအပ်ဆက်သပါ။

၈

## ဂရုဏာတရားနှင့် စီရင်ခြင်းတရား

ယာကုပ် ၂း၁၀-၁၃ ကိုဖတ်ရှုပါ။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ၎င်းတို့နှင့်ဘုရားသခင်၏ဆက်ဆံရင်းနှီးမှုကိုလည်းကောင်း၊ ၎င်းတို့နှင့်အိမ်နီးချင်းတို့၏ဆက်ဆံရင်းနှီးမှုကိုလည်းကောင်း စိန်ခေါ်ခဲ့သည်။ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ယာကုပ်က မျက်နှာလိုက်ခွဲခြားဆက်ဆံခြင်းအကြောင်းကို ပြောပြခဲ့ကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့သည်။ ရှင်ယာကုပ်က မျက်နှာလိုက်ခွဲခြားဆက်ဆံခြင်းသည် ဘုရားသခင်၏အမြင်၌ အပြစ်ဒုစရိုက်အမှုတစ်ခုဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ထိုသို့မဟုတ်လျှင် သူ၏စာဖတ်ပရိသတ်တို့က ကြောင်းကျိုးဆီလျော်မှုမရှိသောအာဃာတတရားသည် အခြားအပြစ်ဒုစရိုက်များလောက် ပြင်းထန်မှုမရှိဟု ထင်မှတ်နိုင်ကြသည်။ ရှင်ယာကုပ်က ဘုရားသခင်၏ ပညတ်ချက်များထဲမှ တစ်ပါးပါးကို ချိုးဖောက်ခြင်းသည် ပညတ်တော်အားလုံးကို ချိုးဖောက်ရာရောက်ကြောင်းရေးသားခဲ့သည်။

ပညတ်တော်တစ်ပါးကို ချိုးဖောက်သောသူကို ပညတ်တော်များအားလုံးအား ချိုးဖောက်သောအပြစ်ရှိပါသည်ဟု မည်သို့ပြောနိုင်မည်နည်း။ သင်တို့သည်ဓမ္မသံစုံသီချင်းတစ်ပုဒ်ကို သီဆိုနေကြသည်ဟု စိတ်ကူးကြည့်ပါ။ ထိုဓမ္မသီချင်းသံစုံကျူးခြင်း၌ တီးလုံးသံစဉ်အတိုင်း မသီဆိုနိုင်သောသူတစ်ဦးလည်းပါဝင်ခဲ့သည်။ သူသည်မည်သို့ပင် ခက်ခက်ခဲခဲကြိုးစားနေကာမူ အခြား

အဖွဲ့ဝင်များနှင့် ဆီလျော်လိုက်ဖက်အောင် မသီဆိုနိုင်ဖြစ်နေသည်။ အဖြေ ရလာဒ်မှာမည်သို့ဖြစ်မည်နည်း။ သီချင်းတစ်ပုဒ်လုံးကိုထိခိုက်ပါသည်။ သီဆို လိုက်သောသီချင်းသည်အဖွဲ့ဝင်တစ်ဦးကြောင့် ကြားရသူများ၏နားကို မသာ ယာစေခဲ့ပါ။ လူတို့ကြားရသောအရာသည် ဆီလျော်လိုက်ဖက်မှုရှိသောအရာ မဟုတ်တော့ပါ။ လူတစ်ယောက်၏သံစဉ်လွဲသီဆိုမှုသည် သီချင်းတစ်ပုဒ်လုံးကို ဖျက်ဆီးလိုက်ပါသည်။ သို့မဟုတ် သင်ရှေ့ရှိစာပွဲပေါ်၌ ရေတစ်ခွက်ကို သင်တင် ထားသည်ဟုစိတ်ကူးကြည့်ပါ။ တစ်စုံတစ်ယော်ကလာ၍ ထိုခွက်ထဲသို့ အဆိပ် ရည်အစက်အနည်းငယ်ကိုထည့်လိုက်လျှင်မည်သို့ဖြစ်လာမည်နည်း။ ရေအားလုံး ကိုသွန်ပစ်ရပါလိမ့်မည်။ အကြောင်းမှာ အဆိပ်ရည်အနည်းငယ်သည် ရေတစ် ခွက်လုံး၌ပျံ့နှံ့သက်ရောက်သွားသောကြောင့်ဖြစ်သည်။ သင်သည်ရေနှင့်အဆိပ် ကိုတစ်သီးတစ်ခြားစီမခွဲနိုင်ပါ။ သင့်လက်ကိုတစ်ခုခုနှင့် ရိုက်မိဖူးပါသလား။ သင်ရဲ့ခြေမကိုတစ်ခုခုနှင့်တိုက်မိဖူးပါသလား။ ထိုသို့ဖြစ်ဖူးပါက သက်ရောက်မှု ကို ထိခိုက်မိသောနေရာတစ်ဝိုက်၌သာ ခံစားရပါသလား။ ကိုယ်ခန္ဓာတစ်ခုလုံး၌ ခံစားရပါသလား။

ကျွန်ုပ်တို့နားလည်သဘောပေါက်ဖို့ လိုအပ်သောအရာမှာ အပြစ် ဒုစရိုက်သည် ကျွန်ုပ်တို့၏အစိတ်အပိုင်းအသီးသီးကို သက်ရောက်မှုပြုလုပ်ပါ သည်ဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်သည် ဘုရားသခင်ကိုကျောခိုင်း၍ အပြစ် ကိုကျူးလွန်မိပါက ကျွန်ုပ်သည်သူ့ရှေ့တွင် အပြစ်ရှိပါသည်။ ကျွန်ုပ်၌အပြစ်ရှိ သောကြောင့် ဒဏ်ခတ်ခံရဖို့ ထိုက်တန်ပါသည်။ အပြစ်တရား၏အခမှာ သေခြင်းဖြစ်ကြောင်း သမ္မာကျမ်းစာက ရှင်းရှင်းလေးပြောထားသည်။ အဆိပ် ရည်တစ်စက်သည် ရေတစ်ခွက်လုံးကို ညစ်ညမ်းအဆိပ်သင့်သွားစေသကဲ့သို့ အပြစ်ဒုစရိုက်တစ်ခုသည် ကျွန်ုပ်အသက်တာတစ်ခုလုံးကို အဆိပ်သင့်ညစ်ညမ်း သွားစေပြီး၊ ကျွန်ုပ်ကို ဘုရားသခင်နှင့်ကင်းကွာသွားစေဖို့ လုံလောက်ပါသည်။

လူတို့က အပြစ်ဒုစရိုက်တစ်ခုနှင့်တစ်ခုကို ခွဲခြားသတ်မှတ်ကြသည်။ အပြစ်ဒုစရိုက်ကို တိုင်းတာ၍ ၄င်းတို့၏ပြင်းထန်မှုအတိုင်း အဆင့်သတ်မှတ်လေ့ရှိကြသည်။ အပြစ်ဒုစရိုက်သည် အပြစ်ဒုစရိုက်သာဖြစ်သည်။ အပြစ်ဒုစရိုက်တစ်ခုသည် ကျွန်ုပ်တို့ကိုဘုရားသခင်နှင့် ကင်းကွာစေဖို့ လုံလောက်သည်။ အသေးငယ်ဆုံးသော အပြစ်ဒုစရိုက်သည်ပင်လျှင် သူ့အတွက်စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်ရသည်အထိ ဘုရားသခင်မှာ သန့်ရှင်းစင်ကြယ်တော်မူသည်။ ရှင်ယောဟန်ကဘုရားသခင်သည် အလင်းဖြစ်တော်မူ၍ သူ၌မှောင်မိုက်ခြင်းအလျှင်းမရှိကြောင်းပြောပြသည် (၁ယော ၁း၅)။ ဆိုလိုသည်မှာ ဘုရားသခင်၌အပြစ်ဒုစရိုက်အရိပ်အမြွက်ယဲ့ယဲ့လေးပင် မရှိပါဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် အသေးအမွှားဟု ခက်ခက်ခဲခဲမှတ်ယူထားသည့် အပြစ်များပင်လျှင် ဘုရားသခင်အတွက် စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်ပြီး ထိုအရာသည်ကျွန်ုပ်တို့ကိုသူနှင့်ကင်းကွာစေပါလိမ့်မည်။

ဥပဒေတစ်ခုလေးကို ချိုးဖောက်သောသူသည် ဥပဒေချိုးဖောက်သူဖြစ်ရပါသည်။ ဘုရားသခင်သည် အပြစ်ဒုစရိုက်တစ်ခုချင်းစီကို အတိုင်းအတာမသတ်မှတ်ထားပါ။ ဘုရားသခင်သည် မိမိ၏ပညတ်တော်ကို ပညတ်ချက်များစုစည်းမှုတစ်ခုအနေဖြင့် ပေးခဲ့ပြီးထိုအရာသည် မိမိ၏စံချိန်စံညွှန်းဖြစ်သည်ဟု ကျွန်ုပ်တို့ကိုပြောပါသည်။ သူသည်သင့်အပြစ်များကို ရေတွက်၍ သင့်အိမ်နီးချင်း၏အပြစ်များနှင့် နှိုင်းယှဉ်ကြည့်မည်မဟုတ်ပါ။ အပြစ်ဒုစရိုက်အားလုံးတိုင်းတာရန်စံချိန်စံညွှန်းတစ်ခုသာရှိ၍ ဒဏ်ခတ်စီရင်ခြင်းလည်း တစ်မျိုးသာရှိသည်။ တစ်ခုတည်းသော စံချိန်စံညွှန်းမှာ ဘုရားသခင်၏ပညတ်တော်တစ်ခုလုံးပင်ဖြစ်သည်။ ထိုပညတ်တော်၏အစိတ်အပိုင်းတစ်ခုခုအား ချိုးဖောက်ခြင်း၏တစ်ခုတည်းသော ဒဏ်ခတ်စီရင်ခြင်းမှာ သေခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်မှအစိတ်အပိုင်းတစ်ခုခုကို ချိုးဖောက်သောသူသည်သေဒဏ်

ထိုက်ရန်လုံလောက်သည်။

လူတို့ကမိမိတို့သည် အိမ်နီးချင်းများလောက် ပညတ်တော်ကိုချိုး ဖောက်သောသူများ မဟုတ်သောကြောင့် ရရှိမည့်ပြစ်ဒဏ်မှာလျှော့ပေါ့ပါလိမ့် မည်ဟုထင်မှတ်ကြသည်။ ဤသည်မှာဘုရားသခင်၏ ရှုမြင်ပုံမဟုတ်ပါ။ ကျွန်ုပ် တို့သည် ပညတ်တော်ကို ပြည့်စုံစွာမစောင့်ရှောက်လျှင် ကျွန်ုပ်တို့၌အပြစ် ရှိသည်။ မရှင်းမလင်းနှင့် ကြားနေလိုက်ခြင်းမျိုး မရှိနိုင်ပါ။ ပညတ်တော်ကို ပြည့်ပြည့်စုံစုံနာခံလိုက်လျှောက်ချင်လျှောက်ထိုသို့မဟုတ်လျှင် ထာဝရသေဒဏ် ပေးခံရမည့် ပညတ်ချက်ချိုးဖောက်သူများသာဖြစ်ကြလိမ့်မည်။ စံချိန်စံညွှန်းမှာ အလွန်တင်းကျပ်ပါသည်။ ပညတ်တော်ကို ပညတ်ချက်များပေါင်းစည်းထား သောစနစ်တစ်ခုဖြစ် လိုက်နာရမည်။ ပညတ်ချက်တစ်ခုကို ချိုးဖောက်ခြင်းသည် ပညတ်ချက်များအားလုံးကို ချိုးဖောက်သောသူကဲ့သို့ အပြစ်ကြီးသည်။

ဤအချင်းအရာသည် ကျွန်ုပ်တို့ကိုမဖြစ်နိုင်သော စံချိန်စံညွှန်းတစ်ခု၏ အောက်တွင်ထားရှိနေသည်။ ကျွန်ုပ်သည်အခြားတစ်ဦးထက် ဘုရားသခင်၏ ပညတ်တော်ကိုပို၍ နာခံလိုက်လျှောက်စဉ်တွင် ကျွန်ုပ်မှာအပြစ်ရှိလျှက်ပင်ရှိ သည်။ ထို့ကြောင့်ကျွန်ုပ်သည်ဘုရားသခင်၏ စံချိန်မပြည့်မီသူတစ်ဦးဖြစ်လျက် နေသည်။ ဘုရားသခင်က ပညတ်တော်၌ ကျွန်ုပ်တို့အတွက်ချမှတ်ပေးထားသည့် စံချိန်စံညွှန်းကို သခင်ယေရှုမှတစ်ပါးအခြားမည်သူမျှ မပြည့်မီခဲ့ကြပါ။ ကျွန်ုပ် တို့သည် တစ်နည်းမဟုတ်တစ်နည်းဖြင့် အရည်အချင်းမပြည့်မီဖြစ်ကြရသည်။ ဤအချင်းအရာ၏ရလာဒ်မှာ ဝိညာဉ်ရေးရာသေခြင်းနှင့် ထာဝရဘုရားထံမှ ထာဝရကင်းကွာရခြင်းသာဖြစ်သည်။ ဘုရားသခင်၏ ပညတ်တော်ကကျွန်ုပ်တို့ အားလုံးအပြစ်သားများဖြစ်ကြကြောင်းကို ပြသပေးသည်။ ကယ်တင်ခြင်းကို ပညတ်တော်အား လိုက်နာစောင့်ထိန်းခြင်းဖြင့်ရရှိမည်ဆိုလျှင် ကျွန်ုပ်တို့ထဲမှ မည်သူမျှ ကယ်တင်ခြင်းကိုရရှိကြမည်မဟုတ်ပါ။ ဤအတွက်ကြောင့် သခင်

ယေရှုကြွ ဆင်းလာခဲ့သည်။ သခင့်အသွေးတော်ဖြင့် လွှမ်းခြုံခံရခြင်းဖြင့် ကျွန်ုပ်တို့မှာ ခွင့်လွှတ်ခြင်းကို ရရှိကြရသည်။ သူသည်ကျွန်ုပ်တို့၏ အပြစ်ကြွေးကိုရယူ၍ ကျွန်ုပ်တို့ကိုယ်စား အသေခံခဲ့ပါသည်။

ဤကျမ်းပိုဒ်များက ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို အခြားသူတစ်ဦးတစ်ယောက်နှင့် နှိုင်းယှဉ်တိုင်းတာ၍ မရကြောင်းကိုပြောပြနေကြသည်။ ကျွန်ုပ်တို့သည် ပြစ်မှုတစ်ခုကိုကြည့်၍၄င်းသည် အခြားပြစ်မှုတစ်ခုခုနှင့်ယှဉ်လျှင် အသေးအမွှားသာဖြစ်သည်ဟု မပြောဆိုနိုင်ပါ။ အကြောင်းမှာ ပြစ်မှုတိုင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်ထာဝရကင်းကွာစေလောက်အောင် လုံလောက်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သခင်ခရစ်တော်၌ ရှိနေခြင်းနှင့်သူ၏အပြစ်လွှတ်ခြင်းကို သိရှိခြင်းသည် အဘယ်မျှအရေးကြီးပါသနည်း။

အခန်းငယ် ၁၂ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား လွတ်လပ်ခြင်းကိုပေးသည့် ပညတ်တော်အားဖြင့် တရားစီရင်ခြင်းခံရမည်သူများကဲ့သို့ ရှင်သန်နေထိုင်ကြရန် စိန်ခေါ်ခဲ့သည်။ ဓမ္မဟောင်းကျမ်း၌ တွေ့ရှိရသည့်အတိုင်း ဘုရားသခင်၏ပညတ်တော်သည် ကျွန်ုပ်တို့ကို မဖြစ်နိုင်သောစံချိန်စံညွှန်းတစ်ခု၏အောက်တွင် ထားရှိထားကြောင်းကို ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သည်။ ဓမ္မဟောင်းကျမ်း၏ပညတ်တော်သည် လွတ်လပ်ခြင်းကို မဆောင်ယူပေးနိုင်ပါ။ လွတ်လပ်ခြင်းကိုပေးသော ပညတ်တော်အကြောင်းကို ရှင်ယာကုပ်ပြောကြားချိန်တွင် သူသည်ဓမ္မဟောင်းပညတ်တော်ကို မရည်ညွှန်းခဲ့ပါ။ သခင်ယေရှုဤလောကသို့ ကြွဆင်းခဲ့ချိန်က ကျွန်ုပ်တို့၏အပြစ်ကြွေးကိုပေးဆပ်ဖို့အသေခံခဲ့ပါသည်။ သို့သော် ဤအရာတစ်ခုတည်းကိုသာ ပြုလုပ်ဖို့ကြွဆင်းလာခဲ့သည်မဟုတ်ပါ။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်နိုင်ဖို့အတွက်လည်း သူဆင်းကြွလာခဲ့ပါသည်။

သန့်ရှင်းသောဝိညာဉ်သည် ကျွန်ုပ်တို့ကို သမ္မာတရားလမ်းထဲသို့

ပို့ဆောင်ဖို့ရောက်လာပါသည်။ ဘုရားသခင်ပြဋ္ဌာန်းထားသော အသက်တာဖြင့် ရှင်သန်နိုင်သောအစွမ်းကို ကျွန်ုပ်တို့အားပေးရန် ရောက်လာပါသည်။ မိမိတို့အထဲ၌ ဘုရားသခင့်ဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းကိုသိသောသူများ၏ စိတ်နှလုံးနှင့် အတွေးထဲတွင် ဘုရားသခင်၏ပညတ်တော်ကို ရေးသားထားလျက်ရှိသည်။ ဇာတိစိတ်သည် ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကိုလည်းကောင်း ဆန့်ကျင်နေသော်လည်း ယုံကြည်သူများသည်၄င်းတို့အထဲ၌ ကိန်းဝပ်တော်မူသော သခင်ခရစ်တော်ရဲ့ ဝိညာဉ်တော်၏ ဦးဆောင်ခြင်း၊ လမ်းပြခြင်းနှင့်ကွယ်ကာစောင့်မပေးခြင်းတို့အတိုင်း အသက်တာကို ရှင်သန်ကြပါသည်။ ဝိညာဉ်တော်သည် သူတို့ကိုစေ့ဆော်၍ ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားကိုနားလည်ခြင်းထဲသို့ လမ်းပြဆောင်ယူသွားပါသည်။ ရှင်ယာကုပ်က မိမိ၏ရောင်းရင်းယုံကြည်သူတို့အား ဤအခြေခံအကြောင်းအရင်းများပေါ်၌တည်ပြီး တရားစီရင်ခြင်းခံရမည့်သူများသဖွယ် ပြောဆိုကြရန်ပြောခဲ့သည်။ သူတို့၏အထဲ၌ ကိန်းဝပ်တော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်အား နာခံခြင်းအပေါ်၌ တည်၍လည်းကောင်း၊ ဝိညာဉ်တော်မှုတ်သွင်းတော်မူသော သမ္မာတရားအားနာခံခြင်းအပေါ်၌တည်၍လည်းကောင်း တရားစီရင်ခြင်းကို ခံကြရပါမည်။

အခန်းငယ် ၁၃ တွင် ရှင်ယာကုပ်က အလွန်ထိရောက်မှုရှိသော ထုတ်ဖော်ချက်တစ်ခုကို ပြုလုပ်ထားပါသည်။ ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိတ်သတ်တို့အား ဂရုဏာမရှိသောသူသည် ဂရုဏာကင်းမဲ့သောတရားစီရင်ခြင်းဖြင့် စီရင်ခံရ၍ထိုဂရုဏာသည် တရားစီရင်ခြင်းကို အနိုင်ရသည်ဟုပြောခဲ့သည်။ ကျွန်ုပ်တို့က လူတစ်ယောက်ကိုမည်သို့ပြုမူဆက်ဆံသည်ကို ဘုရားသခင်သိသည်။ ကျွန်ုပ်တို့၏ အာဃာတတရားကိုလည်းသိသည်။ ကျွန်ုပ်တို့၏ အနီးအနားမှလူများအပေါ်၌ အလားတူကြင်နာတတ်မှုကို ပြသရန် ဆန္ဒမရှိလျှင်

ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာနှင့် ဂရုဏာတရားကိုနားလည်ဖို့ မည်သို့ မျှော်လင့်နိုင်မည်နည်း။ အခြားသူများကို တရားစီရင်ရာ၌ ကျွန်ုပ်တို့အသုံးပြု သောစံချိန်စံညွှန်းဖြင့် ကျွန်ုပ်တို့ကိုလည်း တရားစီရင်မည့်အကြောင်း ရှင်ယာကုပ်က ပြောထားသည် (မဿဲ ၆း၁၂-၁၄၊ ၁ပေ ၃း၇ကိုကြည့်ပါ)။

ဤကျမ်းပိုဒ်များ၏ ပို၍ကျယ်ပြန့်သောကျမ်းဘောင်အဆက်အစပ်တွင် ရှင်ယာကုပ်က မျက်နှာလိုက်ခွဲခြားဆက်ဆံခြင်းနှင့် အပြင်ပန်းအသွင်အပြင်ကို ကြည့်၍လူတို့ကိုတရားစီရင်ခြင်းတို့အကြောင်းကို ပြောပြနေခဲ့ပါသည်။ တစ်ခါ တစ်ရံတွင် ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို မနာခံဘဲ၊ ဇာတိစိတ်ကိုနာခံရန် ရွေးချယ်ကြသည်။ ဤသို့သောအချိန်များတွင် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာ၌ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ဝေဖန်စီရင်ခြင်း(သို့) အထင်သေးခြင်းများကို အလွယ်တကူပြုလုပ်နိုင်ကြသည်။ ဂရုဏာတရားသည် တရားစီရင်ခြင်းထက်ပို၍ပို၍ အစွမ်းထက်ကြောင်းကို ဤကျမ်းချက်က ကျွန်ုပ် တို့အားအသိပေးထားသည်။ အသင်းတော်အတွင်း၌ရှိသော အပြစ်ကိုထောက်ပြ ဝေဖန်တတ်သော စိတ်ဓါတ်နှင့်ထင်မြင်ဆုံးဖြတ်စီရင်တတ်သောစိတ်ဓါတ်များ ကြောင့် သခင်ဘုရားကိုကျောခိုင်းသွားကြသော ပုဂ္ဂိုလ်များကို ကျွန်ုပ်မြင်ဖူး သည်။ အခြားတစ်ဖက်တွင်လည်း လမ်းပျောက်နေသူတစ်ဦး၏ အသက်တာ၌ ချစ်ခြင်းမေတ္တာကအပြစ်တရား၏အပေါ်၌ အောင်နိုင်ခြင်းကိုလည်းတွေ့ကြုံဖူး ပါသည်။ တရားစီရင်ခြင်းကျရှုံးသောနေရာတွင် ဂရုဏာတရားကအောင်နိုင် ခြင်းကို ဆောင်ယူလာနိုင်ပါသည်။

ရှင်ယာကုပ်က ဤကျမ်းပိုဒ်များတွင် ကျွန်ုပ်တို့အားဘုရားသခင့် နှုတ် ကပတ်တော်၏ သမ္မာတရား၌လျှောက်လှမ်းခြင်းကိုလည်းကောင်း၊ ဝိညာဉ်တော် ၏လမ်းပြဦးဆောင်ခြင်း၌ နာခံလျှောက်လှမ်းခြင်းကိုလည်းကောင်း သင်ယူကြဖို့ ဆင့်ခေါ်ထားပါသည်။ ကျွန်ုပ်တို့အသက်တာရှိ သန့်ရှင်းသောဝိညာဉ်တော်၏

လမ်းပြဦးဆောင်ခြင်းအောက်၌ ရှင်သန်နေထိုင်ကြသည့်အတိုင်း ဘုရားသခင်၏တရားစီရင်ခြင်းကို ခံရမည့်သူများကဲ့သို့ ပြောဆို ထိုင်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဝိညာဉ်တော်က မှုတ်သွင်းထားသောစကားလုံးများကိုပြောကြပါသလား (သို့) ဆိုးညစ်ယုတ်ညံ့သော လူစိတ်နှလုံးမှပြောကြားနေကြပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင့်ဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုအတိုင်း လှုပ်ရှားလုပ်ဆောင်ကြပါသလား (သို့) သီလမဲ့သောတပ်မက်ခြင်းများ(သို့) စေ့ဆော်မှုများအားဖြင့် လှုပ်ရှားလုပ်ဆောင်ကြပါသလား။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဘုရားသခင်ကိုဘုန်းတော် ထင်ရှားစေမည့်လမ်းများ၌ ကျွန်ုပ်တို့ကိုလမ်းပြဦးဆောင်ဖို့ ရောက်လာပါသည်။ သူသည် ကျွန်ုပ်တို့ကိုတစ်ဦးနှင့်တစ်ဦးမည်သို့ ပြောဆိုဆက်ဆံရမည်ကို သွန်သင် ပေးပါသည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့အားစစ်မှန်သော ယုံကြည်ခြင်းသည် ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး ဆက်ဆံရင်းနှီးမှုကို အကျိုးသက်ရောက်စေလိမ့်မည် ဟုပြောပြထားပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ပညတ်ချက်ကို ခံစားနားလည်၍ ကျွန်ုပ်တို့ကိုဆင့်ခေါ်၍ လုပ်စေသောအရာနှင့် ပြောစေသောအရာကို ခံစားနားလည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ နှုတ်ထွက်စကားလုံးများနှင့် လုပ်ဆောင်မှုများအားလုံးတွင် ဘုရားသခင့်ဝိညာဉ်တော်၏လမ်းပြခြင်းနှင့် စေ့ဆော်ခြင်းအားဖြင့် ပြောဆိုလုပ်ဆောင်ကြောင်းကို သေချာနေစေရမည်။ စစ်မှန်သောယုံကြည်ခြင်းဆိုသည်မှာ ဝိညာဉ်တော်၏ဦးဆောင်ခြင်းခံ ယုံကြည်ခြင်းဖြစ်၍ ၎င်းသည်နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ထိတွေ့ရသောသူများ၏ ဆက်ဆံရေးများကို အကျိုးသက်ရောက်မှုဖြစ်စေပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဘုရားသခင်၏ပညတ်တော်ကို အစိတ်အပိုင်းတစ်ခုစီဖြင့် မရှုမြင်ဘဲ စုစည်းထားမှုတစ်ခုအဖြစ် ရှုမြင်ရန်အဘယ့်ကြောင့် အရေးကြီးသနည်း။
- ပညတ်ချက်တစ်ခုကို မနာခံခြင်းသည် ပညတ်ချက်အားလုံးကို မနာခံခြင်းဖြစ်ကြောင်း မည်သို့ပြောနိုင်သနည်း။
- လွတ်လပ်ခြင်းကိုပေးသော ပညတ်တော်မှာ အဘယ်နည်း။ ၎င်းသည် ဓမ္မဟောင်းကျမ်းရှိ ပညတ်တော်နှင့်မည်သို့ ကွဲပြားသနည်း။
- ရှင်ယာကုပ်က ဂရုဏာတရားသည် တရားစီရင်ခြင်းကို အောင်နိုင်သည်ဟု ပြောချိန်တွင် မည်သည့်အရာကို ဆိုလိုခဲ့သနည်း။
- ယနေ့တွင် ဂရုဏာတရားကို သင်အနေဖြင့်ပြသပေးဖို့ လိုအပ်သည့် သူများရှိပါသလား။ ထိုသူတို့ကား မည်သူတို့နည်း။
- ဘုရားသခင်၏ ဝိညာဉ်တော်က သွန်သင်၍လမ်းပြပေးသည့် အပြောအဆိုနှင့်လုပ်ဆောင်ခြင်းတို့သည် ကျွန်ုပ်တို့၏အနီးအနား၌ ရှိနေသော သူများနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးကို မည်သို့အကျိုးသက်ရောက်စေပါသနည်း။ ဘုရားသခင့်ဝိညာဉ်တော်၏ လမ်းပြခြင်းကိုသာ ကျွန်ုပ်တို့နာခံလိုက်လျှောက်ကြလျှင် ဆက်ဆံရင်းနှီးမှုများ၌ မည်သည့်ထူးခြားမှုများဖြစ်လာမည်နည်း။

## ဆုတောင်းရန်အချက်များ

- သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်ကြွေးကို ပေးဆပ်ဖို့နှင့် ဘုရားသခင်ထံသို့ သွားရာလမ်းကို ပေးကမ်းဖို့ ဆင်းကြွလာခဲ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

- သင့်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြခြင်းနှင့် ဦးဆောင်ခြင်းပို၍ ပြည့်စုံတွင်နားထောင်ခံစားတတ်ရန် စွမ်းဆောင်ပေးဖို့ တောင်းလျှောက်ပါ။ ဝိညာဉ်တော်နှင့် လိုက်လျောညီထွေမှု ရှိစွာလျှောက်လှမ်းရှင်သန်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုများ ပြောင်းလဲသွားမည် ဖြစ်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- ဂရုဏာတရားကို ပိုမို၍ပြသနိုင်ရန် စွမ်းဆောင်ပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။ အခြားသူများထံ၌ ဂရုဏာတရားကို မပြသခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့တောင်းလျှောက်ပါ။
- ကျွန်ုပ်တို့ကို အလွန်လက်တွေ့ကျသော နည်းလမ်းများဖြင့် လမ်းပြဦးဆောင်စေဖို့ မိမိ၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏အထဲ၌ ထည့်ပေးထားခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

# ၉
# ယုံကြည်ခြင်းနှင့်အကျင့်သီလ

ယာကုပ် ၂း၁၄-၁၆ ကိုဖတ်ရှုပါ။

ဤကျမ်းချက်သည် ရှင်ယောကုပ်ဩဝါဒစာ၌ အထင်ရှားဆုံးကျမ်းချက်ဖြစ်ကောင်းဖြစ်မည်။ ဤနေရာတွင် ရှင်ယာကုပ်က ယုံကြည်ခြင်းနှင့်အကျင့်တို့၏ ဆက်နွယ်မှုအကြောင်းကို အလွန်ထိရောက်စွာရေးခဲ့သည်။ ရှင်ယာကုပ်အဓိကအလေးထားသောအရာမှာ လူတို့ကမိမိတို့ယုံကြည်ပါသည်ဟုပြောသောအရာကို လက်တွေ့လုပ်မလုပ်သိမြင်ကြရန်ဖြစ်သည်။ ကျွန်ုပ်တို့၌ ယုံကြည်ခြင်းရှိပါသည်ဟု ပြောဆိုရန်မှာ အလွန်လွယ်ကူပြီး၊ ထိုယုံကြည်ခြင်းကို လက်တွေ့အသက်တာ၌ သက်သေပြရန်မှာ အလွန်ခက်ခဲပါသည်။ ဤနေရာ၌ တမန်တော်ယာကုပ်က ကျွန်ုပ်တို့ကိုပြောပြချင်သောအရာကို ကြည့်ရှုလေ့လာကြည့်ကြပါစို့။

ရှင်ယာကုပ်က အခန်းငယ် ၁၄၌ အလွန်အရေးကြီးသော မေးခွန်းတစ်ခုကို မေးခြင်းဖြင့်အစပြုခဲ့သည်။

> "ငါ့ညီအစ်ကိုတို့၊ တစ်စုံတစ်ယောက်သောသူက ငါသည်ယုံကြည်ခြင်း၏ဟုပြောလျှက်၊ အကျင့်ကိုမကျင့်ဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကိုကယ်တင်နိုင်သလော။"

ဤကျမ်းပိုဒ်သည် ခမ္မအတွေးအခေါ်ပညာရှင်များအတွက် ပြဿနာများကို ဖန်တီးခဲ့သည်။ အချို့ကရှင်ယာကုပ်သည် အကျင့်အားဖြင့်ကယ်တင်

ခြင်းရရှိနိုင်ကြောင်းကို အားပေးထောက်ခံနေသည်ဟု ရှုမြင်ကြသည်။ သို့သော် ဤရှုမြင်သုံးသပ်မှုသည် အမှန်တရားနှင့်အလွန်ကွာလှမ်းပါသည်။ ရှင်ယာကုပ် ကစစ်မှန်သောယုံကြည်ခြင်းသည် အကျင့်အားဖြင့် သက်သေပြလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လူတို့ကငင်းတို့သည် သခင်ယေရှု ကို ယုံကြည်လက်ခံပါသည်ဟုပြောကြလျှင် ထိုအရာသည် ၎င်းတို့၏အသက်တာ ရှင်သန်ပုံတွင် သိသာထင်ရှားခဲ့ပါလိမ့်မည်။

ကိုယ့်ကိုယ်ကို ယုံကြည်သူတစ်ဦးဖြစ်ပါသည်ဟု ထုတ်ပြောသော်လည်း အသက်တာကိုပြောင်းလဲဖို့ ဆန္ဒမရှိဘဲ အပြစ်ဒုစရိုက်၌သာ ကျင်လည်ရှင်သန် နေသောသူတစ်ယောက်နှင့်ဆုံတွေ့သည်ဟု စိတ်ကူးကြည့်ပါ။ ထိုသူပြောသော စကားကို နားထောင်ပေးနေသည်နှင့်အမျှ သူ့အသက်တာ၌ စိတ်နှလုံးပြောင်း လဲခဲ့သည့်အထောက်အထားတစ်မျှ မရှိကြောင်းကို သင်တွေ့မြင်သည်။ သူရဲ့ စကား၊ သူ့ရဲ့အပြုအမူနှင့် သူ့ရဲ့စဉ်းစားတွေးခေါ်ပုံများသည် လောကီဆန်သော စိတ်နေသဘောထားများကိုသာ ထင်ဟပ်ပြနေကြသည်။ ဤပုဂ္ဂိုလ်နှင့်ပတ်သက် ၍မည်သည့်အရာကို သင်ယုံကြည်ရပါမည်နည်း။ သူ့အသက်တာ၌ သခင်ခရစ် တော်၏အသက်တာကို မျက်စိဖြင့်မြင်နိုင်သည့် သက်သေအထောက်ထားကို မပြလျှင် ထိုသူကယ်တင်ခြင်းအမှန်တကယ် ရမရမေးခွန်းထုတ်ဖို့ အကြောင်းပြ ချက်ရှိနေသည် မဟုတ်ပါလား။ ရှင်ယာကုပ်က ဤနေရာ၌ ကျွန်ုပ်တို့ကိုပြောပြ နေသောအရာမှာ စစ်မှန်သောယုံကြည်ခြင်းသည် တစ်ဦးတစ်ယောက်၏ အသက်တာပေါ်၌ ပြုပြင်ပြောင်းလဲခြင်းကို ဖြစ်စေသောအစွမ်းထက်၍ ထိ ရောက်မှုရှိသည့် သက်ရောက်မှုတစ်ခုကို ဖြစ်စေလိမ့်မည်ဟူသော အချက်ဖြစ် သည်။

တမန်တော်ပေါလုက ဤအကြောင်းအရာတွင် ရှင်ယာကုပ်နှင့်လုံးလုံး သဘောထားတိုက်ဆိုင်နေပါသည်။ ရှင်ပေါလုက ဤသို့ရေးသားခဲ့သည်။

"လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ကော ၅း၁၇)။

ရှင်ယာကုပ်ကဲ့သို့ပင် တမန်တော်ပေါလု၏ စိတ်ထဲတွင်ဤအကြောင်းအရာနှင့်ပတ်သက်၍ မေးခွန်းမရှိခဲ့ပါ။ ယုံကြည်သူ၏စိတ်နှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော်လာရောက် ကိန်းဝပ်သောအခါ ထိုသူ၏အသက်တာတွင် အခြေခံကျသော ပြောင်းလဲမှုတစ်ခုရှိလာပါလိမ့်မည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ၎င်းကိန်းဝပ်တော်မူသောသူ၏ စိတ်နှလုံးကိုပြောင်းလဲ၍ ပြန်လည်သစ်လွင်စေဖို့ ရောက်လာပါသည်။ ဝိညာဉ်တော်သည် ထိုသူတို့၏ အသက်တာရှင်သန်ပုံနှင့် အတွေးအခေါ်တို့ကို ပြောင်းလဲဖို့တန်ခိုးအစွမ်းအစကိုပေး၍ ပြုပြင်မွမ်းမံပေးပါသည်။ တစ်စုံတစ်ယောက်သည် အသက်တာ၌ထိရောက်သောပြောင်းလဲမှုကို တွေ့ကြုံခံစားခြင်းမရှိဘဲ သခင်ယေရှု၌ ကယ်တင်ပိုင်သောယုံကြည်ခြင်းရှိပါသည်ဟု ကြွေးကြော်နေခြင်းမှာ ရှင်ယာကုပ်နှင့်ရှင်ပေါလုတို့အတွက် စဉ်းစား၍မရနိုင်သော အရာဖြစ်ခဲ့သည်။ သင်ဝန်ခံကြွေးကြော်သောယုံကြည်ခြင်းသည် သင့်အသက်တာနှင့် စဉ်းစားတွေးခေါ်ပုံများကို မပြောင်းလဲခဲ့လျှင် ထိုယုံကြည်ခြင်းသည် စစ်မှန်သောယုံကြည်ခြင်းမဟုတ်မဟုတ်ကို သင်မေးခွန်းထုတ်ဖို့ အကြောင်းအရင်းရှိနေပါသည်။ ဤသည်မှာ အခန်းငယ်၁၄ ၌ရှင်ယာကုပ်ပြောပြနေသောအရာပင်ဖြစ်သည်။

ရှင်ယာကုပ်အတွက် ယုံကြည်ခြင်းသည်အလွန်လက်တွေ့ကျသောအရာဖြစ်သည်။ အခန်းငယ် ၁၅တွင် ရှင်ယာကုပ်ကစစ်မှန်သောယုံကြည်ခြင်းနှင့်အတုအယောင်ယုံကြည်ခြင်းတို့၏ ခြားနားချက်ဥပမာတစ်ခုကိုပေးခဲ့သည်။ သင်တို့၏အသိုင်းအဝိုင်း၌ ဝတ်စားဆင်ယင်ဖို့အဝတ်(သို့) စားသောက်ဖို့ အစားအစာမရှိသော ညီအစ်ကိုမောင်နှမတစ်ယောက်ရှိသည်ဟု စိတ်ကူးကြည့်ပါ။

ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် မိမိတို့၌အရင်းအမြစ်များရှိထားကြသော် ထိုညီအစ်ကိုမောင်နှမတစ်ယောက်၏ လိုအပ်ချက်နှင့်ပတ်သက်၍ မည်သည့်အရာကိုမျှ မပြုလုပ်ကြဘဲ ထိုသူ၏ဘဝငြိမ်းချမ်းဖို့ ဆန္ဒသာပြုပေးကြသော ယုံကြည်သူများကို သင်မည်သို့မှတ်ယူမည်နည်း။

ကျွန်ုပ်တို့၏ နေ့ရက်ကာလတွင် ယုံကြည်ခြင်းကို ယုံခြင်းသက်သက်အဖြစ်သာမှတ်ယူကြသည်။ ဤအရာသည် ယုံကြည်ခြင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်မဟုတ်ကြောင်းကို ရှင်ယာကုပ်ကကျွန်ုပ်တို့အားအသိပေးနေပါသည်။ ယုံကြည်ခြင်းဆိုသည်မှာ ယုံခြင်းနှင့်လှုပ်ရှားလုပ်ဆောင်ခြင်းတို့အတူတကွလုပ်ဆောင်ကြသောအရာဖြစ်သည်။ သင်သည်တစ်စုံတစ်ခုကိုယုံသော်လည်း ထိုအချင်းအရာအပေါ်၌ ဘာမျှလုပ်ဆောင်ခြင်းမရှိလျှင် ကိုယ့်ကိုယ်ကို လှည့်ဖြား ခြင်းသာဖြစ်သည်။ စစ်မှန်သည့်ကယ်တင်ပိုင်သောယုံကြည်ခြင်းသည် ကျွန်ုပ်တို့ယုံသည့်အပေါ်၌ တစ်စုံတစ်ခုကိုလုပ်ဆောင်စေရပါမည်။ ဘုရားသခင်က ထောက်ပံ့ပေးပါလိမ့်မည်ဟု ကျွန်ုပ်ယုံလျှင် ကျွန်ုပ်သည် ယုံကြည်ခြင်းဖြင့် ရှေ့ ဆက်တိုး၍ ဘုရားသခင်ကို ထောက်ပံ့ခွင့်ပေးရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်ကိုထောက်ကူပေးပါလိမ့်မည်ဟု ယုံကြည်လျှင် ကျွန်ုပ်သည် ကျွန်ုပ်၏လူ့အစွမ်းအစဖြင့် မတတ်သောအပိုင်း၌ ဘုရားသခင်ကိုနာခံအပ်နှံရပါလိမ့်မည်။ တစ်စုံတစ်ခုကိုပြုလုပ်ဖို့ ခြေလှမ်းစတင်ရပါမည်။ ယုံကြည်ခြင်းနှင့် လှုပ်ရှားလုပ်ဆောင်မှုသည် လက်ချင်းချိတ်၍ သွားကြပါသည်။ လှုပ်ရှားလုပ်ဆောင်မှုမရှိသော ယုံကြည်ခြင်းသည် စစ်မှန်သောယုံကြည်ခြင်းလုံးလုံးမဟုတ်ပါ (အ ငယ် ၁၇ကိုကြည့်ပါ)။ သင်နှင့်ကျွန်ုပ်၌ ယုံကြည်ခြင်းရှိမရှိကို ကျွန်ုပ်တို့၏လှုပ် ရှားလုပ်ဆောင်မှုများ၌ တွေ့ရသည်။

ဤနေရာ၌ ရှင်ယာကုပ်သွန်သင်ပေးထားသောအရာကို ကန့်ကွက်ထားချက်များမှ တစ်ခုကိုအခန်းငယ် ၁၈တွင် တွေ့ရသည်။ အချို့၌ယုံကြည်

ခြင်းရှိ၍ အချို့၌အကျင့်ရှိသည်ဟု ပြောနေသောသူများရှိခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အချို့သောသူများသည် ယုံကြည်ခြင်းစွမ်းရည်ဆုကျေးဇူးကို ရရှိထားကြပြီး အခြားသောသူများမှာ ကူညီမစတတ်ခြင်းစွမ်းရည်ဆုကျေးဇူးကို ရရှိထားကြသည်။ ရှင်ယာကုပ်က ဤပုဂ္ဂိုလ်များအား လက်တွေ့လုပ်ဆောင်ချက်မပါဘဲ စစ်မှန်သောယုံကြည်ခြင်းကို ပြသကြရန်မေးခွန်းထုတ်ခြင်းဖြင့် ဤကန့်ကွက်ချက်ကို ဖြေကြားခဲ့သည်။ လူတစ်ယောက်၌ ယုံကြည်ခြင်းရှိ၍ ယုံကြည်ခြင်းကို ၎င်း၏လုပ်ရှားလုပ်ဆောင်ခြင်းများဖြင့် မပြသဘဲနေခြင်းသည် ဖြစ်နိုင်ပါသလား။ မဖြစ်နိုင်ပါဟုရှင်ယာကုပ်က ယုံကြည်ခဲ့သည်။ စစ်မှန်သည့် ကယ်တင်ပိုင်သော ယုံကြည်ခြင်းသည် အသက်တာကိုပြောင်းလဲစေသော ယုံကြည်ခြင်းဖြစ်သည်။ ၎င်းသည်ကျွန်ုပ်တို့ကို လှုပ်ရှားလုပ်ဆောင်ဖို့ လှုံ့ဆော်၍ အမှုတော်ဆောင်ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းဆီသို့ တွန်းပို့ပေးပါသည်။

ဘုရားသခင်သည် သင့်အားတစ်စုံတစ်ခုကို ပြုလုပ်ဖို့ဆင့်ခေါ်နေသည်ဟုယုံကြည်ပါသလား။ ဘုရားသခင်က သင့်ကိုဆင့်ခေါ်၍လုပ်ဆောင်စေသောအရာ၌ ယုံကြည်ခြင်းသည် သင့်ကိုနာခံခြင်းသို့ပို့ဆောင်ပေးပါလိမ့်မည်။ ကျွန်ုပ်တို့၌ ယုံကြည်ခြင်းရှိပါသည်ဟု ပြောရန်မှာအလွန်လွယ်ကူပါသည်။ သို့သော် စစ်မှန်သောယုံကြည်ခြင်းကို စမ်းသပ်တိုင်းတာသောအရာမှာ ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်ခြင်းတွင်ဖြစ်သည်။

ယုံကြည်ခြင်းနှင့် ယုံခြင်းတို့ကို လှုပ်ရှားလုပ်ဆောင်ခြင်းဖြင့် ခြံရံမထားလျှင် ၎င်းတို့ချည်းသက်သက်သည် တန်ဖိုးမဲ့နေကြပါသည်။ အခန်းငယ် ၁၉က ကျွန်ုပ်တို့အား အပယ်ငရဲသို့ချခံရမည့် နတ်ဆိုးများကပင် ဘုရားသခင်ကိုယုံ၍ ဘုရားသခင်၏ တန်ခိုးတော်ကို သိရှိကြသည်ဟု အသိပေးထားသည်။ ထိုနတ်ဆိုးများသည် ထိုတန်ခိုးတော်ကို ကျွန်ုပ်တို့ထက်ပင်ပို၍ သတိမူမိကြပြီး၊ စိတ်ချမှုရှိထားကြသည်။ သို့သော် ထိုနတ်ဆိုးများသည် မီးအိုင်ထဲသို့ ထာဝရပစ်ချခံ

ရမည်ဖြစ်သည်။ ဘုရားသခင်ကို သူတို့ယုံခြင်းနှင့်သူ၏ တန်ခိုးတော်အကြောင်းကို သိရှိထားခြင်းသက်သက်တို့သည် အသုံးမဝင်ကြပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှိ ကြောင်းကိုလည်းကောင်း၊ ထိုဘုရားသခင်သည် အရာခပ်သိမ်းကိုတတ်စွမ်းနိုင်ကြောင်းကိုလည်းကောင်း ယုံကြည်ပါသည်ဟု ပြောဆိုကြသော်လည်း ထိုအရာများနှင့်ပတ်သက်၍ဘာမျှလုပ်ဆောင်ခြင်း မရှိကြလျှင်ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ထိုနတ်ဆိုးများ၏ ယုံကြည်ခြင်းထက်ပို၍ဘာမျှမထူးခြားပါ။ သူတို့သည်လည်းအလားတူပင် ယုံကြည်ခဲ့ကြသည်။ ဘုရားသခင်ကိုချစ်ဖို့နှင့်ဘုရားသခင် ကို အစေခံရန်သင့်ရဲ့ယုံကြည်ခြင်းကို သင်အသုံးမပြုလျှင်၊ ထိုယုံကြည်ခြင်းသည် တန်ဖိုးမရှိပါ။ သင့်ရဲ့ကားထဲသို့ ဓါတ်ဆီကိုထည့်ထားပြီး ထိုကားကိုလုံးလုံး မမောင်းနှင်သည့်အဖြစ်ကို စိတ်ကူးကြည့်ပါ။ သင့်ကားထဲ၌ထည့်ထားသော ဓါတ်ဆီကို သင်အသုံးမပြုလျှင် ထိုအရာသည်အချည်းနှီးသက်သက်သာဖြစ်သည်။ အလားတူပင်၊ အသုံးပြုခြင်းမရှိသောယုံကြည်ခြင်းသည် တန်ဖိုးမရှိပါ (၄ယ် ၂၀)။

အခန်း၄ယ် ၂၁ တွင် ရှင်ယာကုပ်က ကျွန်ုပ်တို့ကိုပြောပြနေသောအရာကိုအာဗြဟံ၏ ပုံဥပမာအားအသုံးပြု၍ ရှင်းပြခဲ့သည်။ တစ်နေ့တွင် ဘုရားသခင်သည်အာဗြဟံကို ဆင့်ခေါ်၍သူရဲ့တစ်ဦးတည်းသောသားကို ယဇ်ပလ္လင်ထက်၌ပူဇော်ဖို့ပြောခဲ့သည်။ အာဗြဟံအတွက် ဘုရားသခင်၏လမ်းညွှန်ချက်သည်အဓိပ္ပါယ်မရှိသော်လည်း သူသည်ပြောစကားကို နားထောင်၍ပြောသည့်အတိုင်းလုပ်ဆောင်ခဲ့သည်။ ဘုရားသခင်သည် ဤယုံကြည်ခြင်းကို သူ့အပေါ်၌ဖြောင့်မတ်ခြင်းအဖြစ် သတ်မှတ်ခဲ့သည်။ ဘုရားသခင်အလွန်ကျေနပ်ခဲ့သည်။ အာဗြဟံ၏ အဖြစ်အပျက်တွင် ယုံကြည်ခြင်းနှင့်လုပ်ရှားလုပ်ဆောင်ခြင်းတို့ လက်ချင်းချိတ်၍ လှုပ်ရှားခဲ့ကြသည် (၄ယ် ၂၂)။ ယုံကြည်ခြင်းသည် ၎င်းလုပ်ဆောင်ရမည့်အလုပ်ကို လုပ်ဆောင်သောအခါ ၎င်းသည်နာခံခြင်းကို သဘာဝအားဖြင့်

ဖြစ်စေပါလိမ့်မည်။ သင်သည်တောက်လောင်ဖို့ မလွယ်ကူသောမီးတစ်ခုကို မွှေးဖို့ကြိုးစားကောင်း ကြိုးစားခဲ့ပေလိမ့်မည်။ ထိုသို့တောက်လောင်ဖို့မလွယ်ကူသည့် မီးဖိုရှိထင်းချောင်းများပေါ်တွင် ဓါတ်ဆီအချို့ကိုလောင်းထည့်လိုက်သည်ဟု စိတ်ကူးကြည့်ပါ။ ထိုသို့ဓါတ်ဆီလောင်းချပြီးနောက်တွင် မည်သို့ဖြစ်လာမည်နည်း။ ဓါတ်ဆီသည် ထင်းစများကို မီးစတင်လောင်ကျွမ်းစေပါလိမ့်မည်။ ယုံကြည်ခြင်းကလည်း ထိုသို့လုပ်ဆောင်ပေးပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏မာကျောသော နှလုံးသားများနှင့် စိတ်များကို မီးစတင်လောင်ကျွမ်းစေ၍ လှုပ်ရှားလုပ်ဆောင်ခြင်းအတွက် အစဉ်သင့်ဖြစ်စေပါသည်။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ကို လှုပ်ရှားလုပ်ဆောင်မှုဆီသို့ တွန်းပို့ပါသည်။

ဘုရားသခင်သည် ဤကဲ့သို့သော ယုံကြည်ခြင်းကိုနှစ်သက်တော်မူသည်။ အာဗြဟံသည် မိမိကြားရသည့်အတိုင်း နာခံခြင်း၌ ရှေ့သို့တိုးသွားခဲ့ချိန်တွင် ဘုရားသခင်သည် ထိုယုံကြည်ခြင်းကို သူ့အတွက်ဖြောင့်မတ်ခြင်းအဖြစ်သတ်မှတ်ခဲ့သည် (ငယ် ၂၃)။ တစ်နည်းအားဖြင့်ဆိုရလျှင် ဘုရားသခင်သည် အာဗြဟံ၏လှုပ်ရှားလုပ်ဆောင်မှုကိုနှစ်သက်ခဲ့သည်။ ထိုမျှသာမဟုတ်၊ ဘုရားသခင်သည် အာဗြဟံအား မိမိ၏မိတ်ဆွေဟုခေါ်ဖို့ကိုလည်း နှစ်သက်ကျေနပ်ခဲ့သည်။

ရှင်ယာကုပ်က ကျွန်ုပ်တို့အား လူတစ်ယောက်သည် ဖြောင့်မတ်ခြင်း (သို့) ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းကို ယုံကြည်ခြင်းတစ်ခုတည်းကြောင့်သာမဟုတ်၊ လုပ်ဆောင်မှုကြောင့်လည်းရရှိရပါသည်ဟု အသိပေးထားသည်။ ဤသို့ပြောဆိုရာတွင် လူတို့သည်မိမိတို့လုပ်ဆောင်သောအရာကြောင့် ကယ်တင်ခြင်းခံရသည်ဟု မဆိုလိုပါ။ သို့သော်စစ်မှန်သော ယုံကြည်ခြင်း၏အထောက်အထားကို လှုပ်ရှားလုပ်ဆောင်မှုများနှင့် ပြောင်းလဲသောအသက်တာများတွင် တွေ့ရပါသည်ဟု ဆိုလိုပါသည်။

ဤအချက်ကို ရှင်ယာကုပ်က အခန်း၄ယ ၂၅တွင် ပြည့်တန်ဆာမ ရာခပ်၏ ပုံဥပမာနှင့်ရှင်းပြခဲ့ပါသည်။ ရာခပ်သည် ခါနန်ပြည်သို့ရောက်ရှိလာကြသော ဟေဗြဲသူလျှိုနှစ်ယောက်ကို ရန်သူများထံမှ ဝှက်ထားပေးခဲ့သည် (ယောရှု ၂)။ ဘုရားသခင်သည် ဣသရေလလူမျိုးများအား သူမ၏လူမျိုးများအပေါ်၌ အောင်နိုင်ခြင်းကို ပေးခဲ့လိမ့်မည်ဟု သူမယုံကြည်ခဲ့သည်။ ထို့ကြောင့်သူမသည် မိမိ၏အသက်ကိုစွန့်၍ ထိုသူနှစ်ယောက်ကို ကာကွယ်ပေးဖို့ရွေးချယ်ခဲ့သည်။ ဤသူလျှိုများသည် စစ်မှန်သောဘုရားသခင်ကို ကိုးကွယ်ကြကြောင်းသူမ ယုံကြည်ခဲ့သည်။ သူမ၏ယုံကြည်ခြင်းသည် သူမ၏အသက်ကိုစွန့်စားရန်နှင့် သူမ၏လူမျိုးများကို ကျောခိုင်းရန်ဖြစ်စေခဲ့သည်။ ဘုရားသခင်သည် ထိုယုံကြည်ခြင်းကို ဂုဏ်ပြုလေးစား၍ သူမနှင့်သူမ၏မိသားစုကို ကာကွယ်ပေးခဲ့သည်။ ယုံကြည်ခြင်း၏စွမ်းအားသည် ထိုယုံကြည်သောအရာအတွက် အရာအားလုံး၌ စွန့်လွှတ်စွန့်စားပါလိမ့်မည်။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ဝိညာဉ်မဲ့သောခန္ဓာသည် အသေဖြစ်သကဲ့သို့ လက်တွေ့လုပ်ဆောင်မှုမရှိသော ယုံကြည်ခြင်းသည်လည်း အသေဖြစ်သည်ဟု အသိပေးခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။ ရှင်ယာကုပ်အတွက်သေဆုံးနေသော ယုံကြည်ခြင်းသည် အသုံးမဝင်ပါ။ ဤနေရာ၌ ရှင်ယာကုပ်ပြောပြနေသောအရာကို ကျွန်ုပ်တို့မည်မျှ ဂရုစိုက်ဖို့လိုသနည်း။ စစ်မှန်သောယုံကြည်ခြင်းကို ၎င်းပြုလုပ်ရမည့်အရာကို ကျွန်ုပ်တို့၏အသက်တာ၌ လုပ်ဆောင်ခွင့်ပေးကြဖို့ ရှင်ယာကုပ်ကကျွန်ုပ်တို့ကို ဆင့်ခေါ်နေပါသည်။ ကျွန်ုပ်တို့၏နှလုံးသားများကို စစ်မှန်သောယုံကြည်ခြင်းအတွက်ဖွင့်ဟထားလျှင် ကျွန်ုပ်တို့သည် နာခံခြင်းနှင့်လက်တွေ့လုပ်ဆောင်ခြင်းဆီသို့ ဆောင်ယူခြင်းခံကြရပါလိမ့်မည်။ ဘုရားသခင်သည် သင့်ရဲ့နှလုံးသားထဲ၌မည်သည့်အရာကို ထည့်သွင်းခဲ့ပါသနည်း။ သင်သည်ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ထံမှ မည်သည့်အရာ

ကိုကြားနေရပါသနည်း။ ထိုယုံကြည်ခြင်းသည် သင့်ကိုနာခံမှုရှိသောလက်တွေ့ လုပ်ဆောင်ဆီသို့ ဆောင်ယူသွားမည့်အခွင့်ကို ပေးပါ။ စိတ်ချခြင်း၊ ယုံကြည်ခြင်းတို့ဖြင့် ရှေ့သို့သွား၍ သင့်ရဲ့ယုံကြည်ခြင်းသည် အစစ်အမှန်ဖြစ်ကြောင်းကို သက်သေပြပါ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- စစ်မှန်သည့် ကယ်တင်ပိုင်သောယုံကြည်ခြင်း၏ သက်သေအထောက်အထားမှာအဘယ်နည်း။
- နတ်ဆိုးများကဘုရားသခင်နှင့် ဘုရားသခင်၏တန်ခိုးတော်ကို ယုံကြည်ခြင်းနှင့် အာဗြဟံ၏ယုံကြည်ခြင်းတို့၏ ခြားနားချက်မှာ အဘယ်နည်း။
- ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အားမည်သည့်အရာကို ပြုလုပ်ဖို့ (သို့) စွန့်စားဖို့စွမ်းဆောင် ထောက်ကူပေးပါသနည်း။
- ရာခပ်အတွက် ယုံကြည်ခြင်းဆိုသည်မှာ အဘယ်နည်း။
- သင့်ရဲ့အသက်တာ၌ စစ်မှန်သည့်ကယ်တင်ပိုင်သော ယုံကြည်ခြင်း၏ သက်သေအထောက်အထားမှာ အဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- မည်သည့်အဖိုးအခပင် ပေးရပေးရ နာခံခြင်း၌ရှေ့သို့ သင့်ကိုတွန်းပို့မည့်ယုံကြည်ခြင်းတစ်ခုကို ပေးသနားဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- သင့်အသက်တာ၌ စစ်မှန်သောယုံကြည်ခြင်းကို သက်သေပြဖို့ သင့်ကိုဟန့်တားနေသောအရာကို သင့်အားဖော်ပြပေးဖို့ ဘုရားသခင်ထံ၌

တောင်းလျှောက်ပါ။

- သင့်ရဲ့ယုံကြည်ခြင်းကို တိုးပွားစေဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- ဘုရားသခင်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်း၊ ကျွန်ုပ်တို့၏စိတ်ချအားထားရခြင်းနှင့် ထိုက်တန်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။

## ၁၀
## လျှာကိုယဉ်ပါးအောင်ထိန်းချုပ်ခြင်း

ယာကုပ် ၃း၁-၁၂ ကိုဖတ်ရှုပါ။

ရှင်ယာကုပ်သည် မိမိရေးသားသော စာစောင်၏အခန်းကြီး ၃တွင် လျှာကိုအသုံးပြုပုံအကြောင်းကို ပြန်ပြောထားခဲ့သည် (၁း၁၉၊၂၆ ကိုကြည့်ပါ)။ စစ်မှန်သောယုံကြည်ခြင်းသည် ခရစ်ယာန်တို့၏အသက်တာတွင် အလွန်လက်တွေ့ကျသောနည်းလမ်းများဖြင့် ထင်ရှားခဲ့လိမ့်မည်ဟု ရှင်ယာကုပ်အခိုင်အမာယုံကြည်ခဲ့သည်။ လူတို့ပြောဆိုသောစကားလုံးများသည် ၎င်းတို့စိတ်နှလုံးအခြေအနေ၏ထင်ရှားပြတ်သားသော ညွှန်ပြချက်များဖြစ်ကြသည်။ ဤကျမ်းချက်တွင် ရှင်ယာကုပ်က လျှာကိုအသုံးပြုပုံအား စစ်မှန်သောယုံကြည်ခြင်း၏ တိုင်းတာမှုတစ်ခုအဖြစ် ပြောပြထားသည်။

ရှင်ယာကုပ်သည် သမ္မာတရားကို ဟောပြောရန် မိမိတို့၏လျှာကို အသုံးပြုသောသူများကို အကျဉ်းချုပ်ခွန်အားပေးခြင်းနှင့်အတူ ဤအခန်းကို ဖွင့်လှစ်ခဲ့သည်။ ရှင်ယာကုပ်က ဆရာများအား များစွာသောပညာဗဟုသုတသည်များစွာသော တာဝန်ဝတ္တရားနှင့်အတူရောက်လာကြောင်းကို အသိပေးခဲ့သည်။ ဆရာဖြစ်လိုသောသူများသည် မိမိတို့သွန်သင်ပေးသော စည်းမျဉ်းဥပဒေသများအတိုင်း ရှင်သန်ကြဖို့လိုအပ်သည်။ ဤအချက်က ရှင်ယာကုပ်၏သွန်သင်ချက်များသည် လက်တွေ့သဘောကို ဆောင်ကြကြောင်း တစ်ဖန်ပြသနေပါသည်။ စစ်မှန်သောယုံကြည်ခြင်းသည် နှုတ်သက်သက်ဖြင့်သာ သက် သေပြရ

သည်မဟုတ်၊ လုပ်ဆောင်မှုအားဖြင့်လည်း ပြသရကြောင်းကို သူအခိုင်အမာ ယုံကြည်နေခဲ့သည်။ ရှင်ယာကုပ်၏ပြောဆိုထားချက်အရ၊ သွန်သင်ပေး ခြင်းသည် ဂုဏ်ယူလေးစားထိုက်သောအလုပ်ဖြစ်သော်လည်း၊ မိမိသွန်သင် ပေးသည့်အရာကို ကိုယ်တိုင်ပြုလုပ်ဖို့ပျက်ကွက်ခြင်းထက် မသွန်သင်ပေးဘဲ နေခြင်းကပို၍ ကောင်းခဲ့လိမ့်မည်။ ရှင်ယာကုပ်က ဆရာများအား ၎င်းတို့သည် ဘုရားသခင်၏ပို၍တင်းကျပ်သောစီရင်ခြင်းကို ခံရမည့်အကြောင်း သတိပေးခဲ့သည်။

သို့သော်ဤအရာသည် ကျွန်ုပ်တို့အသက်တာအတွက်ထားရှိသော ဘုရားသခင်၏အလိုတော်အား လုပ်ဆောင်ခြင်းကို ကြောက်ရွံ့သွားစေဖို့ (သို့) ဆီးတားဖို့မဟုတ်ပါ။ သို့သော်သွန်သင်သူဆရာ (သို့) တရားဟောဆရာ အဖြစ်သို့ဆင့်ခေါ်ခြင်းခံထားရသောသူများသည် မိမိတို့သွန်သင်ဟောပြောသောရာကို ကိုယ်တိုင်လက်တွေ့ရှင်သန်ခြင်းဖြင့် စိတ်နှလုံး၌ဘုရားကိုကြောက်ရွံ့ခြင်းနှင့်အတူ အမှုတော်ဆောင်၍ ဘုရားသခင်၏အလိုတော်ကိုလုပ်ဆောင် လိုသောတောက်လောင်နေသည့် စိတ်ဆန္ဒတစ်ခုရှိဖို့ လိုအပ်သည်။

ဤသို့ပြောဆိုရာတွင် သွန်သင်သူဆရာများနှင့် တရားဟောဆရာများဖြစ်ကြသော ကျွန်ုပ်တို့အနေဖြင့် ပကတိပြည့်စုံဖို့လိုအပ်သည်ဟု မဆိုလိုပါ။ ပကတိပြည့်စုံကောင်းမွန်ခြင်းသည် ဆရာများနှင့်တရားဟောဆရာများအတွက် ပြဋ္ဌာန်းချက်တစ်ခုဖြစ်လျှင် မည်သူမျှအရည်အချင်းပြည့်မှီမည်မဟုတ်ပါ။ ရှင်ယာကုပ်က အခန်းငယ် ၂ တွင် ကျွန်ုပ်တို့သည် အသက်တာ၌မြောက်မြားစွာသော နည်းလမ်းများဖြင့် ပြိုလဲကြမည့်အကြောင်းကို အလွန်ရှင်းလင်းစွာ ပြောပြထားသည်။ မည်သူမျှမပြည့်စုံပါ။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၌ ဘုရားသခင်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းကို မပြည့်မီကြပါ။

ကျွန်ုပ်တို့အားလုံးသည် သခင်ခရစ်တော်၏အသွေးတော်အားဖြင့် ပေးသနားထားသော ဂရုဏာတရားနှင့် အပြစ်လွှတ်ခြင်းတရားတို့ကို လိုအပ်

ကြသည်။ ဆရာများအနေဖြင့် အပြစ်ကိုကျူးလွန်မိသောအခါတွင် အလျင်အမြန်နောင်တရ၍ ခွင့်လွှတ်ခြင်းတရား၌ လျှောက်လှမ်း၍ နာခံခြင်းတရား၌ ကြီးထွားလာကြဖို့ သင်ယူကြရမည်။ သူတို့သည် သိသိကြီးနှင့်အပြစ်ဒုစရိုက်တွင် ဆက်လက်ကျင်လည်မည့်အစား ဘုရားသခင်နှင့်သင့်မြတ်သောဆက်ဆံရေးကို ပြန်လည်ရရှိအောင် ပြုလုပ်ကြရမည်။

ရှင်ယာကုပ်က ပြည့်စုံသောသူမှာ မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းရှိသောသူဖြစ်သည်ဟု ကျွန်ုပ်တို့ကိုပြောပြထားသည် (ငယ် ၂)။ ရှင်ယာကုပ်က ဤအချင်းအရာကို အခန်းငယ် ၃ တွင်မြင်း၏ပါးစပ်၌ ခွံ့ထားသောဇက် (ပါးချုပ်တန်း)နှင့် ခိုင်းနှိုင်းထားသည်။ မြင်းကိုမည်သည့်နေရာသို့သွားရန် ပြောပြဖို့ ပါးစပ်ထဲ၌ဇက်ကို ခွံ့ထားရသည်။ ကျွန်ုပ်တို့သည်မြင်းကို သေးသယ်သောဤဇက် (ပါးချုပ်တန်း)အားဖြင့် ထိန်းချုပ်ကြသည်။

အခန်းငယ် ၄တွင် တမန်တော်ကြီးက သင်္ဘောတစ်စီးရှိ တက်မ၏ပုံဥပမာကို အသုံးပြုခဲ့သည်။ သင်္ဘောတစ်စီးသည် ကြီးမားသောရေယာဉ်ဖြစ်၍ ကြမ်းတမ်းသော လှိုင်းများကြားတွင်လူးလှိမ့်လျက် သွားလာရသည်။ ထိုကြီးမားသောသင်္ဘောတစ်စီး၏ ဦးတည်ချက်ကို မည်သည့်အရာက ထိန်းချုပ်ထားပါသနည်း။ သင်္ဘော၏ဝမ်းဗိုက်ရှိ သေးငယ်သောတက်မလေးက ထိန်းချုပ်ထားပါသည်။ ထိုတက်မလေးကို ဟိုဘက်သည်ဘက်လှည့်စေခြင်းဖြင့် သင်္ဘောကို ရေယာဉ်မှူးသွားစေလိုသည့် ဦးတည်ချက်ဆီသို့ ထိန်းကျောင်းပေးပါလိမ့်မည်။

မြင်း၏ပါးစပ်ထဲ၌ ခွံ့ထားသောဇက်နှင့် သင်္ဘောဝမ်းဗိုက်အောက်ရှိ တက်မတို့မှာ သေးငယ်သောအစိတ်အပိုင်းလေးများ ဖြစ်ကြသော်လည်း အစွမ်းကြီးသောဝတ္ထုပစ္စည်းများ၏ ဦးတည်ချက်ကို တိုင်းတာပေးနိုင်စွမ်းရှိကြသည်။ တက်မနှင့်ဇက်တို့ကို ထိန်းချုပ်သောသူသည် သင်္ဘော၏သွားရာလမ်းကြောင်းနှင့်မြင်း၏ဦးတည်ချက်တို့ကို ထိန်းချုပ်ထားပါသည်။ အလားတူစွာပင် ကျွန်ုပ်တို့

၏အသက်တာစီးဆင်းပုံနှင့် ဦးတည်ချက်တို့သည် ကျွန်ုပ်၏စိတ်ဆန္ဒများနှင့် စိတ်အာသာကို ကျွန်ုပ်မည်မျှထိန်းချုပ်နိုင်သနည်းဟူသောအချက်ပေါ်၌ အမြဲတမ်းမူတည်နေသည်။

ရှင်ယာကုပ်ကဆက်လက်၍ ကျွန်ုပ်တို့၏လျှာအား အသုံးပြုပုံကိုပင် ထိန်းချုပ်ရန်အလွန်ခက်ခဲနိုင်ကြောင်းကို ပြသခဲ့သည်။ ရှင်ယာကုပ်က မိမိ၏ စာဖတ်ပရိတ်သတ်တို့အား လျှာသည်လူကိုယ်ခန္ဓာ၌ အလွန်သေးငယ်သော အစိတ်အပိုင်းဖြစ်သော်လည်း မယုံကြည်နိုင်လောက်သော ပျက်စီးဆုံးရှုံးမှုကို လည်း ဖြစ်စေနိုင်ကြောင်းကို အသိပေးခဲ့သည် (ငယ် ၅)။ လျှာသည်သေးငယ် သော်လည်း ကြီးမားသောအရာများကို ဝါကြွားတတ်သည်။ သေးငယ်သောလျှာ သည်မိမိကိုယ်ကို ဘုရားသခင်၏အရာအထိပင် ချီးမြှောက်တတ်သည်။ သမိုင်း စာမျက်နှာတွင် လူဘယ်နှစ်ယောက်က ၎င်းတို့၏ကြီးမားသောအောင်မြင်မှု များနှင့် ကြီးမားသောလုပ်ဆောင်မှုများအတွက် ဝါကြွားဂုဏ်ယူခဲ့ကြပါသနည်း။ အချို့ကသူတို့ကိုယ်သူတို့ ဘုရားများအဖြစ်ပင် ကြွေးကြော်ခဲ့ကြသည်။ လျှာသည် ကြီးမားသောဝါကြွားခြင်းကို ပြုလုပ်တတ်သည်။ လူတို့၏အသက်တာနှင့် ဘဝပန်းတိုင်များကို ထိုဝါကြွားခြင်းများအားဖြင့် ပုံဖော်နိုင်ပါသည်။ ထိုကဲ့သို့ သောဝါကြွားခြင်းကို ပြုလုပ်သည့်လျှာသည် ၎င်း၏အပြုအမူအတွက် ရှင်းလင်း ချက်ကို ပေးရပါလိမ့်မည်။

ရှင်ယာကုပ်ကဆက်လက်၍ သေးငယ်သောမီးပွားလေးတစ်ခုသည် သစ်တောတစ်အုပ်လုံးကိုပင် မီးစွဲလောင်စေနိုင်ကြောင်းပြောထားသည်။ လျှာ သည်လည်း သေးငယ်သောမီးပွားလေးတစ်ခု၏ သေစေနိုင်လောက်သောအစွမ်း ကိုပိုင်ဆိုင်ထားသည်။ ခန္ဓာကိုယ်၏ သေးငယ်သောအစိတ်အပိုင်းလေးသည် လူတစ်ယောက်လုံးကို ပျက်စီးယိုယွင်းစေနိုင်သကဲ့သို့ ခရစ်တော်၏ကိုယ်ခန္ဓာ ကိုလည်း ဆိုးဆိုးဝါးဝါးထိခိုက်ပျက်စီးစေနိုင်ပါသည်။ လျှာသည်ကျွန်ုပ်တို့၏

သမိုင်းသက်သေကိုလည်း ဖျက်ဆီးနိုင်ပါသည်။ အတင်းအဖျင်းစကားနှင့် အသရေဖျက်ပုတ်ချခြင်းစကားတို့ကို ပြောနိုင်သောလျှာကြောင့် သာသနာလုပ်ငန်းများစွာမှာ ပျက်စီးခဲ့ကြရသည်။

အခန်းငယ် ၆ တွင် ရှင်ယာကုပ်က ၎င်း၏ဖျက်ဆီးတတ်သော မီးတောက်များကို အပယ်ငရဲ၏မီးများမှ ရယူထားသည်ဟု အစွန်းအထိတိုင် ပြောခဲ့သည်။ သင်သည် ငရဲမီးသင့်လျှာ၏ ဆိုးညစ်၍ဖျက်ဆီးတတ်သောအစွမ်းကို ကြုံတွေ့ကောင်းကြုံတွေ့ ခံစားခဲ့ရသည်။ သင်သည်ကျိန်ဆဲခြင်းများနှင့် အသရေဖျက်ခြင်းတို့၏ သားကောင်းဖြစ်ကောင်းဖြစ်ခဲ့ရပေမည်။ သင်သည်ထိုအရာကို ပြုလုပ်နေသောအရင်းအမြစ်လည်း ဖြစ်ကောင်းဖြစ်ခဲ့ပေမည်။

အခန်းငယ် ၇တွင် ရှင်ယာကုပ်က ယဉ်ပါးအောင်ထိန်းကျောင်းခြင်းခံရသောသားရဲတိရိစ္ဆာန်မျိုးစုံ၊ ငှက်များ၊ တွားသွားတတ်သောတိရိစ္ဆာန်များအကြောင်းကို ပြောပြခဲ့သည်။ အချို့သောငါးများပင်လျှင် လူတို့၏ယဉ်ပါးလာအောင်ထိန်းကျောင်းခြင်းကို ခံကြရသည်။ ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးတွင် လျှာကိုပကတိပြည့်စုံစွာ ယဉ်ပါးအောင်ထိန်းကျောင်းနိုင်ခဲ့သူမရှိခဲ့ပါ။ ကျွန်ုပ်တို့၏အသက်တာ၌ ကြိမ်ဖန်များစွာ တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။ မိမိတို့၏လျှာကိုလုံးလုံးလျားလျား ယဉ်ပါးအောင်ထိန်းချုပ်နိုင်ခဲ့ပါပြီဟု ကျွန်ုပ်တို့ထဲမှ မည်သူကပြောနိုင်ပါသနည်း။ ရှင်ယာကုပ်၏ပြောဆိုထားချက်အရ လျှာသည် “မဆုံးမနိုင်သော အဆိုးအညစ်” ဖြစ်သည် (ငယ် ၈)။ ဆိုးညစ်ခြင်းသည် သီလမရှိ၊ ဇာတိဆန်သောလျှာပေါ်တွင် ကြီးထွားတိုးပွားပါသည်။ ၎င်းသည် သေစေနိုင်သောအဆိပ်နှင့် ပြည့်စုံနေ၍ ထိုအရာကို လွှင့်ထုတ်သောအခါ ပျက်ဆီးဆုံးရှုံးခြင်းကို ဖြစ်စေပါသည်။

လျှာသည်ဆိုးညစ်သောအရာကိုသာ ပြောနိုင်သည်မဟုတ် ဘုရားသခင်ကိုလည်း ချီးမွမ်းကိုးကွယ်နိုင်ကြောင်းကို ရှင်ယာကုပ်ကကောင်းကောင်း

သတိထားမိသည်။ ဘုရားသခင်ကို ချီးမွမ်းကိုးကွယ်သောလျှာသည် အခြားတစ်ချိန်တွင် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသည့်လူများကိုကျိန်ဆဲနိုင်ပါသည်။ တနင်္ဂနွေနေ့များတွင် ကျွန်ုပ်တို့၏သခင်ဘုရားကို ချီးမွမ်းသည့်သီချင်းများကို သီဆိုကြသော်လည်း တနင်္လာနေ့များတွင် ကျွန်ုပ်တို့၏လုပ်ဖော်ဆောင်ဖက်များကို အပြစ်တင်ကဲ့ရဲ့ရှုတ်ချကြသည်။ ဤသည်မှာ လျှာကို ယဉ်ပါးအောင်မထိန်းချုပ်နိုင်းသေးခြင်း၏ သက်သေအထောက်အထားပင်ဖြစ်သည်။ ပါးစပ်တစ်ပေါက်တည်းက ဘုရားသခင်ကို ချီးမွမ်းခြင်းနှင့် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသည့် လူများကိုကျိန်ဆဲခြင်းတို့ထွက်လာနိုင်သည့်အဖြစ်ကို ရှင်ယာကုပ်က ဖြေရှင်းဖို့ကြိုးစားခဲ့သည်။ ရှင်ယာကုပ်အတွက် ထိုကဲ့သို့သောအဖြစ်သည် လတ်ဆတ်သောရေချိုနှင့် ဆားငံရည်နှစ်မျိုးစလုံးကို ထွက်စေသော စမ်းရေပေါက်နှင့်တူနေပါသည်။

သင်္ဘောသဖန်းပင်သည် သံလွင်သီးကိုမသီးနိုင်ပါ (ငယ် ၁၂ကိုကြည့်ပါ)။ ငန်သောစမ်းရေတွင်းသည်လည်း လတ်ဆတ်သောရေချိုကိုမပေးနိုင်ပါ။ ရှင်ယာကုပ်အတွက် ဆိုးညစ်သောလျှာသည် ဘုရားသခင်ကို ဂုဏ်မပြုနိုင်ပါ။ လျှာကိုစစ်ဆေးဖို့လိုအပ်သည်။ လျှာကိုချည်နှောင်၍ ထိန်းချုပ်ဖို့လိုအပ်သည်။ ထိုသို့မှသာလျှင် ၎င်း၏သေစေနိုင်သောအဆိပ်များကို မလွှင့်ထုတ်နိုင်မည်ဖြစ်သည်။

ဤအခန်းကလျှာ၏ အန္တရာယ်များကို ကျွန်ုပ်တို့အားသတိပေးထားသည်။ ခန္ဓာကိုယ်၏သေးငယ်သော ဤအစိတ်အပိုင်းလေးသည် အံ့ဩလောက်သောမကောင်းမှုကို လုပ်နိုင်စွမ်းရှိသည်။ ၎င်းသည် ခရစ်တော်၏ကိုယ်ခန္ဓာ၌ ပြင်းထန်သော ပျက်ဆီးဆုံးရှုံးမှုများကို ဖြစ်စေနိုင်သကဲ့သို့ အသင်းတော်တစ်ခုလုံးကိုလည်း ဖျက်ဆီးနိုင်စွမ်းရှိသည်။ လျှာကိုစစ်ဆေးခြင်းမရှိဘဲ ဤအတိုင်းလွှတ်ထားလျှင် ၎င်း၏အဆိပ်များကို ထုတ်လွှင့်မည်ဖြစ်ပြီး၊ ထိုအဆိပ်နှင့်ထိတွေ့

သောသူများမှာ အဆိပ်သင့်ခဲ့ကြပါလိမ့်မည်။ ရှင်ယာကုပ်က ဤအသက်တာတွင် လျှာကိုလုံးလုံးလျားလျားထိန်းချုပ်နိုင်မည့်အဖြစ်ကို မယုံကြည်ခဲ့ဟန်ရှိသည်။ သို့သော်ယုံကြည်သူများအနေဖြင့် လျှာကိုထိန်းချုပ်ဖို့ ပြင်းပြင်းထန်ထန်ကြိုးစားအားထုတ်ကြရန် သူအလိုရှိခဲ့သည်။ လျှာသည် ၎င်း၏အရင်းအမြစ်များကို ကျွန်ုပ်တို့၏စိတ်နှလုံးမှ ဆွဲယူပါသည်။ ဤအရာသည် ကျွန်ုပ်တို့၏အတွင်းသဏ္ဍာန်၌ အောင်နိုင်ဖို့လိုအပ်သေးသည့်အရာကို ထင်ဟပ်ပြသမှုတစ်ခုဖြစ်သည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ဘုရားသခင်၏ထိန်းချုပ်ခြင်းကို ခံကြရလျှင်ထိုအရာသည် ကျွန်ုပ်တို့၏လျှာကိုအသုံးပြုပုံ၌ထင်ဟပ်ခဲ့ပါလိမ့်မည်ဟု ပြောပြသည်။ ကျွန်ုပ်တို့၌ စစ်မှန်သောယုံကြည်ခြင်းရှိလျှင်၊ ထိုအရာကို ကျွန်ုပ်တို့၏ပြောဆိုပုံ၌ သက်သေပြပါလိမ့်မည်။ ယုံကြည်ခြင်းနှင့်ပြည့်ဝသောသူများသည် မိမိတို့၏လျှာကို ထိန်းချုပ်ဖို့ တတ်နိုင်သမျှကြိုးစားအားထုတ်ကြပါလိမ့်မည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဆရာတစ်ယောက်၏တာဝန်ဝတ္တရားအကြောင်းကို ရှင်ယာကုပ်က မည်သို့ပြောပြထားသနည်း။ ဆရာတစ်ယောက်သည် မိမိသွန်သင်ပေးသောအရာကို လက်တွေ့ရှင်သန်ပြသဖို့ မည်မျှအရေးကြီးသနည်း။
- အဆီးအတားမဲ့စွာ လွှတ်ထားသောလျှာသည် မည်ကဲ့သို့သောပျက်ဆီးဆုံးရှုံးမှုကို ဖြစ်စေနိုင်ပါသနည်း။ ဤပျက်ဆီးဆုံးရှုံးမှုကိုကိုယ်တွေ့ တွေ့ကြုံဖူးပါသလား။ ရှင်းပြပါ။
- သင့်ရဲ့လျှာသည် သင့်ရဲ့စိတ်နှလုံး၏အခြေအနေကို မည်သို့ပြောပြပါသနည်း။
- စစ်မှန်သောယုံကြည်ခြင်းနှင့် ကျွန်ုပ်တို့၏လျှာကိုအသုံးပြုပုံသည် မည်

သို့ဆက်စပ်နေပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သင့်ရဲ့လျှာကို ထိန်းချုပ်နိုင်ဖို့ ကူညီမစပေးရန်သခင်ဘုရားကို တောင်းလျှောက်ပါ။
- သင့်ရဲ့လျှာကို မထိန်းချုပ်ခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့ ကိုယ်တော့်ကိုတောင်းလျှောက်ပါ။
- သင့်ရဲ့လျှာကအခြားသူများ၏အသက်တာ၌ ဖြစ်ပေါ်စေခဲ့နိုင်သည့် ပျက်ဆီးဆုံးရှုံးမှုများကို ပြုပြင်ကုစားပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။
- သင့်ရဲ့လျှာကို မတော်တရော် အသုံးပြုခဲ့ခြင်းဖြင့် သင်စော်ကားခဲ့သောသူများထံ၌ ခွင့်လွှတ်ခြင်းကို ရှာကြံဖို့ခွန်အားသတ္တိကိုပေးရန် သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

## ၁၁

## အထက်မှဉာဏ်ပညာ

ယာကုပ် ၃း၁၃-၁၈ ကိုဖတ်ရှုပါ။

အခန်းကြီး ၃၏ ဤနောက်တစ်ပိုင်းတွင် ရှင်ယာကုပ်က ယုံကြည်သူများအား လောကီပညာအားဖြင့်မဟုတ်ပဲ၊ အထက်မှသက်ရောက်သောပညာအားဖြင့် ရှင်သန်ကြရန်အတွက် မိမိ၏အမှုထားစရာကိစ္စကို ဖော်ပြခဲ့သည်။ ရှင်ယာကုပ်က ယုံကြည်သူတို့အား ဤအထက်မှသက်ရောက်သောပညာကို ကောင်းမြတ်သောကျင့်ကြံပြုမူခြင်းအားဖြင့် သက်သေပြကြဖို့ စိန်ခေါ်ထားသည် (ငယ်၁၃)။

ဉာဏ်ပညာကို ပြုမူကျင့်ကြံခြင်းနှင့် ခွဲထား၍မရနိုင်ပါ။ ယုဒလူမျိုးတို့၏အတွေးတွင် ဘုရားကိုသိသောဉာဏ်ပညာဆိုသည်မှာ နာမတော်နှင့်ထိုက်တန်သည့် ဘုန်းကြီးခြင်း၊ ဂုဏ်ကြီးခြင်းတို့ကို ဘုရားသခင်ရရှိမည့်အကြောင်း အသက်တာ၌ပညာဗဟုသုတကို ကျွမ်းကျင်ပိုင်နိုင်စွာရယူကျင့်သုံးခြင်းပညာဖြစ်သည်။

အခန်းငယ် ၂၄ နှင့် ၂၅ တွင် ရှင်ယာကုပ်က ဤလောကမှသက်ရောက်လာသောပညာနှင့် ဘုရားသခင်ထံမှသက်ရောက်လာသောပညာတို့၏ကွဲပြားခြားနားချက်ကို ပြုလုပ်ထားကြောင်း သတိပြုပါ။ ရှင်ယာကုပ်က ကျွန်ုပ်တို့အား လောကီပညာသည် နာကျင်ခါးသီးမှု၊ မနာလိုဂုဏ်ပြိုင်မှုတို့ကို လက်သင့်ခံထား၍ အတ္တဆန်သောရည်မှန်းချက်များနှင့်ပြည့်နေသည်ဟုပြောပြထားသည်။

ဆက်လက်၍ လောကီပညာသည် ဝိညာဉ်သဘောမဆောင်၍ နတ်ဆိုးထံမှလာသောအရာဖြစ်သည်ဟုပြောပြထားသည်။ ဤအခန်းငယ်များတွင် ကျွန်ုပ်တို့လေ့လာဖို့ လိုအပ်သောအရေးကြီးသည့်အရာအချို့ရှိသည်။

ပထမအနေဖြင့်၊ မယုံကြည်သူများ၌ပင်ရှိနိုင်သော ပညာတစ်ခုရှိကြောင်းကိုသတိပြုပါ။ မယုံကြည်သူများသည် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ အခြားသူများနှင့်ပေါင်းသင်းဆက်ဆံရာတွင်လည်းကောင်း ပညာရှိနိုင်ကြပါသည်။ ရှင်ယာကုပ်၏ပြောဆိုထားချက်အရ လောကီဆန်သောပညာ၏အဓိကလက္ခဏာမှာ တစ်ကိုယ်ကောင်းဆန်ခြင်းဖြစ်သည်။ လောကီဆန်သောပညာကို ပိုင်ဆိုင်ထားသောသူများက အဓိကအလေးထားသောအရာမှာ ကိုယ့်ကိုယ်ကိုမည်သို့ အကျိုးအမြတ်ရစေမည်နည်းဟူသောအချက်တွင်ဖြစ်သည်။ မိမိတို့၏အကျိုးစီးပွားကို မြှင့်တင်ရာ၌ အလွန်ကျွမ်းကျင်ကြသည်။ သို့သော် လောကီဆန်သောပညာသည် ၎င်းလိုချင်သည့်အရာကိုမရရှိသောအခါ မနာလိုဖြစ်လာသည် (သို့) နာကျင်ခါးသီးလာသည်။

အခန်းငယ် ၁၄ က ကျွန်ုပ်တို့အား လောကီဆန်သောပညာသည် ဝါကြွားခြင်းနှင့် ထောင်လွှားခြင်းတို့ကိုလည်းဖြစ်စေကြောင်း အသိပေးထားသည်။ အသက်တာ၌မိမိတို့၏အောင်မြင်မှုများနှင့် လုပ်ဆောင်ခဲ့မှုများအပေါ်၌ ဝါကြွားကြသောသူများကို သင်ကြုံတွေ့ကောင်းကြုံတွေ့ဖူးပါလိမ့်မည်။ သူတို့သည်မိမိတို့၏ ပညာအားဖြင့်ကြီးမားသော စီးပွားရေးလုပ်ငန်းကြီးများကို ထူထောင်ခဲ့ကြသည် (သို့) အုပ်ချုပ်ရေးပိုင်း၌ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ခဲ့ကြပါသည်။ အချို့ကကြီးမားသော အသင်းတော်ကြီးများကို တည်ထောင်၍ကောင်းမွန်စွာစီမံခန့်ခွဲခဲ့ကြသည်။ သူတို့သည်မိမိတို့အောင်မြင်ခဲ့သောအရာများကို ပြန်ကြည့်ပြီး မာနထောင်လွှား၍ဝါကြွားခဲ့ကြသည်။ မိမိတို့၏ထူးကဲသောပညာကြောင့် ဤအရာများကိုအောင်မြင်ရရှိခဲ့ခြင်းဖြစ်သည်ဟု သူတို့အမှန်

တကယ်ယုံကြည်ခဲ့ကြသည်။

ဒုတိယနေဖြင့်၊ အခန်းငယ် ၁၅ အရ၊ လောကီဆန်သောပညာသည် ဝိညာဉ်သဘောကို မဆောင်ပါ။ ထိုပညာသည် နတ်ဆိုးထံမှဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လောကီပညာဆိုသည်မှာ ၄င်း၏စဉ်းစားသုံးသပ်မှုထဲမှ ဘုရားသခင်ကို ဖယ်ရှားလိုက်သည့် စဉ်းစားတွေးခေါ်မှု စနစ်တစ်ခုဖြစ်သည်။ လောကီပညာသည် ဘုရားသခင်နှင့် လုံးလုံးမသက်ဆိုင်ပါ။ လူတို့ကမိမိတို့၏ အစီအစဉ်များကိုဘုရားသခင်အား တိုင်ပင်ခြင်းမရှိ (သို့) ဘုရားသခင်၏ ရည်ရွယ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ အကောင်အထည်ဖော်ကြသည်။ ဤသို့ဖြစ်ပျက်ရာတွင် နတ်ဆိုးမှာအလွန်ဝမ်းမြောက်နေပါသည်။ နတ်ဆိုးကကျွန်ုပ်တို့အား ထိုကဲ့သို့သောဘုရားမဲ့သည့်အယူအဆဖြင့် ကျွန်ုပ်တို့၏ အသက်တာများကို ရှင်သန်ကြရန် ခွန်အားပေးတိုက်တွန်းနေပါသည်။ ဧဒင်ဥယျာဉ်ကြီးထဲတွင် စာတန်ကဧဝအား အကောင်းအဆိုးကို ဝေဖန် ပိုင်းခြားတတ်သောအပင်မှအသီးကိုစားဖို့ စည်းရုံးသိမ်းသွင်းခဲ့သည်။ စာတန်သည် ဤအချင်းအရာကို ယနေ့တွင်လည်းဆက်လက်လုပ်ဆောင်နေပါသည်။ မြောက်မြားစွာသောလူတို့သည် စာတန်၏ဘုရားမဲ့သောပညာအားဖြင့် လှည့်ဖြားခြင်းကို ခံကြရသည်။

လောကီပညာကို မယုံကြည်သူများ၌သာ တွေ့ရသည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ခေတ်ကာလရှိ အသင်းတော်ထဲတွင်လည်းတွေ့နေရပါသည်။ ကျွန်ုပ်တို့၏အသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့အစည်းများသည် လောကီစီးပွားရေးလုပ်ငန်းများကဲ့သို့ လည်ပတ်နေကြပါသည်။ ဓမ္မဟောင်းကျမ်း၏ စာမျက်နှာများတွင် ဣသရေလရှင်ဘုရင်များသည် စစ်တိုက်သင့်မတိုက်သင့်ကို ဘုရားသခင်ထံ၌ မေးလျှောက်ကြကြောင်းကို အဖန်တလဲလဲတွေ့ရသည်။ သူတို့သည် ဘုရားသခင်၏စိတ်နှလုံးကို သိရှိလိုခဲ့ကြသည်။ ဤသည်မှာ အသင်းတော်၌

အမြဲတမ်းမတွေ့ရသောအရာဖြစ်သည်။ အသင်းတော်များစွာကို လူ့ပညာအားဖြင့်တည်ဆောက်ထားကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များကို ချမှတ်၍ကျွန်ုပ်တို့၏ အယူအဆများကို ဘုရားသခင်အား မရှာကြံပဲမြင့်တင်ကြသည်။ ကျွန်ုပ်တို့သည် ဤအရာကိုသခင်ဘုရား၏ နာမတော်၌ ပြုလုပ်ကြသော်လည်း ကျွန်ုပ်တို့သည်သူ့ကို အမှန်တကယ်တိုင်ပင်ခြင်းလည်းမရှိ၊ အလိုတော်ကိုလည်း မရှာကြံခဲ့ကြပါ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကိုအားမကိုးဘဲဘုရားသခင်၏နည်းလမ်းကို ရှာကြံကြရန်မှာ အဘယ်မျှအရေးကြီးပါသနည်း။ လောကီပညာသည် ဘုရားသခင်၏နိုင်ငံတော်ကို ရှေ့သို့တိုးတက်စေမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် လောကီပညာအားဖြင့် ကြီးမားသောအသင်းတော်ကြီးများကို တည်ဆောက်နိုင်ကြပါသည်။ ကျွန်ုပ်တို့သည် လူအုပ်ကြီးတစ်အုပ်ကို ဆွဲဆောင်နိုင်၍ သူတို့ကိုစိတ်ကျေနပ်စေနိုင်ပါသော်လည်း ထိုသို့ပြုလုပ်ခြင်းဖြင့် ဘုရားသခင်၏နိုင်ငံတော်ရှေ့သို့ တိုးတက်သွားပါသလား။ ကျွန်ုပ်တို့ဘုရားသခင်နှင့်ပို၍ နီးကပ်သွားပါသလား။ ဘုရားသခင်ဘုန်းတော်ထင်ရှားပါသလား။

ကျွန်ုပ်တို့သည် နတ်ဆိုး၏တန်ခိုးအစွမ်းကိုအောင်နိုင်ဖို့ သာ၍ထူးကဲသောပညာကိုလိုအပ်ပါသည်။ ကျွန်ုပ်တို့၏လောကီတတ်ကျွမ်းမှုများနှင့် ပညာသည်စာတန်ကိုမတုန်လှုပ်စေပါ။ သို့သော်ဘုရားသခင်ထံမှလာသော ပညာအားဖြင့်သာ စာတန်၏ကြိုးစားအားထုတ်မှုများမှာပျက်စီးရပါသည်။

အခန်းငယ် ၁၆ အရ၊ လောကီပညာသည် ပင်ကိုယ်အားဖြင့်တကိုယ်ကောင်းဆန်၍ မသင့်မြတ်ခြင်းများကို ဖြစ်စေပါသည်။ လောကီပညာ၏ ပုဂ္ဂလရည်မှန်းချက်များ၊ လိမ်ညာလှည့်ဖြားမှုများ၊ အပြောနှင့်အလုပ်မညီခြင်းများသည် ရန်ငြိုးဖွဲ့ခြင်းများနှင့် မကျေမချမ်းမှုများကို မလွဲဧကန်ဖြစ်စေပါလိမ့်မည်။ ဆက်ဆံရင်းနှီးမှုများ ဆိုးရွားယိုယွင်းလာသည်နှင့်အမျှ ဖရိုဖရဲဖြစ်ခြင်းများနှင့်

ရှုပ်ထွေးမှုများလည်း တိုးလာပါလိမ့်မည်။ ဆိုးဝါးလှသော ဤပတ်ဝန်းကျင်အခြေအနေတွင် စိတ်ကူး၍ရနိုင်သော အပြစ်ဒုစရိုက်မျိုးစုံလည်းရှိနေသည်။

ဆိုးညစ်လှသော ဤလောကီပညာနှင့်ဆန့်ကျင်နေသောပညာမှာ အထက်မှဆင်းသက်လာသောပညာဖြစ်သည်။ အထက်မှသက်ဆင်းလာသောပညာသည် သန့်ရှင်းစင်ကြယ်သည် (ငယ် ၁၇)။ ဆိုလိုသည်မှာ ထိုပညာသည် အပြစ်ဒုစရိုက်နှင့် ၎င်း၏ညစ်ညမ်းမှုများမှ ကင်းလွတ်လျက်ရှိသည်။ အထက်မှသက်ရောက်လာသောပညာတွင် တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် နာကျည်းခါးသီးခြင်းတို့မရှိပါ။ ထိုပညာသည် မှန်ကန်သောအရာကို အဓိကအလေးထားသည်။ ပုဂ္ဂလအကျိုးအမြတ်ကို အလေးမထားပါ။ အထက်မှသက်ရောက်လာသောပညာတွင် ကွယ်ဝှက်ထားသော ရည်ရွယ်ခြင်းများမရှိပါ။ ထိုပညာသည် အတ္တမဲ့၍ရိုးသားဖြူစင်ပါသည်။ ၎င်း၏တစ်ခုတည်းသောဆန္ဒမှာ ဘုရားသခင်၏ အလိုတော်နှင့်ဘုန်းတော်ဖြစ်သည်။

အထက်မှသက်ရောက်သောပညာ၏ အခြားလက္ခဏာတစ်ခုမှာ ငြိမ်းချမ်းရေးကို မြတ်နိုးခြင်းဖြစ်သည်။ လောကီပညာသည် ဗရုန်းသုန်းကားဖြစ်ခြင်းနှင့်အထင်လွဲခြင်းများကိုသာ ဖြစ်စေချိန်တွင် အထက်မှသက်ရောက်လာသောပညာသည်စည်းလုံးညီညွတ်ခြင်းကိုဖြစ်စေသည်။ အထက်မှသက်ရောက်သောပညာ၏အဓိကအရာမှာ ခွန်အားပေးခြင်းနှင့်သူတစ်ပါးကို ထည့်သွင်းစဉ်းစားပေးခြင်းဖြစ်သည်။ ဤပညာသည်ကိုယ့်ကိုယ်ကိုအခြားသူများ၏ အထက်၌မချီးမြှောက်တတ်ပါ။ သို့သော်သခင်ယေရှုနည်းတူ နှိမ့်ချခြင်း၊ ဝန်ခံအပ်နှံခြင်းတို့နှင့်အတူ ကိုယ်အသက်ကိုပေးဆပ်ရန် လိုလိုလားလားရှိနေပါသည်။

ဘုရားသခင်ထံမှရောက်လာသောပညာသည် ဂရုဏာ၊ ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်ခြင်းတို့နှင့် ပြည့်ဝနေသည်။ ထိုပညာသည် မာနထောင်လွှားခြင်း၌ ကိုယ်ကိုယ်ကိုမချီးမြှောက်တတ်ပါ။ အဆိုးကိုအဆိုးအားဖြင့်လည်း

မတုံ့ပြန်ပါ။ ၎င်းကိုပြစ်မှားသေသူများအပေါ်၌ သနားခြင်းဂရုဏာကိုပြပါသည်။ အပြစ်ကိုခွင့်လွှတ်ပေး၍ ထိုအပြစ်ကိုမေ့ပျောက်လိုက်ပါသည်။ သို့သော်လောကီပညာမှာမူ မိမိခံစားခဲ့ရသောမတရားမှုများကို စာရင်းပြုစု၍တေးမှတ်ထားတတ်သည်။

အထက်မှသက်ရောက်လာသောပညာသည် မျက်နှာမလိုက်၊ ဖြူစင်ရိုးသားသည်။ ထိုပညာသည် လူပုဂ္ဂိုလ်ကိုအထင်ကြီးသောပညာမဟုတ်ပါ။ တစ်နည်းအားဖြင့်ဆိုရလျှင် ၎င်းသည်အပြင်ပန်းအသွင်အပြင်ကို မကြည့်တတ်ပါ။ ၎င်းသည်အခြားသူများနှင့် ဆက်ဆံရာတွင် ရိုးသား၍ပွင့်လင်းသည်။ ၎င်းအဓိကအလေးထားသောအရာမှာ အမှန်တရားနှင့်တရားမျှတမှုပေါ်ထွက်လာရေးဖြစ်သည်။

သင်သည်သင့်ရဲ့သာသနာလုပ်ငန်းကို သခင်ဘုရားအတွက်အသုံးဝင်စေလိုလျှင် အထက်မှသက်ရောက်လာသော ဤပညာကိုလိုအပ်သည်။ သင်သည်ဘုရားသခင်ကို နှစ်သက်ကျေနပ်စေသောအသက်တာဖြင့် ရှင်သန်လိုလျှင် သင့်ရဲ့ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုအပေါ်၌ ယုံကြည်အားထား၍မရပါ။ ကျွန်ုပ်တို့သည်သခင်ဘုရားနှင့် သခင်ဘုရား၏ရည်ရွယ်ချက်ကို တစ်နေ့ပြီးတစ်နေ့ရှာကြံရမည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို ဘုရားသခင့်နှုတ်ကပတ်တော်၏သွန်သင်ချက်၌အပ်ထားရမည်။ ကျွန်ုပ်တို့၏အသက်တာများ၌လည်းကောင်း၊ သာသနာလုပ်ငန်းများ၌လည်းကောင်း သခင်ဘုရား၏လမ်းပြခြင်းနှင့်လမ်းညွှန်ချက်များကို ရှာကြံကြဖို့လိုအပ်သည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သာ၍ နက်နဲသောမိတ်သဟာယဖွဲ့ခြင်းထဲသို့ ဝင်ရောက်ကြရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ပိုင်အယူအဆများနှင့် အစီအစဉ်များ၌ သေဖို့လိုအပ်ပြီး၊ ဘုရားသခင်၏ အယူအဆနှင့်အစီအစဉ်ကို ရှာကြံဖို့လိုအပ်သည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်နားလည်တတ်ကျွမ်းမှုကို ယုံကြည်အားထား

သည်ထက် ဘုရားသခင်၏လမ်းပြခြင်းကို ယုံကြည်အားထားတတ်ဖို့ သင်ယူကြရမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- လောကီပညာ၏ လက္ခဏာများမှာအဘယ်နည်း။
- အထက်မှသက်ရောက်လာသောပညာသည် လောကီပညာနှင့်မည်သို့ကွဲပြားခြားနားသနည်း။
- အထက်မှသက်ရောက်လာသောပညာသည် မည်သူထံမှရောက်လာပါသနည်း။
- သင့်ရဲ့ကိုယ်ပိုင်လောကီပညာဖြင့် အမှုတော်ဆောင်ရန် (သို့) ရှင်သန်နေထိုင်ရန် သင့်ကိုသင်ကြိုးစားအားထုတ်ခဲ့ကြောင်းကို တွေ့ဖူးပါသလား။ လောကီပညာမှမည်သည့်အသီးအပွင့်ကို သင်မျှော်လင့်နိုင်ပါသနည်း။
- ဖြောင့်မတ်ခြင်းအားရိတ်သိမ်းခြင်းကိုဖြစ်စေရန် အထက်မှသက်ရောက်လာသောပညာသည် အဘယ့်ကြောင့်မရှိမဖြစ်လိုအပ်ရသနည်း။

## ဆုတောင်းရန်အချက်များ

- သင်သည်အထက်မှသက်ရောက်လာသော ပညာကိုဥပေက္ခာပြု၍ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လှုပ်ရှားဖို့ရွေးချယ်ခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ဘုရားသခင်သည် မိမိ၏ပညာကို ကျွန်ုပ်တို့အားပေးသနားဖို့ လိုလိုလားလားရှိနေသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။

- ဘုရားသခင်၏ရည်ရွယ်ချက်ကို ပို၍သိမြင်ခံစားနိုင်ရန် သင့်ရဲ့စိတ်နှလုံးကို ဖွင့်ပေးဖို့တောင်းလျှောက်ပါ။ ယနေ့အတွက်ဉာဏ်ပညာကို သင့်အားပေးသနားဖို့ တောင်းလျှောက်ပါ။
- အရာခပ်သိမ်း၌ ဘုရားသခင်နှင့်ဘုရားသခင်၏ ရည်ရွယ်ချက်ကို ရှာကြံရန်သာ၍ ကြီးမားပြင်းထန်သော စိတ်ဆန္ဒကိုသင့်အားပေးသနားဖို့ တောင်းလျှောက်ပါ။

## ၁၂
## လောကနှင့်မိတ်ဆွေဖွဲ့ခြင်း

ယာကုပ် ၄း၁-၆ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ယာကုပ်က အထက်မှ သက်ရောက်လာသောပညာနှင့် လောကီပညာ၏ကွဲပြားခြားနားချက်များကို ဆွေးနွေးပြောဆိုခဲ့သည်။ ထိုပညာနှစ်ခု၏ သိသာထင်ရှားသော ကွဲပြားခြားနား ချက်တစ်ခုမှာ အထက်မှသက်ရောက်လာသောပညာသည် နှိမ့်ချခြင်းနှင့် ငြိမ်းချမ်းသင့်တင့်ခြင်းကို ဖြစ်စေချိန်တွင် လောကီပညာသည်မာနထောင်လွှား ခြင်း၊ ဂုဏ်ပြိုင်ရန်ငြိုးဖွဲ့ခြင်း၊ နာကျည်းခါးသီးခြင်းတို့ကို ဖြစ်စေပါသည်။ အခန်းကြီး ၄ကို ကျွန်ုပ်တို့စတင်လေ့လာသည်နှင့်အမျှ ရှင်ယာကုပ်က ထိုဂုဏ်ပြိုင်ရန်ငြိုး ဖွဲ့ခြင်းနှင့် နာကျည်းခါးသီးခြင်းတို့အကြောင်းကို ပြောပြ၍၊ ၎င်းတို့သည် စစ်တိုက် ခြင်းနှင့်ရန်တွေ့ငြင်းခုန်ခြင်းတို့၌ မည်သို့ထင်ရှားထွက်ပေါ်လာစေကြသည်ကို ရှင်းပြထားသည်။

အခန်းငယ် ၁ တွင် ရှင်ယာကုပ်က "သင်တို့တွင် စစ်တိုက်ခြင်း၊ ရန် တွေ့ခြင်းသည် အဘယ်အကြောင်းကြောင့်ဖြစ်သနည်း" ဟုဘွင်းဘွင်းရှင်းရှင်း မေးခဲ့သည်။ ရှင်ယာကုပ်သည် မိမိတို့၏ဆက်ဆံရင်းနှီးမှုများ၌ ရုန်းကန်နေကြ ရသည့် ယုံကြည်သူများထံသို့ ရေးသားနေသည်မှာထင်ရှားသည်။ သူတို့သည် မိမိတို့၏ ယုံကြည်ခြင်းကို တစ်ဦးအပေါ်တစ်ဦးလက်တွေ့ရှင်သန်ပြသရာ၌ ပြဿနာများရှိနေကြသည်။ ရှင်ယာကုပ်က ဤပြဿနာကို ပြောပြလိုသည်။

ရန်တွေ့ခြင်းများကို ဖြစ်စေသည့်အကြောင်းကိုမေးခွန်းထုတ်ပြီးနောက်တွင် ရှင်ယာကုပ်က ထိုမေးခွန်းကိုကိုယ်တိုင်ပြန်ဖြေခဲ့သည်။ ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိတ်သတ်တို့အား ဤခိုက်ရန်ဖြစ်ပွားခြင်းသည် သူတို့၏စိတ်နှလုံးအထဲ၌တိုက်ပွဲဖြစ်နေကြသော တပ်မက်စိတ်များမှ ရောက်လာသည်ဟု အသိပေးခဲ့သည်။ ဤတပ်မက်စိတ်များသည် ၎င်းတို့၏ဇာတိပကတိမှရောက်လာကြသည်။ ဇာတိစိတ်သည် အခြားသူများကောင်းကြီးခံရချိန်တွင် မနာလိုငြူစူတတ်သည်။ မိမိသာပထမဖြစ်လိုသည်။

ဤယုံကြည်သူများသည် ဝိညာဉ်တော်ကိုသာ နာခံခဲ့ကြလျှင် မိမိတို့၌ရှိနေသည့်အရာနှင့် တင်းတိမ်ရောင့်ရဲခဲ့ကြပါလိမ့်မည်။ တစ်ဦးတစ်ယောက်ကောင်းကြီးခံစားရသောအချိန်တွင် ဝမ်းမြောက်ခဲ့ကြပါလိမ့်မည်။ သူတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ရုံသာမက၊ ထိုသူတို့၏ကောင်းကြီးမင်္ဂလာ၌ နောက်ထပ်ကောင်းကြီးမင်္ဂလာများကို ပေါင်းထည့်ရန် မိမိတို့၏အပိုင်းကဏ္ဍကို ဆက်လက်လုပ်ဆောင်ကြပါလိမ့်မည်။ သူတို့သည်ခရစ်တော်၌တည်သော မိမိတို့၏ညီအစ်ကိုမောင်နှမများအဖို့အလို့ငှါ မိမိတို့၏အကျိုးစီးပွားကိုပင် စွန့်လွှတ်အနစ်နာခံကြပါလိမ့်မည်။

သို့သော်သူတို့၏ ဇာတိတောင့်တမှုများကို နာခံကြသောအခါအရာအားလုံးပြောင်းလဲသွားရသည်။ ဇာတိစိတ်သည် ၎င်းလိုချင်သောအရာကို မရရှိသောအခါတွင် မနာလိုငြူစူ၍ နာကျည်းခါးသီးလာသည်။ ၎င်းလိုချင်သောအရာကို ရရှိဖို့ရန်တွေ့တိုက်ခိုက်ပါလိမ့်မည်။ ဆိုးညစ်သောဤတပ်မက်မှုဆန္ဒများသည် သူတို့၏အတွေးအခေါ်နှင့် လုပ်ရှားမှုများကို စတင်ထိန်းချုပ်လာပြီး၊ အသက်တာ၏အလေးထားရာဖြစ်လာကြသည်။ ဇာတိပကတိ၏ဆိုးညစ် သောတပ်မက်မှုဆန္ဒများကို ကျွန်ုပ်တို့မည်သို့အနိုင်ယူကြမည်နည်း။ ရှင်ယာကုပ် ကဤကျမ်းချက်တွင် လက်တွေ့ကျသောအကြံပြုချက်အချို့ကို

ပေးထားပါသည်။

အခန်းငယ် ၂ တွင် ရှင်ယာကုပ်က ကျွန်ုပ်တို့၌မရှိရခြင်းမှာ ဘုရားသခင်ထံ၌ မတောင်းလျှောက်ကြသောကြောင့်ဖြစ်သည်ဟု ဖော်ပြထားသည်။ ဤနေရာ၌ ကျွန်ုပ်တို့နားလည်သဘောပေါက်ဖို့ လိုအပ်သည့်အခြေခံစည်းမျဉ်း ဥပဒေသတစ်ခုရှိသည်။ ရှင်ယာကုပ်က ယုံကြည်သူတို့အား မိမိတို့၏တပ်မက်ခြင်းဆန္ဒများအားလုံးကို ဘုရားသခင်ထံ၌ ဆက်ကပ်အပ်နှံဖို့ ခွန်အားပေးနေပါသည်။ ကျွန်ုပ်တို့တောင်းဆိုသမျှကို ဘုရားသခင်ကအမြဲတမ်းပေးခဲ့လိမ့်မည်ဟု သူမဆိုလိုထားသော်လည်း ကျွန်ုပ်တို့၏တောင်းဆိုချက်များကို ဘုရားသခင်ထံသို့ ယူဆောင်လာသင့်သည်ဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့စိတ်နှလုံး၏ဆန္ဒများကို ဘုရားသခင်ထံ၌ ကျွန်ုပ်တို့တောင်းလျှောက်သောအခါ ဘုရားသခင်က “ဟုတ်ပြီ” ဟူ၍လည်းကောင်း “မဟုတ်သေးဘူး” ဟူ၍လည်းကောင်းပြောပါလိမ့်မည်။ အရေးကြီးသောအချက်မှာ ကျွန်ုပ်တို့၏ စိတ်ဆန္ဒများကိုဘုရားသခင်ထံ၌ ဆက်ကပ်အပ်နှံ၍ ဘုရားသခင်၏ဉာဏ်ပညာနှင့်လမ်းပြဦးဆောင်မှုကိုရှာကြံခြင်းဖြစ်သည်။ သူသည်ကျွန်ုပ်တို့၏ လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ရရှိသော ကောင်းကြီးမင်္ဂလာ၏အရင်းအမြစ်ဖြစ်သင့်သည်။ ကျွန်ုပ်တို့ကို မပေးဖို့ဘုရားသခင်က ရွေးချယ်သောအရာကို ဘုရားသခင်၏အလိုတော်အဖြစ် ကျွန်ုပ်တို့လက်ခံရမည်။ ကျွန်ုပ်တို့ကိုပေးသောအရာကို ဘုရားသခင်၏ကောင်းကြီးမင်္ဂလာအဖြစ် သူ့ကိုချီးမွမ်းရမည်။ တစ်နည်းမဟုတ်တစ်နည်းဖြင့် ကျွန်ုပ်တို့၏စိတ်ဆန္ဒများကို ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံရမည်။ သင်သည် ဇာတိပကတိ၏တပ်မက်ခြင်းဆန္ဒများကို ကိုင်တွယ်ဖြေရှင်းလိုလျှင် ပထမအနေဖြင့်သင်ပြုလုပ်ရမည့်အရာမှာ ထိုအရာများကို ဘုရားသခင်ထံသို့ဆောင်ယူလာ၍ နာခံခြင်းနှင့်နှိမ့်ချခြင်းဖြင့် အလိုတော်ကိုလက်ခံရန်ဖြစ်သည်။

ကျွန်ုပ်တို့၏အထဲမှအပြင်သို့ လျှံတက်လာသည့်စိတ်ဆန္ဒနှင့်ပတ်သက်၍ ဒုတိယအနေဖြင့် ကျွန်ုပ်တို့ပြုလုပ်ရမည့်အရာမှာ ကျွန်ုပ်တို့၏အရင်းခံစိတ်ထားများကို စမ်းစစ်ရန်ဖြစ်သည်။ အခန်းငယ် ၃ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ဤစိတ်ဆန္ဒများ၏နောက်ကွယ်၌ရှိနေသော အရင်းခံစိတ်ထားများသည် ဘုရားကိုသိသောစိတ်များအမြဲမဟုတ်တတ်ကြပါဟု ပြောခဲ့သည်။ သူတို့၏စိတ်ဆန္ဒများကို ဘုရားသခင်ထံ၌ ဆောင်ယူလာခဲ့ကြသောအခါ ၎င်းတို့၏နောက်ကွယ်ရှိ အရင်းခံစိတ်ထားများကို သူတို့ဂရုတစိုက်စမ်းစစ်ဖို့လိုအပ်သည်။ အချို့သောအခြေအနေများတွင် သူတို့၏အရင်းခံစိတ်ထားများသည် အသွေးအသားတောင့်တမှုများကို ကျေနပ်နှစ်သိမ့်ရန်အတွက်ဖြစ်နေပြီး၊ ဘုရားသခင်၏ ဘုန်းတော်အတွက်မဟုတ်ခဲ့ပါ။ အခြားသောအခြေအနေများတွင် ဤတပ်မက်ခြင်းဆန္ဒများသည် လောကီကိုစွဲလန်းသည့် ဖောက်ပြန်သောချစ်ခြင်း၏ရလာဒ်များဖြစ်ကြသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏သာယာမှုကို မနှစ်သက်ပါဟူသောအတွေးမျိုးကို အထက်ပါအချက်အားဖြင့်အထင်မမှတ်စေချင်ပါ။ အမှန်ဆိုရလျှင် ထိုအတွေးမျိုးနှင့်ဆန့်ကျင်၍ ဘုရားသခင်သည်ကျွန်ုပ်တို့အား ဤလောက၌ ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ကြဖို့ မြောက်မြားစွာသောအရာများကို ပေးထားသည်။ သို့သော် တစ်ခါတစ်ရံတွင် ဤအရာများသည် ဘုရားသခင်ထက်ပင် ကျွန်ုပ်တို့အတွက်ပို၍အရေးပါလာကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာတွင် ပထမဖြစ်ရမည်။

ကျွန်ုပ်တို့၏ စိတ်ဆန္ဒများကို ဘုရားသခင်ထံ၌ယူဆောင်လာကြသည်နှင့်အမျှ ကျွန်ုပ်တို့သည် "ကျွန်ုပ်၏ စိတ်ရင်းသည် ဘုရားသခင်ကိုကျေနပ်စေ၍ ဘုရားသခင်ကို ဂုဏ်ပြုဖို့မဟုတ်ပါလား (သို့) ကျွန်ုပ်သည် ကိုယ့်အတွက်၊ ကိုယ့်ရဲ့သာယာမှုအတွက်ကိုသာ အဓိကအလေးထားနေပါသလား (သို့) ကျွန်ုပ်တပ်မက်

တောင်းတနေသောအရာကို ဘုရားသခင်ကစွန့်လွှတ်ပေးဆပ်ဖို့ တောင်းဆိုလျှင် ထိုအရာကို လိုလိုလားလားစွန့်လွှတ်ပေးဆပ်လိုပါသလား" ဟူသောမေးခွန်းကို မေးရမည်။

အခန်းငယ် ၄ တွင် ရှင်ယာကုပ်က ယုံကြည်သူတို့အား ဘုရားသခင်နှင့် သူတို့၏ဆက်ဆံရင်းနှီးမှုကို ပြန်လည်သတိရကြဖို့ ဆင့်ခေါ်ခဲ့သည်။ ယနေ့တွင် သင်သည် ယုံကြည်သူတစ်ဦးဖြစ်နေလျှင် သင်သည်ဘုရားသခင်နှင့် ဆက်ဆံရင်းနှီးမှုထဲ၌ ဝင်ရောက်နေခဲ့ပါသည်။ သူသည်သင့်ရဲ့သခင်၊ သင့်ရဲ့ကယ်တင်ရှင်ဖြစ်သည်။ သင်သည်ကိုယ့်ကိုယ်ကို သစ္စာရှိသူအဖြစ်နှင့် သူထံတွင်ဆက်ကပ်အပ်နှံခဲ့ပြီးဖြစ်သည်။ သင်သည် သင့်ရဲ့အသက်တာကို သူ့ထံ၌ပေးအပ်ခဲ့ပြီဖြစ်သည်။ ဤလောကနှင့်စပ်ဆိုင်သောအရာများအတွက် သူ့ကိုကျောခိုင်းခြင်းသည် ဝိညာဉ်ရေးရာဖောက်ပြန်ခြင်း အပြစ်ထိုက်ပါသည်။ ဇာတိပကတိ၌ စစ်ပွဲနွှဲနေသော တပ်မက်မှုဆန္ဒများသည် သခင်ဘုရား၏နေရာကို လုံးဝမယူသင့်ပါ။ သူသည် ကျွန်ုပ်တို့စိတ်နှလုံး၏ ပထမအရာဖြစ်ရမည်။

ရှင်ယာကုပ်က မိမိ၏တရားနားပရိသတ်တို့အား လောကနှင့်မိတ်ဆွေဖွဲ့ခြင်းသည် ဘုရားသခင်၏ရန်သူဖြစ်ကြောင်းကို ပြန်လည်အသိပေးခဲ့သည် (ငယ် ၄)။ လောကနှင့်မိတ်သဟာယဖွဲ့ခြင်းသည် ကျွန်ုပ်တို့၏အမြင်အာရုံများကို သခင်ဘုရားထံမှ ဖယ်ရှားပစ်ပါလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်ဆန္ဒများသည် သခင်ခရစ်တော်ကို ကျွန်ုပ်တို့၏အကြွင်းမဲ့သခင်အဖြစ် အစေခံရန်ကျွန်ုပ်တို့၏ ဆက်ကပ်အပ်နှံထားမှု၌ သစ္စာမရှိအောင်လုပ်နေပါသလားဟု ကိုယ့်ကိုယ်ကို မေးဖို့လိုအပ်သည်။ ထိုစိတ်ဆန္ဒများသည် သခင်ယေရှုကိုကျွန်ုပ်၏စစ်မှန်သော မိတ်ဆွေအဖြစ်မှ ကျွန်ုပ်၏အမြင်အာရုံစူးစိုက်မှုကို ဖယ်ရှာကြလိမ့်မည်လား။ ခင်ပွန်းသည်တစ်ယောက်က မိမိ၏ဇနီးသည်ဖြစ်သူထံမှ အကြွင်းမဲ့သစ္စာရှိခြင်းကို တောင့်တသကဲ့သို့ ဘုရားသခင်သည်လည်း အကြွင်းမဲ့အာရုံစူးစိုက်မှုနှင့်

သစ္စာရှိမှုတို့ကို ရှာကြံတောင်းဆိုထားပါသည်။

အခန်းငယ် ၅ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ယုံကြည်သူတို့၏အထဲ၌ ကိန်းဝပ်တော်မူသောဘုရားသခင်၏ ဝိညာဉ်တော်သည် ပြင်းပြင်းထန်ထန် မနာလိုပြုစူတတ်ကြောင်းကို နှုတ်ကပတ်တော်က သွန်သင်ပေးထားသည်ဟု ဆက်လက်၍ပြောပြထားသည်။ ဆိုလိုသည်မှာ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာအတွက် အလွန်အမင်းသဝန်တိုနေပါသည်။ ကျွန်ုပ်တို့သည် ဇာတိ၏တပ်မက်တောင့်တခြင်းဆန္ဒများနှင့် လုံးပန်းနေကြရသည်နှင့်အမျှ ဤအချက်ကိုကျွန်ုပ်တို့၏ စိတ်နှလုံး၌မှတ်ထားရန်မှာ အဘယ်မျှအရေးကြီးသနည်း။ မည်သည့်ခင်ပွန်းသည်ကမျှ ဇနီးသည်ဖြစ်သူက အခြားသူတစ်ဦးထံ၌ စိတ်ရောက်သွားသည်ကို မမြင်ချင်ပါ။ ကျွန်ုပ်တို့၏ စိတ်အာရုံကို ဤလောကတွင် ဆက်စပ်နေသောအရာများအပေါ်၌ ပြောင်းသောအခါ ဘုရားသခင်မပျော်ပါ။ သူသည်ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏စိတ်အာရုံပြုခြင်းကို တောင့်တပါသည်။ သူ့ရဲ့နှလုံးသားသည် ပြင်းထန်သောသဝန်တိုစိတ်များနှင့်အတူ ကျွန်ုပ်တို့ကိုဟစ်ခေါ်နေပါသည်။ သင့်ရဲ့ဇာတိပကတိ၏ အာသာပြေစိတ်ကျေနပ်ခြင်းအတွက် ဟစ်အော်တောင်းဆိုသံကို သင်ကြားသောအခါ ဘုရားသခင်က မိမိ၏သားသမီးတစ်ဦးအနေဖြင့် သင့်အပေါ်၌ထားရှိသော ပြင်းထန်သည့် ချစ်ခြင်းမေတ္တာကို ထည့်သွင်းစဉ်းစားပါ။ သူသည်သင့်အတွက်လည်းကောင်း၊ သင့်ရဲ့ကယ်တင်ခြင်းအတွက်လည်းကောင်း အသေခံခဲ့သည်ကို ပြန်လည်သတိရဖို့အချိန်ယူပါ။ သူ့ရဲ့နှလုံးသားသည် သင့်ရဲ့ချစ်ခြင်းမေတ္တာနှင့် သစ္စာရှိမှုတို့ကို အော်ဟစ်တောင်းတနေပါသည်။ အခြားမည်သူကမျှ သင့်ကို မချစ်ခဲ့ကြသည့်နည်းလမ်းဖြင့် သင့်ကိုသူချစ်သည်။ ဤကဲ့သို့သော ချစ်ခြင်းမေတ္တာကိုနောက်ထပ် သင်တွေ့တော့မည်မဟုတ်ပါ။ ဤချစ်ခြင်းမေတ္တာတရား၏ အစစ်အမှန်ဖြစ်ခြင်းက သင့်နှလုံးသားကို တို့ထိစေပါ။ သင့်အပေါ်၌ထားရှိ

သောဘုရားသခင်၏ ပြင်းထန်သည့်သဝန်တိုစိတ်ကို သင်အမှန်တကယ်နားလည်လာသောအခါ ဇာတိပကတိ၏တောင့်တခြင်းဆန္ဒများသည် ၎င်းတို့၏စိတ်ဝင်စားမှုများကို ဆုံးရှုံးလျှော့ချလာကြပါလိမ့်မည်။

အခန်းငယ် ၆ တွင် ရှင်ယာကုပ်က ကျွန်ုပ်တို့အားဘုရားသခင်သည် နှိမ့်ချသောသူများအား ကျေးဇူးတော်ကိုပို၍ ပေးသနားတော်မူပြီး၊ ထောင်လွှားသောသူတို့ကို ဆန့်ကျင်ငြင်းပယ်တော်မူသည်ဟု အသိပေးထားသည်။ ဤနေရာရှိ ကျမ်းဘောင်အဆက်အစပ်သည် ဇာတိပကတိ၏ဆိုးညစ်သော ဆန္ဒတောင့်တမှုများနှင့် ဆက်နွယ်နေသည်။ ဇာတိပကတိသည် အလွန်အစွမ်းကြီးကြောင်းကို ကျွန်ုပ်တို့သိထားကြသည်။ ကျွန်ုပ်တို့၏အသက်တာ၌ ၎င်း၏ဆွဲငင်အားကို ခံစားကြပါသည်။ ဤနေရာ၌ ရှင်ယာကုပ်ပြောပြနေသောအရာသည် ကျွန်ုပ်တို့၏အထဲ၌ တိုက်ပွဲများဖြစ်ပွားချိန်တွင် ဘုရားသခင်ကသာ၍များသော ကျေးဇူးတော်ကို ပေးသနားရန်ဆန္ဒရှိနေသည်ဟူသောအချက်ဖြစ်သည်ဟု ထင်မှတ်ရသည်။ ဘုရားသခင်၏ ကျေးဇူးတော်သည် ထိုစုံစမ်းနှောက်ယှက်ခြင်းကာလကို ဖြတ်သန်းအောင်နိုင်နိုင်ဖို့ ပြည့်စုံလုံလောက်နေပါလိမ့်မည်။ သင်သည်မှန်ကန်သောအရာကိုပြုလုပ်နိုင်ဖို့ ပြည့်စုံလုံလောက်နေပါလိမ့်မည်။ သင်သည်မှန်ကန်သောအရာကို ပြုလုပ်လိုလျှင် သခင်ဘုရားသည် သင့်အားအဆိုးကိုခုခံဆီးတား၍စုံစမ်းနှောက်ယှက်ခြင်းကို အောင်နိုင်ဖို့လိုအပ်သော ကျေးဇူးတော်ကိုပေးသနားပါလိမ့်မည်။ သို့သော်၊ သင်သည်ဇာတိဆန်သောတောင့်တမှုဆန္ဒများကို ခေါင်းမာလျှက် ဇွတ်တိုးလုပ်နေလျှင် သင်သည်သခင်ဘုရားကို ဘေးဖယ်ထားရာရောက်သည်။ ဘုရားသခင်သည်မိမိ၏ကျေးဇူးတော်ကိုနှိမ့်ချစွာလက်ခံရရှိလိုသောသူများထံ၌ အမြင့်ဆုံးအမှတ်အထိ ပေးသနား၍ဘုရားသခင်၏ ရည်ရွယ်ချက်ကို ရိုင်းရိုင်းစိုင်းစိုင်းငြင်းပယ်သောသူများထံမှ ထိုကျေးဇူးတော်ကို ရုပ်သိမ်းပါသည်။

ဇာတိပကတိ၏ ဆိုးညစ်သောဆန္ဒတောင့်တမှုများကို သင်ရင်ဆိုင်ရသောအခါ ထိုဆန္ဒတောင့်တမှုများကို ဘုရားသခင်ထံသို့ဆောင်ယူလာ၍ ဘုရားသခင်၏ဉာဏ်ပညာကို ရှာကြံဖို့ရှင်ယာကုပ်က ကျွန်ုပ်တို့ကိုပြောခဲ့သည်။ သူသည်ကျွန်ုပ်တို့၏ အရင်းခံစိတ်ထားများကိုပြန်လည်စမ်းစစ်ဖို့ စိန်ခေါ်ထားသည်။ ဘုရားသခင်၏ ဘုန်းတော်အတွက်လား၊ ကျွန်ုပ်တို့သာယာကျေနပ်ဖို့အတွက်လား။ ဤတောင့်တမှုဆန္ဒများသည် ကျွန်ုပ်တို့ကိုဘုရားသခင်နှင့် ကင်းကွာစေကြမည်လား (သို့) ကျွန်ုပ်တို့၏အာရုံစူးစိုက်မှုများကို ဘုရားသခင်နှင့် ဘုရားသခင်၏ပြင်းထန်သော ချစ်ခြင်းမေတ္တာဆီသို့ ကျွန်ုပ်တို့ကိုဆောင်ယူသွားမည်လား။ ဘုရားသခင်နှင့် ဘုရားသခင်၏ရည်ရွယ်ချက်များကို စိတ်နှလုံးနှိမ့်ချလျှက် ရှာကြံသောသူများအတွက် ကျေးဇူးတော်အလျှံပယ်ထင်ရှားလိမ့်မည်ဟု ရှင်ယာကုပ်ကကတိပေးထားသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- မည်သည့်ဇာတိတောင့်တမှုဆန္ဒများကို သင်ရင်ဆိုင်ဖို့ရှိခဲ့သနည်း။
- ဤတောင့်တမှုဆန္ဒများကို ကိုင်တွယ်ဖြေရှင်းဖို့ကူညီပေးရန် ရှင်ယာကုပ်က မည်သည့်အခြေခံစည်းမျဉ်းဥပဒေသများကို ကျွန်ုပ်တို့အားပေးထားသနည်း။
- ကျွန်ုပ်တို့အပေါ်၌ထားရှိသော ဘုရားသခင်၏ ပြင်းထန်သည့်ချစ်ခြင်းမေတ္တာအကြောင်း ကျွန်ုပ်တို့မည်သို့သင်ယူရသနည်း။
- တောင့်တမှုဆန္ဒအားလုံးသည် အပြစ်ရှိပါသလား။ ကျွန်ုပ်တို့၏တောင့်တမှုဆန္ဒများသည် မည်သည့်အချိန်တွင် အပြစ်ရှိလာသနည်း။

**ဆုတောင်းရန်အချက်များ**

- ဇာတိ၏ဆိုးညစ်သောတောင့်တမှုဆန္ဒများအပေါ်၌ အောင်နိုင်ခြင်းကို သင့်အားပေးသနားဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင့်အပေါ်၌ထားရှိသော ပြင်းထန်သည့်တောင့်တမှုနှင့် သဝန်တိုခြင်းတို့အတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်အပေါ်၌ ထားရှိသော သင့်ရဲ့ချစ်ခြင်းနှင့် သစ္စာရှိခြင်းတို့ကိုတိုးမြှင့်ပေးဖို့ တောင်းလျှောက်ပါ။
- ကျွန်ုပ်တို့သည် ဘုရားသခင်ကို နှိမ့်ချစွာဖြင့် ရှာကြံ၍၊ ဘုရားသခင်၏ ရည်ရွယ်ချက်ကို နာခံခြင်းဖြင့် လျှောက်လှမ်းရန် လိုလိုလားလားရှိကြသောအခါတွင် ကျွန်ုပ်တို့လိုအပ်သော ကျေးဇူးတော်အားလုံးကို ပေးသနားတော်မူမည်ဟူသော ကတိတော်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။

## ၁၃
## မြင့်မြတ်သောလမ်း

ယာကုပ် ၄း၇-၁၀ ကိုဖတ်ရှုပါ။

ယုံကြည်သူများအတွက် ပြည့်ဝ၍အဓိပ္ပါယ်ရှိသော အသက်တာဆီသို့ သွားရာလမ်းမှာအဘယ်နည်း။ ဤကျမ်းချက်တွင် ကျွန်ုပ်တို့သည်စစ်မှန်သော ဝမ်းမြောက်ခြင်းနှင့် ဘဝ၏အဓိပ္ပါယ်ကိုမည်သို့ ရှာကြံနိုင်သည်ကို ရှင်ယာကုပ်က ဖော်ထုတ်ပြသခဲ့သည်။

### *ဘုရားသခင်ထံ၌ ဆက်ကပ်အပ်နှံပါ*

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ၄င်းတို့၏အသက်တာ၌ ဘုရားသခင်၏ဖြစ်တည်မှု အစုံအလင်ကိုလည်းကောင်း၊ ဘုရားသခင်၏ကောင်း ကြီးမင်္ဂလာကိုလည်းကောင်း သိလိုလျှင်ဘုရားသခင်နှင့် ဘုရားသခင်၏ ရည်ရွယ်ချက်၌ အသက်တာများကို ဆက်ကပ်အပ်နှံဖို့ လိုအပ်ကြောင်းပြောပြ ခြင်းဖြင့် ဤအပိုင်းကိုအစပြုခဲ့သည်။ “ဝန်ခံအပ်နှံခြင်း” ဟူသောစကားလုံး သည် စစ်တပ်သုံးစကားလုံးဖြစ်ပြီး စစ်သားများကမိမိတို့၏ အထက်အရာရှိ များ၏ အမိန့်အောက်တွင် ကိုယ့်ကိုယ်ကိုမည်သို့စီစဉ် ပြင်ဆင်ကြသည်ကို ဖော်ပြ သည်။ သို့သော် ဤဆက်ကပ်အပ်နှံခြင်းသည် ဆန္ဒအလျောက်ဖြစ်ပေါ်လာ သောအရာဖြစ်ကြောင်းကို သတိပြုသင့်သည်။ ရန်သူသည်အတင်းအဓမ္မဖိအား ပေးမှသာ ဝန်ခံအပ်နှံခဲ့ပါလိမ့်မည်။ သို့သော်စစ်သားများသည် မိမိတို့ရဲ့

တပ်တွင်းအရာရှိများ၏ အမိန့်ကိုနာခံရန် ကိုယ့်ကိုယ်ကိုလိုလိုလားလား ပေးအပ်ခဲ့ပါလိမ့်မည်။ ရှင်ယာကုပ်က မိမိ၏မိတ်ဆွေယုံကြည်သူများအား ဘုရားသခင်ထံ၌ ဆန္ဒအလျောက် ဝန်ခံအပ်နှံဖို့ လိုအပ်ကြောင်းကိုပြောပြနေခဲ့သည်။

လောကီသားများက ဤအချင်းအရာကိုကြည့်ပြီး၊ ၄င်းသည်ဘဝ၏အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်ကိုမည်သို့ ဆောင်ယူလာခဲ့နိုင်သည်ကို နားမလည်ကြပါ။ ဘုရားသခင်ထံမှ လွတ်မြောက်ချင်ပြီး မိမိတို့လုပ်ချင်သည့်အရာကိုလုပ်နေကြသောသူများသည် ဤလောက၌ဘဝ၏အဓိပ္ပါယ်ကို အသည်းအသန်ဖြင့် အချည်းနှီးရှာကြံနေကြသောသူများဖြစ်ကြသည်။ ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံသောသူများသာလျှင် ဘဝ၏စစ်မှန်သောထူးခြားချက်ကို ရှာဖွေတွေ့ရှိနိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖန်ဆင်းခဲ့ပြီး ကျွန်ုပ်တို့အတွက်အကောင်းဆုံးအရာကိုလည်းသိသည်။ ဘုရားသခင်၏ နည်းလမ်းများသည်ကျွန်ုပ်တို့ကို ချည်နှောင်ဖို့၊ ကျွန်ုပ်တို့ကို တားမြစ်ပိတ်ပင်ဖို့ မရည်ရွယ်ထားပါ။ ကျွန်ုပ်တို့၏ အသက်တာများကို အပြည့်ဝဆုံးအခြေအနေဖြင့် ရှင်သန်နိုင်ဖို့ရည်ရွယ်ထားပါသည်။ ဤလောက၏ ပျက်စီးဖေါက်ပြန်နေသောစနစ်က ကျွန်ုပ်တို့လိုအပ်သောအရာကို မပေးနိုင်ပါ။ ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံခြင်းသည်ဘဝ၏အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်ကို ရှာဖွေဖို့တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။

### *မာရ်နတ်ကိုဆီးတားပါ*

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား နောက်ထပ်ပြောပြခဲ့သောအရာမှာ သူတို့သည်မာရ်နတ်ကို တွန်းလှန်ဆီးတားဖို့ လိုအပ်ကြောင်းဖြစ်သည်။ စာတန်၏ စိတ်ဆန္ဒမှာ ယုံကြည်သူတို့က ဘုရားသခင်၏နှုတ်ကပတ်တော်ကို သံသယဖြစ်ပြီး၊ ငြင်းပယ်ကာ၊ မနာခံရန်ဖြစ်သည်။ ဘုရားသခင်ထံ၌

ဝန်ခံအပ်နှံခြင်းနှင့် မာရ်နတ်ကိုဆီးတားခြင်းတို့တွင် ဆက်နွယ်မှုတစ်ခုရှိ သည်။ ဘုရားသခင်ထံ၌လည်းကောင်း၊ ဘုရားသခင်၏နည်းလမ်းများ၌ လည်းကောင်း ကိုယ့်ကိုယ်ကို ဝန်ခံအပ်နှံခြင်းဖြင့် ကျွန်ုပ်တို့သည် မာရ်နတ်ကိုဆီးတားကြ ပါသည်။ မာနရ်တ်ကိုဆီးတားခြင်းဆိုသည်မှာ သခင်ဘုရားကိုကြားနာ၍ ပညတ် ချက်များကိုလိုက်လျှောက်ကျင့်ကြံခြင်းဖြစ်သည်။ ဘုရားသခင်ထံသို့ ဦးလှည့်ခြင်း ဖြင့်ကျွန်ုပ်တို့သည် မာရ်နတ်နှင့်၎င်း၏ လှည့်ဖြားမှုများမှ ဦးလှည့်သွားကြသည်။

အရာခပ်သိမ်းတွင် သခင်ဘုရားထံ၌ ဝန်ခံအပ်နှံခြင်းဖြင့် မာရ်နတ်ကို ကျွန်ုပ်တို့ဆီးတားကြသည်။ ဤအချင်းအရာသည် ကျွန်ုပ်တို့၌ရှိသမျှအရာ အားလုံးပါဝင်သည်။ ကျွန်ုပ်တို့၏ တောင့်တမှုဆန္ဒများ၌သော်၍ ဘုရားသခင် တစ်ပါးတည်းကိုသာ ရှာကြဖို့လိုအပ်လိမ့်မည်။ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဘုရား တရားကိုင်းရှိုင်းခြင်းတို့မှ ကျွန်ုပ်တို့ကိုအာရုံလွဲသွားစေသောအရာအားလုံးကို ကျွန်ုပ်တို့ထံမှ ဖယ်ရှားခြင်းကိုဆိုလိုလိမ့်မည်။ သခင်ဘုရားထံ၌ ဝန်ခံအပ်နှံ ခြင်းဖြင့် မာနတ်ကိုဆီးတားကြသည်နှင့်အမျှ ရှင်ယာကုပ်ပေးထားသော ကတိ စကားမှာ ရန်သူသည်ကျွန်ုပ်တို့ထံမှ ပြေးသွားလိမ့်မည်ဟူ၍ဖြစ်သည်။ ရန်သူ သည် မြင့်မြတ်ဖြူစင်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းတို့ကို ရွံမုန်းသည်။ ကျွန်ုပ် တို့သည် အသက်တာ၌ရန်သူကို ခြေကုပ်ယူဖို့ခွင့်မပြုသင့်ပါ။

## *ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်ပါ*

ရှင်ယာကုပ်၏ တတိယမြောက်စိန်ခေါ်ချက်မှာ ဘုရားသခင့်ထံတော် သို့ ချဉ်းကပ်ရန်ဖြစ်သည်။ ဘုရားသခင့်ထံ၌ ဝန်ခံအပ်နှံခြင်းနှင့် အထံတော် သို့ချဉ်းကပ်ခြင်းတို့တွင် ကွဲပြားခြားနားမှုတစ်ခုရှိသည်။ စစ်သားတစ်ယောက် သည် အထက်အရာရှိ၏အမိန့်ကို နာခံနိုင်ပြီး ထိုအရာရှိနှင့် နီးစပ်ကျွမ်းဝင်ခြင်း မရှိလည်းဖြစ်နေနိုင်ပါသည်။ ကျွန်တစ်ဦးသည် မိမိ၏သခင်ကို နာခံနိုင်ပါ သော်

လည်း ခပ်တန်းတန်းဖြစ်လျက်နေနိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မိတ်ဆွေတစ်ယောက် (သို့) ချစ်သူတစ်ယောက်ကဲ့သို့ အထံပါးသို့ချဉ်းကပ်ရန် ဆင့်ခေါ်နေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို နီးစပ်ကျွမ်းဝင်ခြင်းအတွက် ဆင့်ခေါ်နေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို နာခံနိုင်ပြီး၊ တစ်ချိန်တည်း တွင် ဘုရားသခင်နှင့် နီးစပ်ကျွမ်းဝင်သော ဆက်ဆံရင်းနှီးမှုမရှိလဲဘဲ ဖြစ်နိုင်ပါသည်။ ဘုရားသခင်၌မွေ့လျော်ခြင်းမရှိဘဲ ဘုရားသခင်အားဝန်ခံအပ်နှံခြင်း အသက်တာဖြင့် ရှင်သန်သောသူများရှိပါသည်။ ဘုရားသခင်ထံသို့ ချဉ်းကပ်လိုသောစိတ်နှလုံးများကို ပိုင်ဆိုင်ထားသည့်သူများကို ဘုရားသခင်ရှာကြံနေပါသည်။ မိမိကိုနာခံဖို့အတွက်သာ စိတ်ဆန္ဒရှိသည်မဟုတ်၊ စိတ်နှလုံးအကြွင်းမဲ့ဖြင့်မိမိကို လိုလိုလားလားချစ်ကိုသောသူများကို ဘုရားသခင်လိုက်ရှာနေပါသည်။ ဘုရားသခင်နှင့်နီးစပ်ကျွမ်းဝင်ခြင်းကို ဤအဆင့်အထိကျွန်ုပ်တို့တွေ့ကြုံခံစားရသောအခါ အထံတော်၌ ဆက်ကပ်အပ်နှံခြင်းသည် တာဝန်တစ်ခုအဖြစ်ခံစားရတော့မည်မဟုတ်ပါ။ ဤနီးစပ်ကျွမ်းဝင်မှုကို တွေ့ကြုံခံစားရသောသူများအတွက် ဝန်ခံအပ်နှံခြင်းသည် ဝမ်းမြောက်စရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ပြည့်ဝသောအသက်တာကို တွေ့ကြုံခံစားရမည်ဆိုလျှင် ထိုအရာကိုဘုရားသခင်နှင့် နီးစပ်ကျွမ်းဝင်ခြင်း၊ ဘုရားသခင်ကို ချစ်ခြင်းဟူသော ဘောင်အတွင်း၌သာ တွေ့ကြုံခံစားရပါလိမ့်မည်။

## *သင့်လက်များကို ဆေးကြောသန့်စင်ပါ*

ကျွန်ုပ်တို့၏လက်များကို ဆေးကြောသန့်စင်ခြင်းသည် ကျွန်ုပ်တို့၏ အသက်တာကို စွန်းထင်းစေသော အပြစ်ဒုစရိုက်များကို ကိုင်တွယ်ဖြေရှင်းခြင်း၏သင်္ကေတတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အသက်တာ၌ကျွန်ုပ်တို့ကိုယ်တိုင်ကပင် ဂုဏ်မယူသောအရာများကို ပြုလုပ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည်

ဘုရားသခင်ကို နက်နက်နဲနဲချစ်လျှင်ပင် ကျွန်ုပ်တို့အနက်မှမည်သူကမျှ သူ့ထံ၌ ပြည့်ပြည့်စုံစုံ ဝန်ခံအပ်နှံခြင်းမရှိခဲ့ကြပါ။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏စံချိန်ကိုမပြည့်မီကြပါ။ ဤအချင်းအရာ ဖြစ်ပျက်သောအချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့လာရောက်၍ အပြစ်များကိုဝန်ချတောင်းပန်ကာ ဘုရားသခင်၏ ဆေးကြောသန့်စင်ပေးခြင်းကို ရှာကြံကြရမည့်အကြောင်း ရှင်ယာကုပ်က ပြောပြနေပါသည်။ သခင်ခရစ်တော်တစ်ပါးတည်းကသာ ထိုအပြစ်များကို ခွင့်လွှတ်ပေး၍ ကျွန်ုပ်တို့ကိုတစ်ဖန်ပြန်လည် သန့်ရှင်းစေနိုင်ပါသည်။ ထိုအပြစ်သည်မည်မျှပင် သေးငယ်ပါစေ ဘုရားသခင်ထံကို ဆောင်ယူလာပြီး အပြစ်လွှတ်ခြင်းကို တောင်းလျှောက်ပါ။ ကျွန်ုပ်တို့သည် ဘဝ၏စစ်မှန်သော အဓိပ္ပါယ်ကို နားလည်လို၍ အသက်တာကိုအပြည့်စုံဆုံး အခြေအနေဖြင့် ရှင်သန်သွားလိုလျှင် ကျွန်ုပ်တို့ကိုဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့်လည်းကောင်း ကင်းကွာစေသောအပြစ်အားလုံးကို စွန့်ပစ်ဖယ်ရှားကြဖို့လိုအပ်လိမ့်မည်။ ကျွန်ုပ်တို့၏လက်များကို ဆေးကြောသန့်စင်၍ မျက်မှောက်တော်တွင် သန့်ရှင်းနေကြရမည်။

ရှင်ယာကုပ်က ဘုရားသခင်ထံတော်သို့ မချဉ်းကပ်မီတွင် ကျွန်ုပ်တို့၏ လက်များကို ဆေးကြောသန့်စင်ရမည်ဟု မပြောခဲ့သည်မှာအလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ အဖြစ်မှန်မှာ ကျွန်ုပ်တို့ကိုဆေးကြောသန့်စင်ပေးနိုင်သည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည့်ဘုရားသခင်ထံတော်သို့ ရှေးဦးစွာ မချဉ်းကပ်မချင်းကျွန်ုပ်တို့၏လက်များကို ကျွန်ုပ်တို့မဆေးကြောနိုင်ပါ။ မြောက်မြားစွာသောသူတို့က ဘုရားသခင့်ထံတော်သို့ မချဉ်းကပ်မီတွင် ၎င်းတို့၏အသက်တာ၌ အရာခပ်သိမ်းကို မှန်ကန်အောင် ဦးစွာပြုလုပ်ရမည်ဟု ယုံကြည်နေကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ ရှေးဦးစွာလာရောက် ချဉ်းကပ်ကြရမည်။ ဆေးကြောခြင်းနှင့် သန့်စင်ခြင်းကို ဘုရားသခင်က ပြုလုပ်ပါလိမ့်မည်။

### *သင်တို့၏စိတ်နှလုံးများကို သန့်ရှင်းစေကြပါ*

ဘုရားသခင်ထံမှ အပြစ်လွှတ်ခြင်းကို ရှာကြံခြင်းဖြင့် ကျွန်ုပ်တို့၏လက်များကို ဆေးကြောသန့်စင်ကြဖို့လိုအပ်သည်မဟုတ်၊ ကျွန်ုပ်တို့၏စိတ်နှလုံးများကိုလည်းသန့်ရှင်းစေကြဖို့ လိုအပ်ပါသည်။ အပြစ်ဒုစရိုက်အတွက် အပြစ်လွှတ်ခြင်းကို ရှာကြံခြင်းသည်တစ်မျိုးဖြစ်၍၊ ထိုအပြစ်ဒုစရိုက်နှင့်ပတ်သက်၍ ပြောင်းလဲသော စိတ်နှလုံးတစ်ခုကို ရှိထားခြင်းမှာ နောက်တစ်မျိုးဖြစ်သည်။ သင်သည် ကာမဂုဏ်ဖောက်ပြန်ခြင်းအပြစ်ကို ကျူးလွန်ခဲ့ခြင်းအတွက် စိတ်ပျက်ဝမ်းနည်းနေပြီး ထိုအပြစ်ကိုနောက်ထပ်မကျူးလွန်ဘဲနေချိန်တွင် သင်သည် စိတ်နှလုံးထဲ၌ ဆက်လက်၍တိတ်တိတ်ပုန်းလိုချင်တပ်မက်နေနိုင်ပါသည်။ သင့်ရဲ့စိတ်နှလုံးအား ဆေးကြောသန့်စင်ခြင်းကို ခံရသောအခါတွင် သင်သည် တောင့်တမှုဆန္ဒများနှင့် ထိုလုပ်ရပ်များမှ ကင်းစင်သွားမည်ဖြစ်သည်။ ဘုရားသခင်သည်ကျွန်ုပ်တို့ကို အပြစ်မလုပ်ဖို့ကိုသာ လိုချင်သည်မဟုတ်။ ထိုအရာများအားတောင့်တနေခြင်းကိုလည်း ရပ်တန့်ကြဖို့အလိုရှိသည်။ လမ်းတစ်ဝက်တွင် မရပ်ပါနှင့်။ သင့်ရဲ့စိတ်နှလုံးထဲမှ အပြစ်ဒုစရိုက်ကို တောင့်တနေခြင်းအားဖယ်ရှားပေးဖို့ ဘုရားသခင်ကိုရှာကြံပါ။ သင့်ရဲ့စိတ်နှလုံးကို ဆေးကြောသန့်စင်ပေးဖို့ တောင်းလျှောက်ပါ။ ဆိုးညစ်သော ဤတောင့်တမှုဆန္ဒများမှ လွတ်မြောက်သောအချိန်၌သာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်တာအတွက် ထားရှိသောဘုရားသခင်၏ ရည်ရွယ်ချက်ကို အပြည့်အဝကြုံတွေ့ခံစားနိုင်ကြမည်ဖြစ်သည်။

### *ကြေကွဲဝမ်းနည်းခြင်း၊ ပူဆွေးတမ်းတခြင်း၊ သောကဝေဒနာဖြင့် ငိုကြွေးမြည်တမ်းခြင်း*

ကြေကွဲဝမ်းနည်းခြင်း၊ ပူဆွေးတမ်းတခြင်း၊ သောကဝေဒနာဖြင့် ငိုကြွေး

မြည်တမ်းခြင်းတို့သည် အပြစ်ဒုစရိုက်အပေါ်၌ ကျိုးပဲ့ကြေကွဲခြင်းနှင့်သက်ဆိုင်သည်။ ကြေကွဲဝမ်းနည်း၍ပူဆွေးတမ်းတသောသူများသည် သန့်ရှင်းတော်မူသောဘုရားသခင်ကိုမိမိတို့စော်ကားမိခဲ့ကြောင်းကို ပြန်လည်အမှတ်ရ လာကြသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အပြစ်နှင့်မကောင်းမှုဒုစရိုက်များအပေါ်၌ စစ်မှန်သောဝမ်းနည်း နောင်တရခြင်းကို ရရှိဖို့မသင်ယူမချင်း ခရစ်ယာန်အသက်တာ၌ ဝမ်းမြောက်ခြင်းနှင့် ရွှင်လန်းခြင်းလည်းရှိမည်မဟုတ်ပါ။

ကြေကွဲဝမ်းနည်းခြင်းနှင့် ပူဆွေးတမ်းတခြင်းတို့ကို အခြားရှုထောင့်မှလည်းကြည့်နိုင်သည်။ ဘုရားသခင်သည် အေးဆေးသက်သာသောအသက်တာအတွက် ကျွန်ုပ်တို့ကိုဆင့်ခေါ်မထားပါ။ ရန်သူကို တိုက်လှန်ဆီးတားခြင်းဖြင့် တိုက်ပွဲကိုနွှဲကြဖို့ ကျွန်ုပ်တို့ကိုဆင့်ခေါ်ထားပါသည်။ ဤတိုက်ပွဲသည် မလွယ်ကူပါ။ ကျွန်ုပ်တို့၏ရှေ့၌ရှိသော ဝိညာဉ်တိုက်ပွဲတွင် ဆင်းရဲခြင်းဒုက္ခများ၊ ခက်ခဲရုန်းကန်မှုများ ရှိပါလိမ့်မည်။ ခက်ခဲရုန်းကန်မှုများကို ရင်ဆိုင်ရန်အဆင်သင့်ဖြစ်နေသောသူများကို ဘုရားသခင်လိုက်ရှာနေပါသည်။ လက်ရှိတိုက်ပွဲ၌ နာကျင်မှုဒုက္ခ များအတွက် အဆင်သင့်ဖြစ်နေသောသူများသည် ဤဘဝ၌လည်းကောင်း၊ လာမည့်ဘဝ၌လည်းကောင်း ကောင်းကြီးမင်္ဂလာနှင့် အသစ်ပြုပြင်ခြင်းကို ကြုံတွေ့ခံစားရပါလိမ့်မည်။ ရှင်ယာကုပ်က ယုံကြည်သူတို့အား ဝမ်းမြောက်ခြင်း ကင်းမဲ့နေကြဖို့ ဆင့်ခေါ်မထားခဲ့ပါ။ အသက်တာကို လေးလေးနက်နက်ရှင်သန် ကြဖို့ ဆင့်ခေါ်ထားပါသည်။ ဤအချိန်သည် တိုက်ပွဲဆင်နွှဲနေရသောချိန်ခါဖြစ်သည်။ ထာဝရအနားယူခြင်းသည် ရောက်လာပါလိမ့်မည်။ သို့သော် ယခုအတွက်မူ တိုက်ပွဲကိုဆင်နွှဲကြရမည်။ မကောင်းမှုဒုစရိုက်ကကို ဆန့်ကျင်၍ ဤတိုက်ပွဲ၌ ပါဝင်ဆင်နွှဲသောသူများသာလျှင် ၄င်းတို့အတွက်ထားရှိသော ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြည့်ပြည့်ဝဝသိရှိနိုင်ကြသည်။

## မိမိကိုယ်ကို နှိမ့်ချကြပါ။

ဤကျမ်းပိုဒ်ငယ်များရှိ ရှင်ယာကုပ်၏နောက်ဆုံးစိန်ခေါ်ချက်မှာ သခင်ဘုရားရှေ့တော်၌ စိတ်နှလုံးနှိမ့်ချခြင်းဖြစ်သည်။ စိတ်နှလုံးနှိမ့်ချသော သူတို့သည် ကိုယ့်ကိုယ်ကို ဘုရားသခင်၏အထက်၌ မချီးမြှောက်ဘဲ ဘုရားသခင် ထံ၌လည်းကောင်း၊ ဘုရားသခင်၏အလိုတော်၌လည်းကောင်း ဝန်ခံအပ်နှံပါ လိမ့်မည်။ သူတို့သည် မိမိတို့၏အပြစ်ကို သတိရ၍ထိုအပြစ်ကို ဝန်ချတောင်းပန် ကာထိုအပြစ်အတွက် ကြေကွဲဝမ်းနည်းကြပါလိမ့်မည်။ သခင်ဘုရား၏အကျိုး အလို့ငှါ သူတို့၏တစ်ကိုယ်ကောင်းဆန်သော သာယာပျော်ရွှင်မှုများအားလုံးကို လိုလိုလားလားဝန်ခံအပ်နှံကြပါလိမ့်မည်။

ကိုယ့်ကိုယ်ကို နှိမ့်ချသောသူများအတွက် အခန်းငယ် ၁၀ ၌ တွေ့ရ သည့် ဂတိတော်မှာဘုရားသခင်သည် သူတို့ကိုချီးမြှောက်တော်မူမည်ဟူ၍ဖြစ် သည်။ သူတို့သည် ဂုဏ်ပြုခြင်းခံကြရလိမ့်မည်။ သူတို့၏သခင်ဘုရား၌ ရွှင်လန်း ဝမ်းမြောက်ခြင်းနှင့် ကောင်းကြီးမင်္ဂလာတို့၏ ပြည့်စုံကြွယ်ဝခြင်းကို သူတို့သိမြင် ခံစားကြပါလိမ့်မည်။ သူတို့၏အသက်တာသည် ထူးခြားမှုနှင့်ရည်ရွယ်ချက်များ ရှိလာပါလိမ့်မည်။ ဤအရာအားလုံးသည် လောကီကိုငြင်းပယ်ခြင်းအားဖြင့် လည်းကောင်း၊ မာရ်နတ်ကိုတွန်းလှန် ဆီးတားခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင့်ရှေ့တော်၌ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို နှိမ့်ချခြင်းအားဖြင့်လည်းကောင်း ရောက်လာ ကြပါသည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံခြင်းဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။
- ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံခြင်းနှင့် မာရ်နတ်ကိုဆီးတားခြင်းတို့၏ ဆက်နွှယ်မှုမှာ အဘယ်နည်း။
- ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံခြင်းနှင့် ဘုရားသခင်ထံသို့ ချဉ်းကပ်ခြင်းတို့၏ခြားနားချက်မှာ အဘယ်နည်း။ ဘုရားသခင်က ကျွန်ုပ်တို့၏အထဲ၌ ရှာကြံနေသောအရာနှင့် စပ်လျဉ်း၍ ဤအချက်ကမည်သို့ ပြောပြထားသနည်း။
- ကျွန်ုပ်တို့၏လက်များကို ဆေးကြောသန့်စင်ခြင်းနှင့် ကျွန်ုပ်တို့၏စိတ်နှလုံးများကို ဖြူစင်သန့်ရှင်းစေခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။ သင့်အနေဖြင့်လက်တွေ့ မကျူးလွန်တော့သော်လည်း စိတ်ထဲ၌ တောင့်တလျှက်ရှိနေသေးသည့် အပြစ်ဒုစရိုက်များရှိပါသလား။ ဤတောင့်တခြင်းဆန္ဒများ ရှိနေသောသင့်ရဲ့စိတ်နှလုံးကို ဘုရားသခင်က ဖြူစင်သန့်ရှင်းစေနိုင်ပါသလား။
- ခရစ်ယာန်အသက်တာ၏ အခက်အခဲများအကြောင်းကို ဤနေရာ၌ ကျွန်ုပ်တို့မည်သို့ သင်ယူရပါသနည်း။
- ဘုရားသခင်က ကျွန်ုပ်တို့ကို ချီးမြှောက်လိမ့်မည်ဟု ရှင်ယာကုပ်က ပြောဆိုခဲ့ချိန်တွင် မည်သည့်အရာကို သူဆိုလိုခဲ့ပါသနည်း။ ဤချီးမြှောက်ခံရခြင်းအတွက် အခြေအနေသတ်မှတ်ချက်များမှာ အဘယ်နည်း။
- သခင်ဘုရားက သင့်ကိုပေးသနားလိုသော ပြည့်ဝသည့်အသက်တာကို သင်ကြုံတွေ့ခံစားရန် မည်သည့်အရာဖြစ်ပျက်ဖို့ လိုအပ်နေပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သခင်ဘုရားထံ၌ လုံးလုံးလျားလျားဝန်ခံအပ်နှံခြင်း မရှိခဲ့သေးသည့် နေရာများရှိမရှိကို သိမြင်ရန် သင့်ရဲ့စိတ်နှလုံးကို ရှာဖွေစစ်ဆေးပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။
- အထံပါးသို့ သင့်ကိုဆွဲဆောင်ရန် ကျေးဇူးတော်ကိုပေးသနားဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ သခင်ဘုရားနှင့် ရင်းနှီးကျွမ်းဝင်ခြင်း၌ တိုးတက်ကြီးပွားလာရန် စွမ်းဆောင်ပေးဖို့ တောင်းလျှောက်ပါ။
- သခင်ဘုရား၌ပြည့်ဝခြင်းကို တွေ့ကြုံခံစားခြင်းမှသင့်ကိုဟန့်တားနေသည့်ဘုရားကိုမသိသော ဤလောကီအရာများအတွက် သင့်စိတ်နှလုံးထဲမှတောင့်တမှုများကို ဖယ်ရှားပေးဖို့သခင်ဘုရားကိုတောင်းလျှောက်ပါ။

## ၁၄
## ကျွန်ုပ်တို့၏ အိမ်နီးချင်းကိုစီရင်ခြင်း

ယာကုပ် ၄း၁-၁၂ ကိုဖတ်ရှုပါ။

ရှင်ယာကုပ်က ခရစ်တော်၏ကိုယ်ခန္ဓာရှိ အလွန်လက်တွေ့ဆန်သော အခြားအကြောင်းအရာဆီသို့ ရွေ့ခဲ့သည်။ ဤနေရာရှိ နောက်ထပ်ကျမ်းပိုဒ်ငယ်များအချို့တွင် ရှင်ယာကုပ်ကတစ်ယောက်နှင့်တစ်ယောက် ကဲ့ရဲ့ရှုတ်ချခြင်းနှင့်ပြစ်တင်စီရင်ခြင်းတို့အကြောင်းကို ပြောပြသည်။

အခန်းငယ် ၁၁ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်သူပရိတ်သတ်တို့အား တစ်ယောက်နှင့်တစ်ယောက်ကဲ့ရဲ့ရှုတ်ချခြင်းကို မပြုလုပ်ကြဖို့ ပြောဆိုခြင်းဖြင့် အစပြုထားသည်။ ကဲ့ရဲ့ရှုတ်ချခြင်းဆိုသည်မှာ ထိခိုက်ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့်မကောင်းပြောခြင်းဖြစ်သည်။ သဘောသဘာဝမှာ လူတစ်ယောက်က အခြားသူများကို ထိခိုက်နစ်နာစေရန် လျှာကိုလက်နက်တစ်ခုပမာအသုံးပြုခြင်းဖြစ်သည်။ လျှာသည် ကြီးမားပြင်းထန်သော မကောင်းမှုကို လုပ်နိုင်စွမ်းသည်။ ၎င်းသည်လူတို့၏ဂုဏ်သတင်းကို ဖျက်ဆီး၍ထိုသူတို့ကို မျှော်လင့်ချက်ပျက်သုဉ်းခြင်းဆီသို့ ပို့ဆောင်နိုင်သည်။

ရှင်ယာကုပ်က တစ်ဦးနှင့်တစ်ဦးကဲ့ရဲ့ရှုတ်ချခြင်းနှင့် ပြစ်တင်စီရင်ခြင်းတို့အား မည်သို့ဆက်စပ်ခဲ့ကြောင်းကို သတိပြုပါ။ လူတစ်ယောက်၏မကောင်းမှုကိုပြောရန် (သို့) ကဲ့ရဲ့ရှုတ်ချရန်အတွက် ထိုသူကို ပြစ်တင်စီရင်ရမည်ဖြစ်သည်။ ကဲ့ရဲ့ရှုတ်ချခြင်းသည် နှုတ်အားဖြင့် ပြစ်တင်စီရင်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့

သည် လူတစ်ဦးတစ်ယောက်နှင့် ပတ်သက်၍(မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ)ပြစ်တင်စီရင်၍ ထိုသူ့ကိုနောက် ထပ်ပို၍ ထိခိုက်နစ်နာစေရန် ထိုပြစ်တင်စီရင်ချက်ကိုအခြားသူထံ၌ သွားရောက်ကြေငြာကြသည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများနှင့်ပတ်သက်၍ ပြစ်တင်စီရင်ခြင်းကိုပြုလုပ်ကြသောအခါ ကျွန်ုပ်တို့သည် ပညတ်တရားကို ဆန့်ကျင်သောသူများဖြစ်ကြ၍ ပညတ်တရားကို ပြစ်တင်စီရင်သောသူများလည်းဖြစ်ကြသည်ဟု ဖေါ်ပြခဲ့သည်။ ဤအချက်သည် လေ့လာသုံးသပ်ဖို့ထိုက်တန်ပါသည်။

ရှင်ယာကုပ်က မိမိတို့၏မိတ်ဆွေယုံကြည်သူများအား ဘုရားသခင်၏ ပညတ်ချက်တစ်ပါးကို ချိုးဖောက်ခြင်းကြောင့် ကဲ့ရဲ့ရှုတ်ချသောစကားလုံးများဖြင့်ပြစ်တင်ဝေဖန်ခဲ့သောသူများသည် ပညတ်တော်ကို ကိုယ်တိုင်ချိုးဖောက်နေကြကြောင်းအသိပေးခဲ့သည်။ သူတို့သည်ပညတ်ချက်ကိုချိုးဖောက်သောကြောင့်ပြစ်တင်ဝေဖန်ခြင်းကိုခံရသောသူများကဲ့သို့ပင် အပြစ်ရှိကြပါသည်။

သို့သော် ပြဿနာမှာ ဤထက်ပင်ပို၍နက်နဲပါသည်။ ဤပုဂ္ဂိုလ်များသည်မိမိတို့၏ ညီအစ်ကိုမောင်နှမများကို အထင်အမြင်သေးခဲ့ကြသည်။ ဓမ္မသစ်ကျမ်းမှဖာရိရှဲများကဲ့သို့ သူတို့သည်အခြားသူများကို ပြစ်တင်ဝေဖန်နေစဉ်တွင် ကိုယ်တိုင်ကပညတ်တရားကို ချိုးဖောက်နေကြပါသည်။ သူတို့ပြုလုပ်နေကြသောအရာကို အပြစ်ဒုစရိုက်အဖြစ် ရှုမြင်ရန်ငြင်းဆန်ခဲ့ကြသည်။ ဘုရားသခင်၏ဘုန်းတော်အတွက် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ပြောဆိုခြင်းဖြင့် သူတို့၏စကားလုံးများကို အမှန်ဖြစ်စေခဲ့ကြပါသည်။ သို့သော်အမှန်တွင် သူတို့သည် မာနတရား၌လုပ်ဆောင်နေခဲ့ကြခြင်းသာဖြစ်သည်။ မိမိတို့၏အပြစ်ကိုလျစ်လျူရှု၍ အခြားသူများ၏အပြစ်ကို ပြစ်တင်ဝေဖန်ခြင်းအားဖြင့် ဤပုဂ္ဂိုလ်များသည် မည်သည်ပညတ်ချက်ကို နာခံဖို့ရန်လိုသည်၊ မည်သည့်ပညတ်ချက်သည်နာခံဖို့မလိုသည်ကို ရွေးချယ်သည့်အပြစ်ကို ကျူးလွန်နေကြပါသည်။ သူတို့

သည် ကိုယ့်ကိုယ်ကို ပညတ်တော်၏အထက်၌ထား၍ ပညတ်တော်ကို မိမိတို့နှင့် သင့်လျော်သည့်အတိုင်းအနက်ဖွင့် ပြန်ဆိုကြသည်။ ဤပုဂ္ဂိုလ်များသည် သခင်ယေရှုက မဿဲ ၇း၃ ၌ပြောခဲ့သည့်သူများကဲ့သို့ ဖြစ်ခဲ့ကြသည်။

> "ကိုယ်မျက်စိ၌ရှိသော သစ်တုံးကိုမအောက်မေ့ဘဲ၊ ညီအစ်ကိုမျက်စိ၌ရှိသော ငြောင့်ငယ်ကို အဘယ်ကြောင့်ကြည့်ရှုသနည်း။"

အခန်းငယ် ၁၂ တွင် ရှင်ယာကုပ်ကမိမိ၏ တရားနာပရိတ်သတ်တို့အားပညတ်တရားကို ထားပိုင်သောသူ၊ စစ်ကြောစီရင်ပိုင်သောသူတစ်ပါးတည်းသာရှိကြောင်းကို အသိပေးခဲ့သည်။ ဘုရားသခင်သည် ပညတ်တော်ပေးခဲ့ပြီး၊ ၄င်းကိုချိုးဖောက်သောသူများကိုလည်း စစ်ကြောစီရင်ပါသည်။ ဘုရားသခင်တစ်ပါးတည်းကသာ ဖြောင့်မတ်မှန်ကန်စွာတရားစီရင်နိုင်သည်။ ဘုရားတစ်ပါးတည်းသာ ပကတိပြည့်စုံတော်မူ၍ အပြစ်သားများကို တရားစီရင်ရန် ထိုက်တန်တော်မူသည်။ ကျွန်ုပ်တို့ကိုယ်၌က အပြစ်ရှိနေချိန်တွင် အခြားသူများ၏အပြစ်ကိုစီရင်ရလောက်အောင် ကျွန်ုပ်တို့မှာမည်သူများဖြစ်ကြ၍နည်း။ ကျွန်ုပ်တို့သည် ဤနေရာ၌ ရှင်ယာကုပ်ပြောနေသောသူများကဲ့သို့ဖြစ်ရန်မှာ အလွန်လွယ်ကူပါသည်။ ကျွန်ုပ်တို့ညီအစ်ကိုများ၏ အားနည်းချက်များကို ဝေဖန်ပုတ်ခတ်ပြောဆိုကြသော်လည်း ကျွန်ုပ်တို့၏အားနည်းချက်များကိုမူ လျစ်လျူ ရှုတတ်ကြသည်။ ဘုရားသခင်သည် ဤအချင်းအရာကို ပေါ့ပေါ့တန်တန်မမှတ်ပါ။ သူသည်ကျွန်ုပ်တို့စိတ်နှလုံးများ၏အပြောနှင့်အလုပ်မကိုက်ညီမှုကိုမြင်၍ တရားစီရင်ပါလိမ့်မည်။

ဤနေရာ၌ ကျွန်ုပ်တို့နောက်ထပ်သုံးသပ်လေ့လာဖို့ လိုအပ်သည့်ပြဿနာတစ်ခုရှိပါသေးသည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ညီအစ်ကိုများအပေါ်၌ တရားမစီရင်ရလျှင် အသင်းတော်၏စည်းမျဉ်းစည်းကမ်းများကိုမည်သို့အကောင်အထည်ဖော်ကြရမည်နည်း။ အသင်းတော်၏ စည်းကမ်းဥပဒေ

ကိုကျင့်ကြံခြင်းနှင့် စပ်လျဉ်း၍အချက်အနည်းငယ်နှင့်အတူ နိဂုံးချုပ်ခွင့်ပြုပါ။

မဿဲ ၁၈း၁၅-၁၇ တွင် သခင်ယေရှုက ညီအစ်ကိုတစ်ယောက်သည် အပြစ်ဒုစရိုက်အမှုကို ကျူးလွန်သောအခါ ကျွန်ုပ်တို့အနေဖြင့် သူ့ကိုကိုယ်တိုင် သွားရောက်ချဉ်းကပ်၍ အမှားကိုထုတ်ဖော်ပြသရမည်ဟု ဖော်ပြထားသည်။ နားထောင်ဖို့ သူငြင်းဆန်ပါက သက်သေတစ်ယောက် (သို့) နှစ်ယောက်ကို ကျွန်ုပ်တို့နှင့်အတူခေါ်ဆောင်သွား၍ သူ့ကိုထပ်တွေ့ရမည်။ သူသည်ဆက်လက် ၍ငြင်းဆန်နေပါက သူ့ကိုအသင်းတော်ရှေ့မှောက်သို့ ဆောင်ယူလာရမည်။ သူသည်အသင်းတော်ကို နားမထောင်ပါက မယုံကြည်သူတစ်ဦးကဲ့သို့ သူ့ကို ဆက်ဆံရမည်။

ပထမအနေဖြင့်၊ အပြစ်ရှိသောပုဂ္ဂိုလ်ကို သီးသန့်နှစ်ကိုယ်ချင်း တွေ့ဆုံ၍အပြစ်အကြောင်းကို ပြောပြရသည်။ ဤသို့ပြုလုပ်ခြင်းတွင်ကဲ့ရဲ့ ရှုတ်ချခြင်းမျိုးမရှိပါ။ ပြစ်မှားခံရသောသူက ပြစ်မှားသောညီအစ်ကိုအား ၎င်းပြုလုပ်ခဲ့သောအရာကို ပြောပြခြင်းသာဖြစ်သည်။ ဤသို့ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ သူတို့ကိုဘုရားသခင်နှင့် သင့်မြတ်သောမူလအခြေအနေ၌ ပြန်လည်ပို့ဆောင်ပေးရန်ဖြစ်သည်။

ဒုတိယအနေဖြင့်၊ အပြစ်ပြုလုပ်ထားသူက နောင်တရဖို့ငြင်းဆန်သော အခါ၊ သက်သေများကိုခေါ်ရသည်။ သက်သေတစ်ယောက် (သို့) နှစ်ယောက် နှင့်သာလျှင် ထိုအပြစ်ပြုလုပ်ထားသူကို တွေ့ဆုံရသည်။ ဤအခြေအနေထိ ပြဿနာမှာသီးသန့် လူချင်းတွေ့ဆုံမှုသာဖြစ်နေသေးသည်။ ဤသက်သေများကို ခေါ်လာရသည့် ရည်ရွယ်ချက်မှာ ပြန်လည်သင့်မြတ်ခြင်းကို ငြင်းဆန်နေသည့် အပြစ်ပြုလုပ်ထားသူကို မျက်မြင်သက်သေပြုလုပ်ဖို့သာမဟုတ်၊ ပြစ်မှားခံရသော သူကပြုလုပ်ထားသည့် စွပ်စွဲချက်မှန်မမှန်ကိုလည်း အတည်ပြုရန်ဖြစ်သည်။ ဤသက်သေများကို ခေါ်ဆောင်လာခဲ့ခြင်းဖြင့် ပြစ်မှားခံရသူကလည်း သူ့ကိုယ်

သူကိုလည်း စစ်ဆေးခံဖို့ခွင့်ပြုရာရောက်ပါသည်။

ဤသက်သေများက ပြဿနာကိုအသင်းတော်ရှေ့မှောက်၌ယူဆောင်လာဖို့လိုအပ်သည်ဟု မမှတ်ယူမချင်း အသင်းတော်ထဲသို့ မယူဆောင်လာရပါ။ အပြစ်ပြုလုပ်သူနှင့်ပြစ်မှားခံရသူတို့၏ စိတ်သဘောထားများသည် အသင်းတော်တစ်ခုလုံးကိုထိခိုက်တော့မည်ဟုသိသာမြင်သာမှုမရှိမချင်း ပြဿနာကို သိုသိုသိပ်သိပ်နှင့် နှိမ့်နှိမ့်ချချဖြင့်ကိုင်တွယ်ဖြေရှင်းရသည်။ ရန်မှန်းချက်မှာ ခရစ်တော်၏ကိုယ်ခန္ဓာ၌ သင့်မြတ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ အတွက်ဖြစ်သည်။

တစ်ဦးတစ်ယောက်ကို တရားစီရင်ရာ၌ အထင်သေးနေသောသူနှင့် စည်းလုံးညီညွတ်ခြင်းကို ဟန့်တားနှောက်ယှက်နေသော အခက်အခဲအဆီးအတားများကို ဖယ်ရှားခြင်းဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာ၌စည်းလုံးညီညွတ်ခြင်းကို ရှာကြံနေသောသူတို့၌ ကွဲပြားခြားနားချက်တစ်ခုရှိသည်။ မဿဲ ၁၈ ရှိ အခြေခံစည်းမျဉ်းဥပဒေသများကို နာခံလိုက်လျှောက်ခြင်းဖြင့် အပြစ်ပြုလုပ်သူနှင့်ပြစ်မှားခံရသောသူတို့ နှစ်ဦးစလုံးကို အသင်းတော်ခေါင်းဆောင်များက လေ့လာစမ်းစစ်နိုင်သည်။ ဤသို့ပြုလုပ်ခြင်းသည် ကဲ့ရဲ့ရှုတ်ချခြင်းမဟုတ်ပါ။ ဘုရားသခင်၏ရည်ရွယ်ချက်များ၌ သိုသိပ်သောဝန်ခံအပ်နှံခြင်းသာဖြစ်သည်။

ရှင်ယာကုပ်သြဝါဒစာမှ ဤကျမ်းပိုဒ်များကိုအသုံးပြု၍ အပြစ်ဒုစရိုက်၌လျှောက်လှမ်းနေသောသူတစ်ဦးနှင့်ပတ်သက်၍ တစ်စုံတစ်ခုကိုပြောဖို့ အသင်းတော်၌လုပ်ပိုင်ခွင့်မရှိဟု ပြောနေသောသူများရှိသည်။ ထိုသူတို့က ကျွန်ုပ်တို့အနေဖြင့်သူတစ်ပါးကို မစီရင်သင့်ပါဟုပြောကြသည်။ ဆိုလိုရင်းမှာ ကျွန်ုပ်တို့သည်မိမိတို့ လုပ်ချင်ရာကိုပြုလုပ်နိုင်ပြီး အသင်းတော်အနေဖြင့် တစ်စုံတစ်ခုကိုမျှမပြောသင့်ပါဟူ၍ဖြစ်သည်။ ဤအချက်သည် ဖြစ်နိုင်ချေမရှိပါ။ အသင်းတော်အတွင်းရှိ အပြစ်ဒုစရိုက်ကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ ဤသို့ဆိုလျှင် တိကျသေချာသောတရားစီရင်မှုတစ်ခုကို လိုအပ်သည်။

ကျွန်ုပ်တို့မစီရင်နိုင်သောအရာမှာ ကျွန်ုပ်တို့ညီအစ်ကိုမောင်နှမများ၏ စိတ်ရင်းရည်ရွယ်ချက်ကို ဖြစ်သည်။ ဘုရားသခင်တစ်ပါးတည်းကသာ စိတ်နှလုံး၏ရည်ရွယ်ရင်းကို သိနိုင်သည်။ သမ္မာကျမ်းထဲ၌ အတိအကျဖော်ပြထားသည့် အပြစ်ကိုကျူးလွန်ထားသော ညီအစ်ကိုမောင်နှမတစ်ယောက်ကို နောင်တရဖို့ ပြောဆိုခြင်းသည် ပုဂ္ဂလတရားစီရင်မှုတစ်ခုမဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကသာ စီရင်နေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သူတို့ကိုသမ္မာကျမ်းစာရှိ သမ္မာတရား၏အလင်း၌ လျှောက်လှမ်းကြဖို့ စိန်ခေါ်တိုက်တွန်းရုံသက်သက်သာဖြစ်သည်။

ရှင်ယာကုပ်က ကျွန်ုပ်တို့ကို သခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများနှင့် ဆက်ဆံရင်းနှီးရာတွင် နှိမ့်ချ၍ ရိုးသားဖြူစင်ကြဖို့ဆင့်ခေါ်ထားသည်။ ကိုယ်တိုင်ကအပြစ်ရှိနေချိန်တွင်ပင် ကိုယ့်ကိုယ်ကိုတရားသူကြီးများပမာ ချီးမြှောက်၍အခြားသူများ၏ မကောင်းကြောင်းကိုပြောနေသောသူများအား ရှင်ယာကုပ်က စိန်ခေါ်ထားသည်။ ထိုသို့ပြစ်တင်ပြောဆိုမည့်အစား၊ သမ္မာတရားလမ်းမှ လမ်းပျောက်သွားသောသခင်ခရစ်တော်၌တည်သောညီအစ်ကိုမောင်နှမများနှင့် ဆက်ဆံဖြေရှင်းသောအခါ၌ နှိမ့်ချခြင်းစိတ်ရှိကြဖို့ ဆင့်ခေါ်ထားပါသည်။ ညီအစ်ကိုမောင်နှမတို့အား ၎င်းတို့ပြုမိသောအပြစ်အပေါ်၌စောဒကတက်သောသူများအနေဖြင့် မိမိတို့၌လည်းအားနည်းချက်များရှိကြောင်းကို အသိအမှတ်ပြု၍ သတိရနေရမည်။ သခင်ခရစ်တော်ထံ၌ ပို၍နက်နဲသောဆက်ကပ်အပ်နှံခြင်းအတွက် တစ်ယောက်ကိုတစ်ယောက်ခွန်အားပေးတိုက်တွန်းရန်မှာကျွန်ုပ်တို့၏ရည်မှန်းချက်ဖြစ်သည်။ ဤရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်ကကျွန်ုပ်တို့ကို လျှောက်လှမ်းစေလိုသောအသက်တာ၌ လျှောက်လှမ်းဖို့ ရှာကြံကြိုးစားနေကြသည့် အပြစ်သားမိတ်ဆွေရင်းများသဖွယ်နှိမ့်ချခြင်း၌ တစ်ဦးကိုတစ်ဦး

အားပေးစိန်ခေါ်၍စေ့ဆော်တိုက်တွန်းကြပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- တရားစီရင်သူတစ်ဦးအဖြစ် မည်သူတစ်ဦးတည်းက ထိုက်တန်ပါသနည်း။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် ကျွန်ုပ်တို့၏စီရင်ခြင်းနှင့်မည်သို့ကွဲပြားပါသနည်း။
- သင့်ရဲ့ကိုယ်ပိုင်အပြစ်များကို လျစ်လျူရှုထားပြီး အခြားသူများကိုကြည့်၍ ၎င်းတို့၏လုပ်ဆောင်ချက်များနှင့် ရည်ရွယ်ရင်းများကို တရားစီရင်ခဲ့ဖူးပါသလား။ ရှင်းပြပါ။
- မောက်မာခြင်းဖြင့် အခြားသူများကို စီရင်ခြင်းနှင့်ဘုရားသခင်က ကျွန်ုပ်တို့အတွက် သတ်မှတ်ထားသောလမ်း၌ လျှောက်လှမ်းဖို့တစ်ယောက်နှင့်တစ်ယောက် စိန်ခေါ်တိုက်တွန်းခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။ နှိမ့်ချခြင်း၏ အခန်းကဏ္ဍမှာအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- သင့်ရဲ့ကိုယ်ပိုင်အပြစ်ကို မကြည့်ဘဲ၊ သင့်ရဲ့ညီအစ်ကိုမောင်နှမကိုစီရင်ခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ဘုရားသခင်၏ စံနှုန်းကိုမပြည့်မီနိုင်သောသူများအပေါ်၌ ပို၍သည်းခံနိုင်ရန်တောင်းလျှောက်ပါ။ ဤပုဂ္ဂိုလ်များကိုချစ်နိုင်ဖို့ ချစ်ခြင်းမေတ္တာကိုပေးသနားရန် တောင်းလျှောက်ပါ။
- မောက်မာခြင်းဖြင့် အခြားသူများကို စီရင်ခြင်းနှင့်သခင်ခရစ်တော်၌

တည်သောညီအစ်ကိုမောင်နှမတစ်ယောက် ကျန်းမာသန်စွမ်းသောဝိညာဉ်ရေး ရာလျှောက်လှမ်းခြင်းအတွက် ဖြူစင်ရိုးသားသော ဆန္ဒတစ်ခုရှိခြင်းတို့၏ ခြားနားချက်ကိုနားလည်သဘောပေါက်ဖို့ သင့်ကိုကူညီမစပေးရန် ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။

၁၅
# မနက်ဖြန်အတွက်ဝါကြွားခြင်း

ယာကုပ် ၄း၁၃-၁၇ ကိုဖတ်ရှုပါ။

ရှင်ယာကုပ်သည် ဤစာစောင်တွင်လျှာကိုအသုံးပြုပုံအကြောင်းအား နေရာကျယ်ကျယ်ဝန်းဝန်းပေးထားသည်။ အခန်းကြီး ၃ တွင်မိမိ၏တရားနာ ပရိသတ်ကြီးအား လျှာကိုထိန်းချုပ်ရာ၌ ခက်ခဲမှုရှိပုံကိုလည်းကောင်း၊ လျှာက ပြုလုပ်ဖန်တီးနိုင်သော ပျက်စီးဆုံးရှုံးမှုများအကြောင်းကိုလည်းကောင်း ပြန်လည် အသိပေးခဲ့သည်။ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် တစ်ဦးနှင့်တစ်ဦးကဲ့ရဲ့ ရှုတ်ချ၍မကောင်းပြောခြင်းများအကြောင်းကို ပြောပြခဲ့သည်။ အခန်းကြီး ၄၏ ဤနောက်ဆုံးအပိုင်းတွင် ရှင်ယာကုပ်ကလျှာကို အဆိုးဘက်၌အသုံးပြုပုံတစ်ခု အကြောင်းကို ပြောပြခဲ့သည်။ ၎င်းမှာ ဝါကြွားခြင်းဖြစ်သည်။

ကျွန်ုပ်တို့အထဲမှ မနက်ဖြန်အတွက် အစီအစဉ်မဆွဲသောသူမည်သူ ရှိမည်နည်း။ ဤသည်မှာ မကောင်းသောအရာမဟုတ်သော်လည်း တစ်ခါတစ်ရံ တွင် မနက်ဖြန်သည် ကျွန်ုပ်တို့၏လက်ထဲတွင် မရှိသည့်အကြောင်းကို နားလည် သဘောပေါက်ဖို့ ပျက်ကွက်ခဲ့ကြသည်။ ဤနေရာတွင်ရှင်ယာကုပ်က မြို့တစ်မြို့ သို့သွား၍ တစ်နှစ်ပတ်လုံး နေကာစီးပွားရေးလုပ်မည်ဟုအစီအစဉ်ရေးဆွဲနေခဲ့ ကြသော ပုဂ္ဂိုလ်များအကြောင်းကိုပြောပြထားသည်။ သူတို့၏ရည်ရွယ်ရင်းမှာ ငွေကြေးအကျိုးမြတ်များစွာကို ပြုလုပ်ရန်ဖြစ်သည်။ အစီအစဉ်ရေးဆွဲခြင်းမှာ အရေးကြီးသော်လည်း ကျွန်ုပ်တို့သဘောပေါက်ထားရမည့်အရာမှာ မနက်ဖြန်

တွင် ဖြစ်ပျက်မည့်အရာများကို ကျွန်ုပ်တို့မထိန်းချုပ်နိုင်ပါဟူသောအချက် ဖြစ်သည်။ အမှန်ဆိုရလျှင် မနက် ဖြန်တွင်ကျွန်ုပ်တို့ဆက်လက်၍ အသက်ရှင်မည်၊ မရှင်မည်ကိုပင် မသိနိုင်ကြပါ။ အခန်းငယ် ၁၄ တွင်ရှင်ယာကုပ်က ကျွန်ုပ်တို့၏ရှင်သန်ခြင်းကို ခဏတဖြုတ်ပေါ်လာ၍ ပြန်လည်ပျောက်ကွယ်သွားသော မြူခိုးတစ်မှုန်နှင့် နှိုင်းယှဉ်ခဲ့ပါသည်။

ကျွန်ုပ်တို့၏အသက်တာတွင် လွယ်ကာရ၍အလေးမမူပဲထားသော အရာများစွာရှိသည်။ ပြည့်စုံသောကျန်းမာရေးနှင့်အတူ အသက်ရှည်ရှည် ရှင်ရမည်ဟု ကျွန်ုပ်တို့မှတ်ယူနေကြသည်။ လွန်ခဲ့သောနှစ်အနည်းငယ်က ကျွန်ုပ်ကြုံတွေ့ခဲ့ရသည့် ယာဉ်မတော်တဆမှုတစ်ခုအားဖြင့်အသက်ကို ကျွန်ုပ်တို့ မထိန်းချုပ်ထားကြောင်းကို နားလည်သဘောပေါက်ခဲ့သည်။ ကျွန်ုပ်တို့၏အသက်သည် ဘုရားသခင်၏လက်ထဲတွင်ရှိသည်။ ကျွန်ုပ်တို့၏ ကျန်းမာရေး (သို့) အခြားပတ်ဝန်းကျင်အခြေအနေအားလုံးသည် ချက်ချင်းပြောင်းလဲ နိုင်ပါသည်။

အခန်းငယ် ၁၅ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ဘုရားသခင်ကို ၄င်းတို့၏အကြံအစည်ထဲ၌ ထည့်သွင်းရန်စိန်ခေါ်ခဲ့သည်။ ရှင်ယာကုပ်က သူတို့အား “ထာဝရဘုရားသခင် အလိုတော်ရှိလျှင် ငါတို့သည် အသက်ရှင်၍ ဤသို့ပြုကြကုန်အံ့၊ ထိုသို့ပြုကြကုန်အံ့” ဟု ပြောကြရန် စိန်ခေါ်ခဲ့သည်။ ကျွန်ုပ်တို့ကြံစည်သည့်အတိုင်း ဖြစ်မလာသောအခါတွင် ကျွန်ုပ်တို့စိတ်ပျက်ကြသည် (သို့) ဒေါသထွက်ကြသည်။ ဘုရားသခင်သည် နေ့ရက်တိုင်း၏ သခင်ဖြစ်တော်မူ၍ ထိုနေ့ရက်တိုင်းကို မိမိအားရကျေနပ်တော်မူသည့်အတိုင်း ပြုလုပ်ပိုင်ခွင့်ရှိ ကြောင်းကို ကျွန်ုပ်တို့ဖက်မှ အပြည့်အဝလက်မခံကြသောကြောင့် ထိုသို့စိတ်ပျက် ကြရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝလမ်းခရီး၌ဘုရားသခင်ယူဆောင်လာသော အရာကို လက်ခံဖို့သင်ယူကြရသည်။

ဤကျမ်းချက်မှကျွန်ုပ်တို့နောက်ထပ်သင်ယူဖို့လိုအပ်သည့်အရာ ရှိသေး

သည်။ ကျွန်ုပ်တို့သည် မနက်ဖြန်၏သခင်များ မဟုတ်ကြသောကြောင့် ဘုရားသခင်၏အလိုတော်နှင့်အကြံအစည်ကိုနေ့ရက်စဉ်တိုင်းအတွက် ရှာကြံရန်လိုအပ်သည်။ ကျွန်ုပ်တို့ပြုလုပ်ချင်သည့်အရာတိုင်းကို ကျွန်ုပ်တို့ပြုလုပ်နိုင်သည့်ပုံစံမျိုးဖြင့် ကျွန်ုပ်တို့၏နေ့ရက်များကို ဘယ်နှကြိမ်ဘယ်နှခါအစီအစဉ်ဆွဲခဲ့ကြဖူးပါသနည်း။ ဘုရားသခင်သည် နေ့ရက်တိုင်း၏သခင်ဖြစ်လျှင် ကျွန်ုပ်တို့သည် နေ့ရက်တိုင်းအလိုတော်ကို ရှာကြံကြဖို့လိုအပ်သည်။ အစေခံတစ်ယောက်သည်အရာခပ်သိမ်း၌ သခင်ဖြစ်သူ၏အလိုကိုရှာကြံသည်။ ဘုရားသခင်ကိုသင့်ရဲ့အကြံအစည်ထဲ၌ ပါဝင်ထည့်သွင်းခြင်းကိုသာ မပြုလုပ်ပါနှင့်။ သင့်အကြံအစည်ရဲ့ သခင်အဖြစ်ထားရှိပါ။ မနက်ဖြန်တွင် မည်သည့်အရာဖြစ်လာမည်ကို ကျွန်ုပ်တို့မသိပါ။ သို့သော်ဘုရားသခင်ကသိသည်။ ဘုရားသခင်၏ရည်ရွယ်ချက်သည် ကျွန်ုပ်တို့၏ရည်ရွယ်ချက်ထက် ပို၍ကောင်းပါသည်။ ကျွန်ုပ်တို့အသက်တာ၏နေ့ရက်စဉ်တိုင်းတွင် ဘုရားသခင်၏အလိုတော်ကိုရှာကြံသောသူများဖြစ်ဖို့ သင်ယူကြရသည်။

ဤကျမ်းဘောင်အဆက်အစပ်၌ နောက်ထပ်အကြောင်းအရာတစ်ခုကိုကျွန်ုပ်ဖော်ပြလိုသည်။ ကျွန်ုပ်တို့သည် နေ့ရက်စဉ်တိုင်းကို မထိန်းချုပ်နိုင်၊ သေမည်ရှင်မည်ကိုလည်းကောင်း၊ ကျန်းမာရေးကောင်းမည်မကောင်းမည်ကိုလည်းကောင်း တိုင်းတာဆုံးဖြတ်နိုင်စွမ်းမရှိကြလျှင် နေ့ရက်စဉ်တိုင်းတွင် အရှင်ခြင်းနှင့် ကျန်းမာရေးကောင်းခြင်းတို့ကို ပေးသနားတော်မူသောသူကို ကျေးဇူးတင်ချီးမွမ်းကြရပါမည်။ အရှင်ခြင်းနှင့်တကွ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ခံစားရသောနေ့တိုင်းသည် ကျေးဇူးတင်ချီးမွမ်းခြင်းနေ့လည်း ဖြစ်ရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အခြေအနေများကို ထိန်းချုပ်ထားသည်။ ဘုရားသခင်သည် မိမိ၏ကောင်းကြီးမင်္ဂလာကို ကျွန်ုပ်တို့အပေါ်၌ သွန်းလောင်းတော်မူသည်။ ဘုရားသခင်သည် မိမိ၏အကြံအစည်ကို ကျွန်ုပ်

တို့၌ပြီးမြောက်စေတော်မူသည်။ ကျေးဇူးတင်တတ်သောသူများဖြစ်ဖို့ ကျွန်ုပ်တို့ သင်ယူကြရမည်။ မည်သည့်အရာကို လုပ်မည်၊ မည်သည့်နေရာကိုသွားမည်ဟု ဝါကြွားနေမည့်အစား နှိမ့်ချခြင်းအားလုံးနှင့်အတူ ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံ၍ အရာခပ်သိမ်းသည် ဘုရားသခင်ထံမှရောက်လာကြကြောင်းကို အသိအမှတ်ပြုတတ်ရန် သင်ယူကြဖို့လိုအပ်သည်။

ရှင်ယာကုပ်က အခန်းငယ် ၁၇ တွင် ပြင်းထန်သောသတိပေးချက်နှင့်အတူ ဤအပိုင်းကိုနိဂုံးချုပ်ထားခဲ့သည်။ လူတို့က မိမိတို့ပြုလုပ်ရမည်ဟုသိထားသည့်ကောင်းသောအရာကို မပြုလုပ်လျှင် အပြစ်ကိုကျူးလွန်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။ နေ့စဉ်နေ့တိုင်းကျွန်ုပ်တို့ကြံစည်သော အစီအစဉ်များတွင် သခင်ဘုရား၏ အလိုတော်အားရှာကြံရန်လိုအပ်ကြောင်းကို ရှင်ယာကုပ်၏ စကားလုံးမျုးက အသိပေးနေပါသည်။ သခင်ဘုရား၏ အလိုတော်ကို ရှာကြံခြင်းသည် တစ်မျိုးဖြစ်၍၊ ထိုအလိုတော်ကို ကြားနာခြင်းနှင့် နာခံလိုက်လျှောက်ခြင်းမှာ တစ်မျိုးဖြစ်သည်။ တပတ်တာအတွင်း၌ တစ်စုံတစ်ခုကို ပြုလုပ်ရန် ဘုရားသခင့်ဝိညာဉ်တော်၏ ညှင်သာသောတွန်းအားပေးခြင်းကို အကြိမ်မည်မျှကျွန်ုပ်တို့ခံစားခဲ့ပါသနည်း။ ဘုရားသခင်၏ ဝိညာဉ်တော်က ကျွန်ုပ်တို့၏ စိတ်နှလုံး၌ တစ်စုံတစ်ယောက်ကို အကြိမ်မည်မျှထည့်ထားခဲ့ပါသနည်း။ ကျွန်ုပ်တို့၏စိတ်နှလုံး၌ ဘုရားသခင်ထားထားသောအရာကို ကျွန်ုပ်တို့ တုန့်ပြန်ပါသလား။ ထိုသို့မပြုလုပ်ခြင်းသည် အပြစ်ဖြစ်ပါသလား။ ရှင်ယာကုပ်က မိမိ၏ စာဖတ်ပရိတ်သတ်တို့အား သခင်ဘုရား၏အလိုတော်ကို ရှာကြံ၍၊ ပုဂ္ဂလတော်င့်တမှုဆန္ဒများ၌ သေဆုံးကာ နေ့စဉ်နေ့တိုင်းဘုရားသခင်၏ ရည်ရွယ်ချက်၌ အပြည့်အဝဝန်ခံအပ်နှံကြရန် စိန်ခေါ်ခဲ့သည်။

ကျွန်ုပ်တို့မည်သည့်အရာကို လုပ်မည်၊ မည်သည့်နေရာကိုသွားမည်ဟူသော ဝါကြွားခြင်းအတွက် နေရာမရှိပါ။ ယုံကြည်သူများဖြစ်ကြသည့်အား

လျော်စွာ ကျွန်ုပ်တို့သည် ဘဝ၏ဖြစ်ရပ်များ၊ ပတ်ဝန်းကျင်အခြေအနေများ အပေါ်၌ ထိန်းချုပ်နိုင်မှု မရှိကြသည်ကို သိလာရသည်။ ကျွန်ုပ်တို့သည်နေ့စဉ် ကိုယ့်ကိုယ်ကို ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံကြသည်။ အရာခပ်သိမ်းကို ထိန်း ချုပ်ပိုင်သအုပ်စိုးတော်မူသောဘုရားဖြစ်သည့်အလျောက် ဘုရားသခင်သည် မိမိ ဆီလျော်သည်ဟု မြင်သည့်မည်သည့်အရာကိုမဆို ကျွန်ုပ်တို့၏အသက်တာဆီသို့ ယူဆောင်လာနိုင်သော လုပ်ပိုင်ခွင့်ရှိပါသည်။ ဘုရားသခင်တွင် ကျွန်ုပ်တို့ကို ဦးဆောင်ခြင်း(သို့) ကျွန်ုပ်တို့၏အကြံအစည်များကို ပြောင်းလဲခြင်းတွင် လုပ်ပိုင် ခွင့်ရှိနေပါသည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ နှိမ့်ချစွာဖြင့် အထံတော်၌ ဝန်ခံ အပ်နှံရန်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့အသက်တာရှိ တစ်စုံတစ်ယောက်အတွက် အမှန်တကယ် ဝါကြွားနိုင်ပါသလား။ ကောင်းကြီးမင်္ဂလာအားလုံးသည် မည်သည့် နေရာမှရောက်လာကြပါသနည်း။
- ဘုရားသခင်သည် မမျှော်လင့်ဘဲ တစ်စုံတစ်ခုကို သင့်ထံမှယူဆောင် သွားခဲ့ဖူးပါသလား။ ဤအချက်ကသင့်အသက်တာကို ထိန်းချုပ်သော သူမည်သူဖြစ်သည်ဟူသောအချက်နှင့် စပ်လျဉ်း၍ မည်သည့် အရာကို သွန်သင်ပေးပါသနည်း။
- သင့်အသက်တာနေ့ရက်ထဲသို့ မကြံစည်ဘဲရောက်လာသော အဖြစ် အပျက်များနှင့်ပတ်သက်၍ သင့်ရဲ့တုန့်ပြန်မှုကားအဘယ်နည်း။ ဘုရားသခင့်ထံ၌ဝန်ခံအပ်နှံရန် သင်လိုလိုလားလားရှိခြင်းနှင့် ပတ်သက်၍ဤအချက်ကမည် သည့်အရာကို သွန်သင်ပေးပါသနည်း။
- သင့်ရဲ့အသက်တာနှင့် နေ့ရက်စဉ်တိုင်းကို သခင်ဘုရားထံ၌ ဆက်ကပ်

အပ်နှံဖူးပါသလား။ သင်ဝန်ခံအပ်နှံဖို့ လိုအပ်နေသေးသည့်အရာများ ရှိပါသလား။ ထိုအရာများမှာအဘယ်နည်း။

- သင့်တွေ့ဆုံဖို့ (သို့) စကားပြောဖို့ တစ်စုံတစ်ယောက်ကို ဘုရားသခင်ကသင့်စိတ်နှလုံးထဲ၌ ထားခဲ့ဖူးပါသလား။ သင့်အနေဖြင့် ဝန်ခံအပ်နှံဖို့ (သို့) ပြုလုပ်ဖို့လိုအပ်သော တစ်စုံတစ်ခုကို ဘုရားသခင်က သင့်စိတ်နှလုံးထဲ၌ ထားခဲ့ဖူးပါသလား။ သင်သည်နာခံခြင်းရှိခဲ့ပါသလား။

## ဆုတောင်းရန်အချက်များ

- သင့်ဘဝရဲ့အဖြစ်အပျက်ကို ဘုရားသခင်ကဖွင့်ချပြသခဲ့သည့် နည်းလမ်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ရဲ့ကောင်းကျိုးအတွက် အရာခပ်သိမ်းကို တညီတညွတ်ပြုကြရန် ကတိတော်ပေးခဲ့သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ (ရောမ ၈း၂၈ ကိုကြည့်ပါ)။
- ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏အလိုတော်ကိုလည်းကောင်း သင်မရှာကြံခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့တောင်းဆိုပါ။ သင့်ရဲ့အစီအစဉ်များကို ဘုရားသခင်ကပြောင်းလဲခဲ့သောကြောင့် သင်ဒေါသထွက် (သို့) စိတ်ပျက်ခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့တောင်းဆိုပါ။
- ယနေ့တွင် သင့်ရဲ့ဘဝလမ်းကြောင်းထဲသို့ ဘုရားသခင်ယူဆောင်လာသောပတ်ဝန်းကျင်အခြေအနေများအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်အသက်တာ၌ ဘုရားသခင်ယူဆောင်လာသောအရာများနှင့် စပ်လျဉ်း၍ မကျေမနပ်ညည်းတွား တိုင်တန်းခြင်းများမှ သင့်ကိုဆီးတားပေးဖို့ တောင်းလျှောက်ပါ။

## ၁၆

## ချမ်းသာသောသူများအတွက် အမှာစကား

ယာကုပ် ၅း၁-၆ ကိုဖတ်ရှုပါ။

အခန်းကြီး ၅ တွင် ရှင်ယာကုပ်က မိမိအလေးထားချက်ကို ချမ်းသာသောသူများအကြောင်းဆီသို့ ပြောင်းလိုက်သည်။ ဤပုဂ္ဂိုလ်များသည် ၎င်းတို့၏ ငွေကြေးနှင့် အရင်းအမြစ်များကိုတလွဲအသုံးပြုပုံကြောင့် ဤသို့ရွေးထုတ်၍ အထူးပြောဆိုထားရခြင်းဖြစ်သည်။ သို့သော် ဤအချက်အားဖြင့်ငွေကြေးနှင့်ချမ်းသာကြွယ်ဝမှုများသည် ၎င်းတို့၏ပင်ကိုယ်ဘာဝအားဖြင့် မကောင်းသောအရာများဖြစ်ကြသည်ဟု မမှတ်ယူသင့်ပါ။ သို့သော် ဤပုဂ္ဂိုလ်များသည် ဘုရားသခင်ကသူတို့ကို ပေးသနားထားသော ချမ်းသာကြွယ်ဝမှုများကို တလွဲအသုံးပြုနေကြပါသည်။ လူတစ်ယောက်၏ စစ်မှန်သောယုံကြည်ခြင်းသည် ၎င်း၏ ငွေကြေးများနှင့် စည်းစိမ်ဥစ္စာများအသုံးပြုပုံကို သက်ရောက်မှုရှိသည်ဟု ရှင်ယာကုပ်က ယုံကြည်ခဲ့သည်။

အခန်းငယ် ၁ တွင် ရှင်ယာကုပ်က ချမ်းသာသောသူများအား ၎င်းတို့အပေါ်၌ ကျရောက်လာမည့် ဆင်းရဲဒုက္ခဝေဒနာကြောင့် ငိုကြွေးအော်ဟစ်ပူဆွေးကြရန် ပြောဆိုခြင်းဖြင့်အစပြုခဲ့သည်။ ဘုရားသခင်၏ တရားစီရင်ခြင်းသည်သူတို့အပေါ်၌ကျရောက်လာတော့မည်ဖြစ်သည်။ တစ်ဖန်ကျွန်ုပ်တို့သိရှိထားဖို့လိုအပ်သောအရာမှာ ဤတရားစီရင်ခြင်းသည် သူတို့၏ငွေကြေးချမ်းသာမှုကြောင့်မဟုတ်ပါ။ သို့သော် ထိုငွေကြေးချမ်းသာမှုကို သူတို့ကမည်သို့မှတ်ယူ

သည်၊ မည်သို့အသုံးပြုခဲ့သည်ဟူသော အချက်ကြောင့် စီရင်ခံရမည်ဖြစ်သည်။ သမ္မာကျမ်းစာ၌ ပစ္စည်းဥစ္စာများအားဖြင့် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ခံစားခဲ့ကြသောသူတော်စင်များရှိခဲ့ကြသည်။ ဆော်လမုန်မင်းကြီးနှင့် ဒါဝိဒ်မင်းကြီးတို့သည် ထိုခေတ်ကာလမှရှင်ဘုရင်များအားလုံးထက် ချမ်းသာကြွယ်ဝခဲ့ကြသည်။ အာဗြဟံသည်ခြံမွေးတိရိစ္ဆာန်များစွာကိုပိုင်ဆိုင်ခဲ့ပြီး လုံလောက်သောစားကျက်ကွင်းအတွက် လောတနှင့်ပင် လမ်းခွဲဖို့ဖြစ်လာခဲ့သည် (ကမ္ဘာဦး ၁၃း၆)။ ချမ်းသာကြွယ်ဝခြင်းသည် ဆိုးညစ်သောအရာမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့ကခွင့်ပြုမည်ဆိုလျှင် ၎င်းတို့သည်ဘုရားသခင်၏နေရာကို အလျင်အမြန်စတင်ရယူနိုင်ကြသည်။ ဘုရားသခင်ပေးထားသောအရင်းအမြစ်များကိုအသုံးပြု၍ သူတို့ကျူးလွန်ခဲ့သော မကောင်းမှုများကြောင့် ဘုရားသခင်က ဤပုဂ္ဂိုလ်များကို တရားစီရင်မည်ဖြစ်သည်။

ဤကျမ်းချက်၌ တွေ့ရသည့်ပစ္စည်းချမ်းသာကြွယ်ဝခြင်းအကြောင်းသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများအားလုံးနှင့်လည်း စပ်ဆိုင်ကြောင်းကို ကျွန်ုပ်တို့မှတ်သားထားရမည်။ ကျွန်ုပ်တို့သည် ပစ္စည်းဥစ္စာပိုင်ဆိုင်ခြင်း၌ ကြွယ်ဝချမ်းသာခဲ့ကြမည်မဟုတ်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို တစ်နည်းမဟုတ်တစ်နည်းဖြင့် ကောင်းကြီးပေးထားပါသည်။ ဤကောင်းကြီးမင်္ဂလာများကို ကျွန်ုပ်တို့မည်သို့အသုံးပြုကြသည်မှာအရေးကြီးဆုံးဖြစ်သည်။

ဤကျမ်းဘောင်အဆက်အစပ်ထဲတွင် တရားစီရင်ခြင်းသည် ချမ်းသာသောသူများအပေါ်၌ ၎င်းတို့၏တစ်ကိုယ်ကောင်းဆန်ခြင်းများအတွက် ရောက်လာပါလိမ့်မည်။ သူတို့၏ချမ်းသာကြွယ်ဝခြင်းသည် ဆွေးမြေ့ပျက်စီး၍ သူတို့၏ လှပသောအဝတ်အစားများမှာ ခြစားခံရမည်ဖြစ်သည်. ။ သူတို့ရှာဖွေစုဆောင်းထားသော ရွှေငွေများသံချေးစား၍ တန်ဖိုးရှိတော့မည်ဟုတ်ပါ။ သူတို့၏ချမ်းသာကြွယ်ဝခြင်းသည် ခေတ္တယာယီသာဖြစ်၍ ပျက်စီးပျောက်ကွယ်သွားပါလိမ့်မည်။

ဣသရေလလူမျိုးများ ကန္တာရတောကြမ်းကိုဖြတ်၍ ခရီးသွားချိန်တွင် ဘုရားသခင်က သူတို့စားသုံးဖို့ မန္နမုန့်ကိုချပေးခဲ့သည့်အကြောင်းကို အမှတ်ရနေခြင်းသည် ကျွန်ုပ်တို့အတွက် အထောက်အကူဖြစ်ပါလိမ့်မည် (ထွက်မြောက်ရာ ၁၆း၄)။ ဤမန္နမုန့်သည် နံနက်တိုင်းကောင်းကင်ထက်မှ မိုးကဲ့သို့ရွာချသည်။ ဘုရားသခင်၏ လူမျိုးများအနေဖြင့် မိမိတို့လိုအပ်မည့် ပမာဏကိုသာယူရသည်။ ထို့ထက်မယူရပါ။ သူတို့လိုအပ်သည့်ပမာဏထက် ပိုယူထားသည့် မန္နမုန့်များမှာ ပုပ်သိုး၍သွားသည့်အပြင် လောက်ကောင်များကိုပါ ဆွဲဆောင်ခဲ့ကြသည် (ထွက်မြောက်ရာ ၁၆း၂၀)။ ဆိုလိုသည်မှာ ဘုရားသခင်၏လူမျိုးများသည် အလွန်များသောပမာဏကို မိမိတို့အဖို့ မစုဆောင်းနိုင်ခဲ့ကြပါ။ သူတို့သည် နေ့စဉ်နေ့တိုင်းအတွက် ဘုရားသခင်ကိုသာ အားကိုးခဲ့ကြရသည်။

အခန်းငယ် ၃ တွင် သူတို့၏စည်းစိမ်ဥစ္စာချေးတက်ခြင်းသည် နောက်ဆုံးသောကာလတွင် ဤချမ်းသာသောသူများကိုဆန့်ကျင်၍ သက်သေခံခဲ့ကြမည့်အကြောင်းကို သတိပြုပါ။ လျှို့ဝှက်သိုမှီးသိမ်းဆည်းထားသော ၎င်းတို့၏စည်းစိမ်ဥစ္စာများဆွေးမြေ့ခြင်းက ၎င်းတို့ကိုသစ္စာမရှိသော ဘဏ္ဍာထိန်းဖြစ်ခြင်းကို သက်သေခံခဲ့ကြပါလိမ့်မည်။ ဤစည်းစိမ်ဥစ္စာများကို စုဆောင်း၍သိမ်းဆည်းထားခဲ့ကြသော်လည်း ဘုရားသခင်၏ နိုင်ငံတော်အတွက် အသုံးမပြုခဲ့ကြပါ။ ၎င်းတို့၏ လောဘရမ္မက်သည် သူတို့အပေါ်၌ပင် ချေးတက်၍ ချေးစားသည့် သက်ရောက်မှုကို ဖြစ်စေမည့်အကြောင်း ရှင်ယာကုပ်ကသတိပေးထားခဲ့သည်။ ထိုအရာသည် သူတို့၏အသားကို မီးကဲ့သို့စားပါလိမ့်မည်။

ဤနေရာ၌ ကျွန်ုပ်တို့အတွက် အရေးကြီးသောသင်ခန်းစာတစ်ခုရှိသည်။ ရှင်ယာကုပ်က ဥစ္စာနေပြည့်လျှံမှုသည် မီးကဲ့သို့ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ သင်သည်လက်ထဲ၌ အလွန်ပူသောအရာတစ်ခုကို ကိုင်ထားလျှင်အလျင်အမြန်လက်မီးလောင်ပါလိမ့်မည်။ ဥစ္စာနေပြည့်လျှံခြင်းမှာလည်း ထိုနည်းတူပင်

ဖြစ်သည်။ စည်းစိမ်ဥစ္စာဆိုသည်မှာ အသုံးပြုဖို့နှင့် ရင်းနှီးမြှုပ်နှံဖို့ ဘုရားသခင်က ရည်ရွယ်ခဲ့ပါသည်။ လျှို့ဝှက်သိုမှီးသိမ်းဆည်းထားဖို့ မဟုတ်ပါ။ လောဘကြီးခြင်းနှင့်ဆုဆောင်းသိမ်းဆည်းခြင်းစိတ်မှာ အလွန်ပြင်းထန်တတ်ပါသည်။ ၁ တိ ၆း၁၀တွင် ရှင်ပေါလုက ဤသို့ဖော်ပြခဲ့သည်။

> "အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့၏ မူလအမြစ်ဖြစ်သတည်း။ လူအချို့သည်ငွေကို တပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍ ပူပန်ခြင်း ဝေဒနာနှင့် ကိုယ်ကိုကိုယ် ထုတ်ချင်းခပ်အောင်ထိုးကြပြီ။"

ငွေကြေးနှင့်ပတ်သက်၍ မည်သည့်မကောင်းမှုဒုစရိုက်ကို မကျူးလွန်ဘဲနေခဲ့ကြပါသနည်း။ ဥစ္စာခနက္ခယ်ဝခြင်းသည် ရန်သူ၏လက်ထဲတွင်အလွန်အစွမ်းထက်သော တန်ဆာပလာတစ်ခုဖြစ်သည်။ ဤအတွက်ကြောင့် ချမ်းသာကြွယ်ဝမှုများကို အချိန်ကြာကြာကိုင်မထားသင့်ပါ။ ထိုသို့ပြုမည့်အစား ဘုရားသခင်၏နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြော်အမြင်ရှိရှိဖြင့်ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။

ရှင်ယာကုပ်တို့၏ ခေတ်ကာလတွင် စည်းစိမ်ဥစ္စာများကို စုဆောင်းရှာဖွေခဲ့သောသူများ၌ မည်သို့ဖြစ်နေခဲ့ပါသနည်း။ သူတို့သည် ငွေကြေးကိုအလွန်တပ်မက်ခဲ့ကြသောကြောင့် သူတို့အတွက်အလုပ်လုပ်ပေးနေသောသူများအားပေးရမည့်လုပ်အားခများကို မပေးဘဲနေခဲ့ကြသည် (ငယ် ၄)။ အစေခံများသည် ၄င်းတို့၏ လယ်ကွင်းများကို ပေါင်းနှုတ်ပေး၍ သီးနှံများကိုရိတ်သိမ်းပေးခဲ့ကြသော်လည်း လုပ်အားခမရရှိခဲ့ကြပါ။ ချမ်းသာကြွယ်ဝမှုများသည် လောဘကြီးသောဤပုဂ္ဂိုလ်များကို စတင်ထိန်းချုပ်သည်နှင့်အမျှ တရားသဖြင့်ပေးရမည့်လုပ်အားခများကိုပေးရန် မိမိတို့၏ငွေကြေးနှင့်မခွဲနိုင်မကွာနိုင်ဖြစ်လာကြသည်။ အရက်သမားတစ်ဦးကဲ့သို့ပင် ဤငွေကြေးချမ်းသာသူများသည် ငွေကိုပို၍ပို၍

မက်မောတောင့်တလာခဲ့ကြသည်။ ပြည့်စုံလုံလောက်ခြင်းကို သူတို့မခံစားရပါ။ ငွေကြေးချမ်းသာမှုအပေါ်၌ ထားရှိသောသူတို့၏ တပ်မက်ခြင်းစိတ်ကို ကျေနပ်အားရစေရန်အတွက် လှည့်ဖြားခြင်း၊ ခိုက်ရန်ပြုခြင်းများကို အသုံးပြုလာကြသည်။

ချမ်းသာသောသူများ၏ ခေါင်းပုံဖြတ်ခြင်းကို ခံရသောသူများ၏အော်ဟစ်ငိုကြွေးသံသည် ဘုရားသခင်ထံသို့ မြင့်တက်သွားခဲ့သည်။ ဘုရားသခင်သည် တရားမျှတမှုအတွက် အော်ဟစ်ငိုကြွေးနေကြသောအသံများကို ကြားခဲ့ပြီး၊ တရားစီရင်ခြင်းနေ့ရက်တွင် ဤဖိနှိပ်ခေါင်းပုံဖြတ်သူများအား ၎င်းတို့၏လုပ်ရပ်များအတွက် ရှင်းလင်းချက်ပေးရန် ဆင့်ခေါ်ခဲ့ပါလိမ့်မည်။ အထက်စီးဆန်၍ လောဘကြီးသော ဤလူချမ်းသာများက သူတို့သည်အခြားသူများအားကောင်းကြီးပေးနိုင်ဖို့ ဘုရားသခင်က ဤအရင်းအမြစ်များကို သူတို့အားကောင်းကြီးပေးခဲ့သည်ကို နားမလည်ခဲ့ကြပါ။

ရှင်ယာကုပ်ပြောနေသော ဤလူချမ်းသာများသည် ၎င်းတို့ခိုးယူ၍လျှို့ဝှက်စုဆောင်းသိမ်းဆည်းထားသည့် တန်ဖိုးကြီးဇိမ်ကျသောအရာများဖြင့် ကိုယ့်ကိုယ်ကို ဆူဖြိုးစေခဲ့ကြသည်။ ဘုရားတရားမရှိသည့် ဤသာယာမှုများကို သူတို့အလွန်အကျွံရှာကြံလိုက်ဖမ်းနေခြင်းသည်သူတို့ကို တရားစီရင်ခြင်းနှင့် အသေသတ်ခံရခြင်း နေ့ရက်ဆီသို့ဆောင်ယူသွားနေကြောင်းကို သူတို့နားမလည်ခဲ့ကြပါ။ ဤကောက်ကျစ်ယုတ်မာသောသူများသည် ၎င်းတို့၏ဖောဖောသီသီနေနိုင်သော အသက်တာရှင်သန်နေထိုင်ပုံကို ဆက်လက်ထိန်းသိမ်းထားရန် လူ့အသက်ကိုပင် သတ်ခဲ့ကြပါလိမ့်မည်။ ဘုရားသခင်ပေးထားသော အရင်းအမြစ်များကို သူတို့တလွဲအသုံးပြုခဲ့ခြင်းကြောင့်သာ တရားစီရင်ခံရမည်မဟုတ်၊ ထိုအရင်းအမြစ်များကို မိမိတို့အဖို့လျှို့စုဆောင်းရာ၌ အခြားသူများအပေါ်တွင် လုပ်ခဲ့သောလုပ်ရပ်များအတွက်လည်း တရားစီရင်ခြင်းခံကြရပါလိမ့်မည်။

ဘုရားသခင်ကကျွန်ုပ်တို့ကို ပေးထားသောအရာများကို ကျွန်ုပ်တို့မည်သို့အသုံးပြုနေကြကြောင်းကို လေးလေးနက်နက်ပြန်လည်သုံးသပ်ကြဖို့ ရှင်ယာကုပ်၏ ဤစကားလုံးများက ကျွန်ုပ်တို့ကို စိန်ခေါ်နေပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးခဲ့သည့် ကောင်းကြီးမင်္ဂလာများကို ကျွန်ုပ်တို့မည်သို့အသုံးပြုခဲ့ကြသည့်အကြောင်းကို တစ်နေ့တွင်ဘုရားသခင်ထံ၌ ပြန်လည်ရှင်းလင်းဖြေကြားကြရပါလိမ့်မည်။ ဤကောင်းကြီးမင်္ဂလာများကို သိမ်းဆည်း၍သံချေးတက်ခြင်းနှင့် မှိုတက်ခြင်းကို စုဆောင်းကြမည်လား (သို့) ဘုရားသခင်၏နိုင်ငံတော်၌ ရင်းနှီးမြှုပ်နှံကြမည်လား။ ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးထားသောအရာများအား ကျွန်ုပ်တို့မည်သို့အသုံးပြုကြသည်ကို စောင့်ကြည့်နေပါသည်။ ထိုကောင်းကြီးမင်္ဂလာတစ်ခုစီကို ကျွန်ုပ်တို့အသုံးပြုပုံအတွက် တစ်နေ့တွင်ပြန်လည်ရှင်းလင်းဖြေကြားကြရပါလိမ့်မည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ချမ်းသာကြွယ်ဝခြင်းသည် ယုတ်ညံ့ဆိုးဝါးသောအရာ ဟုတ်ပါသလား။
- ကျွန်ုပ်တို့၏ကောင်းကြီးမင်္ဂလာများသည် ကျွန်ုပ်တို့ကိုမကောင်းမှုဒုစရိုက်ထဲသို့ မည်သို့ပို့ဆောင်နိုင်ပါသနည်း။
- ဘုရားသခင်သည် သင့်ကိုမည်သည့်ကောင်းကြီးမင်္ဂလာများပေးခဲ့ပါသနည်း။ ထိုကောင်းကြီးမင်္ဂလာများကို နိုင်ငံတော်အတွက် သင်မည်သို့အသုံးချနေပါသနည်း။
- ကျွန်ုပ်တို့၏ ချမ်းသာကြွယ်ဝမှုများနှင့် ကောင်းကြီးမင်္ဂလာများကို မီးနှင့်မည်သို့နှိုင်းယှဉ်နိုင်ပါသနည်း။
- အသက်တာ၌ တင်းတိမ်ရောင့်ရဲခြင်း၏ အခန်းကဏ္ဍမှာအဘယ်နည်း။ တင်းတိမ်ရောင့်ရဲခြင်းသည် ကျွန်ုပ်တို့ကိုလောကီချမ်းသာကြွယ်ဝမှု

ထောင်ချောက်မှ မည်သို့ကာကွယ်ပေးနိုင်ပါသနည်း။

- ဘုရားသခင်ပေးထားသောအရာများကို နိုင်ငံတော်အဖို့အလို့ငှါ သင်မည်သို့ပို၍ ကောင်းမွန်သောနည်းလမ်းဖြင့် ရင်းနှီးမြှုပ်နှံနိုင်ပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သင့်အသက်တာမှာ ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ၏ ပြည့်စုံကြွယ်ဝမှုကို တွေ့မြင်နိုင်ရန် သင့်ရဲ့မျက်လုံးများကို ဖွင့်ပေးဖို့ တောင်းလျှောက်ပါ။
- ဘုရားသခင်ပေးထားသောအရာများကို နိုင်ငံတော်အဖို့အလို့ငှါ အသုံးပြုနိုင်ရန်ကူညီမစပေးဖို့ တောင်းလျှောက်ပါ။
- သင့်ရဲ့အရင်းအမြစ်များကို တစ်ကိုယ်ကောင်းဆန်သော သာယာပျော်ရွှင်မှုများအတွက် အသုံးပြုခဲ့သည့်အချိန်များကို ခွင့်လွှတ်ပေးဖို့ ဘုရားသခင်အားတောင်းလျှောက်ပါ။

## ၁၇
## ကိုယ်တော်ကြွဆင်းလာခြင်းကိုသည်းခံစောင့်စားခြင်း

ယာကုပ် ၅း၇-၁၂ ကိုဖတ်ရှုပါ။

နောက်ဆုံးအပိုင်းတွင် ဆင်းရဲသားများအား ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည့် ချမ်းသာသူများထံ၌ ရှင်ယာကုပ်စကားပြောခဲ့သည်ကို ကျွန်ုပ်တို့တွေ့ခဲ့ကြသည်။ ရှင်ယာကုပ်က ဘုရားသခင်၏တရားစီရင်ခြင်းသည် မကြာမီရောက်လာတော့မည်အကြောင်းကို သူတို့အားပြောခဲ့သည်။ ယခုဤအပိုင်းတွင် ရှင်ယာကုပ်က ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံရသောသူများထံ၌ ပြောခဲ့သည်။ ရှင်ယာကုပ်က သူတို့အနေဖြင့်တရားမျှတမှုကိုလက်ခံရရှိမည့် နေ့ရက်ရောက်လာတော့မည့်အကြောင်းကို ပြန်လည်အသိပေးခဲ့သည်။

အခန်းငယ် ၇ ၏စိန်ခေါ်ချက်မှာ ဆင်းရဲဒုက္ခခံရချိန်၌ သည်းခံခြင်းရှိကြရန်ဖြစ်သည်။ ရှင်ယာကုပ်က ဖိနှိပ်ချုပ်ချယ်ခြင်းခံ ညီအစ်ကိုမောင်နှမများအား စိတ်ရှည်သည်းခံခြင်းနှင့်တကွ သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းကို စောင့်စားကြရန် ခွန်အားပေးထားသည်။ သူတို့သည် လက်လျှော့အရှုံးပေးခြင်းမရှိဘဲ ၎င်းတို့၏ဝန်ထုပ်များအောက်တွင် ဆက်လက်တည်မြဲနေကြရန်ဖြစ်သည်။ ဤသည်မှာ လုပ်ဆောင်ရန်ဖြစ်နိုင်သောအရာဖြစ်သည်။ အကြောင်းမှာ ဤလောက၌ တရားမျှတမှုနှင့်ဖြောင့်မတ်ခြင်းတရားကို ဆောင်ယူလာမည့် သခင်ယေရှုပြန်လည်ကြွဆင်းလာခြင်းအပေါ်၌ မိမိတို့၏မျှော်လင့်ချက်များကို ပုံအပ်ထားကြသောကြောင့်ဖြစ်သည်။

ဤသည်မှာ အံ့ဖွယ်မျှော်လင့်ချက်မဟုတ်ပါ။ သခင်ယေရှုပြန်လည်

ကြွဆင်းလာမည်ဖြစ်သောကြောင့် ယုံကြည်သူများ၌ အဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်နေထိုင်သွားဖို့ အကြောင်းပြချက်တစ်ခုရှိနေပါသည်။ သခင်ယေရှုသည် မှားယွင်းနေသောအရာများအားလုံးကို အမှန်ပြင်ခဲ့ပါလိမ့်မည်။ ယနေ့၏စစ်ကြောစုံစမ်းခြင်းကို ကျွန်ုပ်တို့ရင်ဆိုင်နိုင်စွမ်းပါသည်။ အကြောင်းမှာ သခင်ဘုရားပြန်လည်ကြွဆင်းလာချိန်တွင် ကျွန်ုပ်တို့၏အောင်နိုင်မှုများကို အမှန်တကယ်ရရှိကြမည့်အကြောင်းကို ကျွန်ုပ်တို့သိနေသောကြောင့်ဖြစ်သည်။

ရှင်ယာကုပ်က လယ်လုပ်သူသည် မိမိ၏သီးနှံများို မည်သို့စောင့်စားကြောင်းကိုထောက်ပြခြင်းဖြင့် ဤအချက်ကိုရှင်းပြခဲ့ပါသည်။ လယ်လုပ်သူသည် မိမိ၏လယ်များသည် သတ်မှတ်ထားသောအချိန်တွင် ကောင်းမွန်သောကောက်ပဲသီးနှံများကို ထုတ်လုပ်ပေးမည်ဟု ယုံကြည်လျှက်မျိုးစေ့များကို ကြဲပါသည်။ မိုးရွာချသောအခါ မြောက်မြားစွာသော ရိတ်သိမ်းခြင်းကို ရရှိမည်ဟု မျှော်လင့်ရင်းမိုးရွာချိန်ကို စိတ်ရှည်စွာစောင့်စားခဲ့သည်။ လယ်လုပ်သူသည် ကြိုးကြိုးစားစားနှင့်အချိန်ကာလကြာမြင့်စွာ အလုပ်လုပ်ခဲ့ပါသည်။ အကြောင်းမှာအဆုံးတွင် ဆုလာဒ်တစ်ခုရှိခဲ့မည်ကို သူသိနေသောကြောင့်ဖြစ်သည်။ ထိုဆုလာဒ်မှာ သူပျော်ပိုက်ခံစားရမည့် ရိတ်သိမ်းခြင်းတစ်ခုဖြစ်သည်။ အလားတူပင် ကျွန်ုပ်တို့သည်လည်း သခင်ယေရှုပြန်လည်ကြွဆင်းလာပါမည်ဟူသောအချက်တွင် မျှော်လင့်ချက်ရှိထားကြပါသည်။ လယ်လုပ်သူကဲ့သို့ပင် ကျွန်ုပ်တို့သည် သခင်ဘုရားအဖို့အလိုငှါ များစွာသောအရာများကို သည်းခံဖြတ်သန်းဖို့လိုလိုလားလားရှိနေကြပါသည်။ သခင်ယေရှုသည် သစ္စာရှိသောမိမိ၏အစေခံငယ်သားများကို ဆုချီးမြှင့်ရန် ပြန်လည်ကြွဆင်းလာမည်ဟူသော အသိသည်ခက်ခဲကျပ်တည်းသောအချိန်ကာလများတွင် အဆုံးတိုင်တည်ကြည်ကြဖို့ မျှော်လင့်ချက်နှင့်ခွန်အားသစ်များကို ပေးပါသည်။

ကျွန်ုပ်တို့၏သခင်ဘုရား ပြန်လည်ကြွဆင်းလာခြင်းအလင်းအောက်

တွင်နေ့စဉ်ရှင်သန်ဖို့ လိုအပ်သည်။ ကျွန်ုပ်တို့၏ဘဝလမ်းခရီးပေါ်၌ ရန်သူက ပစ်ချထားမည့် အဆီးအတားအနှောက်အယှက်များကို ရင်ဆိုင်ရန်သခင်ယေရှု ပြန်လည်ကြွဆင်းလာခြင်း ဂတိတော်က ကျွန်ုပ်တို့ကိုရဲရင့်ခြင်းသတ္တိပေးကမ်း စေရမည်ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို မိမိအထံပါးသို့ဆောင်ယူ ရန် ကြွဆင်းလာပါသည်။ ထိုအရပ်တွင် ကျွန်ုပ်တို့သည် နာကျင်ခြင်းနှင့်ဆင်းရဲ ခြင်းဒုက္ခများမှနောက်ဆုံး လွတ်မြောက်သွားကြမည်ဖြစ်သည်။ သခင်ယေရှုသည် မကောင်းမှုဒုစရိုက်၏ တန်ခိုးကိုအောင်နိုင်ကျော်လွှားဖို့ ကြွဆင်းလာပါသည်။ သူသည်တရားစီရင်ဖို့ ကြွဆင်းလာပါသည်။ သူသည်ကျွန်ုပ်တို့၏ဆုလာဒ်များဆီ သို့ ကျွန်ုပ်တို့ကိုဆောင်ယူသွားဖို့ ကြွဆင်းလာပါည်။ သခင်ယေရှုပြန်လည်ကြွ ဆင်းလာမည်ဟူသော ကတိတော်တွင် အံ့ဖွယ်မျှော်လင့်ခြင်း ကျွန်ုပ်တို့အတွက် ရှိနေသည် မဟုတ်ပါလား။ သခင်ယေရှု၏ကတိတော် ပြည့်စုံလာခြင်းကို စောင့်စားနေကြချိန်တွင် ကောင်းသောလယ်လုပ်သူကဲ့သို့ ကျွန်ုပ်တို့၏စိတ်နှလုံး မြေများကို အကောင်းဆုံးအခြေအနေ၌ ရှိထားကြပါစို့။

အခန်းငယ် ၈တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ခရစ်တော် မကြာမီပြန်လည်ကြွဆင်းလာမည်ဖြစ်သောကြောင့် ယုံကြည် ခြင်း၌ မြဲမြံစွာရပ်တည်နေကြဖို့ စိန်ခေါ်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သူတို့သည် နာခံခြင်းနှင့်တကွယုံကြည်ခြင်းတွင် မြဲမြံနေကြရမည်ဖြစ်သည်။ ဖိနှိပ် ချုပ်ချယ်မှုများအောက်တွင် လက်လျှော့အရှုံးပေးခြင်း (သို့) ပျင်းရိလေးတွဲလာ ခြင်းမဖြစ်ရပါ။ သူတို့သည်မိမိတို့၏ တိုက်ပွဲကိုဆက်လက်ဆင်နွှဲကြရပါမည်။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား တရားစီရင်သောသူသ သည် တံခါးနားတွင် ရပ်လျှက်နေကြောင်းကို အသိပေးခဲ့သည်။ ထိုတရားစီ ရင်သူသည် ထိုတံခါးကို ဖြတ်လျှောက်၍အချိန်မရွေး ဝင်ရောက်လာနိုင်ပါသည်။ ကျွန်ုပ်တို့အဆင်သင့်ဖြစ်ကြပါမည်လား။ ထိုတံခါးကို ဖြတ်လျှောက်၍ သူဝင်

လာသောအခါ မည်သည့်အရာကို သူတွေ့မြင်မည်နည်း။ သူ့ရဲ့သစ်လွင်လန်းဆန်းစေခြင်းမိုးအတွက် သင့်ရဲ့စိတ်နှလုံးမြေများအဆင်သင့် ဖြစ်နေသည်ကို သူတွေ့မြင်ပါမည်လား။ ကျွန်ုပ်တို့သည် အိပ်ပျော်နေ၍ သူပြန်လည်ကြွဆင်းလာခြင်းအတွက် ကျွန်ုပ်တို့၏စိတ်နှလုံးမြေများကို ပြင်ဆင်မထားခဲ့လျှင် မည်သည့်အရာကို သူမြင်တွေ့မည်နည်း။

အခန်းငယ် ၉တွင် ရှင်ယာကုပ်ကမိမိ၏အား သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအတွက် ထွန်ယက်စိုက်ပျိုး၍ပြင်ဆင်ထားရန် လိုအပ်လျှက်ရှိသော စာဖတ်ပရိသတ်တို့၏အသက်တာမှ သီးသန့်အစိတ်အပိုင်းတစ်ခုကို အလေးအနက်ထားခဲ့သည်။ အထူးသဖြင့်ဤနေရာတွင် ရှင်ယာကုပ်ကမိမိ၏ စာဖတ်ပရိသတ်တို့အား တစ်ဦးနှင့်တစ်ဦး ငြင်းခုန်ပြစ်တင်ခြင်းကို မပြုလုပ်ကြဖို့ ထိုသို့ပြုလုပ်လျှင် သခင်ယေရှုပြန်လည်ကြွဆင်းလာချိန်တွင် တရားစီရင်ခြင်းခံရမည်ဖြစ်ကြောင်း အသိပေးထားခဲ့သည်။ သခင်ဘုရားပြန်လည်ကြွလာခြင်းကို စောင့်စားကြသည်နှင့်အမျှ ကျွန်ုပ်တို့သည်သခင်ခရစ်တော်၌တည်သော အခြားညီအစ်ကိုမောင်နှမများနှင့်အတူ ယှဉ်တွဲနေထိုင်ကြရမည်။ ထိုသို့နေထိုင်ကြရာတွင် ပဋိပက္ခများ၊ သဘောထားကွဲပြားမှုများ ရှိလာပါလိမ့်မည်။ စာတန်သည် ပျက်စီးနေသောဆက်ဆံရင်းနှီးမှုများ၏ အစွမ်းကိုသိထားသည်။ သူသည် ယနေ့အသင်းတော်ထဲရှိ ကျိုးပဲ့ပျက်စီးနေသောဆက်ဆံရေးများမှ ဖြစ်လာနိုင်သည့်ပျက်စီးဆုံးရှုံးမှုကို သိနေသည်။ ရှင်ယာကုပ်က ယုံကြည်သူတို့အား သခင်ခရစ်တော်၏ ကိုယ်ခန္ဓာရှိ ဆက်ဆံရင်းနှီးမှုများကို အထူးဂရုစိုက်ကြရန်အသိပေးထားသည်။ သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းကို သူတို့စောင့်စားနေကြသည်နှင့်အမျှ သူတို့အတတ်နိုင်ဆုံးကြိုးစားအားထုတ် လုပ်ဆောင်ရမည့်အရာမှာ တစ်ဦးနှင့်တစ်ဦးကြား၌ ကောင်းမွန်သောဆက်ဆံရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းထားရန်ဖြစ်သည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦးကြားတွင် ကောင်းမွန်

သော ဆက်ဆံရင်းနှီးမှုကို ထိန်းသိမ်းထားခြင်းအားဖြင့် မိမိတို့၏စိတ်နှလုံး မြေများကို သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာခြင်းအတါက် ပြင်ဆင်ထားကြရပါမည်။ ထိုသို့အားဖြင့် သခင်ယေရှုပြန်လည်ကြွဆင်းလာသောအခါတွင် ငြင်းခုံပြစ်တင်ခြင်းပေါင်းမြက်ကို တွေ့ရမည်မဟုတ်ပါ။ ဤသည်မှာဤယုံကြည်သူများ ရင်ဆိုင်ဖြတ်သန်းနေရသည့် ညှင်းပန်းနှိပ်စက်ခြင်းနှင့် ခက်ခဲရုန်းကန်ခြင်းကာလများအတွက် အထူးစိန်ခေါ်ချက်တစ်ရပ်ဖြစ်နေပါသည်။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ဓမ္မဟောင်းကျမ်းမှ ပရောဖက်များအကြောင်းကို ပြန်လည်အသိပေးခဲ့သည်။ ဤပရောဖက်များသည်၎င်းတို့၏ ခေတ်ကာလမှ လူများ၏လက်ထဲ၌ အကြီးအကျယ်ဒုက္ခကြုံတွေ့ခဲ့ကြသည်။ သူတို့သည်ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားကို ထုတ်ဖော်ဟောပြောရာတွင် ဤလူဆိုးများ၏ဆဲရေးစော်ကားခြင်းနှင့် ပြစ်တင်မောင်းမဲခြင်းများကို ခံခဲ့ကြသည်။ ဤကဲ့သို့သော် ညှင်းပန်းနှိပ်စက်ခြင်းများရှိနေလင့်ကစား ယုံကြည်ခြင်းအားကြီးသော ဤပုဂ္ဂိုလ်များသည် အဆုံးထိတိုင်တည်ကြည်ခဲ့ကြသည်။ ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ဤပရောဖက်များကဲ့သို့ သခင်ဘုရား၏အလိုတော်၌ စိတ်ရှည်သည်းခံ၍ အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ဖြတ်သန်းကြဖို့ ဆင့်ခေါ်တိုက်တွန်းခဲ့သည်။ သခင်ဘုရားသည်အပြစ်နှင့် မကောင်းမှုဒုစရိုက်ကိုတရားစီရင်ဖို့ ဆင်းကြွလာပါလိမ့်မည်။ အပြစ်နှင့်မကောင်းမှုဒုစရိုက်များကို မယုံကြည်သူများ၏စိတ်နှလုံးသား၌သာ တွေ့ရသည်မဟုတ်၊ ကျွန်ုပ်တို့၏စိတ်နှလုံးသားထဲ၌ပင် တွေ့နိုင်ပါသည်။ သခင်ယေရှုပြန်လည်ကြွဆင်းလာခြင်းသည် ကျွန်ုပ်တို့အားကြီးမားသောမျှော်လင့်ချက်ကိုသာပေးသည်မဟုတ်၊ ၎င်းသည်ဘုရားသခင်၏သားသမီးအဖြစ်နှင့် ကျွန်ုပ်တို့၏စိတ်ရင်းစိတ်ထားများနှင့် လုပ်ရပ်များအတွက် တရားစီရင်ခြင်းခံရမည်ဟူသော သတိပေးချက်တစ်ခုလည်းဖြစ်သည်။ သခင် ခရစ်တော် ပြန်လည်ကြွဆင်း

လာပါမည်ဟူသော မျှော်လင့်ချက်တွင်ရှင်သန်သောသူများ အားလုံးသည် ကိုယ့်ကိုယ်ကိုသန့်ရှင်းစင်ကြယ်စေကြပါလိမ့်မည်။ ထိုသို့အား ဖြင့်သူတို့သည် ပြန်လည်ကြွဆင်းလာချိန်အတွက် အဆင်သင့်ဖြစ် နေကြပါလိမ့်မည်။

အခက်အခဲအကျပ်အတည်းများ၌ အပတ်တကုတ်ကြိုးစား ရှင်သန်ကြသောသူများအတွက်ကောင်းကြီးမင်္ဂလာတစ်ပါးရှိပါသည် (ငယ် ၁၁ကိုကြည့်ပါ)။ မိမိ၌ရှိသမျှသောအရာများဆုံးရှုံးသွားခြင်းကို သည်းခံ၍ကြံ့ကြံ့ခံရင်ဆိုင်ဖြတ်သန်းခဲ့သော ယောဘကိုရှင်ယာကုပ်က ဦးတည်၍ပြောပြခဲ့သည်။ ယောဘ၏စိတ်ရှည်သည်းခံခြင်းအတွက် ဘုရားသခင်ကသူ့ကို အလျှံအပယ်ကောင်းကြီးပေးခဲ့သည်။ အဆုံးတွင် ယောဘသည် ယခင်ကပိုင်ဆိုင်ခဲ့သည့် ပမာဏထက်များသောကောင်းကြီးမင်္ဂလာကို ဘုရားသခင်ထံမှ ရရှိခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏နာကျင်မှုနှင့် ဆင်းရဲခြင်းဒုက္ခများကို မမြင်နိုင်လောက်အောင်မျက်စိကန်းနေသူမဟုတ်ပါ။ ကျွန်ုပ်တို့သည် အဆုံးတိုင်တည်ကြည်၍အထံတော်၌သစ္စာရှိကြသည်နှင့်အမျှ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဆုချီးမြှင့်ပါလိမ့်မည်။

ဩဝါဒစာ၏ ဤအပိုင်းတွင်ကိုယ်တော်ပြန်လည်ကြွဆင်းလာခြင်းအလင်း၌ရှင်သန်သောသူများသည် ထူးခြားသောလက္ခဏာများကို ဆောင်ထားကြကြောင်းကိုပြောပြထားသည်။ ပထမအနေဖြင့်သူတို့၏ ခက်ခဲဆင်းရဲပင်ပန်းခြင်းတွင် ခွန်အားသစ်ရယူနိုင်ဖို့အကြောင်းအရင်းတစ်ခုသူတို့၌ရှိနေသည်။ လက်ရှိတွင် ခက်ခဲဆင်းရဲပင်ပန်းခြင်းရှိမည်ဖြစ်သော်လည်း သခင်ဘုရားပြန်လည်ကြွဆင်းလာသောအခါတွင် ခပ်သိမ်းသောအရာများကိုပြုပြင်၍ အမှန်အတိုင်းဖြစ်စေမည့်အကြောင်းကို သူတို့သိထားကြသည်။ ဘဝတွင်မျှော်လင့်ချက်နှင့် ရည်ရွယ်ချက်များကို သူတို့ပိုင်ဆိုင်ထားကြသည်။ သူတို့ သည်မျှော်လင့်ချက် ပျက်သုန်းခြင်းမရှိကြပါ။ အကြောင်းမှာသူတို့ထံ၌ အောင်နိုင်ခြင်းကတိကိုပေးခဲ့သော သခင်ဘုရားပေါ်၌သာ အာရုံစူးစိုက်ထားကြသောကြောင့်ဖြစ်သည်။

ဒုတိယအနေဖြင့် သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအလင်းတွင် ရှင်သန်နေထိုင်သောသူများသည် သစ္စာရှိ၍နာခံခြင်းလည်း ရှိကြလိမ့်မည်။ သခင်ဘုရားကြွဆင်းလာချိန်တွင် သူတို့အဆင်သင့်ဖြစ်နေချင်ကြသည်။ သခင်ဘုရားပြန်လည်ကြွဆင်းလာချိန်တွင် သစ္စာရှိသောငယ်သားအဖြစ် အတွေ့ခံလိုကြသည်။ သခင်ဘုရားနှင့် မျက်နှာချင်းဆိုင်ဆုံတွေ့သောအခါတွင် သန့်ရှင်း၍ ဖြူစင်သူများအဖြစ်ရှိချင်နေကြသည်။ ကိုယ်တော်ကြွဆင်းလာချိန်တွင် အရှက်ကွဲခြင်းနှင့်ကင်းလျှက် မိမိတို့၏ဆုလာဒ်ကို လက်ခံရရှိချင်ကြသည်။

တတိယအနေဖြင့်၊ သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအလင်းတွင် ရှင်သန်သောသူများက ဤကမ္ဘာကြီးတွင်ခက်ခဲပင်ပန်းခြင်းများစွာကို ရင်ဆိုင်နေရသော်လည်း ဘုရားသခင်သည်ထိုအရာကို မသိကျွမ်းပြုမည်မဟုတ်ဟု သိထားကြသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာတရားရှိ၍ ဂရုဏာတရားလည်းရှိကာ သူတို့ရင်ဆိုင်နေရသောဒုက္ခဝေဒနာတွင်လည်း ရည်ရွယ်ချက်တစ်ခုရှိထားကြောင်းကိုသိထားကြသည်။ သူတို့သည် ဘုရားသခင်၏ကောင်းမြတ်ခြင်းတရားကို ယုံကြည်လျှက်ရှင်သန်ကြပြီး၊ သူတို့၏သစ္စာရှိခြင်းအတွက် ပေးသနားမည့်ကောင်းကြီးမင်္ဂလာကိုလည်းစောင့်စားနေကြပါသည်။

အခန်းငယ် ၁၂တွင် ရှင်ယာကုပ်ကမိမိ၏ စာဖတ်ပရိသတ်တို့အား ကျိန်ဆိုခြင်းကို အလျင်အမြန်မပြုလုပ်ကြဖို့၊ ထိုသို့ပြုလုပ်လျှင် အပြစ်စီရင်ခြင်းကိုခံရနိုင်ကြောင်းကို ပြောပြခဲ့သည်။ သူတို့ရင်ဆိုင်နေကြသည့် အခက်အခဲများအလယ်တွင် ဤယုံကြည်သူများအတွက် ရွေးချယ်စရာမရှိသည့်အဆုံး၌ ကျိန်ဆိုခြင်းများကို ပြုလုပ်ရန်မှာ အလွန်လွယ်ကူလှပါသည်။ ဥပမာ၊ လူတစ်ယောက်ကဘုရားသခင်သည် ၎င်းရင်ဆိုင်နေရသောစစ်ကြောခြင်းမှ လွတ်မြောက်စေမည်ဆိုလျှင် ဤအရာကိုပြုလုပ်ပါမည်၊ ထိုအရာကိုပြုလုပ်ပါမည်ဟု ကတိပေးခဲ့ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ယေဖသဟူသောသူ၏အကြောင်းကို တရား

သူကြီး ၁း၃၀-၄၀ တွင် ဖတ်ရှုရသည်။ ယေဖသသည် ရန်သူများနှင့် ရင်ဆိုင်ခဲ့ချိန်တွင် ဘုရားသခင်ထံအား ရန်သူများအပေါ်၌အောင်နိုင်ခြင်းကိုပေးလျှင် တိုက်ပွဲ မှပြန်လာချိန် မိမိအားပထမဆုံးကြိုဆိုသူကို ယဇ်အဖြစ် ပူဇော်ဆက်သပါမည် ကတိသစ္စာဆိုခဲ့သည်။ သူတိုက်ပွဲမှပြန်ရောက်လာချိန်တွင် သမီးဖြစ်သူက ပထမဆုံးခရီးဦးကြိုခဲ့သောကြောင့် ဤဆင်ခြင်တုံတရားကင်းမဲ့သော ကတိသစ္စာကို နာခံသည်အနေဖြင့် သူမကိုယဇ်ဖြစ် ပူဇော်ဆက်သခဲ့ရသည်။

ကျွန်ုပ်တို့အခက်အခဲများတွင် အခြားသူများအပေါ်၌လည်းကောင်း၊ ဘုရားသခင်ကိုယ်တိုင်အပေါ်၌လည်းကောင်း၊ ဤကဲ့သို့သော ကတိသစ္စာကို ပြုမိရန်မှာ အလွန်လွယ်ကူပါသည်။ ရှင်ယာကုပ်က ကျွန်ုပ်တို့အား ဤအရာမျိုးကိုပြုလုပ်ခြင်းအား ရှောင်ကြဉ်ကြဖို့ ပြောထားပါသည်။ ထိုသို့ပြုလုပ်မည့်အစား ကျွန်ုပ်တို့သည် သိက္ခာသမာဓိအားဖြင့်လည်းကောင်း၊ ရိုးသားခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်ကကျွန်ုပ်တို့ကို လွှတ်မြောက်စေဖို့ရောက်လာသည့်အချိန်တိုင်အောင် အပတ်တကုတ်ကြိုးစားအားထုတ်ကြရပါမည်။ ဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကိုမဟုတ်ဟူသော ရည်ညွှန်းချက်က ကျွန်ုပ်တို့အနေဖြင့် ဒုက္ခဝေဒနာများမှ လွတ်မြောက်ရန်အတွက် ဘုရားသခင်နှင့်လည်းကောင်း၊ အိမ်နီးချင်းများနှင့်လည်းကောင်း အပေးအယူပြုလုပ်သောအခါ အေးရာအေးကြောင်း၊ အဆင်ပြေရာပြေကြောင်းမျိုးကို မလုပ်ဘဲ၊ အမှန်ကိုအမှန်အတိုင်း ပြုလုပ်ရန် ဆက်ကပ်အပ်နှံထားသည့် ရိုးသားတည်ကြည်၍ မှန်ကန်ဖြောင့်မတ်သောသူများဖြစ်ကြဖို့ ကျွန်ုပ်တို့ကို အသိပေးထားပါသည်။ ကျွန်ုပ်တို့၏အခက်အခဲအကျပ်အတည်းများတွင် ကိုယ်ကိုယ်ကိုဘုရားသခင်ထံ၌လည်းကောင်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်များ၌လည်းကောင်း ဆက်ကပ်အပ်နှံထားကြရမည်။ ဘုရားသခင်က သူသတ်မှတ်ထားသောအချိန်တွင် ကျွန်ုပ်တို့ကိုလွတ်မြောက်စေပါလိမ့်မည်။ ထိုအချိန်မတိုင်မီ အတောအတွင်းတွင် ကျွန်ုပ်

တို့သည် စိတ်ရှည်သည်းခံ၍ ကျွန်ုပ်တို့ရင်ဆိုင်ရသော ဒုက္ခဝေဒနာများအားဖြင့် ဘုရားသခင်က သင်ယူစေလိုသောအရာကို သင်ယူကြရမည်။

ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအလင်းတွင် ရှင်သန်နေထိုင်သောသူများသည် သခင်ဘုရားကို ကျေနပ်အားရစေရန်အတွက်လည်းကောင်း၊ သခင်ဘုရားကို ဂုဏ်ပြုရန်အတွက်လည်းကောင်း ရှင်သန်ကြသည်ဟုပြောပြနေပါသည်။ ယုံကြည်သူများဖြစ်ကြသည့်အလျောက်၊ သခင်ခရစ်တော်သည် မည်သည့်အချိန်တွင်မဆို ပြန်လည်ကြွဆင်းလာနိုင်ပါသည်ဟူသော အသိတရားနှင့်အတူနေ့စဉ်ရှင်သန်ကြဖို့ လိုအပ်သည်။ ဤမျှော်လင့်ချက်သည် အလွန်ခက်ခဲသောပတ်ဝန်းကျင်အခြေအနေမျိုး၌ပင် စိတ်ရှည်သည်းခံ၍ ပေးဆပ်အနစ်နာခံခြင်းနှင့်အတူ ရှင်သန်ဖို့ ကျွန်ုပ်တို့ကိုစေ့ဆော်သင့်ပါသည်။ ကတိသစ္စာဆိုခြင်းအားဖြင့်လည်းကောင်း၊ ဖြတ်လမ်းကိုလိုက်ခြင်းအားဖြင့်လည်းကောင်း၊ အေးရာအေးကြောင်းပြေလည်ရာ ပြေလည်ကြောင်း မပြုလုပ်ကြဖို့ကိုလည်း ဆိုလိုသည်။ ထို့အပြင် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများရှေ့တွင် နှိမ့်ချခြင်း၊ သိက္ခာသမာဓိရှိခြင်းတို့နှင့်အတူ လျှောက်လှမ်းရန်အတတ်နိုင်ဆုံးကြိုးစားအားထုတ်ဖို့ကိုလည်း ဆိုလိုသည်။ ကျွန်ုပ်တို့၏သခင်ဘုရားပြန်လည်ကြွဆင်းလာချိန်တွင် မျက်မှောက်တော်၌ ရပ်ကြရန်ကျွန်ုပ်တို့အဆင်သင့်ဖြစ်လိုကြသည်။ သခင်ဘုရား၏ မျက်မှောက်တော်၌ ကျွန်ုပ်တို့ရပ်သောအခါ အရှက်တကွဲအကျိုးနည်းခြင်းအဖြစ်မျိုးကို ကျွန်ုပ်တို့မလိုချင်ကြပါ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- မနက်ဖြန်တွင် သခင်ဘုရားပြန်လည်ကြွဆင်းလာခဲ့မည့်အကြောင်းကို သင်သိနေခဲ့လျှင် သင့်အသက်တာတွင်မည်သည့်အရာကို သင်ပြောင်းလဲခဲ့လိမ့်မည်နည်း။

- ကျွန်ုပ်တို့၏စိတ်အာရုံကို ထာဝရကာလ၌တရားသေစူးစိုက်သော အခါ မည်သည့်ထူးခြားချက်များဖြစ်လာပါသနည်း။
- သခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများနှင့် စိတ်သဘောထားညီညွတ်စွာ ရှင်သန်နေထိုင်ရန် သင်ယူဖို့အဘယ် ကြောင့်အရေးကြီးသနည်း။
- သင့်ရဲ့အခက်အခဲအကျပ်အတည်းများအလယ်တွင် သင့်ရဲ့ယုံကြည် ခြင်း၌ အေးရာအေးကြောင်း ပြေလည်ရာပြေလည်ကြောင်းပြုလုပ်ဖို့ စုံစမ်းနှောက်ယှက်ခြင်းခံရဖူးပါသလား။ ဘုရားသခင်ကလွတ်မြောက် စေသည့်အချိန်အထိ ကျွန်ုပ်တို့၏အခက်အခဲ အကျပ်အတည်းများကို စိတ်ရှည်စွာဖြင့် သယ်ပိုးသွားရန်အဘယ့်ကြောင့် အရေးကြီးပါသနည်း။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအလင်း၌ နေ့စဉ်ရှင်သန်ဖို့ ကူညီမစပေးရန် တောင်းလျှောက်ပါ။
- သင့်ရဲ့ညီအစ်ကိုမောင်နှမများအပေါ်၌ သင့်ရဲ့လုပ်ဆောင်မှုများ၊ သင့်ရဲ့စိတ်နေစိတ်ထားများ၌ သခင်ဘုရားကို ဂုဏ်ပြုဖို့သင်ပျက်ကွက် ခဲ့သည့်အချိန်များအတွက်နှင့် ခွင့်လွှတ်ပေးဖို့ တောင်းလျှောက်ပါ။
- ပြန်လည်ပြုပြင်ဖို့လိုအပ်နေသည့်ဆက်ဆံရေးများရှိပါသလား။ ပြန် လည်သင့်မြတ်ခြင်းအတွက်သင့်ကိုကူညီမစပေးဖို့ ဆုတောင်းပါ။
- ဤဘဝ၌သင်ရင်ဆိုင်ဖို့ခွင့်ပြုထားသည့် စစ်ကြောစုံစမ်းခြင်းများကို သည်းခံစွမ်းအားပေးသနားဖို့တောင်းလျှောက်ပါ။ ကိုယ်တော်၏ဘုန်း တော်အတွက်ဤစစ်ကြောခြင်းများကိုကျော်လွှားနိုင်ဖို့ ကျေးဇူးတော် ကို တောင်းလျှောက်ပါ။

၁၈

## နိဂုံးချုပ်တိုက်တွန်းချက်များ

ယာကုပ် ၅း၁၃-၂၀ ကိုဖတ်ရှုပါ။

ရှင်ယာကုပ်သြဝါဒစာ၏ ဤနောက်ဆုံးအပိုင်းတွင် တမန်တော်ကြီးက မိမိ၏စာဖတ်ပရိသတ်တို့အား နိဂုံးချုပ်စိန်ခေါ်ချက်ကို တစ်ခုပြီးတစ်ခုပေးခဲ့ပါသည်။ ထိုအရာများကို တစ်ခုချင်းစီခွဲထုတ်၍ ကျွန်ုပ်တို့လေ့လာသွားကြပါမည်။

### *ဒုက္ခဆင်းရဲခံရလျှင် ဆုတောင်းစေ*

ဤနိဂုံးချုပ်အပိုင်း၌ ရှင်ယာကုပ်ပြောကြားခဲ့သည့် ပထမတိုက်တွန်းချက်သည် ဆင်းရဲဒုက္ခရောက်နေသောသူများထံ၌ဖြစ်သည်။ ရှင်ယာကုပ်က သူတို့ကိုဆုတောင်းကြဖို့ ခွန်အားပေးခဲ့သည်။ ကျွန်ုပ်တို့ထံသို့ရောက်လာသော ပြဿနာများနှင့်အခက်ခဲများကို ရင်ဆိုင်သောအခါ ကျွန်ုပ်တို့အကောင်းဆုံး ပြုလုပ်နိုင်သောအရာမှာ ဆုတောင်းခြင်းဖြစ်သည်။ ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ပြဿနာများကို သခင်ဘုရားထံ၌ အပ်နှံ၍ခွန်အားပေးခြင်းနှင့် လမ်းပြပေးခြင်းကို ကျွန်ုပ်တို့ရှာကြံကြသည်။ ဤအရာသည် အသက်တာ၌ ကြုံတွေ့ရသည့် စစ်ကြောစုံစမ်းခြင်းတို့ကို တုန့်ပြန်ရာ၌ ကျွန်ုပ်တို့၏ပထမဆုံး တုန့်ပြန်မှုဖြစ်ရမည်။ ဤခက်ခဲခြင်းများ၌ ဘုရားသခင်သည် ကျွန်ုပ်တို့အမြဲသွန်သင်ပေးလို့နေသည်။ ဘုရားသခင်က ပြောပြဖို့ကြိုးစားနေသောအရာကို ကြားနာနိုင်ဖို့ ဘုရားသခင်၏ဉာဏ်ပညာကို ကျွန်ုပ်တို့လိုအပ်သည်။ အပြစ်ကျူး

လွန်မိခြင်းမရှိဘဲ ဤစစ်ကြောစုံစမ်းခြင်းများကို အပတ်တကုတ်ကြိုးစားအား ထုတ်၍ကျော်ဖြတ်သွားနိုင်ဖို့ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့လိုအပ် သည်။ ဘုရားသခင်အလိုရှိသည့်အတိုင်း စစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့ ရင်ဆိုင်ရန်ဘုရားသခင်၏ ခွန်အားပေးခြင်းနှင့်ဉာဏ်ပညာကို ဆုတောင်းခြင်း အားဖြင့်ရယူကြရသည်။

ကျွန်ုပ်၏မိတ်ဆွေသာသနာပြုဆရာတစ်ဦးက တစ်ကြိမ်တွင် "ကျွန် တော်တို့ ဆုမတောင်းတာတော့မဟုတ်ဘူး။ ပထမဆုံးဆုမတောင်းတာပါ" ဟုပြောခဲ့ဖူးသည်။ တစ်နည်းအားဖြင့်ဆိုလျှင်၊ ကျွန်ုပ်တို့ဒုက္ခရောက်သောအခါ (သို့) အခက်အခဲကြုံသောအခါ ဆုတောင်းခြင်းကိုကျွန်ုပ်တို့ပထမဆုံးပြုလုပ် သည့်အရာအဖြစ်မဖန်တီးခဲ့ကြပါ။ ပြဿနာတိုင်းတွင် ကျွန်ုပ်တို့၏ပင် ကိုယ်အစွမ်းအစများဆီသို့ အမြဲပြေးသွားခဲ့ကြသည်။ ကျွန်ုပ်တို့၏ဆရာဝန်များ (သို့) သူငယ်ချင်းများထံပြေးသွားတတ်ကြပြီး၊ ထိုအရာများပြုလုပ်ပြီးမှသာ သခင် ဘုရားထံ၌ကျွန်ုပ်တို့၏ပြဿနာကို အပ်နှံကြသည်။ ကျွန်ုပ်တို့၏စစ်ကြော စုံစမ်းခြင်းများတွင် ဘုရားသခင်သည်ကျွန်ုပ်တို့ပထမဆုံးသွားရောက်၍ အကူအညီတောင်းသော ပုဂ္ဂိုလ်မဟုတ်သော်လည်း၊ သူသာလျှင်ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဂရုအစိုက်ဆုံးနှင့်ကူညီပေးနိုင်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်ုပ်တို့ ရင်ဆိုင်ဖြတ်သန်းနေရသောပြဿနာကို ကျော်လွှားဖို့လိုအပ်သော ဉာဏ်ပညာ နှင့်ခွန်အားတို့ကို သူပေးနိုင်စွမ်းရှိသည်။ ကျွန်ုပ်တို့ကိုထွေးပိုက်လက်ခံဖို့ သူ၏လက်များအား ဆန့်တန်းထားသည်ကိုကျွန်ုပ်တို့တွေ့ရှိကြပါလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်သောကများနှင့် ဝမ်းနည်းပူဆွေးမှုများတွင် ကျွန်ုပ်တို့ကို နှစ်သိမ့်ကူညီပေးဖို့ သူတောင့်တနေပါသည်။

## ရွှင်လန်းသောသူရှိလျှင် ဆာလံသီချင်းကိုဆိုစေ

ခရစ်ယာန်အသက်တာသည် စစ်ကြောစုံစမ်းခြင်းများနှင့်သာ အမြဲပြည့်မနေပါ။ ကျွန်ုပ်တို့၏အသက်တာ၌ သခင်ဘုရား၏ရွှင်လန်းခြင်းနှင့် ဝမ်းမြောက်ခြင်းများနှင့် လျှံကျနေသောအချိန်များလည်းရှိပါသည်။ ထိုအချိန်များတွင် ရှင်ယာကုပ်က ယုံကြည်သူများအား ချီးမွမ်းခြင်းသီချင်းများကို သီဆိုကြဖို့ ခွန်အားပေးခဲ့သည်။ ဂီတသည် ကျွန်ုပ်တို့လူ့သဘောသဘာဝ၏ အလွန်အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ယူဆရသည်။ ဂီတသည် သခင်ခရစ်တော်၌ ကျွန်ုပ်တို့ဝမ်းမြောက်ရွှင်လန်းခြင်းနှင့် တင်းတိမ်ရောင့်ရဲခြင်းကိုဖော်ပြမှုတစ်ခုဖြစ်သည်။ ရှင်ယာကုပ်က ဤကဲ့သို့သော သီဆိုခြင်းကို ရွှင်လန်းဝမ်းမြောက်ခြင်းအချိန်များအတွက်သာ ဖယ်ထုတ်မထားပါ။ ကျွန်ုပ်တို့၏အခက်အခဲအကျပ်အတည်းများအလယ်တွင် သခင်ဘုရား၌ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့အထဲ၌ လျှံတက်လာပြီးသီချင်းအဖြစ် ပေါက်ကွဲထွက်ကျလာသောအချိန်များအမှန်တကယ် ရှိပါလိမ့်မည်။ တမန်တော်ကြီးကပြောပြနေသောအရာမှာ ကျွန်ုပ်တို့သည်ချီးမွမ်းတတ်သောသူများဖြစ်ကြဖို့ဖြစ်သည်။ ကျွန်ုပ်တို့၏အထဲ၌ ဝမ်းမြောက်ခြင်းများလျှံတက်လာသောအခါ ဤအချင်းအရာကိုအခွင့်ကောင်းယူ၍ သခင်ဘုရားအားချီးမွမ်းခြင်းယဇ်ကို ပူဇော်ပါ။ သူသည်ကျွန်ုပ်တို့၏ချီးမွမ်းခြင်းနှင့်ထိုက်တန်သည်။ သခင်ဘုရား၌ ဝမ်းမြောက်ခြင်းအား သင့်စိတ်နှလုံးထဲ၌ သီချင်းတစ်ပုဒ်ကိုယူဆောင်လာစေပါ။ ထို့နောက်ထိုသီချင်းကို သခင်ဘုရား၏ကောင်းမြတ်ခြင်းများအားလုံးအတွက် ကျေးဇူးတင်ချီးမွမ်းခြင်းတစ်ခုအဖြစ်နှင့် ရည်ရွယ်၍သီဆိုလိုက်ပါ။ ခရစ်ယာန်တို့သည် သီချင်းများအားဖြင့် ရွှင်လန်းဝမ်းမြောက်ကြဖို့လိုအပ်သည်။

## *နာသောသူရှိလျှင် သင်းအုပ်တို့ကိုခေါ်စေ*

ကျွန်ုပ်တို့ဖျားနာသောအခါ၌ ကျွန်ုပ်တို့ပထမဆုံးပင့်ခေါ်သောသူမှာ ဆရာဝန်ဖြစ်သည်။ ဤသည်မှာလုံးဝမှားသည်ဟုမဆိုလိုပါ။ သို့သော် ရှင်ယာကုပ်ကမိမိ၏စာဖတ်ပရိသတ်တို့အား အသင်းတော်မှသင်းအုပ်များကိုပင့်ခေါ်ရန်စိန်ခေါ်ခဲ့သည်။ ဤသင်းအုပ်များသည် ဖျားနာသောသူများအတွက် ဆုတောင်းပေး၍ သခင်ယေရှု၏ နာမတော်မြတ်၌ ဆီဖြင့်သုတ်လိမ်းပေးရမည်ဖြစ်သည်။

ပထမအနေဖြင့်၊ အသင်းတော်မှသင်းအုပ်များကို ပင့်ခေါ်ရမည်ဖြစ်ကြောင်းကို သတိပြုပါ။ ဤပုဂ္ဂိုလ်များကို ပင့်ခေါ်ရခြင်းမှာ၎င်းတို့၏ သိုးထိန်းအရိုက်အရာကြောင့်လည်းကောင်း၊ ၎င်းတို့၏ဝိညာဉ်ရေးအသက်တာသည် ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များနှင့်လည်းကောင်း၊ ကိုက်ညီနေရမည်ဖြစ်သောကြောင့်ဖြစ်သည်။ အသင်းတော်သည် ဖျားနာသောသူများအပေါ်၌ တာဝန်ဝတ္တရားတစ်ခုရှိကြောင်းကို ရှင်ယာကုပ်က ကျွန်ုပ်တို့အား ပြောပြနေသည်။ အသင်းတော်ခေါင်းဆောင်များသည် အသင်းဝင်တိုင်းကို ဂရုစိုက်စောင့်ရှောက်ရမည့်တာဝန်ရှိသည်။ အသင်းဝင်တစ်ယောက်ဖျားနာသောအခါ သူတို့သည်တက်ကြွသောအခန်းကဏ္ဍတစ်ခုမှ ပါဝင်လှုပ်ရှားရမည်။

ဒုတိယအနေဖြင့်၊ ဤသင်းအုပ်များသည် ဖျားနာသောသူကိုဆီနှင့် သုတ်လိမ်းပေးရမည်ဖြစ်ကြောင်းကို သတိပြုပါ။ သမ္မာကျမ်းစာတွင်ဆီသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ၎င်း၏အမှုတော်ကို အမြဲလိုလိုကိုယ်စားပြုသည်။ ရှင်ဘုရင်များသည် ၎င်းတို့လုပ်ဆောင်နေသော အမှုများအတွက် ဘုရားသခင်၏ဝိညာဉ်တော်မှလုပ်ပိုင်ခွင့် တန်ခိုးအာဏာပေးသည့် သင်္ကေတတစ်ခုအနေဖြင့် ဆီလူး၍ဘိသိက်ပေးခြင်းကို ခံကြရသည် (၁ရာ ၁၆း၁၃ကိုကြည့်ပါ)။ သင်းအုပ်

များသည် လူနာကိုဆီလူးပေးသောအခါတွင် မိမိတို့၌အနာရောဂါကိုငြိမ်းစေနိုင်သည့်မည်သည့်တန်ခိုးမျှ မရှိကြကြောင်းကို လက်ခံထားကြပါသည်။ အနာရောဂါငြိမ်းခြင်းအားလုံးသည် ဘုရားသခင်၏ ဝိညာဉ်တော်ထံမှရောက်လာပါသည်။ ဆီကိုသုတ်လူးပေးခြင်းအားဖြင့် သူတို့သည်လူနာကို သခင်ဘုရားထံ၌လည်းကောင်း၊ သခင်ဘုရား၏အနာရောဂါပျောက်ကင်းစေခြင်း ဖြစ်စဉ်၌ဆက်ကပ်အပ်နှံထားကြပါသည်။

ကျွန်ုပ်တို့သတိပြုထားဖို့လိုအပ်သည့် တတိယအချက်မှာ သင်းအုပ်များသည်ဆီကို လူနာအပေါ်၌သခင်ယေရှု၏နာမတော်၌ သုတ်လူးပေးရန်ဖြစ်သည်။ သူတို့သည် လူနာကိုဘုရားသခင်ထံ၌ ဆက်ကပ်အပ်နှံဖို့ သခင်ယေရှု၏လုပ်ပိုင်ခွင့်အာဏာနှင့်အတူ ရောက်လာကြခြင်းဖြစ်သည်။ သူတို့သည် သခင်ခရစ်တော်၏ လုပ်ပိုင်ခွင့်အာဏာနှင့်အတူ ရောက်လာကြသောကြောင့်ရန်သူမှာ ထွက်ပြေးရပေမည်။ သူတို့သည် သခင်ခရစ်တော်၏ ကိုယ်စားပြုများအဖြစ်နှင့် သခင်ခရစ်တော်ကိုယ်စား ပြုစုစောင့်ရှောက်ဖို့ ရောက်လာကြခြင်းဖြစ်သည်။ သူတို့၏နာမ၌ ဤလူနာကိုဆီသုတ်လိမ်းပေးခြင်းမဟုတ်ပါ။ အနာရောဂါပျောက်ကင်းခြင်းအားလုံးသည် သခင်ခရစ်တော်ထံမှရောက်လာကြပြီး သူတို့မှာကား သခင်ခရစ်တော်ကို ကိုယ်စားပြုထားသောသူများသာဖြစ်ကြသည်။

အခန်းငယ် ၁၅ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အားဖျားနာခြင်းသည် အပြစ်ဒုစရိုက်ကြောင့်ဖြစ်ခဲ့လျှင် ဘုရားသခင်သည် ထိုအပြစ်ကိုခွင့်လွှတ်၍ ကျန်းမာခြင်းကို ပြန်လည်ပေးသနားရန်ဆန္ဒရှိနေသည်ဟု ပြောပြနေကြောင်းကို သတိပြုပါ။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကျွန်ုပ်တို့၏အသက်တာရှိ အပြစ်ဒုစရိုက်ကြောင့်ဖြစ်ရသော ဖျားနာခြင်းအချို့ရှိသည်။ ဤကဲ့သို့သောဖျားခြင်းရောဂါမျိုးကို ကုသရန်တစ်ခုတည်းသောနည်းလမ်းမှာ အပြစ်ကိုဝန်ခံ၍နောင်တရခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏အာရုံ

စိုက်မှုကို ပြန်လည်ရယူရန် ဖျားနာခြင်းများကို အသုံးပြုသည်။ ကျွန်ုပ်တို့အသက်တာရှိဖျားနာခြင်းအားလုံးသည် အပြစ်ဒုစရိုက်ကြောင့်အမြဲမဟုတ်ကြောင်းကို နားလည်ထားကြရမည်။ ထိုအတွက်ကြောင့်ပင် ရှင်ယာကုပ်က "လျှင်" (if) ဟူသောစကားလုံးကို ဤအခန်းငယ်၌ သုံးထားခြင်းဖြစ်သည်။ အခန်းငယ် ၁၆ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်ပရိသတ်တို့အား ၎င်းတို့၏အပြစ်များကို တစ်ယောက်နှင့်တစ်ယောက် ဖေါ်ပြတောင်းပန်ကြရန် စိန်ခေါ်ခဲ့သည်။ ထိုသို့အားဖြင့်သူတို့သည် ဝိညာဉ်ရေးရာ၌လည်းကောင်း၊ ရုပ်ခန္ဓာ၌လည်းကောင်း အနာရောဂါငြိမ်းခြင်းကို ရရှိခဲ့ကြမည်ဖြစ်သည်။

အခန်းငယ် ၁၆ တွင်ရှင်ယာကုပ်က ယုံကြည်သူတို့အားဖြောင့်မတ်သောသူတစ်ယောက်၏ ဆုတောင်းခြင်းသည် အလွန်ထိရောက်မှုရှိသည်ဟု အသိပေးခဲ့ပါသည်။ ဘုရားကိုကြောက်သော သင်းအုပ်များ၏ပြင်းပြသော ဆုတောင်းခြင်းအားဖြင့် ဖျားနာခြင်းမှာ ပျောက်ကင်းသွားခဲ့နိုင်သည်။ ဆုတောင်းခြင်း၏တန်ခိုးကို ဥပမာသုံး၍ ရှင်းပြရန် ရှင်ယာကုပ်ကမိမိ၏စာဖတ်ပရိသတ်တို့အား ဧလိယ၏အကြောင်းကို အသိပေးခဲ့ပါသည် (ငယ် ၁၇)။ ဧလိယသည် သာမန်ပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း၊ မိုးမရွာဖို့သူဆုတောင်းသောအခါ ဘုရားသခင်ကသူ့ရဲ့ဆုတောင်းသံကို နားညောင်းခဲ့သည်။ သုံးနှစ်ခွဲမိုးမရွာခဲ့ပါ။ နောက်ပိုင်းတွင် ဧလိယတစ်ဖန်ဆုတောင်းသောအခါ ဘုရားသခင်သည် ထိုအရပ်၌ မိုးကိုရွာစေခဲ့သည်။ ဧလိယ၏ဆုတောင်းသံများသည် ယုံကြည်ခြင်း၌ပြုလုပ်သော သာမန်ဆုတောင်းသံတစ်ခု၏ တန်ခိုးကိုပြသသော ဥပမာတစ်ခုဖြစ်သည်။

အခန်းငယ် ၁၉-၂၀ တွင် ရှင်ယာကုပ်က မိမိ၏မိတ်ဆွေယုံကြည်သူတို့အား ညီအစ်ကိုတစ်ယောက်သည် သမ္မာတရားလမ်းမှလွဲသွားသောအခါ တစ်စုံ

တစ်ယောက်သည် ထိုညီအစ်ကိုအား လမ်းမှန်သို့ပြန်ခေါ်နိုင်လျှင် ထိုသူသည် လမ်းလွဲနေသောသူကို သေခြင်းမှကယ်တင်လိုက်ခြင်းဖြစ်သည်ဟု အသိပေးခဲ့သည်။ ရှင်ယာကုပ်သည် ဤနေရာတွင် သမ္မာတရားမှလမ်းလွဲသွားသော “ညီအစ်ကို” တစ်ယောက်အကြောင်းကို ပြောပြနေခြင်းဖြစ်ကြောင်းကို သတိပြုပါ (ငယ် ၁၉ကိုကြည့်ပါ)။ ဤနေရာ၌ပြောပြထားသော ညီအစ်ကိုမှာ လမ်းမလွဲခင်၌သမ္မာတရားကိုသိခဲ့၍၊ ထိုသမ္မာတရား၌ ရှင်သန်ခဲ့သော ယုံကြည်သူတစ်ယောက်ဖြစ်မည်ဟု ကျွန်ုပ်တို့ယုံကြည်ရသည်။

ဤပုဂ္ဂိုလ်အားသေခြင်းမှ ကယ်တင်ပေးခြင်းဖြစ်သည်ဟု ဆိုရာတွင် မည်သည့်သေခြင်းဖြစ်သနည်း။ ၁ ကော ၁၁း၂၈-၃၀ တွင်ရှင်ပေါလုက ပွဲတော်မင်္ဂလာကို မထိုက်တန်ဘဲ စားသောက်သောသူများအကြောင်းကိုပြောထားသည်။

> “သို့ဖြစ်၍လူတိုင်း ကိုယ်ကိုကိုယ်စစ်ကြောပြီးမှ၊ မုန့်ကိုစားစေ။ ထိုနည်းတူခွက်ကိုလည်းသောက်စေ။ အကြောင်းမူကား မထိုက်တန်ဘဲ စားသောက်သေသူသည် သခင်ဘုရား၏ ကိုယ်တော်ကိုပိုင်းခြား၍ သိသောကြောင့် မိမိပေါ်သို့အပြစ်ရောက်စေခြင်းငှါ စားသောက်သောသူဖြစ်၏။ ထိုအကြောင်းကြောင့် သင်တို့တွင် အားနည်းသောသူ၊ မကျန်းမာသောသူရှိကြ၏။ သေသောသူအများလည်းရှိ၏။”

မိမိတို့၏ အပြစ်ဒုစရိုက်ကို ဦးစွာကိုင်တွယ်ဖြေရှင်းခြင်းမရှိဘဲ၊ သခင်ဘုရား၏ပွဲတော်ကိုပါဝင်စားသုံးကြသောကြောင့် ဖျားနာသောသူများနှင့်သေဆုံးသွားသောသူများ ကောရိန္သုမြို့၌ရှိကြကြောင်းကို ရှင်ပေါလုယုံကြည်ခဲ့သည်။ ဘုရားသခင်သည် သူတို့အားအပြစ်ဒုစရိုက်၌ပို၍ နစ်မွန်းမသွားအောင်ကာကွယ်ပေးခြင်းဖြစ်သည်။ ထို့အပြင်ဘုရားသခင်သည် ဤပုဂ္ဂိုလ်များက ပြုလုပ်ဖန်တီးမည့် ဒုစရိုက်အမှောင့်မှ အသင်းတော်ကိုကာကွယ်ပေးခဲ့ပါသည်။

လမ်းလွဲသူများကို ပြန်ကောင်းစေခြင်းဖြင့် ထိုသူတို့အားဘုရားသခင်၏ တရားစီရင်ခြင်းအောက်ရှိ စောလျင်စွာသေခြင်းမှ ကျွန်ုပ်တို့ကယ်တင်ပေးနိုင်ခဲ့ရုံသာမဟုတ်၊ ထိုသူတို့ကို အပြစ်များစွာကျူးလွန်ခြင်းမှလည်းကာကွယ်ပေးရာရောက်သည်။ လမ်းလွဲသွားသောသူများသည် သခင်ခရစ်တော်၏အမှုကို များစွာထိခိုက်နစ်နာစေနိုင်ကြသည်။ အပြစ်ကျူးလွန်နေသော ယုံကြည်သူကို လက်ကမ်းကူညီ၍ လမ်းမှန်သို့ပို့ဆောင်ပေးခြင်းဖြင့် သူတို့၏ဒုစရိုက်လမ်း၌ ဆက်လက်ကျင်လည်ခြင်းမှ သူတို့ကိုဟန့်တားနိုင်ပါသည်။ ထို့အပြင်လူမြောက်များစွာကို သူတို့၏မကောင်းသောပုံဥပမာအား အတုယူလိုက်လျှောက်ခြင်းမှ ကျွန်ုပ်တို့ကယ်တင်နိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏တရားစီရင်ခြင်းကို ဆောင်ယူလာနိုင်သော ခေါင်းမာတတ်သည့်အစွမ်း ကျွန်ုပ်တို့အားလုံးတွင်ရှိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပြန်လည်ဆွဲယူဖို့ ဖျားနာခြင်းကိုအသုံးပြုကောင်းပြုပါလိမ့်မည်။ ထိုအချင်းအရာသည် ကျွန်ုပ်တို့ကိုလမ်းလွဲနေခြင်းမှ မရပ်တန့်နိုင်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်ကိုပင် နှုတ်ယူကောင်းနှုတ်ယူသွားပါမည်။ ဤသည်မှာအလွန်လေးနက်မှုရှိသောအယူအဆဖြစ်ပြီးကျွန်ုပ်တို့အနေဖြင့် လျော့တွက်မထားသင့်သောအရာတစ်ခုလည်းဖြစ်သည်။ ဤသည်မှာ ယုံကြည်သူတို့အား ၎င်းတို့၌ယုံကြည်ခြင်းရှိပါသည်ဟု နှုတ်အားဖြင့်သာ မဝန်ခံဘဲ ထိုယုံကြည်ခြင်းကို လက်တွေ့လုပ်ဆောင်ရန် စိန်ခေါ်ထားသည် ဩဝါဒစာ၏ထိရောက်မှုရှိလှသော နိဂုံးချုပ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤစိန်ခေါ်ချက်ကိုအလေးအနက်ထား၍ သခင်ယေရှုခရစ်တော်အပေါ်၌ထားရှိသော ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို လက်တွေ့သက်သေပြသရန် ဘုရားကိုကြောက်သော အပြုအမူများကို ကြိုးစားအားထုတ်နိုင်မည်အကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခွင့်ပြုပါစေသော်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ပြဿနာတစ်ခုခုအတွက် ဆုတောင်းဖို့ မေ့လျော့ခဲ့သည့်အချိန်များ ရှိခဲ့ဖူးပါသလား။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ရှင်ယာကုပ်က မည်သို့ပြောထားပါသနည်း။
- အပြစ်ဒုစရိုက်နှင့်ဖျားနာခြင်းတို့ ဆက်စပ်နေပုံကို ရှင်ယာကုပ်ကမည်သို့သွန်သင်ထားပါသနည်း။ ဖျားနာခြင်းအားလုံးသည် အပြစ်ဒုစရိုက်ကြောင့်ဖြစ်ရပါသလား။
- ဘုရားသခင်ထံ၌ ချီးမွမ်းခြင်းကို သီဆိုရန်တည်းဟူသော ယုံကြည်သူတို့၏တာဝန်ဝတ္တရားနှင့် ပတ်သက်၍ရှင်ယာကုပ်က ကျွန်ုပ်တို့ကို မည်သို့သွန်သင်ထားသနည်း။ ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ ဤအချက်ကမည်သို့သွန်သင်ပေးထားပါသနည်း။
- အသင်းတော်မှ ယုံကြည်သူတစ်ယောက် ဖျားနာသောအခါတွင် သင်းအုပ်၏အခန်းကဏ္ဍမှာအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- အရာခပ်သိမ်းကို အထံတော်၌ဆက်ကပ်အပ်နှံဖို့ ကူညီမစပေးရန် သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ သခင်ဘုရားသည် သင့်ကိုနေ့စဉ်နေ့တိုင်းလမ်းပြဦးဆောင်ပေးလိုနေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- အထံတော်ပါးသို့ သင့်ကိုဆွဲယူရန်မည်သည့်အရာကိုမဆိုလုပ်ဖို့ အဆင်သင့်ဖြစ်နေသည်အထိ သင့်ကိုချစ်တော်မူသောကြောင့် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။

- သင့်အသက်တာမှ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများကို စဉ်းစားသုံးသပ်ကြည့်ပါ။ ဤကောင်းကြီးမင်္ဂလာများအားလုံးအတွက် ကျေးဇူးတင်ချီးမွမ်းရန် အချိန်ယူပါ။
- ကျေးဇူးတော်ချီးမွမ်းခြင်း သီချင်းတစ်ပုဒ်ကို သင့်အားပေးသနားဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

## ရှင်ပေတရုဩဝါဒစာပထမစောင်ကို နိဒါန်းပျိုးခြင်း

### *ရေးသားပြုစုသူ*

ရှင်ပေတရုဩဝါဒစာပထမစောင်ကို ရေးသားပြုစုသူမှာ ရှိမုန်ဟု အမည်တွင်သောသူဖြစ်သည်။ ဖခင်ဖြစ်သူ၏အမည်မှာ ယောန ဖြစ်သည်ဟူသောအချက်မှတစ်ပါး ရှိမုန်၏ဖခင်အကြောင်းကို အနည်းငယ်သာသိရသည်။ ရှိမုန်ကိုညီဖြစ်သူ အန္ဒြေကသခင်ယေရှုထံသို့ ခေါ်ဆောင်မိတ်ဆက်ပေးခဲ့သည် (ယောဟန် ၁:၄၀-၄၂)။ သူသည်အိမ်ထောင်သည်တစ်ဦးဖြစ်သော်လည်း သူ့ရဲ့ဇနီးသည်အကြောင်းကို ကျွန်ုပ်တို့မသိရပါ။ သူသည် ကပေရနောင်မြို့တွင် အိမ်ရှိပြီး ထိုအိမ်တွင်ယောက္ခမဖြစ်သူနေထိုင်ခဲ့သည်ဟု ယူဆရသည် (မာကု ၁:၂၉-၃၀)။ သူသည် အသက်မွေးဝမ်းကျောင်း အလုပ်အဖြစ်တံငါသည်တစ်ဦး ဖြစ်သည်။

သခင်ယေရှုက သူ့ကိုတပည့်တော်တစ်ပါးဖြစ်လာဖို့ ဆင့်ခေါ်ခဲ့ပြီး သူ့ရဲ့နာမည်ကို ရှိမုန်မှ “ကျောက်” ဟုအဓိပ္ပါယ်ရသော “ပေတရု” အဖြစ်ပြောင်းလဲခဲ့သည် (ယောဟန် ၁:၄၁)။ ထိုအချိန်မှစ၍ သူ့ကိုပေတရု ဟုသိခဲ့ကြပြီး၊ သူသည် သခင်ယေရှုနှင့်အလွန်ကောင်းမွန်သော ဆက်ဆံရင်းနှီးမှုတစ်ခုကို ရရှိခဲ့သည်။ သူနှင့်အတူ ယာကုပ်၊ ယောဟန်တို့ကိုသခင်ယေရှုအနီးအပါး၌ အမြဲလိုလို တွေ့ရသည်။

သမ္မာကျမ်းစာက ရှင်ပေတရုကို ရဲရင့်ပြတ်သား၍စိတ်လိုက်မာန်လိုက်

နှင့် ပြုလုပ်တတ်သော၊ ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်မှုရှိသောသူတစ်ဦးအနေဖြင့် ဖော်ကျူးထားသည် (မာကု ၁၄း၃၁ ကိုကြည့်ပါ)။ သခင်ယေရှုကိုသူသိကျွမ်းခဲ့ပါသည်ဟူသောအချက်ကို သုံးကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့ချိန်တွင် မာန်စွယ်ချိုးခံခဲ့ရသည်။ နောက်ပိုင်းတွင် သူသည်တမန်တော်ဝတ္တုထဲတွင် ယေရုရှလင်မြို့အနီးတဝိုက်ရှိ ဒေသများမှ ယုံကြည်သူများထံ၌ အဓိကသာသနာပြုခြင်းဖြင့် သတင်းကောင်းတရားတော်အတွက် အကြီးအကျယ်အသုံးခံခဲ့ရသည်။

## *နောက်ခံအကြောင်းအရာ*

ရှင်ပေတရုဩဝါဒစာပထမစောင်ကို ညှင်းပန်းနှိပ်စက်ခြင်းခံရသောကြောင့် အနယ်နယ်အရပ်ရပ်သို့ ပျံ့လွင့်သွားခဲ့ကြသော ယုံကြည်သူယုဒလူမျိုးများထံ၌ လိပ်မူရေးသားခဲ့သည်။ သူတို့၏ယုံကြည်ချက်များ၌ ခိုင်ခံ့ကြဖို့ခွန်အားပေးရန်နှင့် ဆင်းရဲခြင်းဒုက္ခအလယ်၌ အာမခံချက်တစ်ခုကိုသူတို့အားပေးရန် ဤစာစောင်ကို ရေးသားခဲ့ပါသည်။ သခင်ယေရှုသည် သူတို့၏မျှော်လင့်ချက်နှင့်သူတို့၏စိတ်ချယုံကြည်မှုဖြစ်ကြောင်းကို ညွှန်ပြပေးခဲ့ပြီး၊ သခင်ခရစ်တော်ကို အမှန်တကယ်ချစ်သောသူများကို သစ္စာတရားနှင့်တကွ အဆုံးတိုင်တည်ကြည်ကြဖို့ ဆင့်ခေါ်ထားပါသည်။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ဘုရား၌ရှိနေသည့် ၎င်းတို့၏အရိုက်အရာများဖြစ်သည့် သန့်ရှင်းသောလူမျိုးဖြစ်ခြင်း၊ မင်းစည်းစိမ်ရှိသောယဇ်ပရောဟိတ်အမျိုးဖြစ်ခြင်း၊ ဘုရားသခင်ပိုင်ဆိုင်သောလူမျိုးဖြစ်ခြင်းအရာများကို ပြန်လည်အသိပေးထားသည်(၂း၉)။ ရှင်ပေတရုကသူတို့ကို ဘုရားသခင်၏အစေခံမျုးဖြစ်ကြသည့်အလျောက် အပြစ်ဒုစရိုက်ကိုရှောင်ကြဉ်၍ သူတို့ကိုဦးဆောင်နေသောသူများအနေဖြင့် ထိန်းချုပ်မှုတင်းကျပ်၍ ရက်စက်ကြမ်းတမ်းကြသောအချိန်များ၌ပင်

ထိုခေါင်းဆောင်များထံ၌ ဝန်ခံအပ်နှံကြဖို့ဆင့်ခေါ်ထားသည်။ သူသည်ကျွန်များ၊ ခင်ပွန်းသည်များ၊ ဇနီးသည်များနှင့် အသင်းတော်လူကြီးများကို အလွန်လက်တွေ့ကျသော အကြံပြုချက်များကိုပေးခဲ့ပြီး၊ ဘုရားသခင်၏လက်အောက်၌ ကိုယ့်ကိုယ်ကိုနှိမ့်ချ၍(၅း၆)၊ စိုးရိမ်ကြောင့်ကြမှုများအားလုံးကို ကိုယ်တော့်ထံ၌အပ်နှံထား ကြဖို့သူတို့ကို တိုက်တွန်းအားပေးထားသည် (၅း၇)။

## *ယနေ့အတွက်ဤစာစောင်အရေးပါပုံ*

ရှင်ပေတရုတက ယုံကြည်သူများပင်လျှင် ဤလောက၌ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ကြရပေလိမ့်မည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အားပြန်လည်အသိပေးထားသည်။ ဤစာစောင်တွင် ရှင်ပေတရုက ခက်ခဲရုန်းကန်နေရသူများအား သခင်ခရစ်တော်ကို ညွှန်ပြပေးခြင်းအားဖြင့် မျှော်လင့်ချက်ကိုပေးကမ်းထားသည်။ ရှင်ပေတရုက အခက်အခဲရင်ဆိုင်နေရသူများကို ကြံ့ခိုင်သန်မာ၍၊ သစ္စာရှိကာ၊ နာခံခြင်း၌လျှောက်လှမ်းဖို့ရန်အတွက် ၎င်းတို့၏ဆက်ကပ်အပ်နှံမှုများ၌ အေးရာအေးကြောင်း၊ အဆင်ပြေရာပြေကြောင်းကို ဘယ်သောအခါမျှ မပြုလုပ်ကြဖို့ ဆင့်ခေါ်ထားသည်။ တမန်တော်ကြီးက ကျွန်ုပ်တို့အားသခင်ယေရှု၏ နာမတော်အတွက် ဆင်းရဲဒုက္ခရောက်ရခြင်းသည် အခွင့်ထူးတစ်ခုဖြစ်၍ ဂုဏ်ယူစရာအရာတစ်ခုလည်းဖြစ်ကြောင်းကို ပြန်လည်အသိပေးထားသည်။ ဤကဲ့သို့သောခက်ခဲသည့်အချိန်ကာလများတွင် ကျွန်ုပ်တို့၏စိုးရိမ်ကြောင့်ကြမှုများအားလုံးကို ကိုယ်တော့်ထံ၌ အပ်နှံ၍ ကိုယ်တော်ရှင်၏ ရည်ရွယ်ချက်များကို ယုံကြည်ကြဖို့ ဆင့်ခေါ်ထားသည်။ ခက်ခဲကျပ်တည်းသောအချိန်ကာလများနှင့် စစ်ကြောခြင်းကာလများအတွက် မွန်မြတ်သောအကြံပြုချက်များနှင့် နှစ်သိမ့်မှုများကို ရှင်ပေတရုဩဝါဒစာပထမစောင်က ကျွန်ုပ်တို့ကိုပေးထားပါသည်။

# ၁၉
# အသက်ရှင်သောမျှော်လင့်ချက်

၁ ပေ ၁း၁-၉ ကိုဖတ်ရှုပါ။

တမန်တော်ပေတရုသည် ယုံကြည်သူများအဖြစ်နှင့် မိမိတို့၏အသက်တာ၌ စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်နေရသောသူများထံသို့ စာရေး၍ပို့လိုက်သည်။ သခင်ယေရှုခရစ်၌ သူတို့လက်ခံရရှိထားခဲ့ကြသည့် မျှော်လင့်ချက်ကိုခွန်အားပေးတိုက်တွန်းရန် ရှင်ပေတရုရှာကြံကြိုးစားခဲ့သည်။ သူသည်ယုံကြည်သူများကို သခင်ဘုရား၏ကျေးဇူးတော်၌ ခိုင်ခံ့မြဲမြံကြ၍ ရန်လိုတတ်သောဤလောကကြီး၌ ဆင်းရဲခြင်းဒုက္ခကိုခံစားနေရသည့် ဧည့်သည်အာဂန္တုများအဖြစ်နှင့် မှန်ကန်သောစိတ်ရင်းစိတ်ထားများနှင့်အတူ အဆုံးတိုင်တည်ကြည်ကြဖို့အလိုရှိခဲ့သည်။

ရှင်ပေတရုက ကိုယ်ကိုယ်ကို သခင်ယေရှုခရစ်၏တမန်တော်တစ်ပါးအဖြစ်မိတ်ဆက်ထားသည်။ ဤအချင်းအရာသည် ရှင်ပေတရုအားယုံကြည်လက်ခံနိုင်ဖွယ်အခြေအနေကို အခိုင်အမာသက်သေထူထားသည်။ တမန်တော်တစ်ပါးဖြစ်သည့်အလျောက်၊ သူသည်ဘုရားသခင်၏ ဆင့်ခေါ်ခြင်းကိုခံထားရပြီး၊ အသင်းတော်များထဲ၌ သခင်ခရစ်တော်ကိုယ်စား အလုပ်အကျွေးပြုအမှုတော်ဆောင်ရန် တာဝန်ပေးခြင်းကို ခံထားရပါသည်။ ရှင်ပေတရုကသူ့ရဲ့စာဖတ်ပရိသတ်များထံ၌ ပြောဆိုရမည့်အရာများသည် ရှင်ပေတရု၏ အရိုက်အရာကြောင့်သာအရေးပါကြသည်မဟုတ်၊ သူသည်သခင်ခရစ်တော်၏ ကိုယ်

စားပြောဆိုနေသောကြောင့်လည်းအရေးပါနေကြခြင်းဖြစ်သည်။

ရှင်ပေတရုသည်အသက်တာ၌ အချိန်တိုင်းအမြဲတမ်းသစ္စာမရှိခဲ့နိုင်သော်လည်း သူသည်ဘုရားသခင်ရွေးချယ်ထားသော တန်ဆာပလာတစ်ခုဖြစ်ခဲ့သည်။ ရှင်ပေတရု၏အစောပိုင်း အသက်တာတွင်သူအမှန်တကယ် ကျောထောက်နောက်ခံမလုပ်ပေးနိုင်သည့် ရဲရင့်ပြတ်သားသော ထုတ်ဖော်ပြောကြားမှုများကို ပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ သခင်ယေရှုကိုဘယ်သောအခါတွင်မျှ စွန့်ပစ်သွားမည်မဟုတ်ကြောင်း ကတိပေးပြီးနောက်တွင် သုံးကြိမ်တိုင်တိုင်ကိုယ်တော့်ကို ငြင်းပယ်ခဲ့သည်။ ရှင်ပေတရုသည် ယုံကြည်ခြင်း၌ ပြိုလဲ၍ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အပြစ်လွှတ်ခြင်းကိုခံရသောသူများအတွက် သာဓကတစ်ခုဖြစ်သည်။ သခင်ယေရှုကို သူငြင်းပယ်ခဲ့သည့်အဖြစ်ကိုသူဘယ်တော့မျှ မေ့ပျောက်နိုင်ခဲ့မည်မဟုတ်သော်လည်း၊ ဤအရှက်တရားကသူ့ကို ကိုယ်တော်၏နာမတော်၌ အမှုတော်ဆောင်ခြင်းမှ တားဆီးမည့်အဖြစ်ကို သူခွင့်မပြုခဲ့ပါ။ သူသည်သခင်ခရစ်တော်၏ အပြစ်လွှတ်ခြင်းတရားကို သိရှိနားလည်ခဲ့ပြီး၊ ထိုအရာ၌ ရှင်သန်လျှောက်လှမ်းခဲ့သည်။ ဘုရားသခင်ကလည်းသူ့ကိုမစွန့်ပစ်ခဲ့ပါ။ ဘုရားသခင်သည် ရှင်ပေတရု၏အသက်တာအတွက် ရည်ရွယ်ချက်တစ်ခုရှိလျှက်နေပါသည်။ ယနေ့တွင်သင်သည် ဤအရာကိုဖတ်ရှုနေပြီး၊ ရှင်ပေတရုနှင့်အဖြစ်ချင်းတူနေကြောင်းကို တွေ့ကောင်းတွေ့နေပါလိမ့်မည်။ သင်သည်ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်း၌ ကျရှုံးကောင်းကျရှုံးခဲ့ပါလိမ့်မည်။ နောင်တရ၍ ကိုယ်တော့်အတွက် အမှုတော်ဆောင်ခြင်းကို ဆက်လက်လုပ်ဆောင်ပါ။

ရှင်ပေတရုက မိမိ၏စာစောင်ကို ဘုရားသခင်ရွေးကောက်တော်မူသောသူများအား လိပ်မူခဲ့သည်။ ဂရိစကားလုံးတွင် “စိစစ်ရွေးကောက်ခြင်းခံရသူများ” ဟုအဓိပ္ပါယ်ရသည်။ ဤပုဂ္ဂိုလ်များသည် ၎င်းတို့၏ကယ်တင်ခြင်းကို

လိုလားပေးသော ဘုရားသခင်၏ဆင့်ခေါ်ခြင်းကို ခံရ၍ဘုရားသခင်လိုက်ဖမ်းခြင်းကိုခံရသောသူများဖြစ်ကြသည်။ အခန်းငယ် ၁ တွင် ရှင်ပေတရု၏ ပြောဆိုထားချက်အရ သူတို့သည် ဤလောကကြီး၌ဧည့်သည်အာဂန္တုများဖြစ်ကြသည်။ ဤလောကကြီးသည် သူတို့၏အိမ်မဟုတ်ပါ။ ဘုရားသခင်သည်သူတို့ အတွက် နေအိမ်ကို ကောင်းကင်ဘုံတွင်ပြင်ဆင်ထားပါသည်။ ကျွန်ုပ်တို့၏အသက်တာ၌လည်း ဤနားလည်သဘောပေါက်မှုနှင့်အတူ ရှင်သန်ကြရန်မှာ အရေးကြီးပါသည်။ ဤလောကကြီးအတွက် ရှင်သန်နေထိုင်ရန်မှာ ကျွန်ုပ်တို့အတွက် အလွန်လွယ်ကူပါသည်။ ကျွန်ုပ်တို့၌ကိုယ်ပိုင်အကြံအစည်းများနှင့် ကိုယ်ပိုင်အစီအစဉ်များရှိကြသည်။ ဤအသက်တာ၌ ကျွန်ုပ်တို့ပြီးမြောက်အောင်လုပ်ချင်သည့်အရာများစွာရှိသည်။ ကျွန်ုပ်တို့သည် ဤကမ္ဘာကြီး၌ ဧည့်သည်အာဂန္တုများဖြစ်ကြသည်ဟူသော အမှန်တရား၌ လက်တွေ့ရှင်သန်ကြဖို့ ရှင်ပေတရု၏စကားလုံးများက ကျွန်ုပ်တို့ကို စိန်ခေါ်နေပါသည်။

ကျွန်ုပ်တို့သည် ဤလောကကြီး၌ဝိညာဉ်ရေးရာ ဧည့်သည့်အာဂန္တုများဖြစ်ကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ခရစ်ယာန်ရှင်သန်နေထိုင်ပုံနှင့် တွေးခေါ်ကြံဆပုံတို့သည် ဤလောကကြီးမှ ရောက်လာသောအရာများမဟုတ်သောကြောင့်ဖြစ်သည်။ ကယ်တင်ခြင်းခံထားရသော ကျွန်ုပ်တို့သည်သခင်ခရစ်တော်၏စိတ်နှလုံးကို ရှိထားကြသည်။ ကျွန်ုပ်တို့သည် သူ့ရဲ့သားသမီးများဖြစ်ကြသည်။ ကျွန်ုပ်တို့၏အထဲမှ လောကီစိတ်သဘောထားများသည် တစ်နေ့ပြီးတစ်နေ့ ပြုပြင်ပြောင်းလဲခြင်းကို ခံရသည်။ ကျွန်ုပ်တို့၏ဦးစားပေးအရာများမှာလည်းပြောင်းလဲသွားကြရသည်။ လောကီသားများက ကျွန်ုပ်တို့ကို နားမလည်ကြပါ။ ကျွန်ုပ်တို့၏ နည်းလမ်းများသည် သူတို့နှင့်ကွဲပြားပါသည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်များသည် အောက်အရပ်မှအရာများအပေါ်၌မဟုတ်၊ ဘုရားသခင်ကတိပေးထားသော အထက်အရပ်မှအရာများအပေါ်၌ဖြစ်သည်။ ဤလောက

နှင့်ဆိုင်သောအရာများကို ကျွန်ုပ်တို့မှီတွယ်မထားကြပါ။ အကြောင်းမှာ ၎င်းတို့သည် ခဏတာမျှသာတည်တံ့၍ ကုန်လွန်ကွယ်ပျောက်သွားကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏အမွေနှင့်ရတနာမှာ ကောင်းကင်ဘုံတွင်ရှိသည်။

ရှင်ပေတရုလိပ်မူရေးသားနေသောသူများသည် နေရာဒေသအသီးသီးဆီသို့ကွဲလွင့်ပျံ့နှံ့နေကြသည်။ သူတို့သည် ပုန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနိပြည်တို့တွင် နေထိုင်နေကြသည်။ ဤစာစောင်ကိုရောမအုပ်ချုပ်မှုအောက်ရှိ ဤပြည်များ၌ရှိသော အသင်းတော်များတွင်လက်ဆင့်ကမ်းလှည့်ပတ်၍ ဖတ်ရှုခဲ့ရပါလိမ့်မည်။ ဤဒေသများသည် ယနေ့တွင်တူရကီနိုင်ငံဖြစ်သည်။ ရှင်ပေတရုက မိမိ၏စာစောင်ကိုကျယ်ကျယ်ပြန့်ပြန့်လှည့်ပတ်ဖြန့်ဝေ၍ဖတ်ရှုကြဖို့ မျှော်လင့်ခဲ့သည်။

ဤယုံကြည်သူများနှင့် ပတ်သက်၍အခန်းငယ် ၂ ၏ပြောပြထားချက်ကိုသတိပြုပါ။ ပထမအနေဖြင့် ဤယုံကြည်သူများသည် ဘုရားသခင်၏အနာဂတ်ဉာဏ်တော်အားအတိုင်း ရွေးကောက်ခြင်းခံထားရသူများဖြစ်ကြသည်။ အမှန်ဆိုရလျှင် ကျွန်ုပ်တို့အထဲမှမည်သူကမျှ သခင်ယေရှုကို မိမိတို့၏ပင်ကိုယ်သဘာဝအားဖြင့် ယုံကြည်လက်ခံခဲ့ကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ပင်ကိုသဘာဝတွင်ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သောအရာများကိုပင် စိတ်ဝင်စားခြင်းမရှိပါ။ ဝိညာဉ်ရေးရာနားလည်သဘောပေါက်ခြင်းမရှိဘဲ၊ ကျွန်ုပ်တို့၌ကယ်တင်ရှင်လိုအပ်နေမှုကိုပင် သိရှိခဲ့ကြသည်မဟုတ်ပါ။

ကျွန်ုပ်တို့ထဲမှတစ်ယောက်ယောက် အပြစ်မှကယ်တင်ခြင်းကိုခံရတော့မည်ဆိုလျှင် ဘုရားတစ်ပါးတည်းကသာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုအထမြောက်ပြည့်စုံစေနိုင်သည်။ ကျွန်ုပ်တို့ကို လက်ကမ်းကယ်တင်ပေးဖို့ ဘုရားသခင်ကသာပိုင်းဖြတ်သတ်မှတ်သည်။ ကျွန်ုပ်တို့မမွေးဖွားမီ၌ပင် ဘုရားသခင်၏

လက်တော်သည် ကျွန်ုပ်တို့အပေါ်၌ရှိနေခဲ့သည်။ အမိ၏ဝမ်းထဲ၌ကျွန်ုပ်တို့ရှိစဉ်၌ပင် ဘုရားသခင်ကကျွန်ုပ်တို့အတွက် ရည်ရွယ်ချက်တစ်ခုကို ထားထားပြီးဖြစ်သည်။ ထိုရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့ကိုပြင်ဆင်မွမ်းမံရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အခြေအနေများကို စည်းဝါးရိုက်၍ဖန်တီးပါလိမ့်မည်။ သူသည်ကျွန်ုပ်တို့လိုက်ဖမ်း၍ မိမိ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ကျွန်ုပ်တို့၏ ဆန့်ကျင်ပုန်ကန်လိုသော နှလုံးသားကိုချေခွဲခဲ့ပါလိမ့်မည်။ သူသည်ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တို့ကိုကယ်တင်ခြင်းနှင့် အပြစ်လွှတ်ခြင်းကိုပေးသနားပါလိမ့်မည်။ ကျွန်ုပ်အသက်တာ၌ ဘုရားသခင်အလုပ်မလုပ်၊ ကျွန်ုပ်ကို ကယ်တင်ဖို့ လက်ကမ်းမပေးခဲ့လျှင် ကျွန်ုပ်သည်ဘုရားသခင်၏ ကယ်တင်ခြင်းကိုခံစားခဲ့ရမည်မဟုတ်ပါ။ ကျွန်ုပ်၏ကယ်တင်ခြင်းသည် ဘုရားသခင်၌အကြွင်းမဲ့ တည်မှီနေပါသည်။

အဖဘုရားသည် ကျွန်ုပ်ကိုလက်ကမ်းကယ်တင်ဖို့ ရွေးကောက်သောအခါ ဤအမှုကိုသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လုပ်ဆောင်ပါသည်။ ရှင်ပေတရုကသန့်ရှင်းသောဝိညာဉ်တော်၏ သန့်ရှင်းစင်ကြယ်စေခြင်းအမှုတော်အကြောင်းကို ပြောပြခဲ့သည်။ ကျွန်ုပ်ကို သခင်ယေရှုနှင့်ပို၍ပို၍သဏ္ဍာန်တူလာအောင် ဖန်တီးရန်မှာ သန့်ရှင်းသောဝိညာဉ်တော်၏အမှုဖြစ်သည်။ ကျွန်ုပ်တို့၏အိုဟောင်းသော ဇာတိပကတိစိတ်သည် သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်အားဖြင့် ပြောင်းလဲခံရသည်။ ဤသည်မှာကျွန်ုပ်၏အသက်တာ၌မပြတ်တမ်း ဖြစ်ပျက်နေသော ဘုရားသခင်၏လုပ်ဆောင်ချက်ဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်မှာသခင်ယေရှု၏ သဏ္ဍာန်တော်၌ ပြုပြင်ပြောင်းလဲခြင်းကိုခံကြရသည်။

ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်ကို နာခံခြင်း၌ရှင်သန်ကြမည့်အကြောင်းဘုရားသခင်သည် ကျွန်ုပ်တို့ကိုရွေးကောက်၍ သန့်ရှင်းစင်ကြယ်စေခဲ့

စေကြောင်းကို အခန်းငယ် ၂ တွင်လည်းသတိပြုပါ။ ဤအချင်းအရာသည် သခင်ယေရှု၏အသွေးပက်ဖျန်းခဲ့ခြင်းအားဖြင့်သာ ဖြစ်နိုင်ခဲ့ကြောင်းကိုလည်း သတိပြုပါ။ သခင်ယေရှုကားတိုင်ထက်၌ အသေခံခဲ့ခြင်းက ဤအရာများအား လုံးကို ဖြစ်လာနိုင်စေခဲ့သည်။ သခင်ယေရှုအသေခံခဲ့ခြင်းနှင့် ပက်ဖျန်းခဲ့သော အသွေးတော်က ကျွန်ုပ်တို့၏အပြစ်လွှတ်ခြင်းအတွက် အဖိုးအခကိုပေးခဲ့ပြီး၊ ဘုရားသခင်နှင့်ဆက်ဆံရင်းနှီးမှုထဲသို့ ကျွန်ုပ်တို့ကိုဆောင်ယူသွားခဲ့သည်။ ဓမ္မဟောင်းကျမ်းမှ ယဇ်ပရောဟိတ်များသည် အရာတစ်ခုကိုသန့်ရှင်းစင်ကြယ်စေရာတွင် ၎င်းအရာအပေါ်၌သွေးကို ပက်ဖျန်းကြပြီး၊ မြင့်မြတ်သန့်ရှင်းသော ရည်ရွယ်ချက်အတွက် သီးသန့်ခွဲထားလေ့ရှိကြသည်။ ဤသည်မှာ သခင်ယေရှု လုပ်ဆောင်ခဲ့သောအရာဖြစ်သည်။ အသွေးတော်သည် ကျွန်ုပ်တို့ကိုအပြစ်လွှတ်ပေးခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေခဲ့ပြီး၊ ၎င်းအသွေးတော်သည် ကျွန်ုပ်တို့ကို ဘုရားသခင်၏သားသမီးအဖြစ်နှင့် ဘုန်းတော်အတွက်သီးသန့်ခွဲထားခဲ့ပါသည်။

ရှင်ပေတရု၏ပြောဆိုထားချက်အရ ယုံကြည်သူအားလုံးသည် ကယ်တင်ခြင်းအတွက် ခမည်းတော်ဘုရား၏ ရွေးကောက်ခြင်းကိုခံကြရသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကိုလိုက်ဖမ်း၍ကယ်တင်ခြင်းနှင့်ဆိုင်သော သခင်ခရစ်တော်ကိုသိကျွမ်းခြင်းထဲသို့ ဆောင်ယူလာပြီး၊ သခင်ယေရှုနှင့်ပို၍သဏ္ဍာန်တူလာကြရန် သူတို့ကိုသန့်ရှင်းစင်ကြယ်စေပါသည်။ အပြစ်အတွက် အဖိုးအခတစ်ခုအဖြစ် မိမိ၏အသက်ကိုပေးဆပ်ခြင်းဖြင့် သခင်ယေရှုသည် ဘုရားသခင်နှင့်လူသားတို့၏ကြားမှ ကွာဟနေမှုကို ချိတ်ဆက်ပေးခဲ့သည်။ ဤသို့ချိတ်ဆက်ပေးခြင်းက အထက်ပါအမှုများကို ဖြစ်လာနိုင်စေခဲ့ပါသည်။ ဘုရားသခင်၏ဤလုပ်ရပ်ကြောင့် ယုံကြည်သူများသည် ဤလောက၌ဧည့်သည် အာဂန္တုမျိုးဖြစ်လာကြပါသည်။ ယုံကြည်သူများသည် လောကီသားများနှင့်

အကျင့်စာရိတ္တအရသော်လည်းကောင်း၊ အနာဂတ်ပန်းတိုင်အရသော်လည်းကောင်းကွဲပြားခြားနားကြသည်။

အခန်းငယ် ၃တွင် ရှင်ပေတရုက ဘုရားသခင်သည်မိမိ၏အိမ်တော်ထဲ၌ကျွန်ုပ်တို့အား အသစ်သောဖွားမြင်ခြင်းကို ပေးသနားဖို့လက်တော်ကိုဆန့်၍ကယ်တင်ခြင်းအမှု၏ ကြီးမားလှသောဂရုဏာတော်အတွက် နက်နက်နဲနဲကျေးဇူးတင်ချီးမွမ်းထားပါသည်။ ဂရုဏာတော်တစ်ပါးတည်းက ကျွန်ုပ်တို့ကိုဘုရားသခင်၏သားသမီးများ ဖြစ်စေခဲ့သည်။ ဤကယ်တင်ခြင်းနှင့်ကျွန်ုပ်တို့မထိုက်တန်ပါ။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ကြောင့် ဘုရားသခင်နှင့်ရန်သူဖြစ်ကြသည်။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များသည် ဘုရားသခင်အတွက် စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်နှင့်အတူ ဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်သည့်အချိန်၌ပင် ဂရုဏာတော်သည် ဘုရားသခင်အားကျွန်ုပ်တို့ကိုသနားလာဖို့ဖန်တီးခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအသစ်သော မျှော်လင့်ချက်၊ အသက်ရှင်သောမျှော်လင့်ချက်တစ်ခုကို ပေးခဲ့သည်။ ယခုတွင်ပင်ကျွန်ုပ်တို့သည် ထိုမျှော်လင့်ချက်ကို ကျွန်ုပ်တို့အထဲ၌ခံစားနေကြပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်ကို မျက်နှာချင်းဆိုင်တွေ့ဆုံရမည့် ထိုနေ့အတွက်ကျွန်ုပ်တို့မှာ ပြောင်းလဲ၍ ပြင်ဆင်ခြင်းကိုခံထားကြပါသည်။

ကျွန်ုပ်တို့၏မျှော်လင်ချက်သည် သခင်ယေရှု၏သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းနှင့် တိုက်ရိုက်ဆက်နွယ်နေပါသည်(ငယ် ၃ကိုကြည့်ပါ)။ သခင်ယေရှုသည်သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခဲ့သောကြောင့် ကျွန်ုပ်တို့အနေနှင့်လည်း ရှင်ပြန်ထမြောက်ခြင်းအတွက် မျှော်လင့်ထားနိုင်ကြပါသည်။ သေခြင်းသည်ကျွန်ုပ်တို့၏မဟာရန်သူဖြစ်သည်။ သခင်ယေရှုသည် အပြစ်နှင့်သေခြင်းတို့ကိုအောင်နိုင်ခဲ့သောကြောင့်၊ ထိုသခင်၌ ကျွန်ုပ်တို့သည်လည်း သေခြင်းကို

အောင်နိုင်ကြပါသည်။ ယာယီသဘောသာဖြစ်သော ဤဘဝသည်ခပ်သိမ်းတို့၏ အဆုံးသတ်မဟုတ်ပါ။ သေခြင်း၏အခြားတစ်ဖက်တွင် ဘဝတစ်ခုရှိပါသေးသည်။ ထိုထက်ပိုသည်မှာ ကျွန်ုပ်တို့သည်သခင်ခရစ်တော်၏ အသွေးတော်အားအပြစ်ခွင့်လွှတ်ခြင်းခံခဲ့ကြရသောကြောင့် ဘုရားသခင်ကကျွန်ုပ်တို့အနေဖြင့် ဤလောက၌တွေ့ကြုံခံစားနိုင်သည့်အရာအားလုံးထက် သာလွန်ကောင်းမွန်သော ဘဝတစ်ခုကိုဂတိပေးခဲ့ပါသည်။ အပြစ်ခွင့်လွှတ်ခြင်းကိုခံရသောသူများကိုစောင့်စားနေသည့် မယုံကြည်နိုင်လောက်သော ကောင်းကြီးမင်္ဂလာများကိုကျွန်ုပ်တို့စိတ်ကူးနှင့်ပင်မယဉ်ကြည့်နိုင်ပါ။ ရှင်ပေါလုက ဟေရှာယအနာဂတ္တိကျမ်းကိုကိုးကား၍ ၁ကော ၂း၉တွင် ဤသို့ရေးခဲ့သည်။

> ဘုရားသခင်ကိုချစ်သောသူများအဖို့အလို့ငှါ၊ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး။

ဘုရားသခင်က ကျွန်ုပ်တို့ကိုအမွေအဖြစ်ပေးထားသောအရာသည် မှေးမှိန်ခြင်း၊ ပျက်စီးခြင်း၊ ပျောက်ပျက်ခြင်းမရှိနိုင်ပါ (၄ယ် ၄)။ ဤလောက၌ ကျွန်ုပ်တို့ ကြုံတွေ့ခံစားရသည့်အရာအားလုံးသည် အပြစ်ဒုစရိုက်၏ဆိုးကျိုးအောက်တွင်ရှိနေကြသည်။ ကျွန်ုပ်တို့၏စည်းစိမ်ဥစ္စာများသည် အချိန်နှင့်အမျှ မှေးမှိန်၍ပျောက်ကွယ်သွားကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ကျန်းမာရေးနှင့် အလှအပသည် တစ်နေ့တစ်ချိန်တွင် လွင့်ပျောက်သွားပါလိမ့်မည်။ ဤလောကရှိ မည်သည့်အရာမျှ ထာဝရမတည်မြဲပါ။ သို့သော်ဘုရားသခင်က ကျွန်ုပ်တို့အတွက်ကောင်းကင်ဘုံ၌သိုထားသောအရာများမှာထိုသို့မဟုတ်ပါ။ ကောင်းကင်ဘုံတွင် မည်သည့်အရာမျှ ပျက်စီးပျောက်ကွယ်ခြင်းမရှိပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်ထဲ၌ အစဉ်ထာဝရရှင်သန်ကြပါလိမ့်မည်။

ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးထားသောအရာကို ကျွန်ုပ်တို့ထံမှ မည်သည့် အရာကမျှ လုယူမသွားနိုင်ပါ။ ထိုအရပ်တွင် ကျွန်ုပ်တို့သည်လုံခြုံ စိတ်ချမှုကို အကြွင်းမဲ့ခံစား တွေ့ကြုံကြပါလိမ့်မည်။

ဤအချင်းအရာသည် ဤဘဝ၌နာကျင်ဆုံးရှုံးမှုများကို ကြုံတွေ့ခံစား နေရသောသူများဖြစ်ကြသော ကျွန်ုပ်တို့အတွက်အဘယ်မျှ နှစ်သိမ့်စရာဖြစ်နေ ပါသနည်း။ ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့်ခွန်အားများသည် ဆုတ်ယုတ်ချည့်နဲ့ သွားကြသည်ကို ကျွန်ုပ်တို့ကြည့်နေကြရသည်။ ကျွန်ုပ်တို့ချစ်မြတ်နိုးရသော သူများသေဆုံးသွားကြသည်ကို ကျွန်ုပ်တို့မြင်နေရသည်။ ကျွန်ုပ်တို့တန်ဖိုးထား သောစည်းစိမ်ဥစ္စာများကို သူခိုးများကခိုးယူလုယက်ကြသည်ကို ကျွန်ုပ်တို့ကြည့် မြင်နေရသည်။ သဘာဝတရားကြီးက သဘာဝဘေးအန္တရာယ်ကြီးများဖြင့် ကျွန်ုပ်တို့၏အိုးအိမ်များနှင့် တန်ဖိုးရှိသောအရာများကို ကျွန်ုပ်တို့ထံမှ ချွတ်ယူ သွားနေကြသည်ကို ကျွန်ုပ်တို့ကြုံတွေ့ခံစားနေကြပါသည်။ ဤဘဝ၌ထိုကဲ့သို့ သောဆုံးရှုံးမှုများကို ကျွန်ုပ်တို့ထဲမှ မည်သူကမှ တွေ့ကြုံဖူးဘဲရှိပါသနည်း။ လူဆိုး သူခိုးများကကျွန်ုပ်တို့ကို မလုယက်နိုင်သည့်နေရာ၊ သဘာဝတရားကြီးက ကျွန်ုပ် တို့၏ပိုင်ဆိုင်မှုများကို ကျွန်ုပ်တို့ထံမှချွတ်ယူမသွားနိုင်သည့်နေရာဖြစ်သော ကောင်းကင်ဘုံ၏ ဖြစ်တည်မှုအမှန်ကို ကြုံတွေ့ခံစားရခြင်းသည် အလွန်ကြီးမား သောကောင်းကြီး မင်္ဂလာတစ်ပါးမဟုတ်ပါလား။ ကျွန်ုပ်တို့ချစ်မြတ်နိုး ရသောသူများကို ကျွန်ုပ်တို့ထံမှဆောင်ယူသွားမည့်သေခြင်းတရားလည်း ထိုအရပ်တွင် ရှိလိမ့်မည်မဟုတ် ပါ။ ကျွန်ုပ်တို့၏သခင်၊ ကျွန်ုပ်တို့၏ကယ်တင်ရှင် မျက်မှောက်တော်တွင် အကြွင်းမဲ့စိတ်ချရမှုနှင့် လုံခြုံမှုတို့ဖြင့်ရှင်သန်ကြရ ပါလိမ့်မည်။

ဤအမွေအားလုံးကို ကောင်းကင်ဘုံတွင် ကျွန်ုပ်တို့အတွက်သိုထားပါ

သည် (ငယ် ၄)။ ထိုအမွေများသည် ကျွန်ုပ်တို့မှလက်ဝယ်ပိုင်ဆိုင်မည့်အချိန်ကို စောင့်စားနေကြပါသည် (ငယ် ၅)။ မည်သည့်အရာကမျှ ယုံကြည်သူများနှင့် ဤအမွေကို မခွဲနိုင်သကဲ့သို့ မည်သည့်အရာကမျှ ယုံကြည်သူများကို ဤအမွေအားမဆက်ခံနိုင်အောင် အရည်အချင်းမပြည့်မမီ မဖြစ်စေနိုင်ပါ။ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်သည် မိမိ၏တန်ခိုးတော်ဖြင့် ကျွန်ုပ်တို့ကိုကွယ်ကာမစ၍ လုံခြုံနေစေပါသည်။ ဤသည်မှာကျွန်ုပ်တို့ ဝမ်းမြောက်ပျော်ရွှင်ရသောအရာပင်ဖြစ်သည် (ငယ် ၆)။

ယုံကြည်သူများသည် ဤဘဝ၏အမျိုးမျိုးသောစစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်နေရစေကာမူ ရှင်ပေတရုကသူတို့ကို သေချာ၍ကြီးကျယ်ခမ်းနားသော ဤမျှော်လင့်ချက်၌ ရွှင်လန်းဝမ်းမြောက်ကြရန် စိန်ခေါ်ခဲ့သည်။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ဤခက်ခဲကျပ်တည်းမှုများသည် ရည်ရွယ်ချက်မရှိဘဲ ဖြစ်ပျက်နေကြသည်မဟုတ်ကြောင်းကို အသိပေးခဲ့သည်။ ဤခက်ခဲကြပ်တည်းမှုများသည် ၎င်းတို့၏ယုံကြည်ချက်များကို ပြန်လည်သန့်စင်ပေးဖို့ ရောက်ရှိလာကြခြင်းဖြစ်သည် (ငယ် ၇)။ ရွှေသည်၎င်း၌ပါလာသော မသန့်ရှင်းသည့်အရာများကို သန့်စင်လောင်ကျွမ်းပစ်ဖို့ မီးတောက်ကိုဖြတ်သန်းရသကဲ့သို့ ယုံကြည်သူတို့သည်လည်း စစ်ကြောစုံစမ်းခြင်းနှင့် ဆင်းရဲခြင်းဒုက္ခမီးကို ဖြတ်သန်းဖို့လိုအပ်သည်။ ထိုသို့အားဖြင့် အပြစ်ဒုစရိုက်များနှင့် ဆန့်ကျင်ပုန်ကန်တတ်သောစိတ်များမှာ သန့်စင်ဆေးကြောခံရမည်ဖြစ်သည် (ယာကုပ် ၁ကို ကြည့်ပါ)။

ဤစစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့သည်းခံဖြတ်သန်းကြ၍ ၎င်းတို့ကို ကျွန်ုပ်တို့၏အကျင့်စာရိတ္တများအား သန့်စင်ဆေးကြောစေကာ၊ သခင်ဘုရားပေါ် ၌ကျွန်ုပ်တို့မှီခိုအားထားတတ်ခြင်းကို တည်ဆောက်မွမ်းမံ

ခွင့်ပြုကြသည်နှင့်အမျှ သခင်ဘုရားကို ချီးမွမ်းခြင်း၊ ဘုန်းတော်ထင်ရှားစေခြင်း၊ ဂုဏ်ပြုထောမနာပြု ခြင်း၌ ကျွန်ုပ်တို့၏အစွမ်းအစများမှာလည်း ကြီးထွား လာကြပါလိမ့်မည်။ ကျွန်ုပ်တို့အတွက် ထားရှိသောမိမိ၏ရည်ရွယ်ချက်များကို ဘုရားသခင်အကောင် အထည်ဖော်သည်နှင့်အမျှ ကျွန်ုပ်တို့၏စိတ်နှလုံးများမှာ လည်း သူ့ကိုချီးမွမ်းရန် တွန်းပို့ခံရပါသည်။ ဤစစ်ကြောစုံစမ်းခြင်းများတွင် ကျွန်ုပ်တို့သည် သခင်ဘုရား ၏တန်ခိုးတော်အမှန်ကို တွေ့မြင်ကြရပါသည်။ သခင်ဘုရား၏ချစ်ခြင်းဂရုဏာနှင့်မေတ္တာတရားကို ပို၍သိမြင်နားလည်လာရ ပါသည်။ သူသည်ကျွန်ုပ်တို့ကို ဘယ်သောအခါတွင်မျှ စွန့်ပစ်သွားမည်မဟုတ် ကြောင်းကိုသိလာရပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် သာ၍မြင့်သော ဝတ်ပြုကိုးကွယ်ခြင်းအဆင့်သို့ ချီးမြှောက်ခံရပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုမိမိနှင့်အတူဆောင်ယူသွားမည့်နေ့ရက်အတွက် ကျွန်ုပ်တို့ကို ပြင်ဆင် မွမ်းမံရန် ဘုရားသခင်သည် အခက်အခဲအကျပ်အတည်းများကို အသုံးပြု ပါသည်။ သတို့သမီးသည် ထိမ်းမြားလက်ထပ်ခြင်းနေ့အတွက် ဝတ်စားဆင်ယင် ခံရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း သခင်ဘုရားကပြန်လည်ကြွဆင်းလာ၍ ကျွန်ုပ်တို့ကိုသူနှင့်အတူ အစဉ်ထာဝရရှင်သန်ဖို့ ယူဆောင်သွားမည့်နေ့အတွက် ပြင်ဆင်မွမ်းမံခံကြရသည်။ ဤစစ်ကြောစုံစမ်းခြင်းများနှင့် ဆင်းရဲဒုက္ခများသည် ထိုပြင်ဆင်မွမ်းမံခြင်းဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည် (ငယ် ၉)။

သခင်ယေရှုက ကျွန်ုပ်တို့ကို သူနှင့်အတူဆောင်ယူသွားဖို့ ဤလောက သို့ကြွဆင်းလာမည့်နေ့ရက်သည် အလွန်ထူးခြားသောနေ့ရက်မဟုတ်ပါလား။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ရုပ်ခန္ဓာအားဖြင့်မတွေ့မြင်ဖူးကြပါသည။ သူ၏ ရုပ်ရည်နှင့်ပုံပန်းကိုလည်း မသိကြပါ။ သို့သော် ကျွန်ုပ်တို့အတွက် သူပြန်လည် ကြွဆင်းလာမည့်အကြောင်းကိုမူ ကျွန်ုပ်တို့သိထားကြသည်။ ဤခရီးအဆုံးအထိ

နာကျင်မှုနှင့် ခက်ခဲပင်ပန်းခြင်းကို ကျွန်ုပ်တို့သည် သီးခံဖြတ်သန်းကြပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည်သူ့ကိုတွေ့ဆုံဖို့ ပြင်ဆင်မွမ်းမံခြင်းခံနေကြရကြောင်းကိုကျွန်ုပ်တို့ သိနေကြသောကြောင့်ဖြစ်သည်။ သူပြန်လည်ကြွဆင်းလာမည်ဟူသောအသိက ကျွန်ုပ်တို့ကိုကြီးမားသော ဝမ်းမြောက်ခြင်း၊ ကြိုတင်မျှော်လင့်နေခြင်းတို့နှင့် ပြည့်စေပါသည်။ သခင်ယေရှုပြန်လည်ကြွဆင်းလာခြင်းသည် ကျွန်ုပ်တို့၏အကြီးမားဆုံးသော မျှော်လင့်ချက်ဖြစ်သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ကျွန်ုပ်တို့သည် သခင်ယေရှု၌ မည်သည့်မျှော်လင့်ချက်ရှိကြပါသနည်း။ ဤဘဝ၌အဆုံးတိုင်တည်ကြည်ဖို့ ထိုမျှော်လင့်ချက်က ကျွန်ုပ်တို့ကို မည်သို့ခွန်အားပေးပါသနည်း။
- ကျွန်ုပ်တို့၏ ကယ်တင်ခြင်းတွင် ခမည်းတော်ဘုရား၏အခန်းကဏ္ဍမှာ အဘယ်နည်း။ သန့်ရှင်းသောဝိညာဉ်တော်နှင့် သခင်ယေရှုတို့က မည်သည့်အခန်းကဏ္ဍမှ ပါဝင်ကြပါသနည်း။
- ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့ကို မိမိအထံပါးသို့ ဆွဲဆောင်ရန် စစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့၏အသက်တာ၌ မည်သို့အသုံးပြုပါသနည်း။
- လွန်ခဲ့သောနှစ်ကာလများ၌ သခင်ဘုရားသည် သင့်အသက်တာမှ မည်သည့်မသန့်ရှင်းမှုများကို ဖယ်ရှားပေးခဲ့ပါသနည်း။ သန့်ရှင်းသောဝိညာဉ်တော်၏ သန့်ရှင်းစင်ကြယ်စေခြင်းလုပ်ရပ်၏ အထောက်အထားရှိပါသလား။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားက သင့်အားသူနှင့်အတူ အစဉ်ထာဝရရှင်သန်ရပါမည် ဟူသော သင့်ကိုပေးထားသည့်အံ့ဖွယ် မျှော်လင့်ချက်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။ အသက်တာ၌ စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်ရာ၌ သင့်အားခွန်အားနှင့် ဉာဏ်ပညာကိုပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်၏ ဝိညာဉ်တော်က သင့်အသက်တာ၌လုပ်ဆောင်နေသောအရာကို တွေ့မြင်နိုင်ဖို့ သင့်မျက်စိများကို ဖွင့်ပေးရန် တောင်းလျှောက်ပါ။
- သင့်အသက်တာ၌ စေလွှတ်လိုက်သော စစ်ကြောစုံစမ်းခြင်းများ အတွက် ကျေးဇူးတင်ချီးမွမ်းပါ။ ထိုစစ်ကြောစုံစမ်းခြင်းများအားဖြင့် ဘုရားသခင်ကပြီးမြောက်အောင် လုပ်ဆောင်သွားမည့်အရာများ အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်က သင့်ကိုသခင်ယေရှု နှင့်ပို၍သဏ္ဍာန်တူလအောင် လုပ်ဆောင်ရန်အတွက် သင့်အသက်တာ မှ သူဖယ်ရှားပစ်ဖို့လိုအပ်သည့် မသန့်ရှင်းမှုများကို ထုတ်ဖော်ပြသပေးရန် တောင်းလျှောက်ပါ။

## ၂၀
## ထိုကယ်တင်ခြင်းအကြောင်းအရာကို

၁ ပေ ၁း၁၀-၁၆ ကိုဖတ်ရှုပါ။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ခရစ်တော်၌၎င်းတို့ကိုပိုင်းဆိုင်ထားသည့် အံ့ဖွယ်မျှော်လင့်ချက်အကြောင်းကို ပြန်လည်အသိပေးနေခဲ့ပါသည်။ ဤစာစောင်ကို အမှန်တကယ်ဖတ်ရှုခဲ့ကြသည့် မူရင်းစာဖတ်ပရိတ်သတ်များစွာသည် အသက်တာတွင် ခက်ခဲပင်ပန်းလှသောစစ်ကြောစုံစမ်းခြင်းကို ရင်ဆိုင်နေခဲ့ကြပါသည်။ တမန်တော်ကြီးက ၎င်းတို့အား လက်ရှိရင်ဆိုင်နေရသောဆင်းရဲခြင်းဒုက္ခများမှ အာရုံလွှဲပြောင်း၍ ဘုရားသခင်၏ကတိတော်များအပေါ်၌ စူးစိုက်ထားကြရန် စိန်ခေါ်ခဲ့ပါသည်။ ဤယုံကြည်သူများသည် ဘုရားသခင်၏ အံ့သြဖွယ်ကောင်းလှသော ကယ်တင်ခြင်း၏ဖြစ်စဉ်ကို ကြုံတွေ့ခံစားနေကြပါသည်။ ထိုဖြစ်စဉ်တွင် ပစ္စုပ္ပန်ဆင်းရဲခြင်းဒုက္ခနှင့်အနာဂတ်ဘုန်းအသရေတို့ပါဝင်ပါသည်။

အခန်းငယ် ၁၀တွင် ရှင်ပေတရုက မိမိ၏မိတ်ဆွေယုံကြည်သူများအားရောက်ရှိလာတော့မည့် ကျေးဇူးတော်အကြောင်းကို ခေတ်ဟောင်းပရောဖက်များက ဟောပြောခဲ့ကြပြီးဖြစ်ကြောင်းကို အသိပေးခဲ့သည်။ ပရောဖက်များက မေရှိယသည် မိမိ၏လူမျိုးတော်တို့အား ၎င်းတို့၏အပြစ်ဒုစရိုက်မှလည်းကောင်း၊ ကျွန်ဖြစ်ခြင်းမှလည်းကောင်း၊ ကယ်တင်လွတ်မြောက်စေဖို့ ဤလောကသို့ကြွဆင်းလာမည့်အချိန်ကို ဟောပြောခဲ့ကြသည် (ဟေရှာယ ၅၃း၄-၅၊ ဇာခရိ ၃း၁-

၂)။ ပရောဖက်များက ဤကြွဆင်းလာခြင်းအကြောင်းနှင့်စပ်လျဉ်း၍ စေ့စေ့စစ်ကြောမေးမြန်းရှာဖွေခဲ့ကြသည်။ သူတို့သည်ဤပရောဖက်ပြုထားချက်များအမှန်တကယ်ဖြစ်လာမည့်အချိန်နှင့် ပတ်ဝန်းကျင်အခြေအနေတို့ကို သူတို့သိရှိချင်ခဲ့ကြသည်။ ရှင်ပေတရုကမိမိ၏ စာဖတ်ပရိသတ်တို့အား ၎င်းတို့အနေဖြင့်ဆင်းရဲခြင်းဒုက္ခနှင့် ဘုန်းအသရေတို့၏ဖြစ်စဉ်ကို (၎င်းတို့၏ရှေ့ကာလ၌ ရှင်သန်ခဲ့ကြသည့် ပရောဖက်များကဲ့သို့) နားမလည်ခဲ့ကြသော်လည်း၊ ၎င်းတို့သည် ဤကတိတော်များအား အထမြောက်ပြီးပြည့်စုံစေမည့်ဘုရားသခင်ကို ယုံကြည်စိတ်ချနိုင်ကြကြောင်း ခွန်အားပေးတိုက်တွန်းလိုခဲ့သည်။

ဤအပိုင်းတွင် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား လက်ရှိရင်ဆိုင်နေရသော ခက်ခဲပင်ပန်းခြင်းများအတွက် လက်တွေ့ကျသောအကြံပြုချက်အချို့ကို ပေးထားပါသည်။ ဤအပိုင်းတွင် ရှင်ပေတရုကအကြံပြုချက်လေးချက်ကို ဖော်ပြပေးထားပါသည်။

### *သင်တို့၏စိတ်နှလုံးများကို လှုပ်ရှားလုပ်ဆောင်မှုအတွက်ပြင်ဆင်ပါ။*

ရှင်ပေတရုက ယုံကြည်သူတို့အား ၎င်းတို့၏စိတ်နှလုံးများကို လှုပ်ရှားလုပ်ဆောင်မှုအတွက်ပြင်ဆင်ထားကြဖို့ လိုအပ်ခဲ့ကြောင်းအသိပေးခြင်းဖြင့် အစပြုထားပါသည် (ငယ် ၁၃)။ King James ကျမ်းစာတွင် ဤအချက်ကို “သင်တို့စိတ်နှလုံးကို ခါးပန်းစည်းထားကြလော့” ဟူသောစကားစုကို အသုံးပြုဘာသာပြန်ထားပါသည်။ ဤအသုံးအနှုန်းသည် ထိုခေတ်ကာလ၏ ဓလေ့ထုံးစံတစ်ခုကိုဖော်ပြနေပါသည်။ ထိုခေတ်ကာလလတွင် အမျိုးသားများသည် ဝတ်ရုံရှည်ကြီးများကို ဝတ်ဆင်ခဲ့ကြသောကြောင့် ပြေးလွှားချင်သောအခါတွင် ဝတ်ရုံရှည်ကအဟန့်အတားမပေးဖို့ အောက်အနားသားများကို စုစည်း၍မတင်ကြရသည်။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ဘုရားသခင်၏နိုင်ငံတော်ကို

အောင်မြင်မှုဆီသို့ ရွေ့လျားရာ၌ ၎င်းတို့ကိုဆီးတားမည့်စိတ်ပိုင်းဆိုင်ရာ (သို့) ဝိညာဉ်ရေးဆိုင်ရာ အဟန့်အတားအနှောက်အယှက်များကို ဖယ်ရှားကြဖို့လို အပ်ကြောင်းပြောပြနေပါသည်။

ဤယုံကြည်သူများသည် ၎င်းတို့၏ရှေ့မှပြေးပွဲကို ဝင်ပြေးကြရမည်ဆိုလျှင် သူတို့၏ရှေ့တိုးရွေ့လျားမှုကို ဟန့်တားမည့်လွတ်နေသော ဒုစရိုက်အတွေးများနှင့် စိတ်နေသဘောထားများကို စုစည်း၍မတင်ထားဖို့ လိုအပ်ခဲ့လိမ့်မည်။ သခင်ယေရှုနှင့်လည်းကောင်း၊ သခင်ယေရှု၏ရည်ရွယ်ချက်များနှင့်လည်းကောင်း သက်ဆိုင်သော ၎င်းတို့၏သံသယစိတ်များကို ဖယ်ရှားကြရပေလိမ့်မည်။ သူတို့သည် သခင်ဘုရားနှင့် သခင်ဘုရား၏ရည်ရွယ်ချက်များကို ကြိုးစားရှာကြံရန် မိမိတို့၏စိတ်ကို ထိန်းကျောင်းရပေမည်။ သူတို့၏တိုးတက်မှုကို ဟန့်တားမည့် ဇာတိပကတိ၏ ဘုရားကိုမကြောက်သော စိတ်နေသဘောထားများကို ဖယ်ရှား၍၎င်းတို့၏စိတ်ကို ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ လေ့ကျင့်သင်ကြားပေးရမည်။ ကျွန်ုပ်တို့သည် ဤဘဝ၌အောင်နိုင်ဖို့ဆိုလျှင် ကျွန်ုပ်တို့၏ စိတ်နှလုံးများကို သခင်ခရစ်တော်ထံ၌ သစ္စာရှိရှိပေးအပ်မြှုပ်နှံ၍ ကျွန်ုပ်တို့၏ရှေ့မှ လမ်းခရီး၌ကျွန်ုပ်တို့ကို ခလုတ်တိုက်၍လဲကျသွားစေမည့် အရာမှန်သမျှကို ဖယ်ရှားကြရပါလိမ့်မည်။

နိုင်ငံတော်၏အမှုတော်အတွက် စိတ်နှလုံးများကိုပြင်ဆင်ထားခြင်းနှင့် ပတ်သက်၍နောက်ထပ်ပြောစရာ မြောက်မြားစွာရှိနေပါသေးသည်။ သို့သော် ကျွန်ုပ်တို့၏စိတ်နှလုံးများကို မကောင်းသောအတွေးများနှင့် စိတ်နေသဘောထားများမှကာကွယ်၍ ဘုရားသခင်၏ရည်ရွယ်ချက်နှင့်လည်းကောင်း၊ ဘုရားသခင်၏သမ္မာတရားနှင့်လည်းကောင်း ပြည့်နေစေကြရန် လိုအပ်သည်ဟုပြောလျှင် လုံလောက်ပါသည်။ ကျွန်ုပ်တို့၏ရှေ့မှ တိုက်ပွဲကိုရင်ဆိုင်တိုက်လှန်ရမည်ဆိုလျှင် ကျွန်ုပ်တို့၏ စိတ်နှလုံးသည်ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်

၏ ရည်ရွယ်ချက်နှင့်လည်းကောင်း လိုက်လျောညီထွေရှိနေရမည်။ ရှင်ပေတရု ကမိမိ၏စာဖတ်ပရိတ်သတ်တို့အား ၄င်းတို့၏အသက်တာ၌ ဤအချက်ကို ဦးစားပေးအရာအဖြစ် သတ်မှတ်ဖန်တီးထားကြရန် စိန်ခေါ်ထားပါသည်။

## *ကိုယ့်ကိုယ်ကိုချုပ်တည်းပါ (သမ္မာသတိရှိပါ)*

မိမိ၏စာဖတ်ပရိသတ်များအတွက် ရှင်ပေတရု၏ဒုတိယစိန်ခေါ်ချက် မှာကိုယ့်ကိုယ်ကိုချုပ်တည်းကြရန်ဖြစ်သည် (၎ယ် ၁၃)။ ကယ်တင်ရှင်ကိုလည်း ကောင်း၊ ထိုအရှင်ပေးသနားသောကယ်တင်ခြင်း၏ စစ်မှန်မှုကိုလည်းကောင်း သိရှိသောသူများသည် ထိုကယ်တင်ခြင်း၏ သမ္မာတရားလမ်း၌ လျှောက်လှမ်း၍ မိမိတို့၏ ကိုယ်ခန္ဓာနှင့်စိတ်ကို ထိန်းသိမ်းကြပ်မတ်ရပါမည်။ ခရစ်ယာန်အသက် တာသည် ကြိုးစားအားထုတ်မှု မလိုအပ်သောအသက်တာမဟုတ်ပါ။ ခေတ် ကာလတစ်လျှောက်ရှိ ယုံကြည်ခြင်းအားကြီးသောသူများသည် မိမိတို့၏ရှေ့မှ တိုက်ပွဲတွင် ကိုယ်ခန္ဓာကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း ထိန်းသိမ်းကြပ် မတ်ခဲ့ကြသည်။ ရှင်ပေါလုက ၁ ကော ၉း၂၆-၂၇ တွင် ဤထိန်းသိမ်းကြပ်မတ် ခြင်းနှင့် ကိုယ့်ကိုယ်ကို ချုပ်တည်းခြင်းတို့အကြောင်းကို ပြောပြခဲ့သည်။

> "ထို့ကြောင့်ငါပြေးသောအခါ အမှတ်တမဲ့ပြေးသည်မဟုတ်။ လက်ဝှေ့ ထိုးသတ်သောအခါ အာကာသကောင်းကင်ကိုသာထိုး၍ သတ်သည် မဟုတ်။ သူတ ပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူ မဖြစ်ရမည် အကြောင်း၊ ကိုယ်ကိုထိုး၍ နှိပ်စက်လေ့ရှိ၏။"

ရည်မှန်းချက်မရှိဘဲ ပြေးသောသူများနှင့် ပတ်သက်၍ရှင်ပေါလုက မည်သို့ပြောဆိုခဲ့ကြောင်းကို သတိပြုပါ။ ကျွန်ုပ်တို့၏ရှေ့မှ အပြေးပြိုင်ပွဲကို ပြေးရမည်ဆိုလျှင် ကျွန်ုပ်တို့၏လှုပ်ရှားမှုများကို ထိန်းချုပ်ဖို့လိုအပ်သည်။ ကျွန်ုပ် တို့သည်ဇာတိပကတိကို တိုက်လှန်ကြရမည်။ ဤလောကီရေစီးကြောင်းကို

ဆန့်ကျင်ဆန်တက်၍ လျှော်ခတ်ကြရမည်။ ဤအရာများအားလုံးသည် ကျွန်ုပ်တို့ဖက်မှ စည်းကမ်းရှိခြင်းနှင့် ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်းတို့ကို လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်က မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာဖို့ဆိုလျှင် ကိုယ့်ကိုယ်ကိုစည်းကမ်းနှင့် ထိန်းသိမ်းကြပ်မတ်ကြရမည်။ မည်သည့် အဖိုးအခပင်ပေးရပါစေ ကိုယ့်ကိုယ်ကို ထိန်းသိမ်းကြပ်မတ်ကြရမည်။ စုံစမ်းနှောက်ယှက်ခြင်းများ၊ အာရုံထွေပြားစေသည့်အရာများနှင့် ပြည့်နှက်နေသော ဤလောကကြီး၌ သခင်ခရစ်တော်အတွက် ရှင်သန်ဖို့ဆိုလျှင် စည်းကမ်းနှင့် ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်းတို့လိုအပ်သည်။ ယုံကြည်သူသည်ဘုရားသခင်၏ နိုင်ငံတော်အဖို့အလို့ငှါ ပေးဆပ်အနစ်နာခံခြင်းများကို ပြုလုပ်ဖို့ပြင်ဆင်ထားကြရမည်။ သူတို့သည် ဤဘဝ၏ဇိမ်ခံခြင်းများအားလုံးကို ပျော်ပိုက်ရင်းနောက်မှီကုလားထိုင်တွင် သက်တောင့်သက်သာထိုင်နိုင်ကြပါလိမ့်မည်မဟုတ်ပါ။ အချိန်နာရီကိုပေးဆပ်အနစ်နာခံခြင်း၊ စွမ်းအင်ခွန်အားများကို ပေးဆပ်အနစ်နာခံခြင်း၊ အရင်းအမြစ်များကို ပေးဆပ်အနစ်နာခံခြင်းများအတွက် ဘုရားသခင်ကဆင့်ခေါ်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်အဖို့အလို့ငှါ ထိုပေးဆပ်အနစ်နာခံခြင်းများကို ပြုလုပ်ဖို့ပြင်ဆင်ထားကြရမည်။

## *အပြည့်အဝမျှော်လင့်သော (အဆုံးတိုင်အောင် မျှော်လင့်ကြလော့)*

သခင်ဘုရားနှင့်ကျွန်ုပ်တို့အတူလျှောက်လှမ်းခြင်းက အချိန်များစွာတွင် အလွန်ခက်ခဲသောအရာဖြစ်နေပါလိမ့်မည်။ ကျွန်ုပ်တို့သည် ရေစီးကြောင်းကို ဆန့်ကျင်ဆန်တက်၍ ကူးခတ်နေကြပါသည်။ ကျွန်ုပ်တို့ကိုနားလည်ခဲ့ကြမည် မဟုတ်ပါ။ သခင်ဘုရားနှင့်သခင်ဘုရား၏ ရည်ရွယ်ချက်ကြောင့် ညှင်းပန်းနှိပ်စက်ခံရမည့်အချိန်လည်းရှိပါလိမ့်မည်။ ရန်သူသည် ကျွန်ုပ်တို့ကိုတိုက်ခိုက်

ပါလိမ့်မည်။ ဤကမ္ဘာပေါ်မှအခြားသူများအားလုံးထက်ပို၍ ဖြောင့်မတ်သောသူဖြစ်သည်ဟု ဘုရားသခင်ကိုယ်တိုင်ကပြောခဲ့သည့် ယောဘ၏အကြောင်းကို စဉ်းစားသုံးသပ်ကြည့်ပါ။ စာတန်သည် ယောဘ၏မိသားစု၊ ချမ်းသာကြွယ်ဝမှု၊ ကျန်းမာရေးစသည်တို့ကို ယောဘထံမှ ချွတ်ယူဖယ်ရှားခဲ့သည်။ ကျွန်ုပ်တို့သည် ရန်သူ ကိုမျက်နှာချင်းဆိုင် ထိပ်တိုက်မတွေ့ဘဲ (သို့) ရန်သူ့ဓါး၏နာကျင်စေမှုကို မခံစားဘဲ ထိုရန်သူနှင့်စစ်တိုက်ဖို့ မျှော်လင့်၍မရပါ။

တိုက်ပွဲသည် အခါအားလျော်စွာ ရက်စက်ပြင်းထန်လိမ့်မည်ဖြစ်သော်လည်း ရှင်ပေတရုကယုံကြည်သူများကို သခင်ခရစ်တော်၌ထုတ်ဖော်ပြသခဲ့မည့် ဘုရားသခင်၏ ကျေးဇူးတော်၌၄င်းတို့၏ မျှော်လင့်ချက်များကို အပြည့်အဝထားရှိကြရန် စိန်ခေါ်ခဲ့သည် (ငယ် ၁၃)။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်အပေါ်၌လည်းကောင်း၊ သေခြင်းအပေါ်၌လည်းကောင်း၊ နတ်ဆိုးအပေါ်၌လည်းကောင်း အောင်နိုင်ခြင်းကို ရရှိမည်ဟု ဘုရားသခင်က ကတိပေးခဲ့သည်။ ဝမ်းနည်းပူဆွေးခြင်း၊ နာကျင်ခြင်း၊ သေခြင်းတို့မရှိသောမျက်မှောက်တော်တွင် ကျွန်ုပ်တို့အစဉ်ထာဝရရှင်သန်သွားကြမည့်အကြောင်းကိုလည်း ကတိပေးခဲ့သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ကျွန်ုပ်တို့၏အရှင်ဘုရားသခင်၏ဝမ်းမြောက်ခြင်းများနှင့် ပြည့်လျှံနေပါလိမ့်မည်။ စာတန်သည် ဤအံ့ဖွယ်မျှော်လင့်ချက်ပေါ်၌ထားရှိသော ကျွန်ုပ်တို့၏အာရုံစူးစိုက်မှုကို ဖယ်ရှားချင်ပါသည်။ စစ်ကြောစုံစမ်းခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်းအချိန်များတွင် ကျွန်ုပ်တို့၏စိတ်ကို သခင်ခရစ်တော်၌ရှိသော ထိုမျှော်လင့်ချက်သည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို ပြည့်စေ၍ပျော်ရွှင်ခြင်းများနှင့် စိတ်လှုပ်ရှားစေမည့်အခွင့်ကို ပေးကြရမည်။

## သန့်ရှင်းခြင်းရှိကြလော့

နောက်ဆုံးအနေဖြင့် ရှင်ပေတရုကယုံကြည်သူများသည် သန့်ရှင်း

စင်ကြယ်သောသူများဖြစ်ကြဖို့ လိုအပ်ကြောင်းရေးသားခဲ့သည် (၄ယ် ၁၄-၁၆)။ သခင်ယေရှု၏အမှုတော်မှာ ကျွန်ုပ်တို့ကိုအပြစ်မှ ဆေးကြောသန့်စင်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်တာ၌အပြစ်ဒုစရိုက်များနှင့် ညစ်ပတ်ပေရေနေခဲ့ကြသည်။ ဤအရာသည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်ကင်းကွာစေခဲ့သည်။ သခင်ယေရှုကြွဆင်းလာခဲ့ချိန်က သူသည်မိမိနှင့်အတူအပြစ်လွတ်ခြင်းကိုဆောင်ယူလာခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အသွေးတော်အားဖြင့်သန့်စင်ခြင်းကိုခံကြရသည်။ ကျွန်ုပ်တို့သည် ထိုသန့်ရှင်းစင်ကြယ်ခြင်းကို အစွမ်းရှိသမျှဖြင့် ကြိုးစား၍ထိန်းသိမ်းကြရမည်ဖြစ်သည်။ အိုဟောင်းသောအသက်တာသည် ကားတိုင်တင်၍ စီရင်ခြင်းခံရပြီး၊ ကျွန်ုပ်တို့လက်ခံရရှိခဲ့ကြသည့် အသစ်သောအသက်တာ၌ ရှင်သန်နေကြသည်ဟု သုံးသပ်ထားရမည်။ သန့်ရှင်းစင်ကြယ်ခြင်းဆိုသည်မှာ သခင်ဘုရားအတွက် သီးသန့်ခွဲထုတ်ခံရခြင်းပင်ဖြစ်သည်။ ရှင်ပေတရုက ကျွန်ုပ်တို့အားသခင်ဘုရားအတွက် အပြည့်အဝရှင်သန်နေထိုင်သွားနိုင်မည့်အကြောင်း ဇာတိပကတိ၏လောကီဆန်သော တပ်မက်မှုဆန္ဒများမှကိုယ့်ကိုယ်ကို သီးခြားခွဲထုတ်ထားကြဖို့ ဆင့်ခေါ်ခဲ့ပါသည်။

ခက်ခဲကျပ်တည်းသောကာလများ၌ ယုံကြည်သူများပြုလုပ်ရမည့်ဆက်ကပ်အပ်နှံခြင်းမှာ ခမည်းတော်ဘုရား၏အလိုတော်ကို လုပ်ဆောင်ခြင်းဖြစ်သည်။ ဤကဲ့သို့သောညှင်းပန်းနှိပ်စက်ခြင်းကာလများတွင် အေးရာအေးကြောင်း၊ အဆင်ပြေရာပြေကြောင်းကို ပြုလုပ်မိရန်မှာ အလွန်လွယ်ကူပါသည်။ မိမိ၏သခင်ကို ငြင်းပယ်ခြင်း၏ခံစားချက်ကို နားလည်သဘောပေါက်ခဲ့သောရှင်ပေတရုက ယုံကြည်သူများအား သန့်ရှင်းစင်ကြယ်သောအတွေးနှင့်အသက်တာကို ထိန်းသိမ်းထားကြဖို့ စိန်ခေါ်ထားပါသည်။ သခင်ခရစ်တော်၏ စစ်သည်များဖြစ်ကြသည့်အလျောက် သူတို့၏အသက်တာ၌ မည်သည့်အရာပင်ဖြစ်ခဲ့

စေကာမူ သူတို့သည်ဤသန့်ရှင်းစင်ကြယ်သောအသက်တာနှင့် အတွေးတို့ကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ အသက်တာ၌မည်သည့်အရာပင် ဖြစ်စေကာမူ သူတို့သည်ကိုယ်တော်ပြဌာန်းထားသည့်အတိုင်း ရှင်သန်နေထိုင် ခြင်းဖြင့် ဘုရားသခင်ကိုဘုန်းတော်ထင်ရှားစေကြရန်မှာ အသက်တာ၏ ရည်မှန်းချက်ဖြစ်ခဲ့သည်။ ဤအချင်းအရာသည် အမြဲလွယ်ကူခဲ့လိမ့်မည် မဟုတ် ပါ။ ၎င်းသည် သူတို့၏နှုတ်ထွက်စကားလုံးများကို စစ်ဆေးခြင်း၊ သူတို့၏ဆိုးညစ် သောတပ်မက်မှုဆန္ဒများနှင့် စိတ်နေသဘောထားများကို ကျော်ခိုင်း၍ပြန်လှည့် လာခြင်း၊ ဇာတိပကတိဆန်သော လုပ်ဆောင်မှုများကို ရှောင်ကြဉ်ခြင်းစသည် တို့ကိုဆိုလိုခဲ့ပါလိမ့်မည်။ သို့သော်လွယ်ကူသက်သာသောအချိန်၌ဖြစ်စေ၊ နာကျင်ခက်ခဲသောအချိန်၌ဖြစ်စေ ယုံကြည်သူများ၏ဆက်ကပ်အပ်နှံမှုသည် သန့်ရှင်းစင်ကြယ်သောအသက်တာနှင့် အတွေးအားဖြင့် ၎င်းတို့၏သခင်ဘုရား ကို ဘုန်းတော်ထင်ရှားစေကြရန်ဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာက ပရောဖက်ပြုခဲ့သောသခင်ယေရှု၌ ကျွန်ုပ်တို့ လက်ခံရရှိထားသည့် အံ့ဖွယ်မျှော်လင့်ချက်၏အလင်းတွင် ကျွန်ုပ်တို့ပြုလုပ် ရမည့်အရာမြောက်မြားစွာရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံးများကို လှုပ်ရှားလုပ်ဆောင်ခြင်းအတွက် ပြင်ဆင်၍၊ ကိုယ့်ကိုယ်ကိုချုပ်တည်းကြရမည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်ကို သခင်ယေရှုထံ၌ စုစည်းထား၍ လောကီသဏ္ဍာန် ကိုမဆောင်ကြဖို့ဖြစ်သည်။ ထိုအစား ကျွန်ုပ်တို့သည်သန့်ရှင်းသောလူမျိုးများ အဖြစ် ကိုယ်တော့်အတွက်အပြည့်အဝရှင်သန်ကြရမည်ဖြစ်သည်။ သခင်ဘုရား ၏ကယ်တင်ခြင်းကို သိရှိနားလည်ထားသောသူများသည် ထိုကယ်တင်ခြင်း၌ ရှင်သန်နေထိုင်ကြဖို့ တာဝန်ရှိသည်။ ရောက်ရှိလာမည့်ကယ်တင်ခြင်း၏ သမ္မာ တရားကို နားလည်သဘောပေါက်နိုင်ဖို့ ပရောဖက်များက ကြိုးစားရှာကြံခဲ့ကြ သည်။ ကောင်းကင်တမန်များက ထိုကယ်တင်ခြင်းကို အံ့အားသင့်ခဲ့ကြသည်။

ကာလရှည်စောင့်စားခဲ့ရသည့် ဤကတိတော်၏ ပြီးပြည့်စုံခြင်းကို လက်ခံရရှိခဲ့ကြသည့် ကျွန်ုပ်တို့အနေဖြင့် ကိုယ့်ကိုယ်ကိုထိန်းထိန်းသိမ်းသိမ်း ရှင်သန်နေထိုင်၍ထိုကယ်တင်ခြင်း၏ စစ်မှန်မှုကို စောင့်ကြည့်နေသောလောကီသားများထံ၌ သက်သေပြရန်အခွင့်အရေးရှိကြပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ယခုကျွန်ုပ်တို့ ဝင်ရောက်ဆင်နွှဲနေသောဝိညာဉ်တိုက်ပွဲအတွက် ကျွန်ုပ်တို့၏စိတ်နှလုံးများကို မည်သို့ပြင်ဆင်ကြရမည်နည်း။
- ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်း ဆိုသည်မှာအဘယ်နည်း။ သင့်ရဲ့ဝိညာဉ်ရေးရာအသက်တာတွင် ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်းကို မည်သို့ပြုလုပ်ကျင့်ကြံနေခဲ့ပါသနည်း။ ရှင်းပြပါ။
- စစ်ကြောစုံစမ်းခြင်းများအလယ်တွင် အေးရာအေးကြောင်း၊ အဆင်ပြေရာပြေကြောင်းကို ပြုလုပ်မိရန်မည်မျှလွယ်ကူပါသနည်း။ သက်သာလွယ်ကူ၍ ချမ်းသာကြွယ်ဝခြင်းများအလယ်တွင် အေးရာအေးကြောင်း၊ အဆင်ပြေရာပြေကြောင်းကို ပြုလုပ်မိရန်မှာ မည်မျှလွယ်ကူပါသနည်း။ သန့်ရှင်းသောလူမျိုးဖြစ်ကြဖို့ ဤနေရာ၌ ရှင်ပေတရု၏စိန်ခေါ်ချက်ကားအဘယ်နည်း။ သင်သည်ဤသန့်ရှင်းစင်ကြယ်ခြင်းတွင် ရှင်သန်နေပါသလား (သို့) အေးရာအေးကြောင်း၊ အဆင်ပြေရာပြေကြောင်းကို လုပ်နေပါသလား။
- ဤဘဝ၌မည်သည့် စုံစမ်းနှောက်ယှက်ခြင်းများကို သင်ခံနေရပါသနည်း။ သခင်ယေရှု၌ သင်လက်ခံရရှိထားသော မျှော်လင့်ချက်က ဤစုံစမ်းနှောက်ယှက်ခြင်းများကို ရင်ဆိုင်ဖို့မည်သို့ ကူညီပေးပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သခင်ယေရှု၌ သင်ရရှိပိုင်ဆိုင်ထားသည့် မျှော်လင့်ချက်အမှန်တကယ်ဖြစ်တည်မှုနှင့် သင့်ရဲ့စိတ်နှလုံးကို ပြည့်စေဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။ သင့်ရဲ့ရုန်းကန်လှုပ်ရှားမှုများ၌ ဤမျှော်လင့်ချက်ဖြင့်သင့်ကိုခွန်အားပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သင့်အသက်တာ၌ ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်သည့်အပြစ်များကိုထုတ်ဖော်ပြသပေးဖို့ သခင်ဘုရားအား သင့်စိတ်နှလုံးကို စစ်ဆေးရှာဖွေပေးဖို့တောင်းလျှောက်ပါ။ ကိုယ်တော်၏အပြစ်လွှတ်ခြင်းကို ရှာကြံ၍အောင်နိုင်ခြင်း၌ လျှောက်လှမ်းပါ။ သင့်ရှေ့၌ရှိသောတိုက်ပွဲအတွက်သင့်စိတ်နှလုံးကို ပြင်ဆင်ပေးဖို့ တောင်းလျှောက်ပါ။
- သင့်အထဲ၌ကိုယ်တော်၏ဘုန်းတော်ကို ပို၍ပြည့်ပြည့်ဝဝထုတ်ဖော်ပြသရန်အတွက်လိုအပ်သော ပေးဆပ်အနစ်နာခံခြင်းများကို လိုလိုလားလား လုပ်ဆောင်နိုင်သောသူအဖြစ်ဖန်တီးပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- အေးရာအေးကြောင်း၊ အစဉ်ပြေရာပြေကြောင်းကို ပြုလုပ်ခြင်းမရှိဘဲသန့်ရှင်းသောအသက်တာဖြင့် ရှင်သန်နေထိုင်ရန် ကူညီမစပေးဖို့ဘုရားသခင်ကို တောင်းလျှောက်ပါ။ သင်ပြုလုပ်ခဲ့သည့် အေးရာအေးကြောင်း၊ အစဉ်ပြေရာပြေကြောင်းလုပ်ခဲ့သည့် ကိစ္စများအားလုံးအတွက် ခွင့်လွှတ်ပေးဖို့တောင်းလျှောက် ပါ။

## ၂၁
## ဖောက်ပြန်ပျက်စီးတတ်သောအရာများ

၁ ပေ ၁း၁၇-၂၅ ကိုဖတ်ရှုပါ။

ရှင်ပေတရုသည် သခင်ယေရှုကကျွန်ုပ်တို့အတွက် လုပ်ဆောင်သွားသော အမှုတော်နှင့် ထိုသခင်၏အံ့ဖွယ်ကယ်တင်ခြင်းအား ကျွန်ုပ်တို့၏တုန့်ပြန်မှုတို့ကို ပြန်လည်သုံးသပ်ပြောဆိုနေခဲ့ပါသည်။ ဤပထမအခန်းကြီး၏နောက်ဆုံးအပိုင်းတွင်လည်း ထိုအဓိကရေးသားလိုသောအရာကို ဆက်လက်တင်ပြထားပါသည်။

အခန်းငယ် ၁၇ တွင် ရှင်ပေတရုက မိမိ၏စာဖတ်ပရိတ်တို့အား ၎င်းတို့သည် လူမျက်နှာကိုမငဲ့၊ ခပ်သိမ်းသောသူတို့ကို အကျင့်အတိုင်းစီရင်တော်မူမည့် ခမည်းတော်ကို ကိုးကွယ်ကြသောကြောင့် အသက်တာကိုကြောက်ရွံ့ရိုသေခြင်းစိတ်နှင့် လောကဧည့်သည်များသဖွယ် ရှင်သန်ကြရန်အသိပေးခဲ့သည်။ ဤစကားကို အတိုချုပ်၍လေ့လာကြည့်ကြပါစို့။

ပထမအနေဖြင့်၊ ဘုရားသခင်သည် မျက်နှာကိုမငဲ့ဘဲ စီရင်တော်မူမည့်အကြောင်းကိုသတိပြုပါ။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သူသည်မျက်နှာလိုက်၍ ခွဲခြားဆက်ဆံမည်မဟုတ်ပါ။ သင်သည်ဘုရားသခင်၏ သားသမီးဖြစ်သောကြောင့် သင့်ကိုလျှော့၍စီရင်မည်မဟုတ်ပါ။ သင့်ရဲ့အသားအရောင်၊ သင့်ရဲ့လူမျိုးနွယ်၊ သင့်ရဲ့တိုင်းပြည့်တစ်ပြည်၏ တရားဝင်နိုင်ငံသားဖြစ်တည်မှု အခြေအနေများကြောင့် ပို၍စီရင်မည်မဟုတ်ပါ။ အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်း၊

ကလေးတိုင်းသည် မျက်မှောက်တွင်ရပ်၍ မှူမှူတတစီရင်ခံရမည်ဖြစ်သည်။ ဘုရားသခင်သည် အပြင်ပန်းအဆင်းသဏ္ဍာန်၏ လှည့်ဖြားခြင်းကိုခံရမည် မဟုတ်ပါ။ သူသည်စိတ်နှလုံးများထဲသို့ နက်နက်နဲနဲကြည့်ရှု၍ စိတ်နေသဘော ထားများနှင့် ရည်ရွယ်ရင်းများကို စစ်ဆေးပါလိမ့်မည်။ ကျွန်ုပ်တို့အားလုံးသည် မျက်မှောက်တော်တွင်ရပ်၍ ကျွန်ုပ်တို့၏အသက်တာများနှင့် စပ်လျဉ်း၍လည်း ကောင်း၊ သူ့အတွက်လုပ်ဆောင်ခဲ့သောအမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ဖြေရှင်းချက်များကို ပေးကြပါလိမ့်မည်။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် သမ္မာတရားတွင် အခြေခံပါလိမ့်မည်။

ဒုတိယအနေဖြင့်၊ ရှင်ပေတရုက ယုံကြည်သူတို့အား ဤလောက၌ "ဧည့်သည်အာဂန္တုများ" သဖွယ်ရှင်သန်ကြရန် အခန်းငယ် ၁၇တွင် စိန်ခေါ် ထားသည်။ ကျွန်ုပ်တို့၏အမှုတော်သည် ဘုရားသခင်နိုင်ငံတော်နှင့်ဘုရား သခင်၏ဘုန်းတော်အတွက်ဖြစ်သည်။ ကျွန်ုပ်တို့၏နည်းစနစ်များသည် ဤလောကမှ မဟုတ်ပါ။ သတင်းကောင်းတရားတော်ကို ရှေ့သို့ချီ၍ဟောပြော ကြရာ၌ လောကီနည်းပညာများကို ကျွန်ုပ်တို့အသုံးမပြုပါ။ လောကီသားများ ကကျွန်ုပ်တို့ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏နည်းလမ်းများကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ပထမဦးစားပေးအရာများကိုလည်းကောင်း နားမလည်ကြပါ။ ကျွန်ုပ် တို့သည် နိုင်ငံတော်နှင့်ဆိုင်သော တန်ဖိုးစံနှုန်းများ၊ အခြေခံစည်းမျဉ်းဥပဒေသ များ၏ မောင်းနှင်တွန်းပို့ခြင်းကို ခံကြသည်။ ဘုရားသခင်သည် ဤတန်ဖိုးစံနှုန်း များဖြင့် ကျွန်ုပ်တို့ကိုစီရင်ပါလိမ့်မည်။ လောကီစံနှုန်းများဖြင့်မဟုတ်ပါ။ ဆိုလို သည်မှာ ကျွန်ုပ်တို့သည် ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ဘုရားသခင် ပြဋ္ဌာန်းထားသည့်အတိုင်း ဂရုတစိုက်အမှုတော်ဆောင်၍ ရှင်သန်နေထိုင်ကြရ မည်။ သာသနာလုပ်ငန်းများသည် လူ့စံချိန်စံညွှန်းများ၊ လူ့ရည်ရွယ်ချက်ပန်းတိုင်

နှင့် လိုချင်တောင့်တမှုများ၏စေ့ဆော်တိုက်တွန်းမှုများ ပေါ်တွင် တည်ဆောက်ထားနိုင်ပါသည်။ သို့သော်ယုံကြည်သူများဖြစ်ကြသည့် အလျောက် ဘုရားသခင်ကကျွန်ုပ်တို့ကို လောကီနည်းလမ်းများနှင့်တပ်မက်မှုဆန္ဒများအပေါ်၌ ညွှဲ့သည့်အာဂန္တုများဖြစ်ကြဖို့ ဆင့်ခေါ်ထားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုကျွန်ုပ်တို့၏ကပ္ပတိန် ၊ ကျွန်ုပ်တို့၏ခေါင်းဆောင်အဖြစ်မှတ်ယူ၍ သူ့ထံမှလမ်းညွှန်ချက်ကိုရယူကြဖို့ဆင့်ခေါ်ထားပါသည်။ "လောကီနည်းလမ်းဖြင့်အောင်မြင်သော" သာသနာလုပ်ငန်းအမြောက်အမြားသည် ဘုရားသခင်၏စီရင်ခြင်းကို ခံကြရပါလိမ့်မည့်အကြောင်းမှာ ၎င်းတို့သည် ဘုရားသခင်၏ဦးဆောင်လမ်းညွှန်မှုတွင် အခြေမခံဘဲ၊ လူအကြံအစည်နှင့်လူ့စေ့ဆော်မှုများတွင် အခြေခံထားကြသောကြောင့်ဖြစ်သည်။ ယုံကြည်သူများဖြစ်ကြသည့် ကျွန်ုပ်တို့သည် ဤလောကကြီးအပေါ်၌လည်းကောင်း၊ ၎င်း၏နည်းလမ်းများအပေါ်၌လည်းကောင်း ညွှဲ့သည်အာဂန္တုများပမာ ရှင်သန်နေထိုင်ကြဖို့လိုအပ်သည်။ ကျွန်ုပ်တို့၏သာသနာလုပ်ငန်း (သို့) ကျွန်ုပ်တို့၏ အစေခံမှုမည်မျှ "ကြီးသည်" (သို့) "အောင်မြင်သည်" ဟူသောအချက်၌ အခြေခံ၍ဘုရားသခင်က ကျွန်ုပ်တို့ကိုစီရင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ်၌လည်းကောင်း၊ ဘုရားသခင်၏လမ်းပြဦးဆောင်မှုအပေါ်၌လည်းကောင်း၊ ကျွန်ုပ်တို့အသက်တာအတွက်ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်များအပေါ်၌လည်းကောင်း ကျွန်ုပ်တို့သစ္စာရှိ၊ မရှိတွင်အခြေခံ၍စီရင်ပါလိမ့်မည်။

တတိယအနေဖြင့် ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုလောကညွှဲ့သည်များအဖြစ်ရှုမြင်ရန်သာမဟုတ်၊ ဘုရားသခင်ကို ကြောက်ရွံ့သောစိတ်နှင့်ရှင်သန်ကြရမည်ဖြစ်သည်။ ကြောက်ရွံ့ရိုသေခြင်းကို စိုးရိမ်ကြောက်ရွံ့မှုတစ်ခုကဲ့သို့ မရှုမြင်

သင့်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မကြောက်ရွံ့ပါ။ အကြောင်းမှာ ကျွန်ုပ်သည် အပြစ်လွတ်ခြင်းကို ခံထားကြရသောကြောင့်ဖြစ်သည်။ ဤကြောက်ရွံ့ခြင်းသည် ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဘုရားသခင်၏နည်းလမ်းများကိုလည်းကောင်း နက်နက်နဲနဲ လေးစားကြည်ညိုခြင်းကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် ဘုရားသင်၏နည်းလမ်းများ၌ လျှောက်လှမ်းကြသည်။ ကျွန်ုပ်တို့လုပ်သမျှတိုင်း၌ သူ့ကိုဂုဏ်ကြီးစေကြသည်။ ကျွန်ုပ်တို့သည် ဤသန့်ရှင်းမြင့်မြတ်သော ဘုရားသခင်၏စီရင်ခြင်းကိုခံရမည့်အကြောင်းကို သိရှိထားကြသောကြောင့် သူ့ကိုဂုဏ်ပြုဖို့နှင့် ကျေနပ်စေဖို့အတွက်သာ ကျွန်ုပ်တို့ရှင်သန်ကြသည်။ ဤသို့သောလုပ်ရပ်ကို ဘုရားသခင်အား ကျွန်ုပ်တို့ချစ်ခြင်း၊ ဘုရားသခင်ထံ၌ ပေးအပ်မြုပ်နှံခြင်း၊ ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်အား ဂုဏ်ကြီးစေချင်သည့် စိတ်ဆန္ဒရှိခြင်းစသည်တို့က စေ့ဆော်တွန်းပို့ခဲ့ကြပါသည်။

တမန်တော်ပေတရုက အခန်းငယ် ၁၈တွင် ကျွန်ုပ်တို့ကို ဖောက်ပြန်ပျက်စီးတတ်သောအရာများဖြင့် ရွေးဝယ်ခဲ့သည်မဟုတ်ကြောင်းကို အသိပေးထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအပြစ်တရားမှလည်းကောင်း၊ နတ်ဆိုးထံမှလည်းကောင်း ကယ်တင်ရန်လောကီအရာများကို အသုံးမပြုခဲ့ပါ။ ဘုရားသခင်၏နည်းလမ်းများသည် ဤလောက၏နည်းလမ်းများမဟုတ်ကြပါ။ သူသည် ကျွန်ုပ်တို့ကိုယ်စား တရားဥပဒေကိုကျေအေးစေခဲ့ချိန်တွင် ရွှေငွေတို့ကို အသုံးမပြုခဲ့ပါ။ ဤရတနာဝတ္ထုပစ္စည်းများသည် တဖြည်းဖြည်းပျောက်ပျက်သွားကြပါလိမ့်မည်။ ကယ်တင်ခြင်းကို ဤလောကမှအရာများနှင့် ဝယ်ယူ၍မရပါ။ ဤသမ္မာတရား၏ စစ်မှန်ခြင်းကိုကမ္ဘာတစ်ဝှမ်းမှလူ များက သက်သေပြခဲ့ကြပါသည်။ ချမ်းသာသောသူများသည် ဆင်းရဲသားများ ကဲ့သို့ပင် အပြစ်ဒုစရိုက်၌

လမ်းပျောက်နေကြပါသည်။ ငွေကြေးနှင့်စည်းစိမ်ပိုင်ဆိုင်မှုများသည် မည်သူ့ကိုမျှအပြစ်ကျေးကျွန်မှလည်းကောင်း၊ ပညတ်တရား၏ကျိန်ဆဲခြင်း အမင်္ဂလာမှလည်းကောင်း မလွတ်မြောက်စေနိုင်ပါ။

သခင်ယေရှုသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ဝယ်ယူရာ၌လောကီနည်းစနစ်များကို အသုံးမပြုခဲ့ပါ။ သူသည်ကျွန်ုပ်တို့ကို ရွှေငွေအားဖြင့်ပြန်၍ ရွေးဝယ်ခဲ့သည်မဟုတ်ပါ။ မိမိ၏အပြစ်ကင်းစင်သောအသက်တာဖြင့် ရွေးဝယ်ခဲ့ပါသည်။ ဤသည်မှာ သန့်ရှင်းမြင့်မြတ်သောဘုရားသခင်လက်ခံမည့်တစ်ခုတည်းသောငွေကြေးစနစ်ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်အတွက် သွန်းလောင်းခဲ့သော သခင်ခရစ်တော်၏သွေးတစ်စက်သည် ဤကမ္ဘာပေါ်ရှိ စည်းစိမ်ချမ်းသာအားလုံးက မလုပ်နိုင်သည့်အရာကို အထမြောက်ပြည့်စုံစေခဲ့ပါသည်။ ထိုအသွေးတော်သည် ကျွန်ုပ်တို့ကိုအပြစ်မှာလည်းကောင်း၊ နတ်ဆိုးထံမှလည်းကောင်း၊ သေခြင်းမှလည်းကောင်း ကယ်ဆယ်ရန်လုံလောက်မှုရှိပါသည်။

ဤအခြေခံစည်းမျဉ်းဥပဒေသကို နောက်တစ်ဖန်ရှင်းပြခွင့်ပြုပါ။ သခင်ယေရှုကျွန်ုပ်တို့ကို ကယ်တင်ရာ၌လောကီနည်းစနစ်များ (သို့) လောကီပစ္စည်းများကို အသုံးမပြုခဲ့ပါ။ လောကီနည်းစနစ်များသည် ကျွန်ုပ်တို့အတွက်ကယ်တင်ခြင်းကို ဖန်တီးပေးဖို့ မလုံလောက်ကြပါ။ အလားတူပင်၊ ကျွန်ုပ်တို့သည် ဤလောကီနည်းစနစ်များနှင့်ခွဲ၍ ဤကမ္ဘာပေါ်တွင် ဧည့်သည်များပမာနေထိုင်ရှင်သန်ကြဖို့ ဆင့်ခေါ်ခြင်းခံရသည်။ ကျွန်ုပ်တို့သည် ဘုရား၏နည်းလမ်းများကို အသုံးပြု၍ အမှုတော်ဆောင်ရမည်။ အထက်အရပ်မှ ဤနည်းစနစ်များသည် ဤလောကီသားများအတွက်လည်းကောင်း၊ ကျွန်ုပ်တို့၏ဇာတိဆန်သော အတ္တစိတ်ထားများအတွက်လည်းကောင်း၊ အဓိပ္ပါယ်မရှိကြပါ။ ဘုရားသခင်၏နည်းလမ်းသည် မှန်ကန်၍သူအလိုရှိသော အသီးအပွင့်ကိုသီးပွင့်စေလိမ့်မည်ဟု

စိတ်ချလျှက် ကျွန်ုပ်တို့ယုံကြည်ခြင်းဖြင့် ရှေ့ဆက်ကြပါသည်။

အခန်းငယ် ၂၀ တွင် သခင်ယေရှုကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် ဤကမ္ဘာကြီးကို မဖန်ဆင်းမီကပင် ရွေးချယ်ခွဲခန့်ထားခဲ့ကြောင်းကို ကျွန်ုပ်တို့အား အသိပေးထားသည်။ ဤလောက၌ အပြစ်ဒုစရိုက်ဝင်ရောက်မလာမီကပင် ပြဿနာ၏အဖြေကို ကြိုတင်ထားရှိခဲ့ပြီးဖြစ်သည်။ အချိန်ဟူသောစက်ယန္တရားကြီးမလည်ပတ်မီ၌ပင် သခင်ယေရှုကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ်လောကသို့ ဆင်းကြွလာရန် ရွေးချယ်ခဲ့ပြီးဖြစ်သည်။

နှစ်သိမ့်ခြင်းကိုဤအချက်မှရယူဖို့လိုအပ်ပါသည်။ လူ့သမိုင်းရာဇဝင်တစ်ခုလုံးကို ဘုရားသခင်ကထိန်းချုပ်ထားပါသည်။ အရာခပ်သိမ်းကို သူထောက်ပံ့ပေးထားပါသည်။ သူ့ကိုမည်သည့်အရာကမျှ မအံ့သြစေပါ။ သင်သည်သင့်ရဲ့လက်ရှိအခြေအနေကိုကြည့်၍ ပြဿနာ၏အဖြေကို မည်သည့်အချိန်၌ရှာတွေ့လိမ့်မည်နည်းဟု အံ့သြလျှက်မေးနေပါလိမ့်မည်။ အမှန်ဆိုရလျှင် ပြဿနာ၏အဖြေမှာ ရှိနှင့်နေပြီးသားဖြစ်သည်။ ဘုရားသခင်သည် သင့်ရဲ့ပြဿနာကိုသိရှိနေပါသည်။ သင်မမွေးဖွားခင်ကပင် သင်ရင်ဆိုင်ကြုံတွေ့ရမည့်ပြဿနာကိုသူသိခဲ့ပြီးဖြစ်သည်။ အရာခပ်သိမ်းကို ပိုင်သအုပ်စိုးစီရင်နိုင်သော မိမိ၏တန်ခိုးတော်၏ အကြံအစည်တွင် သင့်ရဲ့အောင်မြင်မှုအတွက် လိုအပ်သည့်အရာအားလုံးကိုပေးကမ်းပြင်ဆင်ပေးထားပါသည်။ ပြဿနာ၏အဖြေကို ယခုတွင်သင့်ထံ၌ ထုတ်ဖော်ပြသခြင်းမရှိသေးသော်လည်း ယုံကြည်ခြင်းအားဖြင့် စောင့်စားနေပါ။ ဘုရားသခင်သတ်မှတ်ထားသောအချိန်တွင် ဤအရာကိုသင့်အားထုတ်ဖော်ပြသပါလိမ့်မည်။

အချိန်ဟူသောယန္တရားကြီးမလည်ပတ်မီ၌ပင် ရွေးချယ်ခွဲခန့်ခြင်းခံခဲ့ရသော သခင်ယေရှုအားဖြင့် ကျွန်ုပ်တို့သည်ဘုရားသခင်ကိုလည်းကောင်း၊

ဘုရားသခင်၏အကြံအစည်များကိုလည်းကောင်း၊ ယုံကြည်လာကြပါသည်(ငယ် ၂၀)။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆိုင်သောအရာများ၊ ဘုရားသခင်၏နည်းလမ်းများကို မမြင်နိုင်ခဲ့ကြပါ။ ကျွန်ုပ်တို့၏စိတ်သည် ဝိညာဉ်ရေးရာအမှန်တကယ်ဖြစ်တည်မှုများကို နားလည်ဖို့မတတ်စွမ်းနိုင်ကြပါ။ သို့သော် "ဤနောက်ဆုံးသောကာလတွင်" သခင်ယေရှုကြွဆင်းလာခဲ့ပြီး ကယ်တင်ခြင်းကို မိမိ၏အသွေးတော်ဖြင့် ဝယ်ယူခဲ့သည်။ (နောက်ဆုံးသောကာလဟူသော အသုံးအနှုန်းသည် သခင်ယေရှုပထမအကြိမ် ကြွဆင်းလာခြင်းနှင့် ဒုတိယအကြိမ်ကြွဆင်းလာခြင်းကြားရှိ မေရှိယကာလကို ရည်ညွှန်းသည်)။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းသည် ဤလောကကြီးနှင့်၎င်း၏ နည်းလမ်းများတွင်မဟုတ်ပါ။ ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုသည် ဘုရားသခင်နှင့်သခင်ယေရှုအားဖြင့် သူလုပ်ဆောင်ခဲ့သောအရာ၌ဖြစ်သည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်ကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း သေခြင်းမှထမြောက်၍ ဘုန်းတော်ဝင်စားကြရမည်ဖြစ်သည် (ငယ် ၂၁)။

ကျွန်ုပ်တို့သည် ဤကျေးဇူးတော်နှင့်မထိုက်တန်ပါသော်လည်း လက်ခံရရှိထားပြီးဖြစ်သည့်အတွက် ကိုယ့်အဖို့သာထိန်ချန်မထားနိုင်ပါ။ ကျွန်ုပ်တို့ကို အသက်ရှင်သောနှုတ်ကပတ်တော်အားဖြင့် ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းလွတ်သည့်အသစ်သော အသက်တာကို ဘုရားသခင်ထံမှပေးအပ်ခြင်းခံကြသည် (ငယ်၂၃)။ ရှင်ပေတရု၏ပြောဆိုချက်အရ ဤအသက်တာကို ကျွန်ုပ်တို့တုန့်ပြန်ရမည့်နည်းလမ်းမှာ အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်ဖြူစင်၍ ရိုးသားသောစိတ်နှင့် နက်နက်နဲနဲချစ်ကြရန်ဖြစ်သည် (ငယ် ၂၂)။ နက်နက်နဲနဲ (အားကြီးသော) ဟူသော စကားလုံး၏တိုက်ရိုက်အဓိပ္ပါယ်မှာ "သတ်မှတ်အတိုင်းအတာအထိ ဆွဲဆန့်ခြင်း" ဟူ၍ဖြစ်သည်။ ဤသည်မှာကြီးမားလှသော

ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် သင့်တင့်လျောက်ပတ်မှုရှိသော တုန့်ပြန်မှု တစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဘဝတူယုံကြည်သူများအပေါ်၌ ထားရှိရမည့် တာဝန် တစ်ခုလည်းဖြစ်သည်။ ထိုကဲ့သို့သော မျှော်လင့်ချက်ကိုရှိထား၍ အပြစ်လွှတ် ခြင်းကို ခံထားကြသောကျွန်ုပ်တို့သည် အလားတူချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများထံ၌ သက်သေပြရန်ကိုယ့်ကိုယ်ကို သတ်မှတ်အတိုင်း အတာထိ ဆွဲဆန့်ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့ဖွားမြင်သည့်နေ့မှစ၍ အသက်အရွယ်ကြီးရင့်ခြင်းဖြစ်စဉ်ကို ကျွန်ုပ်တို့စတင်ခဲ့ကြပြီး၊ ကျွန်ုပ်တို့အားလုံးသည် သေခြင်းတရားကိုရင်ဆိုင်ကြရ ပါမည်။ ဤလောကနှင့်သက်ဆိုင်သောအရာများသည် ယနေ့၌ဖူးပွင့်၍မနက် ဖြန်တွင် ညှိုးနွမ်းခြောက်သွေ့သွားသော မြက်ပင်(သို့) ပန်းနှင့်တူသည်(ငယ် ၂၄)။ ဤလောက၏ ဘုန်းအသရေသည် ယာယီခေတ္တသာဖြစ်၍ ခြောက်သွေ့ လွင့်ပျောက်သွားကြပါသည်။ သို့သော်ထာဝရအမြဲတမ်း တည်တံ့သောအရာ တစ်ခုရှိကြောင်းကို ရှင်ပေတရုကကျွန်ုပ်တို့အား အသိပေးထားပါသည်။ ဘုရား သခင်၏နှုတ်ကပတ်တော်သည် ဘယ်သောအခါတွင်မျှ ပြောင်းလဲမည်မဟုတ် ပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးထားသော ကတိတော်များနှင့် ဘုရားသခင် ၏ရည်ရွယ်ချက်များသည် အချိန်နာရီတို့ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိကြသည်။ ဤနှုတ်ကပတ်တော်သည် ယာယီသဘောဆောင်သော ဤလောက၌ကျွန်ုပ် တို့၏လမ်းပြဖြစ်သည်။ ဤနှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ယုံကြည်ကိုးစားကြ သောကြောင့် ဤလောက၌ဧည့်သည်များပမာ ရှင်သန်ကြသည်။ သို့သော် ကျွန်ုပ်တို့၏ စိတ်ဆန္ဒမှာ ဘုရားသခင်ပေါ်၌လည်းကောင်း၊ ဘုရားသခင်၏ နည်းလမ်းများအပေါ်၌လည်းကောင်း သစ္စာရှိရန်ဖြစ်သည်။ မည်သည့်အဖိုး အခများကိုပေးဆပ်ရပါစေ ကျွန်ုပ်တို့၏အားရကျေနပ်မှုရှိသောအရာမှာ နာခံ ခြင်း၌ရှင်သန် လျှောက်လှမ်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤနှုတ်ကပတ်တော်

တွင် ကြီးမားသောမျှော်လင့်ချက်နှင့် ကောင်းကြီးမင်္ဂလာတို့ကို တွေ့မြင်ရပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့သည် ဤလောက၌မည်သို့ဖြင့် ဧည့်သည်ဖြစ်ကြသနည်း။ အထူးသဖြင့်မည်သည့်အရာက ကျွန်ုပ်တို့ကိုထူးခြားနေစေပါသနည်း။
- သခင်ဘုရားက သင့်ကိုကယ်တင်ခဲ့သည့်အချိန်မှစ၍ သင်မည်သို့ပြောင်းလဲခဲ့ပါသနည်း။
- လောကီအတွေးအမြင်များအားဖြင့် သခင်ဘုရားထံ၌အစေခံဖို့ ရှာကြံခြင်းသည်ဖြစ်နိုင်ပါသလား။ ကျွန်ုပ်တို့သည် လူ့အစွမ်းအစဖြင့် ကြီးမားသောသာသနာလုပ်ငန်းများကို တည်ဆောက်နိုင်ပါသလား။ လောကီနည်းလမ်းများအပေါ်၌ ဧည့်သည်အဖြစ်နှင့် ဘုရားသခင်ထံ၌အစေခံခြင်း၏ ဆိုလိုရင်းကအဘယ်နည်း။
- ဘုရားသခင်က ကျွန်ုပ်တို့အတွက် လုပ်ဆောင်သွားခဲ့သောကြောင့် ယုံကြည်သူများအဖြစ်နှင့် တစ်ဦးပေါ်တစ်ဦးထားရှိရမည့် တာဝန်ဝတ္တရားအကြောင်းကို ရှင်ပေတရုက မည်သို့ပြောပြထားပါသနည်း။ အခြားယုံကြည်သူများနှင့် သင့်ရဲ့ဆက်ဆံရင်းနှီးမှုက ဘုရားသခင်ထံမှ သင့်လက်ခံရရှိထားသော မျှော်လင့်ချက်နှင့်ချစ်ခြင်းမေတ္တာကို မည်သို့ထင်ဟပ်နေပါသနည်း။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားပေးခဲ့သော ကယ်တင်ခြင်းကသင့်ကိုလက်တွေ့ပြောင်းလဲ

ခဲ့သည့် နည်းလမ်းအတွက်ကျေးဇူးတင်ချီးမွမ်းပါ။

- ဤလောက၏နည်းလမ်းများကို သင့်ထံမှချွတ်ချပစ်ဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။ ဤလောကနှင့်၄င်း၏နည်းလမ်းမျိုးအပေါ်၌ညှိ သည်တစ်ယောက်အဖြစ်နှင့်လည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ် တော်နှင့် ဝိညာဉ်တော်ကို နာခံလိုက်လျှောက်သောသူအဖြစ်နှင့် လည်းကောင်း ရှင်သန်ရန်ကူညီမစဖို့ တောင်းလျှောက်ပါ။
- အရာရာတိုင်းကို ဘုရားသခင်၏နည်းလမ်းဖြင့် လုပ်ဆောင်ရန် ပို၍ နက်နဲသောစိတ်သဘောကိုပေးဖို့ တောင်းလျှောက်ပါ။ ဤလောကီ နည်းလမ်းများနှင့် ဘုရားသခင်၏နည်းလမ်းတို့၏ကွဲပြားခြားနားချက် ကို သိမြင်နိုင်ရန် ကူညီမစပေးဖို့ တောင်းလျှောက်ပါ။

၂၂

## အသက်ရှင်သောကျောက်မျက်များ

၁ ပေ ၂း၁-၈ ကိုဖတ်ရှုပါ။

ရှင်ပေတရုသည် မိမိ၏စာဖတ်ပရိသတ်တို့အား ၎င်းတို့သည်သခင်ယေရှု၏မြတ်သောအသွေးတော်ဖြင့် ရွေးဝယ်ခဲ့၍၊ ဘယ်သောအခါတွင်မျှ ဖောက်ပြန်ပျက်စီးခြင်းမရှိသော နိုင်ငံတော်ထဲသို့ ဆောင်ယူခြင်းခံထားရသောသူများဖြစ်ကြောင်းကို အသိပေးနေခဲ့ပါသည်။ ဤအံ့ဖွယ်သမ္မာတရားကြောင့် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ထူးထူးခြားခြားရှင်သန်နေထိုင်ကြဖို့ စိန်ခေါ်ခဲ့သည်။ သူတို့သည်သခင်ယေရှုနှင့်သက်ဆိုင်သောသူများဖြစ်ကြ၍၊ ကိုယ်တော်ရှင်၏သားသမီးများအဖြစ်နှင့် အသက်တာကိုသန့်ရှင်းစင်ကြယ်စွာနေထိုင်ကြရမည်ဖြစ်သည်။

ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် တစ်ဖန်ဖွားမြင်ခြင်းကို ခံရသောသူတို့၏တာဝန်ဝတ္တရားများကိုလည်း ရှင်ပေတရုကကျွန်ုပ်တို့ကို အသိပေးထားသည်။ ဘုရားသခင်လုပ်ဆောင်ခဲ့သောအရာကြောင့် အမျိုးမျိုးသောအရာများကိုပြုလုပ်ကြဖို့ ယုံကြည်သူများကို စိန်ခေါ်ထားသည်။

ပထမအနေဖြင့် အခန်းငယ် ၁ တွင် သူတို့သည်အသက်တာမှ အမျိုးမျိုးသောမနာလိုခြင်းကို ဖယ်ရှားကြရမည်ဖြစ်ကြောင်း သတိပြုပါ။ “မနာလိုခြင်း” ဟူသောစကားလုံးသည် ယုတ်ညံ့သောစိတ် (သို့) တစ်စုံတစ်ယောက်ကို ထိခိုက်နစ်နာစေလိုသော (သို့) အန္တရာယ်ပေးလိုသော စိတ်ဆန္ဒကို ရည်ညွှန်းသည်။

ကျွန်ုပ်တို့အပေါ်၌ပြုလုပ်ကျူးလွန်ခဲ့သော အရာများအတွက်သူတို့လည်း ဒုက္ခရောက်မည့်အဖြစ်ကို တွေ့မြင်လိုခြင်းလည်းဖြစ်ပေလိမ့်မည်။ ဘုရားသခင်၏ သားသမီးများဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့သည် သခင်ယေရှုကကျွန်ုပ်တို့ အတွက်ပြုလုပ်သွားခဲ့သောအရာကို သတိရနေရမည်။ ကျွန်ုပ်တို့သည် ရန်သူများဖြစ်ကြစဉ်တွင်ပင်၊ သခင်ယေရှုသည် မိမိအသက်ကိုစတေး၍ ကျွန်ုပ်တို့၏အပြစ်ကိုခွင့်လွှတ်ပေးခဲ့သည်။ ထိုသို့ခွင့်လွှတ်ခြင်းကို ခံရသောကျွန်ုပ်တို့သည်လည်း မကျေနပ်ချက်များကို ဘေးဖယ်ထား၍ အခြားသူများကိုခွင့်လွှတ်ပေးဖို့ လိုလိုလားလားရှိနေကြရမည်။ ယုံကြည်သူ၏စိတ်နှလုံးထဲတွင် အမျိုးမျိုးသောအမျက်ထွက်ခြင်း (သို့) လက်စားချေခြင်းအတွက် နေရာမရှိပါ။ ဤအရာသည် လောကီနည်းလမ်းဖြစ်ကောင်းဖြစ်နေနိုင်သော်လည်း၊ ကျွန်ုပ်တို့မှာမူ သခင်ယေရှုက ခွင့်လွှတ်ပေးခဲ့သကဲ့သို့ အခြားသူများကို ခွင့်လွှတ်ပေးတတ်ဖို့သင်ယူရန် လိုအပ်သည်။

ယုံကြည်သူ၏စိတ်နှလုံးမှ သန့်စင်ဖယ်ရှားဖို့ လိုအပ်သည့်ဒုတိယအရာမှာလှည့်ဖြားခြင်းနှင့် လျှို့ဝှက်ခြင်း (အပြောနှင့်အလုပ်မညီညွတ်ခြင်း)တို့ဖြစ်သည်ဟုရှင်ပေတရုကပြောထားသည်။ ယုံကြည်သူများသည် အနီးအနားပတ်ဝန်းကျင်မှလူများနှင့်ဆက်ဆံရာတွင် ရိုးသားမှုရှိကြရမည်။ ခရစ်ယာန်တို့သည် ရိုးသားဖြောင့်မတ်၍ သစ္စာရှိကာဟန်ဆောင်မှုကင်းသောသူများဖြစ်ကြရမည်။ ယုံကြည်သူတစ်ဦး၏နှုတ်ထွက်စကားသည် ယုံကြည်အားကိုးထိုက်ရမည်။ လူတို့ကကျွန်ုပ်တို့ပြောဆိုသောအရာကို ယုံကြည်အားထားနိုင်၍ ထိုစကားလုံးများသည် စိတ်ချရသောစကားလုံးများဖြစ်ကြောင်းကို သိထားကြရမည်။ သို့သော်မရိုးသားခြင်းနှင့် လိမ်လည်လှည့်ဖြားခြင်းတို့သည် ဤလောကတွင်သာမန်တွေ့နေကျ၊ ဖြစ်နေကျအရာများဖြစ်နေကြသည်။ သို့သော် ယုံကြည်သူများသည် ဤနည်းလမ်းများအပေါ်၌ငြင်းဆန်သည်ဖြစ်သည်။ သူသည်မှီခိုအားထား၍ရပြီး ပြောဆို

သော စကားလုံးများမှာလည်း ယုံကြည်ကိုးစား၍ရပါသည်။

ရှင်ပေတရုကယုံကြည်သူတို့အား ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းအားလုံးကိုလည်း ဖယ်ရှားကြဖို့ စိန်ခေါ်ခဲ့သည်။ ငြူစူခြင်းသည် ဘုရားသခင်ကကျွန်ုပ်တို့ကို ပေးထားသည့်အရာနှင့် ကျေနပ်နေမည့်အစားကျွန်ုပ်တို့အိမ်နီးချင်းပိုင်ဆိုင် သောအရာကို ရရှိပိုင်ဆိုင်လိုသည့်မနာလိုတောင့်တစိတ်တစ်ခုဖြစ်သည်။ ယုံကြည်သူများသည် အခြားသူများပိုင်ဆိုင်သောအရာကို ကြည့်နေမည့်အစား၊ ကျွန်ုပ်တို့အသက်တာအတွက် ဘုရားသခင်ကထူးထူးခြားခြားပံ့ပိုးပေးထားသည့်အရာနှင့် တင်းတိမ်ရောင့်ရဲတတ်ဖို့သင်ယူရမည်။ ငြူစူခြင်းသည် မာန်မာနတွင်အခြေတည်ထားပြီး၊ အခြားသူပိုင်ဆိုင်သောအရာကို မပိုင်ဆိုင်ရမချင်း ကျေနပ်တင်းတိမ်မည်မဟုတ်ပါ။ ငြူစူခြင်းနှင့်မနာလိုဝန်တိုခြင်းသည် အခြားအပြစ်ဒုစရိုက်များကိုစိုက်ပျိုးကြီးထွားစေနိုင်သည့် အဆီအနှစ်ပြည့်သောမြေဖြစ်သည်။ ရှင်ပေတရုကကျွန်ုပ်တို့အား ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ဤအပြစ်ဒုစရိုက်ကို "ပယ်ရှား" ကြရန် အသိပေးထားသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဤကဲ့သို့သောအပြစ်ဒုစရိုက်ကို ကျွန်ုပ်တို့၏အသက်တာမှဖယ်ရှား၍အဝေးသို့ လွှင့်ပစ်ရမည်ဖြစ်သည်။

ရှင်ပေတရုက ယုံကြည်သူတို့အား အပြစ်ဒုစရိုက်ကိုအလေးအနက်ထားကြဖို့ စိန်ခေါ်ထားသည်။ ခရစ်ယာန်များသည် အပြစ်ဒုစရိုက်နှင့်ပတ်သက်လာလျှင် အစွန်းရောက်ဝါဒီများဖြစ်ကြရမည်။ အပြစ်ဒုစရိုက်၏တန်ခိုးကို ရိုက်ချိုး၍ ၎င်းကိုယုံကြည်သူ၏အသက်တာ၌ အမြစ်တွယ်ခွင့်ပြုရမည်မဟုတ်ပါ။ ကျွန်ုပ်တို့ကိုအပြစ်ဒုစရိုက်၏ တန်ခိုးမှလွတ်မြောက်စေဖို့ သခင်ယေရှုအသေခံခဲ့ပါသည်။ သူသည်ကျွန်ုပ်တို့ကို လုပ်ပိုင်ခွင့်တန်ခိုးအာဏာနှင့်အတူ ကျွန်ုပ်တို့၏အပြစ်သဘောသဘာဝအပေါ်၌ အောင်နိုင်ခြင်းကိုပေးရန် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌ ထည့်ထားပေးပါသည်။ သခင်ခရစ်တော်

ပြုလုပ်ခဲ့သော ဤအမှုတော်ကိုအလေးအနက်ထားသောသူများသည် မိမိတို့၏ သခင်ကို စိတ်မကျေနပ်စေသောအရာအားလုံးကို အသက်တာမှဖယ်ရှားဖို့ လုပ်ဆောင်ကြပါလိမ့်မည်။

ရှင်ပေတရုက ကျွန်ုပ်တို့အား အသစ်သောဖွားမြင်ခြင်းကို တွေ့ကြုံခံစားရသောသူများသည် မွေးကင်းစကလေးသူငယ်ကဲ့သို့ သန့်ရှင်းသောဝိညာဉ်ရေးရာနို့စစ်ကို တောင့်တမက်မောကြရမည်(ငယ် ၂)။ "တောင့်တမက်မောခြင်း" (အလွန်လိုချင်သောစိတ်ရှိခြင်း)ဟု ဘာသာပြန်ထားသော ဂရိစကားလုံး၏ အဓိပ္ပါယ်မှာ "အလွန်အမင်းပြင်းပြင်းပြပြတောင့်တခြင်း"ဟူ၍ဖြစ်သည်။ နို့ဆာ၍ငိုကြွေးနေသော မွေးကင်းစကလေးငယ်များဖြစ်ကို ကျွန်ုပ်တို့အား တွေ့ကြုံဖူးကြပါ သည်။ မွေးကင်းစကလေးငယ်များဆာလောင်သောအခါတွင် ၎င်းတို့၏စိတ်ထဲ တွင် နို့စို့ဖို့မှတစ်ပါး အခြားအရာမရှိပါ။ သူတို့၏အသက်တာသည် ဤအရာတစ်ခုတည်းကို ဗဟိုပြု၍လည်ပတ်ရှင်သန်နေပါသည်။ အခြားမည်သည့်အရာမျှ သူတို့အတွက်အရေးမကြီးပါ။ ယုံကြည်သူတို့သည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် ၌ဤကဲ့သို့သောတောင်းတမှုမျိုး ရှိကြရပါမည်။

ဘုရားသခင်၏ဝိညာဉ်တော်သည် ဤဆာလောင်မွတ်သိပ်ခြင်းကို ကျွန်ုပ်တို့၏စိတ်နှလုံးသားထဲ၌ ထည့်ပေးပါလိမ့်မည်။ ဤနှုတ်ကပတ်တော်အားဖြင့်သာ ကျွန်ုပ်တို့သည် သခင်ယေရှု၌ကြီးထွားရင့်ကျက်ကြရပါသည်။ သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာ၍နာခံလုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့သည်သခင်ယေရှုနှင့် ထိုသခင်၏ရည်ရွယ်ချက်များကိုသိလာရပါသည်။ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့တောင့်တခြင်းသည် ဗဟုသုတရရှိဖို့အတွက် သက်သက်မဟုတ်ပါ။ ကျွန်ုပ်တို့၏တောင့်တခြင်းသည် သခင်ခရစ်တော်ကို တောင့်တခြင်းဖြစ်၍ ထိုခရစ်တော်ကို နက်နက်နဲနဲသိကျွမ်းရင်းနှီးလာဖို့ တောင့်တခြင်းဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကိုသခင်ယေရှုထံသို့ပို့ဆောင်ပေးသောအရာဖြစ်သည်။ နှုတ်ကတပ်တော်ကို နာခံလိုက်လျှောက်သည်နှင့်အမျှ ကယ်တင်ခြင်းအားဖြင့် အစပြုခဲ့သော ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုမှာလည်း တိုးတက်ကြီးထွားလာပါသည်။ မွေးကင်းစကလေးငယ်များက နို့ကိုတောင့်တကြသကဲ့သို့ ကျွန်ုပ်တို့သည်လည်း နှုတ်ကပတ်တော်ကိုတောင့်တကြရမည်။ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကိုစိတ်ကျေနပ်မှုပေးပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့ကိုသခင်ယေရှုဆီသို့ ညွှန်ပြပေးသောကြောင့်ဖြစ်သည်။ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကိုခွန်အားပေး၍ ကောင်းကြီးလည်းပေးပါသည်။ အကြောင်းမှာ ၎င်းသည်ကျွန်ုပ်တို့အား သခင်ခရစ်တော်ကိုလည်းကောင်း၊ ကျွန်ုပ်တို့အတွက်ထားရှိသော ထိုခရစ်တော်၏ရည်ရွယ်ချက်များကိုလည်းကောင်း ပြသပေးသောကြောင့်ဖြစ်သည်။ ထိုနှုတ်ကပတ်တော်၏ မွန်မြတ်သောအခြေခံစည်းမျဉ်းဥပဒေသများ၏ အကြံပြုခြင်းနှင့် နှစ်သိမ့်ခြင်းကို ကျွန်ုပ်တို့ခံကြရသည်နှင့်အမျှ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကိုဘဝအဓိပ္ပါယ်နှင့် ဘဝဦးတည်ချက်များကိုပေးပါသည်။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ၎င်းတို့သည်အသက်ရှင်သောကျောက်မျက်ကို သိကျွမ်းလာခဲ့ကြပြီဖြစ်ကြောင်း အသိပေးခဲ့သည်(ငယ် ၄)။ ကျောက်သည်တည်ငြိမ်မှုနှင့် ခွန်အားကိုကိုယ်စားပြုသည်။ သခင်ယေရှုသည်ကျွန်ုပ်တို့အတွက် ဤကဲ့သို့ပင်ဖြစ်သည်။ ကျွန်ုပ်တို့အားနည်းနေသောအခြေအနေတွင် ကျွန်ုပ်တို့သည် ကိုယ်တော်၌ခိုလှုံစရာကို ရှာတွေ့ကြသည်။ ဘဝမုန်တိုင်းထန်ချိန်တွင် သူသည်ကျွန်ုပ်တို့၏ကျောက်ဖြစ်သည်။ သူသည် အပြစ်ဒုစရိုက်ကိုစီရင်မည့်ဘုရားသခင်၏ကြောက်မက်ဖွယ်သော အမျက်တော်မှ ကျွန်ုပ်တို့၏အကွယ်အကာဖြစ်သည်။ သူသည်ကျွန်ုပ်တို့၏အသက်တာကို တည်ဆောက်ထားရာ ကျွန်ုပ်တို့၏ခိုင်ခံ့မြဲမြံသောအုတ်မြစ်ဖြစ်သည်။

ဤကျောက်သည်လောကီသားများ၏ ငြင်းပယ်ခြင်းကိုခံခဲ့ရသည်။ သခင်ယေရှုဤလောကသို့ ကြွဆင်းလာခဲ့ချိန်တွင် ဘုရားသခင်ရွေးကောက်ထားသောသူဖြစ်သော်လည်း လူမျိုးရင်းများ၏ ငြင်းပယ်ခြင်းကိုခံခဲ့ရသည်။ ဘုရားသခင်၏ လက်တော်သည်သူ့အပေါ်၌ ရှိခဲ့သည်။ သူသည်ခမည်းတော်၏ မျက်စိတွင် အထူးပုဂ္ဂိုလ်ဖြစ်သည်။ သူသည်အပြစ်ဒုစရိုက်ပြဿနာအတွက် ဘုရားသခင်၏အဖြေဖြစ်သည်။ ယနေ့တွင်ပင် လူများသည်သူ့ကိုကျောခိုင်းထားကြသည်။ သူသည်စစ်မှန်သည့်တစ်ပါးတည်းသော ထာဝရခိုကိုးရာဖြစ်သော်လည်း လူတို့ကသူ့ကိုအလိုမရှိကြပါ။ သို့သော် သူ့ထံသို့လာရောက်၍ သူရဲ့အရိပ်အောက်တွင် ခိုလှုံသောသူအားလုံးသည် ဘုရားသခင်၏အမျက်တော်ရှခြင်းမှကယ်နှုတ်ခံရမည်ဖြစ်သည်။

ဘုရားသခင်သည် အပြစ်ဒုစရိုက်ကို မဖြစ်မနေစီရင်ရမည်ဖြစ်သော်လည်း သူသည်သခင်ခရစ်တော်၌ခိုလှုံရာကျောက်ကို ပေးသနားထားပါသည်။ တရားမျှတစွာ စီရင်ခြင်းနှင့်ဂရုဏာသက်ခြင်းတို့သည် ဤနေရာတွင်ဒွန်တွဲ၍ရှိနေကြပါသည်။ ဘုရားသခင်သည် အပြစ်သားများအား ၎င်းတို့၏ပြဿနာအတွက်အဖြေကိုပေးခဲ့ပါသည်။ သူသည်မည်သူ့ကိုမျှ ထာဝရငရဲ၌ဒဏ်ခတ်စီရင်ရသည်ကို မနှစ်ခြိုက်ပါ။ ဘုရားသခင်၏ တရားသဖြင့်စီရင်ခြင်းက အပြစ်အတွက်အဖိုးအခကို ပေးဖို့တောင်းဆိုပြဋ္ဌာန်းသော်လည်း ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်ဂရုဏာတော်က အပြစ်အတွက်ကယ်တင်ခြင်းကို ပေးထားပြန်သည်။ အသက်ရှင်သောကျောက်မျက်ဖြစ်သည့် သခင်ခရစ်တော်ထံသို့ ရောက်လာသောသူတိုင်းသည် ဘုရားသခင်၏တရားမျှတမှုရှိသော အမျက်တော်မှ ကွယ်ကာပေးခြင်းကိုခံရပါလိမ့်မည်။ ဤပေးကမ်းမှုကို ကျွန်ုပ်တို့မျက်ကွယ်မပြုရပါ။ ကျွန်ုပ်တို့သည် ကွယ်ကာရာကျောက်ဆီသို့ ပြေးသွားကြရ

ပါမည်။ ၎င်းသည်ကျွန်ုပ်တို့၏ တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သည်။

အသက်ရှင်သောကျောက်မျက်ဆီသို့ ကျွန်ုပ်တို့ရောက်လာကြသော အခါကျွန်ုပ်တို့မှာ ပြောင်းလဲခံရသည်။ သူသည်မိမိ၏သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌ ထည့်သွင်းပေးပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို သခင်ယေရှုနှင့်ပို၍ပို၍ သဏ္ဍာန်တူလာအောင်ဖန်တီးပါသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည်လည်း "အသက်ရှင်သောကျောက်မျက်များ" ဖြစ်လာကြသည် (ငယ် ၅)။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့ကို အသက်ရှင်သော ကျောက်မျက်များအဖြစ်နှင့် လက်ခံရယူ၍ မိမိ၏အသင်းတော်ကို တည်ဆောက်ရာ၌ ကျွန်ုပ်တို့ကိုအသုံးပြုပါသည်။ ထိုကျောက်မျက်တစ်ခုစီသည် ကွဲပြားသောပုံသဏ္ဍာန်နှင့် ထိတွေ့ခံစားမှုအနေအထားအမျိုးမျိုးဖြင့် ရှိနေကြပြီး တစ်ခုချင်းစီသည် အရေးပါကြသည်။ သခင်ယေရှုက မိမိ၏ဘုန်းတော်အတွက် ကြီးကျယ်ခမ်းနားသော ဝိညာဉ်ရေးရာအိမ်တော်တစ်ဆောင်ကို ဖန်တီးရန် ကျွန်ုပ်တို့၏ စွမ်းရည်ဆုကျေးဇူးများနှင့် ထူးခြားသောစရိုက်လက္ခဏာများကို အတူတကွဆက်စပ်ခဲ့သည်။ ကျွန်ုပ်တို့ကို တစ်ကိုယ်တည်းအမှုတော်ဆောင်ဖို့ မရည်ရွယ်ထားပါ။ သခင်ဘုရားတည်ဆောက်နေသော ဝိညာဉ်ရေးရာအိမ်တော်သည် အသက်ရှင်သောကျောက်မျက်အမျိုးမျိုးဖြင့် ဖွဲ့စည်းစီခြယ်ထားပါသည်။ ကျွန်ုပ်တို့တစ်ယောက်နှင့်တစ်ယောက် လိုအပ်ကြမည့်အကြောင်း သခင်ခရစ်တော်က အသင်းတော်ကို ထိုကဲ့သို့ပုံစံဆွဲခဲ့ခြင်းဖြစ်သည်။

အခန်းငယ် ၆တွင် ရှင်ပေတရုက ဟေရှာယ ၂၈း၁၆ မှကိုးကားခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏စေ့ဆော်မှုတ်သွင်းမှုအောက်တွင် ဟေရှာယက ဘုရားသခင်သည် မဟာဗိသုကာရှင်တစ်ဦးကဲ့သို့ဖြင့် ဇိအုန်တောင်ပေါ်၌ ကျောက်မျက်ကိုချခင်းလိမ့်မည်ဟု ပရောဖက်ပြုခဲ့သည်။ ထိုကျောက်မျက်သည်

ရွေးကောက်ခြင်းခံ အလွန်တန်ဖိုးကြီးသော အောက်ခြေတိုက်ထောင့်ကျောက်မျက်ဖြစ်မည်ဖြစ်ပြီး ၎င်း၏အပေါ်တွင်အဖွဲ့အဆောက်အဦးတစ်ခုကို တည်ဆောက်ခဲ့ပါလိမ့်မည်။ အသင်းတော်ကို အောက်ခြေတိုက်ထောင့်ကျောက်မျက်ဖြစ်သော သခင်ခရစ်တော်၏အပေါ်တွင် တည်ဆောက်ခဲ့ပါလိမ့်မည်။ ထိုသခင်အားဖြင့် မြောက်မြားစွာသော ဝိညာဉ်တို့မှာကယ်တင်ခြင်းခံရပြီး၊ ထိုအဆောက်အဦး၌ ထည့်သွင်းခြင်းကို ခံကြရပါလိမ့်မည်။ ရှင်ပေတရု၏ရေးသားချက်အရ၊ ဤအလွန်တန်ဖိုးကြီးသော ကျောက်မျက်ပေါ်တွင် မိမိတို့၏ယုံကြည်ခြင်းကိုပုံအပ်သူများအားလုံးသည် အရှက်ကွဲခြင်းနှင့်ကင်းလွတ်မည်ဖြစ်သည်။ ဤကျောက်မျက်သည် လူသားမျိုးနွယ်တစ်ခုလုံး၏ တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သည်။ သခင်ယေရှုထံ၌လည်းကောင်း၊ ထိုသခင်၏ရည်ရွယ်ချက်များ၌လည်းကောင်း ဝန်ခံအပ်နှံခြင်းသည် အခွင့်ထူးတစ်ခုဖြစ်သည်။ ဤအဖွဲ့ဝိညာဉ်ရေးရာအိမ်တော်၌ အသက်ရှင်သောကျောက်မျက်တစ်ခုဖြစ်ရခြင်းသည် အဘယ်မျှဂုဏ်ယူစရာဖြစ်ပါသနည်း။ လူမျိုးအသီးသီး၊ တိုင်းနိုင်ငံအသီးသီးမှ လူများသည် ဤအဖွဲ့ခမ်းနားကြီးကျယ်သောအဆောက်အဦးထဲ၌ ထည့်သွင်းခြင်းခံနေကြပါသည်။ ရန်သူကနှောက်ယှက်ရပ်တန့်ဖို့ ကြိုးစားနေလင့်ကစား ဘုရားသခင်သည် မိမိ၏အသင်းတော်ကို ဆက်လက်၍တည်ဆောက်နေပါသည်။ သင်နှင့်ကျွန်ုပ်သည် ဘုရားသခင်ထံ၌ ဝန်ခံအပ်နှံထားကြလျှင် ကျွန်ုပ်တို့သည်ဘုရားသခင်လုပ်ဆောင်နေသော အမှုကြီး၏အစိတ်အပိုင်းများဖြစ်ကြပါလိမ့်မည်။

အသက်ရှင်သောကျောက်မျက်ဖြစ်သည့် သခင်ယေရှုသည်ကျွန်ုပ်တို့အတွက်အလွန်တန်ဖိုးကြီးပါသည်။ ကျွန်ုပ်တို့၏ခိုလှုံရာနှင့် မျှော်လင့်ချက်ဖြစ်သည်။ သူသည်ကျွန်ုပ်တို့၏ တည်ငြိမ်ခြင်းနှင့်အခြေခံအုတ်မြစ်ဖြစ်သည်။

သူသည်ကျွန်ုပ်တို့အား ဘဝရည်ရွယ်ချက်ကိုပေးသည်။ ရှင်ပေတရု၏ပြောဆိုထားချက်အရ၊ ငြင်းပယ်ခြင်းခံရသောကျောက်သည် အထွဋ်အမြတ်ကျောက်ဟူသောအဆောက်အဦး၏နောက်ဆုံးပိတ် ကျောက်ဖြစ်လာခဲ့သည်။ ဆိုလိုသည်မှာ သခင်ယေရှုသည် ပထမနှင့်နောက်ဆုံးကျောက်မျက်ဖြစ်သည်။ သခင်ယေရှုကို ငြင်းပယ်သောသူများသည် ဤကျောက်မျက်ကြောင့် ခလုတ်တိုက်လဲကျခဲ့ကြပါလိမ့်မည်။ ဤသည်မှာ သခင်ယေရှု၏ခေတ်ကာလမှ ဘာသာရေးခေါင်းဆောင်များ၌ ဖြစ်ပျက်ခဲ့သောအရာဖြစ်သည်။ ပညာအရည်အချင်းမရှိသောလူထုကြီးက သခင်ခရစ်တော်ထံသို့ လာကြစဉ်တွင် ဝိညာဉ်ရေးရာ ခေါင်းဆောင်များမှာ သခင်ခရစ်တော်ကို ခလုတ်တိုက်မိ၍လဲကျခဲ့ကြသည်။ အချို့သောသူများက ကယ်တင်ခြင်းကိုရှာတွေ့ရှိချိန်တွင် အချို့မှာသေခြင်းနှင့်တရားစီရင်ခြင်းကို တွေ့ရှိခဲ့ကြသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေတရုက သခင်ယေရှုကိုယုံကြည်လက်ခံသောသူများအား မနာလိုခြင်း၊ လှည့်ဖြားခြင်း၊ ပြူစူခြင်း၊ ကဲ့ရဲ့ခြင်းတို့နှင့်ကင်းလွတ်ကြဖို့စိန်ခေါ်ခဲ့သည်။ ဤအပြစ်များ သင့်အသက်တာ၌ရှိပါသလား။
- ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နို့နှင့်မည်သို့ခိုင်းနှိုင်းပါသနည်း။
- ရှင်ပေတရု၏ပြောဆိုချက်အရ၊ ခရစ်တော်၏ကိုယ်ခန္ဓာရှိ ကိုယ်အင်္ဂါတစ်ခုစီသည် အသက်ရှင်သောကျောက်မျက်များဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်ရှိ သင့်ရဲ့အခန်းကဏ္ဍမှာအဘယ်နည်း။
- သခင်ခရစ်တော်အား အသက်ရှင်သောကျောက်မျက်အဖြစ် ပုံဖော်ထားခြင်းသည် သင့်အားမည်သည့်အဓိပ္ပါယ်ကိုပေးပါသနည်း။ သူသည် သင့်အတွက်ကျောက်မျက်တစ်ပါး မည်သို့ဖြစ်နေပါသနည်း။

**ဆုတောင်းရန်အချက်များ**

- နှုတ်ကပတ်တော်အတွက်လည်းကောင်း၊ ထိုနှုတ်ကပတ်တော်သည် သင့်အား သခင်ယေရှုကိုညွှန်ပြပေးသည့်အတွက်လည်းကောင်း သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။ ထိုနှုတ်ကပတ်တော်အတွက် သင့်ရဲ့ စိတ်ဆန္ဒများကို ပြင်းပြစေဖို့တောင်းလျှောက်ပါ။
- သင့်အသက်တာ၌ ဘုရားသခင်ကောင်းမြတ်ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။ တိတိကျကျပြောပါ။
- သင့်အသက်တာ၌ အခြားသူများကို လိုအပ်ကြောင်းသိမြင်နားလည်သည်အထိ စိတ်နှလုံးနှိမ့်ချရန် ကူညီမစပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။ အခြားသူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရာ၌လည်း ကူညီမစပေးဖို့တောင်းလျှောက်ပါ။
- သခင်ခရစ်တော်၏ ကိုယ်ခန္ဓာရှိသင့်ရဲ့အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြသပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။
- ဘုရားသခင်သင့်အတွက် ကွယ်ကာရာကျောက်၊ ခိုလှုံရာကျောက်ဖြစ်တော်မူသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။ သခင်ယေရှု၌သင်သည် စိတ်ချမှုရှိသကဲ့သို့ လုံခြုံမှုရှိနိုင်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။

## ၂၇
## ညှော်သည်အဂန္တုများ

၁ ပေ ၂း၉-၁၂ ကိုဖတ်ရှုပါ။

ဤအပိုင်းတွင် ရှင်ပေတရုက ယုံကြည်သူတို့အား သခင်ယေရှုနှင့် ၎င်းတို့၏ဆက်ဆံရင်းနှီးမှုကြောင့် အခွင့်ထူးခံရပ်တည်မှုအခြေအနေကို ဆက်လက်၍တင်ပြထားပါသည်။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ဤအမှောင်လောက၌နေထိုင်စဉ်တွင် ရှင်ဘုရင်ကြီး၏သားသမီးများသဖွယ် ရှင်သန် နေထိုင်ကြရန် စိန်ခေါ်ခဲ့သည်။

အခန်းငယ် ၉ အရ ယုံကြည်သူများသည် ရွေးချယ်ခြင်းခံထားရသော လူမျိုးဖြစ်သည်။ ဘုရားသခင်၏ ဤရွေးချယ်မှုသည် နည်းလမ်းနှစ်သွယ်ဖြင့် ထင်ရှားနေပါသည်။ ပထမမှာ ဘုရားသခင်သည် မိမိ၏ရန်သူများဖြစ်ကြသော ကျွန်ုပ်တို့ကယ်တင်ရန် ကရုဏာတော်လက်ဖြင့် ဆန့်တန်းဖမ်းဆုပ်ခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ မာကျောသောနှလုံးသားများကို ခွဲချေ၍အလိုတော်ကို ဝန်ခံရန်ဖြစ်စေခဲ့သည်။ ဒုတိယမှာ ဘုရားသခင်သည်ကျွန်ုပ်တို့ကို ကယ်တင်ရန်အတွက်သာ ရွေးကောက်ခဲ့သည်မဟုတ်၊ မိမိ၏နိုင်ငံတော်ချဲ့ထွင်ရာ၌ အသုံးပြုဖို့ ကျွန်ုပ်တို့ကိုရွေးကောက်ခဲ့ခြင်းဖြစ်သည်။ သခင်ယေရှုသည် မိမိ၏ သန့်ရှင်းသောဝိညာဉ်တော်ကိုကျွန်ုပ်တို့အထဲ၌သွတ်သွင်း၍ ကျွန်ုပ်တို့အား အံ့ဖွယ်ဝိညာဉ်စွမ်းရည်ဆုကျေးဇူးများကိုပေးခဲ့ပါသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် ဤကမ္ဘာပေါ်၌ဘုရားသခင်၏နိုင်ငံတော်အား ချဲ့ထွင်ရာတွင် ၎င်းတို့ကို

အသုံးပြု နိုင်ကြမည်ဖြစ်သည်။

ရှင်ပေတရုကဆက်လက်၍ ဘုရားသခင်သည်ယုံကြည်သူတို့အား မင်းစည်းစိမ်ရှိသောယဇ်ပရောဟိတ်များအဖြစ် ပြုလုပ်ဖန်တီးခဲ့ကြောင်းပြောခဲ့သည်။ ဓမ္မဟောင်းကျမ်းတွင် ယဇ်ပရောဟိတ်ဆိုသည်မှာ လူတို့ကိုဘုရားသခင်၏ မျက်မှောက်တော်ဆီသို့ ခေါ်ဆောင်သွားရသောသူဖြစ်သည်။ သူသည် ဘုရားသခင်က ရွေးကောက်ထားသောသူဖြစ်ပြီး၊ ဤလောက၌ ဘုရားသခင်၏ ရွေးကောက်ခြင်းခံ ကိုယ်စားလှယ်ဖြစ်သည်။ ထိုကဲ့သို့သော ယဇ်ပရောဟိတ်များအဖြစ် ဘုရားသခင်ကကျွန်ုပ်တို့ကို ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် သင်နှင့်ကျွန်ုပ်ကို သူ့ရဲ့ကိုယ်စားလှယ်များအဖြစ် ရွေးကောက်ခဲ့သည်။ လူတို့ကို မျက်မှောက်တော်ဆီသို့ ဦးဆောင်သွားရန် ဘုရားသခင်ကကျွန်ုပ်တို့ကို အခွင့်ထူးပေးထားသည်။ ကျွန်ုပ်တို့သည် ဤလောက၌သူ့ကို ကိုယ်စားပြုထားကြပြီး၊ နာမတော်မြတ်၌ ကျွန်ုပ်တို့၏အနီးပတ်ဝန်းကျင်မှ လူတို့ကိုအမှုအကျွေးပြုကြပါသည်။ အနန္တတန်ခိုးရှင်လည်းဖြစ်၊ ဤစကြဝဠာကြီးကို ဖန်ဆင်းသူလည်းဖြစ်သောသူ၏ ကိုယ်စားလှယ်အဖြစ်ရှိနေရခြင်းသည် အလွန်ဂုဏ်ယူစရာ မဟုတ်ပါလား။

ထိုနောက်တွင် တမန်တော်ကြီးက ယုံကြည်သူတို့သည် သန့်ရှင်းသောလူမျိုးဖြစ်ကြသည်ဟု ဖော်ပြခဲ့သည် (ထွက်မြောက် ၁၉း၆ ကိုကြည့်ပါ)။ သခင်ယေရှု၏အမှုတော်၌ ကျွန်ုပ်တို့တည်းသာရှိသည်မဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမိသားစုကြီးတစ်ခုထဲ၌ သွတ်သွင်းထားပါသည်။ ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦးပံ့ပိုးကူညီ၍ တစ်ဦးကိုတစ်ဦးဂရုစိုက် စောင့်ရှောက်ကြပါသည်။ ကျွန်ုပ်တို့၏စွမ်းရည်ဆုကျေးဇူးများသည် ကျွန်ုပ်တို့၏အနီးအနားရှိ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများပိုင်ဆိုင်သော စွမ်းရည်ဆုကျေးဇူးများကို ဖြည့်ဆည်း

ပေးကြသည်။ ဤသန့်ရှင်းသောလူမျိုးဖြစ်ခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ ထူးကဲကောင်းမြတ်ခြင်းကို အသိပေးကြွေးကြော်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ချီးမွမ်းထောမနာကို ထုတ်ဖော်ပြောကြားရမည်။ အကြောင်းမှာ သူသည်ကျွန်ုပ်တို့ကိုအပြစ်ဒုစရိုက်၏မှောင်မိုက်ထဲမှ မိမိ၏အလင်းတော်ထဲဆီသို့ ခေါ်ထုတ်ခဲ့သောကြောင့်ဖြစ်သည်။ လူမျိုးတစ်မျိုး ဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ဘုရင်မင်းမြတ်ကိုအခစားပြု၍ ထိုဘုရင်မင်းမြတ်၏ နည်းလမ်းအတိုင်းလျှောက်လှမ်းရှင်သန်ကြသည်။ ကျွန်ုပ်တို့သည် ဤကမ္ဘာသူကမ္ဘာသားများနှင့်မတူကြပါ။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ အုတ်မြစ်ချတည်ထား၍ ဘုရားသခင်ထံမှလာသော အခြေခံနည်းဥပဒေများကို ကိုင်ဆောင်သည့်လူမျိုးနှင့်သက်ဆိုင်ကြသည်။ ဤလူမျိုးသည် “သန့်ရှင်းသော” လူမျိုးဖြစ်သည်ကို သတိပြုပါ။ ဆိုလိုသည်မှာထိုလူမျိုးသည် ဘုရားသခင် ၏ရည်ရွယ်ချက်များနှင့် ဘုရားသခင်၏ဘုန်းတော်အတွက် ဘုရားသခင်က သီးသန့်ရွေးထုတ်ထားသော လူမျိုးဖြစ်သည်။ ဤလူမျိုးသည်ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကိုခံရ၍ ဘုရားသခင်အားဖြင့် ဆေးကြောသန့်စင်ခြင်းခံထားရသူ များဖြစ်ကြပြီး၊ ၎င်းတို့၏စိတ်ဆန္ဒမှာလုပ်သမျှအရာခပ်သိမ်း၌ ဘုရားသခင်ကို ဂုဏ်ကြီးစေရန်ဖြစ်သည်။

ကျွန်ုပ်တို့၏ဘဝတွင် ကျွန်ုပ်တို့သည်ဘုရားသခင်၏အမျက်တော်နှင့် တရားစီရင်ခြင်းအောက်၌ တစ်ချိန်တစ်ခါကရောက်ရှိခဲ့ဖူးကြသည်။ သို့သော် ယခုတွင်မူ ကရုဏာတော်ကိုခံစားကြရသည် (၎ယ် ၁၀)။ ကျွန်ုပ်တို့သည် အပြစ်လွှတ်ခြင်းနှင့်တကွ အပြစ်ဆေးကြောခြင်းကိုခံကြရသည်။ ကျွန်ုပ်တို့သည် ယခင်တွင်ဘုရားသခင်၏ လူမျိုးမဟုတ်ခဲ့ပါ။ ကျွန်ုပ်တို့သည် ကိုယ့်အပြစ်ဒုစရိုက်၌နစ်မြောပျောက်ဆုံးခဲ့ကြသည်။ ယခုတွင်မူ ဘုရားသခင်က ကျွန်ုပ်တို့ကို မိမိ၏လူမျိုးအဖြစ် ပြန်လည်လက်ခံခဲ့သည်။ ဘုရားသခင်၏ သားသမီးများဟု

ခေါ်ဆိုခံရခြင်းသည် အဘယ်မျှအခွင့်ထူးပါသနည်း။ ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပေး၍ ထိုအပြစ်များမှ ကျွန်ုပ်တို့အားဆေးကြောခဲ့ခြင်းသည် အဘယ်မျှ လှပပါသနည်း။ ဘုရားသခင်နှင့်သက်ဆိုင်ရခြင်းကြောင့် ယခုတွင်ကျွန်ုပ်တို့၌ အဘယ်မျှ အံ့သြဖွယ်မျှော်လင့်ခြင်းရှိနေပါသနည်း။

အခန်းငယ် ၁၁ တွင် ရှင်ပေတရုက ယုံကြည်သူများကို ဤကမ္ဘာကြီး၌ ဧည့်သည်အာဂန္တုများအဖြစ် ရည်ညွှန်းပြောဆိုထားသည် (ငယ် ၁၁)။ ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို အသစ်ပြုပြင်ထားသောကြောင့် ကျွန်ုပ်တို့၏တွေးခေါ်ဆင်ခြင်ပုံသည် ထူးခြားကွဲပြားနေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အသစ်သောနှလုံးများပေးခဲ့သောကြောင့် ကျွန်ုပ်တို့၏စိတ်နေသဘောထားများနှင့် လုပ်ပုံကိုင်ပုံများမှာ ထူးခြားကွဲပြားနေပါသည်။ ကျွန်ုပ်တို့၏ ဘဝရည်မှန်းချက်များမှာ ဤလောကီသားများနှင့် မတူကြပါ။ လောကီသားများက ကျွန်ုပ်တို့နှင့်လည်းကောင်း၊ ကျွန်ုပ်တို့၏နည်းလမ်းများနှင့်လည်းကောင်း၊ ထပ်တူပြုမျှဝေမခံစားနိုင်ကြပါ။ ကျွန်ုပ်တို့၏နိုင်ငံသားဖြစ်ခြင်းသည် ကောင်းကင်ဘုံ၌ရှိသောကြောင့် ကျွန်ုပ်တို့သည်ဤကမ္ဘာပေါ်၌ ဧည့်သည်အာဂန္တုများဖြစ်ကြသည် (ဖိလိပ္ပိ ၃း၂၀)။

ဤလောက၏ ဧည့်သည်အာဂန္တုများဖြစ်ခြင်းက စုံစမ်းနှောက်ယှက်ခြင်းများကိုမဖယ်ရှားပစ်ပါ။ ကျွန်ုပ်တို့၏ဇာတိပကတိသည် ဤလောကနှင့်သက်ဆိုင်ဆဲဖြစ်သည်။ ထို့ကြောင့်ဇာတိပကတိစိတ်ကို နေ့စဉ်ကားတိုင်တင်သတ်ဖို့ လိုအပ်သည်။ ရန်သူသည် ကျွန်ုပ်တို့၏ဇာတိပကတိရှေ့တွင် စုံစမ်းနှောက်ယှက်ခြင်းကို ပုံမှန်ပစ်ချနေပါသည်။ သို့သော် ရှင်ပေတရုက သူ့ကိုယ်သူဇာတိပကတိနှင့်ထပ်တူမပြုထားပါ။ သခင်ခရစ်တော်က ဖန်တီးခဲ့သောလူသစ်နှင့်ကိုယ့်ကိုယ်ကို ထပ်တူပြုထားပါသည်။

ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို ထိုအတိုင်းရှုမြင်သုံးသပ်ကြရမည်။ ကျွန်ုပ်တို့၏ အထဲမှဆိုးညစ်သော ဇာတိပကတိ၏စစ်မှန်မှုကို ကျွန်ုပ်တို့သိရှိထားကြသကဲ့သို့ ဘုရားသခင့်ဝိညာဉ်တော်၏ တန်ခိုးနှင့်မျက်မှောက်ပြုခြင်းကိုလည်း သိရှိထားကြသည်။ မြောက်မြားစွာသောအချိန်တွင် ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို ဇာတိပကတိ၌သာရှိနေကြကြောင်းကို တွေ့ကြရသည်။ ရှင်ပေတရု၏စိန်ခေါ်ချက်မှာ ဇာတိပကတိ၌သေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအိုဟောင်း၍ ဇာတိဆန်သော သဘောသဘာဝနှင့် ဆက်၍ထပ်တူပြုရန်မဟုတ်တော့ပါ။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုသခင်ယေရှု၌ရှိသော လူသစ်များအမြစ်ရှုမြင်ကြရမည်။

ကျွန်ုပ်တို့သည် ယဇ်ပရောဟိတ်ဖြစ်၍ ဘုရားသခင်၏သားသမီးများ ဖြစ်ကြသည်။ ကျွန်ုပ်တို့အနီးအနားရှိ ဘုရားမသိသောသူများအလယ်၌ ဘုရားကိုကြောက်သောအသက်တာဖြင့် အသက်ရှင်ရမည် (ငယ် ၁၂)။ ကျွန်ုပ်တို့၏ အထဲရှိ အိုဟောင်းသောဇာတိဆန်သည့် သဘောသဘာဝကို ငြင်းပယ်၍ အသစ်သောစိတ်ဝိညာဉ်ကို အစာကျွေးရမည်။ ကျွန်ုပ်တို့၏ အကျင့်စာရိတ္တ၌ တွေ့မြင်ရသည့် အပြောင်းအလဲများအတွက်ကျေးဇူးတင်၍ ထိုအပြောင်းအလဲများကို ကျွန်ုပ်တို့၏အနီးတစ်ဝိုက်မှလူများရှေ့၌ ခင်းကျင်းပြသခြင်းဖြင့်ကျွန်ုပ်တို့သည်အသက်ရှင်တော်မူသော ဘုရားသခင်၏သန့်ရှင်းသောလူမျိုးဖြစ်ကြကြောင်းကိုပြသရမည်။ လောကီသားများက ကျွန်ုပ်တို့၏အထဲမှ ထူးခြားကွဲပြားချက်ကို တွေ့မြင်သင့်သည်။ လောကီသားများက ကျွန်ုပ်တို့၌ ဘုရားသခင်ကို တွေ့ရှိသိမြင်၍ နာမတော်ကိုဘုန်းကြီးစေမည့် အကြောင်းရှင်သန်နေထိုင်ကြဖို့ ဤအပိုင်းကကျွန်ုပ်တို့ကိုစိန်ခေါ်ထားသည်။ ကျွန်ုပ်တို့၏အသက်တာသည် မယုံကြည်သူများအား သခင်ယေရှုကိုလည်းကောင်း၊ ကျွန်ုပ်တို့အသက်တာ၌ ထိုသခင်ပြုလုပ်ခဲ့သည့်အရာကိုလည်းကောင်း ညွှန်ပြရမည်ဖြစ်သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဘုရားသခင်၏ရွေးကောက်ခံရခြင်းဆိုသည်မှာ အဘယ်နည်း။ သခင်ယေရှုကသင့်ကိုလက်လှမ်း၍ မဖမ်းကိုင်ခဲ့လျှင် ယနေ့တွင်သင်မည်သည့်နေရာ၌ ရှိနေပါမည်နည်း။
- မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်မျိုးဖြစ်ခြင်းသည် မည်သည့်အရာကိုဆိုလိုပါသနည်း။ ယဇ်ပရောဟိတ်၏တာဝန်မှာအဘယ်နည်း။
- ကျွန်ုပ်တို့သည် မည်သည့်နည်းလမ်းဖြင့် ဤလောကဧည့်သည်အာဂန္တုများဖြစ်ကြသနည်း။
- ကျွန်ုပ်တို့အထဲ၌ ရှင်သန်နေသော သခင်ခရစ်တော်၏ဖြစ်တည်မှုသဘာဝကို ကျွန်ုပ်ပိုင်ဆိုင်ထားကြသည်ဟု ရှင်ပေတရုကဖော်ပြခဲ့သည်။ ထိုအမှန်တရားသည် သင့်အသက်တာ၌မည်သို့လက်တွေ့ထင်ရှားပါသနည်း။ သခင်ခရစ်တော်၏ ဖြစ်တည်မှုသဘောသဘာဝကသင့်အသက်တာ၌ မည့်သည့်အရာကိုပြုလုပ်ဖန်တီးပေးပါသနည်း။ ဇာတိပကတိသဘောသဘာဝက သင့်အသက်တာ၌မည်သည့်အရာကို ပြုလုပ်ဖန်တီးပေးပါသနည်း။
- ဤအပိုင်း၏ပြောဆိုထားချက်အရ ကျွန်ုပ်တို့ဘဝ၏ ရည်မှန်းချက်ပန်းတိုင်မှာ အဘယ်နည်း။

**ဆုတောင်းရန်အချက်များ**

- ဘုရားသခင်သည် သင့်ကိုအပြစ်ဒုစရိုက်မှကယ်တင်ရန် ရွေးချယ်ခဲ့သည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်က သင့်အထဲ၌သွတ်သွင်းထားသော သခင်ခရစ်တော်၏

အံ့ဖွယ်မျက်မှောက်ပြုခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

- ဇာတိပကတိစိတ်နှင့် ၎င်း၏တပ်မက်တောင့်တမှုများကို ခုခံတွန်းလှန်ရန်သင့်အားကျေးဇူးတော်ကို ထပ်လောင်းပေးဖို့ တောင်းလျှောက်ပါ။ ယနေ့တွင် သင်ကိုယ်တိုင်လုံးပန်းရုန်းကန်နေရသည့် တောင့်တတပ်မက်ခြင်းများကို တိတိကျကျဆုတောင်း၍ တွန်းလှန်ပါ။
- နာမတော်အားချီးမွမ်းခြင်းနှင့် ဘုန်းကြီးစေခြင်းအသက်တာကို သင်ရှင်သန်နိုင်ရန် စွမ်းဆောင်ပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- ဘုရားသခင်ကို ဂုဏ်မကြီးစေသည့် သင့်အသက်တာရှိမည်သည့်အရာကိုမဆို ထုတ်ဖော်ပြသပေးဖို့ တောင်းလျှောက်ပါ။ ဤအရာကိုခွါချနိုင်ဖို့ ကျေးဇူးတော်ကိုတောင်းလျှောက်ပါ။

## ၂၄
## ဆက်ဆံရင်းနှီးမှုများ

၁ ပေ ၂း၁၃-၂၅ ကိုဖတ်ရှုပါ။

အခန်းကြီး ၂ ၏ ဤနောက်ဆုံးအပိုင်းတွင် ရှင်ပေတရုက ကျွန်ုပ်တို့၏ အနီးတစ်ဝိုက်မှလူများနှင့်ကောင်းမွန်သော ဆက်ဆံရင်းနှီးမှုများကို ထိန်းသိမ်းထားခြင်း၏အရေးကြီးပုံကို ပြောပြခဲ့သည်။ ကျွန်ုပ်တို့သည် ဤလောက၌ ဧည့်သည်အာဂန္တုများဖြစ်ကြသည်မှာ မှန်ပါသည်။ ကျွန်ုပ်တို့ဘယ်သူဘယ်ဝါဖြစ်သည် (သို့) ကျွန်ုပ်တို့မည်သို့ဆင်ခြင်တွေးခေါ်သည်ကို ဤလောကီသားများက မသိနားမလည်ကြပါ။ ကျွန်ုပ်တို့၏ နည်းလမ်းများနှင့် ဆင်ခြင်တွေးခေါ်မှုများသည် ဤလောက၌နေထိုင်သောသူများ၏နည်းလမ်းများနှင့် ဆင်ခြင်တွေးခေါ်မှုများနှင့်ကွဲပြားမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့သည်မယုံကြည်သူများနှင့် သဟဇာတဖြစ်စွာဖြင့် လေးလေး စားစားဖြင့် ရှင်သန်ရန်အစွမ်းကုန်ကြိုးစားအားထုတ်ရမည်။ ရှင်ပေတရုက စာရေးပေးပို့လိုက်သော ယုံကြည်သူများသည် အထက်မှအုပ်ချုပ်သူအာဏာရှိသူများ၏ လက်ထဲတွင် ဒုက္ခရောက်နေသောသူများဖြစ်ကြောင်းကိုသတိရပါ။ ရှင်ပေတရုက ဒုက္ခရောက်နေသော ထိုယုံကြည်သူများအား ၎င်းတို့ကို ညှဉ်းပန်းနှိပ်စက်နေသောသူများ၏ အမြင်တွင်ကယ်တင်ရှင်၏သက်သေကောင်းဖြစ်ခြင်းကိုထိန်းသိမ်း၍ အဆုံးတိုင်တည်ကြည်ကြဖို့ စိန်ခေါ်ခဲ့သည်။

အခန်းငယ် ၁၃တွင် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား

လူသားအာဏာပိုင်များအားလုံးထံ၌ ဝန်ခံအပ်နှံကြဖို့ဆင့်ခေါ်ခဲ့သည်။ ဤအာဏာပိုင်အဖွဲ့အစည်းများသည် လူထုအလယ်တွင် ဖွဲ့စည်းထားသောအဖွဲ့အစည်းများဖြစ်ကြသည်။ ၄င်းတို့သည် ဝိညာဉ်ရေးရာအာဏာပိုင် အဖွဲ့အစည်းမဟုတ်ပါ။ လောကီရေးရာအာဏာပိုင် အဖွဲ့အစည်းများဖြစ်ကြသည်။ သို့သော်ယုံကြည်သူများအနေဖြင့် ထိုနိုင်ငံရေးနှင့်အရပ်ဘက်အုပ်ချုပ်ရေးအာဏာပိုင်များကို ရိုသေလေးစားကြဖို့ ဘုရားသခင်ကမျှော်လင့်ထားသည်။ ကျွန်ုပ်တို့သည်စံပြနိုင်ငံသားများဖြစ်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏လှုပ်ရှားလုပ်ဆောင်မှုများကြောင့် သခင်ဘုရား၏နာမတော်ကို စော်ကားပြောဆိုရန် မည်သူ့ကိုမျှအခွင့်အရေးမပေးသင့်ပါ။ ကျွန်ုပ်တို့၏တိုင်းနိုင်ငံများ၌ရှိသော အုပ်ချုပ်ရေးအာဏာပိုင်များကို နာခံခြင်းမရှိ၊ ရိုသေလေးစားခြင်းမရှိဘဲ ကျွန်ုပ်တို့ရှင်သန်ခဲ့ကြလျှင် ကျွန်ုပ်တို့၌မည်ကဲ့သို့သော သက်သေမျိုးရှိခဲ့လိမ့်မည်နည်း။

ဤအပြုအမူမျိုးအတွက် တစ်ခုတည်းသောချွင်းချက်မှာ အုပ်ချုပ်ရေးအာဏာပိုင်များက ဘုရားသခင်၏သာ၍မြင့်သော အခွင့်အာဏာကို ကျွန်ုပ်တို့အား မနာခံစေသောအချိန်တွင်ဖြစ်သည်။ ဤအချင်းအရာအတွက် ရှင်းလင်းပြတ်သားသော သာဓကကိုတမန်တော်ဝတ္ထုတွင်ကျွန်ုပ်တို့တွေ့ရသည်။ အုပ်ချုပ်ရေးအာဏာပိုင်များက တမန်တော်ကြီးများအားသခင်ယေရှု၏နာမတော်၌ သွန်သင်ခြင်းကို ဆက်လက်၍မလုပ်ဆောင်ကြဖို့ အမိန့်ပေးသောအခါ တမန်တော်ကြီးများက “လူ၏စကားထက် ဘုရားသခင်၏စကားကို နားထောင်သင့်ပါ၏” ဟု ပြောဆိုတုန့်ပြန်ခဲ့ကြသည် (တမန်တော် ၅း၂၉)။ ယုံကြည်သူများဖြစ်သည့်အလျောက် ဘုရားသခင်ထံ၌ ကျွန်ုပ်တို့သစ္စာခံခြင်းသည် အရပ်ဘက်အုပ်ချုပ်ရေးအာဏာပိုင်များထံ၌ သစ္စာခံခြင်းထက်ပို၍အရေးကြီးသည်။ ဘုရားသခင်ကိုနာခံခြင်းနှင့်အရပ်ဘက် အုပ်ချုပ်ရေးအာဏာပိုင်များကို နာခံခြင်းကြား၌

အတင်းအကျပ်ရွေးချယ်မှုကို ပြုလုပ်စေသောအခါတွင် ယုံကြည်သူများသည် ဘုရားသခင်ထာဝရဘုရားကို နာခံ၍ရရှိမည့်အကျိုးအဆက်များကို ရင်ဆိုင်ဖို့ လိုလိုလားလားရှိနေကြရမည်။

ကျွန်ုပ်တို့သည် သခင်ဘုရားအဖို့အလိုငှါသာ ဤအုပ်ချုပ်ရေးအာဏာပိုင်များအား ဝန်ခံအပ်နှံကြရခြင်းဖြစ်ကြောင်းကို သတိပြုပါ။ ဤအချက်သည် လောကီအုပ်ချုပ်ရေးအာဏာပိုင်များထံ၌ ဝန်ခံအပ်နှံခြင်းဟူသော ဤအချက်ထဲတွင် အမြင်သစ်တစ်ခုကို ပေါင်းထည့်လိုက်သည်။ ဘုရားသခင်၏ အကြံအစည်များ ဆီးတားနှောက်ယှက်ခြင်းမခံရမည့်အကြောင်း ကျွန်ုပ်တို့သည် ရှင်ဘုရင်များနှင့်အုပ်ချုပ်သူများထံ၌ ဝန်ခံအပ်နှံကြရမည်။ အုပ်ချုပ်ရေးအာဏာပိုင်များထံ၌ ကျွန်ုပ်တို့ဝန်ခံအပ်နှံခြင်းက သခင်ဘုရား၏ရည်ရွယ်ချက်များကို မည်သို့အထမြောက်ပြည့်စုံစေပါသနည်း။

အခန်းငယ် ၁၅ အရ ကျွန်ုပ်တို့၏ ဝန်ခံအပ်နှံခြင်းသည် လူမိုက်တို့၏ မိုက်မဲသောစကားကို နှုတ်ဆိတ်သွားစေပါလိမ့်မည် (လုကာ ၂၀း၂၀-၂၆ ကို ကြည့်ပါ)။ ကျွန်ုပ်တို့သည် ပုံဥပမာယူထိုက်သော စံပြနိုင်ငံသားများဖြစ်ကြလျှင် မယုံကြည်သူများသည် ကျွန်ုပ်တို့၌ရယူလိုက်လျှောက်ထိုက်သော ပုံဥပမာကို တွေ့မြင်ရပါလိမ့်မည်။ ကျွန်ုပ်တို့၏လုပ်ငန်းတွင်လည်း အလားတူပင်ဖြစ်သည်။ ကျွန်ုပ်တို့အလုပ်လုပ်သောနေရာများ၌ ကျွန်ုပ်တို့၏အထက်မှ ပုဂ္ဂိုလ်များထံတွင် အပ်နှံခြင်းကို ဂရုတစိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် မှီခိုအားထားထိုက်သော၊ ရိုးသားသော၊ လေးစားယုံကြည်ထိုက်သော အလုပ်သမားများအဖြစ် ကိုယ့်ကိုယ်ကိုသက်သေပြကြပါသည်။ ကျွန်ုပ်တို့၏ အနီးနားပတ်ဝန်းကျင်ရှိ မယုံကြည်သူများက သခင်ယေရှုခရစ်ကို နာခံလိုက် လျှောက်သောသူများသည် ဂုဏ်ပြုလေးစားထိုက်သောသူများဖြစ်ကြောင်းကို ကိုယ်တွေ့မြင်ကြပါလိမ့်မည်။

သူတို့က ကျွန်ုပ်တို့အား ယုံကြည်ကိုးစားနိုင်သောသူများအဖြစ် တွေ့မြင်ကြပါလိမ့်မည်။ ဤသို့ဖြင့် ဘုရားသခင်မှာ ဘုန်းတော်ထင်ရှား၍ ဘုရားသခင့်နိုင်ငံတော်၏ရည်ရွယ်ချက်များမှာ ဟန့်တားနှောက်ယှက် ခြင်းမခံရတော့ပါ။ သို့သော် ကျွန်ုပ်တို့သည် ပုန်ကန်တတ်သောသူများ၊ မလေးစားထိုက်သောသူများဖြစ်ကြလျှင် ကျွန်ုပ်တို့အား ဝေဖန်ပြစ်တင်ခွင့်ကို လူတို့အား တရားဝင်ခွင့်ပြုပေးနေကြခြင်းပင်ဖြစ်သည်။ လူတို့ကကျွန်ုပ်တို့၏ မကောင်းသောပုံသာဓကများကိုတွေ့မြင်ပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှသိချင်လိုချင်ကြမည်မဟုတ်ပါ။

ရှင်ပေတရုက ဤစာစောင်ကိုရေးသားနေသည့်အချိန်တွင် ယုဒလူမျိုးများသည် ထိုနယ်ပယ်ကို အုပ်ချုပ်စီရင်သော ရောမအုပ်ချုပ်ရေးအာဏာပိုင်များနှင့် အဆက်မပြတ်နပန်းလုံးနေခဲ့ကြသည်။ ယုဒလူမျိုးများက သူတို့ကိုသူတို့ဘုရားသခင်တစ်ပါးတည်း၏အောက်၌သာရှိသော သူများအဖြစ်ရှုမြင်ကြသောကြောင့် ရောမအုပ်ချုပ်ရေးကို သစ္စာခံစရာမရှိဟု မှတ်ယူထားကြသည်။ သူတို့သည်ရောမအုပ်ချုပ်ရေးအတွက် နံကြား၌စူးဝင်နေသော ဆူးတစ်ချောင်းကဲ့သို့ဖြစ်ခဲ့ကြသည်။ ရောမအုပ်ချုပ်ရေးအာဏာပိုင်များက သူတို့ကိုလည်းကောင်း၊ သူတို့ကိုးကွယ်သောဘုရားကိုလည်းကောင်း မနှစ်မြို့ခဲ့ကြပါ။ သူတို့ကယုဒလူမျိုးများသည် ဖိနှိပ်ချုပ်ခြယထားဖို့လိုအပ်သည့် ရန်လိုပုန်ကန်တတ်သောသူများအဖြစ်ရှုမြင်ခဲ့ကြသည်။ ဤနောက်ခံအခြေအနေမျိုးမှရောက်ရှိလာခဲ့ကြသည့်ယုံကြည်သူများအတွက် ၎င်းတို့သည်ဘုရားသခင်တစ်ပါး တည်းအပေါ်၌သာ တာဝန်ဝတ္တရားရှိကြသည်ဟုရှုမြင်ရန်မှာ အလွန်လွယ်ကူခဲ့ပေလိမ့်မည်။ ထို့ကြောင့်ရှင်ပေတရုက ၎င်းတို့အားသခင်ဘုရားအဖို့အလို့ငှါ အုပ်ချုပ်ရေးအာဏာပိုင်များထံ၌ ဝန်ခံအပ်နှံကြဖို့ စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

အခန်းငယ် ၁၆ တွင် ရှင်ပေတရုကယုံကြည်သူများအား ဘုရားသခင်၏လွတ်လပ်သောအစေခံများကဲ့သို့ ရှင်သန်ကြရန်ပြောခဲ့သည်။ ဤနေရာတွင် လွတ်လပ်ခြင်းနှင့် အစေခံခြင်းတို့သည်ဆန့်ကျင်ဘက်အရာများအဖြစ် ထင်မှတ်ရသည်။ ကျွန်ုပ်တို့သည် တစ်ချိန်တည်းတွင်လွတ်လပ်သောသူများ လည်းဖြစ်၊ အစေခံများလည်းဖြစ်နိုင်ပါသလား။ အစေခံကျွန်တစ်ယောက်သည် သခင်ဖြစ်သူ၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပြီး၊ သခင်ဖြစ်သူ၏အမိန့်ကိုနာခံ ရသည်။ အစေခံကျွန်များသည် မိမိတို့လုပ်ချင်သည့်အရာကို လုပ်ဖို့မလွတ်လပ်ကြပါ။ ဤမေးခွန်း၏အဖြေသည် ရှင်ပေတရုပြောပြနေသော လွတ်လပ်ခြင်း၏ သဘောသဘာဝတွင်မူတည်နေသည်။ ဤလွတ်လပ်ခြင်းသည် ကျွန်ုပ်တို့လုပ်ချင်သည့်အရာကိုပြုလုပ်ဖို့ လွတ်လပ်ခြင်းမျိုးမဟုတ်ဘဲ၊ သခင်ယေရှုက ကျွန်ုပ်တို့ကို ပေးထားသည့် အပြစ်ဒုစရိုက်ကျေးကျွန်ဘဝမှ လွတ်လပ်ခြင်းမျိုးဖြစ်သည်။

ကျွန်ုပ်တို့လုပ်ချင်သည့်အရာကို ပြုလုပ်နိုင်သည့် လွတ်လပ်ခြင်းသည် ကျေးကျွန်ဖြစ်ခြင်းဆီသို့သာ ကျွန်ုပ်တို့ကိုဆောင်ယူသွားကြောင်း တွေ့ရှိခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့စိတ်ထဲ၌ ပြုလုပ်ချင်သည့်အရာတိုင်းကို ပြုလုပ်ကြလျှင် ကျွန်ုပ်တို့သည်လောကီလှည့်ဖြားခြင်းများ အားလုံး၏ကျွန်ပြုခံရခြင်း၌ ကိုယ့်ကိုယ်ကိုတွေ့မြင်ကြပါလိမ့်မည်။ သခင်ယေရှု၌သာ ကျွန်ုပ်တို့သည်အပြစ်ဒုစရိုက်အပေါ်၌အောင်နိုင်ခြင်းကို ရရှိနိုင်ကြသည်။ ဤအောင်နိုင်ခြင်းကို သခင်ယေရှုက ကျွန်ုပ်တို့အားပေးသောအခါ ကျွန်ုပ်တို့မှာ လွတ်လပ်ကြသောသူများဖြစ်ကြရသည်။ ရှင်ပေတရုက ယုံကြည်သူတို့အား အပြစ်ဒုစရိုက်မှလည်းကောင်း၊ ထိုအပြစ်ဒုစရိုက်၏အကျိုး ဆက်များမှလည်းကောင်း လွတ်မြောက်ကြသည့်သူများသဖွယ် ရှင်သန်ကြဖို့ပြောခဲ့သည်။

တမန်တော်ကြီးက ဆက်လက်၍ယုံကြည်သူများသည် ၎င်းတို့၏လွတ်လပ်ခြင်းကို မကောင်းမှုဒုစရိုက်အတွက်ဆင်ခြေတစ်ခုအဖြစ် အသုံးမပြုကြဖို့ ပြောခဲ့သည်။ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ခံရ၍ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားသည့်နေရာတစ်နေရာရှိနေကြောင်းကို သိရှိရခြင်းသည် အံ့သြဖွယ်ကောင်းသောအလွန် ထူးကဲသောအရာဖြစ်သည်။ ထိုကောင်းကြီးမင်္ဂလာကို စာတန်ကပင်ကျွန်ုပ်တို့ထံမှ ယူဆောင်မသွားနိုင်ကြောင်းကို သိရခြင်းသည် အဘယ်မျှ နှစ်သိမ့်စရာဖြစ်ပါသနည်း။ သို့သော်ကိုယ်ကာယ၏အလိုကိုလိုက်ခြင်းဖြင့် ဤကျေးဇူးတော်ကို တလွဲအသုံးပြုနေသောသူများရှိခဲ့သည်။ ဤကျမ်းဘောင်အသွားအလာတွင် ရှင်ပေတရုလိပ်မူ၍ ပြောဆိုခဲ့သောပုဂ္ဂိုလ်များက ၎င်းတို့သည်ကောင်းကင်နိုင်ငံသားများဖြစ်ကြသောကြောင့် လောကီခေါင်းဆောင်များကို နာခံဖို့မလိုဟု ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် ရှင်ပေတရုကသူတို့ကို သခင်ခရစ်တော်၌ ရရှိထားသော၎င်းတို့၏ လွတ်လပ်ခြင်းကို ၎င်းတို့၏အထက်၌ ဘုရားသခင်ကခွဲခန့်ထားသော လောကီအုပ်ချုပ်ရေးအာဏာပိုင်များအား ဆန့်ကျင်ပုန်ကန်ခြင်းအသက်တာ၌ ရှင်သန်ရန်ဆင်ခြေတစ်ခုအနေဖြင့် အသုံးမပြုကြဖို့ပြောခဲ့သည်။ သူတို့သည် လွတ်လပ်သောကောင်းကင်နိုင်ငံသားများဖြစ်ကြသော်လည်း ဤလောက၌ဘုရားသခင်၏ အစေခံကျွန်များအမှန်ဖြစ်ကြကြောင်းကို သိရှိထားခြင်းနှင့်အတူ ရှင်သန်နေထိုင်ကြရမည်။ ဘုရားသခင်၏အစေခံကျွန်များဖြစ်သည့်အားလျော်စွာ သူတို့သည်ဘုရားသခင်ကို နာခံ၍ အထူးသဖြင့် ဤကိစ္စတွင်၎င်းတို့၏လောကီခေါင်းဆောင်များကို လေးစားရိုသေကြရမည်ဖြစ်သည် (မဿဲ ၁၇း၂၄-၂၇ ကိုကြည့်ပါ)။

ရိုသေလေးစားမှုကို ခေါင်းဆောင်များအပေါ်၌သာ ပြရမည်မဟုတ်။ လူတိုင်းအပေါ်၌လည်း ပြသရမည်ဖြစ်သည် (ငယ် ၁၇)။ ရှင်ပေတရုက ခရစ်

ယာန်များအား ယုံကြည်သူညီအစ်ကိုမောင်နှမ အချင်းချင်းချစ်ကြရန်ကို လည်းကောင်း၊ ဘုရားသခင်ကိုချစ်ကြောက်ရိုသေကြရန်ကိုလည်းကောင်း၊ ရှင်ဘုရင်ကိုဂုဏ်ပြုလေးစားရန်ကိုလည်းကောင်း စိန်ခေါ်ခဲ့သည်။ သခင်ယေရှုဤလောကသို့ အမှုတော်ဆောင်ခဲ့ချိန်က လူသားအားလုံးကို ချစ်ခင်လေးစားခြင်း၏ ဆိုလိုရင်းကို သက်သေပြခဲ့ပါသည်။ အပြစ်သားများကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းတစ်ခုလုံးက ပယ်ရှားပထုတ်လိုခဲ့ချိန်တွင် သူသည်ထိုအပြစ်သားများနှင့် ထိတွေ့ခဲ့သည်။ မည်သူကမျှ မထိချင်၊ မကိုင်ချင်သော နူနာစွဲသူများကို သခင်ယေရှုက ထိတွေ့ခဲ့သည်။ သူသည်အခွန်ခံတစ်ယောက်ကို မိမိ၏တပည့်တော်တစ်ပါးအဖြစ် ရွေးချယ်ခဲ့သည်။ သူသည်ပြည့်တန်ဆာမိန်းမများ၊ သူတောင်းစားများကို ထိတွေ့ခဲ့သည်။ သူသည် ၎င်းတို့၏အပြစ်ဒုစရိုက်ကို လက်မခံခဲ့သော်လည်း ၎င်းတို့တစ်ဦးချင်းစီသည် မိမိ၏အရေးစိုက်ခြင်းနှင့်လည်းကောင်း၊ ကရုဏာတရားနှင့်လည်းကောင်း ထိုက်တန်သောသူများအဖြစ် လေးစားမှတ်ယူခဲ့သည်။ ထိုအတိုင်းပြုလုပ်ကြဖို့ ကျွန်ုပ်တို့ကိုလည်း ဆင့်ခေါ်ထားပါသည်။

ကျွန်များပင်လျှင် မိမိတို့၏ကျွန်သခင်များထံ၌ ဝန်ခံအပ်နှံကြရမည်ဖြစ်သည် (ငယ် ၁၈)။ သူတို့သည် ထိုသခင်များအား ရိုသေလေးစားခြင်းနှင့်တကွ အလုပ်အကျွေးပြုရမည်။ ကျေးကျွန်စနစ်သည် မှန်ကန်သောရာဖြစ်သည်ဟု ရှင်ပေတရုကပြောကြားနေသည်မဟုတ်ပါ။ ကျေးကျွန်စနစ်သည် ထိုခေတ်ကာလ တွင်ခိုင်ခိုင်မာမာအမြစ်တွယ်နေပြီဖြစ်သော လူမှုရေးစနစ်တစ်ခုဖြစ်ခဲ့သည်။ ကျွန်များသည် အသိုင်းအဝိုင်းထဲတွင် အခွင့်အရေးမရှိကြသော်လည်း၊ ၎င်းတို့သည်အသင်းတော်ထဲတွင်မူ အခြားအသင်းသားများနှင့်တန်းတူ ဖြစ်ခဲ့ကြသည်။ သို့သော် ရှင်ပေတရုက ၎င်းတို့အားလက်ရှိဖြစ်နေသည့်အတိုင်း ဆက်လက်နေထိုင်၍၎င်းတို့၏သခင်များကို စိတ်နှလုံးအကြွင်းမဲ့ဖြင့် အလုပ်အကျွေးပြုကြ

ဖို့ပြောခဲ့သည်။ ကောင်းသောကျွန်သခင်၏ လက်အောက်၌ရှိကြသောကျွန်များ အတွက်သာ ဤနာခံခြင်းကို မိန့်မှာခဲ့သည်မဟုတ်၊ ရက်စက်ကြမ်းကြုတ်သော ကျွန်သခင်များ၏လက်အောက်မှ ကျွန်များအပေါ်၌လည်း ဤနာခံခြင်းကို မိန့်မှာထားကြောင်းသတိပြုပါ။ ဤအချင်းအရာသည် လွယ်ကူမည်မဟုတ်သော်လည်း ကျွန်များသည်အလွန်တရာဆိုးဝါးသော ပတ်ဝန်းကျင်အခြေအနေများ၌ပင် မိမိတို့၏ကျွန်သခင်များကို ချစ်နိုင်၊ ခွင့်လွှတ်နိုင်၊ ရိုသေလေးစားနိုင်သော ဘုရားသခင်၏ တန်ခိုးတော်ကို သက်သေပြကြရမည်ဖြစ်သည်။

ကြမ်းကြမ်းတမ်းတမ်းပြုမူဆက်ဆံခံရသော ဤကျွန်များအပေါ်၌ ဖြစ်ပျက်နေသောအရာများကို ဘုရားသခင်ကတွေ့မြင်နေပါသည်။ သူတို့ရင်ဆိုင်နေရသောဤခက်ခဲခြင်းများတွင် သူတို့၏သစ္စာရှိခြင်းအပေါ်၌ ဘုရားသခင်ကသူတို့ကို ဆုပေးပါလိမ့်မည်။ အဆင်ပြေချောမွေ့နေချိန်တွင်အလုပ်အကျွေးပြုရသည်မှာ အလွန်လွယ်ကူပါသည်။ တရားမျှတမှုမရှိသောပတ်ဝန်းကျင်အခြေအနေများ၌အလုပ်အကျွေးပြုရသည်မှာ ပို၍ခက်ခဲပါသည်။ သို့သော် ရှင်ပေတရုကဤကျွန်များအား ၎င်းတို့ကျူးလွန်မိသောအမှားအတွက် ရိုက်နှက်ခြင်း (သို့) တရားစီရင်ခြင်းခံရခြင်းအတွက်မူ ဘုရားသခင်ထံမှ ဆုရရှိမည်မဟုတ် ဟုပြောခဲ့သည်။ သူတို့၏ကျွန်သခင်များအပေါ်၌ သစ္စာရှိရှိနေထိုင်ခြင်းဖြင့်သာ ဆုပေးခံရမည်ဖြစ်သည်။

ဤနေရာ၌ ကျွန်ုပ်တို့တွေ့မြင်ဖို့ လိုအပ်သောအရာမှာ ရက်စက်ကြမ်းတမ်း၍အပြစ်နှင့်ပြည့်နေသည့် ဤလောကကြီးထဲတွင် စစ်ကြောစုံစမ်းခြင်းများနှင့် ဆင်းရဲဒုက္ခများကိုရင်ဆိုင်တွေ့ကြုံဖို့ ဘုရားသခင်ကကျွန်ုပ်တို့ကိုဆင့်ခေါ်သည့် အချိန်များလည်းရှိသည်ဟူသော အချက်ဖြစ်သည်။ ဘုရားသခင်သည် ကောင်း မွန်ချောမွေ့သည့်အချိန်များ၏ ဘုရားသာဖြစ်သည်မဟုတ်ပါ။ ခက်ခဲ

ကြမ်းတမ်းသည့်အချိန်များ၏ ဘုရားလည်းဖြစ်နေပါသည်။ ကောင်းကြီးခံစားရသည့်အချိန်များ၌ လောကီသားများရှေ့တွင်သူ့ကိုချီးမွမ်းသောသူများအား ဘုရားသခင်လိုအပ်သကဲ့သို့ ဘဝ၌အရာအားလုံးတစ်စစီပြိုကွဲပျက်စီးနေကြသည်ဟုထင်မှတ်ရသည့် ဘဝ၏ခက်ခဲအကြမ်းတမ်းဆုံးအချိန်များ၌ မိမိ၏တန်ခိုးတော်၊ မိမိ၏ငြိမ်သက်ခြင်း၊ မိမိ၏ ဝမ်းမြောက်ခြင်းများလည်း အတူရှိနေပါကြောင်းကို သက်သေပြသသောသူများကိုလည်း ဘုရားသခင်လိုအပ်နေပါသည်။ သခင်ယေရှုသည် မိမိရန်သူများ၏ကဲ့ရဲ့စော်ကားခြင်းကို ခံရချိန်က အဆိုးအားဖြင့်မတုန့်ပြန်ခဲ့ပါ (ငယ် ၂၃)။ သူတို့သည် သခင်ယေရှုကိုကြာပွတ်နှင့်ရိုက်နှက်ပြီး၊ လက်ဝါးကပ်တိုင်၌သံမှုနှင့်ရိုက်၍ အသေသတ်ခဲ့ကြချိန်က သခင်ယေရှုသူတို့ကို မခြိမ်းခြောက်ခဲ့ပါ။ ထိုသို့ပြုမည့်အစား၊ သူသည်ကိုယ့်ကိုယ်ကိုဘုရားသခင်၏ လက်တော်၌ယုံကြည်အပ်နှံ၍ တရားစီရင်ခြင်း အားလုံးကို ဘုရားသခင်ကိုသာပေးအပ်ခဲ့သည်။ ကျွန်ုပ်တို့သည်သခင့်၏ ထိုပုံဥပမာကို ရယူလိုက်လျှောက်ကြရမည်ဖြစ်သည်။

တမန်တော်ဝတ္ထုတွင် ယုဒလူမျိုးများ သတေဖန်ကိုအသေသတ်ခဲ့ကြချိန်က သတေဖန်တွင် အလားတူစိတ်သဘောထားရှိခဲ့သည်။ သူသည်လက်စားချေဖို့ မရှာကြံခဲ့ပါ။ သူသည်အထက်ကောင်းကင်သို့ မော့ကြည့်၍ကိုယ့်ကိုယ်ကိုဘုရားသခင်ထံ၌ အပ်နှံခဲ့သည်။ သေခြင်း၌ပင် သူသည်ဘုရားသခင်ကို ဂုဏ်ပြု၍မိမိ၏ရန်သူများကိုလည်း ချစ်ခဲ့သည် (တမန်တော် ၇း၆ဝ ကိုကြည့်ပါ)။

သခင်ယေရှုသည် ဘုရားသခင်၏ရည်ရွယ်ချက်တွင် လိုလိုလားလား ပေးဆပ်အပ်နှံ၍ မိမိရန်သူများ၏ အသေသတ်ခြင်းကိုခံယူခဲ့သည်။ သူသည် ဘုရားသခင်ကို နာခံခြင်းထက်မိမိ၏ ဘဝအသက်တာကို မချစ်ခဲ့ပါ။ ထိုလုပ်ရပ်၏ရလာဒ်မှာဘုရားသခင်၏ မဟာကယ်တင်တော်မူခြင်းကိစ္စ အထမြောက်

ပြည့်စုံသွားခြင်းပင်ဖြစ်သည်။ သခင်ခရစ်တော်၏ ဒဏ်ရာများနှင့်အကြီးမြတ်ဆုံးသော သေခြင်းကကျွန်ုပ်တို့ကို အပြစ်ဒုစရိုက်၏အလွန်ဆိုးဝါးသော ထိန်းချုပ်ဖမ်းစားခြင်းမှ လွတ်မြောက်စေခဲ့သည်။ ကျွန်ုပ်တို့သည် သေကြေပျက်စီးခြင်းဆီသို့ဦးတည်နေကြသော လမ်းပျောက်နေသည့် သိုးများကဲ့သို့ဖြစ်ခဲ့ကြသော်လည်း ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝ၍ နူးညံ့သောစိတ်သဘောရှိသည့် သိုးထိန်းဖြစ်သောသခင်ယေရှုက ကျွန်ုပ်တို့ကိုခမည်းတော်ထံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ သခင်ယေရှု၏ ဆင်းရဲခြင်းဒုက္ခက ဘုရားသခင်၏ဘုန်းတော်ကိုလည်းကောင်း၊ ကျွန်ုပ်တို့အတွက် ကြီးမားသောကောင်းကျိုးကိုလည်းကောင်း အထမြောက်စေခဲ့သည်။

ဤအပိုင်း၏စိန်ခေါ်ချက်မှာ ကျွန်ုပ်တို့သည် အာဏာပိုင်များကိုလည်းကောင်း၊ ကျွန်ုပ်တို့နှင့်ဆက်ဆံရသည့်သူများအားလုံးကိုလည်းကောင်း ရိုသေလေးစားသောသူများဖြစ်ကြရမည်။ ကျွန်ုပ်တို့၏အထက်၌ တာဝန်ထမ်းဆောင်နေကြသော ဘုရားသခင်ခွဲခန့်ထားသည့် အာဏာပိုင်များကို အသိအမှတ်ပြုသည်အထိ ကိုယ့်ကိုယ်ကိုနှိမ့်ချကြရမည်။ ဘုရားသခင်၏ရည်ရွယ်ချက်များဆီးတားနှောက်ယှက်ခြင်းမခံရမည်အကြောင်း ကျွန်ုပ်တို့သည်အာဏာပိုင်များထံ၌ ဝန်ခံအပ်နှံကြသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့အထဲ၌ဘုရားသခင်၏ချစ်ခြင်းမေတ္တာရှိနေကြောင်းကို လောကီသားများအား သက်သေပြနိုင်ကြပါသည်။ လူတစ်ယောက်ကို ရိုသေလေးစားရမည်ဟုဆိုရာတွင် ထိုသူနှင့်အရာရာတိုင်းတွင် သဘောတူခြင်းမဟုတ်ပါ။ ရှောလု ဒါဝိဒ်ကိုသတ်ဖို့ကြံစည်သောအချိန်က ဒါဝိဒ်သည်ရှောလု၏လုပ်ရပ်ကို သဘောမတူခဲ့ပါ။ သို့သော်သူသည်ရှောလုကို ရှင်ဘုရင်တစ်ပါးအနေဖြင့် ဂုဏ်ပြုလေးစားခဲ့သည်။ ရှောလုသည် ပုန်ကန်ခြင်းသဘော၌ မိမိ၏အသက်ကိုရန်ရှာနေသော်လည်း သူသည်ဘုရား

သခင်က အာဏာပိုင်တစ်ဦးအနေဖြင့် ခွဲခန့်ထားသောသူဖြစ်ကြောင်းကို ဒါဝိဒ်ကသိခဲ့သောကြောင့် ရှောလု၏အသက်ကို အန္တရာယ်မပြုခဲ့ပါ (၁ရာ ၂၆း၉-၁၁၊ ၂၃-၂၄ ကိုကြည့်ပါ)။ ကျွန်ုပ်တို့၌လည်း အလားတူစိတ်ထားမျိုးရှိရပေမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံအစည်များကို အမြဲတမ်းနားလည်သဘောပေါက်မည်မဟုတ်သော်လည်း ကျွန်ုပ်တို့အနေဖြင့်သစ္စာရှိစွာဖြင့် နာခံခြင်း၌ လျှောက်လှမ်းသည်နှင့်အမျှ ဘုရားသခင်သည် ကျွန်ုပ်တို့၏ကောင်းကျိုးနှင့် မိမိ၏ဘုန်းတော်အတွက် မိမိ၏အကြံအစည်နှင့်ရည်ရွယ်ချက်များကို အထမြောက်ပြည့်စုံစေပါလိမ့်မည်ဟူသောအသိနှင့်အတူ ဘုရားသခင်ထံ၌ဝန်ခံအပ်နှံကြရမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- တစ်စုံတစ်ယောက်ကိုချစ်ဖို့ အခက်အခဲတွေ့နေရသည့်အချိန်ရှိပါသလား။ ယနေ့တွင် ဤကျမ်းချက်၏စိန်ခေါ်ချက်မှာ သင့်အတွက်မည်သည့်အရာဖြစ်သနည်း။
- တစ်ဦးတစ်ယောက်ကို ရိုသေလေးစားရမည်ဟုဆိုရာတွင် ထိုသူတို့နှင့်လည်းကောင်း၊ သူတို့ပြုလုပ်သောအရာကိုလည်းကောင်း သဘောတူပေးရမည်ဟု ဆိုလိုပါသလား။
- ကျွန်ုပ်တို့၏အထက်မှ အာဏာပိုင်များအား ရိုသေလေးစားခြင်းကို သင်ယူဖို့ အဘယ့်ကြောင့်အရေးကြီးသနည်း။ ဤအချင်းအရာသည် သခင်ဘုရားအတွက် မည်သို့သက်သေကောင်းဖြစ်နိုင်သနည်း။
- ကျွန်ုပ်တို့ရယူလိုက်လျှောက်ဖို့ သခင်ယေရှုကမည်သည့် ပုံဥပမာကိုထားခဲ့ပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သင့်အထက်မှာအာဏာပိုင်များကို နာခံတတ်ဖို့သင့်အား ကျေးဇူးတော်ကို ပေးသနားဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ ခက်ခဲသောအချိန်များ၌ပင် သူ၏ဘုန်းတော်အတွက် ပုံသက်သေကောင်းတစ်ခုဖြစ်ဖို့ သင့်အားကျေးဇူးတော်ကို ပေးသနားရန်တောင်းလျှောက်ပါ။
- သင့်အထက်မှ အာဏာပိုင်များအဖြစ် ဘုရားသခင်ကခွဲခန့်ထားသောသူများအပေါ်၌ ဆန့်ကျင်ပြောဆိုခဲ့သည့်စကားများအတွက် ခွင့်လွှတ်ပေးဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- ညှင်းပန်းနှိပ်စက်ခြင်းနှင့် သေခြင်း၌ပင်ခမည်းတော်ကို နာခံခဲ့သည့် သခင်ယေရှုကသင့် အတွက်ပြသခဲ့သည့် ပုံဥပမာအတွက် ကျေးဇူးတင်ချီးမွမ်းပါ။ သခင်ယေရှုလျှောက်လှမ်းခဲ့သကဲ့သို့ လျှောက်လှမ်းနိုင်ရန် ကျေးဇူးတော်ကိုဘုရားသခင်ထံ၌တောင်းလျှောက်ပါ။

## ၂၅
## လင်နှင့်မယားဝတ်

၁ ပေ ၃း၁-၇ ကိုဖတ်ရှုပါ။

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့၌ရှိထားသည့် ဆက်ဆံရင်းနှီးမှုများနှင့်စပ်လျဉ်း၍ ဤစာစောင်ရှိရှင်ပေတရု၏ သွန်သင်ချက်များကို ကျွန်ုပ်တို့သေသေချာချာ စမ်းစစ်လေ့လာနေခဲ့ကြပါသည်။ နောက်ဆုံးဆင်ခြင်နှုလုံးသွင်းခြင်းတွင် ကျွန်ုပ်တို့၏အထက်မှ ပုဂ္ဂိုလ်များကိုရိုသေလေးစားကြဖို့ ကျွန်ုပ်တို့ကိုစိန်ခေါ်ထားခဲ့သည်။ ဤအပိုင်းတွင် ရှင်ပေတရုကလင်နှင့်မယားကြားရှိ ဆက်ဆံရင်းနှီးမှုအကြောင်းကို ဦးတည်အလေးပေးထားသည်။

### ဇနီးသည်များ

ရှင်ပေတရုက ဇနီးသည်များအား ၄င်းတို့၏ခင်ပွန်းသည်များထံ၌ ဝန်ခံအပ်နှံကြဖို့ စိန်ခေါ်ခြင်းဖြင့် အစပြုခဲ့သည်။ ဤအခန်းကြီးနှင့်အခန်းကြီး ၂တို့၏ ဆက်စပ်နေမှုကို သတိပြုပါ။ ယုံကြည်သူအားလုံးသည် ၄င်းတို့၏အထက်မှာ အာဏာပိုင်များကို နာခံရမည်ဖြစ်ကြောင်း ရှင်ပေတရုကပြောခဲ့သည်။ ဤနာခံခြင်းသည် ယုံကြည်သူခင်ပွန်းသည်အပေါ်၌ လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ မယုံကြည်သူခင်ပွန်းသည်အပေါ်၌လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်ပေတရုက အလေးအနက်ပြောခဲ့သည်။ အခန်းကြီး ၂တွင် ရှင်ပေတရုကယုံကြည်သူများသည် သခင်ဘုရား၌ ၄င်းတို့၏အထက်မှ မယုံကြည်သူအာဏာပိုင်များကို

ဝန်ခံအပ်နှံကြရမည်ဖြစ်ကြောင်း အတိအလင်းပြောဆိုခဲ့သည်။ ကျွန်များသည် ၎င်းတို့၏ မယုံကြည်သူသခင်များထံ၌ ဝန်ခံအပ်နှံကြရမည်။ အလားတူပင် ခရစ်ယာန်ဇနီးသည်များသည် ၎င်းတို့၏ခင်ပွန်းသည်များသည် ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ သူတို့ကိုနာခံရမည်ဖြစ်သည်။

ခရစ်ယာန်ဇနီးသည်၏ ဘုရားသခင်ထံ၌ သစ္စာခံခြင်းသည် သူမနှင့် သူမ၏ခင်ပွန်းသည်တို့၏ ဆက်ဆံရင်းနှီးမှုထက်အရေးကြီးကြောင်းကို ကျွန်ုပ်တို့မှတ်သားထားရန်မှာ အရေးကြီးသည်။ တမန်တော် ၅း၂၉ တွင် အရပ်ဘက်အာဏာပိုင်များက သခင်ယေရှု၏နာမတော်၌ သွန်သင်ခြင်းကို မပြုလုပ်ကြဖို့ အမိန့်ကို တမန်တော်ကြီးများက ဥပေက္ခာပြုခဲ့ကြသည်။ အာဏာပိုင်များ၏ အမိန့်သည် တမန်တော်ကြီးများကိုသခင်ဘုရား၏ အမိန့်တော်အား ပြောင်တင်းတင်းငြင်းပယ်စေသောကြောင့် ထိုအမိန့်ကိုတမန်တော်ကြီးများက လိုလိုလားလားလျစ်လျူရှုခဲ့ကြခြင်းဖြစ်သည်။ ခရစ်ယာန်ဇနီးသည်သည်သူမ၏ ခင်ပွန်းကို နာခံခြင်းနှင့်ဘုရားသခင်အားနာခံခြင်းမှတစ်ခုကို ရွေးချယ်ရမည်ဆိုလျှင် ဘုရားသခင်၏သာ၍မြင့်သောအာဏာကို ရှင်းရှင်းလင်းလင်းရွေးချယ်ရမည်ဖြစ်သည်။ သို့သော် အခြားအရာများအားလုံးတွင် ခင်ပွန်းသည်ကို လိုလိုလားလားဝန်ခံအပ်နှံရမည်။

ရှင်ပေတရုက မယုံကြည်သူခင်ပွန်းသည်နှင့် အိမ်ထောင်ပြုထားသောခရစ်ယာန်ဇနီးသည်ကို အထူးပြောထားပါသည်။ သူမ၏ဝန်ခံအပ်နှံတတ်သောစိတ်သဘောကြောင့် ခင်ပွန်းသည်မှာ နှုတ်ကပတ်တော်ကို ယုံကြည်လာနိုင်သောကြောင့် ခင်ပွန်းသည်ထံ၌ ဝန်ခံအပ်နှံဖို့ ရှင်ပေတရုကသူမကိုစိန်ခေါ်ခဲ့သည်။ မယုံကြည်သူ ခင်ပွန်းသည်ကို ယုံကြည်သူဇနီးသည်က ချစ်မြတ်နိုး၍ ဂုဏ်ပြုလေးစားခြင်းသည် အလွန်အစွမ်းထက်သော ပုံသက်သေမဟုတ်ပါလား။ ခင်ပွန်းသည်သည် ဤအချင်းအရာကြောင့် သူမကိုရိုသေလေးစားရုံသာမက၊

သူမကို ထိုဖြစ်တည်မှုအတိုင်းဖန်တီးခဲ့သည့် သခင်ဘုရားကိုလည်း ချစ်လာကောင်းချစ်လာနိုင်ပါသည်။

စစ်တပ်ထဲမှ စစ်သားများသည် မိမိတို့၏အုပ်ချုပ်ရေးအရာရှိကို နာခံ၍ဝန်ခံအပ်နှံရန် အရေးကြီးသည်။ ထိုသို့မပြုလုပ်လျှင် ရှေ့တန်း၏မျက်နှာတွင်သူတို့သည် ရှုပ်ထွေးမှုများ၊ ပရမ်းပတာဖြစ်ခြင်းများနှင့်သာ ရင်ဆိုင်ရပါလိမ့်မည်။ မိသားစုတွင်လည်း အလားတူပင်ဖြစ်သည်။ ဇနီးသည်ဖြစ်သူသည် မိမိလုပ်နိုင်သမျှကို ခင်ပွန်းသည်နှင့် စိတ်သဘောထားညီညွတ်စွာဖြင့် လုပ်ဆောင်ရမည်။ သူမသည်ခင်ပွန်းသည်ကိုအိမ်ထောင်ဦးစီးအဖြစ် ပံ့ပိုးကူညီ၍ဂုဏ်ပြုလေးစားရမည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သူမသည်သူ့နှလုံးသားကိုသိမ်းပိုက်၍သူ့ရဲ့ ဝိညာဉ်ကိုပင် ကယ်တင်ကောင်းကယ်တင်ပေးနိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့ခေတ်ကာလတွင် အမျိုးသမီးတစ်ယောက်သည် အပြင်ပန်းအလှအပကို အဓိကအလေးထားမိရန်မှာအလွန်လွယ်ကူပါသည်။ ရှင်ပေတရုကအိမ်ထောင်ရှင်ဇနီးသည်အား ကိုယ့်ကိုယ်ကိုဂရုစိုက်ပြုစုရာ၌ သူမပြုလုပ်နိုင်သည့်အရာများကို မပြုလုပ်ဖို့တားမြစ်နေခြင်းမဟုတ်ပါ။ သို့သော်အမျိုးသမီးများအား အပြင်ပန်းအလှအပ၌ ၎င်းတို့၏စိတ်ကိုနှစ်မထားဘဲ၊ အတွင်းသဏ္ဌာန်အလှဖြစ်သော အကျင့်စာရိတ္တနှင့် စိတ်ထားများ၌သာ စိတ်ကိုနှစ်ထားကြဖို့စိန်ခေါ်ခဲ့သည်။ ဆံပင်ကိုကျစ်ဆံမြီးကျစ်ခြင်းများ၊ ရွှေငွေလက်ဝတ်လက်စားများ၊ အဝတ်အထည်ကောင်းများသည် အမျိုးသမီးတစ်ဦးကို လှပအောင်ဖန်တီးပေးသောအရာများမဟုတ်ကြပါ။ အမျိုးသမီးတစ်ဦး၏ စစ်မှန်သောအလှအပသည် အတွင်းသဏ္ဌာန်မှထွက်လာသောအရာဖြစ်သည်။ သူမ၏နူးညံ့သိမ်မွေ့၍တည်ငြိမ်သော စိတ်ထားသည်အဝတ်အစားကောင်းများအားလုံးထက် အဆပေါင်းများစွာ လှပပါသည်။ ဤအပြင်ပန်းအလှအပသည် အလျင်အမြန်မှေးမှိန်ပျောက်ကွယ်သွားကြပါလိမ့်မည်။ အတွင်းသဏ္ဌာန်အလှအပဖြစ်သော အကျင့်

စာရိတ္တမှာအချိန်နှင့်အမျှ တိုးတက်ရင့်ကျက်လာပါလိမ့်မည်။ ဤသည်မှာဘုရားကိုကြောက်သောအမျိုးသမီးတစ်ဦး အဓိကအလေးထားရမည့်အရာဖြစ်သည်။ သူမ၏အတွင်းလူအတွက် သခင်ဘုရားကို ရှာကြံရမည်။ ဘုရားသခင်၏အကြံအစည်နှင့်ရည်ရွယ်ချက်များကို နာခံခြင်း၌ရှင်သန်ရန်သူမသင်ယူရမည်။ အတွင်းသဏ္ဌာန်အပြစ်အနာအဆာများဖြစ်သည့် ဒေါသအမျက်၊ နာကျည်းခါးသီးမှု၊ မနာလိုဝန်တိုခြင်းစသည်တို့ကို ဝိညာဉ်အသီးအပွင့်များဖြင့် အစားထိုးရမည်။ ၎င်းတို့သည် သူမ၏စစ်မှန်သောရတနာများဖြစ်ကြသည်။

ခင်ပွန်းသည်များအတွက် အခြားအရာကို ဤနေရာ၌ကျွန်ုပ်အားထပ်လောင်းပေါင်းထည့်ခွင့်ပြုပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဇနီးသည်များကိုဝိညာဉ်ရေးရာရှုထောင့်မှရှုမြင်သုံးသပ်ကြရန်အရေးကြီးသည်။ အမျိုးသားများအတွက် အပြင်ပန်းအလှအပကိုသာရှုစားခံစားရန်မှာ အလွန်လွယ်ကူပါသည်။ ကျွန်ုပ်တို့သည်ဇနီးသည်များ၏အတွင်းသဏ္ဌာန်အလှအပကိုရှုမြင်ခံစား၍အားပေးကူညီရန် အပြင်ပန်းအသွင်အပြင်၏တဖက်အလွန်အထိကြည့်ရှုတတ်ဖို့လိုအပ်သည်။ကျွန်ုပ်တို့၏ဇနီးသည်များရဲ့စာရိတ္တနှင့် စွမ်းရည်ဆုကျေးဇူးများ၏စွဲလမ်းနှစ်သက်ဖွယ် ကျက်သရေရှိမှုကိုရှုစားခံစားတတ်ရန် ကျွန်ုပ်တို့၏မျက်လုံးများကိုလေ့ကျင့်ပေးဖို့လိုအပ်သည်။

တမန်တော်ပေတရုကနေရာဒေသအသီးသီးမှအမျိုးသမီးများအားဓမ္မဟောင်းကာလမှမိမိတို့၏ ခင်ပွန်းသည်များထံ၌ဝန်ခံအပ်နှံရင်းအားပေးကူညီခဲ့ကြသည့်သန့်ရှင်းမြင့်မြတ်သောအမျိုးသမီးများ၏ပုံဥပမာကိုနာခံလိုက်လျှောက်ကြဖို့စိန်ခေါ်ခဲ့သည်။ အခန်းငယ် ၆ တွင်ရှင်ပေတရုကဇနီးသည်များအား ၎င်းတို့သည်ကောင်းမွန်စွာကျင့်ကြံ၍ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိလျှင် စာရာ၏သမီးများဖြစ်ကြသည်ဟုပြောခဲ့သည်။ ဤခွန်အားပေးတိုက်တွန်းချက်သည်

နားလည်ဖို့အနည်းငယ်ခက်ခဲပါသည်။ “ကြောက်ရွံ့တုန်လှုပ်ခြင်းအလျှင်းမရှိဘဲနေလျှင်” ဟူသောစကားစုကို ကျွန်ုပ်တို့မည်သို့သဘောပေါက်နားလည်ကြရမည်နည်း။

ဖြစ်နိုင်ချေရှိသောအရာတစ်ခုမှာ ရှင်ပေတရုသည်ဝန်ခံအပ်နှံဖို့ကြောက်ရွံ့တုန်လှုပ်ခြင်းကိုပြောဆိုနေခဲ့ခြင်းဖြစ်ပေမည်။ တစ်ဦးတစ်ယောက်ထံ၌ဝန်ခံအပ်နှံခြင်းသည်အမြဲလွယ်ကူသည့်အရာတော့မဟုတ်ပါ။ ဝန်ခံအပ်နှံခြင်းအမှုတွင် ကျွန်ုပ်တို့ဝန်ခံအပ်နှံနေသော ပုဂ္ဂိုလ်၏စာရိတ္တဗလနှင့် ထိုပုဂ္ဂိုလ်အားယုံကြည်ကိုးစားခြင်းတို့လိုအပ်သည်။ စစ်သားများသည်စိုးရိမ်ကြောက်ရွံ့ခြင်းကိုဘေးဖယ်၍ အထက်အရာရှိကိုလည်းကောင်း၊ ၎င်း၏အမိန့်များကိုလည်းကောင်းယုံကြည်ကိုးစားဖို့လိုအပ်သည်။ သူတို့သည် အထက်အရာရှိများ၏အလိုအတိုင်းလုပ်ဆောင်နိုင်ရန် မိမိတို့၏အသက်တာအားကိုယ်တိုင်ထိန်းချုပ်နေခြင်းကိုလိုလိုလားလားစွန့်လွှတ်ရမည်။ ဤသို့ပြုလုပ်ရသည်မှာစိုးရိမ်ကြောက်လန့်စရာကောင်းသည်။ သခင်ဘုရားထံ၌လည်းကောင်း၊ သခင်ဘုရား၏ထိန်ချုပ်မှု၌လည်းကောင်း ကျွန်ုပ်တို့၌ရှိသမျှအရာအားလုံးကိုပုံအပ်ရာတွင် စိုးရိမ်ကြောက်လန့်ခြင်းတစ်စုံတစ်ရာ မခံစားရသောသူမည်သူရှိမည်နည်း။ မယုံကြည်သူတို့သည် မိမိတို့၌ရှိသမျှအရာအားလုံးကိုသခင်ဘုရားထံပုံအပ်ရမည်ကို စိုးရိမ်ကြောက်လန့်နေကြသောကြောင့် သခင်ဘုရားထံသို့အမြဲလိုလိုမလာကြခြင်းဖြစ်သည်။

အလားတူပင်၊ ရှင်ပေတရုကဇနီးသည်များအား၎င်းတို့ခင်ပွန်းသည်များ၏အုပ်စိုးခြင်းကိုဝန်ခံကြဖို့ဆင့်ခေါ်ခဲ့သည်။ သူတို့သည်မိမိတို့၏ခင်ပွန်းသည်များကိုလက်ထပ်ထိမ်းမြားခဲ့ချိန်တွင် ကိုယ့်ကိုယ်ကိုခင်ပွန်းသည်များထံပေးအပ်ခဲ့ကြသည်။ ဇနီးသည်ဖြစ်သူသည်မိမိ၏နှလုံးသားနှင့်အသက်တာကို ခင်ပွန်းသည်ဖြစ်

သူ၏နှလုံးသား၊ အသက်တာတို့နှင့်ပေါင်းစည်းရန်မိမိ၏လွှန်လပ်စွာ နေထိုင်တွေးခေါ်လိုသောအယူအဆများကို စွန့်လွှတ်ဖို့လိုလိုလားလား ရွေးချယ်ခဲ့သည်။ ဤသို့ပြုလုပ်ရခြင်းသည် စိုးရိမ်ကြောက်ရွံ့ခြင်းကိုဖြစ်စေနိုင်ပါသော်လည်း ရှင်ပေတရုကဇနီသည်များအားထိုစိုးရိမ်ကြောက်ရွံ့ခြင်းကိုအရှုံးမပေးဘဲ ခင်ပွန်းသည်များ၏အုပ်စိုးခြင်းကိုဝန်ခံကြဖို့ စိန်ခေါ်ခဲ့သည်။ သူမသည်ဘုရားသခင်ကိုယုံကြည်ကိုးစား၍ယုံကြည်ခြင်းဖြင့်ခြေလှမ်းကာ သူမ၏ခင်ပွန်းသည်ကိုလည်းကောင်း၊ ခင်ပွန်းသည်၏ကြိုးစားအားထုတ်မှုများကိုလည်းကောင်း ပံ့ပိုးကူညီပေးရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သူမသည်ဘုရားသခင်၏ အလိုတော်နှင့်ရည်ရွယ်ချက်ကို နာခံလိုက်လျှောက်ရန် မိမိတို့၏ဇာတိမြေကိုစွန့်ခွါပြီး သူစိမ်းနယ်ထဲသို့ထွက်ခွါလာခဲ့သောခင်ပွန်းသည် အာဗြဟံ၏နောက်သို့လိုလိုလားလားလိုက်ပါခဲ့သည့် စာရာ၏သမီးဖြစ်ခဲ့ပါလိမ့်မည်။

## ခင်ပွန်းသည်များ

ဤနေရာအထိ ရှင်ပေတရုသည် ဇနီးသည်များကိုဦးတည်၍ပြောနေခဲ့ပါသည်။ ယခုတွင်သူသည် ခင်ပွန်းသည်များကိုပြောဖို့အချိန်ယူလိုက်ပါသည်။ အခန်းငယ် ၇ တွင် သူသည်ခင်ပွန်းသည်များအားဇနီးသည်များကို ထောက်ထားညှာတာကြဖို့စိန်ခေါ်ခဲ့သည်။ သူတို့သည်ဇနီးသည်များ၏ လိုအပ်ချက်များနှင့် တောင့်တမှုများကို မိမိတို့၏ လိုအပ်ချက်နှင့်တောင့်တမှုများကဲ့သို့ အရေးကြီးကြောင်း စဉ်းစားမှတ်ယူရမည်။ အိမ်ထောင်ရေးတွင် အာဏာရှင်စနစ်မျိုးထားရှိခြင်းကို အထက်ပါအခြေခံစည်းမျဉ်းကပယ်ဖျက်ထားသည်။ ဇနီးသည်သည် မိမိ၏ခင်ပွန်းသည်ထံဝန်ခံ အုပ်နှံ့ရမည်ဖြစ်သကဲ့သို့ ခင်ပွန်းသည်ကလည်း မိမိ၏ဇနီးသည်ကို ထောက်ထားညှာတာ၍အမြင့်ဆုံးသော ရိုသေလေးစားခြင်းနှင့်တကွ ပြုမူဆက်ဆံရမည်။ သူသည်မိမိဇနီးသည်၏ အကျိုးအမြတ်နှင့်လိုအပ်

ချက်များကို မိမိပြုလုပ်သောဆုံးဖြတ်ချက်အားလုံးတွင် ထည့်သွင်းစဉ်းစားရမည်။ လုပ်သမျှသောအရာတွင် ဇနီးသည်၏ကောင်းရာကောင်းကျိုးကို ရှာကြံရမည်ဖြစ်သည်။

ခင်ပွန်းသည်များက မိမိတို့သည်ဇနီးသည်များနှင့် အသက်ရှင်ခြင်းဆုကျေးဇူးတော်ကို အတူတကွအမွေဆက်ခံရသောသူဖြစ်ကြကြောင်းကို သိရှိထားရင်း ဇနီးသည်များကိုရိုသေလေးစားကြရမည်။ ဘုရားသခင်သည် အမျိုးသမီးများကိုလည်းကောင်း၊ အမျိုးသားများကိုလည်းကောင်း မိမိ၏သားသမီးများဖြစ်လာကြဖို့ ရွေးကောက်ခဲ့ပါသည်။ ဘုရားသခင်၏ ကတိတော်များသည် နှစ်ဖွဲ့စလုံးအတွက်ဖြစ်သည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် အမျိုးသား၊ အမျိုးသမီးနှစ်ဖွဲ့လုံးအပေါ်၌ဖြစ်သည်။ သူသည်မိမိ၏သားတော်ကို အမျိုးသမီးများအတွက် ပေးဆပ်ခဲ့သကဲ့သို့ အမျိုးသားများအတွက်လည်းပေးဆပ်ခဲ့ပါသည်။ ကယ်တင်ခြင်းနှင့်ပတ်သက်၍ အမျိုးသား၊ အမျိုးသမီးဟူ၍ ခွဲခြားခြင်းမရှိပါ။ အမျိုးသမီးသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေဆက်ခံရသကဲ့သို့ အမျိုးသားများကလည်း ဆက်ဆံရပါသည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ တန်းတူညီမျှသော လက်တွဲဖော်များဖြစ်ကြသည်။ ဇနီးသည်သည် ကျေးဇူးတော်၌ တန်းတူညီမျှသောလက်တွဲဖော်တစ်ယောက်ဖြစ်ကြောင်းကို သိရှိထားရင်းခင်ပွန်းသည်သည် မိမိ၏ဇနီးသည်နှင့်အတူ ရှင်သန်နေထိုင်ရမည်။ သူမကိုရက်စက်ကြမ်းကြုတ်စွာပြုမူဆက်ဆံခြင်း (သို့) နှိပ်စက်ညှင်းပန်းခြင်းသည် ဘုရားသခင်၏ ကလေးတစ်ယောက်ကို နိုင်ထက်စီးနင်းပြုမူဆက်ဆံခြင်းပင်ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်သောခင်ပွန်းသည် ဘုရားသခင်၏တရားစီရင်ခြင်းကိုခံရမည်။ အခန်းငယ် ၇တွင် ခင်ပွန်းသည်သည် မိမိ၏ဇနီးသည်ကို ဤကဲ့သို့သော ရိုသေလေးစားခြင်း၊ ထောက်ထားညှာတာခြင်းမျိုးဖြင့်

မဆက်ဆံလျှင် ဘုရားသခင်သည်သူ့ကို ကျောခိုင်း၍ သူ၏ဆုတောင်းသံများကို ဖြေကြားဖို့ငြင်းပယ်မည်ဟူသောအချက် ကို အထူးသတိပြုပါ။

ဤနေရာ၌ ကျွန်ုပ်တို့နားလည်ထားရမည့်အချက်မှာ အိမ်ထောင်မိသားစုတွင် သတ်သတ်မှတ်မှတ်ရှိသော အခန်းကဏ္ဍများရှိနေစဉ်တွင် ခင်ပွန်းသည်များနှင့် ဇနီးသည်များကြားတွင် အပြန်အလှန်လေးစားမှုရှိရမည်။ ဇနီးသည်သည်မိမိ၏ခင်ပွန်းထံတွင် ဝန်ခံအပ်နှံ၍ ခင်ပွန်းသည်သည်လည်း မိမိဇနီး၏နောက်တွင်ရပ်တည်ပေး၍ သူမ၏လိုအပ်ချက်များနှင့် အကျိုးစီးပွားတွင် သူမကိုထောက်ပံ့ပေးရင်း ခွန်အားပေးတိုက်တွန်းရမည်။ ရှင်ပေတရုက ခင်ပွန်းသည်နှင့်ဇနီးသည်တို့ကို တစ်ယောက်၏အကျိုးစီးပွားအတွက် ကိုယ်ရဲ့အကျိုးစီးပွားကိုဘေးဘယ်ထားကြဖို့ တောင်းဆိုထားသည်။

ဇနီးသည်သည် ခင်ပွန်းဖြစ်သူကိုလေးစားဂုဏ်ပြုရမည်။ ခင်ပွန်းသည်ကလည်း မိမိ၏ဇနီးအားလေးစားညှာတာခြင်းမရှိလျှင် မိမိ၏ဆုတောင်းသံများသည် အဖြေမရသည့်အပြင် ဘုရားသခင်၏တရားစီရင်ခြင်းကိုလည်း ခံရမည်ဟုနားလည်ထားရင်း မိမိ၏ဇနီးကိုဂုဏ်ပြုလေးစားရမည်။ တစ်ဖက်သား၏အကျိုးကိုထောက်ထားသောအားဖြင့် ကိုယ့်အတ္တနှင့်တောင့်တမှုများကို ဘေးဖယ်ထားဖို့ အတူတကွသင်ယူကြရမည်။ သခင်ဘုရားအဖို့အလို့ငှါ၊ သူတို့သည်တစ်ဦးကိုတစ်ဦးကောင်းကြီးပေး၍ ရပ်တည်ပေးရမည်။ ရှင်ပေတရု၏သွန်သင်ချက်အရ ဤသည်မှာအိမ်ထောင်မိသားစုအတွက်ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- သင့်ရဲ့အိမ်ထောင်ဖက်သည် သင့်အထဲ၌သခင်ယေရှုကိုမည်သည့်

အတိုင်းအတာအထိ တွေ့မြင်ပါသနည်း။ သင့်ရဲ့အပြုအမူနှင့်အပြော အဆို၌ သခင်ဘုရား၏အတွင်းသဏ္ဍာန်အလှအပကို လက်တွေ့ပြသ နေပါသလား။

- ဝန်ခံအပ်နှံခြင်းဆိုသည်မှာ အဘယ်နည်း။ ဝန်ခံအပ်နှံခြင်းဆိုသည်မှာ ကျွန်ုပ်တို့ကို ထိန်းချုပ်ခြင်း(သို့) စိုးမိုးချယ်လှယ်ခြင်းကို ဆိုလိုပါသလား။
- သင့်သည် အိမ်ထောင်ပြုထားသောသူဖြစ်လျှင် သင့်နှင့်သင့်ရဲ့ဇနီး သည်တူညီသော ဘဝရည်ရွယ်ချက်တစ်ခုကို မျှဝေထားကြပါသလား။ သင်တို့သည် တူညီသောဘဝပန်းတိုင်ဆီသို့ အတူတကွလျှောက်လှမ်း နေကြပါသလား (သို့) ရည်ရွယ်ချက်များကွဲပြားနေကြပါသလား။
- မိမိတို့၏ ဇနီးသည်များကို ရိုသေလေးစားမှုမရှိကြသော ခင်ပွန်းသည် များအတွက် ဤကျမ်းချက်ကမည်သည့် သတိပေးချက်ကိုဖော်ပြထား ပါသနည်း။

**ဆုတောင်းရန်အချက်များ**

- အိမ်ထောင်ရှင်တစ်ဦးအနေဖြင့် သင့်ရဲ့ခင်ပွန်းထံ၌ ဝန်ခံအပ်နှံ၍ လက်တွဲရပ်တည်နိုင်ဖို့ စွမ်းဆောင်ပေးရန် သခင်ဘုရားကိုတောင်း လျှောက်ပါ။
- ခင်ပွန်းသည်တစ်ဦးအနေဖြင့် သင့်ရဲ့ဇနီးကို ပို၍ထောက်ထားညှာတာ ၍ ရိုသေလေးစားသူဖြစ်လာဖို့ ကူညီမစပေးရန် သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင့်ရဲ့ကြင်ဖော်ကဖြစ်စေလိုသည့် ပုဂ္ဂိုလ်ဖြစ်လာဖို့ သင့်အားကျေးဇူး တော်ကို ပေးသနားဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ရန် အချိန် အနည်းငယ်ယူပါ။

- ကျွန်ုပ်တို့၏ခေတ်ကာလမှ အိမ်ထောင်ရေးများထံ၌ အနာငြိမ်းခြင်း အမှုကို ဘုရားသခင်ဆောင်ယူလာမည့်အကြောင်း ဆုတောင်းပါ။ အကြင်လင်မယားအဖြစ်နှင့် သင်တို့သည် ဘုရားသခင်၏စိတ်နှလုံး သားကိုပို၍ ရှင်းလင်းစွာထင်ဟပ်နိုင်ကြမည့်အကြောင်း သင်တို့ရဲ့ အိမ်ထောင်ရေးများကို ကြည့်ရှုစောင်မဖို့ ဘုရားသခင်ကိုတောင်း လျှောက်ပါ။
- မိမိနာမတော်၏ ဘုန်းတော်အတွက်ဘုရားသခင်သည် သင်နှင့်သင့်ရဲ့ ကြင်ဖော်တို့ကို ပို၍နက်နဲခိုင်မြဲစွာ ဆက်စပ်ပေးဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

## ၂၆
## စိတ်တညီတညွတ်တည်းအတူရှင်သန်ရှင်း

၁ ပေ ၃း၈-၁၂ ကိုဖတ်ရှုပါ။

စာစောင်၏ဤအပိုင်း၌ တွေ့ရသည့် ရှင်ပေတရုအထူးအလေးထားသောအရာမှာ ယုံကြည်သူများအနေဖြင့် မိမိတို့၏အနီးပတ်ဝန်းကျင်မှလူများနှင့် သင့်တင့်မှန်ကန်သော ဆက်ဆံရင်းနှီးမှု၌ ရှင်သန်ခြင်းဖြစ်သည်။ သူသည် မိမိ၏စာဖတ်ပရိသတ်တို့အား ၎င်းတို့ကိုအုပ်ချုပ်သော အရပ်ဘက်အာဏာပိုင်များကို ရိုသေလေးစားကြဖို့ စိန်ခေါ်ခဲ့သည်။ ကျွန်ုပ်တို့နောက်ဆုံးလေ့လာခဲ့သည့် အပိုင်းတွင် ခင်ပွန်းသည်များနှင့်ဇနီးသည်များကို ၎င်းတို့တစ်ယောက်နှင့်တစ်ယောက်ဆက်ဆံရင်းနှီးမှုအတွက် ခွန်အားပေးတိုက်တွန်းခဲ့ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ အခန်းကြီး ၃ ၏ ဤအပိုင်းတွင်ခရစ်တော်ကိုယ်ခန္ဓာရှိ ဆက်ဆံရင်းနှီးမှုများကို ထိန်းချုပ်ရန်ယေဘူယျလမ်းညွှန်ချက်အချို့ကို ရှင်ပေတရုကပေးခဲ့သည်။

### *စိတ်တညီတညွတ်တည်းရှိကြလော့*

အခန်းငယ် ၈တွင် ရှင်ပေတရုက ယုံကြည်သူများအား အချင်းချင်း စိတ်တညီတညွတ်တည်းဖြင့် ရှင်သန်နေထိုင်ကြဖို့ စိန်ခေါ်ရင်းအစပြုခဲ့သည်။ စိတ်တညီတညွတ်တည်းဟူသော စကားလုံးသည် တစ်နည်းတစ်လမ်းတည်း စဉ်းစားတွေးခေါ်ဖို့ အစဉ်ကြိုးစားရမည်ဟု မဆိုလိုကြောင်းကို သိရှိနားလည်

ထားရန်မှာ အရေးကြီးသည်။ သခင်ခရစ်တော်၏ ကိုယ်ခန္ဓာ၌ကွဲပြားခြားနားသောအယူအဆများစွာရှိသည်။ အင်ဂျင်စက်၏အစိတ်အပိုင်းတစ်ခုစီသည် ကွဲပြားသောရည်ရွယ်ချက်များကို ထမ်းဆောင်ကြသည်။ ဤအစိတ်အပိုင်းများသည် တစ်ခုနှင့်တစ်ခုပုံသဏ္ဌာန်မတူကြသကဲ့သို့ အလုပ်လုပ်ကြပုံမှာလည်း ကွဲပြားကြသည်။ သို့သော် အင်ဂျင်စက်တစ်လုံးကောင်းကောင်းမွန်မွန်လည်ပတ်နိုင်ဖို့ ဤအစိတ်အပိုင်းများအားလုံးသည် တညီတညွတ်တည်းအလုပ်လုပ်ကြရမည်။ အစိတ်အပိုင်းအားလုံးသည် တူညီသောရည်မှန်းချက်ပန်းတိုင်တစ်ခုအတွက်အလုပ်လုပ်ကြသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်သခင်ယေရှု၏ရည်ရွယ်ချက်များကို ပထမနေရာ၌ထားရှိမှသာ သခင်ခရစ်တော်၏ကိုယ်ခန္ဓာရှိအစိတ်အပိုင်းများမှာ တညီတညွတ်တည်းအလုပ်လုပ်နိုင်ကြမည်ဖြစ်သည်။ ကိုယ့်အလိုဆန္ဒကို လုပ်ဆောင်ဖို့မရှာကြံနိုင်ပါ။ အရာခပ်သိမ်းကို သခင်ဘုရားထံ၌ ဝန်ခံအပ်နှံထားကြရမည်။ ကျွန်ုပ်တို့အား တသီးတခြားစီအလုပ်လုပ်ကြဖို့ မရည်ရွယ်ထားကြောင်းကို သတိရနေကြရမည်။ ကျွန်ုပ်တို့သည်ဘုရားသခင်က ရည်ရွယ်ထားသောသူများဖြစ်လာဖို့ဆိုလျှင် အတူတကွအလုပ်လုပ်ကြ ရမည်ဖြစ်သည်။ စိတ်တညီတညွတ်တည်းရှိခြင်းဆိုသည်မှာ ကျွန်ုပ်တို့လုပ်သမျှ အရာတိုင်း၌ တစ်ယောက်ကိုတစ်ယောက်ထည့်သွင်းစဉ်းစားပေးခြင်းဖြစ်သည်။ သခင်ခရစ်တော်၏ကိုယ်ခန္ဓာတွင် တကိုယ်ကောင်းဆန်ခြင်းနှင့် ကိုယ့်ကိုယ်ကိုသာ စဉ်းစားတတ်ခြင်းတို့အတွက်နေရာမရှိပါ။

### *သနားကြင်နာခြင်းရှိလော့*

ထို့နောက်ရှင်ပေတရုက ယုံကြည်သူများကို တစ်ဦးအပေါ်တစ်ဦး သနားကြင်နာခြင်းရှိကြဖို့ စိန်ခေါ်ခဲ့သည်။ ကြင်နာမှုဆိုသည်မှာ အခြားတစ်ယောက်၏နာကျင်မှုနှင့် စိတ်ဒဏ်ရာများကို မျှဝေခံစားပေးခြင်းဖြစ်သည်။

ညီအစ်ကိုမောင်နှမတစ်ယောက်သည် စစ်ကြောစုံစမ်းခြင်းကိုရင်ဆိုင်ခံစား ရသောအခါ အသိတရားရှိသော၍ပုဂ္ဂိုလ်ကထိုစစ်ကြောစုံစမ်းခြင်း၏ နာကျင်မှုကိုမျှဝေ ခံစားပေးပါသည်။ သနားကြင်နာတတ်သောပုဂ္ဂိုလ်သည် အခြားသူများ ပူဆွေးသောကရောက်ချိန်တွင် ထိုပူဆွေးသောကများကို မျှဝေခံစားပေးသည်။ ဤအရာသည် ကျွန်ုပ်တို့၏ကိုယ့်ကိုယ်ကိုသာ စဉ်းစားတတ်သည့်စိတ်ကိုလွှမ်းမိုးသွားပါသည်။ ကျန်းမာကြံ့ခိုင်သောအသင်းတော်ဆိုသည်မှာ လူတို့က ကိုယ်ခန္ဓာတော်ထဲမှ အခြားအသင်းဝင်များ၏ နာကျင်မှုကိုမျှဝေခံစားပေး၍ ကိုယ့်အကျိုးစီးပွားကိုသာ မစဉ်းစားသောနေရာဖြစ်သည်။

## *ညီအစ်ကိုချင်းကဲ့သို့ချစ်ကြလော့*

ရှင်ပေတရုကမိမိ၏ စာဖတ်ပရိသတ်တို့အား ညီအစ်ကိုကဲ့သို့ချစ်ကြဖို့ နောက်ထပ်ပြောခဲ့သည်။ "ညီအစ်ကိုချင်း" ဟူသောစကားလုံးသည် မိသားစု တစ်စုထဲမှဖြစ်ကြောင်းကို ညွှန်ပြနေပါသည်။ ထိုသို့ဖြစ်တည်နေမှုကြောင့် တစ်ဦးနှင့်တစ်ဦးကာကွယ်ပေးရန်အတွက်လည်းကောင်း၊ ချစ်မြတ်နိုးရန်အတွက် လည်းကောင်း၊ ခွန်အားပေးတိုက်တွန်းရန်အတွက်လည်းကောင်း တာဝန်ရှိသည်။ ကျွန်ုပ်တို့မသိကျွမ်းဖူးသောသူကို ကျွန်ုပ်တို့ချစ်ခင်နိုင်ပါသော်လည်း ညီအစ်ကို ချင်းချစ်ခြင်းသည်မိသားစုတစ်ခုတည်းမှ လူများအတွက်သာဖြစ်သည်။ ဤမိသားစုထဲတွင် ပို၍နီးစပ်သောမိတ်သဟာယဖွဲ့ခြင်းနှင့် ရင်းနှီးမှုရှိပါသည်။

## *သနားစုံမက်ခြင်းရှိကြလော့*

သနားစုံမက်ခြင်းဆိုသည်မှာ နူးညံ့သိမ်မွေ့သောစိတ်နှလုံးရှိခြင်း ဖြစ်သည်။ တစ်စုံတစ်ယောက်ကို ၎င်းရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်းနှင့် လိုအပ်ချက်များတွင် စာနာသနားပေးခြင်းဖြစ်သည်။ သနားစုံမက်ခြင်းဆိုသည်

မှာ လှုပ်ရှားလုပ်ဆောင်မှုပါသောစကားလုံးဖြစ်သည်။ သင်သည်တစ်စုံတစ်ယောက်၏လိုအပ်ချက်ကို သိသော်လည်းထိုအရာအတွက် မည်သည့်အရာ ကိုမျှမပြုလုပ်လျှင် သင်၌သနားစုံမက်ခြင်းရှိပါသည်ဟု သင်မပြောနိုင်ပါ။ စကားလုံး၏သဘောသဘာဝအတိုင်း သနားစုံမက်ခြင်းသည် ကျွန်ုပ်တို့၏ရှေ့၌ရှိနေသောလိုအပ်ချက်များကို လက်လှမ်း၍ကူညီမစပေးဖို့ပြဌာန်းထားသည်။ နူးညံ့သည့်စိတ်နှလုံးရှိသောသူများသည် ညီအစ်ကိုတို့၏နာကျင်မှုများကို နက်နက်နဲနဲမျှဝေခံစားပေးပြီး၊ ထိုနာကျင်ခြင်းဝန်ထုပ်များကို လျှော့ပါးစေဖို့မည်သည့်အရာကိုမဆိုပြုလုပ်ကြပါလိမ့်မည်။

### *စိတ်နှိမ့်ချခြင်းရှိကြလော့*

ဤစကားလုံးကို King James ကျမ်းစာတွင် ယဉ်ကျေးသည်ဟု အဓိပ္ပါယ်ရသော အင်္ဂလိပ်စကားလုံးဖြင့် ဘာသာပြန်ခဲ့သည်။ ထို့ကြောင့် ဤအဓိပ္ပါယ်အားဖြင့် စိတ်နှိမ့်ချခြင်းဆိုသည်မှာ ကြင်နာတတ်သော၊ ရင်းနှီးပွင့်လင်းသော၊ ဆက်ဆံရေးကောင်းသောဟူ၍ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက်ရိုသေလေးစားခြင်းနှင့်တကွ ဂုဏ်သိက္ခာရှိရှိပြုမူဆက်ဆံကြရန်ဖြစ်သည်။ စိတ်နှိမ့်ချခြင်းသည် အခြားမိတ်ဆွေလူသားတစ်ယောက်အပေါ်၌ ယဉ်ကျေးပျူငှာ၍ကြင်နာခြင်းတရားကို စကားဖြင့်လည်းကောင်း၊ လက်တွေ့ပြုလုပ်ခြင်းဖြင့်လည်းကောင်း ပေးဆပ်ဖို့အကြွေးရှိနေကြောင်းကို အသိအမှတ်ပြုသည်။ စိတ်လိုက်မာန်လိုက်ရုတ်တရက်တိုက်ခိုက်ပြောဆိုမိရန်မှာ အဘယ်မျှလွယ်ကူပါသနည်း။ ကျွန်ုပ်တို့နှင့်အနီးစပ်ဆုံးလူများအပေါ်တွင်လွယ်ကာရ၍အလေးမမူပြုမိရန်မှာအဘယ်မျှလွယ်ကူပါ သနည်း။ သူတို့ကိုကျေးဇူးတင်ဖို့မေ့လျော့ကြသည်။ သူတို့ကိုဂုဏ်ယူလေးစားအဘယ်မျှလွယ်ကူပါ သနည်း။ ကြင်ကြင်နာနာဖြင့်ပြုမူဆက်ဆံရန် မေ့လျော့ကြပါသည်။ စိတ်နှိမ့်ချခြင်း ဆိုသည်မှာ

ဤအရာများကို လွယ်ကာရ၍အလေးမမူဘဲမနေခြင်းဖြစ်သည်။ ကျွန်ုပ်တွေ့ဆုံကြုံဆုံရည်းရသောသူများကို ရိုသေလေးစား၍ ဂုဏ်သိက္ခာရှိရှိဖြင့် ပြုမူဆက်ဆံရမည်ဖြစ်သည်။

## *ရန်ကိုကောင်းကြီးမင်္ဂလာဖြင့်တုန့်ပြန်လော့*

အခန်းငယ် ၉ တွင်ရှင်ပေတရုက ဆက်လက်၍ယုံကြည်သူတို့အား ရန်ကိုရန်ဖြင့်၊ ကဲ့ရဲ့စော်ကားခြင်းကို ကဲ့ရဲ့စော်ကားခြင်းဖြင့် မတုန့်ပြန်ကြဖို့ပြောထားသည်။ အမှန်ဆိုရလျှင် ဤကမ္ဘာပေါ်ရှိမည်သည့်ဆက်ဆံရင်းနှီးမှုမှ မပြည့်စုံကြပါ။ တစ်ခါတစ်ရံတွင် လူတို့သည်ဇာတိအားဖြင့်ပြောဆိုပြုမူ၍ နောင်တွင်နောင်တရခဲ့ကြသည်။ ဘုရားကိုကြောက်သောတုန့်ပြန်မှုမှာအဘယ်နည်း။ ရှင်ပေတရု၏ပြောဆိုထားချက်အရ၊ ကျွန်ုပ်တို့ကဲ့ရဲ့စော်ကားခံရသော အခါတွင် ကဲ့ရဲ့စော်ကားခြင်းဖြင့် ပြန်လည်တုန့်ပြန်ကြဖို့ဖြစ်သည်။ ထိုသို့ပြုမည့် အစား ကျွန်ုပ်တို့ကိုကဲ့ရဲ့စော်ကားသောသူအား ကောင်းကြီးပေးဖို့ကြိုးစားရှာကြံရမည်ဖြစ်သည်။ အခြားသူများကိုခွင့်လွှတ်ပေး၍ ကျွန်ုပ်တို့ရန်သူများ၏ဝိညာဉ်ကောင်းကျိုးကိုပင် ကြိုးစားရှာကြံကြဖို့ ဘုရားသခင်ကကျွန်ုပ်တို့ကို ဆင့်ခေါ်ထားပြီး တုန့်ပြန်မှုအနေဖြင့် ဘုရားသခင်ကကျွန်ုပ်တို့ကိုချီးမြှောက်၍ နှစ်သိမ့်ပေးပါလိမ့်မည်။

## *ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ကိုပြုလော့*

ကျွန်ုပ်တို့၏အသက်တာ၌ နေ့ထူးနေ့ကောင်းများကိုတွေ့ကြုံ၍ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ခံစားဖို့ဆိုလျှင် ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ကိုလုပ်ဆောင်ကြရမည်ဖြစ်သည်။ ကိုယ့်နည်းကိုယ့်လမ်းကိုသာ လုပ်ဆောင်ဖို့ရှာကြံသောဇာတိ၏ စုံစမ်းနှောက်ယှက်ခြင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့ကို

စော်ကားသောသူများအား လက်တုန့်ပြန်ခြင်းကိုလည်းကောင်း တွန်းလှန်ရမည်။ ကျွန်ုပ်တို့၏အနီးတစ်ဝိုက်မှလူများ၏ ကောင်းရာကောင်းကျိုးကို တက်တက်ကြွကြွကြိုးစားရှာကြံကြရမည်။ ကောင်းကြီးမင်္ဂလာကို ကျွန်ုပ်တို့ရရှိလိုလျှင် ကျွန်ုပ်တို့၏ မိတ်ဆွေလူသားချင်းများကိုကောင်းကြီးပေး၍ဂုဏ်ပြုလေးစားတတ်ရန် သင်ယူကြရမည်။

## *အသင့်အတင့်နေခြင်းကို ရှာကြံလော့*

အထက်၌ဖော်ပြထားသော အချက်များကိုလိုက်နာလုပ်ဆောင်သော်လည်း ကျွန်ုပ်တို့အသက်တာ၌ ခက်ခဲရုန်းကန်မှုများဆက်၍ ရှိနေနိုင်ပါသည်။ ခရစ်တော်၏ကိုယ်ခန္ဓာ၌ ပြဿနာများနှင့် စိတ်ဝမ်းကွဲခြင်းများကို ဖန်တီးဖို့ ရှာကြံနေသောသူများရှိပါသည်။ တစ်ခါတစ်ရံတွင် ဤပုဂ္ဂိုလ်များကို စည်းကမ်းဖြင့်အရေးယူအပြစ်ပေးဖို့ လိုအပ်ပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်မှာ အသင့်အတင့်နေခြင်းကို ရှာကြံခြင်းဖြစ်ဖို့ လိုအပ်သည်။

အခန်းငယ် ၁၁ တွင် တမန်တော်ကြီးက ယုံကြည်သူများသည် အသင့်အတင့်နေခြင်းကို ရှာကြံရုံသာမဟုတ်၊ မှီအောင်လိုက်၍ဖမ်းဖို့လိုအပ်ကြောင်း ဖော်ပြခဲ့သည်ကို သတိပြုပါ။ အသင့်အတင့်နေခြင်း(ငြိမ်းချမ်းရေး)ဆိုသည်မှာ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်သောအရာဖြစ်သည်။ အသင့်အတင့်နေခြင်း(ငြိမ်းချမ်းရေး)ကို တစိုက်မတ်မတ်မရှာကြံပါက၊ ၎င်းသည်အလျင်အမြန်ပျောက်ကွယ်သွားပါလိမ့်မည်။ အပြစ်ဒုစရိုက်နှင့်ပြည့်နေသော လောကကြီးတွင် ကျွန်ုပ်တို့သူတစ်ပါးကို တောင်းပန်ဖို့မကြာခဏလိုအပ်ပါလိမ့်မည်။ ကျွန်ုပ်တို့ကိုပြစ်မှားစော်ကားသောသူများကို ခွင့်လွှတ်ပေးဖို့ မကြာခဏလိုအပ်ပါလိမ့်မည်။ လင်နှင့်မယားကြား၌လည်းကောင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာရှိ အသင်းဝင်များအကြား၌လည်းကောင်း မြောက်မြားစွာသောအရာများ ဝင်ရောက်လာနိုင်ပါသည်။

ရန်သူသည် ခရစ်တော်၏ကိုယ်ခန္ဓာ၌ စိတ်ဝမ်းကွဲခြင်းကို ဖန်တီးဖို့အစွမ်းကုန် ကြိုးစားအားထုတ်မည်မှာသေချာသည်။ တစ်ခါတစ်ရံတွင် အသင့်အတင့် နေထိုင်ခြင်းကို မှီအောင်လိုက်ရန်မှာ ခက်ခဲပါလိမ့်မည်။ သို့သော်ငှင်းသည် ကျွန်ုပ်တို့နှင့် မိတ်ဆွေလူသားချင်းများကြား၌ ကြိုးစားလုပ်ဆောင်၍ ထိန်းသိမ်းစောင့်ရှောက်ရမည့်အရာဖြစ်သည်။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ဘုရားသခင်သည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၍သူတို့၏ အော်ဟစ်ဆုတောင်းသံကိုလည်း နားညောင်တော်မူသော်လည်း ဒုစရိုက်ပြုသောသူတို့ကိုကား မျက်နှာလွှဲတော်မူသည်ဟု အသိပေးရင်း မိမိ၏အားပေးတိုက်တွန်းချက်ကို အဆုံးသတ်ထားသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကို ကျွန်ုပ်တို့မည်သို့ပြုမူဆက်ဆံနေသည်ကို ဘုရားသခင်မြင်နေပါသည်။ သူတို့အပေါ်၌ပြောသောစကားလုံးများ၊ သူတို့အပေါ်၌မည်သို့ပြုလုပ်ကြသည်ကိုလည်း သိနေပါသည်။ သခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ကို အရှက်ရစေခြင်း (ဂုဏ်အသရေညှိုးစေခြင်း)သည် ဘုရားသခင်ကို ဝမ်းနည်းပူဆွေးစေပါသည်။ သခင်ယေရှုကိုချစ်၍ သခင်ယေရှု၏ချစ်ခြင်းမေတ္တာကို အသက်တာ၌ ခံစားရသောသူများသည် ငှင်းတို့၏အိမ်နီးချင်းများနှင့် တညီတညွတ်တည်းဖြင့် အသင့်အတင့်နေထိုင်ရန် ရှာကြံကြပါသည်။ သူတို့သည်ကိုယ့်ကိုယ်ကို စည်းလုံးညီညွတ်ကိုဖြစ်စေသောသူ၊ စိတ်ဝမ်းကွဲခြင်းကို ဖြစ်စေသောသူများအဖြစ်ကို လိုချင်ကြမည်မဟုတ်ပါ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်အနေဖြင့် ရိုသေလေးစား၍ဂုဏ်ပြုဖို့ အခက်အခဲတွေ့နေရသည့် ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ရှိပါသလား။ ဤကျမ်းချက်

ကသင့်ကိုမည်သည့်အရာအား ပြောပြနေပါသနည်း။

- သခင်ခရစ်တော်၌တည်သောသင့်ရဲ့ညီအစ်ကိုမောင်နှမတစ်ယောက်၏နာကျင်မှုကို သင်မျှဝေခံစားပေးပါသလား။ ညီအစ်ကိုမောင်နှမတစ်ယောက်သည် ဝမ်းနည်းပူဆွေးခြင်း (သို့) ပြင်းထန်သောစစ်ကြောစုံစမ်းခြင်းကို ဖြတ်သန်းရသောအခါတွင် သင်မည်သို့တုန့်ပြန်ပါသနည်း။ သခင်ခရစ်တော်၏နာမတော်၌ ယနေ့ပင်ကူညီဖေးမနိုင်မည့်သူတစ်ယောက်ယောက်ရှိပါသလား။
- ကွဲပြားသောအယူအဆများရှိနေသော်လည်း စိတ်တညီတညွတ်တည်းဖြင့် ရှင်သန်နေထိုင်ကြရန်မှာ ဖြစ်နိုင်ပါသလား။
- လူတို့နှင့် အသင့်အတင့် (ငြိမ်းချမ်းစွာ) နေထိုင်ရန်မှာအမြဲဖြစ်နိုင်ပါသလား။ ကျွန်ုပ်တို့နှင့်အသင့်အတင့် (ငြိမ်းချမ်းစွာ)မနေလိုသောသူများကိုကျွန်ုပ်တို့မည်သို့ တုန့်ပြန်ရမည်နည်း။
- သင့်အနီးတဝိုက်မှလူများကို သိက္ခာရှိရှိဖြင့် ရိုသေလေးစားစွာပြုမူဆက်ဆံပါသလး။ စိတ်နှိမ့်ချခြင်းနှင့် ကျွန်ုပ်တို့၏အနီးတဝိုက်မှလူများကို ယဉ်ယဉ်ကျေးကျေးဖြင့် လေးစားစွာဆက်ဆံခြင်းတို့၏ ဆက်စပ်နေပုံကား အဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- သင့်ကိုစိတ်နာကျင် ထိခိုက်စေသောသူများရှိပါသလား။ ထိုသူတို့ကိုမည်သို့ကောင်းကြီးပေးရမည်အကြောင်း ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- ယနေ့တွင် သင့်ဘက်မှငြိမ်းချမ်းရေး တည်ဆောက်ဖို့လူများရှိပါ

သလား။ သင့်ကိုသင်နှိမ့်ချနိုင်ဖို့ စိတ်ဓါတ်ခွန်အားနှင့် ကျေးဇူးတော်ကို ပေးသနားဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

- သင်နှင့်ဆက်ဆံသောသူများကို ရိုသေလေးစားစွာဖြင့် သိက္ခာရှိရှိ ပြုမူဆက်ဆံနိုင်ဖို့ ကူညီမစပေးရန် ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။
- သင့်အနီးတဝိုက်မှလူများနှင့် အသင့်အတင့်ပေါင်းသင်းနေထိုင်နိုင်ဖို့ ဘုရားသခင်ထံ၌ ကျေးဇူးတော်ကို တောင်းလျှောက်ပါ။ ညီအစ်ကိုမောင်နှမတစ်ယောက်နှင့် အသင့်အတင့်ပေါင်းသင်းနေထိုင်ရန် ဟန့်တားနေသည့်အရာကို ဖယ်ရှားပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

# ၂၉
# ဖြောင့်မတ်ခြင်းတရားကြောင့် ဆင်းရဲဒုက္ခခံရခြင်း

၁ ပေ ၃း၁၃-၁၇ ကိုဖတ်ရှုပါ။

ရှင်ပေတရုက သူရေးသားထားသောစာစောင်တွင် ကျွန်ုပ်တို့အား လူများကမကောင်းမှုကိစ္စနှင့်ပါတ်သက်၍ပြောဆိုအောင် နေထိုင်ကြဖို့ စိန်ခေါ်ထားသည်။ ဤအရာသည် ကျွန်ုပ်တို့ကိုပြဿနာများနှင့်ကင်းဝေးစေမည်ဖြစ်သော်လည်း အာမခံချက်တစ်ခုတော့မဟုတ်ပါ။ သခင်ယေရှုကိုပင်လူများက ဆန့်ကျင်ပုတ်ခတ်၍ ပြောဆိုခဲ့ကြသည်။ သူတစ်ပါးကို မစော်ကားမိဖို့ ကျွန်ုပ်တို့ အစွမ်းအစဖြင့် လုပ်နိုင်သမျှကို ပြုလုပ်ကြရမည်။ ကျွန်ုပ်တို့နေထိုင်ရာတိုင်းနိုင်ငံ၏ဥပဒေကိုလိုက်နာလျှင် သာမန်အားဖြင့်မည်သည့်အရာကိုမျှ ကျွန်ုပ်တို့ကြောက်ရွံ့ဖို့မလိုပါ။ ကျွန်ုပ်တို့၏အိမ်နီးချင်းများကို ချစ်ခြင်းမေတ္တာဖြင့် လက်ကမ်းဆက်ဆံပါက သူတို့သည်ကျွန်ုပ်တို့ကို ပြန်လည်ရိုသေလေးစားကြပါလိမ့်မည်။ သို့သော်အကောင်းကိုအဆိုးဖြင့် တုန့်ပြန်သော်သူများလည်းရှိပါလိမ့်မည်။ ကမ္ဘာတစ်ဝှမ်းရှိ ယုံကြည်သူများသည် ကောင်းသောအရာကိုကျင့်သောကြောင့် ဆင်းရဲခြင်းဒုက္ခကို ခံစားနေကြရပါသည်။

ဆင်းရဲခြင်းဒုက္ခနှင့်မစိမ်းသော ရှင်ပေတရုကကောင်းသောအကျင့်ကိုကျင့်၍ သခင်ဘုရားထံ၌ အစေခံခြင်းကစစ်ကြောစုံစမ်းခြင်းများနှင့်လွတ်ကင်းစေမည့်အာမခံချက်ကို မပေးခဲ့ကြောင်းနားလည်သဘောပေါက်ခဲ့သည်။ သူကိုယ်တိုင်က ဘုရားသခင်၏နိုင်ငံတော်အတွက် ဆင်းရဲခြင်းဒုက္ခကိုများစွာ

ခံစားခဲ့သည်။ အခန်းငယ် ၁၄ တွင် ရှင်ပေတရုက ဘုရားသခင်၏ကောင်းကြီး မင်္ဂလာသည် ဖြောင့်မတ်ခြင်းတရားကိုကျင့်သောကြောင့် ဒုက္ခဆင်းရဲခံနေရသောသူများအပေါ်၌ ရှိနေသည်ဟု ရေးသားခဲ့သည်။ ဘုရားသခင်သည် မိမိ၏ သားသမီးများဒုက္ခဆင်းရဲခံနေကြသည်ကို သိရှိပြီး၊ ထိုဆင်းရဲခြင်းဒုက္ခ၌ သစ္စာရှိတည်ကြည်မှုအတွက် သူတို့ကိုဆုပေးပါလိမ့်မည်။

အခန်းငယ် ၁၄ တွင် ရှင်ပေတရုက ယုံကြည်သူတို့အားညှဉ်းပန်းနှိပ်စက်ခြင်းကိုရင်ဆိုင်ရသောအချိန်မ၌ မလွှဲသာမရှောင်သာရောက်ရှိလာမည့် ကြောက်ရွံ့ထိတ်လန့်ခြင်းကိုတွန်းလှန်ကြဖို့မိန့်မှာခဲ့သည်ကို သတိပြုပါ။ ကြောက်ရွံ့ထိတ်လန့်ခြင်းသည်နားလည်ပေး၍ရသော တုန့်ပြန်မှုတစ်ခုဖြစ်သော်လည်း ၎င်းသည်ကျွန်ုပ်တို့၏ အာရုံစူးစိုက်မှုကို ဘုရားသခင်ထံမှ ဖယ်ရှားပစ်ပါလိမ့်မည်။ ကြောက်ရွံ့ထိတ်လန့်ခြင်းက ဘုရားသခင်သည်ကျွန်ုပ်တို့ရင်ဆိုင် နေရသောအခြေအနေကို ထိန်းချုပ်နေပါသည်ဟူသောအချက်နှင့် ကျွန်ုပ်တို့၌ ဖြစ်ပျက်နေသောအရာများကိုတွေ့မြင်နေပါသည်ဟူသောအချက်ကို မေ့ပျောက်သွားစေပါသည်။ ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့် ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းတို့သည် အတူယှဉ်တွဲ၍ မရှိနိုင်ပါ။ ဘုရားသခင်ကို အပြည့်အဝ ယုံကြည်ကိုးစား၍စိတ်ချသောအချိန်တွင် ထိုအရာသည် ကျွန်ုပ်တို့၏ကြောက်ရွံ့ထိတ်လန့်ခြင်းကို ဖယ်ရှားပစ်ပါလိမ့်မည်။

ရှင်ပေတရုကမိမိ၏စာဖတ်ပရိသတ်တို့အား ယုံကြည်သူများအနေဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းကို တွန်းလှန်နိုင်မည့်တစ်ခုတည်းသောနည်းလမ်းမှာ ၎င်းတို့၏စိတ်နှလုံးထဲ၌ သခင်ခရစ်တော်ကို အရှင်သခင်အဖြစ်ခွဲခန့်သတ်မှတ်ခြင်းဖြစ်သည်ဟု အသိပေးထားသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည်သခင်ခရစ်တော်ကို အသက်တာ၏အဓိကအလေးထားရာအဖြစ် သတ်မှတ်၍ကျွန်ုပ်တို့၏ အသက်တာကို သူ့ထံ၌အရာခပ်သိမ်းကို ပိုင်သအုပ်စိုးစီရင်သောသူအဖြစ် ဝန်ခံ

အပ်နှံရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝလမ်းခရီး၌ ရောက်လာသောအခြေအနေများအားလုံးအပေါ်၌ အရှင်သခင်ဖြစ်သည်ဟု အသိအမှတ်ပြုဝန်ခံခြင်းကိုလည်း ဆိုလိုသည်။ စုံစမ်းနှောက်ယှက်ခြင်းမှာ မကောင်းမှုဒုစရိုက်ကပို၍ တန်ခိုးရှိသယောင် ရှုမြင်ခြင်းပင်ဖြစ်သည်။ သို့သော်သခင်ဘုရားသည် ကျွန်ုပ်တို့အသက်တာ၌ ဖြစ်လာနိုင်သည့် မကောင်းမှုများအားလုံးထက်သာ၍ ကြီးမြတ်တော်မူသည်။ သူသည်ပတ်ဝန်းကျင်အခြေအနေအားလုံးနှင့် ခပ်သိမ်းသော စစ်ကြောစုံစမ်းခြင်းတို့၏ အရှင်သခင်ဖြစ်သည်။

သတေဖန်သည် ကျောက်ခဲဖြင့်ပစ်ပေါက်ခြင်းဖြင့် အဆုံးစီရင်ခြင်းမခံရမီတွင် ကောင်းကင်သို့မော့ကြည့်ရာ ဘုရားသခင်၏ဘုန်းတော်ကိုလည်းကောင်း၊ ဘုရားသခင်၏လက်ျာဘက်၌ သခင်ယေရှုရပ်နေသည်ကိုလည်း ကောင်းတွေ့မြင်ခဲ့သည် (တမန်တော် ၇း၅၅)။ ဤအချင်းအရာကြောင့် သတေဖန်သည် စစ်ကြောစုံစမ်းခြင်းကို ရင်ဆိုင်ရန်ခွန်အားသစ်များရရှိခဲ့သည်။ ကျွန်ုပ်တို့အခက်အခဲအန္တရာယ်ကျရောက်ချိန်က ကျွန်ုပ်တို့၏စိတ်အာရုံကို သခင်ယေရှု၌စူးစိုက်ထားရမည်။ သူသည်ဤစကြာဝဠာကြီးကို ပိုင်သအုပ်စိုးစီရင်တော်မူသောအရှင်ဖြစ်သည်။ သူသည်အရာခပ်သိမ်း၏အရှင်ဖြစ်သည်။ တစ်နေ့တွင် လူတိုင်းသည် သူ့ရှေ့တွင်ဒူးထောက်ကြရမည်။ သူမထိန်းချုပ်သောအရာမရှိပါ။ သူ့ကိုတိုက်ရိုက်အနိုင်ယူနိုင်သော ရန်သူမရှိပါ။ ကျွန်ုပ်တို့သည်သူ့ရဲ့လက်ထဲတွင် ရှိနေကြပြီး အသက်တာ၌လိုအပ်ချက်များ ရှိလာသောအချိန်တွင် သူထံ၌ဝန်ခံအပ်နှံကြပါသည်။ သူ့ကိုအရှင်သခင်အဖြစ် အသိအမှတ်ပြုဝန်ခံခြင်းက ကျွန်ုပ်တို့ကိုစစ်ကြောခြင်းများအလယ်၌သာ၍ နက်ရှိုင်းသောငြိမ်သက်ခြင်းဖြင့် လျှောက်လှမ်းနိုင်ရန် စွမ်းဆောင်ပေးပါသည်။

သခင်ခရစ်တော်ကို အရှင်သခင်အဖြစ် ခွဲခန့်မှတ်သားခြင်းသည် အသက်တာ၏ အဖြစ်အပျက်များနှင့် ပတ်ဝန်းကျင်အခြေအနေများအားကို

သခင်ယေရှုကထိန်းချုပ်နေပါသည်ဟု အသိအမှတ်ပြုခြင်းထက်ပိုပါသည်။ သူ့ကိုနာခံခြင်းဖြင့်လျှောက်လှမ်းခြင်းကိုလည်းဆိုလိုသည်။ သူကအရှင်သခင်ဖြစ်လျှင် ကျွန်ုပ်မှာနာခံမှုရှိသောအစေခံဖြစ်ရမည်ဟု အသိအမှတ် ပြုဝန်ခံခြင်းဖြစ်သည်။ စစ်ကြောစုံစမ်းခြင်းများအလယ်တွင် အေးရာအေးကြောင်း၊ အဆင်ပြေရာပြေကြောင်းပြုလုပ်မိရန်မှာ အလွန်လွယ်ကူသည်။ သို့သော် ဤစစ်ကြောစုံစမ်းခြင်းများတွင် သခင်ယေရှု၌ကျွန်ုပ်တို့ပိုင်ဆိုင်ထားသည့် အမှန်တရားကို ဤလောကီသားများအား စစ်မှန်စွာသက်သေပြနိုင်သည်။ လောကီသားများသည် သခင်ယေရှုကိုကျွန်ုပ်တို့အသက်တာ၌ ခက်ခဲကျပ်တည်းသောကာလများတွင် ပို၍ထင်ရှားစွာတွေ့မြင်ကြသည်။ သူတို့သည် သခင်ယေရှု၏အောင်နိုင်ခြင်းတန်ခိုးတော်ကို တွေ့မြင်ကြသည်။ စစ်ကြောစုံစမ်းခြင်းများကို ခရစ်ယာန်များက မည်သို့ကျော်ဖြတ်အောင်နိုင်ကြသည်ကို လောကီသားများ တွေ့မြင်ဖို့ လိုအပ်သည်။ ဆင်းရဲဒုက္ခကို ကျေးဇူးတော်နှင့်တကွ ဝမ်းမြောက်ခြင်း၊ သစ္စာရှိ ခြင်းတို့ဖြင့် ရင်ဆိုင်ကြသောခရစ်ယာန်များကို သူတို့တွေ့မြင်ဖို့လိုသည်။ ကျွန်ုပ်တို့ကိုပြစ်မှားစော်ကားသောသူများကိုချစ်၍ခွင့်လွှတ်ပေးရန် ဘုရားသခင်၏တန်ခိုးတော်ကို ကျွန်ုပ်တို့ထဲ၌သူတို့တွေ့မြင်ဖို့လိုအပ်သည်။ ကျွန်ုပ်တို့ခံရသောဆင်းရဲဒုက္ခ၌ ဘုရားသခင်၏ကျေးဇူးတော်နှင့် ဂရုဏာတော်အား သက်သေပြကြသည်ကို သူတို့တွေ့မြင်ကြသည်။ ဤအချင်းအရာက ကျွန်ုပ်တို့၏ ခက်ခဲရုန်းကန်မှုများ၌ ထိုကဲ့သို့သောမျှော်လင့်ချက်နှင့် စိတ်ချယုံကြည်မှုများ အဘယ့်ကြောင့်ရှိနေကြသည်ကို ကျွန်ုပ်တို့အားမေးမြန်းဖို့သူတို့ကိုဖြစ်စေခဲ့သည်။ ဤမျှော် လင့်ချက်အဘယ်ကြောင့်ရှိရသည်ကို ပြောဆိုဝေငှရန်အဆင်သင့်ဖြစ်နေကြဖို့ ရှင်ပေတရုကယုံကြည်သူများကို စိန်ခေါ်ခဲ့သည် (ငယ် ၁၅)။ ကျွန်ုပ်တို့ရင်ဆိုင် ကြုံတွေ့ရသောစစ်ကြောခြင်းများ၌ သခင်ခရစ်တော်ကို နာခံခြင်းနှင့် သစ္စာရှိရှိရှင်သန်လျှောက်လှမ်းသောသူများအားလုံး အတွက်

ဘုရားသခင်ပေးကမ်းထားသော မျှော်လင့်ချက်နှင့်ကျေးဇူးတော်၏ ထိရောက်မှုရှိသောသက်သေခံချက်တစ်ခုဖြစ်သည်။

ဤမျှော်လင့်ချက်ကို ပြောဆိုဝေငှရန် သင့်တင့်လျှောက်ပတ်သောနည်းလမ်းတစ်ခုရှိကြောင်းကို သတိပြုပါ။ ကျွန်ုပ်တို့သည် နူးညံ့သောသဘော၊ လေးစားကြောက်ရွံ့သောသဘောနှင့် အတူသက်သေခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ နာကျင်မှုများ၌ပင်ကျွန်ုပ်တို့ကို အနာတရဖြစ်စေသောသူများအားပြန်လည်တုန့်ပြန်ရာတွင် ဤနူးညံ့ခြင်းနှင့် ရိုသေလေးစားခြင်းကို ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်တစ်ပါးတည်းကသာပေးသနားနိုင်ပါသည်။ ဒါဝိဒ်သည်ဤအချက်၏ ရှင်းလင်းပြတ်သားသော ဥပမာတစ်ခုဖြစ်သည်။ သူသည်ရှောလုကို ဣသရေလလူမျိုးများအားဦးဆောင်ဖို့ဘုရားသခင်ရွေးကောက်တင်မြှောက်ထားသောသူ အဖြစ် အမြဲလေးစားခဲ့သည်။ ရှောလုကဒါဝိဒ်ကိုသတ်ဖို့ကြိုးစားသောအချိန်၌ပင် ဒါဝိဒ်သည်သူ့ကိုဘုရားသခင်ရွေးကောက်တင်မြှောက်ခဲ့သောသူအဖြစ် ဆက်လက်၍ ရိုသေလေးစားခဲ့သည်။ သူရှောလု၏မကောင်းမှုများကိုပြောဖို့ ငြင်းဆိုခဲ့သည်။ သူသည် ရှောလု၏လုပ်ရပ်များကို မချီးကျူးခဲ့သော်လည်း ရှောလုအကြောင်းသူပြောဆိုမှုနှင့် ရှောလုအပေါ်၌လုပ်ရပ်တို့တွင် နက်နဲသေရိုသေ လေးစားမှုကို ပြသခဲ့ပါသည် (၁ရာ ၂၄း၉-၁၁၊ ၂၃-၂၄ ကိုကြည့်ပါ)။

ကျွန်ုပ်တို့လုပ်ဆောင်သောအရာအားလုံးတွင် ဘုရားသခင်၏မျက်မှောက်တော်၌ ဩတပ္ပစိတ်ကြည်လင်စွာဖြင့် လုပ်ဆောင်ကြရမည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့အကြောင်း သွားပုတ်လေလွင့်ပြောဆိုသူများအား နောက်ဆုံးတွင်အရှက်ခွဲခြင်းနှင့်ကြုံတွေ့ရမည်ဖြစ်သည်။ သူတို့၏လိမ်လည်ပြောဆိုမှုများကိုလူများကသိမြင်လာကြပါလိမ့်မည်။ ကျွန်ုပ်တို့၏နေထိုင်ကျင့်ကြံပုံနှင့် ကောက်ကျစ်ယုတ်မာသောတိုက်ခိုက်ခံရမှုများကို ကျွန်ုပ်တို့တုန့်ပြန်ပုံတွင် လူတို့ကအမှန်

တရားကို တွေ့မြင်ကြပါလိမ့်မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဒံယေလ၏ပြုလုပ်ဆောင်ရွက်မှုများကို အပြစ်ရှာစွပ်စွဲဖို့ အကြောင်းအရင်းများကို ထိုခေတ်ကာလမှ အရပ်ဘက်အုပ်ချုပ်ရေးအာဏာပိုင်များက ကြိုးစားရှာကြံသောအခါ သူတို့မှာမတတ်စွမ်းနိုင်ခဲ့ကြပါ။ အကြောင်းမှာ ဒံယေလသည် မိမိလက်အောက်ရှိ စီမံအုပ်ချုပ်ရေးကိစ္စရပ်များတွင် သစ္စာရှိခဲ့သောကြောင့်ဖြစ်သည် (ဒံယေလ ၆း၄-၅)။ ကျွန်ုပ်တို့၏အသက်တာကိုလည်း ထိုအတိုင်းပင် ရှင်သန်ကြရမည်ဖြစ်သည်။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား မကောင်းမှုဒုစရိုက်ပြုလုပ်ခြင်းထက် သခင်ဘုရား၏အလိုတော်အတိုင်း ကောင်းသောအကျင့်ကိုကျင့်ကြံခြင်းအတွက် ဆင်းရဲဒုက္ခခံရသည်က ပို၍ကောင်းပါသည်ဟု အသိပေးခြင်းဖြင့် နိဂုံးချုပ်ထားခဲ့သည်။ ယုံကြည်သူများဖြစ်ကြသည်နှင့်အညီ အခြေအနေအကြောင်းကိစ္စရပ်များသည် ကျွန်ုပ်တို့အတွက် အမြဲလွယ်ကူနေမည်မဟုတ်ပါ။ ဆန့်ကျင်ဘက်ပြုခံရခြင်းနှင့် ခက်ခဲကျပ်တည်းခြင်းများကို ရင်ဆိုင်ဖို့ဘုရားသခင်က ကျွန်ုပ်တို့ကို ဆင့်ခေါ်သောအချိန်များရှိလာပါလိမ့်မည်။ အသက်တာ၌ ဤစစ်ကြောစုံစမ်းခြင်းများကို ကျွန်ုပ်တို့ရင်ဆိုင်ကြသည်နှင့်အမျှ သခင်ခရစ်တော်ကို အရှင်သခင်အဖြစ်နှင့် ကျွန်ုပ်တို့ကိုယ့်ကိုယ်ကိုဆက်ကပ်အပ်နှံ၍အလိုတော်ကို သစ္စာရှိစွာဖြင့်နာခံရင်း လျှောက်လှမ်းအသက်ရှင်ရမည်ဖြစ်သည်။ သခင်ဘုရားက သူသတ်မှတ်ထားသောပြည့်စုံကောင်းမွန်သည့်အချိန်တွင် ကျွန်ုပ်တို့ကိုဆုလက်ဆောင်ပေးမည့်အကြောင်းကို အသိအမှတ်ပြုရင်း ကျွန်ုပ်တို့ရင်ဆိုင်ရသော စစ်ကြောခြင်းများ၌ သူ့ကိုယုံကြည်ကိုးစားကြရမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ယုံကြည်သူများသည် သခင်ဘုရားနှင့်သစ္စာရှိရှိ ရှင်သန်လျှောက်လှမ်းနေချိန်တွင်ပင် ဆင်းရဲဒုက္ခခံရသည့်အကြောင်းနှင့် စပ်လျဉ်း၍ ဤကျမ်းချက်ကမည်သည့်အရာကို သွန်သင်ပေးထားပါသနည်း။ သခင်ဘုရားကို နာခံခြင်းက ဆင်းရဲဒုက္ခကို မခံစားရဖို့အာမခံပေးပါသလား။
- စစ်ကြောစုံစမ်းခြင်းတွင် ကျွန်ုပ်တို့ကြောက်ရွံ့ထိတ်လန့်ကြသည့်အဖြစ်သည် အဘယ့်ကြောင့်အရေးပါသနည်း။ ကြောက်ရွံ့ထိတ်လန့်ခြင်းသည် ယုံကြည်သူများအား မည်သို့ဖြစ်စေပါသနည်း။ ကြောက်ရွံ့ထိတ်လန့်ခြင်း၌ အညံ့ခံမည့်အစား ကျွန်ုပ်တို့အတွက်ထားရှိသောသခင်ဘုရား၏ အလိုတော်ကားအဘယ်နည်း။
- သခင်ခရစ်တော်ကို အရှင်သခင်အဖြစ် စိတ်နှလုံးထဲ၌တိတိကျကျသတ်မှတ်ခွဲခန့်ထားခြင်း၏ ဆိုလိုရင်းကားအဘယ်နည်း။ ဤဘဝ၏စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်ရန်ဤအချက်က ကျွန်ုပ်တို့ကိုမည်သို့စွမ်းဆောင်ပေးပါသနည်း။
- စစ်ကြောစုံစမ်းခြင်းများကို သက်သေဖြစ်ခြင်းတန်ဆာအဖြစ် ဘုရားသခင်ကမည်သို့အသုံးပြုပါသနည်း။ သင်ရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်းများအလယ်တွင် သက်သေကောင်းတစ်ယောက်အမြဲဖြစ်နေခဲ့ပါသလား။
- ကျွန်ုပ်တို့၏ရန်သူများကို လေးစားခြင်းနှင့်စပ်လျဉ်း၍ ရှင်ပေတရုကမည်သို့ပြောခဲ့ပါသနည်း။ ဤအရာကို သင့်အသက်တာ၌ လက်တွေ့ရှင်သန်ပြသဖူးပါသလား။

**ဆုတောင်းရန်အချက်များ**

- အသက်တာ၌ သင်ရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်းအားလုံး ကျော်ဖြတ်၍ သင့်ကို ခေါ်ဆောင်သွားနိုင်သောကြောင့် ကျေးဇူးတင် ချီးမွမ်းပါ။ သင်ရင်ဆိုင်ရသော စစ်ကြော စုံစမ်းခြင်းများအလယ်၌ပင် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများမှာ သင့်အတွက် အလျှံအပယ် ရှိနေသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်အသက်တာရှိ ကြောက်ရွံ့ထိတ်လန့်ခြင်းအားလုံးကို အောင်မြင် ကျော်ဖြတ်နိုင်ဖို့ ကူညီမစပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။ သူ့ကိုပို၍ ပြည့်ပြည့်ဝဝ ယုံကြည်ကိုးစားနိုင်ဖို့ ကူညီမစပေးရန် တောင်းလျှောက်ပါ။
- သင်သည် ယနေ့တွင် စစ်ကြောစုံစမ်းခြင်းတစ်ခုကို ရင်ဆိုင်နေပါ သလား။ သင့်စိတ်နှလုံးထဲ၌ သင်ခင်ဘုရားကို အရှင်သခင်အဖြစ် တိတိကျကျ ခွဲခန့်မှတ်သားနိုင်ရန် စွမ်းဆောင်းပေးဖို့ တောင်းလျှောက်ပါ။
- သင်ရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်း၌ သင့်အားစိတ်နှိမ့်ချ၍ သစ္စာရှိသောသူအဖြစ် ဆက်လက်ထားရှိရန် ဘုရားသခင်ကို တောင်း လျှောက်ပါ။ ထိုသို့အားဖြင့် သင်သည် လောကီသားများရှေ့တွင် အပြုသဘောဆောင်သော သက်သေတစ်ပါးဖြစ်လာပါလိမ့်မည်။
- သင့်ရဲ့ရန်သူကို သင်လေးစားတတ်ဖို့ သွန်သင်ပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။ သခင်ဘုရားနှင့်အတူ သင်လျှောက်လှမ်း ရှင်သန်ရာတွင် သင့်ကို ပုံစံသွင်းပေးဖို့ ထိုရန်သူများကို တန်ဆာပလာ အဖြစ် သခင်ဘုရားက အသုံးပြုမည်ဖြစ်သောကြောင့် ကျေးဇူးတင် ချီးမွမ်းပါ။

## ၂၈
## သခင်ခရစ်တော်လုပ်ဆောင်ခဲ့သောအမှု

၁ ပေ ၃း၁၈-၂၂ ကိုဖတ်ရှုပါ။

ကျွန်ုပ်တို့၏ စစ်ကြောစုံစမ်းခြင်းများနှင့် ခက်ခဲပင်ပန်းခြင်းများ အလယ်တွင် ရှင်ပေတရုက ယုံကြည်သူတို့အား ၄င်းတို့၏ စိတ်နှလုံးထဲတွင် သခင်ယေရှုကို အရှင်သခင်အဖြစ် ခွဲခန့်သတ်မှတ်ထားရန် စိန်ခေါ်ခဲ့သည်။ အခန်းကြီး ၃ ၏ ဤနောက်ဆုံးအပိုင်းတွင် ရှင်ပေတရုက ယုံကြည်သူတို့အား ၄င်းတို့အတွက် သခင်ယေရှု လုပ်ဆောင်ခဲ့သောအရာကို ပြန်လည်အသိပေးခဲ့သည်။

အခန်းငယ် ၁၈ တွင် တမန်တော်ကြီးက သခင်ယေရှုသည် အပြစ်ဒုစရိုက်ကြောင့် အသေသတ်ခြင်းကို တစ်ကြိမ်တည်းဖြင့် အားလုံးအတွက် (once for all) ခံတော်မူသည်ဟု ရေးသားခဲ့သည်။ "အားလုံး" (all) ဟူသော စကားလုံးကို အဓိပ္ပါယ်အမျိုးမျိုးဖြင့် ဘာသာပြန်ထားကြသည်။ ပထမ ဘာသာပြန်ထားချက်မှာ သခင်ယေရှုကားတိုင်ထက်၌ အသေခံသောအချိန်တွင် သူသည်တစ်ကြိမ်တည်းဖြင့် အမြဲတမ်းအတွက် အသေခံခဲ့သည်ဟူ၍ ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အခြားသေခြင်း နောက်ထပ်လိုအပ်တော့မည် မဟုတ်ပါ။ ဤတစ်ခုသော သေခြင်းက ၄င်းအားဖြင့် ဘုရားသခင် အကောင်အထည်ဖော် ပြီးမြောက်ပြည့်စုံဖို့ ရည်ရွယ်ထားသည့်အရာ အားလုံးကို အထမြောက်ပြည့်စုံစေရန် လုံလောက်ပါသည်။

ဒုတိယ ဘာသာပြန်ထားချက်မှာ သခင်ခရစ်တော်သည် တစ်ကြိမ်တည်းဖြင့် အပြစ်ဒုစရိုက်အားလုံးအတွက် အသေခံတော်မူခဲ့သည် ဟူသော အယူအဆဖြစ်သည်။ ကျွန်ုပ်တို့ကျူးလွန်ခဲ့သော အပြစ်နှင့် ကျွန်ုပ်တို့ကျူးလွန်မည့်အပြစ်သည် သခင်ယေရှု၏တစ်ကြိမ်အသေခံခြင်း၏ လွှမ်းခြုံထားခြင်းကို ခံကြရသည်။ ဓမ္မဟောင်းခေတ်ကာလတွင် ထောင်သောင်းချီသော နွားနှင့်ဆိတ်များကို အသေသတ်ခဲ့ကြသော်လည်း ၎င်းတို့သည် အပြစ်ဒုစရိုက်အားလုံးကိုလွှမ်းခြုံနိုင်စွမ်းမရှိခဲ့ကြပါ။ သခင်ယေရှု၏သေခြင်းကကျွန်ုပ်တို့၏အပြစ်ဒုစရိုက်အားလုံးကိုခွင့်လွှတ်ပေးခဲ့သည်။

တတိယအနေဖြင့် "အားလုံး"ဟူသော စကားလုံး၏အခြားအယူအဆရှိသေးသည်။ သခင်ယေရှုခရစ်၏ တစ်ကြိမ်အသေခံခြင်းက အထံတော်သို့ရောက်ရှိလာကြမည့်သူများအားလုံး (မည်သူမဆို)၏ အပြစ်များကို ခြုံလွှမ်းခဲ့သည်ဟူ၍ဖြစ်သည်။ အထံတော်သို့ရောက်ရှိလာကြမည့်သူများအားလုံးအတွက် အပြစ်လွှတ်ခြင်းနှင့် အပြစ်ဆေးကြောသန့်စင်ခြင်းရှိပါသည်။

အခန်းငယ် ၁၈ တွင် သခင်ယေရှုအသေခံခြင်းသည် မဖြောင့်မတ်သောသူများအတွက် ဖြောင့်မတ်သောသူ၏သေခြင်းဖြစ်ကြောင်းကို သတိပြုပါ။ မဖြောင့်မတ်သောသူများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည်သခင်ဘုရား၏ အမျက်ဒေါသအောက်၌ရှိနေခဲ့ကြသည်။ ကျွန်ုပ်တို့မှာ အပြစ်ပေးစီရင်ခြင်းနှင့်ထိုက်တန်ခဲ့ကြသည်။ အခြားတစ်ဖက်တွင် သခင်ယေရှုမှာ ဖြောင့်မတ်သောသူဖြစ်ခဲ့သည်။ သူ့တွင်အပြစ်သဘောသဘာဝမရှိခဲ့၍ အပြစ်ဒုစရိုက်ကိုလည်း မကျူးလွန်ခဲ့ပါ။ သူသည်ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်အတွက် အဖိုးအခကိုပေးခဲ့သောဘုရားသခင်၏ ပကတိပြည့်စုံတော်မူသော သိုးသူငယ်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ အံ့ဖွယ်ချစ်ခြင်းမေတ္တာတရားကို ဤကျမ်းပိုဒ်၌တွေ့ရပါသည်။ သခင်ယေရှု၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အနေဖြင့် သူနှင့်ဆက်ဆံ

ရင်းနှီးခွင့်ကို ရရှိမည်အကြောင်း သူမကျူးလွန်ခဲ့သောအပြစ်ဒုစရိုက်များအတွက် အဖိုးအခကိုပေးရန် မိမိ၏အသက်ကိုလိုလိုလားလား ပေးဆပ်လိုသောချစ်ခြင်း မေတ္တာမျိုးဖြစ်သည်။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ယေရှုသည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကိုခံခဲ့ရသော်လည်း သေခြင်းတရားသည် သူ့ကိုဆွဲမထားနိုင်ခဲ့ပါဟု ဆက်လက်၍ပြောခဲ့သည်။ ဘုရားသခင်၏ အပြစ်မဲ့ သောသားတော်ဖြစ်သည့် အားလျော်စွာ သူသည်သင်္ချိုင်းမှရုပ်ခန္ဓာအားဖြင့် ရှင်ပြန်ထမြောက်ခဲ့သည်။ သူသည်အပြစ်ဒုစရိုက်နှင့်သေခြင်းကိုအောင်နိုင်ခဲ့ သည်။ သူ့ရဲ့အောင်နိုင်ခြင်းက ကျွန်ုပ်တို့ကိုမျှော်လင့်ချက်ပေးခဲ့သည်။

အခန်းငယ် ၁၉တွင် ရှင်ပေတရုကမိမိ၏စာဖတ်ပရိသတ်တို့အား ဘုရားသခင်၏ဝိညာဉ်တော်သည် သခင်ခရစ်တော်ကို အသက်ရှင်ခြင်းသို့ ရောက်စေသောအခါ သူသည်နောဧခေတ်မှ နာခံခြင်းမရှိခဲ့ကြသော အကျဉ်း ကျနေသည့် ဝိညာဉ်များထံသို့သွား၍ တရားဟောခဲ့ကြောင်းအား မည်သို့ပြော ပြခဲ့သည်ကို သတိပြုပါ။ ဤကျမ်းပိုဒ်သည်အနက်ဖွင့် ရှင်းလင်းချက်ရေးသား သောသူများကို ပြဿနာပေးခဲ့သောကြောင့် ဤနေရာ၌အတိုချုပ်လေ့လာသုံး သပ်ရန်လိုအပ်သည်။

ဤကျမ်းချက်တွင် ရှင်ပေတရုသည် နောဧ၏သမိုင်းကို အဘယ့် ကြောင့်ဖေါ်ပြခဲ့ပါသနည်း။ ကျွန်ုပ်တို့အတွက် သခင်ယေရှုကားတိုင်ထက်၌ ပြုလုပ်သွားခဲ့သည့်အမှုကို ဥပမာသုံး၍ရှင်းပြလိုသောကြောင့်ဟု ထင်ပါသည်။ နောဧတို့၏ခေတ်ကာလတွင် ဘုရားသခင်သည် ကြီးမားသောရေလွှမ်းမိုးမှုကြီး တစ်ခုကို စေလွှတ်ခြင်းဖြင့် အပြစ်ဒုစရိုက်နှင့်ပုန်ကန်ခြင်းကို တရားစီရင်ဖို့ ရွေး ချယ်ခဲ့သည်။ ရေကြီးခြင်းသည် ကမ္ဘာကြီးကိုလွှမ်းခြုံ၍ သင်္ဘောကြီးအားဖြင့် ကွယ်ကာခြင်းမခံရသော ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များနှင့် အသက်ရှင်

သောသတ္တဝါများအားလုံးကို ဖျက်ဆီးခဲ့သည်။ ဤသည်မှာ အပြစ်ဒုစရိုက်ကို စီရင်သော ဘုရားသခင်၏မဟာတရားစီရင်ခြင်းဖြစ်ခဲ့သည်။

ကျွန်ုပ်တို့သည်လည်း နောဧ၏ခေတ်ကာလမှလူများကဲ့သို့ ဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၌ လမ်းပျောက်ကာဘုရားသခင်၏ တရားစီရင်ခြင်းအောက်တွင် ရှိခဲ့သည်။ ဤကဲ့သို့သော အခြေအနေတွင်သခင်ယေရှုသည် ပြဿနာဖြေရှင်းချက်တစ်ခုကို ပေးကမ်းရန်ကြွဆင်းလာခဲ့သည်။ သူသည် လုံခြုံစိတ်ချရသော သင်္ဘောတစ်စီးကိုပေးခဲ့သည်။ သူကိုယ်တိုင်က ကျွန်ုပ်တို့၏သင်္ဘောကြီးဖြစ်သည်။ သူ့အားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်စီရင်ခြင်းရေကို ဖြတ်သန်းနိုင်ခဲ့ကြလိမ့်မည်ဖြစ်သည်။ နောဧသင်္ဘောကြီး၏ အပြင်ဘက်၌ရှိနေခဲ့သောသူများကဲ့သို့ပင်၊ သခင်ခရစ်တော်၏အပြင်ဘက်၌ရှိနေသောသူများအားလုံး ဒဏ်ခတ်စီရင်ခြင်းကို ခံရမည်။ သို့သော် အထံတော်၌ခိုလှုံသောသူများသည် အပြစ်ဒုစရိုက်အတွက် ဒဏ်ခတ်စီရင်ခြင်းကိုလည်းကောင်း၊ သေခြင်းကိုလည်းကောင်း ကြောက်ရွံ့ထိတ်လန့်ဖို့မလိုတော့ပါ။ အပြစ်ဒုစရိုက်ကို အောင်နိုင်ခြင်းသည် သခင်ယေရှုတစ်ပါးတည်း၌သာဖြစ်တည်သည်။

ရှင်ပေတရုကနောဧ၏ မိသားစုများဖြတ်သန်းကျော်လွှားခဲ့သောရေကို ဗတ္တိဇံရေနှင့် နှိုင်းယှဉ်ခဲ့သည်။ သင်္ဘောကြီးထဲသို့ ဝင်ရောက်ရန်ဘုရားသခင်၏ ပေးကမ်းမှုကို ငြင်းပယ်ခဲ့ကြသောသူများအား ဒဏ်ခတ်စီရင်ခဲ့သောရေကို နောဧ၏မိသားစုများက ဘေးကင်းစွာကျော်ဖြတ်ခဲ့ကြသည်။ သခင်ခရစ်တော်ကို ပုံဆောင်ထားသောသင်္ဘော၏ ကွယ်ကာပေးမှုဖြင့် သူတို့သည်ရေကိုကျော်ဖြတ်နိုင်ခဲ့ကြသည်။ ဤသည်မှာ ဗတ္တိဇံခံခြင်းကပြောပြနေသောအရာမဟုတ်ပါလား။ ၎င်းသည်ဘုရားသခင်၏ တရားစီရင်ခြင်းတည်းဟူသော အော်သံပေးနေသည့်ရေမှ ကျွန်ုပ်တို့ကိုကွယ်ကာပေးသည် သခင်ခရစ်တော်လုပ်ဆောင်ခဲ့သောအရာကို ပြောပြနေပါသည်။

အခန်းငယ် ၂၂တွင် ရှင်ပေတရုက သခင်ခရစ်တော်လုပ်ဆောင်ခဲ့သောအမှုကို ထပ်လောင်း၍ ပုံဥပမာဖြင့်ရှင်းပြရန် နောဧ၏အကြောင်းကို အသုံးပြုထားသည်။ နောဧမိသားစုကရေကြီးခြင်းကို ဖြတ်သန်းကျော်လွှားခဲ့ကြသကဲ့သို့ သခင်ယေရှုသည်လည်း သေခြင်းရေကို ဖြတ်သန်းကျော်လွှား၍ ၎င်းတို့ကိုဆောင်နိုင်ခဲ့ကြောင်း အသိပေးထားသည်။ သခင်ယေရှုသည် သေခြင်းမှထမြောက်၍ ဖခမည်းတော်နှင့်အတူပြန်လည်စံမြန်းရန်သွားခဲ့သည်။ ယနေ့တွင်သူသည် ဘုရားသခင်၏လက်ျာဘက်တွင်နေထိုင်ပါသည်။ လက်ျာဘက်လက်သည်ဂုဏ်ကြီးခြင်း၊ ဂုဏ်ပြုခြင်းနေရာကို ကိုယ်စားပြုပါသည်။ ယနေ့တွင်ထိုနေရာမှနေ၍ အုပ်ချုပ်စံမြန်းနေပါသည်။

နောဧ၏ဇာတ်လမ်းသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် သခင်ယေရှုခရစ်လုပ်ဆောင်ခဲ့သော အမှုတော်၏ထိရောက်မှုရှိသော ဥပမာသုံး ရှင်းပြချက်တစ်ခုဖြစ်သည်။ ဤဇာတ်လမ်းအဖြစ်အပျက်တွင် ထာဝရဘုရားသည် သတင်းကောင်းတရားဒေသနာကို ဝေငှရန်အတိုင်းအတာတစ်ခုအထိ သွားခဲ့သည်။ သူသည်အပြစ်ဒုစရိုက်ကို ဆန့်ကျင်၍မိမိ၏အမျက်ဒေါသကို ထုတ်ဖော်ပြသခဲ့ပြီး၊ အပြစ်ဒုစရိုက်၌ကျင်လည်နေသူများ၏ လမ်းပျောက်နေသည့်အပြစ်ကိုလည်း ထုတ်ဖော်ပြသခဲ့သည်။ ဤအဖြစ်အပျက်တွင် သခင်ဘုရားက အပြစ်တရားအပေါ်၌ မိမိ၏တရားစီရင်ခြင်းကိုလည်းကောင်း၊ ထိုအပြစ်ဒုစရိုက်ကိုမည်သည့်အတိုင်းအတာအထိ တရားစီရင်မည်ကိုလည်းကောင်း ပြသခဲ့သည်။ နောဧကိုမိမိ၏ပရောဖက်သဖွယ် အသုံးပြု၍ခိုလှုံကွယ်ကာရာသင်္ဘောကြီးကို ပေးသနားခြင်းဖြင့် လွတ်မြောက်ရာလမ်းကို ပေးကမ်းဝေမျှခဲ့သည်။ ဘုရားသခင်၏ တရားစီရင်ခြင်းမှလွတ်မြောက်ရာ တစ်ခုတည်းသော မျှော်လင့်ချက်မှာ သင်္ဘောကြီးအထဲသို့ ဝင်ရောက်ခြင်းဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ပြသခဲ့သည်။ သင်္ဘောကြီးအထဲ၌ရှိသောသူများသာ ဘုရားသခင်၏တရားစီ

ရင်ခြင်းနှင့် လွတ်ကင်းမည်ဖြစ်သည်။ နောဧ၏သင်္ဘောကြီးသည် ထိုခေတ်ကာလမှလူများအတွက် မေရှိယကလုပ်ဆောင်မည့်အမှုတော်၏ သင်္ကေတတစ်ခုဖြစ်ခဲ့သည်။

မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ရေလွှမ်းမိုးခြင်း၌ဖြစ်ပျက်ခဲ့သည့်အရာကိုလူတို့ပြောဆိုနေခဲ့ကြသည်။ သူတို့က ဘုရားသခင်၏သန့်ရှင်းမြင့်မြတ်ခြင်း၊ ဘုရားသခင်၏ကယ်တင်ခြင်းနည်းကို ယုံကြည်စိတ်ချသောသူများအတွက် ဘုရားသခင်၏ကူညီမစပေးခြင်းတို့ကိုပြောကြသည်။ ဘုရားသခင်သည် နောဧ၏ခေတ်ကာလမှလူများထံ၌ သတင်းကောင်းတရားတော်ကို ဟောကြားခဲ့သည်။ ကယ်တင်ခြင်းလမ်းသည် ကျဉ်းမြောင်းသည့်အကြောင်းကို သူတို့အားဟောကြားခဲ့သည်။ ဘုရားသခင်၏အမျက်တော်မှ လွတ်မြောက်လိုလျှင်၄င်းတို့သွားရမည့်လမ်းမှာ တစ်လမ်းတည်းသာရှိခဲ့သည်။ အချိန်ကိုလည်း ကန့်သတ်ခဲ့သည်။ ဘုရားသခင်၏ တရားစီရင်ခြင်းမှာ အလွန်စစ်မှန်သောအရာဖြစ်သည်။ ထိုတရားစီရင်ခြင်းသည် သတိပေးခံရသော်လည်း ထိုသတိပေးချက်ကို အလေးမထား ဂရုမပြုခဲ့သောသူများအပေါ်၌ ကျရောက်ခဲ့ပါလိမ့်မည်။

နောဧ၏ခေတ်ကာလမှ လူများထံ၌သတင်းကောင်းတရားတော်ကို မည်သို့ဟောပြောခဲ့ပါသနည်း။ သခင်ယေရှုကို သေခြင်းမှထမြောက်စေခဲ့သောဘုရားသခင်၏ဝိညာဉ်တော်က နောဧနှင့်နောဧ၏ မိသားစုများထဲ၌လှုပ်ရှားခြင်းဖြင့် သတင်းကောင်းတရားတော်ကို ဟောပြောခဲ့ပါသည်။ ထို့အပြင်သတင်းကောင်းတရားတော်ကို အစွမ်းကြီးသောတရားစီရင်ခြင်းအားဖြင့် လည်းကောင်း၊ မိမိတို့၏ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ပေးကမ်းထောက်ပံ့ခြင်းကို ယုံကြည်ကိုးစားခဲ့ကြသော မိသားစုတစ်စု၏ ပုံဥပမာအားဖြင့်လည်းကောင်း ဟောပြောခဲ့ပါသည်။ မှန်ပါသည်။ ဓမ္မဟောင်းကျမ်းတွင် သတင်းကောင်းတရားတော်ကို ဟောပြောခဲ့ပါသည်။ သတင်းကောင်းတရားတော်ကို ရောက်ရှိလာမည့်

မေရှိယအကြောင်းဟောသော ဝိညာဉ်တော်လမ်းပြခြင်းခံ ပရောဖက်များကို အသုံးပြု၍ နှုတ်အားဖြင့်ဟောပြောခဲ့ပြီး၊ နောဧ၏အသက် တာ၌ ဘုရားသခင်၏ဝိညာဉ်တော်က ဥပမာအသုံးပြု၍ ရှင်းပြခြင်းအားဖြင့် လည်းဟောပြောခဲ့ပါသည်။ သင်္ဘောကြီးနှင့် ရေလွှမ်းမိုးခြင်းပုံသာဓကအားဖြင့် နောဧ၏ခေတ်ကာလတွင် သခင်ယေရှုအကြောင်းကို ဟောပြောခဲ့သည်။

၁ ပေ ၃း၁၉ ကို သခင်ယေရှုသည် သတင်းကောင်းတရားတော်အား မကြားရမချင်း အကျဉ်းထောင်ကဲ့သို့သောနေရာမျိုး၌ ဖမ်းဆီးချုပ်နှောင်ခံထား ရသော နောဧခေတ်ကာလမှ ဝိညာဉ်များထံသို့ အမှန်တကယ်သွား၍ သတင်း ကောင်းတရားတော်ကို ဟောပြောခဲ့သည်ဟု အနက်ဖွင့်ပြန်ဆိုသောသူများရှိ သည်။ ဤအနက်ဖွင့်ပြန်ဆိုခြင်း၏ ပြဿနာမှာ ဤအယူအဆကိုကျောထောက် နောက်ခံပြုဖို့ သမ္မာကျမ်းစာတွင် မည်သည့်အရာမှမတွေ့ရခြင်းဖြစ်သည်။ ဤ အယူအဆက နောဧခေတ်ကာလမှာလူများသည် ဘုရားသခင်၏ကယ်တင်ခြင်း ပေးကမ်းမှုကို ငြင်းပယ်ခဲ့ကြသောကြောင့် တရားစီရင်ခြင်းအောက်၌ ပျက်စီးခဲ့ ကြသော်လည်း သတင်းကောင်းတရားတော်ကို တစ်ဖန်ကြားနာရခြင်းကြောင့် သေဆုံးပြီးနောက်တွင် ကယ်တင်ခြင်းခံကြရသည်ဟု သွန်သင်ပေးထားသည်။ မယုံကြည်သူတစ်ဦးအဖြစ်နှင့် သေဆုံး၍သေဆုံးပြီးနောက်တွင် ကယ်တင်ခြင်း ရနိုင်ပါသည်ဟူသောအယူအဆကို သမ္မာကျမ်းစာ၏မည်သည့်အစိတ်အပိုင်း ကမျှ မထောက်ခံပါ။ ဤအကြောင်းကြောင့် ကျွန်ုပ်သည်ဤအနက်ဖွင့်ပြန်ဆို ခြင်းမျိုးကို လက်မခံပါ။

အခန်းငယ် ၂၁တွင် ရှင်ပေတရုက ဤကျမ်းဘောင်အသွားအလာ၌ သင်္ဘောကြီးသည် သခင်ယေရှုအားဖြင့် ဖြစ်တည်သောကယ်တင်ခြင်း၏ သင်္ဘောသင်္ကေတဖြစ်ကြောင်း ရှင်းလင်းပြသရန်အချိန်ယူခဲ့သည်။ အကြောင်း မှာ ၎င်းသည် အပြစ်ဒုစရိုက်ထောင်၌ အကျဉ်းကျ၍ ဘုရားသခင်ကိုဆန့်ကျင်

ပုန်ကန်သောသူများထံ၌ သတင်းကောင်းတရားတော်ကို ဟောပြောခဲ့သည့် နည်းလမ်းဖြစ်ခဲ့သောကြောင့်ဖြစ်သည်။

သဘော်ကြီးသည် နောဧ၏မိသားစုအတွက် တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သကဲ့သို့ သခင်ယေရှုသည်ကျွန်ုပ်တို့၏ တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ပြန်လာနိုင်မည့်အကြောင်း သူသည်အသေခံခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တရားစီရင်ခြင်းရေကို ဘေးကင်းလုံခြုံစွာ ဖြတ်ကျော်သွားနိုင်မည့်အကြောင်း သူအသေခံခဲ့သည်။ သခင့်၏အသွေးတော်သည် ကျွန်ုပ်တို့၏အပြစ်အားလုံးကို လွှမ်းခြုံထားသည်ကို သိရခြင်းမှာ အဘယ်မျှအံ့ဖွယ်ဖြစ်ပါသနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ ချဉ်းကပ်နိုင်ကြပြီဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအောက်အရပ်၌ ကျွန်ုပ်တို့၏ ဆင်းရဲဒုက္ခများကို စိုးရိမ်ကြောက်ရွံ့ခြင်းမရှိဘဲ ရင်ဆိုင်နိုင်ကြပြီဖြစ်သည်။ သခင်ယေရှုသည်ဘုရားသခင်ကို နာခံခဲ့သောကြောင့် ညှင်းပန်းနှိပ်စက်ခြင်းနှင့် သေခြင်းတို့ကိုရင်ဆိုင်ခဲ့ရသော်လည်း သူသည်ရှင်ပြန်ထမြောက်ခြင်းအောင်ပွဲဖြင့် သချိုင်းမှထမြောက်ခဲ့သည်။ ဤအချင်းအရာသည် ကျွန်ုပ်တို့အား ဆင်းရဲဒုက္ခများရင်ဆိုင်ရချိန်တွင် ဘုရားသခင်ထံ၌ မပြတ်တမ်းသစ္စာရှိနေဖို့ ခွန်အားပေးစေရမည်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေတရုက သခင်ခရစ်တော်သည် "တစ်ကြိမ်တည်းနှင့်အားလုံးအတွက်" အသေခံခဲ့သည်ဟု ပြောဆိုခဲ့ချိန်တွင် မည်သည့်အရာကို ဆိုလိုခဲ့သနည်း။ မည်သို့သောခွန်အားမျိုးကို ဤအရာမှသင်ရရှိပါသနည်း။

- သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့ထံ၌ မည်သို့သော မျှော်လင့်ချက်ကို ယူဆောင်လာပေးပါသနည်း။
- နောဧ၏သင်္ဘောကြီးသည် သခင်ယေရှုပြုလုပ်ခဲ့သောအမှု၏ ပုံဆောင်ပြသမှုတစ်ခုမည်သို့ ဖြစ်နိုင်သနည်း။
- ဗတ္တိဇံသည် မည်သည့်အရာကို ပုံဆောင်ပါသနည်း။ နောဧ၏ဇာတ်လမ်းအဖြစ်အပျက်သည် ဗတ္တိဇံအကြောင်းကို ကျွန်ုပ်တို့အားမည်သို့ သွန်သင်ပေးပါသနည်း။
- နောနှင့်သင်္ဘောကြီးသည် ထိုခေတ်ကာလမျလူများထံ၌ ဘုရားသခင်၏ကယ်တင်ခြင်းကို မည်သို့ပုံဆောင်ရှင်းပြပါသနည်း။ မျိုးဆက်များအားလုံးထံ၌ မိမိ၏ကယ်တင်ခြင်းကို ဆက်သွယ်ပြောဆိုပြရန်မှာ ဘုရားသခင်၏ စိတ်ဆန္ဒဖြစ်ကြောင်းကို ဤအရာကကျွန်ုပ်တို့အား မည်သို့ သွန်သင်ပေးပါသနည်း။

## ဆုတောင်းရန်အချက်များ

- ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်ထဲ၌ ရှိနေစဉ်တွင်ပင် ဘုရားသခင်သည် ကိုယ့်ကိုယ်ကို ပေးဆပ်အနစ်နာခံရန် တုန့်ဆိုင်းမနေခဲ့သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- နောနှင့်သင်္ဘောကြီးတို့သည် ဘုရားသခင်၏ကယ်တင်ခြင်းလမ်းကို ပုံဖော်ရှင်းပြခဲ့သည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။ ဓမ္မဟောင်းကျမ်း၌ ဤတရားဒေသနာတော်ကို မည်သို့သိရှိစေခဲ့သည့်အပေါ်၌ ကျေးဇူးတင်ချီးမွမ်းပါ။
- ကားတိုင်ထက်၌ သခင်ယေရှုပြုလုပ်ခဲ့သော အမှုကြောင့် ယခုကျွန်ုပ်

တို့ရရှိပိုင်ဆိုင်ထားသော အောင်မြင်ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

- ကားတိုင်ထက်၌ပြုလုပ်ခဲ့သောအမှုသည် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်အားလုံးကို လွှမ်းခြုံခဲ့သည့်အတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သင့်အတွက်ပြုလုပ်ခဲ့သော အမှုတော်ကိုထောက်၍ ရှင်သန်ရန်သင့်အားကူညီမစဖို့ တောင်းလျှောက်ပါ။ သင့်ဘဝရဲ့စစ်ကြောစုံစမ်းခြင်းများအားလုံး၌ သခင်နှင့်အတူသစ္စာရှိရှိ လျှောက်လှမ်း၍သူ့ကိုယုံကြည်ကိုးစားနေဖို့ကူညီမစရန် တောင်းလျှောက်ပါ။

## ၂၉
## စိတ်ဝိညာဉ်အားဖြင့် အသက်ရှင်ခြင်း

၁ ပေ ၄း၁-၆ ကိုဖတ်ရှုပါ။

ရှင်ပေတရုသည် ဘုရားသခင်၏မဟာကယ်တင်ခြင်းအမှုမှ သခင်ယေရှု၏ အောင်မြင်သော အမှုတော်အကြောင်းကို ပြောပြနေခဲ့ပါသည်။ အခန်းကြီး ၃၏ နောက်ဆုံးအပိုင်းတွင် သခင်ယေရှုသည် တစ်ကြိမ်တည်းနှင့်အားလုံးအတွက်အသေခံခဲ့ကြောင်းကို ဖေါ်ပြခဲ့သည်။ အခန်းကြီး ၄၏ ပထမအပိုင်းတွင် ထိုအရာသည် ယုံကြည်သူများအတွက် မည်သည့်အရာကိုဆိုလိုကြောင်းကိုလည်းကောင်း၊ ရလာဒ်အနေဖြင့် ယုံကြည်သူတို့၏ တုန့်ပြန်ခြင်းသည် မည်သို့ဖြစ်သင့်ကြောင်းကိုလည်းကောင်း အချိန်ယူ၍ရှင်းပြခဲ့ပါသည်။

အခန်းငယ် ၁ တွင် ရှင်ပေတရုက ယုံကြည်သူတို့အား သခင်ယေရှုဒုက္ခခံခဲ့သည့်နည်းတူ ဒုက္ခခံရန်ကိုယ့်ကိုယ်ကို လက်နက်တပ်ဆင်ထားကြရန် စိန်ခေါ်ခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုထံတော်သို့လာလျှင် ကျွန်ုပ်တို့၏ ဒုက္ခများနှင့်နာကျင်ခြင်းများ ရပ်စဲသွားမည်ဟု ကတိပေးသောသတင်းကောင်းကို ဟောပြောနေသောသူများရှိသည်။ ဤသည်မှာမမှန်ပါ။ အမှန်ဆိုရလျှင် သခင်ယေရှုထံသို့လာခြင်းသည် ကျွန်ုပ်တို့အသက်တာ၌ စစ်ကြောစုံစမ်းခြင်းများကို ပို၍ပင်ယူဆောင်လာပါလိမ့်မည်။ သခင်ယေရှုသည်ဆင်းရဲဒုက္ခကိုကြုံတွေ့ ကျွန်ုပ်တို့လည်းကြုံတွေ့ရပါမည်။ လောကီသားများကကျွန်ုပ်တို့ကိုလည်းကောင်း၊

ကျွန်ုပ်တို့၏နည်းလမ်းများကိုလည်းကောင်း နားလည်ကြမည်မဟုတ်ပါ။ စာတန်သည် သခင်ယေရှုကိုတိုက်ခိုက်ခဲ့သကဲ့သို့ သခင်ယေရှုနောက်သို့လိုက်သောသူများကိုလည်း တိုက်ခိုက်ပါလိမ့်မည်။

ဤဆင်းရဲဒုက္ခခံခြင်းမှာ ရုပ်ခန္ဓာ၌ဖြစ်ကြောင်းကို သတိပြုပါ။ လောကီနှင့်ဆိုင်သော ဤခန္ဓာကိုယ်သည် အပြစ်ဒုစရိုက်၏ ရိုက်ခတ်မှုကိုခံရသည်။ ကျွန်ုပ်တို့သည် ဤကိုယ်ခန္ဓာကို ကောင်းကင်ဘုံသို့ ကျွန်ုပ်တို့နှင့်အတူတကွ ယူဆောင်သွားကြမည်မဟုတ်ပါ။ ၄င်းသည် ဤလောကနှင့်သက်ဆိုင်၍ ဤလောက၌ပင် ပျက်စီးသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဤလောကီကိုယ် ခန္ဓာသည် သခင်ခရစ်တော်၏ဘုန်းကြီးခြင်းနှင့်တကွ ရှင်ပြန်ထမြောက်ခဲ့သော ကိုယ်ခန္ဓာကဲ့သို့ ပြောင်းလဲသွားမည်ဖြစ်သည် (ဖိလိပ္ပိ ၃း၂၁၊ ၁ကော ၁၅း၄၂-၅၄ကိုကြည့်ပါ)။

အခန်းငယ် ၁တွင် ရှင်ပေတရုက ရုပ်ခန္ဓာ၌ဆင်းရဲဒုက္ခခံရသောသူများသည် “အပြစ်ဒုစရိုက်နှင့် လွတ်ငြိမ်းစေပြီ” ဖြစ်ကြောင်းကို ဆက်လက်၍ပြောခဲ့သည်။ ရှင်ပေတရုဆိုလိုသည့် အဓိပ္ပါယ်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်ထားရန်မှာ အရေးကြီးသည်။ ရှင်ပေတရုက သခင်ယေရှုဆင်းရဲဒုက္ခခံခဲ့သကဲ့သို့ ဒုက္ခခံရန်ကိုယ့်ကိုယ်ကို လက်နက်တပ်ဆင်ခဲ့သောသူများအကြောင်းကိုပြောနေခြင်းဖြစ်သည်။ မည်သည့်အဖိုးအခကိုပင် ပေးဆပ်ရပါစေ၊ မိမိ၏အတ္တစိတ်၌သေ၍ သခင်ယေရှုကိုရှာကြံရန် ရွေးချယ်သောသူများအကြောင်းကိုပြောနေခြင်းဖြစ်သည်။ ဤပုဂ္ဂိုလ်များသည် အသက်တာ၌အပြစ်ဒုစရိုက်နှင့်လွတ်ငြိမ်းခဲ့ကြသည်။ သူတို့သည် အပြစ်ဒုစရိုက်ကို ကျော်ခိုင်း၍သခင်ယေရှုကိုရှာကြံဖို့ရွေးချယ်ခဲ့ကြသည်။ သူတို့သည် အဖိုးအခကိုပေးဆပ်ဖို့ အသင့်ဖြစ်ခဲ့ကြသည်။ သူတို့သည်သတင်းကောင်းတရားတော်အတွက် ဆင်းရဲဒုက္ခခံရန် လိုလိုလားလားရှိနေခဲ့ကြသည်။ ဤအခြေအနေသည် သခင်ယေရှုနှင့်ကျွန်ုပ်တို့

၏ဆက်ဆံရင်းနှီးမှုတွင် ကျွန်ုပ်တို့အားလုံးရှိထားရမည့် အခြေအနေဖြစ်သည်။

ရှင်ပေတရုသည် မိမိ၏ပရိသတ်တို့ကိုကောင်းကောင်းသိခဲ့သည်။ သူတို့သည်သခင်ယေရှုနှင့် မတွေ့ကြုံမီ၌ ရှိခဲ့သောအခြေအနေမျိုးတွင် ရှိနေကြသည်။ သူတို့သည် လောကီသားများကဲ့သို့ဖြစ်၍၊ စပျစ်ရည်နှင့်ယစ်မူးခြင်း၊ ကိလေသာညစ်ညူးခြင်း၊ ကာမတပ်မက်ခြင်း၊ အဓမ္မရုပ်ထုကို ကိုးကွယ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ဤအခြေအနေသည် သခင်ယေရှုကို သူတို့မတွေ့ရှိမီ၌ နေထိုင်ကျင်လည်ခဲ့ကြသည့် အခြေအနေဖြစ်သည်။ သူတို့၏အသက်တာများ မပြောင်းလဲခဲ့ပါ။ ယနေ့တွင် မယုံကြည်သူများကို လေ့လာနားထောင်ကြည့်ပါ။ သူတို့၏အသက်တာသည် အခန်းငယ် ၃၌ ဖော်ပြထားသည့်အတိုင်း ဖြစ်နေသည်ကိုတွေ့ရပါလိမ့်မည်။ သူတို့သည် ဇာတိ၏ဆိုးညစ်သောတောင့်တမှုများကို ကျွေးမွေးပြုစုရန် ရှင်သန်နေကြပါသည်။

အခန်းငယ် ၄အရ ယုံကြည်သူများသည် ဤလောက၏ယုတ်ညံ့သောလုပ်နည်းလုပ်ဟန်များ၌ ပါဝင်ဆင်နွဲရန်စိတ်ဆန္ဒမရှိကြတော့သည်ကို မယုံကြည်သူများက အလွန်ထူးဆန်းသောအရာအဖြစ် ထင်မှတ်ခဲ့ကြသည်။ မယုံကြည်သူများသည် ယုံကြည်သူများ၏ ကောင်းမွန်သောလုပ်ရပ်များကို အမြဲလိုလိုကဲ့ရဲ့ရှုတ်ချ၍ ယုံကြည်သူများက မိမိတို့စိတ်အားရကျေနပ်ဖို့ ပြုလုပ်သောအရာများကို အံ့သြခဲ့ကြသည်။ ကယ်တင်ခြင်းမခံသောသူများသည် ဝိညာဉ်ရေးရာကိစ္စရပ်များ၌ အားရကျေနပ်မှုနှင့် ဝမ်းမြောက်ခြင်းအကြောင်းကို နားမလည်ခဲ့ကြသောကြောင့် ၄င်းတို့သည် ယုံကြည်သူများကို ကဲ့ရဲ့ရယ်မောခဲ့ကြသည်။

ဤမယုံကြည်သူများ နားမလည်သောအရာမှာ ၄င်းတို့၏အပြစ်ဒုစရိုက်အတွက်ကြောင့် ၄င်းတို့ကိုတရားစီရင်မည့် ထာဝရဘုရားထံ၌ ဘဝဖြေရှင်းချက်ကိုပေးရမည့် နေ့ရက်ရောက်လာမည့်အကြောင်းဖြစ်သည် (ငယ် ၅)။ ထိုတရားစီရင်ခြင်းသည် ချက်ချင်းလက်ငင်းရောက်လာမည် မဟုတ်သော်လည်း၊

နောက်ဆုံးတွင် အမှန်တကယ်ရောက်လာပါလိမ့်မည်။ မနှစ်မြို့ဖွယ် အကျင့် စရိုက်အတွက်လည်းကောင်း၊ ဘုရားသခင်၏လူများနှင့် ဘုရားသခင်၏နည်း လမ်းများကို ကဲ့ရဲ့ခဲ့သောကြောင့်လည်းကောင်း သူတို့သည်တစ်နေ့တွင် ထာဝရ ဘုရားကို ရှင်းလင်းချက်ပေးရမည်ဖြစ်သည်။

ဤတရားစီရင်ခြင်းကြောင့် သတင်းကောင်းတရားတော်ကို ဟောပြော နေရခြင်းဖြစ်သည်။ ရှင်ပေတရု ဤစာစောင်ကိုရေးသားခဲ့ချိန်၌ သေဆုံးသွား ခဲ့ကြသော သူများထံ၌ပင် သတင်းကောင်းတရားတော်ကို ဟောပြောခဲ့ကြောင်း ကို အခန်းငယ် ၆တွင် သတိပြုပါ။ အစောဆုံးကာလဖြစ်သည့် ဧ၏ဒင်ဥယျာဉ် ကြီးထဲ၌ပင် သတင်းကောင်းတရားတော်ကို ဟောပြောခဲ့ပါသည်။ ဘုရားသခင် က အာဒံနှင့်ဧဝထံ၌ စာတန်၏ဦးခေါင်းကို နင်းချေမည့်၄င်းတို့မှ ဆင်းသက် လာမည့်သူတစ်ယောက်ကို ကတိပြုခဲ့သည်။ ထိုသူမှာ မိမိလူမျိုးတို့အား အပြစ် ဒုစရိုက်မှ ကယ်နှုတ်ရန် ကြွဆင်းလာမည့်သခင်ယေရှုပင်ဖြစ်သည်။ ဓမ္မဟောင်း ပရောဖက်များက မိမိ၏လူတို့ကို ကယ်နှုတ်ရန်ဆင်းကြွလာမည့် မေရှိယအ ကြောင်းအသေးစိတ်ကို ပြောပြခဲ့ကြသည်။

လူတို့သည် ဘုရားသခင်၏ ထာဝရဘုရားစီရင်ခြင်းမှ လွတ်မြောက် မည်အကြောင်း သတင်းကောင်းတရားတော်ကို ဟောပြောခဲ့ကြသည်။ ကျွန်ုပ် တို့သည် ရုပ်ခန္ဓာအားဖြင့်သေခြင်းတရားကို ရင်ဆိုင်ရမည်ဖြစ်သော်လည်း သခင် ယေရှု၏သတင်းကောင်းတရားတော်ကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံအရှင် ဘုရားသခင်၏ မျက်မှောက်တော်တွင်ထာဝရရှင်သန် နိုင်ကြပြီဖြစ်သည် (ငယ် ၆)။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ယေရှု၏ အမှုအတွက်ဆန့်ကျင်ခံရခြင်းနှင့် ဆင်းရဲဒုက္ခခံခြင်းတို့ကို ရင်ဆိုင်ရန်လိုလိုလားလားရှိနေပါသလား။ သင်သည်အပြစ်ဒုစရိုက်နှင့်လွတ်ငြိမ်းပါသလား။
- မယုံကြည်သူများသည် သင့်ရဲ့အသက်တာရှင်သန်ပုံ၌ ထူးခြားချက်ကိုတွေ့မြင်ကြပါသလား။ ရှင်းပြပါ။
- သခင်ယေရှုကို သင်သိကျွမ်းလာချိန်တွင် သင့်အသက်တာ၌ မည်သည့်အပြောင်းအလဲ ရောက်လာပါသနည်း။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားသည် သင့်အတွက်မိမိ၏အသက်ကို လိုလိုလားလားစွန့်လွှတ်ပေးဆပ်ခဲ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင်သည် ဇာတိပကတိနှင့်၎င်း၏ တောင့်တမှုများ၌ ပို၍ပို၍သေရန်ကူညီမစပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင်သည် ဇာတိပကတိ၏ တောင့်တမှုတစ်ခုခုနှင့် လုံးပန်းနေရပါသလား။ ဤအပြစ်ဒုစရိုက်အပေါ်၌ အောင်နိုင်ခြင်းကို သင့်အားပေးသနားရန် တောင်းလျှောက်ဖို့ အချိန်ယူပါ။
- ကျွန်ုပ်တို့၏ ရုပ်ခန္ဓာ၌ ဆင်းရဲဒုက္ခကိုလက်ရှိခံစားနေရလင့်ကစား၊ အနာဂတ်အတွက် ကျွန်ုပ်တို့၌ အံ့ဖွယ်မျှော်လင့်ချက်တစ်ခုရှိနေခြင်းကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ချီးမွမ်းပါ။

## ၃၀

## အဆုံးသို့ရောက်လုပြီ

၁ ပေ ၄း၇-၁၁ ကိုဖတ်ရှုပါ။

ရှင်ပေတရုက ကျွန်ုပ်တို့အား ယုံကြည်သူတစ်ယောက်ဖြစ်ရခြင်းသည် အမြဲလွယ်ကူမည်မဟုတ်ကြောင်းကို အသိပေးနေခဲ့ပါသည်။ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံခဲ့သောသူများဖြစ်ကြသည့်နည်းတူ လောကီသားများသည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏နည်းလမ်းကို နားလည်သဘောပေါက်ဖို့ အခက်အခဲရှိမည့်အကြောင်းကို ကျွန်ုပ်တို့မျှော်လင့်ထားရမည်။ ကိုယ်တော့်ကို ချစ်သောသူများအတွက် စစ်ကြောစုံစမ်းခြင်းနှင့် ခက်ခဲပင်ပန်းခြင်းတို့ရှိလိမ့်မည်ဖြစ်သော်လည်း ကျွန်ုပ်တို့အနေဖြင့် မျှော်လင့်ချက်မမဲ့သင့်ပါ။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ခပ်သိမ်းသောအမှုအရာတို့၏အဆုံးမှာ ရောက်လုနီးပြီဖြစ်ကြောင်းပြောခဲ့သည် (ငယ် ၇)။ ဆင်းရဲဒုက္ခခံနေရသောယုံကြည်သူများအတွက် ဤအရာသည် ခွန်အားယူစရာဖြစ်ခဲ့သည်။ သခင်ယေရှုပြန်လည်ကြွဆင်းလာမည့်နေ့ရက်သို့ အလျင်အမြန်ချဉ်းကပ်နေပါသည်။ ထိုနေ့ရက်ကာလတွင် ခပ်သိမ်းသောဆင်းရဲဒုက္ခများနှင့် နာကျင်ခြင်းများချုပ်ငြိမ်းသွားမည်ဖြစ်သည်။ ကိုယ်တော်သည် မိမိလူတို့ကို မိမိနှင့်အတူထာဝရစံစားရန်ခေါ်ဆောင်ပါလိမ့်မည်။ ဤသည်မှာ ဘုရားသခင့်သားသမီးအားလုံး၏ မျှော်လင့်ချက်ပင်ဖြစ်သည်။ တိုက်ပွဲသည် ကိုယ်တော်၏တိုက်ပွဲဖြစ်ကြောင်းကို ကျွန်ုပ်တို့သိထားကြသောကြောင့် အခက်အခဲများကို ကျွန်ုပ်တို့ရင်ဆိုင်ရဲကြ

သည်။ ဖြောင့်မတ်ခြင်းနှင့် တရားမျှတမှုသည် အဆုံးတွင်အောင်ပွဲခံပါလိမ့်မည်။

ခပ်သိမ်းသောအမှုအရာတို့၏ အဆုံးသည်ရောက်လုနီးပြီဟူသော အချက်သည် ကျွန်ုပ်တို့ကို ခွန်အားပေးရုံသာမဟုတ်၊ ရှင်ပေတရု၏အဆိုအရ ထိုအချက်သည်ထိုအဆုံးအတွက် ယခင်ကထက်ပို၍ပို၍ ပြင်ဆင်ထားရန်လို အပ်ကြောင်းကို ကျွန်ုပ်တို့အားသတိပေးသင့်ပါသည်။ အဆုံးသည်နီးကပ် လာပြီဟူသောအချက်အရ ကျွန်ုပ်တို့ပြုလုပ်ဖို့ လိုအပ်သည့်အရာများရှိနေသည်။

## *သမ္မာသတိရှိ၍ ကိုယ့်ကိုယ်ကိုထိန်းချုပ်လော့*

သမ္မာသတိရှိခြင်းဆိုသည်မှာ စူးစိုက်မှုတစ်ခုရှိခြင်းဖြစ်သည်။ မြောက် မြားစွာသောအချိန်တွင် ကျွန်ုပ်တို့၏စူးစိုက်မှုမှာ ယောင်ဝါးဝါးဖြစ်ခဲ့သည်။ ဤလောကကြီးသည် ၎င်း၏ဆွဲဆောင်မှုများနှင့်အတူ ကျွန်ုပ်တို့၏အာရုံစူးစိုက် မှုကိုဘုရားသခင်ထံမှ ဖယ်ရှားရန်အစဉ်ကြိုးစားနေပါသည်။ အဆုံးသည် နီးကပ် နေပြီဖြစ်သောကြောင့် ကျွန်ုပ်တို့၏ရှေ့မှ ရည်မှန်းချက်ပန်းတိုင်၌ အာရုံစူးစိုက် ထားဖို့လိုအပ်သည်။ အပြေးသမားတစ်ယောက်ကဲ့သို့ ကျွန်ုပ်တို့၏စူးစိုက်မှုနှင့် အမြင်အာရုံကို ပန်းဝင်မျဉ်းပေါ်၌ ထားရှိထားရမည်။ ကိုယ်တော်ပြန်လည်ကြွ ဆင်းလာချိန်အတွက် ကျွန်ုပ်တို့အဆင်သင့်ဖြစ်လိုကြသည်။ ကိုယ့်ကိုယ်ကိုလည်း ချုပ်တည်းဖို့လိုအပ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှု များတွင် စည်းကမ်းရှိဖို့လိုအပ်သည်။ မွန်မြတ်သောရည်ရွယ်ချက်များမှ ကျွန်ုပ် တို့ကိုသွေဖယ်သွားစေမည့် စိုးရိမ်ပူပန်မှုများကို တွန်းလှန်ကြရမည်။ သတင်း ကောင်းတရားတော်ကို ဟောပြောဝေငှခြင်းအမှု၌ နာခံခြင်းရှိ၍ထာဝရကာလ ကို ရှုမြော်လျှက်နေထိုင်တတ်သောအသက်တာကို ဆက်လက်၍ထိန်းသိမ်းလား ရန်လိုအပ်သည်။

ကျွန်ုပ်တို့သည်သမ္မာသတိရှိ၍ စည်းကမ်းရှိရန် လိုအပ်ရခြင်း၏

အကြောင်းအရင်းမှာ ဆုတောင်းနိုင်ဖို့ဖြစ်ကြောင်းကို သတိပြုပါ။ ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်နှင့်ဆက်သွယ်ပြောဆိုခြင်းဖြစ်သည်။ ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလမ်းညွှန်၍ ဦးဆောင်ပါသည်။ အခက်အခဲများတိုးပွားများပြားလာသည်နှင့်အမျှ ဘုရားသခင်နှင့်တစ်ကိုယ်တည်းအချိန်ယူရန် လိုအပ်မှုများမှာလည်း တိုးပွားများပြားလာပါလိမ့်မည်။ ဆုတောင်းချိန်တွင် ကျွန်ုပ်တို့၏ရှေ့တွင်ရောက်လာသော စစ်ကြောခြင်းများနှင့် အခက်အခဲများကို ရင်ဆိုင်နိုင်ဖို့ဉာဏ်ပညာနှင့်ကျေးဇူးတော်ကို ရှာတွေ့ကြပါသည်။ အဆုံးသတ်ကာလချဉ်းကပ်လာသည်နှင့်အမျှ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကိုချုပ်တည်းဖို့လိုအပ်သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့မှာဆုတောင်းနိုင်၍ သခင်ဘုရားကပေးသနားမည့် ဉာဏ်ပညာနှင့်ခွန်အား ကိုယ်တော့်ထံမှ ဆွဲယူနိုင်မည်ဖြစ်သည်။

## *အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့*

အခန်းငယ် ၈ တွင်အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်ချစ်ခြင်း၏အရေးပါပုံကို အလေးအနက်ပြုထားသည်။ ဤချစ်ခြင်းမေတ္တာသည် အားကြီးသော (နက်ရှိုင်းသော) ချစ်ခြင်းမေတ္တာဖြစ်ရမည်ကိုသတိပြုပါ။ ကျွန်ုပ်တို့နားလည်သဘောပေါက်ဖို့လိုအပ်သည့်အရာမှာ ချစ်ခြင်းမေတ္တာသည် လှုပ်ရှားလုပ်ဆောင်မှုပါဝင်သောစကားလုံးဖြစ်ကြောင်းဖြစ်သည်။ လူတစ်ယောက်ကို ချစ်ခြင်းဆိုသည်မှာ ထိုသူ့ကိုအလုပ်အကျွေးပြု၍ကူညီစောင့်ရှောက်ခြင်းဖြစ်သည်။ ချစ်ခြင်း မေတ္တာဆိုသည်မှာ ကျွန်ုပ်တို့အလေးထားသောသူတစ်ယောက်အပေါ်၌ နွေးထွေးသောခံစားချက်ရှိရုံသက်သက်မဟုတ်ပါ။ ချစ်ခြင်းမေတ္တာဆိုသည်မှာ ရန်လိုမုန်းတီးစိတ်ဖြင့် ပြုမူဆက်ဆံခံရလင့်ကစား အခြားသူများအပေါ်၌ ကောင်းသောအရာကို ပြုလုပ်ဖို့အစွမ်းကုန်ကြိုးစားအားထုတ်ရန် ဆက်ကပ်

အပ်နှံခြင်းဖြစ်သည်။

ရှင်ပေတရုက ချစ်ခြင်းမေတ္တာသည်များစွာသော အပြစ်တို့ကိုဖုံးအုပ်တတ်သည်ဟုဖေါ်ပြခဲ့သည်။ ဤကျမ်းပိုဒ်ကို အပြစ်ကျူးလွန်ဖို့ ဆင်ခြေတစ်ခုအနေဖြင့် အသုံးပြုသောသူများရှိပါသည်။ ဤကျမ်းပိုဒ်ကို နားလည်နိုင်သည့်အဓိပ္ပါယ်နှစ်မျိုးရှိသည်။ ပထမမှာ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမအပေါ်၌ အပြစ်ကျူးလွန်ခြင်းကို တားဆီးပေးသည်။ အခြားသူများကို သခင်ဘုရားကချစ်စေလိုသည့်အတိုင်း ကျွန်ုပ်တို့ချစ်သောအခါ ထိုသူတို့အပေါ်၌အပြစ်ကျူးလွန်ကြမည်မဟုတ်ပါ။ အပြစ်ကျူးလွန်ခြင်းမှ ကျွန်ုပ်တို့ကိုတားဆီးပေးသည့်ပုံစံဖြင့် ချစ်ခြင်းမေတ္တာသည် အပြစ်ဒုစရိုက်ကို ဖုံးအုပ်ထားပါသည်။

ဒုတိယမှာ ချစ်ခြင်းမေတ္တာသည် ညီအစ်ကိုမောင်နှမတစ်ယောက်၏အပြစ်ကိုလွန်၍ အပြင်ပန်းအပြစ်၏တစ်ဖက်နောက်ကွယ်ရှိ ပုဂ္ဂိုလ်အမှန်ကိုကြည့်မြင်နိုင်သောအစွမ်းရှိသည်။ မေတ္တာကြီးသောမိခင်တစ်ယောက်သည်မိမိ၏ကလေးငယ် ညစ်ပတ်ပေရေနေသောအချိန်၌ပင် လက်ကမ်း၍ပွေ့ချီပါလိမ့်မည်။ အကြောင်းမှာသူမသည် အပြင်ပန်းညစ်ပေမှု၏အောက်၌ရှိသော သူမချစ်မြတ်နိုးသည့် ကလေးငယ်ကိုတွေ့မြင်ရသောကြောင့်ဖြစ်သည်။ အလားတူပင်အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ပျက်ကွက်မှုများ၊ မှားယွင်းမှုများကိုနားလည်လက်ခံပေး၍ စစ်မှန်စွာချစ်ကြဖို့ ကိုယ်တော်ရှင်က ကျွန်ုပ်တို့ကိုစွမ်းဆောင်ပေးပါသည်။

### ***အချင်းချင်းဧည့်သည်ဝတ်ကိုပြုကြလော့***

အချင်းချင်းတစ်ယောက်အပေါ်တစ်ယောက် ပြင်းပြသောချစ်ခြင်းမေတ္တာကို ပြသရန်နည်းလမ်းတစ်ခုမှာ ဧည့်ဝတ်ကျေပွန်ခြင်းဖြစ်သည်။ ဧည့်ဝတ်

ကျေပွန်ခြင်းဆိုသည်မှာ အသင်းတော်မှ မိတ်ဆွေများကို ထမင်းတစ်နပ်ကျွေး ခြင်းထက်ပိုပါသည်။ ဤပညတ်ချက်သည် တစ်ယောက်နှင့်တစ်ယောက် ကူညီ ဖေးမ၍ လိုအပ်ချက်များနှင့် ရှိနေသောသူများ၌ လိုအပ်နေသောအရာများကို ပေးကမ်းထောက်ပံ့ပေးခြင်းနှင့်ဆိုင်သည်။ ဤဧည့်ဝတ်ကျေပွန်ခြင်းကို ညည်း တွားခြင်းမရှိဘဲ ပြုလုပ်ရမည်ကို သတိပြုပါ။ ကျွန်ုပ်တို့၌ရှိသောအရာကို ချစ်ခြင်း မေတ္တာဖြင့်ပေးကမ်းမျှဝေသောအခါ ကျွန်ုပ်တို့သည်ဆန္ဒရှိရှိဖြင့်ရွှင်ပြသောစိတ် နှင့်ပြုလုပ်ကြပါသည်။ သူတစ်ပါးကို ၎င်းတို့၏လိုအပ်ချက်များ၌ချစ်ခြင်းမေတ္တာ ဖြင့်ကူညီဖေးမခြင်းသည် အခွင့်အရေးတစ်ခုဖြစ်သကဲ့သို့ ဝမ်းသာအားရစရာ လည်းဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုသူ့ရဲ့ထာဝရ ဧည့်ဝတ်ကျေပွန် ခြင်းအောက်၌ ရှင်သန်စေရန်ကျွန်ုပ်တို့ကို သူနှင့်အတူစံစားဖို့ ယူဆောင်သွားမည့် နေ့ရက်သည် ချဉ်းကပ်လာနေပါသည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် အချင်းချင်းတစ်ယောက်အပေါ်တစ်ယောက် ကျွန်ုပ်တို့၏အိမ်များကိုလည်း ကောင်း၊ စိတ်နှလုံးများကိုလည်းကောင်း ဖွင့်ဟထားရပါမည်။

## *သင်တို့၏ဆုကျေးဇူးဖြင့် အချင်းချင်းအလုပ်အကျွေးပြုကြလော့*

ကျွန်ုပ်တို့တစ်ယောက်နှင့်တစ်ယောက် နက်နက်နဲနဲချစ်ကြသောအခါ ကျွန်ုပ်တို့၏စွမ်းရည်ဆုကျေးဇူးများကို အချင်းချင်းကူညီဖေးမရာ၌လည်းကောင်း၊ ခွန်အားပေးရာ၌လည်းကောင်း အသုံးပြုကြပါလိမ့်မည်။ ဤနောက်ဆုံးသော ကာလ၌ ဘုရားသခင်၏နိုင်ငံတော်ကို ရှေ့ဆက်တိုးတက်စေဖို့ဆိုလျှင် ဤစွမ်း ရည်ဆုကျေးဇူးတစ်ခုစီသည် အရေးပါ၍မရှိမဖြစ်လိုအပ်ကြသည်။ ဘုရားသခင် သည် ကျွန်ုပ်တို့ကိုစွမ်းရည်ဆုကျေးဇူးအနည်းဆုံး တစ်ခုစီပေးထားပြီး၊ ခရစ်တော် ၏ကိုယ်ခန္ဓာတော်သင့်တင့်လျှောက်ပတ်စွာ လှုပ်ရှားလည်ပတ်ဖို့ဆိုလျှင် ထိုစွမ်း ရည်ဆုကျေးဇူးတစ်ခုစီသည် မရှိမဖြစ်အရာများဖြစ်လာကြသည်။ ထိုစွမ်းရည်

ဆုကျေးဇူးများကို ချစ်ခြင်းမေတ္တာ၌အတူတကွပေါင်းစည်း၍ အသုံးပြုသောအခါ ၄င်းတို့သည် ဘုရားသခင့်ကျေးဇူးတော်၏ နှစ်သက်မြတ်နိုးဖွယ် လေးနက်ရှုပ်ထွေးမှုကို ပြသပါသည်။

ဟောပြောခြင်းစွမ်းရည်ဆုကျေးဇူးများကို ပိုင်ဆိုင်ထားသောသူများသည်ဘုရားသခင်၏ ကိုယ်စားဟောပြောနေသကဲ့သို့ ဟောပြောကြရမည် (ငယ် ၁၁)။ သမ္မာကျမ်းစာမှ ပရောဖက်များသည် ဘုရားသခင်ထံမှ ကြားနာကြပြီး၊ ထိုကြားနာရသသောစကားကို ဘုရားသခင်၏လူများထံ၌ ပြောခဲ့ကြသည်။ ရှင်ပေတရုက ဤထူးခြားသော စွမ်းရည်ဆုကျေးဇူးများကို ရရှိပိုင်ဆိုင်ထားသောသူများအား ဘုရားသခင်ကို မည်သို့နားထောင်၍ ဘုရားသခင်၏စိတ်နှလုံးကို မည်သို့ပြောကြားဝေငှရမည်ကို သင်ယူကြဖို့ ပြောနေပါသည်။ အဆုံးသို့ရောက်လုပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည်သခင်ဘုရားကို ပို၍ပို၍ကြားနာဖို့လိုအပ်ပါသည်။ သူသည်မိမိ၏စိတ်နှလုံးကိုထုတ်ပြရာ၌ ထိုစွမ်းရည်ဆုကျေးဇူးရရှိထားသောသူများကိုအသုံးပြုဖို့ ရွေးချယ်ထားခဲ့ပါသည်။ သင်သည်ဟောပြောခြင်းစွမ်းရည်ဆုကျေးဇူးကို ရရှိပိုင်ဆိုင်ထားလျှင် ကိုယ်ခန္ဓာတော်သည် ၄င်းတို့ကိုလိုအပ်နေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သတိပေးသံများနှင့် ခွန်အားပေးတိုက်တွန်းခြင်းများကို လိုအပ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လမ်းညွှန်မှုနှင့် ဦးဆောင်မှုကိုလိုအပ်ကြသည်။ ဘုရားသခင်က သင့်ကိုပေးအပ်ထားသောစွမ်းရည်ဆုကျေးဇူးများ၏ အရေးပါပုံကိုလည်းကောင်း၊ ထိုစွမ်းရည်ဆုကျေးဇူးများကို ခရစ်တော်၏ကိုယ်ခန္ဓာရှိ အခြားသူများနှင့် မျှဝေရန်အရေးပါပုံကိုလည်းကောင်း သိရှိထားပါ။ ထိုသို့အားဖြင့် သူတို့သည်ဤနောက်ဆုံးသောကာလတွင် သင့်အားဖြင့် ဘုရားသခင်၏ခွန်အားပေးတိုက်တွန်းခြင်းနှင့် လမ်းပြဦးဆောင်ခြင်းကို ခံကြရပါလိမ့်မည်။

ဟောပြောခြင်း စွမ်းရည်ဆုကျေးဇူးများသာလျှင် ဤနောက်ဆုံးသော

ကာလ၌ လိုအပ်သောစွမ်းရည်ဆုကျေးဇူးမဟုတ်ကြပါ။ ကိုယ်ခန္ဓာတော်၌သည် အလုပ်အကျွေးပြုခြင်းစွမ်းရည်ဆုကျေးဇူးများကို ရရှိပိုင်ဆိုင်ထားသောသူများ လည်းရှိပါသည်။ ဤပုဂ္ဂိုလ်များသည် ၎င်းတို့၏အနီးတဝိုက်ရှိ လိုအပ်မှုများကို တွေ့မြင်နိုင်ကြပြီး၊ ကိုယ်ခန္ဓာတော်ကို လက်တွေ့ကျသောနည်းလမ်းဖြင့် ကူညီ ဖေးမနိုင်ကြပါသည်။ ဤအရာသည် အလွန်ပင်ပန်းကုန်းခမ်းစေသော အမှု တော်ဖြစ်နိုင်သည်။ အခြားသူများကို အလုပ်အကျွေးပြုခြင်းသည် ဘုရားသခင် ပေးထားသော စွမ်းအင်၊ ဉာဏ်ပညာနှင့်အစွမ်းအစများကို လိုအပ်ပါသည်။ ဘုရားသခင်သည် ချီးမွမ်းခြင်းကို ခံရမည်အကြောင်း ရှင်ပေတရုက ယုံကြည် သူများအား ၎င်းတို့၏ဝိညာဉ်စွမ်းရည်ဆုကျေးဇူးများကို အသုံးပြုကြဖို့ စိန်ခေါ် ခဲ့သည်။ သခင်ဘုရားနှင့်နေ့ရက်ဆီသို့ ပို၍ချဉ်းကပ်လာသည်နှင့်အမျှ ကျွန်ုပ် တို့သည်လည်း တစ်ဦးနှင့်တစ်ဦးပို၍လိုအပ်လာကြပါသည်။

ဤအခန်းငယ်များသည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏စူးစိုက်မှုများကို သခင်ဘုရားအပေါ်၌ ပုံထားခြင်းဖြင့်လည်းကောင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာ၌ အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်ချစ်၍ အလုပ်အကျွေးပြုခြင်းဖြင့်လည်း ကောင်း သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအတွက် ပြင်ဆင်ထားကြဖို့ စိန်ခေါ်ထားပါသည်။ သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအတွက် အဆင် သင့်ဖြစ်၍ ကျွန်ုပ်တို့လုပ်သမျှသောအရာများ၌ ချီးမွမ်းခြင်းနှင့်ဘုန်းတော်ထင်ရှား ခြင်းကို ဆောင်ယူလာနိုင်ကြဖို့ ဘုရားသခင်က စွမ်းဆောင်ပေးပါစေသော်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့သည် သမ္မာသတိ (ကြည်လင်သောစိတ်)ရှိ၍ ကိုယ့်ကိုယ်ကို စည်းကမ်းဖြင့် ထိန်းချုပ်ကြရန်မှာ အဘယ့်ကြောင့်အရေးကြီးသနည်း။ သင်သည် သင့်ရဲ့ဝိညာဉ်ရေးရာအသက်တာ၌ စည်းကမ်းရှိ၍ ကိုယ့်ကို

ကိုယ်ချုပ်တည်းပါသလား။

- သခင်ဘုရား၏နေ့ရက် ချဉ်းကပ်လာနေကြောင်းကို ပြသည့်အထောက်အထားရှိပါသလား။
- သခင်ဘုရားသည် သင့်ကိုမည်သည့်စွမ်းရည်ဆုကျေးဇူးများပေးအပ်ထားပါသနည်း။ သင်သည်ထိုစွမ်းရည်ဆုကျေးဇူးများကို ကိုယ်တော့်အတွက်သော်လည်းကောင်း၊ အသင်းတော်အတွက်သော်လည်းကောင်း မည်သို့အသုံးပြုနေပါသနည်း။
- ဘုရားသခင်သည် သင့်အသက်တာ၌ စိတ်ဓါတ်ခွန်အားများကိုဆောင်ယူလာဖို့ အခြားသူများ၏ စွမ်းရည်ဆုကျေးဇူးများကို သင့်အသက်တာ၌ မည်သို့အသုံးပြုနေခဲ့ပါသနည်း။

## ဆုတောင်းရန်အချက်များ

- သင်သည်ကိုယ်တော့်အပေါ်၌ အာရုံထားစူးစိုက်မည့်အကြောင့် သင့်အသက်တာရှိ အဟန့်အတားအနှောက်အယှက်များနှင့် အာရုံပြောင်းစေသောအရာများကို ဖယ်ရှားပေးဖို့ တောင်းလျှောက်ပါ။
- ခရစ်တော်၏ ကိုယ်ခန္ဓာအတွက်သာ၍ကြီးသော ချစ်ခြင်းမေတ္တာနှင့်ဆက်ကပ်မြှုပ်နှံခြင်းကို သင်ပေးနိုင်ဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- ခရစ်တော်၏ ကိုယ်ခန္ဓာအဖို့အလို့ငှါ သင့်ရဲ့စွမ်းရည်ဆုကျေးဇူးများကိုမည်သို့အသုံးပြုရမည့်အကြောင်းကို ပြသပေးဖို့ဘုရားသခင်ကိုတောင်းလျှောက်ပါ။

## ၃၁
## စစ်ကြောစုံစမ်းခြင်းများ၌ ဝမ်းမြောက်ခြင်း

၁ ပေ ၄း၁၂-၁၉ ကိုဖတ်ရှုပါ။

သခင်ဘုရားထံ၌အစေခံအလုပ်အကျွေးပြုသောသူများသည် ဤဘဝ၌ ဒုက္ခဆင်းရဲကို ရင်ဆိုင်ရမည့်အကြောင်း ရှင်ပေတရုကအလွန်ရှင်းလင်းစွာ ပြောပြထားသည်။ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ခပ်သိမ်းသောအမှုအရာတို့၏ အဆုံးသည်ရောက်လာနေပြီဖြစ်ကြောင်းကို အသိပေးခဲ့သည်။ ဤအမှန်တရားတွင် သူတို့၌ရဲရင့်ခြင်းသတိရှိကြရမည်။ သို့သော်ထိုအရာထက်ပို၍ သခင်ယေရှုအတွက် ဆင်းရဲဒုက္ခခံရခြင်းတွင် ဝမ်းမြောက်ကြဖို့ ထပ်လောင်းပြောကြားခဲ့သည်။

ရှင်ပေတရုက ဤအချက်ကိုအခန်းငယ် ၁၂တွင် မိမိ၏စာဖတ်ပရိသတ်တို့အား နာကျင်လှသောစစ်ကြေစုံစမ်းခြင်းကို သူတို့ရင်ဆိုင်ခံစားနေရသည့်အဖြစ်ကို အံ့ဩခြင်းမရှိကြဖို့ ပြောဆိုခြင်းဖြင့်အစပြုထားခဲ့သည်။ သခင်ယေရှုကိုမိမိတို့၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံချိန်တွင် စစ်ကြောစုံစမ်းခြင်းများအား ရင်ဆိုင်ရမည့်အဖြစ်ကို အံ့အားသင့်မိသောသူများရှိပါသည်။ သခင်ယေရှုကို ယုံကြည်လက်ခံခြင်းသည် အသက်တာရှိဆင်းရဲဒုက္ခများအားလုံးအဆုံးသတ်ခြင်းကို ဆိုလိုခဲ့လျှင်အလွန်ကောင်းပါလိမ့်မည်။ ဤသည်မှာအမှန်တရားမဟုတ်ပါ။

မြောက်မြားစွာသောသူများအတွက် သခင်ယေရှုကိုယုံကြည်လက်ခံ

သည့်အချိန်အခိုက်အတန့်တွင် ညှင်းပန်းနှိပ်စက်ခြင်းများကို စတင်ရင်ဆိုင်ခဲ့ကြရသည်။ ကျွန်ုပ်အမှုတော်ဆောင်ခဲ့သည် အိန္ဒိယသမုဒ္ဒရာအလယ်မှ မောရီးရှပ်ကျွန်း(Island of Mauratius) ရှိအသင်းတော်တစ်ပါးမှ လူငယ်သုံးဦးကို သတိရမိသည်။ သူတို့သည် သခင်ယေရှုကိုယုံကြည်လက်ခံလျှင်လက်ခံချင်း မိသားစုများ၏ဆန့်ကျင်ရန်တွေ့ခြင်းကို ရင်ဆိုင်ခဲ့ကြရသည်။ ဤမိန်းကလေးသုံးယောက်အတွက်မူ သခင်ယေရှုကိုမိမိတို့၏ ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံခြင်းသည် ဆင်းရဲဒုက္ခများခံစားရခြင်း၏ အစဖြစ်ခဲ့သည်။ ဤအချင်းအရာကို ကျွန်ုပ်တို့ မအံ့သြသင့်ပါ။ ဤလောကကြီးသည် ဘုရားသခင်၏နည်းလမ်းများကိုလည်းကောင်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကိုလည်းကောင်း လက်မခံ (သို့) နားမလည်ပါ။ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေသောစစ်သားတစ်ယောက်သည် ရန်သူကသူ့ကို သေနတ်ဖြင့်ပစ်သည့်အဖြစ်ကို အံ့သြခြင်းမရှိပါ။ အလားတူပင်၊ သခင်ဘုရား၏စစ်တပ်ထဲ၌ နာမည်စာရင်းသွင်းခြင်းခံရသော ကျွန်ုပ်တို့အဖို့ စာတန်၏ပစ်မှတ်များမှာ ကျွန်ုပ်တို့ဖြစ်နေသည့်အဖြစ်ကို အံ့သြခြင်းမရှိသင့်ပါ။ ယုံကြည်သူများဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည်ဤဆန့်ကျင်တိုက်လှန်ခြင်းများအတွက် ကိုယ့်ကိုကိုယ်အသင့်ပြင်ဆင်ထားကြရမည်။

ကျွန်ုပ်တို့သည် စစ်ကြောစုံစမ်းခြင်းများ ရောက်လာမည့်အကြောင်းကို သိရှိထားရုံသာမဟုတ်၊ သခင်ခရစ်တော်အတွက်ခံရသော ဆင်းရဲခြင်းဒုက္ခများ၌မည်သို့ဝမ်းမြောက်ရမည်ကိုလည်း သင်ယူကြရမည်ဖြစ်သည်။ အခန်းငယ် ၁၃ အရ၊ သခင်ခရစ်တော်အတွက်ခံရသောကြောင့် သခင်ဘုရား၏ဘုန်းတော်ပေါ်ထွန်းထင်ရှားသောအခါ ကျွန်ုပ်တို့မှာအလွန်ဝမ်းမြောက်ရွှင်လန်းခဲ့ကြမည်ဖြစ်သောကြောင့်ဖြစ်သည်။ သခင်ဘုရား၏ ဘုန်းတော်ပေါ်ထွန်းထင်ရှားခြင်းဆိုသည်မှာ အဘယ်နည်း။ ဤအရာသည် သခင်ယေရှုပြန်လည်ကြွဆင်းလာခြင်းကိုရည်ညွှန်းထားချက်တစ်ခုဖြစ်နိုင်ပါသလား။ ဖြစ်ခဲ့မည်ဆိုလျှင်၊ လိုလို

လားလားဖြင့် ဆင်းရဲဒုက္ခကိုရင်ဆိုင်နေသော ယုံကြည်သူသည် ဤဆင်းရဲဒုက္ခကိုအဆုံးသတ်၍ မိမိ၏အစေခံကို ဆုချမည့်သခင်ဘုရားပြန်လည်ပေါ်ထွန်းခြင်းတွင် အလွန်အားရကျေနပ်နေမည်မှာ ဧကန်မုချဖြစ်သည်။

အခန်းငယ် ၁၄ တွင် ဆင်းရဲဒုက္ခ၌ ဝမ်းမြောက်နေရန်နောက်ထပ်အကြောင်းအရင်းကို ရှင်ပေတရုကဖော်ပြထားသည်။ ဤနေရာ၌ ရှင်ပေတရုကယုံကြည်သူများသည် သခင်ယေရှု၏ နာမတော်ကြောင့် ကဲ့ရဲ့ခြင်းကို ခံရသောအခါသူတို့သည် မိမိတို့၌သခင်ယေရှု၏ ဘုန်းတော်တည်နေကြောင်းကို ကဲ့ရဲ့သူများက သိကြသောကြောင့်ဖြစ်သည်ဟု ဖေါ်ပြခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ လောကီသားများက ကျွန်ုပ်တို့အပေါ်၌တည်နေသော ဘုရားသခင့်ဘုန်းတော်၏မျက်မှောက်ပြုခြင်းကို မနှစ်သက်ကြသောကြောင့် ကျွန်ုပ်တို့ကိုကဲ့ရဲ့လှောင်ပြောင်၍ စော်ကားနေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ဘုရားသခင်၏ ဘုန်းတော်ကိုထင်ဟပ်ပြသကြသောကြောင့် ထိုသို့စော်ကားခံရခြင်းဖြစ်သည်။ ဘုရားသခင်နှင့် ဘုရားသခင်၏စရိုက်လက္ခဏာကို ထင်ဟပ်ပြသရသည့် တန်ဆာပလာတစ်ခုအနေဖြင့် ရှိရသည့်အချိန်နာရီသည် အဘယ်မျှမြင့်မြတ်ပါသနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်၌ ထွန်းလင်းတောက်ပသော ကြယ်စင်များကဲ့သို့ လင်းလက်နေကြသည်ကို သိရခြင်းသည်ကျွန်ုပ်တို့၏စိတ်နှလုံး၌ ကြီးမားသောဝမ်းမြောက်ခြင်းကို ဆောင်ယူလာသင့်သည်မဟုတ်ပါလား။

အခန်းငယ် ၁၅ နှင့် ၁၆ တွင် မှန်ကန်သောလုပ်ရပ်ကြောင့် ဒုက္ခရောက်ခြင်း၊ မိုက်မဲခြင်းနှင့်အပြစ်ဒုစရိုက်ကြောင့်ဒုက္ခရောက်ခြင်းတို့ကို ခွဲခြားထားပါသည်။ မိမိတို့၏ဆိုးညစ်သောလုပ်ရပ်များကြောင့် ဒုက္ခခံရသူများရှိပါသည်။ သူတို့သည် တရားဥပဒေ၏စီရင်မှုကြောင့်သော်လည်းကောင်း၊ သူတို့ကိုငြင်းပယ်ထားသော အသိုင်းအဝိုင်း၏စီရင်မှုကြောင့်သော်လည်းကောင်း ဒုက္ခ

ရောက်ကောင်းရောက်ကြပါလိမ့်မည်။ ဤသည်မှာ သခင်ခရစ်တော်အတွက် ဒုက္ခခံရခြင်းမဟုတ်ပါ။ သခင်ခရစ်တော်အတွက် ဒုက္ခခံရခြင်းဆိုသည်မှာ မှန်ကန်သောအရာကို ပြုလုပ်ခြင်းကြောင့် ဒုက္ခခံရခြင်းဖြစ်သည်။ ကိုယ်တော့်အတွက်လည်းကောင်း၊ ကိုယ်တော်၏အလိုတော်နှင့် ရည်ရွယ်ချက်ကိုလိုက်လျှောက်နာခံခြင်းကြောင့်လည်းကောင်း ဒုက္ခခံရခြင်းဖြစ်သည်။

မကောင်းမှုတစ်စုံတစ်ရာကို ပြုလုပ်ခြင်းအတွက် ဒုက္ခခံရသောသူများသည် ၎င်းတို့လုပ်ရပ်များ၏အကျိုးဆက်များနှင့် ထိုက်တန်သော်လည်း၊ မှန်ကန်သောအရာကို ပြုလုပ်ခြင်းအတွက် ဒုက္ခခံရသောသူများမှာ မတရားခံရခြင်းဖြစ်သည်။ သခင်ခရစ်တော်အတွက် ဒုက္ခခံရလျှင်အရှက်ရဖို့မလိုပါ။ အရှက်ကွဲခြင်းနှင့် နစ်နာဆုံးရှုံးမှုများကို တွေ့ကြုံရသောအခါ သခင်ယေရှုသည်လည်း အလားတူအရှက်ကွဲခြင်းနှင့် နစ်နာဆုံးရှုံးမှုများကို ကြုံတွေ့ခံစားခဲ့ရကြောင်းကို ကျွန်ုပ်တို့သတိရနေသင့်သည်။ ကောင်းမှုကို ပြုလုပ်ခြင်းကြောင့် ဒုက္ခခံရလျှင် ကျွန်ုပ်တို့သည် သခင်ယေရှု၏ခြေရာကို လိုက်လျှောက်နေကြခြင်းဖြစ်သည်။

အခန်းငယ် ၁၇ နှင့် ၁၈ တွင် ဘုရားသခင်သည် မိမိ၏မိသားစုကိုပင် တရားစီရင်ကြောင်းရေးသားခဲ့သည်။ သူသည်မိမိ၏အိမ်တော်သားများ၏ အပြစ်ဒုစရိုက်ကို မယုံကြည်သူများ၏လက်၌ စစ်ကြောစုံစမ်းခြင်းများနှင့် ဆင်းရဲခြင်းဒုက္ခကိုခံစေခြင်းအားဖြင့် သန့်စင်ထုတ်ပယ်ပစ်ပါသည်။ သခင်ဘုရားသည် မိမိအတွက်သတို့သမီးတစ်ပါးကို ပြင်ဆင်နေပါသည်။ ဘုရားသခင်သည် မိမိ၏ လူများအပေါ်၌ပင် ဤမျှပြင်းထန်နေလျှင် မိမိ၏မိသားစုမဟုတ်သောသူများအတွက် အဘယ်မျှပြင်းထန်လိမ့်မည်နည်း။ နောက်ဆုံး တရားစီရင်ခြင်းနေ့၌ မယုံကြည်သူများအတွက်ထားရှိသော ဘုရားသခင်၏ ဒဏ်ခတ်စီရင်ခြင်းထာဝရမီးအိုင်ကို ခံစားခြင်းထက်ယုံကြည်သူများအတွက် ဤဘဝ၌သတ်မှတ်ထားသည့် စစ်ကြောသန့်စင်ခြင်းမီးကို ခံစားရခြင်းကပို၍ ကောင်းပါသည်။

ရှင်ပေတရုက သခင်ယေရှုအတွက်ဒုက္ခခံနေကြသောသူများကို စိန်ခေါ်ခြင်းဖြင့် နိဂုံးချုပ်ထားသည်။ ရှင်ပေတရုကသူတို့အား သစ္စာရှိသောအသက်သခင်ဖန်ဆင်းရှင်ထံ၌ ကိုယ့်ကိုယ်ကိုဆက်ကပ်အပ်နှံ၍ကောင်းမှုကိုဆက်လက်ပြုလုပ်ကြဖို့စိန်ခေါ်ခဲ့သည်။ သူတို့သည်သစ္စာရှိသောအသက်သခင်ဖန်ဆင်းရှင်ထံ၌ ကိုယ့်ကိုယ်ကိုဆက်ကပ်အပ်နှံရမည်ဖြစ်ကြောင်းကိုသတိပြုပါ။ ဘုရားသခင်ပြုလုပ်နေသည့်အရာများကို ကျွန်ုပ်တို့နားမလည်နိုင်သည့်အချိန်များလည်းရှိပါသည်။ ထိုအချိန်များတွင် ကျွန်ုပ်တို့ပြုလုပ်နိုင် သည့်အရာမှာ ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များ ကိုလည်းကောင်းယုံကြည်ကိုးစားနေရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘုရားသခင် သည် ကျွန်ုပ်တို့အတွက်အကောင်းဆုံးအကျိုးစီးပွားကို စိတ်နှလုံး၌ ထားတော်မူသည့်သစ္စာရှိသောဘုရားဖြစ်သည်။ သူ့ကိုကျွန်ုပ်တို့အကြွင်းမဲ့ယုံကြည်ကိုးစားနိုင်ပါသည်။

ဆင်းရဲခြင်းဒုက္ခသည် ဤလောက၌အသက်ရှင်ခြင်း၏ လိုအပ်သောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယုံကြည်သူများဖြစ်ကြသည့် ကျွန်ုပ်တို့ပင်လျှင်ကျွန်ုပ်တို့၏ရှေ့၌ ဒုက္ခခံခဲ့သောသခင်ယေရှုကဲ့သို့ ဒုက္ခခံကြရပါလိမ့်မည်။ သို့သော်ထိုကဲ့သို့သောအချိန်များတွင် ကျွန်ုပ်တို့သည်ဝမ်းမြောက်နေကြရမည်ဖြစ်သည်။ ဒုက္ခခံရသောအချိန်များက ကျွန်ုပ်တို့ကို မရှုံးနိမ့်စေသင့်ပါ။ ထိုသို့ရှုံးနိမ့်စေမည့်အစား ကျွန်ုပ်တို့သည် ဤကဲ့သို့သောအချိန်များတွင် မည်သို့ဝမ်းမြောက်ကြရမည်ကို သင်ယူဖို့လိုအပ်ပါသည်။ အကြောင်းမှာ ဘုန်းကြီးသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ကိန်းဝပ်တော်မူသောကြောင့်လည်းကောင်း၊ သခင်ခရစ်တော်၏နာမတော်ကို ခံယူထားကြသောကြောင့်လည်းကောင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို သန့်စင်ဖယ်ရှားနေခြင်းကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့အတွက်အကောင်းဆုံးသောအရာကို စိတ်နှလုံး၌ထားရှိသည့်သစ္စာရှိသေ အသက်သခင်ကယ်တင်ရှင်ကို ကျွန်ုပ်တို့ရှိထားကြသောကြောင့်လည်းကောင်းဖြစ်သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- မှန်ကန်သောအရာကို ပြုလုပ်ခြင်းအတွက် သင်းဒုက္ခရောက်ခဲ့ဖူးပါသလား။ ရှင်းပြပါ။
- ဤဘဝ၌ ကျွန်ုပ်တို့ဆင်းရဲဒုက္ခခံရမည့်အဖြစ်က ကျွန်ုပ်တို့ကိုအဘယ်ကြောင့်မအံ့သြစေသင့်သနည်း။
- ဆင်းရဲဒုက္ခခံခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာ၌မည်သည့်အရာကို ထမြောက်ပြည့်စုံစေပါသနည်း။
- မှားယွင်းသောအရာကို ပြုလုပ်ခြင်းကြောင့် ဒုက္ခခံရခြင်းနှင့် သခင်ယေရှုအတွက်ဒုက္ခခံရခြင်းတို့၏ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။

**ဆုတောင်းရန်အချက်များ**

- စစ်ကြောစုံစမ်းခြင်းများမည်မျှပင် ကြီးမား နေပါစေ သခင်ဘုရားသည် ကျွန်ုပ်တို့နှင့်အမြဲအတူရှိနေမည်ဟု ကတိ ပြုထားသောအံ့ဖွယ်ဘုရားသခင်ဖြစ်တော်မူသောကြောင့် ကျေးဇူး တင်ချီးမွမ်းပါ။
- သင်ရင်ဆိုင်ရသောဆင်းရဲဒုက္ခနှင့် စစ်ကြောစုံစမ်းခြင်းများတွင် မည်သို့ဝမ်းမြောက်ရမည်ကို သင်ယူဖို့ကူညီမစပေးရန် တောင်းလျှောက်ပါ။
- သင်ရင်ဆိုင်ရသောစစ်ကြောစုံစမ်းခြင်းများအားဖြင့် သင့်အသက်တာ၌ဘုရားသခင်အကောင်အထည်ဖော်နေသောအရာများအတွက်ကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ဘုရားကို မသိကျွမ်းသေးသော မိတ်ဆွေသူငယ်ချင်းများ(သို့)ချစ်ရသောသူများအတွက် ဆုတောင်းရန်အချိန်ယူပါ။ ဘုရားသခင်သည်သူတို့ကိုရောက်လာတော့မည့် တရားစီရင်ခြင်းမှကယ်နှုတ်၍ကာကွယ်ပေးရန်တောင်းလျှောက်ပါ။

## ၄၂
## အသင်းတော်လူကြီးများအတွက်အမှာစကား

၁ ပေ ၅း၁-၄ ကိုဖတ်ရှုပါ။

ရှင်ပေတရုသြဝါဒစာပထမစောင်၏ ဤနောက်ဆုံးအခန်းကြီးတွင် တမန်တော်ကြီးက အသင်းတော်လူကြီးများနှင့် လူငယ်များအတွက်သီးသန့် စိန်ခေါ်ချက်တစ်ခုကို ယူလာပါသည်။ အခန်းကြီး၏ပထမအပိုင်းဖြစ်သော ဤနေရာတွင် အသင်းတော်လူကြီးများကို ပေးထားသောရှင်ပေတရု၏ စိန်ခေါ်ချက်ကိုကျွန်ုပ်တို့ ကြည့်ရှုလေ့လာသွားကြပါမည်။

ရှင်ပေတရုက အသင်းတော်လူကြီးများကို အသက်ကြီးသူ လူကြီးချင်းကဲ့သို့အနူးအညွတ်မေတ္တာရပ်ခံနေပါသည် (ငယ် ၁)။ သူသည်အသင်းတော်လူကြီးတစ်ယောက်ထက်ပိုသော်လည်း မိမိကိုယ်ကို ဤအသင်းတော်လူကြီးများနှင့်တန်းတူသတ်မှတ်ခဲ့သည်။ သူသည်တမန်တော်တစ်ပါးဖြစ်သည်။ လုပ်ဖော်ဆောင်ဖက်အသင်းတော်လူကြီးတစ်ဦးအဖြစ်နှင့် ရှင်ပေတရုသည် ဒေသန္တရအသင်းတော်တစ်ပါး၌ ခေါင်းဆောင်ဖြစ်ရခြင်း၏ စိန်ခေါ်မှုကိုနားလည်သဘောပေါက်ခဲ့သည်။

ရှင်ပေတရုသည် သက်တူရွယ်တူအသင်းတော်လူကြီးတစ်ဦးဖြစ်ရုံသာမက၊ သူသည်သခင်ခရစ်တော်၏ ဆင်းရဲဒုက္ခဝေဒနာကို မျက်မြင်ကိုယ်တွေ့တွေ့မြင်ခဲ့သည့် သက်သေတစ်ဦးလည်းဖြစ်သည်။ သူသည် သခင်ယေရှုကိုကားတိုင်ထက်၌တွေ့မြင်ခဲ့ပါသည်။ သူသည်သခင်ယေရှုနာကျင်ဝေဒနာများကို

ခံစား၍ သေဆုံးသွားခဲ့သည်ကို မြင်ခဲ့သည်။ ရှင်ပေတရုသည် သခင်ဘုရားကို သုံးကြိမ်တိုင်တိုင် ငြင်းပယ်ခြင်းဖြင့် ထိုဆင်းရဲဒုက္ခဝေဒနာကို ကိုယ်တိုင်ဆိုးဝါးစေခဲ့ပါသည်။ သို့သော်ရှင်ပေတရုက သူသည်သခင်ဘုရားကသတ်မှတ်ထားသောအချိန်၌ ထင်ရှားစေမည့်ဘုန်းအသရေတော်ကို မျှဝေဆက်ခံရမည်ကို သိနေခဲ့သည်။ ရှင်ပေတရုက သူသည်သခင်ဘုရားအား ငြင်းပယ်ခဲ့ကြောင်းကို သိသကဲ့သို့ သခင်ဘုရားကသူ့ကိုခွင့်လွှတ်ခဲ့ကြောင်းကိုလည်း သိခဲ့သည်။ ထာဝရဘုရားသခင်၏မျက်မှောက်၌ ထာဝရရှင်သန်ရမည်ဟူသော အံ့ဖွယ်မျှော်လင့်ချက်တမန်တော်ကြီးတွင် ရှိနေခဲ့သည်။

ရှင်ပေတရုအတွက် မှန်ကန်ခဲ့သောအရာသည် ကျွန်ုပ်တို့အတွက်လည်း ယနေ့တွင်မှန်ကန်ပါသည်။ သင်သည်အပြစ်ဒုစရိုက်၌ လဲပြိုခဲ့၍ထာဝရဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ကောင်းပုန်ကန်နေပါလိမ့်မည်။ သူသည်သင့်ကိုပြန်လည်လက်ခံနိုင်မည့်အရေးကို ယနေ့တွင်သင်ကိုယ့်ကိုကိုယ်မေးခွန်းထုတ်နေပေလိမ့်မည်။ ဤအခန်းကကျွန်ုပ်တို့အား အံ့ဖွယ်မျှော်လင့်ချက်ကိုပေးထားသည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ခွင့်လွှတ်ခြင်းကိုလည်းကောင်း၊ မိမိ၏သားသမီးများကိုပေးသော မျှော်လင့်ချက်ကိုလည်းကောင်း သိနိုင်ကြသည်။ ရှင်ပေတရုက ဤခွင့်လွှတ်ခြင်းကို မိမိ၏အသက်တာ၌ သိရှိခံစားခဲ့သည်။ သူသည်သခင်ယေရှု ပြန်လည်ကြွဆင်းလာခြင်းကိုလည်းကောင်း၊ ဘုရားသခင်နိုင်ငံတော်၏ ရည်ရွယ်ချက်များအထမြောက်ပြည့်စုံခြင်းကိုလည်းကေင်း မျှော်မှန်းစောင့်စားခဲ့သည်။

အခန်းငယ် ၂တွင် ရှင်ပေတရုက အသင်းတော်လူကြီးများအား ၎င်းတို့ထံ ဘုရားသခင်ကယုံကြည်အပ်နှံထားသောသူများအပေါ်၌ သိုးထိန်းများသဖွယ်ဖြစ်ကြဖို့စိန်ခေါ်ခဲ့သည်။ သိုးထိန်းသာဓကကို အသုံးပြုထားပုံအား ကျွန်ုပ်တို့နားလည်သဘောပေါက်ရန် အရေးကြီးသည်။ ရှင်ပေတရုကအသင်းတော်လူကြီးတစ်ယောက်ကို ရှင်ဘုရင်တစ်ပါးနှင့်သော်လည်းကောင်း၊ သူဌေးတစ်ယောက်

နှင့်သော်လည်းကောင်း မခိုင်းနိုင်းထားပါ။ သိုးထိန်းတစ်ယောက်နှင့်သာ ခိုင်းနိုင်းထားပါသည်။ ရှင်ဘုရင်များတွင် အစေခံဖြစ်၍ထိုသိုးစု၏ လိုအပ်ချက်များကူညီဖြေရှင်းပေးရသည်။ ဤအချင်းအရာသည် စည်းကမ်းသေဝပ်မှုနှင့် အလုပ်ကိုကြိုးစားခြင်းကို လိုအပ်သည်။

ရှင်ပေတရု၏ ပြောဆိုထားချက်အရ အသင်းတော်လူကြီးတစ်ယောက်သည် လိုလားဝမ်းမြောက်နေသော အစေခံတစ်ယောက်ဖြစ်ရမည်ဖြစ်သည်။ သူသည်ခရစ်တော်၏ကိုယ်ခန္ဓာရှိ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းအားအခွင့်အရေးတစ်ခုအဖြစ် စဉ်းစားသုံးသပ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ နာကျင်ခါးသီးမှုများနှင့်အတူ သခင်ဘုရားကိုအစေခံခြင်းအားဖြင့်ကျွန်ုပ်တို့သည် သခင့်ကိုဂုဏ်မကြီးစေနိုင်ပါ။ လိုလားဝမ်းမြောက်နေသောစိတ်နှင့်အတူ ကျွန်ုပ်တို့အစေမခံလျှင် နာမတော်ကို ဘုန်းမကြီးစေနိုင်ပါ။ သခင်ဘုရားအတွက် ပြုလုပ်သောကျွန်ုပ်တို့၏ဝန်ဆောင်မှုသည် ဝမ်းမြောက်ခြင်းတစ်ပါးဖြစ်နေရန်မှာ သခင်ဘုရား၏ ရည်ရွယ်ချက်ဖြစ်သည်။ ဤအရာအားဖြင့်ကျွန်ုပ်တို့သည် သာသနာလုပ်ငန်းများ၌ အခက်အခဲများကို ကြုံတွေ့ကြရမည်မဟုတ်ဟု မဆိုလိုပါ။ သို့သော်ထိုအခက်အခဲများကြား၌ပင် ကျွန်ုပ်တို့သည်သခင်ဘုရား၌ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကိုသိနိုင်ကြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလိုလားဝမ်းမြောက်၍ ရွှင်လန်းတက်ကြွနေသောအစေခံများဖြစ်ကြဖို့အလိုရှိသည်။

အခန်းငယ် ၂ တွင် ရှင်ပေတရုကအသင်းတော်လူကြီးသည် ငွေကြေးကိုတပ်မက်သောသူမဖြစ်ရ၊ ထက်သန်သောစိတ်ဖြင့် အစေခံရမည်ဟုဆက်လက်၍ပြောခဲ့သည်။ သူသည်အသင်းတော်လူကြီးတစ်ပါး၏အလုပ်ကို ငွေကြေးဆုလာဒ်မရှိဘဲလျက်ပင် ဝမ်းမြောက်ဝမ်းသာထမ်းဆောင်လိုရမည် ဖြစ်သည်။ အသင်းတော်လူကြီးတစ်ပါးကိုယ်၄င်း၏ ဝန်ဆောင်မှုအတွက် အခပေးစရာ မလိုဟု

မဆိုလိုပါ။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား နှုတ်ကပတ်တော်ကို ဟောပြောသောသူများအား ၎င်းတို့၏ဝန်ဆောင်မှုအတွက် ဆုပေးရမည်ဖြစ်ကြောင်း ပြောပြထားသည် (၁ တိ ၅း၁၇)။ သို့သော်ငွေကြေးသည် အသင်းတော်လူကြီး၏အမှုတော်နောက်ကွယ်မှ စေ့စော်တိုက်တွန်းပေးသောအရာ မဖြစ်သင့်ပါ။ အသင်းတော်လူကြီးတစ်ပါးသည် အမှုတော်ဆောင်ရသည်ကို အားရဝမ်းမြောက်သောကြောင့် အမှုတော်ကိုဆောင်ရမည် ဖြစ်သကဲ့သို့သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာက သူ့ကိုတွန်းအားပေးသောကြောင့် ကိုယ်ခန္ဓာတော်ကို အလုပ်အကျွေးပြုရမည်ဖြစ်သည်။

အသင်းတော်လူကြီး၏ အမှုတာ်နှင့်စပ်လျဉ်း၍ အခြားရှုထောင့်တစ်ခုရှိသည်။ ရှင်ပေတရုက အသင်းတော်လူကြီးအား သိုးစုများအပေါ်၌ ဗိုလ်မကျဖို့သတိပေးခဲ့သည်။ အခြားသူများအပေါ်၌ ဗိုလ်ကျခြင်းဆိုသည်မှာ ထိုသူတို့ထံမှအလုပ်အကျွေးပြုမှုကို တောင်းခံခြင်းဖြစ်သည်။ သိုးထိန်းတစ်ယောက်နှင့်ရှင်ဘုရင်တစ်ပါးတို့၏ ခြားနားချက်ကို ကျွန်ုပ်တို့အတိုချုပ်လေ့လာခဲ့ကြပြီးဖြစ်သည်။ သိုးထိန်းသည်သိုးတို့ကို အလုပ်အကျွေးပြုသည်။ ရှင်ဘုရင်(သို့) သခင်တစ်ပါးသည် လူထုထံမှအလုပ်အကျွေးပြုမှုကို မျှော်လင့်သည်။ အသင်းတော်လူကြီးသည် မိမိထံ၌အစေခံကြဖို့ကို မျှော်လင့် နေကြသောရှင်ဘုရင် (သို့) လောကီသခင်များကဲ့သို့ မဖြစ်ရပါ။ သူသည်မိမိ၏ ရာထူးကိုအခြားသူများအား ခြိမ်းခြောက်ဖို့ (သို့) ချုပ်ကိုင်ဖို့အသုံးမပြုသင့်ပါ။ အသင်းတော်လူကြီးများက ၎င်းတို့သည်ထိုအသင်းတော်ရှိအသင်းဝင်များအပေါ်၌ ထိန်းချုပ်ခွင့်အာဏာရှိသည်ဟုခံစားကြသည့် အသင်းတော်များ၌ ကျွန်ုပ်ရောက်ဖူးပါသည်။ အမှန်တွင်အသင်းတော်လူကြီးသည် သိုးစုအတွက် ပုံဥပမာကောင်းဖြစ်ရမည်ဖြစ်သည်။ ရှင်ပေတရုက အသင်းတော်လူကြီးများအား ၎င်းတို့သည် သိုးထိန်းကြီးဖြစ်သော သခင်ယေရှု၏လက်အောက်တွင် ရှိနေကြကြောင်းအသိပေးခဲ့သည်။

အသင်းတော်လူကြီးသည် ဤသိုးထိန်းအကြီးထံ၌ မိမိကိုယ်တိုင်လည်း ရှင်းလင်းချက်ပေးရမည်ကို သတိရနေရမည်။ မိမိတို့၏သိုးစုကို သစ္စာရှိရှိကြည့်ရှုစောင့်ရှောက်သောသူများသည် ထာဝရတည်သောဘုန်းကြီးခြင်းဦးရစ်သရဖူကို လက်ခံရရှိပါလိမ့်မည်။ သခင်ယေရှု၏သိုးစုများအတွက် သိုးထိန်းတစ်ယောက်အဖြစ်နှင့် ကိုယ်တော့်ကိုအလုပ်အကျွေးပြု ရခြင်းသည် အံ့ဖွယ်ဂုဏ်ထူးတစ်ခုဖြစ်သည်။ သို့သော် ထိုအမှုကိုဝမ်းမြောက် ရွှင်လန်းခြင်း၊ နှိမ့်ချခြင်း၊ အစေခံတစ်ယောက်၏စိတ်နှလုံးတို့နှင့်အတူဆောင်ရွက်ကြရမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သိုးထိန်းတစ်ယောက်နှင့်ရှင်ဘုရင်တစ်ပါးတို့၏ ခြားနားချက်မှာ အဘယ်နည်း။
- သိုးစုအပေါ်၌ ဗိုလ်ကျခြင်းဆိုသည်မှာ မည်သည့်အရာကို ဆိုလိုပါသနည်း။
- အသင်းတော်လူကြီးတစ်ပါးသည် မိမိ၏အမှုတော်အပေါ်၌ မည်သည့်စိတ်ထားမျိုးကို ရှိရမည်နည်း။
- သင်သည် သင့်ရဲ့အသင်းတော်၌ ခေါင်းဆောင်တစ်ယောက် (သို့) ဝိညာဉ်ရေးရာခေါင်းဆောင်တစ်ယောက် ဖြစ်ပါသလား။ သင်သည် အခြားသူများကအတုယူ လိုက်လျှောက်ဖို့ ပုံဥပမာကောင်းတစ်ခုဖြစ်ပါသလား။
- သခင်ဘုရားသည် သင့်ကိုမည်သို့သောထူးခြားသည့် အမှုတော်ကို ပေးအပ်ထားသနည်း။ သင်သည် ထိုအမှုတော်ကို စိတ်နှလုံး၌ဝမ်းမြောက်ရွှင်လန်းခြင်းနှင့်အတူ လုပ်ဆောင်နိုင်ပါသလား။

**ဆုတောင်းရန်အချက်များ**

- သင်ရဲ့အသင်းတော်မှ ခေါင်းဆောင်ပိုင်းများကို ကောင်းကြီးပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။ ဘုရားသခင်က သူတို့ကိုဆင့်ခေါ်၍ဖြစ်စေလိုသည့်အတိုင်း သူတို့ဖြစ်လာကြဖို့ ကူညီမစရန် တောင်းလျှောက်ပါ။
- သင်သည်သိုးစုကို စောင့်ရှောက်ပေးသကဲ့သို့ ကိုယ်တော်သည်လည်း သင့်ကိုကြည့်ရှုစောင့်ရှောက်သည့် သိုးထိန်းကြီးဖြစ်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်တင့်မှန်ကန်သော စိတ်ထားဖြင့်အလုပ်အကျွေးပြုနိုင်ဖို့ ကူညီမစပေးရန် သခင်ဘုရားအားတောင်းလျှောက်ပါ။ သူ့ကိုအလုပ်အကျွေးပြုရာ၌ ရှိခဲ့နိုင်သည့်မှားယွင်းသော စိတ်ထားများအတွက် ခွင့်လွှတ်ပေးရန် တောင်းလျှောက်ပါ။

၃၃

## လူငယ်များအတွက် အမှာစကား

၁ ပေ ၅း၅-၁၄ ကိုဖတ်ရှုပါ။

ပထမအခန်းငယ် လေးခန်းတွင် အသင်းတော်လူကြီးများအား လိပ်မူ၍ပြောကြားပြီးနောက်တွင် ရှင်ပေတရုကလူငယ်များထံသို့ အမှာစကားပြောကြားခြင်းဖြင့် မိမိ၏စာစောင်ကို နိဂုံးချုပ်ခဲ့သည်။ ရှင်ပေတရုသည် လူငယ်များကို လျစ်လျူမရှုခဲ့ပါ။ သူတို့ကိုအသင်းတော်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ရှုမြင်ခဲ့သည်။ ဤလူငယ်များတွင် အလွန်ကောင်းမွန်သော အလားအလာရှိနေခဲ့ကြသည်။ သို့သော် သူတို့သည်အလွန်ကြီးမားသော စုံစမ်းနှောက်ယှက်ခြင်းများကိုလည်း ရင်ဆိုင်ခဲ့ကြပါလိမ့်မည်။ တမန်တော်ကြီးက သူတို့ကိုစိန်ခေါ်ဖို့အချိန်ယူထားသည်။

### *အသက်ကြီးသောသူတို့၏စကားကို နားထောင်ကြလော့*

ရှင်ပေတရုက အသင်းတော်လူကြီးများထံ၌ ပြောခဲ့သောရာကိုပြန်လည်ရည်ညွှန်းခြင်းဖြင့် အစပြုခဲ့သည်။ ဤအခန်းကြီး၏အစပိုင်းတွင် ရှင်ပေတရုကအသင်းတော်လူကြီးများအား ၄င်းတို့လက်အောက်မှ လူများအပေါ်၌ဗိုလ်မကျကြဖို့ပြောခဲ့သည်။ ထိုသို့ပြုမည့်အစား အစေခံစိတ်ဓါတ်ဖြင့် နှိမ့်ချစွာနေကြဖို့ပြောခဲ့သည်။ ဤနေရာတွင် ရှင်ပေတရုကလူငယ်များအား အသက်ကြီးသူတို့၌ အစေခံစိတ်ထားရှိကြရမည်ဆိုလျှင် သူတို့သည်လည်းအလားတူစိတ်ထားဖြင့်

နေထိုင်ကြရမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ သူသည်လူငယ်များအား အသက်ကြီးသူတို့ထံ၌ ဝန်ခံအပ်နှံ၍ ၎င်းတို့၏အတွေ့အကြုံနှင့်အသက်အရွယ် အတွက်ရိုသေလေးစားကြဖို့ စိန်ခေါ်ခဲ့သည်။ အသက်ကြီးသောသူများသည် ဘဝ၌ သင်ခန်းစာများစွာကို သင်ယူခဲ့ကြပါသည်။ လူငယ်များအတွက် စုံစမ်း နှောက်ယှက်ခြင်းတစ်ခုမှာ အသက်အရွယ်ကြီးရင့်သောမျိုးဆက်များအပေါ်၌ အထင်အမြင်သေးခြင်းဖြစ်သည်။ ထုံးစံအစဉ်အလာနည်းလမ်းများသည် မျိုးဆက်တစ်ခုနှင့်တစ်ခုကြားတွင်အပြောင်းအလဲရှိနိုင်သည်။အသက်ကြီးပိုင် မျိုးဆက်များကိုအလွန်ရှေးရိုးဆန်၍ ခေတ်သစ်လူ့အသိုင်းအဝိုင်းကြီးနှင့်စပ်အပ် မှုမရှိကြပါဟု ရှုမြင်နိုင်သည်။ ရှင်ပေတရုက လူငယ်များအား ဤအယူအဆကို ငြင်းပယ်၍ ၎င်းတို့အလယ်မှ အသက်ကြီးသူများကို ရိုသေလေးစား၍သူတို့ထံမှ သင်ယူကြဖို့ အချိန်ယူကြရန် အကြံပြုတိုက်တွန်းခဲ့သည်။

## *နှိမ့်ချခြင်းတန်ဆာကို ဝတ်ဆင်ကြလော့*

လူငယ်များသည်လည်း တစ်ယောက်အပေါ်တစ်ယောက် နှိမ့်ချခြင်း တန်ဆာကိုဝတ်ဆင်ကြရမည်ဖြစ်သည်။ သွေးကြောများထဲ၌ စီးဆင်းရိုက်ခတ် နေသော နုပျိုခြင်းစွမ်းအင်နှင့်အတူ ဤလူငယ်များသည် စိတ်ဆတ်၍မောက် မာလာနိုင်ကြသည်။ ဤအရာသည် သူတို့အချင်းချင်းအကြား၌ ပြိုင်ဆိုင်မှုများ ကိုအလွန်တကူဖြစ်စေနိုင်သည်။ ရှင်ပေတရုက လူငယ်များအား ဤစွမ်းအင် ကိုထိန်းချုပ်၍ သင့်တင်လျောက်ပတ်စွာ လမ်းကြောင်းဖော်ဖြေလွှတ်ကြဖို့ ဆင့်ခေါ်ခဲ့သည်။ သူတို့၏နုပျိုခြင်းစွမ်းအင်များသည် သူတို့ကိုမာနထောင်လွှား သောသူများဖြစ်စေမည့်အဖြစ်ကို ခွင့်မပြုကြဖို့လိုအပ်သည်။ ထိုသို့ဖြစ်စေမည့် အစားအချင်းချင်းတစ်ယောက်အပေါ်တစ်ယောက် နှိမ့်ချတတ်ဖို့သင်ယူကြရ မည်ဖြစ်သည်။ ကိုယ့်ကိုကိုယ်နှိမ့်ချခြင်းဖြင့် အခြားသူများတိုးတက်ဖို့ နေရာပေး

ရမည်။ ဤအချင်းအရာကို ပြုလုပ်ဖို့သူတို့သည် သခင်ဘုရား၏ ရည်ရွယ်ချက်များ၌ ဝန်ခံအပ်နှံ၍သခင်ဘုရား၏ အချိန်အခါကိုစောင့်စားကြရန်လိုအပ်သည်။ သူတို့ကိုပုံသွင်း၍ ထိန်းကျောင်းလေ့ကျင့်ပေးရန် သခင်ဘုရားကိုအားကြီးသောလက်တော်နှင့်အတူ သူတို့၌အလုပ်လုပ်ခွင့်ပြုကြရမည်။ မိမိတို့နှင့် မိမိတို့၏အမှုအရာများကို မြှင့်တင်ဖို့ ကြိုးစားမည့်အစား၊ ဘုရားသခင်သတ်မှတ်ထားသောအချိန်၌ ချီးမြှောက်မြှင့်တင့်ခံရဖို့ ဘုရားသခင်ကိုစောင့်စားကြရမည်ဖြစ်သည်။

သခင်ဘုရား၏ တန်ခိုးကြီးသောလက်တော်အောက်၌ ကိုယ့်ကိုကိုယ်နှိမ့်ချသည့်အယူအဆကို နားမလည်ခဲ့သည့်အချိန်များ ကျွန်ုပ်တို့အသက်တာ၌ ရှိခဲ့ပါသည်။ လူငယ်တို့၏ နုပျိုလန်းဆန်းသောထက်သန်မှုများသည် မည်သူ့ကိုမှမစောင့်နိုင်ပါ။ ပိတ်ထားသောတံခါးများကို ဝင်ဆောင့်ခဲ့သောကြောင့် အဖုအပိန့်များကို ဝေစုအဖြစ်ကျွန်ုပ်ရရှိခဲ့ပါသည်။ ရှင်ပေတရုကလူငယ်များအား ဘုရားသခင်က သူတို့ကိုဆင့်ခေါ်၍ လုပ်စေသေအရာများကို နှိမ့်ချစွာလုပ်ဆောင်ကြဖို့စိန်ခေါ်ခဲ့သည်။ သူတို့သည် သခင်ဘုရားအပေါ်၌သစ္စာရှိကြောင်းကိုလည်းကောင်း၊ သခင်ဘုရား၏ လမ်းညွှန်မှုကိုဝန်ခံအပ်နှံကြောင်းကိုလည်းကောင်း သက်သေပြကြသည်နှင့်အမျှ အချိန်တန်သောအခါ ဘုရားသခင်သည် သူတို့ကိုချီးမြှောက်ပါလိမ့်မည်။

ဘုရားသခင်၏လက်တော်သည် တန်ခိုးကြီးကြောင်းကိုသတိပြုပါ။ ဆိုလိုသည်မှာ ထိုလက်တော်သည် ၎င်းပြုလုပ်ဖို့သတ်မှတ်ထးသောအရာများကိုပြီးမြောက်အောင်စွမ်းဆောင်နိုင်သည်။ တစ်ခါတစ်ရံတွင် ဘုရားသခင်၏လက်တော်သည် ကျွန်ုပ်တို့မနှစ်သက်သောနေရာ၌လည်းကျွန်ုပ်တို့ကိုထားပါလိမ့်မည်။ တစ်ခါတစ်ရံတွင် ထိုလက်တော်၏ဖိအားသည် ကျွန်ုပ်တို့ကိုထုချေတော့မည့်အလား ထင်ရသည်။ သို့သော်ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုနှိမ့်ချ၍ ထာဝရဘုရားသခင်လုပ်နေသောအရာကို လက်ခံကြရမည်ဖြစ်သည်။ တန်ခိုး

ကြီးသောလက်တော်၏အမှုကို သခင်ဘုရားအားပြီးမြောက်ခွင့်ပေးပါ။ ချေခွဲဖို့လိုအပ်သောအရာများကို ချေခွဲခွင့်ပြုပါ။ ကျွန်ုပ်တို့ကို သူသင့်တော်သည်ဟုမြင်သည့်အတိုင်းပုံသွင်းခွင့်ပြုပါ။ ဤသည်မှာချီးမြှောက်ခြင်းခံရဖို့တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်ကိုကိုယ်ချီးမြှောက်ဖို့ ကြိုးစားနိုင်ပါသော်လည်း အလုပ်ဖြစ်မည်မဟုတ်ပါ။ ထိုသို့ပြုလုပ်သောအခါ ကျွန်ုပ်တို့သည်ထောင်လွှားသောစိတ်ဖြင့် ပြုလုပ်ကြခြင်းဖြစ်သည်။ ကိုယ်ကိုကိုယ်နှိမ့်ချ၍ဘုရားသခင်ကို လှုပ်ရှားလုပ်ဆောင်ခွင့်ပြုသောသူများက ဘုရားသခင်၏ ချီးမြှောက်ခြင်းကို အမှန်တကယ်သိနိုင်ကြသည်။ ဤလူငယ်များသည် ကိုယ့်ကိုကိုယ်နှိမ့်ချခြင်းတန်ဆာကိုဝတ်ဆင်၍ ဘုရားသခင်ထံ၌ဝန်ခံအပ်နှံခြင်းဖြင့်အသက်တာ၌ ဘုရားသခင်၏ပကတိပြည့်စုံသော အကြံအစည်ကို ဘုရားသခင်အားအကောင်အထည်ဖော်ခွင့်ပေးကြရမည်ဖြစ်သည်။

## *သင်တို့သည်စိုးရိမ်ခြင်းများကို ကိုယ်တော်၌အပ်နှံကြလော့*

အခန်းငယ် ၇ တွင် လူငယ်များအတွက်အခြားစိန်ခေါ်ချက်ရှိနေသည်။ ရှင်ပေတရုကသူတို့၏ စိုးရိမ်ပူပန်မှုအားလုံးကို သခင်ဘုရားထံ၌အပ်နှံကြဖို့ဆင့်ခေါ်ခဲ့သည်။ ရှင်ပေတရုက ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်ခြင်းကိုသူတို့အားအသိပေးခဲ့သည်။ ဤလူငယ်များတွင် ဘဝ၏မောပန်းခက်ခဲသောပတ်ဝန်းကျင်အခြေအနေများ၌ ဘုရားသခင်သည် သူတို့ကိုအမှန်ကြည့်ရှုစောင့်ရှောက်နေကြောင်းကို ပြသဖို့ဘဝအတွေ့အကြုံမရှိခဲ့ကြပါ။ အသက်ကြီးသူတို့မှာကား ဘဝ၌ဤကဲ့သို့သောအခြေအနေကို များစွာဖြတ်သန်းခဲ့ကြရပြီး၊ ဘုရားသခင်သည် အခက်အခဲတစ်ခုပြီးတစ်ခုတွင် အလုပ်လုပ်နေခဲ့ကြောင်းကိုတွေ့မြင်ရသည့်အခွင့်ရှိခဲ့ကြသည်။ ရှင်ပေတရုကလူငယ်များအား ၎င်းတို့၏စိုးရိမ်ပူပန်မှုအားလုံးကို သခင်ဘုရားထံ၌အပ်နှံကြဖို့ တိုက်တွန်းခဲ့သည်။

အကြောင်းမှာ ဘုရားသခင်သည်သူတို့ကို ဂရုစိုက်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ဘဝအခြေအနေများကို အဖြေရှာပေးခဲ့ပါလိမ့်မည်။ ထို့ကြောင့် သူတို့သည် ဘုရာသခင်ကို အပြည့်အဝမှီခိုနိုင်ကြပါသည်။

ကျွန်ုပ်တို့သည် စိုးရိမ်ပူပန်ခြင်းကြောင့်ကွင်း၌ မည်သို့ခဏခဏကြော့မိနိုင်သည့်အဖြစ်ကိုကျွန်ုပ်ကိုယ်၌က အံ့ဩ၍မဆုံးနိုင်ပါ။ စိုးရိမ်ပူပန်မှုကြောင့် မလှုပ်နိုင် မရှားနိုင်ဖြစ်ခဲ့သည့်အချိန်များ ကျွန်ုပ်အသက်တာ၌ရှိခဲ့ပါသည်။ စိုးရိမ်ပူပန်ခြင်းအတွက် ဖြေဆေးမှာအဘယ်နည်း။ ကျွန်ုပ်တို့စိုးရိမ်သောအရာများကို သခင်ယေရှုထံ၌ အပ်နှံခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုလည်းကောင်း၊ စိုးရိမ်ခြင်းကိုဖြစ်စေသောအရာများကိုလည်းကောင်း စိတ်ချယုံကြည်မှုရှိစွာဖြင့် သခင်ဘုရားထံ၌အပ်နှံ၍ ၎င်းတို့ကိုတန်ခိုးကြီး၍ စွမ်းဆောင်နိုင်စွမ်းရှိသော ဘုရားသခင်၏လက်တော်၌ ချန်ထားရစ်ခဲ့ကြရသည်။ ကျွန်ုပ်တို့၏စိုးရိမ်မှုများသည် သခင်ဘုရား၏ ချစ်ခြင်းမေတ္တာအစောင့်အရှောက်၌ ဘေးကင်းလုံခြုံကြပါသည်။

## *သမ္မာသတိရှိလျက်မအိပ်ဘဲ စောင့်နေကြလော့*

ရှင်ပေတရုကလူငယ်များအား ကိုယ့်ကိုယ်ကို ချုပ်တည်း၍နိုးကြားတက်ကြွကြရန်အလေးအနက်တိုက်တွန်းခဲ့သည် (၄ယ ၈)။ ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်းသည် ဝိညာဉ်တော်၏အသီးအပွင့်တစ်ခုဖြစ်သည် (ဂလာတိ ၅း၂၃)။ ၎င်းသည် ခက်ခဲကြမ်းတမ်းသောအချိန်များတွင်ပင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံခြင်း၌ရှင်သန်ရန် ကိုယ့်ကိုယ်ကိုချုပ်တည်းနိုင်စွမ်းကိုပေးသော ဘုရားပေးစွမ်းရည်ဆုကျေးဇူးတစ်ပါးဖြစ်သည်။ ၎င်းသည်ကျွန်ုပ်တို့အသက်တာအတွက်ထားရှိသော ဘုရားသခင်၏အလိုတော်နှင့် ရည်ရွယ်ချက်များ၌မည်သည့်အဖိုးအခပေးရပေးရ ဆက်ကပ်အပ်နှံလိုသော ဝိညာဉ်တော်ပေးစိတ်ဆန္ဒ

တစ်ခုဖြစ်သည်။ ထိုအချင်းအရာအတွက်ကျွန်ုပ်တို့သည်ဇာတိပကတိနှင့် ၎င်း၏ တောင့်တမှုများ၌သေကြဖို့လိုအပ်သည်။ ရန်သူသည် ကျွန်ုပ်တို့ကိုကျရှုံးစေမည့် အခွင့်ကောင်းအားအမြဲစောင့်ကြည့်နေသောကြောင့် ဤကိုယ့်ကိုယ်ကိုချုပ်တည်း ခြင်းကိုကျွန်ုပ်တို့လုပ်ဆောင်ကြရခြင်းဖြစ်သည်။

ရှင်ပေတရုကစာတန်ကို တစ်ဦးတစ်ယောက်အား ဝါးမြိုဖို့ရှာကြံနေ သောဟိန်းဟောက်လျှက် လှည့်လည်သွားလာနေသည့်ခြင်္သေ့တစ်ကောင်နှင့် ခိုင်းနှိုင်းခဲ့သည်။ စာတန်၏မျက်လုံးများသည် ကျွန်ုပ်တို့အပေါ်၌ ရှိနေကြပြီး၊ ကျွန်ုပ်တို့ကို ခုန်အုပ်ဖို့အခွင့်ကောင်းကို စောင့်စားနေသည်ကို ကျွန်ုပ်တို့တပ်အပ် ပြောနိုင်သည်။ ကျွန်ုပ်တို့မျှော်လင့်မထားသော အချိန်တွင်သူတိုက်ခိုက်ပါသည်။ ရှင်ပေတရုက အပြစ်ဒုစရိုက်၌ ပြိုလဲခြင်းအခြေအနေကိုကောင်းကောင်းသိနေခဲ့ သောကြောင့် လူငယ်များကိုနိုးနိုးကြားကြားရှိနေကြဖို့ သတိပေးခဲ့သည်။ ရှင်ပေ တရုသည် သခင်ဘုရားကို သုံးကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့ပါသည်။ သူအားနည်း သောအချိန်၌ ဘုရားသခင်ထံတွင် ခွန်အားယူဖို့ မရှာကြံသည်အထိကိုယ့်ကိုယ် ကိုစိတ်ချယုံကြည်နေခဲ့သည်။ သူမျက်နှာမပြဝံ့အောင်ဖြစ်ခဲ့ရသည်။ ရှင်ပေတရု ကလူငယ်များကို အချိန်တိုင်းနိုးနိုးကြားကြားရှိနေကြဖို့ ပြောဆိုချိန်တွင်မိမိ၏ ဘဝအတွေ့အကြုံမှပြောနေခြင်းဖြစ်သည်။ သူတို့သည်ရန်သူ၏အစွမ်းအစကို အထင်သေး၍မဖြစ်ပါ။

အခန်းငယ် ၉တွင် ရှင်ပေတရုက လူငယ်များအားယုံကြည်ခြင်း၌ ခိုင်ခံ့ စွာရပ်တည်ခြင်းဖြင့် နတ်ဆိုးကိုတိုက်လှန်ကြဖို့ ခွန်အားပေးထားသည်။ ရန်သူ သည်ကျွန်ုပ်တို့ကို စုံစမ်းနှောက်ယှက်ဖို့ ရောက်လာသောအခါ ဘုရားသခင့်နှုတ် ကပတ်တော်၏ သမ္မာတရား၌မားမားရပ်တည်ခြင်းဖြင့် ကျွန်ုပ်တို့သည်သူ့ကို တိုက်လှန်ကြပါသည်။ ဧဒင်ဥယျာဉ်ကြီးထဲတွင် စာတန်သည်ဧဝအား ဘုရား သခင်ပြောခဲ့သောစကားများအပေါ်၌ သံသယဖြစ်ဖို့ ကြိုးစားဆွဲဆောင်ခဲ့ပါ

သည်။ စာတန်သည် ယနေ့တွင်လည်းအလားတူအရာကို ပြုလုပ်ပါလိမ့်မည်။ နှုတ်ကပတ်တော်၏ အခြေခံဥပဒေများမှ ကျွန်ုပ်တို့၏မျက်လုံးများဖယ်ခွာသွားစေဖို့ သူအစွမ်းကုန်ကြိုးစားပါလိမ့်မည်။ ဤအရာကိုသူလုပ်ဆောင်နိုင်ခဲ့လျှင် ကျွန်ုပ်တို့ကို ပြိုလဲဖို့ကြိုးစားရာ၌ သူအောင်မြင်သွားပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားကို ဖက်တွယ်ထားကြရမည်ဖြစ်သည်။ အရာခပ်သိမ်းကို ဤသမ္မာတရားဖြင့် တိုင်းတာဆုံးဖြတ်ရမည်။ ဤသမ္မာတရားသည် ကျွန်ုပ်တို့၏ဘဝမြေပုံဖြစ်သည်။ ထိုသမ္မာတရားကို ကျော်ခိုင်းခြင်းသည် လမ်းပျောက်ခြင်းသာဖြစ်သည်။

ရန်သူကိုဆန့်ကျင်တိုက်ခိုက်၍ ရုန်းကန်ခြင်းအမှုတွင် ကျွန်ုပ်တို့တည်းမဟုတ်ပါ။ ကမ္ဘာ့တစ်ဝှမ်းမှလူများသည် အလားတူတိုက်ပွဲကိုရင်ဆိုင်နေကြပါသည်။ သို့သော် ကျွန်ုပ်တို့အချိန်အနည်းငယ် ဒုက္ခခံရပြီးနောက်တွင် သခင်ယေရှုသည် ကျွန်ုပ်တို့ကိုမူလအခြေအနေ၌ ပြန်လည်ထားရှိမည့်အကြောင်း ကျွန်ုပ်တို့အား အသိပေးထားပါသည်။ ဤဘဝတွင် ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခကိုရင်ဆိုင်ခံစားရပါမည်။ ဘုရားသခင်သည် ဆင်းရဲဒုက္ခကို ဤလောကကြီးထဲမှ မဖယ်ရှားဖို့ရွေးချယ်ခဲ့သည်။ သို့သော် ကျွန်ုပ်တို့၏အသက်တာ၌ မိမိ၏အကြံအစည်များကို အထမြောက်ပြည့်စုံလာစေဖို့ ထိုဆင်းရဲဒုက္ခကို အသုံးပြုဖို့ရွေးချယ်ခဲ့သည်။ အရာအားလုံးကို ပိုင်သအုပ်စိုးစီရင်တော်မူသော ဘုရားသခင်သည် အရာခပ်သိမ်းကို ဆက်လက်ထိန်းချုပ်လျှက်ရှိသည်။ သူသည်ကျွန်ုပ်တို့ကို မူလအခြေအနေ၌ ပြန်လည်ထားရှိကာ ကြံ့ခိုင်၍မြဲမြံသောသူများအဖြစ် ပြုလုပ်ပါလိမ့်မည် (ငယ် ၁၀)။ ဆင်းရဲဒုက္ခခံခြင်းရှိ ကျွန်ုပ်တို့၏နာခံခြင်းသည် ကျွန်ုပ်တို့၏အကျင့်စာရိတ္တကိုကြံ့ခိုင်စေပါလိမ့်မည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ ကြံ့ခိုင်သန်မာသောသူများဖြစ်ချင်ကြသော်လည်း၊ ကျွန်ုပ်တို့ကို ကြံ့ခိုင်သန်မစေဖို့ စီစဉ်ရေးဆွဲထားသည့် စစ်ကြောစုံစမ်းခြင်းများကိုမူ ကျွန်ုပ်တို့ရင်မဆိုင်ချင်ကြပါ။ ဤစစ်

ကြောစုံစမ်းခြင်းများကို ရင်ဆိုင်ဖို့ ကျွန်ုပ်တို့၏အသက်တာ၌ အခွင့်ပြုထားသော ဘုရားသခင်ကိုကျွန်ုပ်တို့ယုံကြည်ကိုးစားသည်နှင့်အမျှ သူသည်ကျွန်ုပ်တို့အား ဤစစ်ကြောစုံစမ်းခြင်းများကို ဖြတ်ကျော်ဆောင်ယူသွားနိုင်ပါသည်။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သိလွာနု၏အကူအညီဖြင့် ဤစာစောင်ကိုရေးသားနိုင်ခဲ့ကြောင်း ပြောပြခြင်းဖြင့် မိမိ၏စာစောင်ကို နိဂုံးချုပ်ထားပါသည်။ သူသည် သိလွာနုကိုသစ္စာရှိသော ညီအစ်ကိုတစ်ယောက်အဖြစ်သတ်မှတ်ခဲ့သည်။ ရှင်ပေတရုက သတင်းကောင်းတရားတော်၏ သမ္မာတရား၌ ဤစာစောင်ကိုဖတ်ရှုကြသော ယုံကြည်သူများကိုလည်း ခွန်အားပေးတိုက်တွန်းလိုခဲ့သည်။ ရှင်ပေတရုက သူတို့ကို သူ့ထံမှလည်းကောင်း၊ အခြားတမန်တော်များထံမှလည်းကောင်း ကြားနာခဲ့ကြသည့်သမ္မာတရား၌ မားမားရပ်တည်ကြဖို့ စိန်ခေါ်ခဲ့သည်။

အခန်းငယ် ၁၃ တွင် "ဗာဗုလုန်မြို့၌ရှိသောသူမ"ကလည်း နှုတ်ဆက်စကားများကို ပေးပို့လိုက်ပါသည်။ ဤစကားစုသည် ရှင်းလင်းချက်ရေးသားသူများအကြားတွင် ကြီးမားသောငြင်းခုန်ခြင်းကို ဖြစ်စေခဲ့သည်။ ဤစကားစုကို အမြင်အတိုင်း တိုက်ရိုက်အနက်ဖွင့်လျှင် ဗာဗုလုန်မြို့၌ အမှုတော်ဆောင်နေသော သခင်ဘုရား၌တည်သော ညီမတစ်ယောက်ကို ရည်ညွှန်းနိုင်ပါသည်။ ထိုစကားစုသည် ထိုဒေသတစ်ဝိုက်ရှိ သာသနာပြုများ၏ကြိုးစားအားထုတ်မှုဖြင့် တည်ထောင်ခဲ့သော အသင်းတော်တစ်ပါးကိုလည်း ရည်ညွှန်းနိုင်ပါသည်။ နှုတ်ခွန်းဆက်ခြင်းများကို ရှင်ပေတရုက မိမိသားအဖြစ်မှတ်ယူခဲ့သည့် ရှင်မာကုထံမှလည်း ပေးပို့ခဲ့သည်။ အသက်အရွယ်ကြီးနေသူတစ်ဦးအဖြစ်နှင့် ရှင်ပေတရုသည် ရှင်မာကုကိုခွန်အားပေးရန်အတွက်လည်းကောင်း၊ တပည့်တော်အဖြစ်ပြုလုပ်မွမ်းမံရန်အတွက်လည်းကောင်း မိမိ၏အတောင်အောက်၌ ကြည့်ရှုခဲ့ပါသည်။

ရှင်ပေတရုက ယုံကြည်သူတို့အား အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်မေတ္တာအနမ်းဖြင့် နမ်းခြင်းဖြင့်နှုတ်ဆက်ကြရန်ပြောဆိုခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။ ထိုသို့နိဂုံးချုပ်သည်နှင့်အမျှ သူတို့အားလုံးကို သခင်ခရစ်တော်၏ ငြိမ်သက်ခြင်းနှင့်အတူ ကောင်းကြီးပေးခဲ့သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ကျွန်ုပ်တို့၏အလယ်မှအသက်ကြီးရင့်သူများကို ရိုသေလေးစားကြဖို့ အဘယ့်ကြောင့်အရေးကြီးသနည်း။
- လူငယ်များ၌ဖြစ်တတ်သည့် ထူးခြားသောစုံစမ်းနှောက်ယှက်ခြင်းမှာ အဘယ်နည်း။
- ဘုရားသခင်၏ တန်ခိုးကြီးသောလက်တော်အောက်၌ ကိုယ့်ကိုယ်ကို နှိမ့်ချခြင်းသည် မည်သည့်အရာကို ဆိုလိုပါသနည်း။ ထိုအရာသည် အမြဲတမ်းလွယ်ကူပါသလား။
- ယခုလက်ရှိတွင် သင့်ဘဝ၌မည်သည့်စိုးရိမ်မှုမျိုး ရှိနေပါသနည်း။ ထိုအရာကို သခင်ဘုရား၏ လက်ထဲ၌အပ်နှံထားရစ်ခဲ့နိုင်ပါသလား။
- ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကို နှိမ့်ချခြင်းတန်ဆာဝတ်ဆင်ဖို့ ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုပါသနည်း။
- ပြဿနာကိစ္စရပ်များကို ကိုယ့်အစွမ်းအစဖြင့် ဖြေရှင်းဖို့ကြိုးစားဖူးပါသလား။ ဘုရားသခင်၏ လက်တော်အောက်၌ ကိုယ့်ကိုယ်ကိုနှိမ့်ချခြင်းသည် အဘယ်ကြောင့်အရေးကြီးပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သင့်အသက်တာမှအသက်ကြီးသော သန့်ရှင်းသောသူများအတွက်

သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းဖို့ အချိန်ယူပါ။

- ဘုရားသခင်ကို ဦးဆောင်ခွင့်ပေး၍ ဘုရားသခင်၏ရည်ရွယ်ချက်များကိုအထမြောက်ခွင့်ပေးမည့်အစား ပြဿနာကိစ္စရပ်များကို ကိုယ့်အစွမ်းအစဖြင့် ဖြေရှင်းဖို့ ကြိုးစားခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့ သခင်ဘုရားကို တောင်းလျှောက်ပါ။
- ဘုရားသခင်၏ ရည်ရွယ်ချက်နှင့်အလိုတော်ကို နှိမ့်ချစွာဝန်ခံအပ်နှံရင်းလျှောက်လှမ်းရှင်သန်ဖို့ ဆက်ကပ်အပ်နှံနိုင်မည့်အကြောင်း ဝိညာဉ်တော်၏ အသီးအပွင့်တစ်ခုဖြစ်သော ကိုယ့်ကိုယ်ကိုချုပ်တည်းနိုင်ခြင်းအား သင့်ကိုပေးနားဖို့ တောင်းလျှောက်ပါ။
- သင့်အသက်တာ၌ ယခုကြုံတွေ့နေရသော စိုးရိမ်ပူပန်မှုများကို ဖယ်ရှားပေး၍ သင့်အားငြိမ်သက်ခြင်းကိုပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- အသက်တာ၌ သင်ရင်ဆိုင်ရသောစစ်ကြောစုံစမ်းခြင်းများအားလုံးကို သခင်ဘုရားက ထိန်းချုပ်ထားသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။ သူသည် မိမိ၏ရည်ရွယ်ချက်ကို သင့်အသက်တာ၌ ပြီးပြည့်စုံစေဖို့ ထိုစစ်ကြောစီရင်ခြင်းများကို အသုံးပြုမည်ဖြစ်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။

## ရှင်ပေတရုဒုတိယစောင်ကို နိဒါန်းပျိုးခြင်း

### *ရေးသားပြုစုသူ*

ရှင်ပေတရုဒုတိယစောင်ကို ရေးသားပြုစုသူမှာ ရှိမုန်ဟု အမည်တွင်သောသူဖြစ်သည်။ ဖခင်ဖြစ်သူ၏အမည်မှာ ယောနဖြစ်သည်ဟူ သောအချက်မှတစ်ပါး ရှိမုန်၏အကြောင်းကို အနည်းငယ်သာသိရသည်။ ရှိမုန် ကိုညီဖြစ်သူ အန္ဒြေကသခင်ယေရှုထံသို့ ပို့ဆောင်မိတ်ဆက်ပေးခဲ့သည် (ယော ဟန် ၁း၄၀-၄၂)။ သူသည်အိမ်ထောင်သည်တစ်ဦးဖြစ်သော်လည်း သူ့ရဲ့ဇနီး သည်အကြောင်းကို ကျွန်ုပ်တို့မသိရပါ။ သူသည် ကပေရနောင်မြို့တွင်အိမ်ရှိ ပြီး ထိုအိမ်တွင်ယောက္ခမဖြစ်သူနေထိုင်ခဲ့သည်ဟု ယူဆရသည် (မာကု ၁း၂၉-၃၀)။ သူသည် အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ်တံငါလုပ်ငန်းကိုလုပ်ကိုင် သော တံငါသည်တစ်ဦးဖြစ်သည်။

သခင်ယေရှုက သူ့ကိုတပည့်တော်တစ်ပါးဖြစ်လာဖို့ ဆင့်ခေါ်ခဲ့ပြီး သူ့ရဲ့ နာမည်ကို ရှိမုန်မှ "ကျောက်" ဟုအဓိပ္ပါယ်ရသော "ပေတရု" အဖြစ်ပြောင်းလဲ ခဲ့သည် (ယောဟန် ၁း၄၁)။ ထိုအချိန်မှစ၍ သူ့ကိုပေတရုဟု သိခဲ့ကြပြီး၊ သူသည် သခင်ယေရှုနှင့်အလွန်ကောင်းမွန်သော ဆက်ဆံရင်းနှီးမှုတစ်ခုကို ရရှိခဲ့သည်။ သူနှင့်အတူ ယာကုပ်၊ ယောဟန်တို့ကိုသခင်ယေရှုအနီးအပါး၌ အမြဲလိုလို တွေ့ရသည်။

သမ္မာကျမ်းစာက ရှင်ပေတရုကို ရဲရင့်ပြတ်သား၍စိတ်လိုက်မာန်လိုက်

နှင့် ပြုလုပ်တတ်သော၊ ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်မှုရှိသောသူတစ်ဦးအနေဖြင့် ဖော်ကျူးထားသည် (မာကု ၁၄း၃၁ ကိုကြည့်ပါ)။ သခင်ယေရှုကိုသူသိကျွမ်းခဲ့ပါသည်ဟူသောအချက်ကို သုံးကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့ချိန်တွင် မာန်စွယ်ချိုးခံခဲ့ရသည်။ နောက်ပိုင်းတွင် သူသည်တမန်တော်ဝတ္တုထဲတွင် ယေရုရှလင်မြို့အနီးတဝိုက်ရှိ ဒေသများမှ ယုံကြည်သူများထံ၌ အဓိကသာသနာပြုခြင်းဖြင့် သတင်းကောင်းတရားတော်အတွက် အကြီးအကျယ်အသုံးခံခဲ့ရသည်။

## ***နောက်ခံအကြောင်းအရာ***

ရှင်ပေတရုဩဝါဒစာ ဒုတိယစောင်ကိုရှင်ပေတရု၏အသက်တာအဆုံးပိုင်းတွင် ရေးသားခဲ့သည် (၁း၁၃-၁၅ ကိုကြည့်ပါ)။ ဤအချက်သည် ဤစာစောင်၏ရည်ရွယ်ချက်ကို နားလည်ရန်အဓိကသော့ချက်ဖြစ်သည်ဟု ထင်မှတ်ရသည်။ ရှင်ပေတရု၏စိတ်ဆန္ဒမှာ သခင်ဘုရားနှင့်အတူ စံစားဖို့ဤလောကကိုမစွန့်ခွါမီတွင် ထိုခေတ်ကာလမှအသင်းတော်ထဲ၌ သတိပေးချက်နှင့်စိန်ခေါ်ချက်တစ်ခုကို ထားရစ်ခဲ့ရန်ဖြစ်သည်ဟု ထင်ရသည်။ သူ၏ခေတ်ကာလရှိ ခရစ်ယာန်များအနေဖြင့် လောကီတပ်မက်ခြင်းအညစ်အကြေးနှင့် လွတ်ကင်းပြီး (၁း၄)၊ အောင်မြင်ဖြစ်ထွန်းသော အသက်တာဖြင့်ရှင်သန်ကြသည်ကို တွေ့မြင်လိုခဲ့သည် (၁း၈)။ ရှင်ပေတရုကသူတို့အား မိမိသည်သခင်ယေရှုကို ကိုယ်တိုင်မြင်ခဲ့၍ သခင်ယေရှု၏စကားကို ကိုယ်တိုင်ကြားခဲ့သောသူတစ်ဦးဖြစ်ကြောင်းကိုလည်းကောင်း (၁း၁၇-၁၈)၊ သခင်ယေရှုသည် ကြွလာမည့်မေရှိယဖြစ်သည်ကို ပရောဖက်များက ရှင်းရှင်းလင်းလင်းပြောကြားခဲ့ကြောင်းကိုလည်းကောင်း (၁း၁၉-၂၁)၊ ပြန်လည်အသိပေးထားပါသည်။ ရှင်ပေတရုက သခင်ယေရှုနှင့် သခင်ယေရှုပြောကြားခဲ့သော စကားများနှင့်ပါတ်သက်၍ သံသယမဖြစ်စေချင်

ခဲ့ပါ။ သူသေဆုံးပြီးနောက်တွင် သူ၏စာဖတ်ပရိသတ်တို့အား လှည့်ဖြားဖို့မှား ယွင်းသောပရောဖက်များစွာရောက်လာမည့်အကြောင်းကိုလည်း နားလည်သ ဘောပေါက်ခဲ့သည်(၁၂း၁-၃)။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား မှားယွင်းသောပရောဖက်များကို ခုခံတွန်းလှန်၍သခင်ဘုရားပြန်လည်ကြွဆင်း လာခြင်းအတွက် အဆင်သင့်ဖြစ်၍ နှိမ့်ချသောစိတ်နှင့်အတူစောင့်စားကြရန် စိန်ခေါ်ခဲ့သည်။ ဤစာစောင်၌ တွေ့ရသည့်ရှင်ပေတရု၏ကြီးမားသောစိတ် ဆန္ဒမှာ အသင်းတော်သည်သခင်ခရစ်တော်၏ နှုတ်ကပတ်တော်သမ္မာတရား၌ ဆက်လက်ကျင်လည်ရှင်သန်၍ သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းကို မျှော်လင့်ခြင်းနှင့်တကွ ယုံကြည်ကိုးစား၍စောင့်စားကြရန်ဖြစ်ကြောင်းမှာ ပေါ်လွင်နေသည်။

## ယနေ့အတွက်ဤစာစောင့်အရေးပါပုံ

ရှင်ပေတရုက သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာခြင်းကို အသေး စိတ်မပြောပြခဲ့သော်လည်း၊ ကျွန်ုပ်တို့အနေဖြင့် အဆင်သင့်ဖြစ်နေကြရန်မှာ သူ၏စိန်ခေါ်ချက်ဖြစ်သည်။ သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းတိုင်မီနေ့ ရက်ကာလတွင် လှည့်ဖြားတတ်သောပရောဖက်အမြောက်အမြား ပေါ်ထွန်းလာ မည်ကို သူသိနေခဲ့ပြီး၊ မိမိ၏စာဖတ်ပရိသတ်တို့အား သမ္မာတရား၌သစ္စာရှိရှိ ရှင်သန်လျှောက်လှမ်းကြဖို့ စိန်ခေါ်ခဲ့သည်။ ထိုကြွဆင်းလာခြင်းကို မျှော်လင့် ခြင်းနှင့်တကွ အဆင်သင့်ဖြစ်ခြင်းဖြင့် ကျွန်ုပ်တို့၏အသက်တာများကို ရှင်သန် ကြရန်မှာကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်တစ်ခုဖြစ်သည်။ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင်သည် မိမိသေဆုံးသွားပြီးနောက်တွင် ဆက်လက်၍ရှင်သန် ကျန်ရစ်မည့်သူများ၌ ဘုရားသခင်၏သမ္မာတရားကို ဆက်လက်၍ လက်ဆင့်

ကမ်းဝေငှကြမည့်အဖြစ်ကို တွေ့မြင်လိုသည့် အသက်အရွယ်ရနေပြီဖြစ်သော တမန်တော်တစ်ပါး၏ စိတ်နှလုံးကိုလည်း ထုတ်ဖော်ပြသထားပါသည်။ ရှင်ပေတရု၏နောက်ဆုံးဆန္ဒပြုချက်သည် ကျွန်ုပ်တို့၏နေ့ရက်ကာလတွင် ကျွန်ုပ်တို့ကိုစကားပြောနေပါသည်။ နောင်လာမည့်မျိုးဆက်များထံ၌ မည်သည့်အရာကို ကျွန်ုပ်တို့လက်ဆင့်ကမ်းဝေငှကြမည်နည်း။

## ၃၄

## အလွန်ကြီးမြတ်သောတန်ခိုးတော်နှင့်ကတိတော်များ

၂ ပေ ၁း၁-၄ ကိုဖတ်ရှုပါ။

ဤစာစောင်သည် တမန်တော်ပေတရု၏ ဒုတိယမြောက်စာစောင်ဖြစ်သည်။ သူ့ကိုယ်သူသခင်ယေရှုခရစ်၏ အစေခံနှင့်တမန်တော်တစ်ပါးအဖြစ်မိတ်ဆက်ထားသည်။ ရှင်ပေတရုသည် မိမိ၏အရိုက်အရာကို ဩဇာအာဏာရှိသောအရိုက်အရာတစ်ခုအဖြစ် မရှုမြင်ခဲ့၊ ကိုယ်ခန္ဓာတော်အတွက် ဝန်ဆောင်မှုပေးသော အရိုက်အရာတစ်ခုအဖြစ်သာ ရှုမြင်ခဲ့သည်။ ခရစ်တော်၏ကိုယ်ခန္ဓာရှိကျွန်ုပ်တို့၏စွမ်းရည်ဆုကျေးဇူးအားလုံးနှင့် ရာထူးဂုဏ်ပုဒ်အားလုံးကို ရှင်ပေတရုကဲ့သို့ပင် ရှုမြင်ကြရမည်။ ကျွန်ုပ်တို့သည် ထူးခြားသောအခန်းကဏ္ဍတစ်ခုစီအတွက် ဆင့်ခေါ်ခြင်းခံရသော သခင်ယေရှု၏အစေခံများဖြစ်ကြသည်။

ရှင်ပေတရု၏ဩဝါဒစာစောင်ကို "ကယ်တင်ရှင်ယေရှုခရစ်နှင့် ငါတို့ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကြောင့် မြတ်စွာသောယုံကြည်ခြင်းကိုလက်ခံသောသူတို့" ထံသို့လိပ်မူ၍ ပေးပို့ခဲ့သည်။ ဤနေရာ၌ ကျွန်ုပ်တို့လေ့လာဖို့လိုအပ်သည့် အရေးကြီးသောအသေးစိတ် အချက်အလက်များရှိနေသည်။ ရှင်ပေတရုပြောနေသော ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြစ်ကြောင်းကို သတိပြုပါ။ သူသည်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းကို ပြောနေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများဖြစ်ကြသည်ကို သမ္မာကျမ်းစာကအတိအလင်းဖော်ပြထားသည်။ အပြစ်သားများဖြစ်ကြသည့်အလျောက်

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏ကယ်တင်ခြင်းနှင့်လည်းကောင်းကင်းကွာခဲ့ကြရသည်။ ကျွန်ုပ်တို့၏ အပြစ်သဘာဝက ဘုရားသခင်နှင့်သက်ဆိုင်သောအရာများကို တောင့်တမှုမရှိပါ။ သခင်ဘုရားကကျွန်ုပ်တို့၏စိတ်နှလုံးကို ဖွင့်ဟ၍မိမိ၏သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏အထဲ၌ မထားမချင်း၊ ကျွန်ုပ်တို့ထဲက မည်သူကမျှ ဘုရားသခင်၏အကြံအစည်ကိုနားလည်ခဲ့မည်မဟုတ်သကဲ့သို့ ဘုရားသခင်၏ကယ်တင်ခြင်းကိုလည်း လက်ခံခဲ့ကြမည်မဟုတ်ပါ။ ဘုရားသခင်၏ကယ်တင်ခြင်းကိုသိ၍ ခရစ်တော်၏ဖြောင့်မတ်ခြင်းအကျိုးကျေးဇူးများကို တွေ့ကြုံခံစားဖို့ဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့အထဲ၌ ရှေးဦးစွာအလုပ်လုပ်ရပေလိမ့်မည်။

ကျွန်ုပ်တို့သိရှိထားဖို့ လိုအပ်သည့်ဒုတိယအချက်မှာ ယုံကြည်ခြင်းသည် သခင်ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့ကိုပေးထားသော လက်ဆောင်တစ်ပါးဖြစ်သည်ဟူသောအချက်ဖြစ်သည်။ ရှင်ပေတရုက “ယုံကြည်ခြင်းကို လက်ခံသော” သူတို့ကို ရေးသားပေးပို့ခဲ့သည်။ ထိုယုံကြည်ခြင်းကို သင့်အားပေးသနားခဲ့သည့်နေ့ရက်ကို သင်သတိရကောင်းရပါလိမ့်မည်။ နှစ်ပေါင်းများစွာသင်သည် ဘုရားသခင်၏နည်းလမ်းများကိုနားမလည်နိုင်ခဲ့ပါ။ ၎င်းတို့သည်သင့်အတွက်အဓိပ္ပါယ်မရှိခဲ့ကြပါ။ သို့သော်တစ်နေ့တွင် သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ရဲ့စိတ် နှလုံးကို တို့ထိပြီး၊ ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်နှင့်သက်ဆိုင်သောအရာများကိုလည်းကောင်း ယုံကြည်နိုင်ဖို့သင့်အား ယုံကြည်ခြင်းကိုပေးခဲ့သည်။ ထိုနေ့တွင်သခင်ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်းကိုလည်းကောင်း၊ သင့်ရဲ့ကယ်တင်ခြင်းအတွက် ထိုသခင်၌အကြံအစည်တစ်ခုရှိခဲ့ကြောင်းကိုလည်းကောင်း သင်သိခဲ့ပါသည်။

အခန်းငယ် ၃ တွင် ရှင်ပေတရုက မိမိ၏ဘုန်းတန်ခိုးတော်နှင့်ကောင်း

မြတ်ခြင်းအားဖြင့် ကျွန်ုပ်တို့ကိုဆင့်ခေါ်ခဲ့သော သခင်ခရစ်တော်ကိုသိသော ဉာဏ်အားဖြင့် အသက်ရှင်ခြင်းနှင့် ဘုရားဝတ်၌မွေ့လျော်ခြင်းတို့အတွက် ကျွန်ုပ်တို့လိုအပ်သေအရာများအားလုံးကို ဘုရားသခင်၏တန်ခိုးတော်က ကျွန်ုပ်တို့ကို ပေးခဲ့ပြီဖြစ်ကြောင်း ဆက်လက်၍ပြောပြထားသည်။ ဤနေရာ၌ ရှင်ပေတရု ကကျွန်ုပ်တို့ကိုပြောပြနေသောအရာကို လေ့လာစမ်းစစ်ရန်အရေးကြီးသည်။

ရှင်ပေတရုက အတိတ်ကာလကို ပြသောကြိယာပုံစံဖြင့်ပြောခဲ့သည်ကို သတိပြုပါ။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ အသက်ရှင်ခြင်းနှင့်ဘုရားဝတ်၌မွေ့လျော်ခြင်းတို့အတွက် ကျွန်ုပ်တို့လိုအပ်သောအရာအားလုံးကို ကျွန်ုပ်တို့ရရှိထားပြီဖြစ်သည်။ သခင်ယေရှု၌ ကျွန်ုပ်တို့ရရှိပိုင်ဆိုင်ထားသောအရာကို ကျွန်ုပ်တို့အထဲမှ အမြောက်အမြားကနားမလည်ကြပါ။ သခင်ယေရှုကားတိုင်ထက်၌ အသေခံ၍ မိမိ၏သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌သွတ်သွင်းထားရှိချိန်တွင် ဤဘဝ၌ကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများအားလုံးအတွက် ကျွန်ုပ်တို့ကို အပြည့်အဝပြင်ဆင်မွမ်းမံပေးခဲ့ပါသည်။ သခင်ယေရှုနှင့်ပို၍သဏ္ဍာန်တူဖို့ ကျွန်ုပ်တို့လိုအပ်သောအရာများအားလုံးကို ကျွန်ုပ်တို့ရှိထားကြပြီးဖြစ်သည်။ ဘုရားသခင်၏ရည်ရွယ်ချက်များကို ကျွန်ုပ်တို့၏အသက်တာ၌ကျွန်ုပ်တို့မှဖြည့်ဆည်းပြည့်စုံစေခြင်းမရှိဘဲ မျက်မှောက်တော်၌ ထိုနောက်ဆုံးသောနေ့ရက်တွင်ရပ်ကြမည်ဆိုလျှင်၊ ကျွန်ုပ်တို့၌လိုသလိုအသုံးပြုဖို့ အရင်းအမြစ်များမရှိခဲ့သောကြောင့် ထိုသို့ဖြစ်ခဲ့သည်မဟုတ်ပါ။ ကျွန်ုပ်တို့ကိုပေးထားသောအရာများအားလုံးကို အကျိုးရှိရှိအသုံးမပြုခဲ့ကြသောကြောင့်သာ ဖြစ်ပါလိမ့်မည်။ သခင်ယေရှု၌ မိမိတို့မည်သူမည်ဝါ ဖြစ်ကြောင်း ခရစ်ယာန်များကသိရှိနားလည်လာကြသည်ကို မြင်ရသောအခါ စာတန်မှာ တုန်လှုပ်ချောက်ချားနေပါသည်။ သခင်ခရစ်တော်၏ခွန်အားနှင့် ဉာဏ်ပညာကိုမှီခိုအားထား

သောသူများကို မိမိမယုံနိုင်ကြောင်း စာတန်သိထားသည်။

ဤတန်ခိုးတော်အားလုံးသည် သခင်ယေရှုကိုသိသောဉာဏ်အားဖြင့် ကျွန်ုပ်တို့အတွက် အလျှံပယ်ရှိနေပါသည်။ သခင်ယေရှုနှင့်သက်ဆိုင်သောသူများသာလျှင် ဤတန်ခိုးတော်ကို လိုသလောက်ရရှိပိုင်ဆိုင်ကြသည်။ ဤတန်ခိုးတော်သည် မယုံကြည်သူများအတွက်မဟုတ်ပါ။ သခင်ယေရှုပြုလုပ်ခဲ့သောအမှုကိုယုံကြည်၍ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိသူများသာလျှင် အသက်ရှင်ခြင်းနှင့် ဘုရားဝတ်၌ မွေ့လျော်ခြင်းအတွက် ဤတန်ခိုးတော်ကို ရရှိပိုင်ဆိုင်ထားကြသည်။

သခင်ခရစ်တော်သည် မိမိ၏ဘုန်းတန်ခိုးတော်အားဖြင့်လည်းကောင်း၊ ကောင်းမြတ်ခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့ကိုဆင့်ခေါ်တော်မူခဲ့သောကြောင့် ဤတန်ခိုးများအားလုံးသည် ကျွန်ုပ်တို့ထံသို့ရောက်လာကြခြင်းဖြစ်သည်။ သခင်ခရစ်တော်၏ ဘုန်းတန်ခိုးတော်သည် သူဘုရားသခင်ဖြစ်ခြင်းမှ ရောက်လာပါသည်။ ဘုရားသခင်အဖြစ်နှင့်သူသည်မိမိ၏ အသက်ကိုယဇ်ပူဇော်ခြင်းကဲ့သို့ ပူဇော်ရန်ဤလောကသို့ ကြွဆင်းလာခဲ့ပါသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့မှာ အပြစ်ဒုစရိုက်၏ပြစ်ဒဏ်မှ ကင်းလွတ်ကြရမည်ဖြစ်သည်။ သခင်ယေရှု၏ ကောင်းမြတ်ခြင်း(ပကတိပြည့်စုံခြင်း)ကြောင့်သာ သူ၏ယဇ်ပူဇော်ခြင်းကို ဘုရားသခင်ကလက်ခံခဲ့ခြင်းဖြစ်သည်။ ပကတိပြည့်စုံခြင်းမရှိသော ယဇ်ပူဇော်ခြင်းက ဤအရာကို မပြုလုပ်နိုင်ပါ။ ပကတိပြည့်စုံသော သိုးသူငယ်ကိုယဇ်ပူဇော်ခြင်းကသာ အပြစ်ကိုလွှတ်နိုင်သည်။ သခင်ယေရှုသည် ပကတိပြည့်စုံ၍ဘုန်းအသရေရှိသော ထိုသိုးသူငယ်ဖြစ်သည်။

အခန်းငယ် ၄ တွင် သခင်ယေရှု၏ဘုန်းတန်ခိုးတော်နှင့်ကောင်းမြတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် များစွာသောကတိတော်များကို လက်ခံရရှိကြရ

သည်ကို ကျွန်ုပ်တို့သတိပြုမိပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့လက်ခံရရှိထားကြသည့် ကတိတော်များရှိသည်။ ဤကတိတော်များအားလုံးသည် သခင်ယေရှုနှင့်သက်ဆိုင်သောသူများအားလုံးအတွက်ဖြစ်သည်။ ဘုရားသခင်၏သားသမီးများဖြစ်ကြသည့်အလျောက်၊ ဤလောက၌ဘုရားကိုကြောက်သောအသက်တာဖြင့် ကျွန်ုပ်တို့ရှင်သန်ရန်အတွက်လိုအပ်သော အရာအားလုံးကိုကျွန်ုပ်တို့ပိုင်ဆိုင်ထားကြသည်။ ကျွန်ုပ်တို့အသက်တာ၌ လိုအပ်ချက်များရှိလာသောအချိန်တွင် ကျွန်ုပ်တို့ကိုနှစ်သိမ့်ခွန်အားပေးမည့် ကတိတော်များကိုလည်း ပိုင်ဆိုင်ထားကြသည်။ သမ္မာကျမ်းရှိ ကတိတော်များသည် သခင်ယေရှုနှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုတွင် ကျွန်ုပ်တို့ကိုခွန်အားပေးပါသည်။ သခင်ယေရှုက ကျွန်ုပ်တို့အား ထိုကတိတော်များကိုပေးခဲ့ရသည့်အကြောင်းအရင်းကိုသတိထားကြည့်ပါ။ ကျွန်ုပ်တို့သည် သူနှင့်ပို၍သဏ္ဍာန်တူလာရန်မှာ သခင်ယေရှု၏စိတ်ဆန္ဒဖြစ်သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည်သခင်ယေရှု၏ ဘုရားသဘောသဘာဝကို မျှဝေခံစားနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာတိုးတက်ကြီးထွားခြင်း၌ ကျွန်ုပ်တို့ကိုခွန်အားပေးဖို့ ဤကတိတော်များကို ရည်ရွယ်ထားပါသည်။ သခင်ယေရှု၏ စိတ်ဆန္ဒမှာလောကီတပ်မက်ခြင်း အညစ်အကြေးများနှင့်လွတ်ကင်းဖို့ ကျွန်ုပ်တို့ကိုစွမ်းဆောင်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အပြစ်များနှင့်လည်းကောင်း၊ လောကီတပ်မက်ခြင်းအညစ်အကြေးများနှင့်လည်းကောင်း ရင်ဆိုင်ရာ၌ ကျွန်ုပ်တို့ကိုခွန်အားပေးတိုက်တွန်းနှိုးဆော်ဖို့ ဤကတိတော်များကို ရည်ရွယ်ထားသည်။

သခင်ဘုရားနှင့်အတူ သင်လျှောက်လှမ်းရာ၌ သခင်ဘုရား၏ကတိတော်များသည် သင်ခွန်အားယူနှစ်သိမ့်ခြင်းကို ရနိုင်သည့်အရင်းအမြစ်အဖြစ်အကြိမ်မည်မျှရှိနေခဲ့ပါသနည်း။ လောကီအရာများနှင့် ဇာတိပကတိကိုသင်တိုက်

လှန်ရာ၌ ရှေ့ဆက်ဖို့ရဲရင့်ခြင်းသတ္တိကို သခင်ဘုရား၏ကတိတော်များမှ ရရှိဖို့ နှုတ်ကပတ်တော်ဆီသို့ အကြိမ်မည်မျှပြန်သွားခဲ့ပါသနည်း။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် သက်ဆိုင်သောသူများဖြစ်ကြသည်ကိုလည်းကောင်း၊ သခင် ယေရှု၏ကတိတော်များအားလုံးသည် အမှန်ဖြစ်ကြသည်ကိုလည်းကောင်း သိရခြင်းသည် အဘယ်မျှအခွင့်ထူးပါသနည်း။ ကျွန်ုပ်တို့သည် သူ့ကိုအပြည့် အဝမှီခိုအားထားနိုင်သည်။ သူသည်ကျွန်ုပ်တို့ကိုသူနှင့်ပို၍သဏ္ဌာန်တူလာဖို့ ပြုလုပ်ချင်ပါသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည်လောကီတပ်မက်ခြင်း အညစ် အကြေးများနှင့်ကင်းလွတ်၍ သခင်ဘုရား၏ဘုန်းတော်နှင့် ကောင်းမြတ်ခြင်းကို မျှဝေနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤကတိတော်များကိုလည်းကောင်း၊ ကျွန်ုပ်တို့အတွက် အလျှံအပယ်ဖြစ်နေသော တန်ခိုးတော်ကိုလည်းကောင်း ဆွဲကိုင်ထားနိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကျေးဇူးတော်ပေးသနားပါ စေ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကြောင့် ကျွန်ုပ်တို့၏အပြစ်မှ ကယ်တင်ခြင်း ခံရနိုင်ပါသလား။ သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်း ကားအဘယ်နည်း။ ဤဖြောင့်မတ်ခြင်းကို ဆုလာဒ်တစ်ခုအနေဖြင့် ကျွန်ုပ်တို့ မည်သို့ရရှိနိုင်ပါသနည်း။
- ဤကျမ်းချက်အရ ယုံကြည်ခြင်းသည် မည်သည့်နေရာမှရောက်ရှိလာ ပါသနည်း။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ကိုယ်တိုင်ဖန်တီးယူ၍ရနိုင် သောအရာဟုတ်ပါသလား။ ဤအရာသည် ကျွန်ုပ်တို့၏အသက်တာ အတွက်မည်သည့်အကြံပေးတိုက်တွန်းချက်ကို ပေးပါသနည်း။
- သခင်ခရစ်တော်၏ ဘုန်းတန်ခိုးတော်ကို သင့်အသက်တာ၌မည်မျှ

အသုံးပြုနိုင်ခဲ့ပါသနည်း။ ယနေ့တွင်မည်သည့်အကျပ်အတည်းကို သင်ရင်ဆိုင်နေရပါသနည်း။ ဤစစ်ကြောခြင်းများ၌ သခင်ယေရှု၏ တန်ခိုးတော်က သင့်ကိုမည်သို့ကူညီမစနိုင်ပါသနည်း။

- သခင်ဘုရားက သင့်ကိုပေးထားသော အလွန်အဖိုးထိုက်သည့် ကတိတော်အချို့မှာ အဘယ်နည်း။ သခင်ဘုရားနှင့်သင်ဆက်ဆံရင်းနှီးရာတွင် ဤကတိတော်များက မည်သို့ခွန်အားပေးပါသနည်း။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရား၏ အံ့ဖွယ်ကတိတော်များအတွက် ကျေးဇူးတင်ချီးမွမ်းပါ။ ယနေ့သင်ရင်ဆိုင်နေရသည့် စစ်ကြောစုံစမ်းခြင်း (သို့) အကျပ်အတည်းအတွက် သခင်ဘုရား၏ကတိတော်ကို စဉ်းစားသုံးသပ်ရန် အချိန်ယူပါ။ ထိုကတိတော်ကို သင့်အသက်တာ၌ ပြည့်စုံလာစေရန် တောင်းလျှောက်ပါ။
- ဘုရားဝတ်၌ မွေ့လျော်သောအသက်တာကို သင်ရှင်သန်နိုင်ရန်အတွက်လိုအပ်သောအရာအားလုံးကို သခင်ဘုရားကသင့်ကိုပေးထားပြီးဖြစ်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။ ဤတန်ခိုးတော်ကိုပို၍ ပြည့်ပြည့်ဝဝနားလည်နိုင်ဖို့ သင့်အားကူညီမစပေးရန်တောင်းလျှောက်ပါ။
- သင်သည် သခင်ဘုရား၏ကယ်တင်ခြင်းလက်ဆောင်နှင့် မထိုက်တန်သောအချိန်၌ပင် ထိုလက်ဆောင်ကိုပေးဖို့ ကြွဆင်းလာခဲ့သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်၏ ကယ်တင်ခြင်းကို နားမလည်သေးသော သင်ချစ်ရ

သည့်သူများအတွက် ဆုတောင်းပေးရန်အချိန်ယူပါ။ ကယ်တင်ခြင်း အတွက် သူတို့၏နှလုံးသားများကို ဖွင့်ပေးဖို့သခင်ဘုရားကိုတောင်း လျှောက်ပါ။

- သင့်အတွက်အလျှံအပယ်ထားရှိထားသော တန်ခိုးတော်နှင့်ခွန်အား သတ္တိကိုအကျိုးရှိရှိအသုံးပြုနိုင်ဖို့ သင့်အားကူညီမစပေးရန် သခင် ဘုရား၌ တောင်းလျှောက်ပါ။

## ၃၅
## ယုံကြည်ခြင်း၌ထပ်ဆင့်ပေါင်းထည့်ခြင်း

၂ ပေ ၁း၅-၁၁ ကိုဖတ်ရှုပါ။

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် သခင်ခရစ်တော်၌ယုံကြည်သူများပိုင်ဆိုင်ထားသော အံ့ဖွယ်မျှော်လင့်ချက်နှင့် ကတိတော်များအကြောင်းကို ရှင်ပေတရုကမည်သို့ပြောဆိုထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ ကျွန်ုပ်တို့နှင့်ထိုက်တန်ခြင်းမရှိခဲ့သော်လည်း သခင်ယေရှုကကျွန်ုပ်တို့ကို ယုံကြည်ခြင်းလက်ဆောင်အားပေးခဲ့သည်။ ထိုယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သူ့ကိုယုံကြည်လာခဲ့ကြပြီး ဘုရားသခင်၏သားသမီးများဖြစ်လာခဲ့ကြသည်။ ဘုရားသခင်၏သားသမီးများဖြစ်ကြသည်နှင့်အညီ ကျွန်ုပ်တို့သည် အသက်ရှင်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့အတွက် လိုအပ်သောအရာအားလုံးကို ရရှိထားပြီးဖြစ်သည်။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အတွက်အစပြုခြင်းတစ်ခုသာဖြစ်သည်။ ကယ်တင်ခြင်းအပေါ်၌ အလွန်အလေးအနက်ထားသောကြောင့် ၎င်းသည်စစ်မှန်သောအသက်တာအစပြုခြင်းသာဖြစ်ကြောင်းကို နားမလည်ဘဲလည်းဖြစ်နိုင်သည်။ ကလေးငယ်တစ်ဦးမွေးဖွားလာခြင်းသည် အလွန်ဝမ်းသာကြည်နူးဖွယ်ဖြစ်ကြောင်း မိဘတိုင်းကသင့်ကိုပြောကြမည်ဖြစ်သော်လည်း ထိုကလေးငယ်ကိုရင့်ကျက်ကြီး ထွားလာအောင် ပြုစုပျိုးထောင်ပေးဖို့ နှစ်ပေါင်းများစွာလိုအပ်နေပါသေးသည်။ အလားတူပင်၊ ယုံကြည်သူများသည် သခင်ခရစ်တော်နှင့် ၎င်းတို့၏ဆက်ဆံရင်း နီးမှုတွင် ကြီးထွားရင့်ကျက်လာကြဖို့ နှစ်ပေါင်းများစွာ

လိုအပ်ပါသည်။

ရှင်ပေတရုကဤနားလည်သဘောပေါက်ခြင်းနှင့်အတူ ယုံကြည်သူများသည် ၎င်းတို့လက်ခံရရှိခဲ့သော ယုံကြည်ခြင်းလက်ဆောင်၌ အခြားအရာများထပ်ဆင့်ပေါင်းထည့်ရန်တာဝန်ရှိသည်ဟု ရှင်းပြခဲ့သည်။ ရှင်ပေတရုက နောက်တစ်ပိုင်းတွင် ယုံကြည်သူများအား သခင်ယေရှုကပေးခဲ့သည့် ယုံကြည်ခြင်းလက်ဆောင်၌နောက်ထပ်ပေါင်းထည့်ရမည့် ကောင်းမြတ်ခြင်းပါရမီခုနစ်ပါးကိုဖော်ပြပေးထားသည်။ အမှန်တွင် ဤကောင်းမြတ်ခြင်းပါရမီခုနစ်ပါးကိုသည် သခင်ယေရှုအပေါ်၌ထားရှိသော ၎င်းတို့၏ယုံကြည်ခြင်းအသီးများဖြစ်ကြသည်။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၌ ရင့်ကျက်လာသောအခါတွင် ဤကောင်းမြတ်ခြင်းပါရမီခုနစ်ပါးသည် ကျွန်ုပ်တို့၏အသက်တာ၌ ပို၍ထင်ရှားလာကြမည်ဖြစ်သည်။

## *ကောင်းမြတ်ခြင်းသီလ*

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ဘုရားသခင်ပေးသနားထားသည့် ယုံကြည်ခြင်းလက်ဆောင်၌ ကောင်းမြတ်ခြင်းသီလကို ထပ်ဆင့်ပေါင်းထည့်ကြရန်ပြောခြင်းဖြင့် အစပြုခဲ့သည်။ ဤကောင်းမြတ်ခြင်းသီလသည် အတွေး၊ အလုပ်၊ စိတ်သဘောထားစသည်တို့၌ကိုယ်ကျင့်တရားဖြူစင်ခြင်းနှင့် ဆက်စပ်နေသည်။ ကောင်းမြတ်ခြင်းသီလတွင် သူတော်ကောင်းဟန်ဆောင်ခြင်းမျိုး မရှိပါ။ ဤနည်းအားဖြင့် ကောင်းမြတ်သောသူတို့သည် ပကတိရိုးသားဖြူစင်ကြသည်။ အပြောတစ်ခြား အလုပ်တစ်ခြား၊ စဉ်းစားရာကတစ်ခြား မလုပ်ပါ။ သူတို့၏လုပ်ဆောင်မှုများနှင့် စိတ်နေသဘောထားများသည် သခင်ခရစ်တော်၏ ကြံအင်လက္ခဏာနှင့်တစ်သားတည်း ညီညွတ်နေသည်။ ဓမ္မသစ်ကျမ်း၌

သခင်ယေရှုကပြစ်တင်ဝေဖန်ခဲ့သော လူအုပ်စုတစ်စုသာရှိခဲ့မည်ဆိုလျှင် ထိုအုပ်စုမှာ ဖာရိရှဲများအုပ်စုဖြစ်သည်။ သူတို့သည်ဘာသာတရားကိုင်းရှိုင်းကြသော်လည်း လူကောင်းမဟုတ်ခဲ့ကြပါ (သို့) မရိုးသားကြပါ။ သခင်ယေရှုက သူတို့ကို အဖြူရောင်သုတ်ထားသော သင်္ချိုင်းဂူနှင့်နှိုင်းခဲ့သည်။ ၄င်းတို့သည် အပြင်ပန်းတွင် သန့်ရှင်း၍ဖြူစင်နေသော်လည်း အတွင်းဘက်တွင်လူသေအရိုး၊ အညစ်အကြေးအမျိုးမျိုးနှင့် ပြည့်နေပါသည် (မဿဲ ၂၃း၂၇)။ သခင်ယေရှုက မိမိ၏လူတို့အား စိတ်ရင်းစိတ်ထားနှင့် လက်တွေ့လုပ်ဆောင်မှုတွင် ကိုယ်ကျင့်တရားဖြူစင်ကြသည်ကို လိုချင်သည်။

## *ပညာ*

ယုံကြည်ခြင်းဟူသော အခြေခံအုတ်မြစ်တွင် ပညာဟူသောအုတ်ချပ်ကိုထပ်ဆင့်ရန်လိုအပ်သည်။ ဤနေရာ၌ ပညာဟူသောအရာသည် ဘုရားသခင်အား သိကျွမ်းခြင်းကို ရည်ညွှန်းသည်။ ဘုရားသခင်ကိုသိခြင်းဆိုသည်မှာ ဘုရားသခင်၏ ရည်ရွယ်ချက်နှင့် နှုတ်ကပတ်တော်ကို သိခြင်းဖြစ်သည်။ ဤပညာမပါရှိလျှင် ကျွန်ုပ်တို့၏အာရုံစူးစိုက်မှုအလွယ်တကူပျက်ပြားသွားနိုင်ပါသည် (သို့) အပြစ်ဒုစရိုက်၌ အလွယ်တကူပြိုလဲသွားနိုင်ပါသည်။ ဘုရားသခင်ကသူသတ်မှတ်ထားသောလမ်း၊ နှုတ်ကပတ်တော်၌ပေးထားခဲ့သည့်လမ်းကို မိမိလူမျိုးများက လုံ့လဝီရိယရှိရှိဖြင့် ရှာကြံကြသည်ကို အလိုရှိသည်။ ရင့်ကျက်ခြင်းအတွက်အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခုမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိကျွမ်းခြင်းဖြစ်သည်။

## *ကာမဂုဏ်ချုပ်တည်းခြင်း*

ကာမဂုဏ်ချုပ်တည်းခြင်းသည် ယုံကြည်ခြင်းအုတ်မြစ်ပေါ်၌ ကျွန်ုပ်တို့ထပ်ဆင့်ပေါင်းထည့် စီတန်းရမည့်တတိယမြောက်အုပ်ချပ်ဖြစ်သည်။ ကာမဂုဏ်ချုပ်တည်းခြင်းသည် ပညာနှင့်အလွန်နီးကပ်စွာ ဆက်နွယ်နေသည်။ ဝိညာဉ်အသီးတစ်ပါးဖြစ်သော ကာမဂုဏ်ချုပ်တည်းခြင်းဆိုသည်မှာ ပေးဆပ်ရမည့် အဖိုးအခကို မမှုဘဲဘုရားသခင်၏ နှုတ်ကပတ်တော်၌ဖော်ပြထားသည့်အရာနှင့် ဘုရားသခင်၏ ရည်ရွယ်ချက်များ၌ နာခံရန်ဆက်ကပ်အပ်နှံလိုသော ဘုရားပေးသည့် လိုလားမှုဆန္ဒဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်က သွန်သင်ပေးထားသည့်အရာများနှင့် စပ်ဆိုင်သောပညာကိုရှိထားခြင်းသည် တစ်မျိုးဖြစ်၍၊ နာခံခြင်း၌ရှင်သန်ခြင်းသည် အခြားတစ်မျိုးဖြစ်သည်။ ပညာရှိရုံသက်သက်သည် မလုံလောက်ပါ။ ကာမဂုဏ်ချုပ်တည်းခြင်းသည် ထိုပညာကို လက်တွေ့အသက်တာ၌ ရယူကျင့်သုံးနိုင်သော အစွမ်းအစဖြစ်သည်။ ဘုရားသခင်က မိမိ၏သားသမီးများကို မိမိအကြောင်းနှင့်မိမိ၏ နည်းလမ်းများကို သင်ယူရန်အတွက်သာ စည်းကမ်းရှိစေလိုသည်မဟုတ်၊ ထိုနည်းလမ်းများအတိုင်း နေ့စဉ်အသက်တာ၌ ရှင်သန်နေထိုင်ကြရန်အတွက်လည်း စည်းကမ်းရှိစေလိုပါသည်။

## *သည်းခံခြင်း*

ကာမဂုဏ်ချုပ်တည်းခြင်းသည် အမြဲလွယ်ကူမည်မဟုတ်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏အသက်တာအတွက်ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်များကိုလည်းကောင်း ကျွန်ုပ်တို့ဝန်ခံလိုက်လျှောက်ကြသည်နှင့်အမျှ များစွာသော ဆင်းရဲဒုက္ခများကို သည်းခံဖြတ်

သန်းရမည့်အချိန်များရှိပါသည်။ သည်းခံခြင်းဆိုသည်မှာ ဖိအားပေးမှုတစ်ခု (သို့) စစ်ကြောခြင်းတစ်ခုအောက်၌ ကာလကြာရှည်စွာ အရှုံးမပေးဘဲ ဆက်လက်တည်တံ့နေနိုင်သော အစွမ်းသတ္တိဖြစ်သည်။ မာရသွန်အပြေးသမားများသည် ပြေးပွဲကိုအဆုံးအထိ ပြေးနိုင်ဖို့ သည်းခံခြင်းကိုလည်းကောင်း၊ စည်းကမ်းရှိခြင်းကိုလည်းကောင်း လိုအပ်ကြသည်။ ယုံကြည်သူများဖြစ်ကြသည်နှင့်အမျှ ကျွန်ုပ်တို့သည် ရာသက်ပန်မာရသွန်ပြေးပွဲကို ဆင်နွှဲနေကြပါသည်။ ကျွန်ုပ်တို့အထဲမှ များစွာသောသူများအတွက် ပြေးပွဲသည်ဘုရားသခင်ကသာ ခွင့်ပြုမည်ဆိုလျှင် နှစ်ပေါင်းခုနစ်ဆယ် (သို့) ရှစ်ဆယ်ကြာနိုင်ပါသည်။ ကျွန်ုပ်တို့သည် သေခြင်းအားဖြင့်သော်လည်းကောင်း၊ သခင်ဘုရားက ကျွန်ုပ်တို့ကိုသူနှင့်အတူစံစားရန်ယူဆောင်သွားဖို့ ပြန်လည်ကြွဆင်းလာခြင်းအားဖြင့်သော်လည်းကောင်း ပန်းဝင်မျဉ်းကို ကျွန်ုပ်တို့ရောက်သည့်အချိန်၌ ထိုပြေးပွဲအဆုံးသတ်သွားပါသည်။ ဘုရားသခင်သည် ကိုယ်ပေးဆပ်ရမည့်အဖိုးအခကို မမှုဘဲအရှုံးမပေးမည့်လူများကိုရှာကြံနေပါသည်။ ဤအရာသည် အခက်အခဲအမျိုးမျိုးနှင့်စစ်ကြောစုံစမ်းခြင်းများကို ရင်ဆိုင်ဖြတ်သန်းခြင်းလည်း ဖြစ်နိုင်သည်။ ကားတိုင်တစ်ခုကိုသယ်ဆောင်ခြင်းလည်းဖြစ်နိုင်သည်။ ရုန်းကန်လှုပ်ရှားရခြင်းသည် ရှည်ကြာ၍ခက်ခဲမည်ဖြစ်သော်လည်း ပြေးပွဲကိုအဆုံးထိတိုင်သည်းခံသောသူများသာ အနိုင်ရခဲ့ကြပါသည်။

## *ဘုရားဝတ်၌မွေ့လျော်ခြင်း*

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအုတ်မြစ်ပေါ်တွင် ဘုရားဝတ်၌မွေ့လျော်ခြင်းကိုလည်း အုတ်တစ်ချပ်အဖြစ်နှင့် ထပ်ဆင့်ပေါင်းထည့်ကြရမည်ဖြစ်သည်။ ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏

နည်းလမ်းများကိုလည်းကောင်း ကြည်ညိုလေးစားခြင်းဖြစ်သည်။ ဘုရားဝတ်၌ မွေ့လျော်သောသူသည် သခင်ဘုရား၏စရိုက်လက္ခဏာကို နေ့စဉ်လုပ်ရှားမှုများနှင့် ဆင်ခြင်တွေးတောမှုများတွင် ယူဆောင်ဆင်မြန်းသောသူဖြစ်သည်။ ဘုရားဝတ်၌မွေ့လျော်သောသူများသည် ဘဝ၏ပတ်ဝန်းကျင်အခြေအနေအားလုံး၌တွင် ၎င်းတို့၏ဘုရားဝတ်၌မွေ့လျော်ခြင်းကို သက်သေပြကြသည်။ သူတို့သည် သခင်ယေရှုနည်းတူ ရှင်သန်လျှောက်လှမ်းကြသည်။

## *ညီအစ်ကိုစုံမက်ခြင်း*

ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဇာတိပကတိနှင့်၎င်း၏ဆိုးညစ်သောတပ်မက်တောင့်တမှုများအား ကျွန်ုပ်တို့၏အသက်တာမှ ထွင်းထုတ်ဖယ်ရှားစေသည်နှင့်အမျှ ကျွန်ုပ်တို့၏အနီးပတ်ဝန်းကျင်ရှိလူများနှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုများတွင် အပြောင်းအလဲများရှိလာပါလိမ့်မည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်ပို၍ သဏ္ဌာန်တူလာသောအခါ သခင်ယေရှုက ကျွန်ုပ်တို့ကို တုန့်ပြန်စေလိုသည့်အတိုင်း လူတို့ကိုကျွန်ုပ်တို့ တုန့်ပြန်ကြပါလိမ့်မည်။ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကို နှိမ့်ချ၍ကျွန်ုပ်တို့၏ မာန်မာနများမှဖြတ်တောက်ရိုက်ချိုးခံရသည်နှင့်အမျှ ကျွန်ုပ်တို့သည် အခြားသူများနှင့်၎င်းတို့၏လိုအပ်မှုများကို စတင်စဉ်းစားလာကြပါသည်။ ကျွန်ုပ်တို့၏အနီးတစ်ဝိုက်မှလူတို့ထံသို့ သခင်ခရစ်တော်၏လက်ကို စတင်ကမ်းပေးကြပါလိမ့်မည်။ ကျွန်ုပ်တို့၏မျက်လုံးများသည် သူတို့၏လိုအပ်ချက်များကို တွေ့မြင်ဖို့ ပွင့်လန်းလာကြပြီး၊ နူးညံ့သိမ်မွေ့ခြင်းနှင့် တကွ မေတ္တာတရားဖြင့်သူတို့ကို လက်ကမ်းကြဖို့ ဆန္ဒရှိလာကြသည်။ ကျွန်ုပ်တို့သည် ညီအစ်ကိုစုံမက်ခြင်းအမှုကို လျှော့မတွက်သင့်ပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အသိုင်းအဝန်း၌ ရှင်သန်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ့်အဖို့

သက်သက်သာရှင်သန်ကြရန်မဟုတ်၊ အခြားသူများအတွက်လည်း ရှင်သန်ရပါမည်။ ညီအစ်ကိုစုံမက်ခြင်းသည် လိုအပ်ချက်များရှိနေသောသူများကို သခင်ခရစ်တော်၏ နာမတော်၌လက်ကမ်း၍ ကူညီမစပေးပါသည်။ တစ်ဖန်ရှင်ပေတရုက သခင်ယေရှုအားဖြင့် ယုံကြည်ခြင်းကိုလက်ခံရရှိထားသောသူများသည် မိမိတို့၏ညီအစ်ကိုမောင်နှမများထံ၌ ဤအရာကိုပြသရမည်ဟု ကျွန်ုပ်တို့ကိုပြောပြထားသည်။ ဤအချင်းအရာသည် သခင်ယေရှုနှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှု၌အစဉ်မပြတ် ကြိုးစားရှာကြံရမည့်အရာဖြစ်သည်။ သခင်ခရစ်တော်ကိုချစ်သောသူသည် ထိုသခင်ခရစ်တော်၌တည်သော မိမိ၏ညီအစ်ကိုမောင်နှမများကိုလည်း ချစ်ပါလိမ့်မည်။

## *ချစ်ခြင်းမေတ္တာ*

ချစ်ခြင်းမေတ္တာသည် ကောင်းမြတ်ခြင်းပါရမီစာရင်းရှိနောက်ဆုံးပါရမီဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် ထိုသို့နောက်ဆုံး၌ဖော်ပြရခြင်းကြောင့် အရေးမပါလှသောအရာဟုမဆိုလိုပါ။ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏အသက်တာရင့်ကျက်ခြင်းအတွက်မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ အမှန်ဆိုရလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သင့်တင့်မှန်ကန်သောဆက်ဆံရင်းနှီးမှုမရှိလျှင် ဘုရားသခင်ကချစ်စေလိုသည့်အတိုင်း ကျွန်ုပ်တို့ချစ်နိုင်ကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အနီးအနားမှလူများကိုမချစ်နိုင်မီတွင် ဘုရားသခင်ကိုသိကျွမ်း၍ချစ်နိုင်ဖို့ ဦးစွာသင်ယူကြရမည်ဖြစ်သည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့သင်ယူကြရမည်။ ထိုမှသာလျှင် ကျွန်ုပ်တို့လိုက်လျှောက်ဖို့ ပုံဥပမာတစ်ခု ကျွန်ုပ်တို့၌ရှိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကို မချစ်နိုင်အောင်တားဆီးထားသည့်မာန်မာနကို ဘုရားသခင်အား ထွင်းထုတ်ဖယ်ရှားစေရမည်။

သခင်ခရစ်တော်က လူအများကိုချစ်သကဲ့သို့ ကျွန်ုပ်တို့မချစ်နိုင်မီတွင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏စိတ်နှလုံးသားကို ရရှိထားကြရပေမည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏သဏ္ဍာန်တော်နှင့်အညီ ထုဆစ်ခံရသည်နှင့်အမျှ စစ်မှန်သော ချစ်ခြင်းမေတ္တာလည်းရောက်ရှိလာပါသည်။

အခန်းငယ် ၈ အရ ယုံကြည်ခြင်းအုတ်မြစ်ပေါ်၌ တည်ဆောက်ခြင်းအလုပ်သည် ရာသက်ပန်လုပ်ဆောင်ရသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအုတ်ချပ်များအားလုံးကို နေ့ချင်းညချင်းသူ့နေရာနှင့်သူထပ်ဆင့်စီတန်းနိုင်ကြမည်မဟုတ်သကဲ့သို့၊ ဤစရိုက်လက္ခဏာများအားလုံး၏ ပမာဏအပြည့်အဝကို အလျင်အမြန်လည်းရနိုင်ကြမည်မဟုတ်ပါ။ သို့သော်သခင်ဘုရားကို ကျွန်ုပ်တို့လုံ့လဝီရိယရှိရှိဖြင့် နေ့စဉ်ရှာကြံကြသည်နှင့်အမျှ ဤအရည်အချင်းများတွင်တိုး၍တိုး၍ရင့်ကျက်လာကြပါလိမ့်မည်။ နေ့ရက်များတစ်နေ့ပြီးတစ်နေ့ ကျော်လွန်ကုန်ဆုံးသွားသည်နှင့်အမျှ ကျွန်ုပ်တို့သည်ကောင်းမြတ်ခြင်းသီလ၌လည်းကောင်း၊ ပညာ၌လည်းကောင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌လည်းကောင်း၊ သည်းခံခြင်း၌လည်းကောင်း၊ ဘုရားဝတ်ပြုခြင်း၌ မွေ့လျော်ခြင်း၌လည်းကောင်း၊ ညီအစ်ကိုစုံမက်ခြင်း၌လည်းကောင်း၊ ချစ်ခြင်းမေတ္တာ၌လည်းကောင်း ကြီးထွားတိုးတက်လာကြရပါမည်။

အခန်းငယ် ၈ နှင့် ၉ တွင် ဤအုတ်ချပ်များနှင့်ပတ်သက်၍ ရှင်ပေတရုတွင်ပြောစရာအချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ ၎င်းအုတ်ချပ်များသည် ယုံကြည်သူများကို အကျိုးမဖြစ်ထွန်း၍ အချည်းနှီးဖြစ်ခြင်းမှ ကာကွယ်ပေးမည်ဖြစ်သည်။ ဘုရားသခင်ဖြစ်စေလိုသည့်အတိုင်း ကျွန်ုပ်တို့ဖြစ်လာဖို့ဆိုလျှင် ဤမြင့်မြတ်သော အရည်အချင်းများသည် မရှိမဖြစ်လိုအပ်သောရာများဖြစ်ကြသည်။ ဤစရိုက်လက္ခဏာများအနက်မှ တစ်ခုခုကို ချန်လှပ်ထားလျှင် ကျွန်ုပ်

တို့သည် နိုင်ငံတော်အတွက် အရာရောက်သောသူများဖြစ်နိုင်ကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ပညာဗဟုသုတကို ကြီးကြီးမားမားရရှိပိုင်ဆိုင်ကောင်းပိုင်ဆိုင်ကြမည်ဖြစ်သော်လည်း ကျွန်ုပ်တို့၌ချစ်ခြင်းမေတ္တာ (သို့)ဘုရားဝတ်ကိုပြုခြင်း၌မွေ့လျော်ခြင်းမရှိလျှင် ထိုပညာဗဟုသုတသည် မည်သို့အကျိုးရှိမည်နည်း။ ဤအရည်အချင်းတစ်ခုခုကို ကျွန်ုပ်တို့မပိုင်ဆိုင်ထားလျှင် သခင်ဘုရားအတွက်ပြုလုပ်သော ကျွန်ုပ်တို့၏အမှုတော်များတွင် အေးရောအေးကြောင်း၊ အဆင်ပြေရာပြေကောင်းသာလုပ်ကြမည်ဖြစ်သည်။

ဒုတိယအနေဖြင့် ရှင်ပေတရုက ဤကောင်းမြတ်ခြင်းပါရမီများကို ရှာကြံလုပ်ဆောင်ခြင်းမရှိသောသူများသည် မျက်စိကန်းသောသူများဖြစ်၍ ၎င်းတို့၏ အပြစ်ဒုစရိုက်မှ ဆေးကြောသန့်စင်ခြင်းခံထားကြရသည့်အဖြစ်ကို မေ့လျော့နေသူဖြစ်သည်ဟု ဖော်ပြထားခဲ့သည်။ ဤမြင့်မြတ်ကောင်းမွန်သောအရည်အချင်းများ၌ ကြီးထွားလာခြင်းအတွက် ဝန်ခံအပ်နှံခြင်းမရှိသောရှင်ပေတရုပြောနေသည့် ယုံကြည်သူများသည် သခင်ဘုရားလုပ်ဆောင်ခဲ့သောအရာကို မမြင်နိုင်ခဲ့ကြပါ။ သခင်ဘုရားသည် သူတို့ကိုဇာတိပကတိနှင့် မာန်နတ်ဆိုးတို့ထံမှ လွတ်မြောက်စေရန်ကြွဆင်းလာခဲ့ပါသည်။ သခင်ဘုရားသည် သူတို့ကိုအသစ်သောအသက်တာနှင့် အသစ်သောမျှော်လင့်ချက်ကိုပေးရန် ကြွဆင်းလာခဲ့သည်။ အလွန်ကြီးမြတ်သော ကယ်တင်ခြင်းကိုလက်ခံရရှိခဲ့ကြသောသူများသည် နာခံလိုက်လျှောက်ဖို့ သာ၍ကြီးမားသောနည်းလမ်းအသစ်တစ်ခုရှိနေချိန်တွင် အဘယ့်ကြောင့်လမ်းဟောင်းများဆီသို့ ပြန်သွားကြရမည်နည်း။

အခန်းငယ် ၁၀ တွင် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ၎င်းတို့ခံရသော ဆင့်ခေါ်ခြင်းနှင့်ရွေးချယ်တော်မူခြင်းတို့ကို တည်မြဲစေရန်ကြိုးစားအားထုတ်ကြဖို့ စိန်ခေါ်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သူတို့သည်

မိမိတို့ရရှိထားသည်ဟု ယုံကြည်ထားကြသည့် ကယ်တင်ခြင်းသည် စစ်မှန်သော ကယ်တင်ခြင်းဖြစ်ကြောင်းကို အတည်ပြုဖို့လုပ်နိုင်သမျှအားလုံးကို ပြုလုပ်ကြရမည်ဖြစ်သည်။ သူတို့သည် ဤအချက်ကိုယုံကြည်ခြင်းအုတ်မြစ်ပေါ်၌သူတို့ထပ်ဆင့်တည်ဆောက်နေသည့်အရာကို ဆန်းစစ်ခြင်းအားဖြင့် တိုင်းတာဆုံးဖြတ်နိုင်သည်။ သူတို့သည် ဤအခန်းကြီး၌ရှင်ပေတရုပြောပြနေသော အုတ်ချပ်များဖြင့်တည်ဆောက်နေကြပါသလား။ သူတို့သည် မိမိတို့၏အသက်တာကို ဆန်းစစ်၍ ဤအရည်အချင်းများတိုးပွားကြီးထွားလာနေသည်ကို တွေ့မြင်ကြသည်နှင့်အမျှ မိမိတို့၏ယုံကြည်ခြင်းအမှန်တကယ်စစ်မှန်ကြောင်းကို အတည်ပြုနိုင်ကြပါသည်။

ယုံကြည်ခြင်းအုတ်မြစ်ပေါ်၌ ဤအုတ်ချပ်များဖြင့်တည်ဆောက်ထပ်ဆင့်ထားခြင်းသည် ယုံကြည်သူများကို ဘုရားသခင်၏နိုင်ငံတော်၌ အရာမရောက်အချည်းနှီးဖြစ်ခြင်းမှ ကာကွယ်ပေးနေပါသည်။ ပညာသည်သူတို့အား ဘုရားသခင်ပြဋ္ဌာန်းထားသည့်အရာများကို ပြသပေး၍ ရန်သူ၏လှည့်ဖြားခြင်းမှသူတို့ကို ကာကွယ်ပေးပါလိမ့်မည်။ ကာမဂုဏ်ချုပ်တည်းခြင်းကသူတို့ကို နှုတ်ကပတ်တော်အား နာခံစေပါလိမ့်မည်။ သည်းခံခြင်းသည် စစ်ကြောစုံစမ်းခြင်းများ၌ ခံနိုင်ရည်ကိုပေးပါလိမ့်မည်။ ချစ်ခြင်းမေတ္တာသည် သူတို့တစ်ဦးနှင့်တစ်ဦးဆက်ဆံရင်းနှီးရာတွင် ရက်ရောခြင်းနှင့်စာနာရိုင်းပင်းတတ်ခြင်းကို ပေးပါလိမ့်မည်။ ဤကောင်းမြတ်ခြင်းပါရမီများကို လျစ်လျူရှုခြင်းသည် အပြစ်ဒုစရိုက်၌လဲပြိုခြင်းအန္တရာယ်ကိုဖြစ်စေ၍ အကျင့်မရှိသောယုံကြည်ခြင်းအသေကို ပြုစုပျိုးထောင်စေနိုင်ပါသည်။

ကျွန်ုပ်တို့ပြောဆိုဆွေးနွေးခဲ့ကြသည့်အတိုင်း၊ ဤအရည်အချင်းများကို ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ဆက်ဆံရင်းနှီးမှုတွင်လည်းကောင်း၊ အခြားသူများ

နှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုတွင်လည်းကောင်း ပြုစုတည်ဆောက်ရန်မှာ လွယ်ကူမည်မဟုတ်ပါ။ သို့သော် ဤအမှုကိုပြုလုပ်သောသူများသည် သခင်ခရစ်တော်၏ထာဝရနိုင်ငံတော်မှ ကြွယ်ဝသောဆီးကြိုခြင်းကိုခံကြရပါလိမ့်မည် (၄ယ် ၁၁)။ တရားစီရင်ခြင်းနေ့၌ သခင်ဘုရား၏ရှေ့မှောက်တွင် သူတို့ရပ်ကြသောအခါ "သာဓု"ဟု ဘုရားသခင်၏ပြောသံကို သူတို့ကြားခဲ့ကြပါလိမ့်မည်(မဿဲ ၂၅း၂၁)။ သူတို့သည် ဤလောက၌နေထိုင်စဉ်တွင် နတ်ဆိုး၏ကြော့ကွင်း၌ ကြော့မိခြင်းမှကွယ်ကာခံရမည်သာမဟုတ်၊ သခင်ခရစ်တော်ကို မျက်နှာချင်းဆိုင်တွေ့မြင်သောအခါ သခင်ခရစ်တော်၏ သဘောကျထောက်ခံခြင်းအပြုံးကိုလည်းတွေ့မြင်ခဲ့ကြပါလိမ့်မည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဤအခန်း၌ ရှင်ပေတရုဖေါ်ပြထားသည့် အုတ်ချပ်အမျိုးမျိုးအကြောင်းကို စဉ်းစားသုံးသပ်ဖို့အချိန်ယူပါ။ ဤအုတ်ချပ်များအနက်မှ မည်သည့်အုတ်ချပ်သည် သင့်အသက်တာ၌ ပို၍ထင်ရှားပေါ်လွင်ဖို့လိုအပ်သနည်း။
- ကျွန်ုပ်တို့၏ဝိညာဉ်ရေးခရီးစဉ်တွင် အကျိုးဖြစ်ထွန်းသောသူများအဖြစ် ဤအုတ်ချပ်များက မည်သို့ပြုလုပ်ပေးနိုင်ကြပါသနည်း။
- ကျွန်ုပ်တို့၏အသက်တာ၌ ဤအုတ်ချပ်များရှိနေခြင်း အထောက်အထားက ကျွန်ုပ်တို့အားကယ်တင်ခြင်း ယုံကြည်စိတ်ချမှုကို မည်သို့ပေးနိုင်ပါသနည်း။

**ဆုတောင်းရန်အချက်များ**

- ဤနေရာ၌ ရှင်ပေတရုဖော်ပြထားသည့် ကောင်းမြတ်ခြင်းပါရမီများ၌ သာ၍ကြီးထွားလာရန် စွမ်းဆောင်ပေးဖို့ သခင်ဘုရားကိုတောင်း လျှောက်ပါ။
- ဤအရည်အချင်းများထဲမှ မည်သည့်အရည်အချင်းက သင့်အသက် ပို၍ထင်ရှားပေါ်လွင်ရန် လိုအပ်သည်ကိုဖော်ပြပေးဖို့ သင့်နှလုံးသားကို စစ်ဆေးရှာဖွေပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သင့်အသက်တာ၌ ဝိညာဉ်ရေးရာရင့်ကျက်ခြင်း တိုးပွားလာနေကြောင်း ကို ပြသောအထောက်အထားများအတွက် သခင်ဘုရားကိုကျေးဇူး တင်ချီးမွမ်းပါ။

## ၃၆

## ယုံမှားဖွယ်မရှိသောစကား

၂ ပေ ၁း၁၂-၂၁ ကိုဖတ်ရှုပါ။

ရှင်ပေတရုအတွက် မိမိ၏စာဖတ်ပရိသတ်များသည် သခင်ယေရှုခရစ်၏ သတင်းကောင်းသမ္မာတရားတော်ကို နားလည်သဘောပေါက်ကြသည်သာမဟုတ်၊ ထိုသမ္မာတရားကို နေ့စဉ်အသက်တာ၌ ရယူရှင်သန်ကြသည်မှာ အလွန်အရေးကြီးခဲ့သည်။ ခရစ်ယာန်အသက်တာကို ယခုအချိန်အထိရှင်သန်နေထိုင်လာပြီးချိန်တွင် ကျွန်ုပ်နားလည်သဘောပေါက်လာသောအရာမှာ ကျွန်ုပ်တို့လက်ခံရရှိခဲ့သော သွန်သင်ခြင်းကို မေ့မေ့ပျောက်ပျောက်နှင့် ရှင်သန်မိရန် အလွန်လွယ်ကူပါသည်ဟူသောအချက်ဖြစ်သည်။ ဤအချက်ကို ထိုသမ္မာတရားများအား ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ လက်တွေ့ရယူကျင့်သုံးရာတွင် အမှန်တွေ့နေရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏လိုအပ်ချက်များကို တာဝန်ယူစောင့်ရှောက်ပေးမည့်အရာခပ်သိမ်းကို ပိုင်သအုပ်စိုးစီရင်တော်မူသောဘုရားသခင်ဖြစ်သည်ဟု ယုံကြည်ခြင်းသည်မှန်ပါသည်။ သို့သော်အသက်တာလမ်းခရီး၌ စစ်ကြောစုံစမ်းခြင်းများရောက်ရှိလာသောအခါ ဘုရားသခင်သည် အရာအားလုံးကိုထိန်းချုပ်နေကြောင်းအား မေ့လျော့သွားကြသည်။ ကျွန်ုပ်တို့၌ဖြစ်လာမည့်အရာများကိုတွေး၍ စိုးရိမ်နေခဲ့ကြသည်။ အရာခပ်သိမ်းကိုပိုင်သအုပ်စိုးစီရင်၍ ချစ်ခြင်းမေတ္တာပြည့်ဝသော ဘုရားသခင်၏အပေါ်၌

ထားရှိသော ကျွန်ုပ်တို့၏စိတ်ချယုံကြည်မှုမှာလည်း မှေးမှိန်ပျောက်ကွယ်သွားသည်။ ဤအတွက်ကြောင့်ပင် ကျွန်ုပ်တို့သည်ဘုရားသခင့်နှုတ်ကပတ်တော်၏အခြေခံ သမ္မာတရားများကို အမြဲသတိရနေဖို့လိုအပ်သည်။

ရှင်ပေတရုစာရေးပေးပို့ခဲ့သောသူများသည် ဘုရားသခင်နှင့်လျှောက်လှမ်းရာ၌လည်းကောင်း၊ နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်ရာ၌လည်းကောင်း ခိုင်ခံ့မြဲမြံနေခဲ့ကြပြီးဖြစ်သည်။ သူတို့သည်ဤသို့သောအခြေအနေ၌ရှိနေခဲ့ကြသော်လည်း အခန်းငယ် ၁၂ တွင် ရှင်ပေတရုက သူတို့ကိုအရေးပါသော ဤသမ္မာတရားများအကြောင်းဆက်လက်၍ အသိပေးရမည့်အကြောင်း သူတို့ကိုပြောပြခဲ့သည်။ လွန်ခဲ့သောနှစ်အချို့တွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာ၌ စစ်ကြောသန့်စင်ခြင်းအမှုတစ်ခုကို လုပ်ခဲ့သည်။ ထိုအချိန်ကာလတွင် အရာအားလုံးသည် မေးခွန်းမေးစရာသာဖြစ်နေခဲ့ကြသည်။ ယာဉ်မတော်တဆဖြစ်မှုတစ်ခုက ကျွန်ုပ်၏ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်စပ်လျဉ်း၍ သံသယအချို့ကိုဖြစ်စေခဲ့ပြီးနောက်တွင် စိတ်ဓါတ်ကျဆင်းခြင်းများကို ယူဆောင်လာကာ ကျွန်ုပ်၏အိမ်ထောင်ရေးကို အကြီးအကျယ်ဖိအားဖြစ်စေခဲ့သည်။ ယာဉ်မတော်တဆဖြစ်မှုတွင် ဘုရားသခင်သည် ကျွန်ုပ်၏အမှုတော်လုပ်ငန်းမှ အကြီးမားဆုံးအစိတ်အပိုင်းကို ကျွန်ုပ်တို့ထံမှချွတ်ယူသွားခဲ့သည်။ ဤအရာသည်ကျွန်ုပ်နှင့် ကျွန်ုပ်၏မိသားစုအတွက် အလွန်ခက်ခဲသောကာလတစ်ခုဖြစ်ခဲ့သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ပိုင်သအုပ်စိုးစီရင်၍ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝတော်မူကြောင်းကို ကျွန်ုပ်သိခဲ့သော်လည်း ထိုခက်ခဲသောနေ့ရက်ကာလများတွင် ထိုသမ္မာတရားကို အဖန်တလဲလဲသတိရဖို့လိုအပ်ခဲ့သည်။ ကျွန်ုပ်ရောက်ရှိနေသော အခြေအနေတွင် ဤသမ္မာတရား၏စစ်မှန်မှုကို တွေ့မြင်ခံစားရန်မှာ ကျွန်ုပ်အတွက်ခက်ခဲခဲ့ပါသည်။

ဤအခြေခံသမ္မာတရားများနှင့်စပ်လျဉ်း၍ စာဖတ်ပရိသတ်တို့၏ မှတ်ဉာဏ်ကို သတိဖော်ပေးဖို့ရန် ရှင်ပေတရုကအသက်တာတစ်ခုလုံးကို ဆက်ကပ်အပ်နှံထားသည်။ များသောအားဖြင့် ဤအချင်းအရာသည် သတင်းကောင်းတရားတော်ကို သွန်သင်ပေးသောဆရာများနှင့် သင်းအုပ်များ၏တာဝန်ဖြစ်သည်။ ယုံကြည်သူလူသစ်များအနေဖြင့် သမ္မာကျမ်းစာ၏သမ္မာတရားများကို ပထမဆုံးအကြိမ်အဖြစ်ကြားခဲ့ရသောအချိန်များရှိစဉ်တွင်၊ အသင်းတော်၏အသင်းဝင်အများစုအနေဖြင့် ဤသမ္မာတရားများကို မကြာခဏကြားနာကြရသည်။ အမှန်ဆိုရလျှင် ဤသမ္မာတရားများကို အဖန်တလဲလဲကြားနာဖို့လိုအပ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ထိုသမ္မာတရားများကို မေ့မေ့လျော့လျော့နှင့်ရှိတတ်ကြသောကြောင့်ဖြစ်သည်။ ရှင်ပေတရုအနေဖြင့် ရုပ်ကိုယ်ခန္ဓာထဲ၌နေ၍ အသက်ရှင်သမျှကာလတစ်လျှောက်တွင် သန့်ရှင်းသူများ၏စိတ်ကို ဤအခြေခံသမ္မာတရားများဖြင့် ဆက်လက်၍သတိဖော်ပေးနေခဲ့ပါလိမ့်မည်။

အခန်းငယ် ၁၄ တွင် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သူသည်မကြာမီသေဆုံးရတော့မည့်အကြောင်းကို သခင်ဘုရားကအသိပေးခဲ့ကြောင်းပြောပြခဲ့သည်။ သို့သော်ထိုအချိန်မတိုင်ခင်အထိ ရှင်ပေတရုသည် သန့်ရှင်းသောသူတို့၏ စိတ်ကိုသတိဖော်ပေးချင်နေခဲ့သည်။ ရှင်ပေတရုသည် မိမိ၏ခေတ်ကာလမှသန့်ရှင်းသူတို့ထံ၌ ဤသမ္မာတရားများကို အသိပေးချင်ခဲ့ရုံသာမက၊ သူသေဆုံးသွားပြီးနောက်ပိုင်းတွင်လည်း ဤအခြေခံသမ္မာတရားများကိုနှိုးဆော်ပေးမည့်အရာအား သူတို့ထဲ၌သေသေချာချာချန်ထားလိုခဲ့သည်။ ဤအချင်းအရာကို ရှင်ပေတရုကမည်သို့ပြုလုပ်မည်မှာ ရှင်းရှင်းလင်းလင်းမသိရပါ။ သို့သော် ဤစာစောင်ကို ရေးသားပေးပို့ခံရသောသူများအားဖြင့်ဖြစ်နိုင်သည်။

ဤစာစောင်၌ရှင်ပေတရုရေးသားနေသည့် သမ္မာတရားများသည် ပရိယာယ်နှင့်ဖန်တီးထားသော ထွင်လုံးများမဟုတ်ကြောင်းကို သတိပြုရမည်ဖြစ်သည် (ငယ် ၁၆)။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သူတင်ပြဆွေးနွေးထားသောအချက်အလက်များသည် သက်သေနှင့်တကွအတည်ပြုထားပြီး မှန်ကန်သောအရာဖြစ်ကြောင်းကို အာမခံခဲ့သည်။ ရှင်ပေတရုသည် သခင်ယေရှု၏ဘုန်းအာနုဘော်နှင့်တန်ခိုးတော်ကို မျက်မြင်တွေ့ရှိခဲ့သူဖြစ်သည်။ သူသည် ကိုယ်တော်ရှင်နှင့်အတူ လျှောက်လှမ်းခဲ့၍ ကိုယ်တော်ရှင်နှင့်စကားပြောခဲ့သည်။ ဤသမ္မာတရားများအား ကိုယ်တော်ရှင်ကိုယ်တော်တိုင် ဟောကြားသွန်သင်ပေးခဲ့သည်ကို ရှင်ပေတရုကအနားတွင်ထိုင်၍ နားထောင်ခဲ့သည်။

အခန်းငယ် ၁၇ တွင် သခင်ယေရှုဗတ္တိဇံမင်္ဂလာကိုခံယူချိန်၌ မည်သည့်အရာဖြစ်ခဲ့သည်ကို ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ပြန်လည်အသိပေးခဲ့သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကိုယ်တော့်ထံ၌ဆင်းသက်ခဲ့၍ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ထိုနေရာ၌ရှိနေသောသူများထံ၌ သက်သေထွက်ဆိုခဲ့သည်။ ထိုနေ့ရက်မှ ထိုနေရာတွင်ရှိနေသောသူများတွင် ရှင်ပေတရုလည်းပါဝင်ခဲ့သည်။ ရှင်ပေတရုကမိမိတွေ့မြင်ခဲ့မှုများကိုပြန်လည်သက်သေထွက်ဆိုခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုအပြစ်ဒုစရိုက်မှကယ်လွှတ်ရန် ဆင်းကြွလာခဲ့သော ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို တမန်တော်ပေတရု၏ စိတ်ထဲတွင် သံသယလုံးဝမရှိခဲ့ပါ။ သခင်ယေရှုအပေါ်၌ ဝိညာဉ်တော်သက်ဆင်းခဲ့ခြင်းက သခင်ယေရှု၏အသက်တာနှင့်သာသနာကို ခမည်းတော်ဘုရား၏ အတည်ပြုပေးမှုအထူးတံဆိပ်ခတ်ခြင်းကိုညွှန်ပြခဲ့သည်။

အခန်းငယ် ၁၈ တွင် သန့်ရှင်းသောတောင်တစ်ခုကို ရည်ညွှန်းပြော

ဆိုထားသည်။ ဤရည်ညွှန်းချက်သည် ကိုယ်တော်ရှင်ကပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကို အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းတောင်သို့ ခေါ်ဆောင်သွားခဲ့သည့်အချိန်ကို ပြောဆိုနေဟန်ရှိသည်(မဿဲ ၁၇း၂)။ ဤတောင်ပေါ်တွင် သခင်ယေရှုအဆင်းသဏ္ဍာန်ပြောင်းလဲခဲ့သည်ကို တမန်တော်တို့ကတွေ့မြင်ခဲ့ကြသည်။ သခင်ယေရှု၏ လောကီခန္ဓာကိုယ်သည် ဘုရားသခင်၏ဘုန်းတော်ဖြင့် လွှမ်းခြုံထားခဲ့ဟန်ထင်ရသည်။ ဤအချင်းအရာမှာ အလွန်သိသာထင်ရှားသောကြောင့် ကိုယ်တော်ရှင်၏ပုံပန်းသဏ္ဍာန်မှာလည်း လုံးလုံးပြောင်းလဲသွားခဲ့သည်။ သူသည်ဘုရားသခင်၏ ဘုန်းတော်ဖြင့်ထွန်းလင်းတောက်ပနေခဲ့သည်။ ရှင်ပေတရုအတွက် ဤအချင်းအရာသည် မည်သည့်အရာဖြစ်ကြောင်းကို မေးခွန်းထုတ်ဖို့ မရှိခဲ့ပါ။ သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ခဲ့သည်။ သူသည် ကြွလာမည့်မေရှိယဖြစ်ခဲ့သည်။ သူသည်ဤလောကကြီး၏ မျှော်လင့်ချက်ဖြစ်သည်။

ဤအချင်းအရာက ပရောဖက်များဟောကြားခဲ့သည့်အရာ မှန်ကန်ကြောင်းကို သံသယများအားလုံး၏ အခြားတစ်ဖက်အထိ သက်သေပြခဲ့သည်။ သခင်ယေရှုသည် ပရောဖက်များ၏ ဗျာဒိတ်ပြုချက်ကို ပြည့်စုံစေသူဖြစ်ခဲ့သည်။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ပရောဖက်များ၏စကားကို အလေးအနက်ထားကြဖို့ စိန်ခေါ်ခဲ့သည်။ သခင်ယေရှုနှင့်စပ်လျဉ်း၍ သူတို့ပြောကြားခဲ့သမျှသည် အတိအကျဖြစ်လာခဲ့ကြသည်။ အခန်းငယ် ၁၉ တွင် ရှင်ပေတရုက စာဖတ်ပရိသတ်တို့အား ၎င်းတို့ထံ၌မိမိပေးခဲ့သည့် သမ္မာတရားကိုအလေးအနက်ထားကြဖို့ စိန်ခေါ်ခဲ့သည်။

သခင်ယေရှုနှင့်သခင်ယေရှု၏ အမှုတော်အကြောင်းသမ္မာတရားသည် အလွန်မှောင်မိုက်သောနေရာ၌ ထွန်းလင်းတောက်ပနေသောအလင်းတစ်ခုနှင့်

တူသည်။ ဤသမ္မာတရားသည် ပရိယာယ်နှင့်ဖန်တီးထားသည့် ထွင်လုံးများ မဟုတ်ပါ။ ဤလောကကြီး၏မျှော်လင့်ချက်သာဖြစ်သည်။ သခင်ယေရှုနှင့်သခင်ယေရှု၏အမှုတော်အကြောင်းသမ္မာတရားသည် ယုံကြည်သူများကို အသက်တာ၌ကြုံတွေ့ရသည့် မှောင်မိုက်ခြင်းနှင့်ခက်ခဲခြင်းများကို ဖြတ်ကျော်၍သယ်ဆောင်ပေးသွားပါလိမ့်မည်။ သခင်ယေရှု ပြန်လည်ကြွဆင်းလာ၍ ယုံကြည်သူများကို မိမိနှင့်အတူစံစားဖို့ဆောင်ယူသွားသည့်အချိန်အထိဤသမ္မာတရားသည် ယုံကြည်သူများကိုအလင်းတစ်ခုအလားကွယ်ကာစောင့်ရှောက်ပါလိမ့်မည်။ သခင်ယေရှုနှင့် သခင်ယေရှု၏အမှုတော်အကြောင်း သမ္မာတရားသည် ကျွန်ုပ်တို့ရင်ဆိုင်ရမည့်စစ်ကြောခြင်းများ၌ ခွန်အားသစ်များကို သွန်းလောင်းပေးပါလိမ့်မည်။ ထိုအရာသည်မှောင်မိုက်သော ဤလောက၌တောက်ပသောမျှော်လင့်ချက်တစ်ခုဖြစ်သည်။

အခန်းငယ် ၂၀-၂၁တွင် ရှင်ပေတရုက စစ်မှန်သောအနာဂတ္တိစကားသည် ပရောဖက်တစ်ပါး၏ကိုယ်ပိုင်အယူအဆနှင့်သော်လည်းကောင်း၊ စိတ်ဆန္ဒနှင့်သော်လည်းကောင်း လုံးလုံးမသက်ဆိုင်ကြောင်းကိုဖော်ပြခဲ့သည်။ စစ်မှန်သောအနာဂတ္တိစကားသည် ဘုရားသခင်၏အလိုတော်တွင် အခြေခံသည်။ ထိုစကားများသည် ဘုရားသခင်၏ဝိညာဉ်တော်က ပရောဖက်များမှတဆင့် ထုတ်ဖော်ပြောကြားချက်ဖြစ်သည်။ ရှင်ပေတရုက သမ္မာကျမ်းစာရှိ စကားလုံးများနှင့် မိမိ၏နှုတ်ထွက်စကားများသည် ယုံကြည်ဖို့ ထိုက်တန်ကြောင်းကို မိမိ၏စာဖတ်ပရိသတ်များထံတွင် အာမခံလိုခဲ့သည်။ အကြောင်းမှာ ၎င်းတို့၏သမ္မာတရားများသည် မုသာမပြောနိုင်သောဘုရားသခင်ထံ၌ အခြေပြုထားကြသောကြောင့် ဖြစ်သည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ရှင်ပေတရုကမိမိရေးသားထားသည့် သမ္မာတရားနှင့်စပ်လျဉ်း၍ မည်သည့်သက်သေအထောက်အထားကို ပေးခဲ့သနည်း။
- သမ္မာတရားကို ယုံကြည်ခြင်းနှင့် ထိုသမ္မာတရားကို နေ့စဉ်အသက်တာ၌ ရယူရှင်သန်ခြင်း၏ ခြားနားချက်မှာအဘယ်နည်း။ ယနေ့သင်ရယူရှင်သန်ရန်အခက်အခဲဖြစ်နေသည့် သမ္မာတရားရှိပါသလား။
- ရင်ဆိုင်ရသော စစ်ကြောစုံစမ်းခြင်းများ၌ ဘုရားသခင်၏သမ္မာတရားကို ညင်ညင်သာသာဖြင့် သတိပေးဖို့လိုအပ်နေသောသူများ သင့်အနီးပတ်ဝန်းကျင်တွင် ရှိပါသလား။ ဘုရားသခင်၏ သမ္မာတရားကိုသတိပေးခြင်းနှင့်အတူသူတို့ထံ၌ဘုရားသခင်က သင့်သွားရောက်အားခွန်အားပေးစေရန်မှာဖြစ်နိုင်ပါသလား။

**ဆုတောင်းရန်အချက်များ**

- ဤဘဝ၌ သင့်ကိုခွန်အားပေး၍လမ်းပြရန် သခင်ဘုရားသည်သင့်ကိုမိမိ၏နှုတ်ကပတ်တော်အားပေးထားသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်အသက်တာ၌ ဘုရားသခင်၏မျက်မှောက်ပြုမှုအတွက် ကျေးဇူးတင်ချီးမွမ်းရန် အချိန်ယူပါ။ သူသည်သင်နှင့်ယခုပင်အတူရှိနေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘဝ၏အခြေအနေများစွာ၌ ဘုရားသခင်၏နှုတ်ကပတ်တော်၏ သမ္မာတရားကို ရယူရှင်သန်ရန်သင်ပျက်ကွက်ခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးရန် တောင်းလျှောက်ပါ။

- ယခုလက်ရှိတွင် သင်သသည်စစ်ကြောစုံစမ်းခြင်းတစ်ခုကို ရင်ဆိုင်နေရလျှင် ဘုရားသခင်ထံ၌ သူ့ရဲ့ချစ်ခြင်းမေတ္တာနှင့်အချုပ်အခြာကွယ်ကာစောင့်မခြင်းဆီသို့ သင့်ရဲ့မျက်စိများကို ဖွင့်ပေးဖို့တောင်းလျှောက်ပါ။ သူ့ကိုယုံကြည်၍ သူ့ရဲ့ကတိတော်များကို ကိုးစားနိုင်ဖို့ ကျေးဇူးတော်ကို သင့်အားပေးသနားရန် တောင်းလျှောက်ပါ။

## ၃၇
## မိစ္ဆာပရောဖက်များ

၂ ပေ ၂း၁-၁၉ ကိုဖတ်ရှုပါ။

ရှင်ပေတရု၏တရားဒေသနာသည် သခင်ယေရှုနှင့် သခင်ယေရှု၏ကယ်တင်ခြင်းအကြောင်းဖြစ်သည်။ ထိုတရားဒေသနာသည် ဘုရားသခင်၏အကြံအစည် သမ္မာတရားနှင့်ဘုရားသခင်၏ လူမျိုးတို့ကိုအလေးအနက်ပြုထားသည်။ ထိုတရားတော်သည် ဘုရားသခင်၏ဗျာဒိတ်ပြုခြင်းအားဖြင့် ဓမ္မဟောင်းမှပရောဖက်များ ပြောကြားခဲ့သည့်အရာဖြစ်သည်။ သို့သော် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ခရစ်တော်၏ ဤကယ်တင်ခြင်းတရားတော်ကို အယူတိမ်းသွေဖယ်သွားစေလိုသော မိစ္ဆာပရောဖက်များသည် ၎င်းတို့၏အလယ်တွင်ရှိနေကြောင်းကို အသိပေးခဲ့သည်။ ဤမိစ္ဆာဆရာများသည် ဘာသာရေး အလိမ်အညာများကို လျှို့ဝှက်စွာမြှင့်တင်ရန် ကြိုးစားခဲ့ကြပြီး၊ ၎င်းတို့ကို ရွေးဝယ်ခဲ့သည့် သခင်ယေရှုကိုငြင်းပယ်ကြသည်အထိပင် လုပ်ဆောင်ခဲ့ကြမည်ဖြစ်သည်။ ဤသူတော်ကောင်း ဟန်ဆောင်ခြင်းသည် သူတို့အပေါ်၌ လျင်မြန်သောတရားစီရင်ခြင်းကို ကျရောက်စေပါလိမ့်မည်။

ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့အသေးစိတ်လေ့လာစစ်ဆေးဖို့ လိုအပ်သည့်အရာအချို့ရှိသည်။ ပထမဦးစွာ ဤမိစ္ဆာပရောဖက်များသည် ၎င်းတို့၏အယူဝါဒများကို လျှို့ဝှက်စွာမိတ်ဆက်ပေးခဲ့ကြသည်ကို သတိပြုပါ။ စာတန်သည် မိမိရှိနေသည့်နေရာကို အမြဲတမ်းကြေညာမည်မဟုတ်ပါ။ ထိုနည်းတူစွာပင်၊

ဤအတုအယောင်ခေါင်းဆောင်များသည် မိမိတို့မှားယွင်းနေမှုကို လူအများက သိမြင်မည်ကိုမလိုလားကြပါ။ သူတို့သည် ကြည်ညိုလေးစားခံရခြင်းကို လိုချင်ခဲ့ကြသောကြောင့် လူတို့၏စိတ်နှလုံးထဲသို့ ဖြေညှင်းစွာဝင်ရောက်ဖို့ ကြိုးစားခဲ့ကြသည်။ တစ်ခါတစ်ရံတွင် အယူဝါဒကွဲပြားမှုများသည် အလွန်နက်နဲသိမ်မွေ့သောကြောင့် လူတို့ကသတိမမူမိခဲ့ကြပါ။ ရှင်ပေတရုကမိမိ၏စာဖတ်ပရိသတ်တို့အား တမန်တော်များထံမှ ကြားနာခဲ့ရသည့် တရားဒေသနာနှင့်ကွဲပြားသောတရားဒေသနာကို ဟောပြောသည့်ဆရာများကို သတိထားကြဖို့စိန်ခေါ်ခဲ့သည်။

ဒုတိယအနေဖြင့်၊ ဤမိစ္ဆာဆရာများသည် ကိုယ့်ကိုယ်ကိုယုံကြည်သူများဖြစ်သည်ဟု ကြွေးကြော်ခဲ့ကြသော်လည်း သူတို့ကိုးကွယ်ယုံကြည်ပါသည်ဟုကြွေးကြော်ခဲ့ကြသည့် သခင်ယေရှုကိုငြင်းပယ်သည်အထိပင် ဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် မိစ္ဆာပရောဖက်များနှင့်စစ်မှန်သော ပရောဖက်များကို သခင်ယေရှုနှင့်ပတ်သက်သော သူတို့၏ယုံကြည်ခြင်းအားဖြင့် ခွဲခြားသိနိုင်ပါသည်။ အခန်းငယ် ၁ တွင် ရှင်ပေတရုက ဤမှားယွင်းသောမိစ္ဆာဒိဋ္ဌိအယူဝါဒများသည် ဖျက်စီးတတ်သောအယူဝါဒများဖြစ်သည်ဟု ရေးခဲ့သည်။ အသင်းတော်အပေါ်၌လည်းကောင်း၊ ယုံကြည်သူတစ်ဦးချင်းစီအပေါ်၌လည်းကောင်း ၎င်းတို့လုပ်နိုင်သောအရာအားဖြင့် ဖျက်စီးတတ်သည်။ ဤမှားယွင်းသောမိစ္ဆာဒိဋ္ဌိအယူဝါဒများသည် ယုံကြည်သူတို့ကို အာရုံပြောင်း၍ သခင်ယေရှု၏သမ္မာတရားမှ လမ်းလွဲသွားအောင် ဖန်တီးနိုင်ခဲ့ကြသည်။ ဤအလိမ်အညာများအားဖြင့် အသင်းတော်မှာ အားနည်းချည့်နဲ့လာ၍ ဖျက်ဆီးခြင်းကိုပင် ခံရနိုင်သည်။ ဤအလိမ်အညာဆရာများသည် ၎င်းတို့၏ဖျက်ဆီးခြင်းအလုပ်ကို တစ်ကိုယ်တည်း လုပ်ဆောင်ခဲ့ကြမည်မဟုတ်ပါ။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ဤမှားယွင်းသော ပရော

ဖက်များသည် နောက်လိုက်တစ်သိုက်ကို စုဆောင်းခဲ့ကြမည့်အကြောင်း သတိပေးခဲ့သည် (၄ယ် ၂)။ ယုတ္တိရှိရှိတွေးခေါ်ခြင်းနှင့် အကျိုးသင့်အကြောင်းသင့် ဆင်ခြင်ခြင်းတို့ဖြင့် လိမ်းခြယ်ဖုံးကွယ်ထားသော ၎င်းတို့၏အလိမ်အညာများ၌ မြောက်မြားစွာသော လူတို့မှာသားကောင်ဖြစ်ခဲ့ကြပါလိမ့်မည်။ သူတို့၏မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူဝါဒများသည် အပြစ်သဘောသဘာဝကို ဆွဲဆောင်နိုင်ခဲ့၍အားရကျေနပ်စရာကောင်းသော်လည်း၊ ၎င်းတို့သည်မှားယွင်းသော တရားဒေသနာများဖြစ်ကြသည်။ ဤအတုအယောင်ယုံကြည်သူများသည် သမ္မာတရားကိုသေးသိမ်စေခြင်းဖြင့် သခင်ဘုရားနှင့်သခင်ဘုရားလူမျိုးတို့ကိုကဲ့ရဲ့ခဲ့ကြသည်။ မှားယွင်းသောဆရာများ၏ ရှက်ဖွယ်နည်းလမ်းများသည် အသင်းတော်ကို ဂုဏ်အသရေညှိုးနွမ်းစေခဲ့သည်။

ရှင်ပေတရုပြောပြခဲ့သော မိစ္ဆာဒိဋ္ဌိပရောဖက်များသည် လောဘကြီးကြသည်။ သူတို့သည် ဘုရားသခင်၏လူတို့ကို ချစ်ခြင်းမေတ္တာတရားအားဖြင့် အလုပ်အကျွေးမပြုခဲ့ကြပါ။ သူတို့သည် ကျော်စောထင်ရှားခြင်းနှင့်ငွေကြေးကို သာရှာဖွေခဲ့ကြသည်။ သူတို့သည် သတင်းကောင်းတရားတော်၏ သမ္မာတရားကို ကြဲဖြန့်ဖို့အတွက် အမှုတော်ထဲတွင်ရှိနေကြသည်မဟုတ်၊ မိမိတို့၏ကိုယ်ကျိုးစီးပွားအတွက်သာ အမှုတော်၌ရှိနေကြသည်။

ဤမိစ္ဆာပရောဖက်များသည် စိတ်ကူးယဉ်ဇာတ်လမ်းများကို ဖန်တီးခဲ့ကြကြောင်း ရှင်ပေတရုကဆက်လက်၍ ပြောပြထားသည်။ သူတို့သည် ဘုရားသခင်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဘုရားသခင်၏လူတို့နှင့်စပ်လျဉ်း၍လည်းကောင်း ကိုယ်ပိုင်အယူအဆများကို ဖန်တီး၍လူတို့ကိုစိတ်ကူးယဉ်သက်သက်ဖြင့် ဖန်တီးထားသောဘုရားဆီသို့ ဦးဆောင်သွားခဲ့ကြသည်။ သူတို့၏မှားယွင်းသောအယူဝါဒများသည် နှုတ်ကပတ်တော်၏ သမ္မာတရားမှမဟုတ်ဘဲ၊ ၎င်းတို့

၏ကိုယ်ပိုင်စိတ်ကူးယဉ်များမှ ရောက်လာခဲ့ကြသည်။

သူတို့၏မကောင်းမှုအတွက် ဘုရားသခင်သည် ဤမိစ္ဆာပရောဖက်များကို တရားစီရင်ခဲ့ပြီးဖြစ်သည်။ သူတို့၏အပြစ်ဒဏ်ကို သူတို့အပေါ်၌ချိတ်ဆွဲထားလျှက်ရှိပြီး သူတို့အပေါ်၌မည်သည့်အချိန်တွင်မဆိုပြုတ်ကျလာနိုင်ပါသည်။ ဘုရားသခင်သည် သူတို့၏မကောင်းသောလုပ်ရပ်များကို စောင့်ကြည့်မနေပါဟုထင်မှတ်ခဲ့ကြသည်။ သူတို့၏လုပ်ရပ်များနှင့်အတူလွတ်မြောက်ခဲ့မည်ဟု သူတို့ယုံကြည်ခဲ့ကြသည်။ သို့သော်ဘုရားသခင်၏ တရားစီရင်ခြင်းသည် အိပ်ပျော်မနေပါ။ ထိုတရားစီရင်ခြင်းသည် အလွန်နိုးကြား၍သူတို့ကိုမည်သည့်အချိန်တွင်မဆို ခုန်အုပ်ဖို့အဆင်သင့်ပြင်ဆင်နေပါသည်။ သူတို့သည် မြောက်မြားစွာသော သူတို့၏ယုံကြည်ခြင်းကို ဖျက်ဆီးခဲ့ကြသောကြောင့် ဘုရားသခင်ထံတွင် ရှင်းလင်းချက် မပျက်မကွက်ပေးခဲ့ကြရပါလိမ့်မည်။

အခန်းငယ် ၄-၁၀ တွင်ရှင်ပေတရုက ဘုရားသခင်သည် မကောင်းမှုဒုစရိုက်ကို အမြဲတမ်းတရားစီရင်ကြောင်းကိုပြသရန် ဓမ္မဟောင်းသာဓကများကိုပေးခဲ့သည်။ အခန်းငယ် ၄ အရ၊ ဘုရားသခင်သည် အပြစ်ကျူးလွန်သောကောင်းကင်တမန်များကို ချမ်းသာလွတ်ငြိမ်းခွင့်မပေးခဲ့ပါ။ ဤနတ်ဆိုးများသည် တချိန်တစ်ခါတွင် ဘုရားသခင်၏ကောင်းကင်တမန်များဖြစ်ခဲ့ကြဟန်တူသည်။ ဤနတ်ဆိုးများသည် အပြစ်ကိုကျူးလွန်ခဲ့ကြ၍ ဘုရားသခင်သည် သူတို့ကိုတရားစီရင်ခဲ့သည်။ ဘုရားသခင်သည် သူတို့ကိုငရဲထဲသို့ချ၍ တရားစီရင်ခြင်းနေ့ရက်မတိုင်မီအထိ သူတို့ကိုချုပ်နှောင်ထားပါသည်။ ဘုရားသခင်သည် ဤကောင်းကင်တမန်များကို ဤကြောက်မက်ဖွယ်တရားစီရင်ခြင်းမှ လွတ်ငြိမ်းခွင့်မပေးခဲ့ပါ။ သူတို့၏နောက်ဆုံးတရားစီရင်ခြင်းမှာ အလွန်သေချာနေပြီး ကြောက်မက်ဖွယ်လည်း ကောင်းပါသည်။ ဘုရားသခင်သည် တစ်ချိန်ကကောင်း

ကင်ဘုံထက်မှကောင်းကင်တမန်များ ဖြစ်ခဲ့ကြသည့် ဝိညာဉ်ဆိုးများကို အသက်ချမ်းသာမပေးလျှင် လိမ်လည်လှည့်ဖြားခြင်းများဖြင့် ဘုရားသခင့်သားသမီးများ၏ယုံကြည်ခြင်းကို ဖျက်ဆီးနေကြသည့်လူသားများကို ဘုရားသခင်အသက်ချမ်းသာပေးပါမည်လား။

အခန်း ၅ တွင် ရှင်ပေတရုက ဤကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးဖို့ ဘုရားသခင်ရွေးချယ်ခဲ့သည့်နောဧ၏ ခေတ်ကာလကို ပြောပြခဲ့သည်။ နောဧသည် ဘုရားသခင်၏ရှေ့တွင် ဖြောင့်မတ်ခြင်းတရားကို ဟောပြောခဲ့သော်လည်း လူတို့ကနားထောင်ဖို့ ငြင်းဆန်ခဲ့ကြသည်။ ဤအချင်းအရာသည် ကမ္ဘာ့အနှံ့ရေကြီးခြင်းဖြင့် ဘုရားသခင်၏တရားစီရင်ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ နောဧနှင့်နောဧ၏ မိသားစုများသာ ထိုပျက်စီးခြင်းမှလွတ်မြောက်ခဲ့သည်။ နောဧ၏ခေတ်ကာလတွင် ဘုရားသခင်သည် မိမိဖန်ဆင်းထားသည့် အရာများကို အသက်ချမ်းသာခွင့်မပေးခဲ့လျှင် သခင်ယေရှုကိုငြင်းပယ်၍၊ မိစ္ဆာဒိဋ္ဌိတရားများကို ဟောပြောသောသူများကို တရားစီရင်ဖို့ တုန့်ဆိုင်းနေပါမည်လား။

ဘုရားသခင်သည် သောဒုံမြို့နှင့်ဂေါမောရမြို့တို့ကို ဖျက်ဆီးခဲ့သော်လည်း ဖြောင့်မတ်သောသူဖြစ်သည့် လောတကိုကယ်တင်ခဲ့သည်(ငယ် ၇)။ လောတသည် ဤမြို့များ၌မှီတင်းနေထိုင်ခဲ့ကြသော သူများနှင့်မတူဘဲ၊ မိမိ၏အနီးနားတစ်ဝိုက်မှ ညစ်ညမ်းမှုများနှင့် ဥပဒေမဲ့စွာပြုမူမှုများကို တွေ့မြင်ရသည်တွင် စိတ်သောကရောက်ခဲ့ရသည်။ မိမိတွေ့မြင်ရသော ဆိုးဝါးသည့်အပြစ်ဒုစရိုက်များကြောင့် လောတ၏စိတ်ဝိညာဉ်မှာနေ့စဉ် ညှင်းပန်းခြင်းကို ခံခဲ့ရသည်။ ဘုရားသခင်သည် လောတ၏စိတ်နှလုံးနှင့်ဂုဏ်း၏ အသိုင်းအဝိုင်းမှ အပြစ်ဒုစရိုက်ကြောင့် သူမည်သို့ဝမ်းနည်းပူဆွေးနေသည်ကို ဘုရားသခင်မြင်

ခဲ့သည်။ ဤအတွက်ကြောင့်ပင် ဘုရားသခင်သည် သောဒုံမြို့နှင့်ဂေါမောရမြို့ ဆီသို့ စေလွှတ်လိုက်သော ကြောက်မက်ဖွယ်တရားစီရင်ခြင်းမှ လောတကို ကယ်နှုတ်ခဲ့သည်။ တရားစီရင်ခြင်းမကျရောက်မီတွင် လောတကို မြို့ပြင်သို့ လမ်းပြသွားရန် ဘုရားသခင်ကကောင်းကင်တမန်များကို အံ့ဩဖွယ်စေလွှတ်ခဲ့ သည်။ မကောင်းမှုဒုစရိုက်ကို ပြုနေကြသောသူများအပေါ်၌ ဘုရားသခင်၏ တရားစီရင်ခြင်းမှာ မလွဲမသွေကျရောက်လာမည်ဖြစ်သော်လည်း ဘုရားသခင် သည် မိမိလူတို့အား မည်သို့ကယ်တင်ရမည်ကို သိပါသည်။ ဘုရားသခင်သည် သူတို့၏ဖြောင့်မတ်သောစိတ်နှလုံးကိုမြင်၍ အသက်ချမ်းသာပေးပါသည်။ ဤအရာသည် သခင်ဘုရားကို ချစ်၍ဤဒုစရိုက်လောကကြီး၌ သခင်ဘုရားထံ တွင် အစေခံဖို့ရှာကြံကြသောသူများအတွက် အဘယ်မျှနှစ်သိမ့်ရာဖြစ်ပါ သနည်း။

ရှင်ပေတရုကဆက်လက်၍ မိစ္ဆာဆရာများသည် ဇာတိပကတိ၏ ညစ်ညူးသောတပ်မက်ခြင်းနောက်သို့ လိုက်သောသူများဖြစ်ကြသည်ဟုဖော်ပြ ခဲ့သည် (ငယ် ၁၀)။ ဤဇာတိပကတိသဘောသဘာဝသည် ဘုရားသခင်နှင့် ဆန့်ကျင်၍ ကျွန်ုပ်တို့ကိုဘုရားသခင်နှင့် ကင်းကွာစေခဲ့သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲသို့ သန့်ရှင်းသောဝိညာဉ်တော်လာရောက် ကိန်းဝပ်သောအခါ သူသည်ကျွန်ုပ်တို့အား အသစ်သောသဘောသဘာဝကိုပေးဖို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ယုံကြည်သူများဖြစ်ကြသည့်နည်းတူ၊ ကျွန်ုပ်တို့၏စိတ်နှလုံး၌ ဇာတိ ပကတိ၏ သဘောသဘာဝဟောင်းနှင့် သခင်ခရစ်တော်၏ ဝိညာဉ်ရေးသဘော သဘာဝသစ်ဟူသော သဘောသဘာဝကြီးနှစ်ခုအမှန်ရှိနေကြကြောင်း သိထား ကြသည်။ သမ္မာကျမ်းစာတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့ကိုဇာတိဟောင်း၌ သေ၍ ဝိညာဉ်တော်၏သဘောသဘာဝအသစ်အတိုင်း ရှင်သန်ကြဖို့ ဆင့်ခေါ်

ခြင်းခံထားကြသည် (ရောမ ၈း၅-၈)။ ဤမိစ္ဆာပရောဖက်များသည် ဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုကို မခံရကြပါ။ ဇာတိပကတိ၏လမ်းပြဦးဆောင်မှုကိုသာ ခံကြရသည်။ ဘုရားသခင်၏ စစ်မှန်သောအစေခံကျွန်သည် ဘုရားသခင်နှင့် ဘုရားသခင်၏ ရည်ရွယ်ချက်များကို ရှေးဦးစွာရှာကြံ၍ လုပ်ဆောင်သမျှတွင် ဝိညာဉ်တော်၏ လမ်းပြခြင်းကိုခံကြရသည်။

ရှင်ပေတရုက ဤမှားယွင်းသော မိစ္ဆာဆရာများသည် အာဏာစက်ကိုမထီမဲ့မြင်ပြုသောသူများဖြစ်ကြသည်ဟုလည်း ပြောပြထားသည်။ ဘုရားသခင်၏စစ်မှန်သော အစေခံသည် အာဏာစက်ကိုလိုလိုလားလားဝန်ခံ၍ ဘုရားသခင်က ခန့်အပ်ထားသည့်အရာအဖြစ် မှတ်ယူကြသော်လည်း ဤပရောဖက်များမှာကား တစ်စုံတစ်ယောက်က သူတို့အားဆရာလုပ်သည်ကို မလိုချင်ခဲ့ကြပါ။ သူတို့သည် မျက်နှာပြောင်တိုက်၍ စိတ်ကြီးဝင်နေကြသည်။ သူတို့သည် အမှားကျူးလွန်မိသောအခါတွင် ဝန်ခံခြင်းမရှိဘဲ၊ နာမခံခြင်းဖြင့် ရှေ့ဆက်တိုးခဲ့ကြသည်။

သူတို့၏ စိတ်ကြီးဝင်ခြင်းကို ဥပမာပေးရမည်ဆိုလျှင်၊ ဤမိစ္ဆာပရောဖက်များသည် ဘုန်းတန်ခိုးကြီးသောအထက်အရပ်မှ ပုဂ္ဂိုလ်များကို ကဲ့ရဲ့ဝံ့ကြသည်။ ထိုအရာသည် ကောင်းကင်ဘုံရှိ ကောင်းကင်တမန်များကပင် မလုပ်သောအရာဖြစ်သည်။ ဤတန်ခိုးကြီးသော အထက်အရပ်မှပုဂ္ဂိုလ်များမှ မည်သူမည်ဝါဖြစ်သည်ကို မသိရပါ။ သို့သော်ကောင်းကင်တမန်မင်း မိက္ခေလကပင် ငြင်းခုန်မှုတစ်ခုတွင် စာတန်အားအသရေပျက်အောင် ပြောဆိုစွပ်စွဲခြင်းကို မလုပ်ဝံ့ခဲ့ကြောင်း ယုဒ ၉ တွင် ဖော်ပြထားသည်။ မာနတ်ဆိုးသည် ဆိုးညစ်သောသူဖြစ်ပြီး ဘုရားသခင်နှင့်ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဆန့်ကျင်ရပ်တည်သောသူဖြစ်သည်မှာ မှန်ပါသည်။ သို့သော် ဤအချက်က မိက္ခေလအား

စာတန်ကို ပုတ်ခတ်ပြောဆိုနိုင်သောအခွင့်အရေးကိုမပေးခဲ့ပါ။ သူသည် စာတန်အား ကိုယ်တိုင်ပြောဆိုဖို့ အချိန်ရောက်လာသောအခါ၌ပင် ထိုသို့ပုတ်ခတ်ပြောဆိုဖို့ကို ငြင်းဆန်ခဲ့သည်။ သို့သော် ဤမိစ္ဆာပရောဖက်များသည် ၎င်းတို့နားမလည်သောအရာမှန်သမျှကို ပုတ်ခတ်ပြောဆိုနေခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဤကဲ့ပြောဆိုစီရင်ခြင်းအားလုံးကို ဘုရားသခင်ထံ၌ပေးအပ်ထားရမည်။ ဤသို့ပြောဆိုခြင်းကြောင့် ကျွန်ုပ်တို့သည်ရန်သူလုပ်နေသောအရာများ အားလုံးကိုသဘောတူပါသည်ဟု မဆိုလိုပါ။ ကျွန်ုပ်တို့သည် သမ္မာတရားအတွက် ရင်ဆိုင်တိုက်ခိုက်ကြရမည်ဖြစ်သော်လည်း ထိုသို့တိုက်ခိုက်ရာတွင် ရန်သူအသုံးပြုသောနည်းဗျူဟာများကို အသုံးမပြုသင့်ပါ။ ကျွန်ုပ်တို့သည် စာတန်၏နည်းဗျူဟာများကိုအသုံးပြု၍ စာတန်ကိုဘယ်တော့မျှအနိုင်ယူနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏အသီးအပွင့်နှင့်တကွ ဘုရားသခင်ကို ယုံကြည်ကိုးစား၍စိတ်ချထားခြင်းနှင့်သာ သူ့ကိုအနိုင်ယူနိုင်မည်ဖြစ်သည်။

ရှင်ပေတရုသည် ဤမိစ္ဆာဆရာများကို အလွန်အထင်ကြီးခြင်းမျိုးမရှိခဲ့ပါ။ ရှင်ပေတရုက သူတို့ကို အခန်းငယ် ၁၂ တွင် အသေသတ်ခြင်းကို ခံရဖို့ မွေးဖွားလာသည့် တိရစ္ဆာန်များသဖွယ် ပြောခဲ့သည်။ သူတို့သည်ဘုရားသခင်၏နိုင်ငံတော်၌ တန်ဖိုးမရှိခဲ့ကြပါ။ သူတို့၏ရည်ရွယ်ချက်အပြည့်အစုံမှာ လူတို့ကို သခင်ဘုရားထံမှလည်းကောင်း၊ သခင်ဘုရား၏သမ္မာတရားမှလည်းကောင်း နောက်လှည့်၍ကျောခိုင်းစေကြရန်ဖြစ်သည်။ ဘုရားသခင်သည် ဤပုဂ္ဂိုလ်များကို၎င်းတို့ပြုလုပ်ခဲ့သော မကောင်းမှုဒုစရိုက်များအတွက် ပြန်လည်ပေးဆပ်စေခဲ့ပါလိမ့်မည်။

ဤမိစ္ဆာပရောဖက်များနှင့် စပ်လျဉ်း၍ရှင်ပေတရု၏ထင်မြင်ချက်သည် ၎င်းတို့၏ မှားယွင်းသောသွန်သင်ပေးချက်များအပေါ်၌သာ အခြေခံထားသည်

မပှုတ်၊ ၄င်းတို့၏ ဆိုးညစ်သောအသက်တာရှင်သန်ပုံတွင်လည်း အခြေခံခဲ့သည်။ အခန်းငယ် ၁၃ တွင် ရှင်ပေတရုကသူတို့ကို ကာမဂုဏ်စံစားခြင်း၌ ပျော်မွေ့သောသူများဖြစ်ကြောင်းကို မည်သို့ပြောဆိုခဲ့ကြောင်း သတိပြုပါ။ သူတို့အတွက် သာယာမှုကိုရှာခြင်းဆိုသည်မှာ နေ့ခင်းကြောင်တောင်၌ပင် မကောင်းမှုဒုစရိုက်ကို ကျူးလွန်ခြင်းဖြစ်သည်။ သူတို့သည် အစွန်းအထင်းများ၊ အနာအဆာများနှင့်ရှိခဲ့ကြသည်။ ဆိုလိုသည်မှာ သူတို့သည်ဘုရားသခင်၏ အိမ်တော်သားများအလယ်၌ အမှုတော်ဆောင်ရန် မသန့်ရှင်း၊ မစင်ကြယ်၍ မသင့်တော်ပါ။ သူတို့သည် ဝိညာဉ်ရေးရာမျက်နှာဖုံးကို ဝတ်ဆင်ထားပြီး မိမိတို့၏ဒုစရိုက်အာသီသများအတွက် ရှင်သန်ခဲ့ကြသည်။ သူတို့၏မျက်လုံးများသည် ကာမဂုဏ်ဖောက်ပြန်မှုများနှင့်ပြည့်နေသည်။ ယုံကြည်ခြင်း၌လည်းကောင်း၊ ဘုရားသခင်နှင့်ဆက်ဆံရင်းနှီးမှု၌လည်းကောင်း မခိုင်ခံ့သေးသောသူများကို ဖြားယောင်းမြူဆွယ်ခဲ့ကြသည်။ သူတို့သည် သတင်းကောင်းတရားတော်၏ ရန်သူများဖြစ်ခဲ့ကြသည်။

ရှင်ပေတရုက ဤပုဂ္ဂိုလ်များသည် သမ္မာတရားလမ်းကိုကျော်ခိုင်း၍ ထားခဲ့ပြီး မတရားသောအမှု၏ အဖိုးအခကို တပ်မက်သော ဗာလမ်၏နောက်သို့လိုက်လျှောက်ခဲ့ကြသည်ဟုပြောခဲ့သည်။ ဗာလမ်သည် မိစ္ဆာပရောဖက်တစ်ပါးဖြစ်ခဲ့ပြီး၊ ဣသရေလလူမျိုးတို့အား ကျိန်ဆဲရန်ဗာလက်မင်းက သူ့ကိုငှားရမ်းခဲ့သည် (တောလည်ရာ ၂၂ကိုကြည့်ပါ)။ သူ့ကိုပေးကမ်းမည့် ဥစ္စာစည်းစိမ်များသည် ဘုရားသခင်၏လူမျိုးများအပေါ်၌ ကျိန်ဆဲခြင်းကိုပြောထွက်ဖို့ သူ့ကိုစုံစမ်းသွေးဆောင်ခဲ့သည်။ ဤအချင်းအရာအတွက် ဘုရားသခင်သည် မြည်းတစ်ကောင်ကိုအသုံးပြု၍ သူ့ကိုပြစ်တင်ကြိမ်းမောင်းခဲ့သည်။ ထိုမြည်းသည် ဗာလမ်ထက်ဘုရားသခင်ထံ၌ သာ၍နာခံမှုရှိခဲ့သည်။ ရှင်ပေတရုသည် မိမိ၏ခေတ်

ကာလမှုပရောဖက်များကို ဗာလမ်နှင့် ခိုင်းနှိုင်းခဲ့သည်။ လောကီစည်းစိမ်ဥစ္စာများသည် သူတို့ကိုသမ္မာတရားလမ်းမှလမ်းလွှဲသွားအောင် စုံစမ်းသွေးဆောင်ခဲ့ကြသည်။ သူတို့၌ဘုရားသခင်၏လူမျိုးများကို ဝေငှဖို့တန်ဖိုးရှိသော အရာတစ်ခုမျှမရှိပါ။ သူတို့သည် ရေမရှိသောစမ်းရေတွင်းများဖြစ်ကြပြီး၊ သူတို့ပေးဖို့ကတိပြုထားသော ကျန်းမာလန်းဆန်းခြင်းကို မပေးနိုင်ခဲ့ကြပါ (ငယ် ၁၇)။

ရှင်ပေတရုက ဤမိစ္ဆာပရောဖက်များကို လေတိုက်၍လွင့်ပျောက်သွားသောမိုးတိမ်နှင့်လည်း ခိုင်းနှိုင်းခဲ့သည်။ သူတို့သည်မိမိတို့၏ ဇာတိဆန်သောဆိုးညစ်သည့် တပ်မက်မှုများ၏ မှောက်လှန်လူးလှိမ့်ခြင်းကိုခံကြရသည်။ အနက်ရှိုင်းဆုံးသောမှောင်မိုက်သည် ဤမိစ္ဆာပရောဖက်များကို စောင့်စားနေပြီး၊ ထိုနေရာတွင် သူတို့၏ဒုစရိုက်အမှုများအတွက် ပြင်းပြင်းထန်ထန်အပြစ်ပေးခြင်းကို ခံကြရမည်ဖြစ်သည်။

ဤအတုအယောင်ခေါင်းဆောင်များ၏ နှုတ်ပါးစပ်တွင်အချည်းနှီးစကားသာရှိသည် (ငယ် ၁၈)။ တစ်နည်းအားဖြင့်ဆိုရလျှင် သူတို့တွင်အရေးပါသည့်စကားပြောဖို့မရှိပါ။ သူတို့သည် ဇာတိပကတိ၏တပ်မက်ခြင်း၏ ဆွဲဆောင်ရာထောင်လွှားသောစကားများကို ပြောခဲ့ကြသည်။ သူတို့သည် ဖြောင့်မတ်ခြင်းအခြေခံဥပဒေသများကို ဂရုမစိုက်ပါ။ သူတို့သည် ဆိုးညစ်သောဇာတိပကတိ၏တပ်မက်ခြင်းအားဖြင့်သာ စေ့ဆော်ခြင်းကိုခံကြရသည်။ ရှင်ပေတရု၏စိတ်နှလုံးတွင် ဤပုဂ္ဂိုလ်များကြောင့် ဝန်ထုပ်ကြီးတစ်ခုကို ထမ်းနေရသည်။ အကြောင်းမှာ သူတို့သည်စာတန်၏လက်ထဲ၌ အသုံးတော်ခံ တန်ဆာပလာများဖြစ်နေကြပြီး၊ ဤလောက၏မှောက်မှားမှုများမှ လွတ်မြောက်ကာစရှိသေးသည့် ယုံကြည်သူလူသစ်များကို ဖမ်းဆီးသတ်ဖြတ်နေကြသောကြောင့်ဖြစ်သည်။ ဤမိစ္ဆာပရောဖက်များက လွတ်မြောက်ခြင်းအတွက် ကတိကဝတ်ပြုခဲ့ ကြသော်

လည်း သူတို့ကိုယ်တိုင်က အပြစ်ဒုစရိုက်၏ ကျေးကျွန်များဖြစ်နေခဲ့ကြသည်။

ရှင်ပေတရုသည် ဤနေရာတွင် ဤမိစ္ဆာပရောဖက်များကို ကဲ့ရဲ့ပုတ်ခတ်ပြောဆိုခြင်းမလုပ်ခဲ့ပါ။ သူသည် ထိုသူတို့၏အကြောင်းအမှန်တရားကို ဘုရားသခင်နှင့် ဘုရားသခင်၏ရည်ရွယ်ချက်ကို အလွန်စိတ်အားထက်သန်စွာ ရှာကြံနေသေ စိတ်နှလုံးနှင့်အတူပြောပြနေခြင်းသာဖြစ်သည်။ သူသည် ဤမိစ္ဆာဆရာများ၏ နောက်သို့လိုက်ခြင်းနှင့် ၎င်းတို့၏နည်းလမ်းများ၌လဲကျသွားခြင်း၏ ကြောက်မက်ဖွယ်အန္တရာယ်အကြောင်းကို ယုံကြည်သူများအား သတိပေးထားသည်။ ဤနေရာ၌တွေ့ရသောရှင်ပေတရု၏စကားလုံးများတွင် စစ်မှန်ပြင်းထန်မှုတစ်ခုရှိနေသည်။ ဤမိစ္ဆာဆရာများက ကျွန်ုပ်တို့၏အသင်းတော်များမှ ဘုရားသခင်၏သိုးစုကို ဖျက်ဆီးနေခြင်းအား အစွမ်းရှိသမျှဖြင့်ကာကွယ်ကြရမည်။ ဤမိစ္ဆာပရောဖက်များက ယူဆောင်လာနိုင်သောပျက်စီးခြင်းကို ရှင်ပေတရုက ကောင်းကောင်းသိထားသောကြောင့် သူသည်အလွန်အားမာန်ပါပါနှင့်ဤသို့ပြောဆိုနေရခြင်းဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- မှားယွင်းသောမိစ္ဆာဆရာများသည် အဘယ်ကြောင့်နောက်လိုက်တစ်သိုက်ကို အမြဲတမ်းစုဆောင်းနိုင်ခဲ့ကြသည်ဟု သင်ထင်ပါသနည်း။
- မှားယွင်းသောမိစ္ဆာဆရာများကို မည်သည့်အရာကစေ့စော်တိုက်တွန်းပါသနည်း။
- ရှင်ပေတရု၏ပြောဆိုထားချက်အရ၊ မှားယွင်းသောမိစ္ဆာဆရာတစ်ယောက်ကို ကျွန်ုပ်တို့မည်သို့ခွဲခြားသိနိုင်မည်နည်း။ သူတို့၏အယူဝါဒ

နှင့်အသက်တာရှင်သန်ပုံအားဖြင့်ဖြေကြားပေးပါ။

- မိစ္ဆာဆရာများအား တရားစီရင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်ပေတရုကမည်သို့ပြောခဲ့သနည်း။
- ကျွန်ုပ်တို့၏ခေတ်ကာလတွင် မှားယွင်းသောမိစ္ဆာဆရာများကို မည်သို့တုန့်ပြန်ကြရမည်နည်း။
- အသင်းတော်၏ အမှုတော်ကို ဖျက်ဆီးနေသောသူများ၏ အန္တရာယ်ကိုလူတို့အားသတိပေးခြင်းနှင့် ထိုဖျက်ဆီးသူများအားကဲ့ရဲ့ပုတ်ခတ်ပြောဆိုခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- မှားယွင်းသောအယူဝါဒများအားဖြင့် လမ်းလွဲခြင်းကိုမခံရမည်အကြောင်း သမ္မာတရားကို ရှင်းလင်းစွာနားလည်သဘောပေါက်ခြင်းအား သင့်ကိုပေးသနားဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင်တို့ရဲ့အသင်းတော်ကို မှားယွင်းသောမိစ္ဆာဆရာများထံမှ ကာကွယ်စောင့်ရှောက်ပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- မှားယွင်းသောမိစ္ဆာဆရာအချို့ကို သင်ကိုယ်တိုင်သိရှိထားပါသလား။ သူတို့၏စိတ်နှလုံးကို ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားကိုမြင်နိုင်ရန်ဖွင့်ဟပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

## ၃၈

## တစ်ဖန်ကျော့မိ၍ရှုံးလျှင်

၂ ပေ ၂း၂၀-၂၂ ကိုဖတ်ရှုပါ။

ဤကျမ်းချက်သည် ကျွန်ုပ်တို့နောက်ဆုံးဆင်ခြင်နှုလုံးသွင်းခဲ့သည့် အပိုင်းနှင့် အမှန်တကယ်သက်ဆိုင်နေသော်လည်း၊ ၎င်းကိုသီးခြားလေ့လာရန် အချိန်ယူရန်မှာ အရေးကြီးသည်။ ရှင်ပေတရုသည် မိစ္ဆာပရောဖက်များနှင့် ၎င်းတို့၏လုပ်ဆောင်မှုများအကြောင်းကို ပြောပြနေခဲ့ပါသည်။ ဤမှားယွင်းသောမိစ္ဆာပရောဖက်များသည် သခင်ယေရှုကို ကျောခိုင်းခဲ့ကြပြီး၊ နုနယ်သောယုံကြည်သူများကို ယုံကြည်ခြင်းမှလမ်းလွှဲသွားအောင် ဖန်တီးနေကြပါသည်။

အခန်းငယ် ၂၀ တွင် ရှင်ပေတရုက ကယ်တင်ရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းအားဖြင့် လောကီညစ်ညူးခြင်းနှင့် ကင်းလွတ်ခဲ့ကြသော်လည်း အပြစ်ဒုစရိုက်၌ ပြန်လည်ကျော့မိသွားကြသောလူတစ်စုအကြောင်းကို ပြောပြထားပါသည်။ တမန်တော်ကြီးသည် မည်သူတို့ကိုရည်ညွှန်းနေပါသနည်း။

ဤလူများသည် လောကီညစ်ညူးခြင်းနှင့်ကင်းလွတ်ခဲ့ကြကြောင်းကို သတိပြုပါ။ ဤနေရာ၌ ညစ်ညူးခြင်းဟူသောအရာသည် အပြစ်ဒုစရိုက်နှင့် ဤလောက၏ဘုရားတရားကင်းမဲ့သော နည်းလမ်းများကိုရည်ညွှန်းသည်။ ကျွန်ုပ်တို့မှီတင်းနေထိုင်နေသောဤလောကကြီးသည် ဘုရားသခင်နှင့်သက်ဆိုင်သောအရာများကို ဆန့်ကျင်နေပါသည်။ ဤလောကကြီးသည် ဘုရားသခင်ကို မသိသကဲ့သို့ သိဖို့လည်းစိတ်ဆန္ဒမရှိပါ။ ဤအချင်းအရာသည် အထက်၌ဖော်

ပြခဲ့သောသူများ၏ အသက်တာရှင်သန်ပုံကို ပြောပြနေပါသည်။ သူတို့သည် ကောင်းမွန်သောအသက်တာဖြင့် ရှင်သန်ခဲ့ကြပြီး၊ သူတို့၏အနီးအနားရှိ ဘုရားမဲ့သောလုပ်ရပ်များကို ငြင်းပယ်ခဲ့ကြကာ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်လည်းကောင်း၊ ဘုရားသခင်၏နည်းလမ်းများနှင့်လည်းကောင်း လိုက်ဖက်ညီစွာ နေထိုင်ခဲ့သည်။

ရှင်ပေတရုပြောနေသည့် ပုဂ္ဂိုလ်များသည် သခင်ယေရှုကိုသိကျွမ်းခဲ့ကြသည်။ သခင်ယေရှုသည် သူတို့ကိုအပြစ်၏ကျေးကျွန်ဘဝမှလွတ်မြောက်စေရန် ကြွဆင်းလာခဲ့ကြောင်းကို သူတို့နားလည်ခဲ့ကြသည်။ အမှန်ဆိုရလျှင် ဤသိကျွမ်းခြင်းက ဤပုဂ္ဂိုလ်များကို လောကီညစ်ညူးခြင်းနှင့် ကင်းလွတ်အောင် စွမ်းအောင်ပေးခဲ့သည်ဟု ရှင်ပေတရုကပြောထားသည်။ ဤသိကျွမ်းခြင်းသည် ဦးနှောက်ဉာဏ်အားဖြင့် သိကျွမ်းခြင်းသက်သက်မဟုတ်ပါ။ ဤသိကျွမ်းခြင်းသည်သူတို့၏အသက်တာရှင်သန်ပုံကို အကျိုးသက်ရောက်မှုဖြစ်စေခဲ့သည်။

သို့သော် သူတို့သည်လောကီညစ်ညူးခြင်းများ၌ ပြန်လည်ကျော့မိ၍ ကျရှုံးကြသောကြောင့် ယခုအခြေအနေသည် ယခင်ဖြစ်ခဲ့သည့်အခြေအနေထက်ပို၍ဆိုးဝါးခဲ့ကြောင်းကို သတိပြုပါ။ ရှင်ပေတရုက ကျွန်ုပ်ကိုမည်သည့်အရာပြောပြနေပါသနည်း။ ဤကျမ်းပိုဒ်ငယ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ပြောဆိုဆွေးနွေးရမည့်အရာများရှိသည်။

ဤကျမ်းပိုဒ်ငယ်ကို နားလည်ဖို့ လူတစ်ယောက်သည်သခင်ခရစ်တော်၏တန်ခိုးတော်အားဖြင့် အချို့အပြစ်ဒုစရိုက်များနှင့် လွတ်ကင်းနိုင်ခဲ့သော်လည်း ဘုရားသခင်၏ စစ်မှန်သောသားသမီးတစ်ဦးမဟုတ်ဘဲရှိနေနိုင်သည် ဟူသောအချက်ကို ကျွန်ုပ်တို့အသိအမှတ်ပြုကြဖို့လိုအပ်သည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်များသည် သခင်ခရစ်တော်ကို သိကျွမ်း၍သခင်ခရစ်တော်အားဖြင့် အနာငြိမ်း

ခြင်း (သို့) တို့ထိခြင်းကိုခံရနိုင်သော်လည်း ဘုရားသခင်၏စစ်မှန်သော သားသမီးများဘယ်သောအခါကမျှ မဖြစ်ခဲ့ကြပါ။ ရှင်မဿဲ ၁၃ရှိ သခင်ယေရှု၏ပုံဥပမာမှကျောက်ထူထပ်သောအရပ်၌ ပေါက်သည့်မျိုးစေ့ကဲ့သို့ပင် ဤပုဂ္ဂိုလ်များသည် အချိန်ကာလတစ်ခုအထိ ရှင်သန်ခဲ့သော်လည်း ခက်ခဲခြင်းများနှင့် စုံစမ်းနှောက်ယှက်ခြင်းများကို ကြုံတွေ့ရသောအခါ၌ လဲပြိုပျက်စီးသွားခဲ့ကြသည်။ ထိုအချင်းအရာအားဖြင့် သူတို့သည်ဘုရားသခင်၏ သားသမီးများအမှန် မဖြစ်ခဲ့သည်ကိုသိနိုင်သည်။

သခင်ယေရှုကို အခြေခံကျကျသိကျွမ်းသော်လည်း ထိုသိကျွမ်းခြင်းကိုကျောခိုင်းသွားသောသူများသည် ယခင်အခြေအနေထက်ပင်ပို၍ဆိုးဝါးခဲ့ကြကြောင်းကို ရှင်ပေတရုမည်သို့ ဖော်ပြထားသည်ကိုသတိပြုပါ။ ရှင်ပေါလုကတိမောသေအားသူသည် လျစ်လျူရှုခြင်းနှင့် မယုံကြည်ခြင်းတို့ဖြင့် အသင်းတော်ကို ညှဉ်းပန်းခဲ့ချိန်၌ ဘုရားသခင်သည် သူ့အားဂရုဏာတော်ကိုပြသခဲ့ကြောင်းကို ပြောပြခဲ့သည်။

> "တချိန်က ငါသည် ကဲ့ရဲ့သောသူ၊ ညှဉ်းဆဲသောသူ၊ ကြမ်းကြုတ်သောသူဖြစ်ဖူးသော်လည်း၊ ထိုသို့ငါသည် ယုံခြင်းမရှိ၊ အမှန်မသိဘဲပြုသောကြောင့် ဂရုဏာတော်ကို ငါခံရပြီ" (၁ တိ ၁း၁၃)။

အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သခင်ယေရှု၏နာမတော်ကိုစော်ကားပြောဆိုခြင်းထက် ဆိုးဝါးသောအရာတစ်ခုရှိသည်။ ၎င်းမှာသခင်ယေရှုမည်သူမည်ဝါဖြစ်ကြောင်းကိုလည်းကောင်း၊ သခင်ယေရှုပြုလုပ်ခဲ့သည့်အရာကိုလည်းကောင်း သိသိနှင့်ထိုအရာများကို ကျူးလွန်ခြင်းပင်ဖြစ်သည်။ ရှင်ပေါလုသည် အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်ခဲ့သည့်အချိန်ကာလတွင် ဘုရားသခင်၏အမှုတော်အကြောင်းကို နားမလည်ခဲ့ပါ။ သခင်ခရစ်တော်ကို သူတွေ့

ကြုံရချိန်တွင် အရာအားလုံးမှာ အခြေခံကျကျပြောင်းလဲသွားခဲ့သည်။ သူသည် မြေ၌ပြပ်ဝပ်လျက်ဦးချဝန်ခံ၍ အသက်တာတစ်ခုလုံးကို လက်တော်၌ဆက်ကပ်အပ်နှံခဲ့သည်။ မသိ၍ပြစ်မှားခြင်းသည် ဆိုးဝါးပါသော်လည်း မိမိလုပ်နေသည့် အရာကိုအကုန်အစင်သိလျှက်နှင့် ပြစ်မှားခြင်းမှာပို၍ပင်ဆိုးဝါးပြီးပို၍တင်းကျပ်သောတရားစီရင်ခြင်းကိုခံရမည်ဖြစ်သည်။

ယနေ့တွင် ကယ်တင်ခြင်းလမ်းကို သိကျွမ်းထားသောသူများရှိကြပါသည်။ ဤပုဂ္ဂိုလ်များသည် ဘုရားသခင်၏တန်ခိုးတော်ကို တစ်နည်းမဟုတ်တစ်နည်းဖြင့် ကြုံတွေ့ခံစားကြသည်။ သူတို့သည် အသက်တာ၌ အနာရောဂါငြိမ်းခြင်းကို ခံစားရကောင်းခံစားခဲ့ကြမည်။ သူတို့သည် တစ်ခုခုကိုစွဲလမ်းနေမှု (သို့) အကျင့်ဆိုးတစ်ခုခုအားအောင်နိုင်ခြင်းကို ဘုရားသခင်ထံမှတွေ့ကြုံကောင်းတွေ့ကြုံခဲ့ကြသည်။ အမှန်ဆိုရလျှင် ဤပုဂ္ဂိုလ်များထဲမှအချို့မှာ သခင်ယေရှု၏နာမတော်၌ အမှုတော်ကိုပင်ဆောင်နေကြပါသည်။ ဤကဲ့သို့သောပုဂ္ဂိုလ်များအကြောင်းကို သခင်ယေရှုက မဿဲ ၇း၂၂-၂၃ တွင် မည်သို့ပြောထားသည်ကိုကြည့်ပါ။

> "ထိုနေ့၌ကား၊ သခင်၊ သခင် အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့်ဆုံးမဩဝါဒပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီလော။ ကိုယ်တော်အခွင့်နှင့် များစွာသောတန်ခိုးတို့ကိုပြပါပြီမဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကိုငါအလျှင်းမသိ။ အဓမ္မအမှုကိုပြုသောသူတို့ ငါ့ထံမှဖယ်ကြဟု သူတို့အားအတည့်အလင်းငါပြောမည်။"

ဤကျမ်းဘောင်အဆက်အစပ်ထဲ၌ ရှင်ပေတရုပြောပြနေသောသူများ

သည် မဿဲ ၇း၃ သခင်ယေရှုပြောပြခဲ့သောသူများကဲ့သို့ပင် ဖြစ်ကြောင်းကို သတိရပါ။ ရှင်ပေတရုသည် သခင်ဘုရား၏နာမတော်အားဖြင့် ရောက်လာကြသည့် မှားယွင်းသောမိစ္ဆာပရောဖက်များအကြောင်းကို ပြောပြနေခဲ့ပါသည်။ ဤပုဂ္ဂိုလ်များက မိမိတို့သည် သခင်ဘုရား၏ကိုယ်စားပြောဆိုနေကြပါသည်ဟု ကြွေးကြော်ခဲ့ကြသည်။ သူတို့သည် မိမိတို့၏ကောင်းမွန်သောအသက်တာရှင်သန်ပုံအားဖြင့်လည်းကောင်း၊ သာယာနာပျော်ဖွယ်စကားလုံးများအားဖြင့်လည်းကောင်း လူတို့ကိုလှည့်ဖြားခဲ့ကြသော်လည်း၊ သူတို့သည်အပြစ်ဒုစရိုက်၌ပိတ်လှောင်းမိနေ၍ ကျရှုံးနေသူများဖြစ်လျှက်နေသည်။ ဤပုဂ္ဂိုလ်များ၏ဖြစ်တည်မှုကို ပြောပြရန်ရှင်ပေတရုက ထိုခေတ်ကာလမှစကားပုံတစ်ခုကို အသုံးပြုခဲ့သည်။ "ခွေးသည်မိမိအန်ဖတ်ကို ပြန်၍စား၏။ ဝက်သည်လည်းဆေးပြီးမှ ရွှံ့တွင်လူးပြန်၏" (၄ယ် ၂၂)။

ညစ်ပတ်ပေကျံခြင်းနှင့် ရွှံ့လူးခြင်းသည် ဝက်တို့၏သဘာဝဖြစ်သည်။ မိမိ၏အန်ဖတ်ကို ပြန်စားခြင်းမှာလည်း ခွေးတို့၏သဘာဝဖြစ်သည်။ ဘုရားသခင်၏လူများသည် ဤပုဂ္ဂိုလ်များကို အမှန်တကယ်စောင့်ကြည့်နေကြလျှင် ဤပုဂ္ဂိုလ်များ၏ မှားယွင်းသောနည်းလမ်းများကို မရှေးမနှောင်းတွင်တွေ့မြင်ကြရပါလိမ့်မည်။ သူတို့၏ဖြစ်တည်မှုအမှန်ကို မကြာမီအချိန်တွင် ထုတ်ဖော်ပြသကြပါလိမ့်မည်။ သူတို့၏အပြစ်များ၌ ကျော့မိလျှက်နေကြပါလိမ့်မည်။ သူတို့မည်သူမည်ဝါဖြစ်ကြသည်ကို ပြသကြပါလိမ့်မည်။ သခင်ယေရှု၏နာမတော်အားဖြင့် ရောက်လာသူတိုင်းသည် သခင်ယေရှုနှင့်သက်ဆိုင်သောသူများမဟုတ်ကြပါ။ သခင်ခရစ်တော်၏တို့ထိခြင်းကို ကြုံတွေ့ခံစားရသူတိုင်းလည်း သခင်ယေရှု၏သားသမီးမမည်ပါ။

သခင်ခရစ်တော်ကို သိကျွမ်း၍ ထိုသိကျွမ်းခြင်းကို ကျောခိုင်းခဲ့ကြ

သောသူတို့၏ နိဂုံးသည်သခင်ခရစ်တော်ကို မသိကျွမ်းခဲ့ခြင်းထက်ပင် ပို၍ဆိုးဝါးလိမ့်မည်ဟု ရှင်ပေတရုက ကျွန်ုပ်တို့အားအသိပေးထားသည်။ သူတို့အပေါ်၌ကျရောက်မည့် တရားစီရင်ခြင်းသည် သခင်ယေရှုကို လုံးလုံးမယုံကြည်ခဲ့သောသူများအပေါ်၌ ကျရောက်မည့်တရားစီရင်ခြင်းထက်ပို၍ ပြင်းထန်ဆိုးဝါးခဲ့ပါလိမ့်မည်။ သစ္စာရှိတည်ကြည်ခြင်းအတွက် ကောင်းကင်ဘုံ၌ ဆုလာဒ်များရှိသကဲ့သို့ သခင်ယေရှုပေးသနားသော ကယ်တင်ခြင်းကို ငြင်းဆန်သောသူများ၌ အတွက်လည်း တရားစီရင်ခြင်းအတိုင်းအတာ ပမာဏအမျိုးမျိုးရှိပါလိမ့်မည်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- မယုံကြည်သူတစ်ယောက်သည် ဘုရားသခင်၏မျက်မှောက်ပြုခြင်းနှင့် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကိုကြုံတွေ့ခံစားနိုင်ပါသလား။ ကျွန်ုပ်တို့သည် ဘုရးသခင်ကို အမှန်တကယ်သိကျွမ်းခြင်းမရှိဘဲ၊ နာမတော်အားဖြင့် အမှုတော်ဆောင်နိုင်ပါသလား။
- မသိ၍ပြစ်မှားသောအပြစ်နှင့် သိလျှက်ပြစ်မှားသောအပြစ်တို့၏ ခြားနားချက်မှာ အဘယ်နည်း။
- မှားယွင်းသော မိစ္ဆာပရောဖက်တစ်ယောက်ကို ကျွန်ုပ်တို့မည်သို့ ခွဲခြားသိမြင်နိုင်မည်နည်း။ မှားယွင်းသောမိစ္ဆာပရောဖက်တစ်ယောက်သည် စစ်မှန်သော ယုံကြည်သူတစ်ယောက်နှင့်တူနိုင်ပါသလား။
- ရောက်လာမည့်တရားစီရင်ခြင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့မည်သည့်အရာကို သင်ယူရပါသနည်း။
- သင်သည် ဘုရာသခင်၏စစ်မှန်သောသားသမီးတစ်ယောက်ဟုတ်ပါ

သလား။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်အမှန်သက်ဆိုင်ကြောင်းကို မည်သို့သိနိုင်ကြမည်နည်း။ စစ်မှန်သောကယ်တင်ခြင်းနှင့် ဘာသာတရားကိုင်းရှိုင်းခြင်းအသက်တာတို့၏ ခြားနားချက်မှာအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- သင့်ကိုသမ္မာတရားအးထုတ်ဖော်ပြပေးသောကြောင့် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။ နေ့စဉ်နေ့တိုင်း ထိုသမ္မာတရားကို လက်တွေ့ရှင်သန်နိုင်ဖို့ ကျေးဇူးတော်ကိုသွန်းလောင်းပေးရန် တောင်းလျှောက်ပါ။
- သင့်အနီးပတ်ဝန်းကျင်၌ ကြားနာနေရသော တရားဒေသနာများကို ခွဲခြားသိမြင်နိုင်စွမ်းအား ပေးသနားဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။ အမှန်နှင့်အမှားကို ခွဲခြားသိနိုင်ဖို့ ကူညီပေးရန်တောင်းလျှောက်ပါ။
- သင်တို့ရဲ့အသိုင်းအဝိုင်း၌ မှားယွင်းသောမိစ္ဆာပရောဖက်များရှိပါသလား။ သခင်ဘုရားသည် သမ္မာတရားအား သိကျွမ်းခြင်းကို သူတို့အား ပေးသနားဖို့ ဆုတောင်းပေးရန် အချိန်ယူပါ။ သခင်ဘုရားသည် သူတို့ကို မိမိအထံပါးသို့ ပြန်လည်ဆွဲဆောင်ဖို့ တောင်းလျှောက်ပါ။

၃၉

## သခင်ဘုရားကြွလာခြင်းမှာ အဘယ်မှာနည်း

၂ ပေ ၃း၁-၁၀ ကိုဖတ်ရှုပါ။

ရှင်ပေတရုသည် မိမိ၏စာဖတ်ပရိသတ်တို့ထံ၌ မှားယွင်းသောမိစ္ဆာပရောဖက်များအမှန်ရှိခြင်းအကြောင်းနှင့် သတင်းကောင်း၏သမ္မာတရားလမ်းမှသွေဖယ်သွားခြင်း၏ အန္တရာယ်ကိုပြောပြနေခဲ့ပါသည်။ စာတန်သည် ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားကိုအလွဲလွဲအမှားမှားဖြစ်စေရာ၌ အလွန်တက်ကြွနေပါသည်။ ရှင်ပေတရု၏ဝန်ထုပ်မှာ မိမိ၏စာဖတ်ပရိသတ်များအနေဖြင့် ဘုရားသခင်၏ သမ္မာတရားကိုနားလည်သဘောပေါက်၍ သူတို့၏ခေတ်ကာလ၌ အလွန်များပြားသည့် မှားယွင်းသောသွန်သင်ခြင်းများကို တိုက်လှန်ခုခံကြရန်ဖြစ်သည်။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့ထဲ၌ သင့်မြတ်လျော်ကန်သောအတွေးအခေါ်ကို စေ့ဆော်ပေးလိုခဲ့သည် (ငယ် ၁)။ သင့်မြတ်လျော်ကန်သည်ဟူသော စကားလုံးသည် ဖြူစင်၍ရိုးသားပြီး မသန့်ရှင်းသော (သို့)လောကီဆန်သောအတွေးအခေါ်နှင့် မစွန်းထင်းသော အဓိပ္ပါယ်မျိုးရှိသည်။ မြန်မာကျမ်းစာတွင် ကြည်ဖြူသောစိတ်ဝိညာဉ်ဟု ပြန်ဆိုထားသည်။ တမန်တော်ကြီးက မိမိ၏စာဖတ်ပရိသတ်များထံ၌ ရှာကြံနေသာအရာမှာ ဤအရာပင်ဖြစ်သည်။ ရှင်ပေတရုသည်သူတို့၏ အတွေးအခေါ်ကို ဖြူစင်၍ မှားယွင်းသော သွန်သင်ချက်များကို ရှောင်ရှားနိုင်သည်အထိ ဗဟုသုတ၌နှိုးစပ်

စေချင်ခဲ့သည်။

ကျွန်ုပ်တို့သည် ခါတိုင်းထက်လောကီအယူအဆများအားဖြင့် ပုံးကြဲ တိုက်ခိုက်ခြင်းကို ခံနေကြရသည်။ ရုပ်မြင်သံကြားအစီအစဉ်များ၊ ရေဒီယိုအစီ အစဉ်များ၊ စာအုပ်စာပေများနှင့် အခြားနည်းလမ်းအမျိုးမျိုးအားဖြင့် လောက ကြီးသည် ၎င်း၏အယူအဆများကို မြှင့်တင်နေပါသည်။ မြောက်မြားစွာသော သွန်သင်ချက်များသည် ဘုရားသခင့်နှုတ်ကပတ်တော်၏သွန်သင်ခြင်းနှင့် ဆန့်ကျင်နေပါသည်။ ခရစ်ယာန်များပင်လျှင် ဤမှားယွင်းသောအတွေးအခေါ် များ၏သားကောင်ဖြစ်နိုင်ပါသည်။ ရှင်ပေတရုဆင့်ခေါ်ထားသည့်အရာမှာ သမ္မာတရားကိုသိကျွမ်း၍ ထိုသမ္မာတရား၌သစ္စာရှိရှိတည်မြဲနေကြရန်ဖြစ်သည်။ ရှင်ပေတရုသည်မိမိတို့၏ဘုရားသခင်ကို ခပ်သိမ်းသောအရာ၌ လိုက်နာခြင်းဖြင့် ဂုဏ်ပြုလိုသောသူများကို ဆင့်ခေါ်နေပါသည်။ ရှင်ပေတရုသည် ယုံကြည်သူတို့ အား အမှန်နှင့်အမှားကိုခွဲခြားသိမြင်၍၊ ဘုရားသခင်၏ရှေ့တော်တွင် စိတ်နှလုံး ၌လည်းကောင်း၊ အတွေးအခေါ်၌လည်းကောင်း အပြစ်အနာအဆာကင်းလျှက် ရှိနေဖို့ခွန်အားပေးတိုက်တွန်းနေပါသည်။

အခန်းငယ် ၁တွင် ရှင်ပေတရု၏ရည်ရွယ်ချက်မှာ မိမိ၏စာဖတ်ပရိ သတ်များကို သင့်မြတ်လျော်ကန်သောအတွေးအခေါ် (ကြည်ဖြူသောစိတ်) ရှိ ကြဖို့ စေ့ဆော်ရန်ဖြစ်သည်။ မကောင်းမှုဒုစရိုက်နှင့်ပြည့်နေသော ဤလောက ကြီးတွင် ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားမှာအမြဲတမ်းဆန့်ကျင် တိုက်ခိုက်ခံရမည်ဖြစ်သည်။ ထိုသမ္မာတရားကို ကျွန်ုပ်တို့သံသယဖြစ်မိသော အချိန်များလည်းရှိပါလိမ့်မည်။ ဤလောကတွင် မစင်ကြယ်သောအတွေးများနှင့် စိတသဘောထားများကို စေ့ဆော်ပေးသည့်အရာများ များစွာရှိနေကြသည်။ ထိုကဲ့သို့သောအချိန်များတွင် ကျွန်ုပ်တို့သည်ဘုရားသခင်ဆီသို့ပြန်လာ၍ နှုတ်က

ပတ်တော်ကို ယုံကြည်ကိုးစားဖို့လိုအပ်သည်။ သင့်မြတ်လျော်ကန်သောအတွေး (ကြည်ဖြူသောစိတ်)သည် ဘုရားသခင်နှင့် ဘုရားသခင်၏ ရည်ရွယ်ချက်များ၌ စူးစိုက်ခြင်းဖြစ်သည်။ ယုံကြည်သူတို့သည် ဤအရာများအပေါ်၌ မိမိတို့၏ စိတ်နှလုံးကို ပုံအပ်ထားဖို့ သင်ယူရမည်။

အခန်းငယ် ၂ တွင် ရှင်ပေတရုက မစင်ကြယ်သောအတွေးအခေါ်၏ သာဓကကိုပေးခဲ့သည်။ သခင်ဘုရားဒုတိယအကြိမ် ပြန်လည်ကြွဆင်းလာမည့် အကြောင်းနှင့် စပ်လျဉ်း၍ ပရောဖက်များနှင့် တမန်တော်များ၏စကားလုံးများ ကို မေးခွန်းထုတ်၍ ပြက်ရယ်ပြုခဲ့သူများအကြောင်းကို ရှင်ပေတရုကပြောပြ နေပါသည်။ ဘုရားကိုမကြောက်သောဤလူများသည် မိမိတို့စိတ်နှလုံး၏ ဆိုးညစ်၍ဇာတိဆန်သော တပ်မက်မှုများ၏ နောက်သို့လိုက်လျှောက်ခဲ့ကြပြီး၊ သခင်ဘုရားပြန်လည်ကြွဆင်းလာ၍ ၎င်းတို့၏ဆိုးညစ်သောအသက်တာများ အားတရားစီရင်မည့်အကြောင်းကို မယုံကြည်ချင်ကြပါ။

ဤပုဂ္ဂိုလ်များက စစ်မှန်သောယုံကြည်သူများအား သခင်ဘုရားပြန် လည်ကြွဆင်းလာခြင်းကို ယုံကြည်ကြသောကြောင့် ပြက်ရယ်ပြုခဲ့ကြသည်။ “သခင်ဘုရား ကြွလာမည်ဟူသောကတိတော်သည် အဘယ်မှာရှိသနည်း” (ငယ် ၄)။ ဤကတိတော်ကို ပေးခဲ့ပြီးနှစ်ပေါင်းများစွာ ကုန်လွန်သွားခဲ့ပြီဖြစ်သော်လည်း သခင်ဘုရားပြန်လည်ကြွဆင်းမလာခဲ့ပါ (ယောဟန် ၁၄း၁-၃ ကိုကြည့်ပါ)။ ရှင်ပေတရုတို့၏ ခေတ်ကာလတွင် မြောက်မြားစွာသော ယုံကြည်သူများသည် ညှင်းပန်းနှိပ်စက်ခြင်းကို ရင်ဆိုင်ခဲ့ကြရသည်။ သူတို့သည် သခင်ဘုရားပြန်လည် ကြွဆင်းလာခြင်းကို တောင့်တနေခဲ့ကြသည်။ မှားယွင်းသော မိစ္ဆာဆရာများက ဤအချက်ကိုအသုံးပြု၍ သခင်ဘုရားသည် ကတိတည်မည့်သူ မဟုတ်ဟု လူတို့ကိုပြက်ရယ်ပြု၍ သွေးဆောင်ခဲ့ကြသည်။ သူတို့က “ခပ်သိမ်းသောအရာ တို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏” ဟု မှားယွင်းစွာ ဖော်ပြပြော

ဆိုခဲ့ကြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဘုရားသခင်သည် ယခုဖြစ်ပျက်နေသောအရာ၌ စိတ်ဝင်စားခြင်းမရှိဟု ဆိုလိုသည်။

အခန်းငယ် ၅-၇ တွင် ရှင်ပေတရုက မှားယွင်းသောမိစ္ဆာဆရာများသည် ဓမ္မဟောင်းသွန်သင်ချက်များနှင့် ရေလွှမ်းမိုးခြင်းအကြောင်းတို့ကို တမင်သက်သက်လျစ်လျူရှုခဲ့သည်ဟု ထောက်ပြခဲ့သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းခဲ့သည်။ ထိုနှုတ်ကပတ်တော်ဖြင့် ပင်မြေကြီးပေါ်မှ ရေတို့သည် နောဧ၏ခေတ်တွင် ရေလွှမ်းမိုးခြင်းကို ဖြစ်ပေါ်ခဲ့သည်။ ထိုရေလွှမ်းမိုးခြင်းသည်မြေကြီးပေါ်မှသက်ရှိများကိုဖျက်ဆီးခဲ့သည်။ ထိုနှုတ်ကပတ်တော်ကပင် အရားစီရင်ခြင်းနေ့ရက်တွင် ကောင်းကင်နှင့်မြေကြီးလည်းဖျက်ဆီးခဲ့ပါလိမ့်မည်။ ဤအရာသည်ချက်ချင်းလက်ငင်းအကောင်အထည်မပေါ်လာသော်လည်း မီးအားဖြင့်နောက်ဆုံးသောတရားစီရင်ခြင်းမှာ အမှန်တကယ်ရောက်လာပါလိမ့်မည်။ ဤကမ္ဘာလောကကြီးကိုဖန်ဆင်းခဲ့၍ ရေလွှမ်းမိုးခြင်းကိုဖြစ်ပေါ်စေခဲ့သော ဘုရားသခင်၏နှုတ်ကပတ်တော်က ဤတရားစီရင်ခြင်းကို ဖြစ်ပေါ်စေခဲ့မည်ဖြစ်သည်။ ဘုရားသခင်သည် သူ့ကိုကျော်ခိုင်းသွားခဲ့သောသူများ၏အပြစ်များကို မိမိ၏နှုတ်ထွက်စကားလုံးဖြင့် ဒဏ်ခတ်စီရင်ပါလိမ့်မည်။

ရှင်ပေတရု၏ခေတ်မှ ပြက်ရယ်ပြုခဲ့သူများသည် ဖန်ဆင်းရှင်ဘုရားသခင်၏နှုတ်ကပတ်တော်ကို သံသယရှိခဲ့ကြသည်။ ဘုရားသခင်သည် မိမိ၏ကတိတော်ကို ကြန့်ကြာစေခဲ့သောကြောင့် သူတို့သံသယဖြစ်ခဲ့ကြသည်။ သခင်ဘုရား၌ ကိုယ်ပိုင်အချိန်ဇယားရှိနေမှုကို သူတို့မေ့လျော့ခဲ့ကြသည်။ သခင်ဘုရားသည် ထာဝရတည်သောဘုရားသခင်ဖြစ်သည်။ အချိန်ကာလသည် သူ့အပေါ်၌ သက်ရောက်မှုမပြုလုပ်နိုင်ပါ။ နှစ်ကာလများသည် သူ့ကိုသော်လည်းကောင်း၊

ကတိတော်များကိုသော်လည်းကောင်း ချည့်နဲ့မသွားစေနိုင်ပါ။ အားလည်းမနည်း မသွားစေနိုင်ပါ။ တစ်နှစ်နှင့်နှစ်ပေါင်းတစ်ထောင်သည် သူ့အတွက်အတူတူပင် ဖြစ်သည် (ငယ် ၈)။ မည်သည့်အရာကမျှ သူ့ကိုအလောတကြီးမဖြစ်စေနိုင်ပါ။ သူ့ကိုနောက်ဆုံးသတ်မှတ်ကာလမကန့်သတ်ပေးနိုင်ပါ။ ထာဝရကာလသည် မျက်မှောက်တော်တွင်ရှိနေသည်။

ကျွန်ုပ်တို့လူသားများအတွက်မှာမူ အလွန်ကွဲပြားနေပါသည်။ ကျွန်ုပ်တို့သည် အချိန်ကာလနှင့် ဖန်ဆင်းခြင်းကိုခံထားကြရပြီး၊ ကျွန်ုပ်တို့၏အသက်တာသည် အချိန်ကာလထဲတွင် လည်ပတ်ရှင်သန်ရသည်။ နှစ်အနည်းငယ် ကျွန်ုပ်တို့ရှင်သန်ပြီးနောက်တွင် ပျက်စီးပျောက်ကွယ်သွားကြရသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များနှင့် အကြံအစည်များကို အကောင်အထည်ဖော်ဖို့ နှစ်အနည်းငယ်သာရရှိကြသည်။ ဘုရားသခင်တွင် ဤကဲ့သို့သော ကန့်သတ်ချက်မျိုးမရှိပါ။ ပြန်လည်ကြွဆင်းလာဖို့ ကြန့်ကြာနေခြင်းကြောင့် ပြန်လည်ကြွဆင်းမလာတော့ဟု မဆိုလိုပါ။

အခန်းငယ် ၉ တွင် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ဘုရားသခင်သည် မိမိ၏ကတိတော်ကို စောင့်ထိန်းရာ၌နှေးကွေးသောသူမဟုတ်ကြောင်းကို ပြန်လည်အသိပေးခဲ့သည်။ အချိန်ကာလနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အယူအဆများကြောင့်သာ ဘုရားသခင်မှာကြန့်ကြာနေသည်ဟု ထင်မှတ်ရခြင်းဖြစ်သည်။ နှစ်ကာလအချို့ကို ထာဝရကာလနှင့် နှိုင်းယှဉ်ကြည့်လျှင် ဘာများရှိမည်နည်း။ ၄င်းတို့သည် ထာဝရကာလနှင့်နှိုင်းယှဉ်လျှင်အလွန်တိုတောင်းလှသောကြောင့် ရေတွက်ဖို့ပင်ခက်ခဲပါလိမ့်မည်။

ကျွန်ုပ်တို့နားလည်ထားဖို့ အရေးကြီးသည့်အချက်မှာ ဘုရားသခင်ထိုသို့ကြန့်ကြာနေခြင်းသည် ကျေးဇူးတော်နှင့် ဂရုဏာတရားတို့ကြောင့်ဖြစ်သည်ဟူသောအချက်ဖြစ်သည်။ ဘုရားသခင်ယခုကြွဆင်းလာပါက လူဘယ်

နှစ်ယောက်သည် ထိုပြန်လည်ကြွလာခြင်းအတွက် အဆင်သင့်ဖြစ်ခဲ့ကြလိမ့်မည်နည်း။ ဤကြန့်ကြာခြင်းသည် လူသားတို့၏အကျိုးအတွက်ဖြစ်သည်။ ဤသို့ကြန့်ကြာနေချိန်တွင် သတင်းကောင်းတရားတော်ရှေ့သို့ချီလျှက် နိုင်ငံတော်မှာကျယ်ပြန့်လာရသည်။ မရေမတွက်နိုင်အောင်များပြားသောသူများသည် တရားတော်၏ တို့ထိခြင်းကို ခံရပြီး၊ သခင်ယေရှုကို ယုံကြည်လက်ခံကြသည်။ သခင်ဘုရားကြွဆင်းလာမည်မှာ အမှန်ဖြစ်သော်လည်းမည်သည့်အချိန်တွင် ကြွလာဆင်းလာမည်ကိုမူ ကျွန်ုပ်တို့အတိအကျ မသိနိုင်ကြပါ။ ကျွန်ုပ်တို့သိထားသောအရာမှာ သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းမတိုင်အချိန်ကာလသည် ဘုရားသခင်နှင့် သင့်မြတ်၍ကျွန်ုပ်တို့၏အပြစ်ကို ခွင့်လွှတ်ခံဖို့နောက်ဆုံးအခွင့်အရေးဖြစ်သည်ဟူသော အချက်ဖြစ်သည်။

အခန်းငယ် ၁၀ တွင် ရှင်ပေတရုက သခင်ဘုရားသည် သူခိုးကဲ့သို့ပြန်လည်ကြွဆင်းလာမည့်အကြောင်းကို ကြေညာခဲ့သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ မမျှော်လင့်ဆုံးအချိန်တွင် ပြန်လည်ကြွဆင်းလာမည်ဖြစ်သည်။ သူခိုးမည်သည့်အချိန်၌ရောက်လာမည်ကို သင်တို့သိထားလျှင် သင်တို့၏တံခါးများကို မပိတ်ဘဲထားမည်လား။ ကျွန်ုပ်တို့သည် စင်ကြယ်သောအသက်တာဖြင့် ရှင်သန်ဖို့စေ့စော်ခံရမည်အကြောင်း သခင်ဘုရားက သူပြန်လည်ကြွဆင်းလာမည့်အချိန်ကို ကျွန်ုပ်တို့အားရည်ရွယ်ချက်ရှိရှိဖြင့်မပြောပြခဲ့ခြင်းဖြစ်သည်။ မည်သည့်အချိန်တွင်မဆို သူပြန်လည်ကြွဆင်းလာနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အဆင်သင့်ဖြစ်နေကြရမည်ဖြစ်သည်။

ဖန်ဆင်းရှင်ဘုရားသခင်က ထုတ်ဖော်ပြောပြခဲ့ပြီးဖြစ်သည်။ သူသည် မလှည့်ဖြားတတ်ပါ။ ဘုရားသခင်၏စကားသည် သတ်မှတ်ထားသောအချိန်တွင် အထမြောက်ပြည့်စုံပါလိမ့်မည်။ ကောင်းကင်သည် ကြီးသောတုန်ဟီးသံ နှင့်

အတူပျောက်ကွယ်သွား၍ မြေကြီးမှာလည်းမီးဖြင့် ဖျက်ဆီးခံရမည့်နေ့ရက် ရောက်လာပါလိမ့်မည်။ အပြစ်ဒုစရိုက်နှင့် စွန်းထင်းနေသောအရာ အားလုံး ဖျက်ဆီးခံရမည်။ အသက်တာဟောင်းမှမည်သည့်အရာမျှ ကျန်ရစ်မည် မဟုတ်ပါ။ သန့်ရှင်း၍စင်ကြယ်သောအရာများသာ ကျန်ရစ်ခဲ့ကြပါလိမ့်မည်။

ရှင်ပေတရုက သခင်ဘုရားသည်ကြန့်ကြာနေသော်လည်း ကတိတော် များအားလုံးကို ပြည့်စုံစေခဲ့လိမ့်မည်ဟု အာမခံထားသည်။ ဖန်ဆင်းရှင်ဘုရား သခင်၏ နှုတ်ကပတ်တော်ကို သံသယဖြစ်ခဲ့ကြသောသူများအတွက် ထိုနေ့ရက် သည် အဘယ်မျှစိတ်မသက်သာဖွယ် ဆိုးဝါးသည့်နေ့ရက်ဖြစ်လိမ့်မည်နည်း။ ကျွန်ုပ်တို့သည် သင့်မြတ်လျော်ကန်သောအတွေး (ကြည်ဖြူသောစိတ်)နှင့် မြတ်သောအကျင့်တို့ကို ရှိထားခြင်းအားဖြင့် သခင်ဘုရားပြန်လည်ကြွဆင်း လာခြင်းအတွက် အဆင်သင့်ဖြစ်နေကြသောသူများဖြစ်ပါစေသော်. . . .

## စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေတရု ယုံကြည်သူများကို သင့်မြတ်လျော်ကန်သောအတွေး (ကြည်ဖြူသောစိတ်)ကို ရှိကြဖို့စိန်ခေါ်ခဲ့သည်။ သင့်မြတ်လျော်ကန် သောအတွေး (ကြည်ဖြူသောစိတ်)၏ ရန်သူများမှာ မည်သည့်အရာ များဖြစ်ကြသနည်း။
- ဘုရားသခင်၏ အချိန်အခါသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဤကျမ်း ချက်မှမည်သည့်အရာကို ကျွန်ုပ်တို့သင်ယူရပါသနည်း။
- ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် စပ်လျဉ်း၍မည်သည့်အရာကို ကျွန်ုပ်တို့သင်ယူရပါသနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ထိုနှုတ် ကပတ်တော်နှင့် ကတိတော်များကို ယုံကြည်စိတ်ချနိုင်ပါသလား။

- သခင်ဘုရားသည် သူပြန်လည်ကြွဆင်းလာချိန်ကို အဘယ့်ကြောင့် ကြန့်ကြာနေစေပါသနည်း (ငယ် ၉ကို ကြည့်ပါ)။
- သင်သည် သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအတွက် အဆင်သင့်ဖြစ်နေပါသလား။ သခင်ဘုရားမနက်ဖြန်တွင် ပြန်လည်ကြွဆင်းလာမည်ကို သင်သိလျှင် သင့်အသက်တာ၌ မည်သည့်အရာကို ပြောင်းလဲခဲ့လိမ့်မည်နည်း။

**ဆုတောင်းရန်အချက်များ**

- သခင်ဘုရားသည် သင့်စိတ်ကို သန့်စင်ဆေးကြော၍ သင့်မြတ်လျော်ကန်သောအတွေးဖြင့် ဖြည့်ပေးဖို့ တောင်းလျှောက်ပါ။ လောကီအတွေး လောကီနည်းလမ်းနှင့် စပ်လျဉ်းသောတပ်မက်မှုများအားလုံးကို ဖယ်ရှားပေးဖို့ တောင်းလျှောက်ပါ။
- နှုတ်ကပတ်တော်သည် အကြွင်းမဲ့မှန်ကန်ပါသည်ဟူသော စိတ်ချ ယုံကြည်မှုကို ကျွန်ုပ်တို့ရှိထားနိုင်ကြသည့်အတွက် သခင်ဘုရားကို ကျေးဇူးတင် ချီးမွမ်းပါ။
- သခင်ဘုရားက သူပြန်လည်ကြွဆင်းလာပါမည်ဟု ကတိပေးခဲ့သောကြောင့်ကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ဘုရား ပြန်လည်ကြွဆင်းလာမည်ဟူသော အလင်းအောက်၌ နေ့စဉ်ရှင်သန်နိုင်ဖို့ ကူညီမစပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။

## ၄၀
## အဘယ်သို့သောသူဖြစ်အံ့သည်

၂ ပေ ၃း၁၁-၁၈ ကိုဖတ်ရှုပါ။

ရှင်ပေတရုက ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပြည့်စုံခြင်းသို့ ရောက်လိမ့်မည့်အကြောင်းကို မိမိ၏စာဖတ်ပရိသတ်တို့အား ပြန်လည်အသိပေးနေခဲ့သည်။ သခင်ဘုရားပြန်လည်ကြွဆင်းလာ၍ မြေကြီးကိုတရားစီရင်မည့်နေ့ ရောက်လာနေပါသည်။ ဤမြေကြီးသည်တစ်နေ့တွင် မီးအားဖြင့်ဖျက်ဆီးခံရမည့် အကြောင်းကို ကျွန်ုပ်တို့အားပြောပြပါသည်။ ရှင်ပေတရုတို့၏ခေတ်မှ မှားယွင်းသော မိစ္ဆာဆရာများက သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းနှင့် တရားစီရင်ခြင်းအယူအဆများကို လှောင်ပြောင်သရော်ခဲ့ကြသည်။ သူတို့သည်ရောက်လာမည့်တရားစီရင်ခြင်းကို မမှုဘဲဒုစရိုက်သက်တာ၌ ရှင်သန်ခဲ့ကြသည်။ သခင်ဘုရားသည် ကြန့်ကြာနေသောကြောင့် အမှန်တကယ်ပြန်လည်ကြွဆင်းလာမည်မဟုတ်သကဲ့သို့ ဤလောကကိုတရားစီရင်မည်လည်းမဟုတ်ဟု ယုံကြည်ခဲ့ကြသည်။ ဤအယူအဆ၏ဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်းနှင့် မိုက်မဲခြင်းကိုသူတို့အား အသိပေးခဲ့သည်။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအတွက် အမြဲတမ်းအဆင်သင့်ဖြစ်နေကြဖို့ စိန်ခေါ်ခဲ့သည်။၏

အခန်းကြီး ၃၏ နောက်ဆုံးအပိုင်းတွင် ရှင်ပေတရုက "ဤအရာအလုံးစုံတို့သည် အကုန်အစင်ပျက်သုဉ်းပြောက်ပျက်သွားမည်ဖြစ်သောကြောင့် သင်တို့

သည် အဘယ်သို့သောသူဖြစ်အပ်သနည်း”ဟူသော မေးခွန်းကိုမေးခဲ့ပါသည် (၄ယ် ၁၁)။ သခင်ယေရှုသည် မိမိကတိပြုထားသည့်အတိုင်း ကမ္ဘာကြီးကို တရားစီရင်ဖို့ ပြန်လည်ကြွဆင်းလာလျှင် ကျွန်ုပ်တို့မည်သို့ပြုမူရှင်သန်ကြရမည်နည်း။ ဤအခန်းကြီး၏နောက်ဆုံးအပိုင်းတွင် ဤမေးခွန်းနှင့်ပတ်သက်၍ ရှင်ပေတရု၏ အဖြေကို ကျွန်ုပ်တို့လေ့လာသုံးသပ်သွားကြမည်ဖြစ်သည်။

## *သင်တို့သည် သန့်ရှင်းစွာကျင့်ကြံပြောဆို၍ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် ရှင်သန်ရမည်*

သခင်ဘုရားဤလောကသို့ ပြန်လည်ကြွဆင်းလာမည်ဟူသော အချက်အရ ကျွန်ုပ်တို့သည် သန့်ရှင်းစွာကျင့်ကြံပြောဆို၍ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် ရှင်သန်ကြရမည်ဟု ရှင်ပေတရုကပြောပြထားသည်။ ကလေးများက သူတို့၏ဖခင်ကြီးအိမ်ပြန်လာနေသည်ကို သိခဲ့ကြလျှင်သူတို့သည် စကားနားမထောင်ခြင်း အပြုအမူတစ်ခုကို လက်ပူးလက်ကျပ်အတွေ့မခံရဖို့ ကိုယ့်ကိုယ်ကိုအစွမ်းကုန်ကြိုးစားပြင်ဆင်ကြပါလိမ့်မည်မဟုတ်ပါလား။ သာမန်အသိစိတ်ကပင် သခင်ယေရှုပြန်လည်ကြွဆင်းလာလျှင် ကျွန်ုပ်တို့ကို နှုတ်ကပတ်တော်အား နာခံနေသည့်အခြေအနေနှင့် တွေ့သင့်သည်ဟု ပြောပါလိမ့်မည်။ သခင်ယေရှုပြန်လည်ပေါ်ထွန်းလာချိန်၌ အရှက်ကွဲအကျိုးနည်းခြင်းတစ်ခုမျှ မရှိမည့်အသက်တာမျိုးဖြင့် ကျွန်ုပ်တို့ရှင်သန်ကြရမည်။ ကျွန်ုပ်တို့၏အသက်တာသည် ခပ်သိမ်းသောအမှုတို့၌ သန့်ရှင်းစွာ ကျင့်ကြံပြောဆို၍ ဘုရားဝတ်၌မွေ့လျော်ရမည်ဖြစ်သည်။

အခန်းငယ် ၁၂ တွင် သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအတွက် သူတို့အဆင်သင့်ဖြစ်နေခြင်းက ထိုနေ့ရက်ကိုပို၍ လျှင်လျှင်မြန်မြန်ရောက်ရှိလာစေမည့်အကြောင်းကို သတိပြုပါ။ မဿဲ ၂၄း၁၄ တွင် သခင်ယေရှုကမိမိ၏

တပည့်တော်တို့အား သတင်းကောင်းတရားတော်ကို လောကီနိုင်ငံအရပ်ရပ်ရှိ သမျှတို့၌ ဟောပြောပြီးသည့်အချိန်၌သာ နောက်ဆုံးသောကာလရောက်လာမည်ဟု ပြောခဲ့သည်။

ထို့ကြောင့် ဤနိုင်ငံတော်နှင့်ယှဉ်သော သတင်းကောင်းတရားတော်ကို လူမျိုးအသီးသီးတို့ထံ၌ သက်သေတစ်ခုအဖြစ် ဟောပြောခဲ့ကြပါလိမ့်မည်။ ထိုနောက်မှသာ နောက်ဆုံးသောကာလရောက်ရှိလာမည်ဖြစ်သည်။

သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းမတိုင်မီတွင် ပြီးမြောက်အောင်လုပ်ဖို့ အလုပ်တစ်ခုရှိသည်။ နိုင်ငံတော်သို့ ဝင်ရောက်လာကြမည့် ဝိညာဉ်များစွာရှိနေသေးသည်။ နောက်ဆုံးသော နေ့ရက်ရောက်ရှိလာနေသည်ကို သိရှိခြင်းနှင့်အတူ အပြစ်ဒုစရိုက်၌ လမ်းပျောက်နေသောသူများကို လက်ကမ်းကယ်တင်၍ သိုးအုပ်ထဲသို့ ပြန်လည်ယူဆောင်လာကြရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။

## *ကတိတော်များပြည့်စုံလာခြင်းကို မျှော်လင့်ကြလော့*

ဘုရားသခင်၏ နေ့ရက်နီးကပ်လာနေခြင်းကို သိရှိထားခြင်းနှင့်အတူ ကျွန်ုပ်တို့၌ရှိသင့်သည့် ဒုတိယမြောက်တုန့်ပြန်မှုမှာ ကတိတော်များပြည့်စုံလာခြင်းကို မျှော်လင့်၍ စောင့်ကြည့်ခြင်းဖြစ်သည်။ အပြစ်ဒုစရိုက်သည် မြောက်များစွာသော ဆင်းရဲဒုက္ခနှင့် နာကျင်မှုများကိုဖြစ်စေခဲ့သည်။ ၎င်းသည်ကျွန်ုပ်တို့၏ တက်ကြွပြင်းထန်မှုနှင့် ခွန်အားစွမ်းအင်များကို ပျောက်ပြယ်သွားစေခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့ချစ်ရသောသူများကို သေခြင်းအားဖြင့်ယူဆောင်သွားခဲ့သည်။ ၎င်းသည်ဝမ်းနည်းခြင်း မျက်ရည်များနှင့် စိတ်ဒုက္ခရောက်ခြင်းများကိုဖြစ်စေခဲ့သည်။ အထူးသဖြင့် ယုံကြည်သူများအတွက် ၎င်းသည်ငြင်းပယ်ခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို ဖြစ်စေခဲ့သည်။ သခင်ဘုရားပြန်လည်

ပေါ်ထွန်းမည့်နေ့ရက် နီးကပ်လာသည်နှင့်အမျှ ကျွန်ုပ်တို့သည် မိုးကောင်းကင်သစ်၊ မြေကြီးသစ်တို့နှင့် ယှဉ်သောကတိတော်အပေါ်၌ စူးစိုက်ထားကြရမည်။ ထိုအချင်းအရာသည် အံ့ဖွယ်နှစ်သိမ့်ခြင်းကို ကျွန်ုပ်တို့၌ယူဆောင်လာပေးပါလိမ့်မည်။ ထိုနေ့ရက်တွင် တိုင်းနိုင်ငံတို့မှာ အချင်းချင်းစစ်မခင်းကြတော့ပါ။ ဆိုင်ကလုန်းမုန်တိုင်းများ၊ ဟာရီကိန်းမုန်တိုင်းများ၊ မြေလျှင်လှုပ်ခြင်းများ၊ အစာခေါင်းပါးခြင်းများ ရပ်တန့်သွားခဲ့ကြပါမည်။ ထိုကောင်းကင်သစ်နှင့်မြေကြီးသစ်တွင် သခင်ယေရှုသည် လေးစားဂုဏ်ပြုခြင်းနှင့်တကွ ဘုန်းအသရေကို ရရှိခဲ့ပါလိမ့်မည်။ နာကျင်မှုများနှင့် ဆင်းရဲဒုက္ခများမရှိတော့သည့်အရပ်တွင် သူ့ကို ကျွန်ုပ်တို့ဦးချ၍ ပြပ်ဝပ်ကိုးကွယ်ခဲ့ကြပါလိမ့်မည်။ ဤကောင်းကင်သစ်နှင့် မြေကြီးသစ်သည် ဖြောင့်မတ်ခြင်း စံအိမ်ဖြစ်ခဲ့ကြပါလိမ့်မည်။

ကောင်းကင်သစ်၊ မြေကြီးသစ်နှင့်ယှဉ်သော ဤကတိတော်သည် ကျွန်ုပ်တို့အား နှစ်သိမ့်ခြင်းခွန်အားသစ်များကို ပေးသင့်သည်။ ဤကမ္ဘာဟောင်းတွင် ကျွန်ုပ်တို့သည်ညှင်းပန်းနှိပ်စက်ခြင်းနှင့် စစ်ကြောစုံစမ်းခြင်းတို့ကို ခံကြရမည်ဖြစ်သော်လည်း၊ ၎င်းသည်အဆုံးအသတ်မဟုတ်ပါ။ ထိုအရာ၏ အခြားတစ်ဖက်တွင် ကောင်းကင်သစ်၊ မြေကြီးသစ်၌ သခင်ယေရှုနှင့်အတူ ထာဝရရှင်သန်ရမည်ဟူသော အံ့ဖွယ်ကတိတော်ပြည့်စုံခြင်းရှိသည်။ ယုံကြည်သူများဖြစ်ကြသည့်နည်းတူ ထွန်းလင်းတောက်ပနေသော ဤ အနာဂတ်ကိုကျွန်ုပ်အတွေး၏ ဗဟိုအချက်အချာနေရာ၌ထားရှိကြရမည်။

### *အညစ်အကြေးနှင့်ကင်းစင်မည့်အကြောင်း အစွမ်းကုန်ကြိုးစားအားထုတ်ကြလော့*

တတိယအနေဖြင့်၊ အခန်းငယ် ၁၄ တွင် တမန်တော်ပေတရုက ယုံကြည်သူများအဖြစ်နှင့် သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းကို မျှော်လင့်

စောင့်စားနေကြသည်နှင့်အမျှ ကျွန်ုပ်တို့သည် အညစ်အကြေးကင်စင်၍၊ အပြစ်တင်ခြင်းနှင့်ကင်းကာ သခင်ဘုရား၏ရှေ့တော်သို့ ငြိမ်ဝပ်စွာရောက်ဖို့ အစွမ်းကုန်ကြိုးစားအားထုတ်ကြရပါမည်။ ယုံကြည်သူတို့သည် ညစ်ညမ်းခြင်း၊ အပြစ်ရှိခြင်းတို့နှင့် ကင်းလွတ်ကြရပါမည်။ ဤအရာသည် ကြိုးစားအားထုတ်မှုမရှိဘဲဖြစ်မလာနိုင်ပါ။ ကျွန်ုပ်တို့အနေဖြင့် စည်းကမ်းရှိဖို့လိုအပ်သည်။ သို့သော် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ဘုရားသည် သူတို့အပေါ်၌ အလွန်စိတ်ရှည်သည်းခံနေကြောင်းကို အသိပေးထားသည်။

အခန်းငယ် ၁၅ တွင် ရှင်ပေတရုက သခင်ဘုရားထိုသို့ စိတ်ရှည်သည်းခံနေခြင်းသည် မြောက်မြားစွာသောသူများကယ်တင်ခြင်းသို့ရောက်ဖို့ ဖြစ်ကြောင်းရေးသားခဲ့သည်။ သခင်ယေရှုသာအချိန်စော၍ ကြွဆင်းလာခဲ့လျှင် မြောက်မြားစွာသောသူတို့သည် သခင်ဘုရားကိုသိကျွမ်းခွင့်ရရှိခဲ့ကြမည် မဟုတ်ပါ။ သတ်မှတ်ထားသောယုံကြည်သူများအား လုံးသမ္မာတရားကို သိကျွမ်းလာသည်အထိ သခင်ဘုရးစောင့်စားနေပါသည်။

အခန်းငယ် ၆ တွင် ရှင်ပေတရုကမိမိ၏စာဖတ်ပရိသတ်တို့အား တမန်တော်ပေါလု၏ သွန်သင်ချက်များကို ညွှန်ပြခဲ့သည်။ ရှင်ပေတရုက ဘုရားသခင်သည် ရှင်ပေါလုကိုနက်နဲသော ဉာဏ်ပညာပေးခဲ့ပြီးသူရေးသားထားသည့် စာများကိုဘုရားသခင်က မှုတ်သွင်းခဲ့ကြောင်း အသိအမှတ်ပြုခဲ့သည်။ အချို့သောသူများက ရှင်ပေါလု၏သွန်သင်ချက်များသည် နားလည်ဖို့ခဲယဉ်းသည်ဟု ယိုးစွပ်ခဲ့ကြပြီး၊ အချို့ကလည်း ရှင်ပေါလု၏ သွန်သင်ချက်များကိုအဓိပ္ပါယ်မှောက်လှန်ခဲ့ကြသည်။ ယုံကြည်သူများဖြစ်ကြသည့်နည်းတူ ကျွန်ုပ်တို့သည် အသက်တာကို သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းအတွက် အချိန်တိုင်းအဆင်သင့်ဖြစ်နေသော အသက်တာမျိုးဖြင့် ရှင်သန်ကြရမည်ဖြစ်ကြောင်းကို ရှင်ပေါလုနှင့် ရှင်ပေတရုတို့အပြည့်အဝသဘောတူထားကြသည်။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား မှားယွင်းသောမိစ္ဆာဆရာတို့၏ သွေးဆောင်ရာသို့ မလိုက်မိဖို့နှင့် သူတို့ရရှိထားသည့် လုံခြုံစိတ်ချရသည့်အခြေအနေမှ ရွေ့လျော့မသွားဖို့ ကိုယ့်ကိုယ်ကိုစောင့်ရှောက်ကာကွယ်ကြရမည့်အကြောင်းပြောခဲ့သည်။ ဤနေရာ၌ ရှင်ပေတရပြောပြနေသည့် လုံခြုံစိတ်ချရသည့်အခြေအနေ(တည်ကြည်ခြင်း)ဆိုသည်မှာ အဘယ်နည်း။ ဤကျမ်းဘောင်အဆက်အစပ်အရ၊ လုံခြုံစိတ်ချရသောအခြေအနေ(တည်ကြည်ခြင်း)ဆိုသည်မှာ မှားယွင်းသောအယူဝါဒများကို ဆန့်ကျင်တိုက်လှန်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ နှုတ်ကပတ်တော်၏ သမ္မာတရားသည် ကျွန်ုပ်တို့ကိုခွန်အားရှိခြင်းနှင့် လုံခြုံစိတ်ချရခြင်းအခြေအနေတွင် ထားထားပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် နတ်ဆိုး၏လှည့်ဖြားခြင်းကို ကျွန်ုပ်တို့ဆန့်ကျင်တွန်းလှန်နိုင်သည်။ နတ်ဆိုးသည် မိမိ၏အလိမ်အညာများဖြင့် ကျွန်ုပ်တို့ကိုတရစပ်ဗုံးကြဲတိုက်ခိုက်သောအခါ ကျွန်ုပ်တို့မည်သည့်နေရာ၌ သွားရောက်နိုင်ပါသနည်း။ ယုံကြည်သူများအတွက် လုံခြုံသောတပ်ဆုတ်နေရာယူနိုင်သည့်တစ်ခုတည်းသောနေရာမှာ ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရား၌ဖြစ်သည်။

သမ္မာကျမ်းစာ၏ သမ္မာတရားကိုစားသုံးခြင်းဖြင့် ကျွန်ုပ်တို့သခင်ဘုရားနှင့်အတူလျှောက်လှမ်းခြင်းတွင် ကြီးထွားလာနိုင်ပါသည်။ နှုတ်ကပတ်တော်၌ဘုရားသခင်ချပြထားသော အခြေခံနည်းဥပဒေသများကို နာခံလိုက်လျှောက်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဤလောက၌ ထိရောက်သောသက်ရောက်မှုများကိုပြုနိုင်ကြသည်။ ထိုနှုတ်ကပတ်၏ သမ္မာတရားကိုဟောပြောခြင်းဖြင့် ရန်သူ၏အစွမ်းတန်ခိုးသည် ကျွန်ုပ်တို့၏အသက်တာ၌လည်းကောင်း၊ ကြားရသူများ၏အသက်တာ၌လည်းကောင်း ကျိုးကျေပျက်စီးသွားပါသည်။ ကျွန်ုပ်တို့သည်ဝိညာဉ်ရေးရာ၌ ကြံ့ခိုင်သန်မာ၍ ကျန်းမာလိုလျှင် သမ္မာကျမ်းစာကို နားလည်သဘောပေါက်၍ ၎င်း၏သမ္မာတရားကို နာခံလိုက်လျှောက်ရမည်။ ကျွန်ုပ်တို့၏

ခွန်အားရှိခြင်းနှင့် လုံခြုံစိတ်ချရသည့်အခြေအနေသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်းတွင်သာရှိသည်။ ဤအတွက်ကြောင့် ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား ထိုခေတ်ကာလမှ မိစ္ဆာပရောဖက်များ၏ သွန်သင်ချက်အကြောင်းကို ဆန့်ကျင်ရင်းသတိပေးခဲ့ခြင်းဖြစ်သည်။ ဘုရားသခင့်နှုတ်ကပတ်တော်၏ သွန်သင်ချက်များကို နာခံမှုမရှိသော (သို့) လျစ်လျူရှုသောယုံကြည်သူတစ်ယောက်သည် အားနည်း၍အစွမ်းကင်းမဲ့ရပါသည်။ ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်များကို အသိပညာဗဟုသုတနှံ့စပ်၍ သခင်ဘုရား၌ရဲရင့်သောသူများဖြစ်စေလိုသည်။ ဤအချင်းအရာဖြစ်လာဖို့သူတို့သည် နှုတ်ကပတ်တော်ကို သင်ယူရာ၌ လုံ့လဝီရိယရှိ၍၊ ၎င်းတို့၏အနီးတစ်ဝိုက်မှ မှားယွင်းသောသွန်သင်ချက်များကို ဆန့်ကျင်တွန်းလှန်ဖို့ လိုအပ်ခဲ့ကြသည်။

ရှင်ပေတရုက မိမိ၏စာစောင်ကို မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ယေရှု၏ကျေးဇူးတော်၌လည်းကောင်း၊ သခင်ယေရှုခရစ်ကိုသိကျွမ်းခြင်း၌လည်းကောင်း ကြီးထွားတိုးတက်ကြဖို့ စိန်ခေါ်ရင်း နိဂုံးချုပ်ခဲ့သည်။ ဤစာကြောင်းတွင် အဓိပ္ပါယ်နှစ်ခုရှိနေသည်ကို သတိပြုပါ။ ယုံကြည်သူများသည် သခင်ခရစ်တော်အား သိကျွမ်းခြင်း၌ကြီးထွားတိုးပွားကြရမည်ဖြစ်သည်။ ဤသိကျွမ်းခြင်းသည် နှုတ်ကပတ်တော်မှလည်းကောင်း၊ တမန်တော်တို့၏သွန်သင်ချက်များမှလည်းကောင်း ရောက်လာပါသည်။ ဘုရားသခင်၏ကြံအင်လက္ခဏာနှင့်ရည်ရွယ်ချက်များကို သိရှိနားလည်ဖို့ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့လေ့လာဖို့လိုအပ်သည်။ သခင်ယေရှု၏အသက်တာနှင့် သခင်ယေရှု၏အမှုတော်အအကြောင်းကို သန့်ရှင်းသောဝိညာဉ်တော်က သွန်သင်ပေးခြင်းကို ခံယူရင်း ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၌အချိန်ယူကြရမည်။

ရှင်ပေတရုက မိမိ၏စာဖတ်ပရိသတ်တို့အား သခင်ယေရှု၏ကျေးဇူးတော်၌လည်း ကြီးထွားတိုးတက်ကြရမည့်အကြောင်းကိုလည်းပြောခဲ့သည်။

ကျေးဇူးတော်ဟူသောအရာသည် ဘုရားသခင်ကယုံကြည်သူများကို အမှုတော်မြတ်၌လည်းကောင်း၊ မိမိနှင့်ဆက်ဆံရင်းနှီးရာ၌လည်းကောင်း ကောင်းကြီးပေး၍ ပြင်ဆင်မွမ်းမံခြင်းကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို သိကျွမ်းခြင်း၌ ကျေးဇူးတော်ကိုလက်ခံရရှိရန် ကျွန်ုပ်တို့၏အစွမ်းအစ၌လည်း ကြီးထွားတိုးတက်ကြရမည်ဖြစ်သည်။ ရင့်ကျက်သောယုံကြည်သူဆိုသည်မှာ သူ့အတွက်သိုထားသော ဘုရားသခင်၏ကျေးဇူးတော်မှ အထောက်အပံ့ကို ရယူနိုင်သောသူဖြစ်သည်။ သူသည်နာမတော်မြတ်၌ အမှုတော်ဆောင်အစေခံရန်အတွက်သခင်ဘုရားပေးသနားထားသည့် စွမ်းရည်ဆုကျေးဇူးနှင့် ခွန်အားကို အသုံးပြုနိုင်စွမ်းရှိသူဖြစ်သည်။

ဘုရားသခင်သည် သူ့ကိုသိရုံသက်သက်သာသိသူမဟုတ်၊ သူ့ရဲ့ခွန်အားဗလ၌ အမှုတော်ဆောင်ရင်း ရှင်သန်နိုင်စွမ်းသောသူများကို ရှာကြံနေရသည်။ ထိုကဲ့သို့သောသူများဖြစ်ကြဖို့ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကူညီမစပါစေသော် . . . .

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ဘုရားသည် ဤကမ္ဘာမြေကြီးကိုဖျက်ဆီး၍ ကောင်းကင်သစ်၊ မြေကြီးသစ်တို့နှင့် အစားထိုးလိမ့်မည်ဟု ရှင်ပေတရုကဖော်ပြခဲ့သည်။ ဤအချက်မှ မည်သည့်ခွန်အားပေးတိုက်တွန်းချက်ကို သင့်ရရှိပါသနည်း။ သင့်အားမည်သည့် စိန်ခေါ်ချက်မျိုးကို ပေးပါသနည်း။
- ဘုရားသခင့် နှုတ်ကပတ်တော်၏ သမ္မာတရားသည် ကျွန်ုပ်တို့ကို လုံခြုံစိတ်ချရ၍ ခွန်အားရှိသောအခြေအနေမျိုး၌ မည်သို့ထားရှိပါသနည်း။
- သခင်ခရစ်တော်ကို သိကျွမ်းခြင်း၌ တိုးတက်ကြီးထွားခြင်းနှင့် သခင်ခရစ်တော်၏ကျေးဇူးတော်၌ တိုးတက်ကြီးထွားခြင်း၏ ကွဲပြားခြားနား

ချက်မှာ အဘယ်နည်း။ ထိုအရာနှစ်ခုလုံး၌ ကျွန်ုပ်တို့ကြီးထွားတိုးတက်ကြရန်မှာ အဘယ့်အကြောင့်အရေးကြီးသနည်း။

**ဆုတောင်းရန်အချက်များ**

- ပြန်လည်ကြွဆင်းလာခြင်း မျှော်လင့်ချက်နှင့်အတူ နေ့စဉ်ရှင်သန်နိုင်ဖို့ ကူညီမစပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။
- သခင်ဘုရား၏အသေခံခြင်းက အပြစ်ဒုစရိုက်ကို အောင်နိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။ အပြစ်ဒုစရိုက် မရှိတော့မည့်မြေကြီးသစ်နှင့်ယှဉ်သော အံ့ဖွယ်ကတိတော်အတွက် သခင်ဘုရားကို ချီးမွမ်းဖို့အချိန်ယူပါ။
- သခင်ဘုရားအား နှုတ်ကပတ်တော်၏ သမ္မာတရားအတွက် ကျေးဇူးတင်ချီးမွမ်းပါ။ ထိုနှုတ်ကပတ်တော်အား နာခံလိုက်လျှောက်၍ သစ္စာရှိရန် စောင့်ရှောက်ပေးဖို့ တောင်းလျှောက်ပါ။ ဤနှုတ်ကပတ်တော်၌ ကျွန်ုပ်တို့ရရှိထားသည့် လုံခြုံစိတ်ချခြင်းနှင့် ခွန်အားရှိခြင်းအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ဘုရားကို သိကျွမ်းခြင်း၌သာ ကြီးထွားတိုးတက်ရန်မဟုတ်ဘဲ၊ ပေးသနားတော်မူထားသော ခွန်အားဗလနှင့် ကျေးဇူးတော်၌လျှောက်လှမ်းနိုင်စွမ်း၌လည်း ကြီးထွားတိုးတက်ဖို့ ကူညီမစပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။

## *Light To My Path* စာအုပ်ဖြန့်ချီရေး

*Light To My Path* စာအုပ်ဖြန့်ချီရေးအဖွဲ့ (LTMP) သည် စာအုပ်စာပေရေးသားပြုစုခြင်းနှင့် ဖြန့်ဖြူးခြင်းသာသနာလုပ်ငန်းဖြစ်ပြီး၊ အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများရှိ လိုအပ်ချက်များနှင့် မပြည့်စုံသော ခရစ်ယာန်အမှုဆောင်များအား လက်ကမ်းပေးနေသော သာသနာပြုလုပ်ငန်းဖြစ်သည်။ ဤဖွံ့ဖြိုးဆဲနိုင်ငံများရှိ ခရစ်ယာန်အမှုဆောင်များစွာ၌ သမ္မာကျမ်းစာသင်တန်းတက်ရန် (သို့) သူတို့၏သာသနာလုပ်ငန်းအတွက် သမ္မာကျမ်းစာလေ့လာရာ ၌လိုအပ်သောအထောက်အကူပြုပစ္စည်းများကိုဝယ်ယူနိုင်ရန်နှင့် ကိုယ်ပိုင်လေ့လာမှုများအတွက် အရင်းအမြစ်များမရှိကြပါ။ *F. Wayne Mac Lead* သည် *Action International Ministries* ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ သူသည်ကမ္ဘာ့တဝှမ်းမှအကူအညီလိုအပ်သောသင်းအုပ်ဆရာများနှင့် ခရစ်ယာန်အမှုဆောင်များထံ ၌အခမဲ့(သို့) အရှုံးခံ၍ဖြန့်ဖြူးပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤစာအုပ်များကိုရေးသားခဲ့သည်။

ယနေ့တွင် ထောင်ပေါင်းများစွာသောစာအုပ်များသည် နိုင်ငံပေါင်းသုံးဆယ်ကျော်ရှိ ဒေသန္တရအသင်းများ၏တရားဟောခြင်း၌၄င်း၊ သင်ကြားခြင်း၌၄င်း၊ ဧဝံဂေလိလုပ်ငန်းများ၌၄င်း၊ ခွန်အားပေးတိုက်တွန်းခြင်းများ၌၄င်း အသုံးခံလျက်ရှိကြသည်။ ဤစာအုပ်တွဲများ၌ ရှိနေသောစာအုပ်များအား အိန္ဒိယဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာ၊ မြန်မာဘာသာနှင့် ဟေတီ ခရီအိုလဲဘာသာတို့ဖြင့် ပြန်ဆိုထားပြီးဖြစ်သည်။ ရည်ရွယ်ချက်မှာ ခရစ်ယာန်အားလုံးအတွက် စာအုပ်အလုံအလောက်

ရရှိနိုင်ရန် အတတ်နိုင်ဆုံးပြုလုပ်ပေးခြင်းဖြစ်သည်။

*LTMP* သာသနာလုပ်ငန်းသည် ယုံကြည်ခြင်း၌တည်ထားသော အမှုတော်ဖြစ် သည့်အားလျော်စွာ၊ ကမ္ဘာတဝှမ်းရှိ ယုံကြည်သူများအား ခွန်အားပေးခြင်း၊ နှိုးဆော်တိုက်တွန်း ခြင်းများအတွက် စာအုပ်များကို ဖြန့်ဖြူးနိုင်ရန် လိုအပ်သောအရင်းအမြစ်များအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အား ယုံကြည်ပုံအပ်ထားသည်။ ဤစာအုပ်များအား အခြား ဘာသာစကားဖြင့် ပြန်ဆိုခြင်းအတွက်၄င်း၊ ဤထက်မကပို၍ဖြန့်ဝေနိုင်ရန် အတွက်၄င်း ဘုရားသခင်လမ်းဖွင့်ပေးရန် သင်ဆုတောင်းပေးနိုင်ပါ သလား။

*Light To My Path* သာသနာလုပ်ငန်းနှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကိုသိလိုလျှင် ကျွန်ုပ်တို့၏ *website* ဖြစ်သော *www.ltmp.ca.* ၌လေ့လာနိုင်ပါသည်။

မြန်မာဘာသာဖြင့် ပြန်ဆိုထားသော စာအုပ်များနှင့်စပ်လျဉ်း၍ စုံစမ်းလိုလျှင် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပါ။


Light To My Path Myanmar

GPO Box 1021

Yangon, Myanmar.

Ph: 09779912305